✣ မက္ခလိဂေါသာလ၏ တပည့်ပရိသတ်များအနေဖြင့် ဝီရိယကြောင့်ဖြစ်စေ, ပုရိသထာမ ကြောင့်ဖြစ်စေ, ပုရိသပရက္ကမကြောင့်ဖြစ်စေ နတ်ရွာနိဗ္ဗာန်နှင့် အပါယ်ဘုံသို့ မရောက် နိုင်ဟု မိစ္ဆာဝါဒကို စွဲမြဲစွာယုံကြည်လက်ခံလာကြခြင်းသည်လည်းကောင်း၊ ယင်းအယူကို မစွန့်ခြင်းကြောင့် ဆရာတပည့်အားလုံး အပါယ်ဒုဂ္ဂတိ၌ဖြစ်ရခြင်းစသော မကောင်းကျိုး အဆက်ဆက် သည်လည်းကောင်း---အနုဘာဝ။

ЖЖЖЖЖЖЖЖЖЖЖЖЖЖЖЖЖ

http://www.dhammadownload.com


# ဝါကျဥယျာဉ် ( ၁၃၈ )

(က) နစ္ဆိ ဇိန္န္တိ ဒိန္နဖလာဘာဝံ သန္ဓာယ ဝဒတိ။
(ခ) ယိဋ္ဌံ ဝုစ္စတိ မဟာယာဂေါ။
(ဂ) ဟုတန္တိ ပါဟုနကသက္ကာရော အဓိပ္ပေတော။
(ဃ) တမ္ပိ ဥဘယံ ဖလာဘာဝမေဝ သန္ဓာယ ပဋိက္ခိပတိ။
(င) အာမေါဓကာနီတိ ကပေါတဝဏ္ဏာနိ၊ ပါရာဝတပက္ခိဝဏ္ဏာနီတိ အတ္ထော (ဋ္ဌ၊ ၁၅၀)
(ဋ္ဌ။ ၁၄၈။ သီဋ္ဌီသစ်၊ ဒု။ ၄၇။ ပဥ္စက္က၊ ဒု။ ၈၈။ ဘာသာဋီ၊ ဒု။ ၃၄၇။ ဂဏ္ဌိ။ ၁၃၃)

၁။ ပဋိက္ခိပတိ-၏ ကတ္တားကိုထည့်၍ အထက်ပါဝါကျအားလုံးကို အနက်ပေးပါ။
၂။ (ဃ) ဝါကျကို သာဘောဂပုစ္ဆာ တက်ပြပါ။
၃။ ပါဏာမတိပါတာပယတောတိ ပါဏံ ဟနန္တဿပိ ဟနာပေန္တဿပိ။ (ဋ္ဌ။ ၁၄၅) ၌ ဖြစ်သင့်သော အာဘောဂါဒိ စတုက္ကကို ထုတ်ပြပါ။
၄။ ကာပေါတကာနိ-၌ ကပေါတ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ (င) ဝါကျ ကပေါတဝဏ္ဏာနိ-ကို ဟိတ်ပြင်၍ ယင်း၏သမ္မန်ခံပြီး အတ္ထာနုရူပစာစပ်ပါ။
၆။ (က+ခ+င) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။
၇။ ယိဋ္ဌ၊ ကပေါတ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ သာမညဖလသုတ်လာ သသတ္တာရသရုပ်ကို အစဉ်မပျက်ရေတွက်ပြပါ။
၉။ (ခ+ဂ+ဃ) ဝါကျလာ စကားရပ်တို့ကို အနက်အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိဂါထာ တပုဒ်သီးကုံးပြပါ။
၁၀။ (က) ဝါကျ ဝဒတိ-၌ ဓာတွတ္ထကိုရှု၍ ဘာဝါလက်ာရ ထုတ်ပြပါ။

=================

၁။ ပဋိက္ခိပတိ-၏ ကတ္တား-ကို "ကေသကမ္ဗလော၊ လူဆံပင်ဖြင့် ယက်သောကမ္ဗလာကို ဆောင်သော။ အဇိတော၊ သည်။" ဟု ထည့်ပေး။

## ၂။ (ဃ)ဝါကျ သာဘောဂပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် (ခ+ဂ) ဝါကျတို့ဖြင့် ယင်ကြီးပူဇော်ခြင်းကို ယိဋ္ဌ-ဟူ၍လည်းကောင်း, လက်ဆောင်အကျိုးငှါကောင်းစွာပြုစီရင်အပ်သော ပစ္စည်းဝတ္ထုကို (ဝါ) ယစ်ငယ်ပူဇော်ခြင်းကို ဟုတ-ဟူ၍လည်းကောင်း ဆိုအပ်သည်၏ အဖြစ်ကို ပြဆိုတော်မူ၏။ ထိုယဇ်ကြီးပူဇော်ခြင်း, ယဇ်ငယ်ပူဇော်ခြင်းဟုဆိုအပ်သော ပူဇော်ခြင်းနှစ်မျိုးကို အဘယ်ကို ရည်ရွယ်၍ အဇိတတိတ္ထိဆရာကြီးသည် ပယ်မြစ်ပါသနည်း။ အကြောင်း+အကျိုး နှစ်မျိုးလုံး၏ မရှိခြင်းကိုပင် ရည်ရွယ်၍ ပယ်မြစ်ပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။ (အစိတ်နှင့်ဖြေ၊ အပေါင်းပေ၊ တင်လေအာဘော်သာ)။

**အဓိပ္ပါယ်ကား** (ဃ) ဖြင့် အကျိုးမရှိခြင်းကိုသာ ရည်ရွယ်၍ ယင်ကြီးပူဇော်ခြင်း, ယဇ်ငယ်ပူဇော်ခြင်းနှစ်မျိုးစုံကို အဇိတဆရာကြီး ပယ်မြစ်၏ဟု ငါပြ--ဟူလို။

၃။ (က) နနု ပါဏမတိပါတာပယတောတိသဒ္ဒေါ ဧကောဝ ဟောတိ။
(ခ) အထ ကသ္မာ ပါဏံ ဟနန္တဿပိ ဟနာပေန္တဿပီတိ ဒွယာ သံဝဏ္ဏိတံ။
(ဂ) နနု အတိပါတာပယတောတိပဒံ သုဒ္ဓကတ္တရိစ, ဟေတုကတ္တရိစ ပဝတ္တတိ။ (သီဋ္ဌီသစ်။ ဒု။ ၃၆)
(ဃ) တသ္မာ ပါဏံ ဟနန္တဿပိ ဟနာပေန္တဿပီတိ ဒွယာ သံဝဏ္ဏိတံ။

http://www.dhammadownload.com



၄။ ကပတီတိ ကပေါတော။ (ဏွဒိမောဂ်။ ၇၅-သုတ်)
ဖုံးလွှမ်းခြင်းကြိယာသကတ်သည်--ဝစနပေယတု။
ခိုဒြပ်သည်--ဝစနီယ။
ပါရာဝတ-စသော ပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္တ။

**(ဝစနတ္ထမှတ်ဘွယ်)**

ပါရေန သဗလေန အာပတတီတိ ပါရာပတော။ ပါရာဝတောပိ။ (ဓာန်ဋီ၊ ၆၃၆)
ပကာရေန ရဝတီတိ ပါရေဝတော။ ရု သဒ္ဒေ၊ အ။ ဥပသဂ္ဂဿ ဒီဃော။ (သူစိ)

မှတ်ချက် အဘိဓာန်စာကိုယ် (၆၃၇)၌ ပါရာဝတော ကပေါတောစ- ဟုရှိသည်။ အဘိဓာန်ဋီကာ၌ ပါရာပတော၊ ပါရာဝတော-ဟုနှစ်မျိုးပြသည်။ သူစိ၌ ပါရေဝတော, ပါရေဝဋ္ဋော-ဟု နှစ်မျိုးပြသည်။ ဏွာဒိမောဂ် -၇၅- ကပါ ဩတော-သုတ်၌ ကပတီတိ ကပေါတော၊ ပါရာဝတော-ဟုပြသည်။

ပဌမံ အာနေတွာ ဟုတတ္တာ ပါဟုနံ။ ပါဟုနံယေဝ ပါဟုနကံ။
သမ္မာ+ကာရော သက္ကာရော။ ပါဟုနကဘာဝေန+ကတ္တဗ္ဗော+သက္ကာရော ပါဟုနကသက္ကာရော။ (ဘာသာဋီကာ၊ ၃။ ၃၄၆)

၅။ ကပေါတဝဏ္ဏာနိ-ကို ကပေါတဝဏ္ဏတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို အဋ္ဌိနံ-ဟုခံ။ (ကတ္တား+သမ္ဗန်စာစဉ်)

◆ **ကာပေါတကာနိ အဋ္ဌီနိ အစဋ္ဌိ၊ (ယိုဦးဆော်)ကို ဆောက်။**

၆။ (က) ဒိန္နဖလာဘာဝံ-ဖြင့် ဒိန္န-အရ ဒေယျဓမ္မကိုအဦးမူသဖြင့် ဒါနစေတနာကို, ထိုဒါနစေတနာကို အကြောင်းပြု၍ (ကာရကူပစာရအားဖြင့်) ဒိန္နဖလကိုယူရမည်ဟု သိစေပါသည်။

◆ **ဒိန္နန္တိ ဒေယျဓမ္မသီသေန ဒါနစေတနာယေဝ ဝုတ္တာ၊ တံ မူလေနစ ဖလန္တိ ဒဿေတိ "ဒိန္နဿ ဖလာဘာဝ"န္တိ ဣမိနာ၊ (သီဋီသစ်)**

(ခ) မဟာယာဂေါ-ဖြင့် ယိဋ္ဌ-၌ ယဇ-ဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ တ-ပစ္စည်း၏ ဘာဝသာဓနအနက်၌သက်--လည်းကောင်း၊ ယဇနံ ယိဋ္ဌံ-ဟု သာဝသာဓနပြု--လည်းကောင်း၊ ယိဋ္ဌ-အရ မုချအားဖြင့် ယဇ်ကြီးပူဇော်ခြင်းကို, ကာရကူပစာရအားဖြင့် ယိဋ္ဌဖလကိုယူရမည်ဟု သိစေပါသည်။

(ဂ) ဝါကျ ကပေါတဝဏ္ဏာနိ-ဖြင့် ကာပေါတကာနိ-ပုဒ်ကို ကပေါတဿ+ဝဏ္ဏော-ကပေါတော၊ ကပေါတော ဧတေသံ အတ္ထီတိ ကာပေါတကာနိ-ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြု--လည်းကောင်း၊ ကဏ်-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်အနက်၌သက်--လည်းကောင်း-သိစေပါသည်။

ပါရာဝတပက္ခိဝဏ္ဏာနီတိ အတ္ထော-ဖြင့် ကပေါတ-သဒ္ဒါ၏ ပါရာဝတ-သဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကိုလည်းကောင်း၊ ကာပေါတကာနိ-ဟူသည် ခိုငှက်တောင်၏ အဆင်းနှင့်တူသော အဆင်းရှိ သတည်း-ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း-သိစေသည်။

၇။ **ယိဋ္ဌ**--ကား ယဇ+တ။ ဓာတွန် ဇ-နှင့်တကွသော တ-ပစ္စည်းကို ဋ္ဌ-ပြု။ ယ-အစိတ် အ-ကို ဣ-ပြု၍ပြီးသည်။ (ရူ-နှာ-၃၈၃)

**ကပေါတ**-ကား ကပ-ဓာတ်၊ ဩတ-ပစ္စည်း။ ဤအလို နိရုတ္တိနည်း မရ။ (တနည်း) ကမ္ဗ-ဓာတ်+ဩတ-ပစ္စည်း။ ကမ္ဗောတ-ဟူလိုလျက် မ-ကိုချေ၍ပြီးသည်။

◆ **ကမ္ဗ စလနေ ဝါ ဩတော၊ ပရပက္ခေ မ-လောပေါ၊ (ဓာန်ဋီ၊ ၆၃၆)**

http://www.dhammadownload.com



၈။ **ဆသဏ္ဍာရသရုပ်ကား**

(၁) ပူရဏကဿပ၊ (၂) မက္ခလိဂေါသာလ၊
(၃) အဇိတကေသကမ္ဗလ (၄) ပကုဓကစ္စာယန၊
(၅) နိဂဏ္ဌနာဋပုတ္တ၊ (၆) သဉ္စယဗေလဋ္ဌပုတ္တ။

၉။ **(ခ+ဂ+ဃ) ဝါကျ ဂါထာစီ**

ယိဋ္ဌံ ဝုတ္တော မဟာယာဂေါ၊ ဟုတံ အာဂန္တုသက္ကာရော။
ဥဘယံ တံ ဖလာဘာဝံ၊ ပဋိက္ခိပတိ သန္ဓာယ။ ။( ဝတ္တဂါထာဖြစ်ပါသည်)

၁၀။ **(က) ဝါကျ ဒေတိ-၌ ဓာတွတ္ထကိုရှု၍ ဘာဝလက္ခဏာရထုတ်ပုံ**

- နတ္ထိ ဒိန္နံ-ဟူသော စကားရပ်ကိုဆိုသော အဇိတကေသကမ္ဗလတိတ္ထိဆရာ၏ သန္တာန် ၌ မိစ္ဆာဉာဏ်ပြဌာန်းသော လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ---- ကာမရတိဌာယိဘာဝ + ကာမသိင်္ဂါရ ရသ။
- စိတ်ဖြင့်ပိုင်းခြားမှတ်သားအပ်သော နတ္ထိ ဒိန္နံ-ဟူသော၊ သဒ္ဒါသည်--အာရမ္မဏ ဝိဘာဝ။
- အဇိတကေသကမ္ဗလဆရာ၏ မိမိ၏မိစ္ဆာအယူကို စွဲမြဲစွာယူထားမှု ဒိဋ္ဌုပါဒါန်သည်- လည်းကောင်း၊ အယောနိသောမနသိကာရစသည်သည်လည်းကောင်း-ဥဒ္ဒီပနဝိဘာဝ။
- အဇိတကေသကမ္ဗလဆရာကြီးအတို့ ယင်းအယူကို မစွန့်ခြင်းကြောင့် အပါယ်ငရဲတို့၌ ဖြစ်ရခြင်းစသော မကောင်းကျိုးအဆက်ဆက်သည်--အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၁၄၉ )

(က) ဒဏ္ဍပညတ္တန္တိ ဒတ္တုပဟိ ဗာလမနုဿေဟိ ပညတ္တံ။
(ခ) ဣဒံ ဝုတ္တံ ဟောတိ-ဗာလေဟိ အဗုဒ္ဓီဟိ ပညတ္တမိဒံ ဒါနံ, န ပဏ္ဍိတေဟိ၊
(ဂ) ဗာလာ ဒေန္တိ၊ ပဏ္ဍိတာ ဂဏှန္တီတိ ဒဿေတိ။
(ဃ) တတ္ထ ကမ္မံ ပဋိဗာဟန္တေနာပိ ဝိပါကော ပဋိဗာဟိတော ဟောတိ၊
(င) ဝိပါကံ ပဋိဗာဟန္တေနာပိ ကမ္မံ ပဋိဗာဟိတံ ဟောတိ။
(စ) ဣတိ သဗ္ဗေပေတေ အတ္ထတော ဥဘယပ္ပဋိဗာဟကာ အဟေတုကဝါဒါစေဝ အကိရိယဝါဒါစ နတ္ထိကဝါဒါစ ဟောန္တိ။

(ဋ္ဌ။၁၅၀။ သီဋီသစ်၊ဒု။ ၄၇။ နေရင်း၊ဒု။ ၈၂။ ပဥ္စက္ကျ၊ဒု။ ၈၉။ ဘာသာဋီ၊ဒု။ ၃၅၂။ ဂဏ္ဌိ။၃၃၄)

၁။ (ဃ+င) ဝါကျတို့ကို တတ္ထ အစွဲမှန်ကန်စေလျက် ယောတာလက္ခဏာရနည်းဖြင့် အနက် ပေးပါ။
၂။ (ခ) ဝါကျ န ပဏ္ဍိတေဟိ သို့ အနုသန္ဓေ (ဂ) ဝါကျသို့ သဘောဂပုစ္ဆာ တက်ပါ။
၃။ (င) ဝါကျအပိ-ကို ရှု၍ ဓောဒကာဘောဂါဒီ စတုက္ကထုတ်ပြပါ။
၄။ ဒဏ္ဍပညတ္တံ-၌ ဒတ္တု-ကို ဝစနတ္ထပြု၍ ဝစနာဒိ သင်္ဂဟထုတ်ပြပါ။
၅။ (စ) ဝါကျ၌ ဥဘယပ္ပဋိဗာဟကာ-ကို ဟိတ်ပြင်၍ ယင်း၏ သမ္ပန်ကိုခံပြီး အတ္ထာနုရူပ စာစပ်ပြပါ။
၆။ (က) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ ဒတ္တု-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။

http://www.dhammadownload.com



၈။ ဝိပါကံ-၌ ဝိပါက- သရုပ်ကို ပေါ်ပြပါ။
၉။ ဃ-င ဝါကျတို့ကို ဝတ္တမျိုး ဂါထာစီကုံးပါ။
၁၀။ ပဋိဗာဟိတော-၌ ဓာတ်အရတရားကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပြပါ။

====================

၁။ (ဃ) တတ္ထ=ထိုက် ကံ၏အကျိုးတို့တွင်။ (နေရင်း)

တတ္ထ=တေသု ပူရဏ အစိတ မကွလိငါသာလေသု-တို့တွင်။ (ပဉ္စတ္တ) ကမ္မ-ကို။ပ။ (လ) ပဋိဗာဟိတော။ ဟောတိ။ ကသ္မာ= --- ကား။ ကမ္မသ္မိံ ၊ ကံ-သည်။ အသတိ-သော်။ ဝိပါကာဘာဝတော- အကျိုး၏မရှိခြင်းကြောင့်တည်း။

- **ဝိပါကော ပဋိဗာဟိတော ဟောတိ အသတိ ကမ္မသ္မိံ ဝိပါကာဘာဝတော။ (သိဒ္ဓိသစ်၊၂၇)**

(င) ဝါကျ- ဝိပါကံ-ကို။ (လ) ပဋိဗာဟိတံ။ ဟောတိ။ (ကသ္မာ-ကား) ဝိပါကေ-သည်။ အသတိ-သော်။ ကမ္မဿ-၏။ နိရတ္ထကတာပတ္တိတော- အကျိုးမရှိသည်၏အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။

- **ကမ္မံ ပဋိဗာဟိတံ ဟောတိ အသတိ ဝိပါကေ ကမ္မဿ နိရတ္ထကတာပတ္တိတော။ (သိဒ္ဓိသစ်၊ ၄၇)**

၂။ **(ခ) ဝါကျ န ပဏ္ဍိတောဟိ-သို့ အနုသန္ဓေ**

ဤသို့ (ခ) ဝါကျ ဗာလေဟိ အဗုဒ္ဓိဟိ ပညတ္တမိဒံ ဒါန်-ဖြင့် ဒတ္တုပညတ္တံ ပုဒ်၏ ပဒပိဏ္ဍတ္ထ-ကို အန္ဓယအားဖြင့်ပြဆိုပြီး၍ ယခုအခါ၌ ဗျတိရေကအားဖြင့် ပြလိုသော ဆရာသည် န ပဏ္ဍိတေဟိ-မိန့်။

**(ဂ) ဝါကျသာဓောဝပုစ္ဆာ**

ဆရာ-သည် (ခ) ဝါကျဖြင့် ဤဒါနကို ပညာမဲ့သူလူမိုက်တို့ ပညတ်အပ်၏၊ ပညာရှိ ပုဂ္ဂိုလ်တို့ ပညတ်အပ်သည်မဟုတ်-ဟုဆို၏။ ယင်းစကားရပ်ဖြင့် အဘယ်သို့သော ပိဏ္ဍတ္ထ အဓိပ္ပါယ် ကို (ဝါ) ဥဇုကတ္ထ အဓိပ္ပါယ်ကို ဆရာဆိုလိုပါသနည်း၊ ဆိုလိုရင်း ပိဏ္ဍတ္ထ ဥဇုကတ္ထ အဓိပ္ပါယ်ကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဂ) ဝါကျကိုမိန့်။

- **ဣဒံ ဝုတ္တံ ဟောတိတိ အာဟ "ဗာလာ ဒေန္တိ"တိ အာဒိ။ (သိဒ္ဓိသစ်၊ ၄၇။)**

၃။ **(ဃ) ဝါကျ စတုဗ္ဗွာထုတ်ပုံ**

(က) နနု ပူရဏ ကဿပေါ ကမ္မံ ပဋိဗာ ဟတိ။
(ခ) အထ ကသ္မာ ဝိပါကော ပဋိဗာဟိတော ဟောတိ။
(ဂ) နနု အသတိ ကမ္မသ္မိံ ဝိပါကာဘာဝေါ ဟောတိ။ (သိဒ္ဓိသစ်)
(ဃ) တသ္မာ (လ) ဟောတိ။

**(င) ဝါကျ စထုဗ္ဗွာထုတ်ပုံ**

(က) နနု အဇိတော ဝိပါကံ ပဋိဗာဟတိ။
(ခ) အထ ကသ္မာ ကမ္မံ ပဋိဗာဟိတံ ဟောတိ။
(ဂ) နနု အသတိ ဝိပါကေ ကမ္မဿ နိရတ္ထကတာပတ္တိ ဟောတိ။ (သိဒ္ဓိသစ်)
(ဃ) တသ္မာ (လ) ဟောတိ။

၄။ ဒဗ္ဗန္တိ မုယန္တိတိ ဒတ္တု။ (ဗာလပုဂ္ဂလာ) (သိဒ္ဓိသစ်)
တွေ့ဝေခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
လူမိုက် ပုဂ္ဂိုလ်တို့ဖြစ်သည် ဝစနီယ။
ဗာလာ- ဗဋ္ဋာ- မူဋ္ဌာ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

http://www.dhammadownload.com



၅။ (စ) ဝါကျ ဥဘယပ္ပဋိဗာဟကာ-ပုဒ်ကို ဥဘယပ္ပဋိဗာဟကတ္တာ-ဟု ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကို သဗ္ဗေသံ ဝေတေသံ (ပူရဏ အဇိတ မကၡလိ ဂေါသာလာနံ) ဟုဒ်။ ကတ္တား+ သမ္ဗန်စာစပ်။

၆။ (က) ဝါကျဖြင့် ဒတ္တု-ပုဒ်ကို ဒမ္ဗန္တိ မုယှန္တီတိ ဒတ္တူ-ဟု ဝစနတ္ထပြု၍ ဒတ္တုအရ ဗာလမနုဿ-တို့ကို ယူရမည်ကိုလည်းကောင်း (သီဋီသစ်၊ ၄၇။) (တနည်း) ဒတ္တုပညတ္တံ-၌ ဒတ္တုသဒ္ဒါ၏ ဗာလ သဒ္ဒါ၏ ပရိယာယ်အဖြစ်ကို လည်းကောင်း၊ (ဗာလော ဒတ္တု ဧဠော မူဠှော။ အဘိဓာန်၊ ၇၂၁။) ပညတ္တံ၌ (ပ+ဥပ+တ) တပစ္စည်း၏ ကမ္မသာဓန အနက်၌ သက်သည်ကို လည်းကောင်း၊ ပညပီယိတ္ထာတိ ပညတ္တံ-ဟု ကမ္မသာဓ်-ပြု--လည်းကောင်း၊ (သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တား အဝုတ္တ တတိယန္တနှင့် ဖွင့်၍ပြ ကမ္မသာဓန ကြံစရာ။) ဒတ္တုနှင့် ပညတ္တံပုဒ်ကို ဒတ္တူဟိ+ပညတ္တံ ဒတ္တုပညတ္တံ-ဟု တတိယာ-တပ္ပုရိသ်ပြုရမည်ကို လည်းကောင်း--သိစေပါသည်။

၇။ **ဒတ္တု**-ကား ဒမ္ဘ-ဓာတ်+တု-ပစ္စည်း။ ဒမ္ဘတု-ဟူလိုလျက် ဝဏ္ဏနာသ-ဖြင့် ဗ္ဘ-ချေ။ ဝဏ္ဏာဂမ-ဖြင့် တ လာ၍ ပြီးသည်။

- **ဒမ္ဗန္တိ မုယှန္တီတိ ဒတ္တူ။ (သိဋီသစ်)**

တနည်း ဒါ-ဓာတ်+တု-ပစ္စည်း။ ဒါတု-ဟူလိုလျက် ဝဏ္ဏာဂမ-ဖြင့် တ-လာ။ ဝဏ္ဏဝိကာရ-ဖြင့် အာ ကို အ-ပြုပြီးသည်။

- **ဒါ ကုစ္ဆာယံ, ဂတိယံ၀၊ တု၊ ဒွိတ္တံ၊ ရဿာဒိ၊ ဒတ္တု။ (ဓာန်ဋီ၊ ၇၂၁၊ သူစိ)**

၈။ **ဓိပါကံ-၌ ဓိပါက** သရုပ်ကား အာနိသံသဝိပါက, နိဿန္ဒဝိပါက, သဒိသဝိပါက တို့ဖြစ်ပါသည်။

- **ဓိပါကန္တိစ အာနိသံသ နိဿန္ဒ သဒိသ ဖလဝသေန တိဝိဓမ္ပိ ဓိပါကံ။ (သိဋီသစ်)**

၉။ ကမ္မံ ပဋိဗာဟန္တေန၊ ဝိပါကော ပဋိဗာဟိတော။
ပါကံ ပဋိဗာဟန္တေန၊ ကမ္မမ္ပိ ပဋိဗာဟိတံ။ (ဥဘယ-မကာရဝိပုလာ)

၁၀။ ✣ ပဋိဗာဟိတော-၌ ဓာတ်အရ မိစ္ဆာဒိဋ္ဌိ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ကာမရတိဝ္ဒာယီဘာဝ+ကာမသိဂ်ါရ ရသ။
✣ ကံ ကံ၏ အကျိုးတရားများသည် အာရမ္မဏဝိဘာဝ။
✣ အယောနိသောမနသီကာရ စသည်သည် ဥဒ္ဒီပနဝိဘာဝ။
✣ ကံ- ကံ၏ အကျိုးကို ပယ်မြစ်သဖြင့် အဟေတုကဝါဒ- အကိရိယဝါဒ- နတ္ထိက- ဝါဒ ဖြစ်ပေါ်လာခြင်း၊ ယင်းမိစ္ဆာဝါဒီ ပုဂ္ဂိုလ်တို့အား သဂ္ဂန္တရာယ်-မဂ္ဂန္တရာယ် ဖြစ်ခြင်း စသည်သည် အနုဘာဝ။

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၁၄၀ )

(က) **အကာ၁တိ** အကတာ။ **အကစိတာတိ** အကတစိတာနာ။

(ခ) **"ဓေ၀ ကရောဟီ"**တိ ကေနစိ ကာရာပိတာပိ န ဟောန္တီတိ အတ္ထော။

(ဂ) **အနိမ္မိတာတိ** ဣဒ္ဓိယာပိ န နိမ္မိတာ။ **အနိမ္မာတာတိ** အနိမ္မာပိတာ။

(ဃ) ကေစိ "အနိမ္မာပေတဗ္ဗာ"တိ ပဒံ ဝဒန္တိ။

(င) တံ နေဝ ပါဠိယံ, န အဋ္ဌကထာယံ ဒိဿတိ။

(ဋ္ဌ။၁၅၁။ သီဋ္ဌီသစ်၊ဒု။ ၅၀။ ပဒုတ္တ၊ဒု။ ၉၃။ ဘာသာဋီ၊ဒု။ ၃၆၀။ ဂဏ္ဌိ၊ ၃၃၅).

၁။ အထက်ပါဝါကျတို့ကို အနက်မှန်မှန် သမ္ဗန်ပြပါ။

၂။ (ခ) ဝါကျကို အနုသန္ဓေတက်၍ (င)ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။

၃။ (ဃ+င) ဝါကျတို့၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ ဣဒ္ဓိယာ-၌ ဣဒ္ဓိ-ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပါ။

၅။ (က) ဝါကျ၌ အကတစိတာနာ-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး အတ္ထာနုရူပ စာစပ်ပြပါ။

၆။ (က+ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ အဋ္ဌကထာ၊ ဒိဿတိ-တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ အကဋ္ဌစိ၀-အရ သရုပ်ကို ပြည့်စုံစွာ ဖော်ပြပါ။

၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည်ဆန်းအမည်ပေးခဲ့ပါ--

တသ္မာ အကလျာဏဇနံ၊ အာသီဝိသမိ ဝေါရဂံ။

အာရကာ ပရိဝဇ္ဇေယျ၊ ဘူတိကာမော ဝိစက္ခဏော။ (ဋ္ဌ၊ ၁၅၀။)

၁၀။ (၉)နံပါတ်ပါ တဂါထာလုံးကို သိမ်းကျုံး၍ ဘာဝ, ဝိဘာဝ, အနုဘာဝစုံလင်စွာထုတ်ပြပါ။

= = = = = = = = = = = = = = = = = = = =

## ၂။ (ခ) ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ (က)ဖြင့် အကဋ္ဌာ, အကဋ္ဌဝိဓာတို့၌ ဒန္တ ဇ တ-ကို မုဒ္ဓဇ ဋ္ဌ-ပြု၍ ရုပ်ပြီး နေသည်၏ အဖြစ်ကိုပြပြီး၍၊ ယခုအခါ၌ အကဋ္ဌာ, အကဋ္ဌဝိဓာ- ပုဒ်နှစ်ပါးဖြင့်လည်း လောက၌ မည်သည့်အကြောင်းကြောင့်မျှ ထိုကာယတို့၏ မဖြစ်စေအပ်, မဖြစ်စေနိုင် ကုန်သည်၏အဖြစ်ကို ပြလိုသောဆရာသည်- (ခ) မိန့်။

◆ **ပဒဒ္ဓယေနာပိ လောကေ ကေနစိ ဟေတုပစ္စယေန နေသံ အနိမ္မတ္တတာဝ ဒဿေတိ၊ တေနာဟ "ဓေ၀ ကရောဟီ"တိ အာဒိ၊ (သီ သစ်)၊**

(တနည်း) ပုစ္ဆာနုသန္ဓေတူ၏။ ယခုအခါ၌ ကတစိ၀=ပြုအပ်သော စီမံခြင်း-ဟူသည် အထက် လူကြီးများက "ဤသို့ပြုလိုက်" ဟု စေခိုင်းစီမံခြင်းပင်တည်း၊ ပြုလုပ်ဘို့ရန် ထိုသို့ စီမံခြင်းမရှိဟူသော ဥဒုကတ္ထ=အဖြောင့်အနက် အဓိပ္ပါယ်ကို ပြလိုသော ဆရာသည် (ခ) မိန့်။ (ဘာသာဋီကာ၊ ဒု။ ၃၆၀)

## (င) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ

ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် ကေစိဆရာတို့သည် "အနိမ္မာပေတဗ္ဗာ" ဟူသောပုဒ်ကိုဆိုကြကုန်သောဟု ဆို၏။ အနိမ္မာပေတဗ္ဗာ ဟူသော ထိုကေစိဆရာတို့၏ ပါဠိသည် လက်ရှိမူရင်းဖြစ်သော အနိမ္မာတာ ဟူသောပါဠိနှင့် (ပစ္စည်းမျှသာကွာခြား၍) သဒ္ဒ-ယုတ္တိလည်းရှိ, အနက်အားဖြင့်လည်း အနိမ္မာတာဟူသော ပါဠိတော်နှင့်အတူတူပင် ဖြစ်သည် မဟုတ်ပါလော၊ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် အနိမ္မာပေတဗ္ဗာ-ဟူသောပါဠိကို ကေစိထိုး၍ ပြဆိုပါသနည်း။ စုဒ်ကြောင့်(င)မိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား-အနိမ္မာပေတဗ္ဗာ-ဟူသောပါဠိသည်ပါဠိတော်များ၌လည်းကောင်း, ရှေးရှေး** အဋ္ဌကထာဟောင်းများ၌လည်းကောင်းမရှိ,မတွေ့မမြင်ရသောကြောင့်ကေစိထိုး၍ဆိုပါ၏ ဟူလိုသော်။

◆ **ကာမံ သဒ္ဒတော ယုတ္တံ, အတ္ထတောစ ပုရိမေန သမာနံ၊ တထာပိ ယ+မဋ္ဌကထာယဥ အနာဂတတ္တာ အဂပေတဗ္ဗဘာဝေ ကာရဏန္တိ ဒဿေတိ "တံနေဝ ယ"န္တိ အာဒိနာ။ (သီ သစ်)**

၃။ **(ယ+င) ဝါကျ စောဒကာဘောဂါဒိ စတုက္ကထုတ်ပုံ**

(က) နနု သဒ္ဒတော ယုတ္တံ, အတ္ထတော စ ပုရိမေန သမာနံ။

(ခ) အထ ကသ္မာ "ကေစိ အနိမ္မာပေတဗ္ဗာတိပဒံ ဝဒန္တိ"တိ ကေစိသဒ္ဒေန တယာ ဝုတ္တံ။

(ဂ) နနု တံ နေဝ ပါဠိယံ, န အဋ္ဌကထာယံ ဒိဿတိ။

(ဃ) တသ္မာ "ကေစိ အနိမ္မာပေတဗ္ဗာတိပဒံ ဝဒန္တိ"တိ ကေစိသဒ္ဒေန မယာ ဝုတ္တံ။

၄။ ဠဍ္ဍတီတိ ဠဒ္ဓိ။ (တနည်း) သတ္တာ ဠဇ္ဇန္တိ တောယာတိ ဠဒ္ဓိ။ (ဓာတုပစ္စယဒီပနီ)

ပြီးစီးခြင်း , ကြီးပွားခြင်းကြိယာသကတ်သည် -- ဝစနဟေတု။

တန်းခိုး ဠဒ္ဓိဖြစ်သည် -- ဝစနီယ။

သမိဒ္ဓိ , ဝုဒ္ဓိ-စသော ပရိယာယ်သဒ္ဒါများသည် -- ဝစနီယတ္ထ။

◆ **ဠဍ္ဍ သမိဒ္ဓိယံ၊ ဠဍ္ဍ၊ ဠဍ္ဍ-ဝုဒ္ဓိယံ၊ ဠဍ္ဍ၊ (ဓာတုပစ္စယဒီပနီ)**

၅။ (က)၌ အကတဝိဓာနာ-ကို အကတဝိဓာနတ္တာ - ဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို သတ္တန္နံ ဠမေသံ ကာယာနံ-ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)

※ **မဟုစ္ဆိဟိ၊ အသေတ္တိ၊ ဟုဘိကတ္တားနေ၊**

◆ **သတ္တိမေ မဟာရာဇ ကာယာ အက ၁ အက ဝိဓာ အနိမ္မိတာ၊ (တော်) ထောက်၊**

၆။ (က) အကတာ-ဖြင့် အကဋ္ဌာ-၌ တ-ကို ဋ္ဌ-ပြု၍ အကဋ္ဌာ-ဟုရုပ်ပြီးနေသည်၏ အဖြစ်ကို သိစေပါသည်။

◆ **"အက ၁"တိ ဧတ္ထ တ-ကာရဿ -ကာရာဒေသောတိ အာဟ"အကတာ"တိ၊ (သီ သစ်)**

အကတဝိဓာ-ဖြင့် အကဋ္ဌဝိဓာ-၌ ဝိဓ-သဒ္ဒါ၏ ဤနေရာ၌ ဝိဓာန=စီရင်ခြင်း အနက်ဟော--လည်းကောင်း၊ အ-၏ မရှိခြင်း အဘာဝအနက်ဟော--လည်းကောင်း၊ကတော+ ဝိဓော ကတဝိဓော၊ နတ္ထိ ကတဝိဓော ကရဏဝိဓိ ဧတေသန္တိ အကဋ္ဌဝိဓာ-ဟု ကမ္မဓာရယ်အတွင်း ဝုပ်သော နနိပါတပုဗ္ဗပဒစတုတ္ထီဗဟုဗ္ဗိဟိ သမာသ်ဝစနတ္ထပြုလည်းကောင်း၊ အကတဝိဓာ-ဟုဆိုလို လျက် ဒန္တဇ တ-ကို မုဒ္ဓဇဋ္ဌ-ပြု၍ အကဋ္ဌဝိဓာ - ဟုရုပ်ပြီးနေသည်ကို လည်းကောင်းသိစေသည်။

◆ **တထာ အက ဝိဓာ တိဧတ္ထာပိ၊ နတ္ထိ ကတဝိဓော ကရဏဝိဓိ ဧတေသန္တိ အက ဝိဓာ၊ (သီ သစ်)**

(ဂ) န နိမ္မိတာ-ဖြင့် အနိမ္မိတာ-ပုဒ်ကို န+နိမ္မိတာ အနိမ္မိတာ-ဟု မိဿကတပ္ပုရိသ်-သမာသ်ဝစနတ္ထပြု--လည်းကောင်း၊အ၏ပဋိသေဓအနက်ဟော--လည်းကောင်းသိစေပါသည်။

ဠဒ္ဓိယာပိ-ဖြင့် မဖန်ဆင်းအပ်ကုန်၏-ဟူသည် တစုံတယောက်သော တန်ခိုးရှိသော စိတ်၏ဝသီဘော်သို့ရောက်သော ပုဂ္ဂိုလ်, နတ်ဗြဟ္မာ, အစိုးရသူ အစရှိသည်၏ တန်ခိုးဖြင့်လည်း မဖန်ဆင်းအပ်, မဖန်ဆင်းနိုင်ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ) (သီဋီသစ်)

အနိမ္မာပိတာ-ဖြင့် နိမ္မာတာ-၌ ကာရိုက်ကေ-ပစ္စည်း ကျေနေသည်၏အဖြစ်ကို လည်းကောင်း၊ တ-ပစ္စည်း၏ ကမ္မသာဓနအနက်၌သက်-လည်းကောင်း၊ နိမ္မာပိယန္တီတိ နိမ္မာတာ-ဟု ၁ရိုကလောပကမ္မသာဓနဝစနတ္ထပြု-လည်းကောင်း-သိစေပါသည်။

http://www.dhammadownload.com



၇။ **အဋ္ဌကထာ-ကား အတ္ထ + ကထာဟူလိုလျက် ထ္ထ-ကို ဋ္ဌ-ပြု၍ ပြီးသည်။**

- **အတ္ထော ကထီယတိ ဧတာယာတိ အတ္ထကထာ၊ သာယေဝ အဋ္ဌကထာ,ထ္ထ-ကာရဿ ဋ္ဌ-ကာရံ ကတွာ။ (သာရတ္ထ။ ၁။ ၂၀)။**
- ဒီသတိ-၏ နိရုတ္တိနည်းကို ဝါကျဥယျာဥ် (၇၂)၌ ရေးခဲ့ပြီ။

၈။ **အကဋ္ဌဝိဓ-အရ သရုပ်ကား**

ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ သုခ၊ ဒုက္ခ၊ ဇီဝ။ ဤ(၇)ပါး ဖြစ်သည်။ (ပါဠိတော်။ နှာ။ ၅၃)။

**အမှာ။** ။ အကဋ္ဌ, အနိမ္မိတ, အနိမ္မာတာ-တို့၏အရလည်း အထက်ပါ ကာယ(၇)ပါးပင်ဖြစ်သည်။

၉။ ပထမ ဘ-ကာရဝိပုလာဂါထာ။ အနုဋ္ဌုဘသန်းဖြစ်သည်။

၁၀။ **တဂါထာလုံးသိမ်းကျုံး၍ ဘာဝါလင်္ကာရထုတ်ပုံ**

- သူယုတ်မာကိုဝေးစွာရှောင်ကြဉ်သော ပညာရှိပုဂ္ဂိုလ်၏ သန္တာန်၌ ဘယဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည်--ဘယဌာယီဘာဝ + ဘယာနကရသ။
  (တနည်း) သူယုတ်မာကိုရှောင်ကြဉ်သော ပညာရှိပုဂ္ဂိုလ်၏ သန္တာန်၌ စက်ဆုတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဩတ္တပ္ပပြဓာန်းသော စိတ္တုပ္ပါဒ်သည်---ဇိဂုစ္ဆဌာယီဘာဝ+ ဝိဘစ္ဆရသ။
- သူယုတ်မာ ပုဂ္ဂိုလ်ဖြစ်သည်-- အာရမ္မဏဝိဘာဝ။
- သူယုတ်မာ၏ ယုတ်မာခြင်း သဘောသည်လည်းကောင်း၊ ပညာရှိပုဂ္ဂိုလ်၏ ကြီးပွားတိုးတက်မှုကိုအလိုရှိခြင်း, ဉာဏ်ပညာအဆင်အခြင်နှင့် ပြည့်စုံခြင်းစသည်သည်လည်းကောင်း --ဥဒ္ဒီပနဝိဘာဝ။
- ပစ္စုပ္ပန်၌ ကိုယ်စိတ်ချမ်းသာခြင်း, တမလွန်၌ နတ်ရွာသုဂတိသို့ လားရခြင်းစသည်သည်--အာနုဘာဝ။

# ဝါကျဥယျာဉ် ( ၁၄၁ )

၁၃၄၃-၃၊ အစိုးရ

( ၁၃၅၄-၃၊ အစိုးရထပ်မေးဘူးသည် )

(က) နာဠပုတ္တာဝါဒေ **စာတုယာမသံဝရသံဝုတောတိ** စတုကောဋ္ဌာသေန သံဝရေန သံဝုတော။

(ခ) **သဗ္ဗဝါရိဝါရိတောစာတိ** ဝါရိတသဗ္ဗဥဒကော၊ ပဋိက္ခိတ္တသဗ္ဗသီတောဒကောတိ အတ္ထော။

(ဂ) သော ကိရ သီတောဒကေ သတ္တသညီ ဟောတိ၊ တသ္မာ န တံ ဝဠဉ္ဇေတိ။

(ဃ) တေသံ ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ၊

(င) အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယေဝ ဇာတာ။

(ဋ္ဌ။ ၁၅၁။ သီဋီသစ်။ဒု။ ၅၂။ နေရင်း။ဒု။ ၈၅။ ပဒတ္ထ။ဒု။ ၉၄။ ဘာသာဋီ။ဒု။၃၆၄။ဂဏ္ဌိ။၃၃၆။)

http://www.dhammadownload.com



၁။ တသ္မာ-၌ တ-၏ အာမသနတ္ထ ပေါ်လွင်စေလျက် (က+ခ+ဂ) တို့ကို အနက်ပေးခဲ့ပါ။
၂။ (ဂ) ဝါကျကို သာဘောဂစောဒနာ ကျမ်းတက်ပြပါ။
၃။ (ဃ-င) ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။
၄။ အသုဒ္ဓလဒ္ဓိ-ပုဒ်ကိုအစိတ်+အပေါင်းဝစနတ္ထပြ၍အပေါင်းဝစနတ္ထ၌ဝစနာဒိသင်္ဂဟထုတ်ပြပါ။
၅။ အသုဒ္ဓလဒ္ဓိတာယ-၏ သမ္ဗန်ကိုထုတ်ပြ၍ စာစပ်ပြီးလျှင် ဘာဝယောဂ-ပုဒ်၏ဝါစ္စကိုလည်း ညွှန်းပြပါ။
၆။ (ခ) ဝါကျကို အာဘော်ဖေါ်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။
၇။ ဒေဝီ သုဝဏ္ဏသရကေ ဘတ္တံ ပက္ခိပိတွာ ဥစ္စာဂရေနာဒါယ ပဝိသတိ (၄။ ၁၂၅) ဝါကျ၌ ဥစ္စာဂ-ပုဒ်၏ ရုပ်ပြီးပုံနှင့်တကွ နိရုတ္တိနည်းကို ရေးပါ။
၈။ (ဃ+င) ဝါကျတို့၌ ကိဋ္ဌိသာသနာနုလောမံ ဟူသောစကားနှင့် အသုဒ္ဓလဒ္ဓိဟူသော အဋ္ဌကထာ စကားနှစ်ရပ် မဆန့်ကျင်အောင် ညှိနှိုင်းပြပါ။
၉။ အောက်ပါဂါထာကို အကြောင်းပြနှင့်တကွ ဆန်းစစ်ပြီးလျှင်ဂါထာအမည်ဆန်းအမည်ပေးခဲ့ပါ။
ယော စ ဗုဒ္ဓဥ္စ ဓမ္မဥ္စ။ပ။ သမ္မပညာယ ပဿတိ။ (၄၊ ၂၀၈။)
၁၀။ အထက်ပါဂါထာဝယ် ဂတော၌စာတ်အရထရားကိုယ်ကိုကောက်ပြီးဘာဝစသည်စုံလင်စွာထုတ်ပြပါ။

=====================

၁။ တသ္မာ၊ထိုသို့ရေအေး၌ သတ္တ-ဟု အမှတ်ရှိသည်၏ အဖြစ်ကြောင့်။(ပဥ္စိကာ။ ၂၀၈။)

၂။ **(ဂ) သာဘောဂ စောဒနာ**

ဆရာ-သည် (ခ) ဝါကျဖြင့် နာဠပုတ္တ-သည် ပယ်မြစ်အပ်ပြီးသော အလုံးစုံသော ရေအေးရှိ၏၊ (ဝါ) အလုံးစုံသော ရေအေးကို မသုံးဆောင်ဟုဆို၏။ ရေအေးသည် သက်မဲ့ အရာဝတ္ထုဖြစ်၍ သုံးဆောင်သင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် နာဋပုတ္တ-သည် ရေအေးကို မသုံးဆောင်ပါသနည်း။ ရေအေးကို မသုံးဆောင်ခြင်း၏ အကြောင်းကိုမပြသော် ဆရာ့အား ဖလ+ကာရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ ရောက်ရာ ၏။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား** (ဂ) ဝါကျဖြင့် နာဋပုတ္တ-သည် ရေအေး၌ သတ္တဂါဟု အမှတ်ရှိ သောကြောင့် ရေအေးကို မသုံးဆောင် (လ) ဟူလို။

**မှတ်ချက်** ပဥ္စိကာ-နိဿျ-၌ ကိရ သဒ္ဒါ တပ္ပါကဋ္ဌိကရဏတ္ထ (တနည်း) ကိရ-ယသ္မာ-ကြောင့် (ကာရဏတ္ထ)ဟု၂-မျိုးပြသည်။ထို့ကြောင့် တပ္ပါကဋ္ဌိကရဏကြံ၍လည်းကျမ်းတက်နိုင်သည်။

၃။ **(ဃ+င) အာဘောဂါဒိ စတုက္ကထုတ်ပုံ**

(က) နနု တေသု ဒါဒေ ကိဋ္ဌိ သာသနာနုလောမမ္ပိ အတ္ထိ။
(ခ) အထ ကသ္မာ သဗ္ဗာ ဒိဋ္ဌိယေဝ ဇာတာ။
(ဂ) နနု အသုဒ္ဓလဒ္ဓိတာ ယောတိ။
(ဃ) တသ္မာ သဗ္ဗာ ဒိဋ္ဌိယေဝ ဇာတာ။

**(ဂ) ဝါကျစတုက္ကထုတ်ပုံ**

(က) နနု သီတောဒကေ သတ္တဗီဝဘာဝေါ နတ္ထိ။ -
(ခ) အထ ကသ္မာ သော (နာဋပုတ္တော) န တံ ဝဠဉ္ဇေတိ။
(ဂ) နနု သော သီတောဒကေ သတ္တသညီ ယောတိ။
(ဃ) တသ္မာ (လ) ဝဠဉ္ဇေတိ။

http://www.dhammadownload.com



၄။ သုဇ္ဈတီတိ သုဒ္ဓါ၊ န+သုဒ္ဓါ အသုဒ္ဓါ။
လဘာနံ ဇာနနံ လဒ္ဓိ။ လဘိတဗ္ဗာတိ ဝါလဒ္ဓိ။
အသုဒ္ဓါ လဒ္ဓိ ဧတမဿ နာဋ္ဌပုတ္တဿာတိ အသုဒ္ဓလဒ္ဓိ။
မစင်ကြယ်သောအယူ၏+နာဋ္ဌပုတ္တနှင့် ဂုဏ်+ဂုဏေးစပ် ဝစနဟေတု။
နာဋ္ဌပုတ္တ-သည် ဝစနီယ။
မလီနလဒ္ဓိ၊ အသုဒ္ဓဒိဋ္ဌိ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
ယမန့် သညမန့် ယာမော။ (သီဋီသစ်)
ကောဋ္ဌေ သရိရေ သေတီ တိဋ္ဌတီတိ ကောဋ္ဌာသော။
သံဝရတိ ဝေတနာတိ သံဝရော။ (ဘာသာဋီကာ)
ဝါရေန္တိ ဝေတနာတိ ဝါရိ၊ ဇလံ။ (ဣတ္ထိမောဂ်-၁၀)
ပိပါသံ ဝါရယတီတိ ဝါရိ။ (သူစိ)
ဥဏှာဘိတတ္တေဟိ သေဝိယတီတိ သီတံ။ (သီ+တ)
ပဋိက္ခိတ္တော သဗ္ဗသီတောဒကော တပ္ပရိဘောဂေါ ယဿာတိ ပဋိက္ခိတ္တသဗ္ဗ-သီတောဒကော။ (သီဋီသစ်)

၅။ အသုဒ္ဓလဒ္ဓိတာယ-ဟိတ်၏သမ္ဗန်ကား ဧတမဿနိဂဏ္ဌဿတည်း။(ကတ္တား+သမ္ဗန်စာစပ်)
**မှတ်ချက်** အသုဒ္ဓလဒ္ဓိတာ-ဟူသော ဘာဝယောဂ-ပုဒ်၏ သမ္ဗန်ပုဒ်နှင့် လိင်တူ ဝုစ်တူ-အရတူဖြစ်သော အယံ ဝုစ္စတိ မဟာရာဇ နိဂဏ္ဌော ဂတတ္တော စ ယတတ္တော စ ဋ္ဌိတတ္တော စ-ဟူသောပါဠိတော်လာ "အယံနိဂဏ္ဌော" ဟူသော ကတ္တားပါဌ်ကိုယူ၍ သမ္ဗန်လုပ်သည်။ အဋ္ဌကထာ-၌ တိုက်ရိုက် ပါရှိသည့် တေဿ (နိဂဏ္ဌဿ နာဋ္ဌပုတ္တဿ) ကို ဟိတ်၏သမ္ဗန်ထုတ်ကလည်း မှန်၏။
**သတိထားဖွယ်** ခံထားသောသမ္ဗန်သည် ဘာဝယောဂ-ပုဒ်နှင့် လိင်ဝုစ်အရတူမှ မှန်သည်။ မတူလျှင်မမှန်။ ထို့ကြောင့် "ဟိတ်ဆိုက်လေရာ ကြိယာ၏-စသော နိယံကို အလေးထား၍ သဗ္ဗာ-ဟူသောပုဒ်ကို သမ္ဗန်မခံသင့်ကြောင်း သတိပြု။
✻ နိယံ ဟူက ယေဘုယျ မှတ်။
(ဂ) ဝါကျ၌ တဿ (သတ္ထုသညတ္တာ)၏ သမ္ဗန်ကို တဿနိဂဏ္ဌဿနာဋ္ဌပုတ္တဿဟူခံ။

၆။ (က) စတုကောဋ္ဌာသေန-ဖြင့် စာတုယာမပုဒ်ကို စတ္တာရော+ယာမာ ဘာဂါ စတုယာမံ၊ စတုယာမံ ဧဝ စာတုယာမံ-ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ က-ပစ္စည်း၏ သွတ္ထတဒ္ဓိတ် အနက်၌သက်-လည်းကောင်း၊ ယာမ-သဒ္ဒါ၏ "ရတ္တိယာ ပဌမော ယာမော"၌ ယာမ-သဒ္ဒါကဲ့သို့ ဘာဂအနက်ဟော-လည်းကောင်း သိစေပါသည်။ (သီဋီသစ်)
စတုကောဋ္ဌာသေန သံဝရေန-ဖြင့် စာတုယာမသံဝရ-ပုဒ်ကို စာတုယာမော စ သော သံဝရောစာတိ စာတုယာမသံဝရော-ဟု ကမ္မဓာရယ်ပြုရမည်၏ အဖြစ်ကိုသိစေသည်။
အပေါင်းသံဝုတ္တနာပါဌ်ဖြင့်- စာတုယာမသံဝရေန+သံဝုတော စာတုယာမသံဝရ-သံဝုတော ဟု တဣယာတပ္ပုရိသ် ပြုရမည်ကိုသိစေသည်။
(ခ) ဝါကျ ဝါရိတသဗ္ဗဥဒကော-ဖြင့် ဝါရိ သဒ္ဒါ၏ ရေဟူသောအနက်ဟော-လည်းကောင်း (ဝါ) ဝါရိသည် ဥဒက၏ ပရိယာယ်အဖြစ်ကိုလည်းကောင်း၊ သဗ္ဗဝါရိဝါရိတော ပုဒ်ကို ဝါရိတော သဗ္ဗဝါရိ ယဿာတိ သဗ္ဗဝါရိဝါရိတောဟု ဝိသေသနပရနိပါတ စတုတ္ထီဗဟုဗ္ဗီဟိပြု -- လည်းကောင်း သိစေသည်။ (သီဋီသစ်)

http://www.dhammadownload.com



- ပဋိကုဒ္ဓသမ္ဗန္ဓီတောဒကော-ဖြင့် ဝါရိတ သဒ္ဒါ၏ ပဋိကုဒ္ဓအနက်ဟော-- လည်းကောင်း (ဝါ) ဝါရိတ၌ ဝရဓာတ်၏ နိသေဓ (ပဋိကုဒ္ဓ) အနက်ဟော-- လည်းကောင်း၊ တ ပစ္စည်း၏ ကံအနက်၌ သက်သည်ကိုလည်းကောင်း၊ ဝရိယိတ္ထ ပဋိကုဒ္ဓိယိတ္ထာတိ ဝါရိတောဟု အတိတ်ကမ္မသာဓ် ပြုရမည်ကိုလည်းကောင်း၊ ဝါရိ အရ ဥဒကောဒကကိုမယူရ၊ ဆီတောဒကကို ယူရမည်ကိုလည်းကောင်း သိစေပါသည်။

၇။ ဥဋ္ဌာ ကား ဥ ပုဗ္ဗ+ဌာ ဓာတ်+ဏ ပစ္စည်း။ ဥဌာ ဟူလိုလျှင် ဌ-ကို ဆ-ပြု၊ ဇ-ကို ဂ-ပြု၊ အဿဒိသဒ္ဒေါ်တော် စ-လာ၊ ဋ္ဌ-ထက်၌ နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ င- ပြု၍ ဥဋ္ဌာ ပြီးသည်။

- **ဥဿင်္ဂတိ ဇွောတိ ဥဋ္ဌာ၊ သဇ-သင်္ဂေ၊ သဿ ဆော၊ ဒွိတ္တံ၊ (ဓာန်ဋီ၊ ၂၇၆)**

(တနည်း) ဥ ပုဗ္ဗ+သဉ္ဇ- ဓာတ်+ဏ ပစ္စည်း။ ဥသဉ္ဇ ဟူလိုလျှင် သ-ကို ဆ-ပြု။ အဿဒိ ဝ-ဒွေဘော် စ-လာ၊ န-ကို နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ င-ပြု၊ ဇ-ကို ဂ- ပြု၍ ဥစ္ဆင်္ဂပြီး၏။ (ရူပသိဒ္ဓိ-၅၇၈) ၅၈၁-လာ ရင်္ဂေါ သင်္ဂေါ ပုဒ်တို့ ရုပ်ပြီးပုံကို မှီးသည်။)

၈။ **ကိဋ္ဌိ သာသနာနုလောမံနှင့် အသုဒ္ဓလဒ္ဓိ စကားနှစ်ရပ် မဆန့်ကျင်အောင် ညှိနိုင်းပုံ။**

မကောင်းမှုကို ပယ်ရှားတားမြစ်ခြင်းဟူသော သဗ္ဗဝါရိသည် သာသနာတော်အား လျှော်၏။ သို့သော် မကောင်းမှုကို ပယ်ရာ၌လည်း "အသက်ဇီဝ, အတ္တ က ပယ်၏" ဟု လည်းကောင်း၊ ထိုအတ္တသည် "အချို့မြဲ၏, အချို့မမြဲ" ဟုလည်းကောင်း အယူရှိသောကြောင့် အသုဒ္ဓလဒ္ဓိ-မစင်ကြယ်သော အယူဖြစ်ရတော့သည်။ ထို့ကြောင့် အယူအားလုံးပင် မိစ္ဆာအယူ ချည်း ဖြစ်ကြရလေသည်။ (သီဋ္ဌီသစ်၊ ဒု၊ ၅၂။ ဘာဋ္ဌီ၊ ၃၆၇)

**စာတုယာမသံဝရသံဝုတော-၌ စတု-သရုပ်ကား**

၁။ သဗ္ဗဝါရိဝါရိတ ၂။ သဗ္ဗဝါရိယုတ္တ

၃။ သဗ္ဗဝါရိဓုတ ၃။ သဗ္ဗဝါရိ ဖုဋ္ဌ-တို့ ဖြစ်သည်။

၉။ ပထ္ယာ ဝတ္တဂါထာ၊ အနုဋ္ဌုဘာသန်း

၁၀။ ဝါကျဥယျာဉ် (၁၀၈) အနုတေဥသေဟိ ဘိက္ခုသတေဟိ- ဝါကျ၌ပြေပြီး။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၁၄၂ )

(က) **သမ္ပဝါရိယုဿောတိ** သမ္ဗေန ပါပဝါရဏေန ယုတ္တော။ **သမ္ဗဝါရိစုဆောတိ** သမ္ဗေန ပါပဝါရဏေန ဓုတပါပေါ။ **သမ္ဗဝါရိဖုဋောတိ** သမ္ဗေန ပါပဝါရဏေန ဖုဋ္ဌော။

(ခ) **ဂတတ္တောတိ** ကောဋိပ္ပတ္တစိတ္တော။ **ယတတ္တောတိ** သံယတစိတ္တော။

(ဂ) တေသံ ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ။

(ဃ) အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယော ဇာတာ။

(ဋ္ဌ။ ၁၅၁။ သီဋ္ဌီသစ်၊ ဒု။ ၅၂။ ပဋုက္ကျ၊ ဒု။ ၉၄။ ဘာသာဋီ၊ ဒု။ ၃၆၅။ ဂဏ္ဌိ။ ၃၃၆)

၁။ တေသမ္ပနာမ်အစွဲမှန်ကန်စေလျက် (ဂ+ဃ) ဝါကျတို့ကို အနက်သမ္ဗန်ပါ။

၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။

၃။ (ဂ+ဃ) ဝါကျတို့၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ သညတစိတ္တော-ကို အစိတ်,အပေါင်းဝစနတ္ထပြု၍အပေါင်းဝစနတ္ထကိုသာဝစနာဒိဆက္ကာထုတ်ပါ။

၅။ ကောဋိပ္ပတ္တစိတ္တော-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္တာနုရူပစာစပ်ပါ။

၆။ (က+ခ) ဝါကျတို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ဖုဋ္ဌ၊ သညတ၊ လဒ္ဓိ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ (က) ဝါကျ သံဝဏ္ဏေတဗ္ဗသုံးပုဒ်၌ သမ္ဗဝါရိ-အရ မကောင်းမှုကို တားမြစ်ပုံ သုံးမျိုးတို့၏ ထူးခြားပုံကို ဋီကာနှင့်အညီ ကျနစွာပြဆိုပါ။

၉။ (ဂ+ဃ) ဝါကျတို့ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိဂါထာ တပုဒ်စီကုံးပြပါ။

၁၀။ သာသနာနုလောမမ္ပိ-၌သာသန-ဝယ် အနက္ကတ္ထကိုရှု၍ ဘာဝစသည်ပြည့်စုံစွာ ထုတ်ပြပါ။

= = = = = = = = = = = = = = = = = = = =

၁။ တေသံ၊ (နာဋ္ဌပုတ္တသံ) ၏။ (ပဋုက္ကျသျှ)

၂။ **(ဂ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ**

ဆရာ၊ ဆရာသည် (က+ခ) နှစ်ဝါကျဖြင့် နိဂဏ္ဌနာဋ္ဌပုတ္တ၏ အယူဝါဒစကားရပ် များကို အကောင်းအဆိုးမဝေဘန်ဘဲ အနက်အဓိပ္ပါယ် ဖြစ်သင့်သည်အားလျှော်စွာဖွင့်ပြဆို၏။ နိဂဏ္ဌနာဋ္ဌပုတ္တသည် အညတိတ္ထိယဂိုဏ်းခေါင်းဆောင်ဖြစ်၍ ထိုပုဂ္ဂိုလ်၏ အယူဝါဒမှန်သမျှကို သာသနပစ္စတ္ထိက -မိစ္ဆာဝါဒတို့ ချည်းသာဟု မှတ်သားရပါမည်လော။ အဘယ်သို့ မှတ်ရပါမည်နည်း။ စုဒ်ကြောင့် (ဂ)မိန့်။

**(ဃ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ**

ဆရာ၊ ဆရာသည်(ဂ)ဝါကျဖြင့် နိဂဏ္ဌနာဋ္ဌပုတ္တ၏ဝါဒ၌ တစ်စုံတစ်ခုသော သာသနတော်အားလျှော်သော အယူဝါဒလည်းရှိသေး၏ဟုဆို၏။ ယင်းသို့သာသနာတော်အားလျှော်သော အယူဝါဒရှိနေလျှင် ထိုနိဂဏ္ဌနာဋ္ဌပုတ္တ၏ အယူဝါဒကို မိစ္ဆာအယူဝါဒဟု မဆိုသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် မိစ္ဆာအယူဝါဒချည်းသာဟု ဆိုပါသနည်း။ စုဒ်ကြောင့်(ဃ)မိန့်။

**အဓိပ္ပါယ်ကား** ထိုနိဂဏ္ဌနာဋ္ဌပုတ္တ၏ဝါဒ၌ တစ်စုံတစ်ခုသော သာသနာတော်အား လျှော်သော အယူဝါဒရှိပါသော်လည်း "အတ္တိ ဇီ ဝေါ၊ သောစ သိယာ နိစ္စော၊ သိယာ အနိစ္စော" အစရှိသော မစင်ကြယ်သော အယူရှိသည်၏အဖြစ်ကြောင့် နာဋ္ဌပုတ္တ၏ အယူဝါဒ အားလုံးသည် မိစ္ဆာဝါဒချည်းသာ ဖြစ်ကုန်၏-ဟု ငါပြဆိုပါ၏ဟူလို။ (သီဋ္ဌီသစ်။ ၅၂)

၃။ (ဂ+ဃ) အာဘောဂါဒိစတုက္ကထုတ်ပုံကို ဝါကျဥယျာဉ် (၁၄၁)၌ ရေးခဲ့ပြီ။

http://www.dhammadownload.com



၄။ သညမိယိတ္တာတိ သညတံ။ (အတီတေ ယေတွ တ-သဒ္ဒေါ။ သိဒ္ဓီသစ်)
အာရမ္မဏံ စိန္တေတီတိ စိတ္တံ။
သံယတံ စိတ္တံ အနေန နိဂ္ဂဏ္ဍေနာတိ သံယတစိတ္တော။
စောင့်ရှောက်အပ်ပြီးသော စိတ်၏+နိဂ္ဂဏှာတိတ္တိနှင့် ဂုဏ်+ဂုဏေး၊ ဌာနီ+ဌာနစပ်--ဝစနယောဂ။
နိဂ္ဂဏှာတိတ္တိဖြစ်သည် -- ဝစနီယ။
ယတဍ္ဍော-စသော ပရိယာယ်သဒ္ဒါများသည် -- ဝစနီယတ္ထ။

၅။ ကောဋ္ဌိပ္ပတ္တစိတ္တော-ကို ကောဋ္ဌိပ္ပတ္တစိတ္တတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ဣမသ္မိ နိဂ္ဂဏ္ဍသ-ဟုခံ။ ကတ္တား+သမ္ဗန်စာစပ်။

◆ **အယံ ဝုစ္စတိ မဟာရာဇ နိဂ္ဂဏ္ဍော ဂတဏ္ဍောစ ယတဏ္ဍောစ ဋ္ဌိတဏ္ဍောစ၊ တော်ကို ထောက်၊**

**အမှာ၊** ၊ ဂတဍ္ဍော, ယတဍ္ဍော, ဋ္ဌိတဍ္ဍော-ဟူသော သံဝဏ္ဏေတဗ္ဗသုံးပုဒ်နှင့် သံယတစိတ္တော, သုပ္ပတိဋ္ဌိတစိတ္တော-ဟူသော သံဝဏ္ဏနာတို့ကို ဟိတ်ပြင်ကလည်း အထက်ပါပါဠိတော်ကို ထောက်၍ ဣမဿ နိဂ္ဂဏ္ဍဿ-ဟုပင် သမ္ဗန်ခံရမည်။

၆။ (က) သဗ္ဗေန ပါပဝါရဏေန ယုတ္တော-ဖြင့် သဗ္ဗဝါရိယုတ္တော-၌ သဗ္ဗဝါရိ-ပုဒ်ကို သဗ္ဗော+ဝါရိ သဗ္ဗဝါရိ-ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထပြု-လည်းကောင်း၊ ဝါရိသဒ္ဒါသည် ဤ၌ ရေဟူသော အနက်ကိုမဟော, တားမြစ်ခြင်းအနက်ဟောလည်းကောင်း၊ တားမြစ်ခြင်းဟူသည်လည်း မကောင်းမှုကို တားမြစ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊အပေါင်းပုဒ်ကိုသဗ္ဗဝါရိနာ + ယုတ္တော သဗ္ဗဝါရိယုတ္တော-ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုလည်းကောင်းသိစေပါသည်။

သဗ္ဗေန ပါပဝါရဏေန ဓုတပါပေါ-ဖြင့် သဗ္ဗဝါရိဓုတော-၌ သဗ္ဗဝါရိ-ပုဒ်ကို သဗ္ဗော+ဝါရိ သဗ္ဗဝါရိ-ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထပြု--လည်းကောင်း၊ ဝါရိသဒ္ဒါ၏ ဤ၌ တားမြစ်ခြင်းအနက် ဟော--လည်းကောင်း၊ တားမြစ်ခြင်းဟူသည်လည်း မကောင်းမှုကို တားမြစ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ အပေါင်းပုဒ်ကို သဗ္ဗဝါရိနာ+ ဓုတော ယေနာတိ သဗ္ဗဝါရိဓုတော-ဟု ဘိန္နာဓိကရဏတတိယာဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထပြု -- လည်းကောင်း၊ ဓုတ = ခါတွက်ဖျက်ဆီး၏ ဟူသည် မကောင်းမှုအကုသိုလ်ကို ခါတွက်ဖျက်ဆီး သတည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း---သိစေသည်။
(တနည်း) ဓူယိတ္ထာတိ ဓုတံ (ပါပံ)။ ဓုတံ ယဿ အတ္ထီတိ ဓုတော။ သဗ္ဗဝါရိနာ+ဓုတော+ သဗ္ဗဝါရိဓုတော -ဟုပြုရမည်ဟု သိစေသည်။ (ဘာသာဋီ၊ ဒု။ ၃၆၅)

သဗ္ဗေန ပါပဝါရဏေန ဖုဋ္ဌော-ဖြင့် သဗ္ဗဝါရိဖုဋ္ဌော-၌ သဗ္ဗဝါရိ-ပုဒ်ကို သဗ္ဗော+ ဝါရိ သဗ္ဗဝါရိ-ဟုပြု--လည်းကောင်း၊ ဝါရိ-သဒ္ဒါ၏ ဤ၌တားမြစ်ခြင်းအနက်ဟော-လည်းကောင်း၊ တားမြစ်ခြင်းဟူသည်လည်း မကောင်းမှုကို တားမြစ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း၊ ဖုဋ္ဌော-၌ ဖုဋ္ဌ-ဓါတ်မဟုတ်, ဖုသ-ဓာတ်အဖြစ်ကိုလည်းကောင်း၊ တ-ပစ္စည်း၏ အတိတ်ကမ္မသာဓ်အနက်၌သက်--လည်းကောင်း၊ ဖုသီယိတ္ထာတိ ဖုဋ္ဌော-ဟု ပြု--လည်းကောင်း ဖုသတ-ဟူလိုလျှက် ဓာတွန် -သ-ကိုချေ၊ တ-ကို ဋ္ဌ-ပြု၍ ဖုဋ္ဌ- ဟုရုပ်ပြီးနေသည်ကို လည်းကောင်း၊ အပေါင်းပုဒ်ကို သဗ္ဗဝါရိနာ + ဖုဋ္ဌော သဗ္ဗဝါရိဖုဋ္ဌော-ဟု တတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြု--လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



(၁) ကောဠိပ္ပတ္တစိတ္တော-ဖြင့် ဂတတ္တော-၌ ဂမု-ဓာတ်၏ (ဒွေယောဂဂတိယော-၌ကဲ့သို့) နိဋ္ဌာနအနက်ဟော--လည်းကောင်း၊ အတ္တ-သဒ္ဒါ၏ စိတ်-ဟူသောအနက်ဟော--လည်းကောင်း၊ ဂတော + အတ္တော + ယဿာတိ ဂတတ္တော -ဟုပြု-လည်းကောင်း-သိစေပါသည်။ (သီဋီသစ်။ ဘာသာဋီကာ)

သံယသစိတ္တော-ဖြင့် ယတတ္တော-၌ ယတ-သဒ္ဒါ၏ သံယတအနက်ဟော--လည်းကောင်း၊ အတ္တ-သဒ္ဒါ၏ စိတ်-ဟူသောအနက်ဟော--လည်းကောင်း၊ ယတော (သံယတော) +အတ္တာ+ယေနာတိ ယတတ္တော-ဟု တတိယာဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြု--လည်းကောင်း သိစေပါသည်။

သုပ္ပတိဋ္ဌိတစိတ္တော-ဖြင့် ဋ္ဌိတတ္တော-၌ ဋ္ဌိတ-သဒ္ဒါ၏ သုပ္ပတိဋ္ဌိတအနက်ဟော-လည်းကောင်း၊ အတ္တ-သဒ္ဒါ၏ စိတ်-ဟူသောအနက်ဟော--လည်းကောင်း၊ ဋ္ဌိတော+အတ္တာ +ယဿာတိ ဋ္ဌိတတ္တော- ဟု ဝစနတ္ထပြု--လည်းကောင်း သိစေပါသည်။

ဂ။ **သံယတ-ကား** သံ+ယမု+တ။ သံယမတ-ဟူလိုလျက် ဓာတွန် မ-ကိုချေ၍ပြီးသည်။
**လဒ္ဓိ-ကား** လဘ+တိ။ တ-ကို ဓ-ပြု။ ဓာတွန် ဘ-ကို ဒ-ပြု၍ပြီးသည်။
**ဇုဋ္ဌ** နိရုတ္တိနည်း အာဘော်၌ပါပြီးဖြစ်သည်။

ဃ။ **သဗ္ဗဝါရိယုတ္တော-စသော သုံးပုဒ်၌ တားမြစ်ပုံ သုံးမျိုးအထူး**

သဗ္ဗဝါရိယုတ္တော-ဖြင့် (ဥပုသ်စောင့်သူကဲ့သို့) မကောင်းမှုမှ တားမြစ်၏ဟူသော အထိမ်း အမှတ်လက္ခဏာမျှကိုသာ ဆိုအပ်၏။

သဗ္ဗဝါရိဓုတော-ဖြင့် (ဓုတင်ဆောက်တည်၍ မကောင်းမှုတို့ကို လျှုပ်ခါချခြင်းကဲ့သို့) မကောင်းမှုကို အကြွင်းမဲ့ဆွေးမြေ့သွားအောင် လျှုပ်ခါချခြင်း အထိမ်း အမှတ်ကို ဆိုအပ်၏။

သဗ္ဗဝါရိဖုဋ္ဌော-ဖြင့် (အလွန်အမင်းကျင့်၍ ကိလေသာကုန်ခြင်း ရဟန္တာဖြစ်ခြင်းကဲ့သို့) မကောင်းမှုကုန်ခြင်း၏ အထိမ်းအမှတ် လက္ခဏာကို ဆိုအပ်၏။

ဤသို့မကောင်းမှုတားမြစ်ပုံသည် အဆင့်ဆင့်ရင့်သောကြောင့် အချင်းချင်းကွာခြားကြပါသည်။ (ဘာသာဋီကာ၊ ဒု။ ၃၆၆။)

- **သဗ္ဗဝါရိယုတ္တောတိ သံဝရလက္ခဏမတ္တံ ကထိတံ၊ သဗ္ဗဝါရိဓုတောတိ ပါပနိဇ္ဇရလက္ခဏံ၊ သဗ္ဗဝါရိဖုဋ္ဌောတိ ကမ္မက္ခယလက္ခဏဉ္စ ဣမမတ္ထံ ဒဿေန္တော "သမ္ပန္နာ"တိအာဒိမာဟ။ (သီဋီသစ်၊ ဒု။ ၅၂။)**

**အစိမ္ပါယ်** နိဂဏ္ဌနာဋပုတ္တဝါဒ၌ သာသနာနုလောမအယူပါဝင်နေသော်လည်း အသုဒ္ဓလဒ္ဓိ-ဟု ဆိုခြင်းကား-- "အတ္ထိ ဇီဝေါ၊ သော စ သိယာ နိစ္စော၊ သိယာ အနိစ္စော" ဤသို့စသည်ဖြင့် ညစ်နွမ်းသော အယူရှိသောကြောင့်တည်း။

- **အသုဒ္ဓလဒ္ဓိယာတိ " အတ္ထိ ဇီဝေါ၊ သော စ သိယာ နိစ္စော၊ သိယာ အနိစ္စော "တိ ဧဝမာဒိ မလိနလဒ္ဓိတာယ၊ (သီဋီသစ်)**

ဏ။ **(ဃ+င) ဝါကျ ဂါထာစီ။**
ဝါဒေ တေသံ ကိဉ္စိ+တ္ထိ၊ သာသနသာနုလောမပိ။
သဗ္ဗာဝ ဒိဋ္ဌိယော ဇာတာ၊ အသုဒ္ဓလဒ္ဓိဘာဝေန။ (ဝတ္တဂါထာဖြစ်ပါသည်)

http://www.dhammadownload.com



## ၁၀။ သာသန၌ အန္တရာယ်ကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ

- ✣ ဆုံးမဟောကြားတော်မူသော ဘုရားရှင်၏ သန္တာန်၌ မေတ္တာ, ကရုဏာပြဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ်ဖြစ်ပွါးသည်--မေ့ရတိဌာယီဘာဝ+မေ့သိဂိရရသ၊
- ✣ အဆုံးအမခံဝေနေယျသတ္တဝါတို့ဖြစ်သည်--အာရမ္မဏဝိဘာဝ။
- ✣ ဝေနေယျသတ္တဝါတို့၏ သံသရာ၌ နစ်မွန်းမျောပါး ကျင်လည်နေရခြင်းသည် လည်းကောင်း၊ ဘုရားရှင်၏ ပါရမီစာဂစရိယဂုဏ်တော်တို့သည်လည်းကောင်း--- ဥဒ္ဒီပနဝိဘာဝ။
- ✣ လိုက်နာကျင့်ကြံကြသော ဝေနေယျသတ္တဝါတို့သန္တာန်၌ ပစ္စုပ္ပန်အစီးအပွား တမလွန် အစီးအပွား တိုးတက်ပြီး နိဗ္ဗာန်တိုင်အောင် အကျိုးအဆက်ဆက်သည်--အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် (၁၄၃)

(က) **ကာယေန သံဝုတောတိ** ကာယေန ပိဟိတော ဟုတွာ၊

(ခ) အကုသလဿ ပဝေသနဒွါရံ ထကေတွာတိ အတ္ထော။

(ဂ) ဧသေဝ နယော သေသပဒဒွယေပိ။

(ဃ) **ယာသဏ္ဌာဒနပရမတာယာတိ** ယာသဏ္ဌာဒနေန ပရမတာယ ဥတ္တမတာယ၊

(င) တေဒတ္တမ္ပိ အနေသနံ ပဟာယ အဂ္ဂသလ္လေခေန သန္တုဋ္ဌောတိ အတ္ထော။

(ဋ၊ ၁၅၂။ သီဋီသစ်၊ဒု၊ ၅၄။ ပဥက္က၊ ဒု၊ ၉၇။ ဘာသာဋီ၊ ဒု၊ ၃၇၄။ ဂဏ္ဌိ၊ ၃၃၇။)

၁။ (ဂ) ဝါကျကို ဆရာနည်းကျကျ (င) ဝါကျကို တေသမ္ဗန္ဓာမ် အစွဲမလွဲစေဘဲအနက်ပေးပါ။

၂။ (ခ) ဝါကျကို အနုသန္ဓေ၊ (ဂ) ဝါကျကို ပုစ္ဆာတက်ပြပါ။

၃။ ၉-နံပါတ်လာ ပါဋ္ဌိကို စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

၄။ ယာသဏ္ဌာဒနပရမတာ-၌ အဇ္ဈာဒန-ကို ဝိဂ္ဂဟပြု၍ ဝစနာဒိ ဆက္ကထုတ်ပြပါ။

၅။ (က) ဝါကျ ပိဟိတော-ကို ပိဟိတတ္တာ-ဟု ဖိတ်ပြင်က ယင်း၏သမ္ဗန်ခံ၍ အတ္ထာနုရူပ စာစပ်ပြပါ။

၆။ (က+ခ+ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။

၇။ ပိဟိတ-ပုဒ် နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ (င) ဝါကျ အနေသနံ ပဟာယ-၌ အနေသန သရုပ်ကို သင်္ချာမှုပြု၍ အဘိရတော ပဝိဝေကေ-၌ ဝိဝေကသရုပ်ကို ထုတ်ပြပါ။

၉။ ဘဂဝါ ဟိ ဓမ္မံ ဒေသေန္တော အာဒိမှိ သီလံ ဒဿေတွာ မဇ္ဈေ မဂ္ဂံ ပရိယောသာနေ နိဗ္ဗာနံ ဒဿေတိ၊ (ဋ၊ ၁၅၉။) ကို ဂါထာစီကုံးပါ။

၁၀။ ၉-နံပါတ် စုဏ္ဏိယ ပါဋ္ဌိကို ဘာဝ စသည်ထုတ်ပါ။

====================

၁။ (ဂ) သေသပဒဒွယေပိ=ကာယေနသံဝုတော-ပုဒ်မှ ကြွင်းကုန်သော "ဝါစာယ သံဝုတော, မနသာ သံဝုတော" ဟူသော ပုဒ်တို့၏ နှစ်ပါးတို့၏အပေါင်း၌လည်း။ ဧသေဝနယော- ဧသောဝနယော = ဤနည်းကိုသာလျှင်။ ဝေဒိတဗ္ဗော-၏။

(တနည်း) ဧသေဝနယော ဧသောဣဝနယော= ဤနည်းကဲ့သို့သောနည်းကို၊ ဝေဒိတဗ္ဗော=၏။

✳ ဧသေဝနယော၊ ပုဒ်သဘောမှာ၊ ထင်စွာဝေ၊ ဣဝအနက် နှစ်ချက်ခွဲ၍ သမ္ဗန်မြဲ။ (ဘုရားကြီး) အညေ သေသ၊ ပုဒ်နှစ်ဝ၊ ယှဉ်ရအပါဒါန်။

http://www.dhammadownload.com



- **သေသပဒဒွယေပီတိ "ဝါစာယ သံဝုတော, မနသာ သံဝုတော"တိ ပဒဒွယေပိ။ (သီ၊ ဋီ)**

(င) တေဒတ္တမ္ပိ = ဤအစား အဝတ်အကျိုးငှာလည်း။

- **တေဒတ္တမ္ပိတိ ယာသတ္တာဒနန္တာယပိ (သီ၊ ဋီ)**

၂။ **(ခ) ဝါကျအနုသန္ဓေ**

ဤသို့ (က) ဝါကျဖြင့် ကာယေန သံဝုတောဟူသည် ကာယဒွါရ-ဖြင့်ပိတ်အပ်သည် ဖြစ်၍နေခြင်းပင်တည်း-ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းစကားရပ်၏ ဥဒုကတ္တ-ကို ပြလိုသော ဆရာသည် (ခ) ဝါကျကိုမိန့်။

**(ဂ) ဝါကျ ပုစ္ဆာ**

ဆရာ-သည် (က+ခ) ဝါကျတို့ဖြင့် ကာယေန်သံဝုတောပုဒ်၏ သဒ္ဒတ္ထ+အဓိပ္ပါယတ္ထ အဖွင့်ကို ပြဆိုတော်မူ၏။ ယင်း (က+ခ) နှစ်ဝါကျဖြင့် ပြဆိုအပ်သောနည်းကို ကာယေန သံဝုတော- ပုဒ်၌သာ သိအပ်ပါသလော။ (ဝေအာဘော်) အဘယ်ပုဒ်၌လည်း သိအပ်ပါ သေးသနည်း။ စုဒ်ကြောင့် (ဂ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား** (ဂ) ဝါကျဖြင့် (က-ခ) နှစ်ဝါကျဖြင့် ဖွင့်ဆိုအပ်ပြီးသော နည်းကို ကာယေနသံဝုတော-ပုဒ်၌သာ သိအပ်သည်မဟုတ်၊ ကြွင်းသော ဝါစာယသံဝုတော၊ မနသာ သံဝုတော-ပုဒ် နှစ်ခုအပေါင်း၌လည်း သိအပ်၏-ဟု ငါပြဆိုပါ၏ဟူလိုသော်။

**မှတ်ချက်** (ဂ)ဝါကျ သမုစ္စယတ္ထ-ပိ-နှင့် ဖြေဆိုထားရကား "နောက်သမုစ္စယ၊ အဖြေပြ ဝေအာဘော်ဆင်"နှင့် အညီ ဝေ-အာဘော်ဆင်သည်။ (ဂ) ဝါကျသည် အတိဒေသ သံဝဏ္ဏနာဖြစ်၍ ဂန္ထဂရုဒေါသကိုပယ်လို၍ ဆက်တက်သောကြောင့် ဝါကျာရမ္ဘ။ ပစ္စက္ခသံဝဏ္ဏနာ-မှတပါး အတိဒေသ သံဝဏ္ဏနာကို ပြသောကြောင့် ပကာ္ဒန္တရ။ "အတိဒေသောပိ ဝိတ္ထာရဋ္ဌာနေ တိဋ္ဌတိ"ဟူသော (ဝိသုဒ္ဓိမဂ်-မဟာဋီကာ)တို့နှင့်အညီ ဝိတ္ထာရဟု ဝါကျအမျိုးမျိုးယူ၍လည်း ကျမ်းတက်နိုင်သည်မှတ်လေ။

၃။ (က) နနု ဘဂဝါ ဓမ္မံ ဒေသေန္တော အာဒိမှိ သီလံ ဒဿေတိ၊

(ခ) အထ ကသ္မာ မဇ္ဈေ မဂ္ဂံ, ပရိယောသာနေ နိဗ္ဗာနံ ဒဿေတိ။

(ဂ) နနု သာသနသမ္ပတ္တိယာ ဝေမဇ္ဈဘာဝတော မဂ္ဂေန မဇ္ဈေကလျာဏတာ၊ နိဗ္ဗာနာဓိဂမတော ဥတ္တရိကရဏီယာဘာဝတော နိဗ္ဗာနေန ပရိယောသာန ကလျာဏတာ (ဝုတ္တာ)။ (သီဋီသစ်၊ ဒု။ ရ၁။)

(ဃ) တသ္မာ မဇ္ဈေ မဂ္ဂံ, ပရိယော သာနေ နိဗ္ဗာနံ ဒဿေတိ။

၄။ ဃသိတဗ္ဗော အသိတဗ္ဗောတိ ဃာသော။ (အာဟာရော) (သီဋီသစ်)

အာဘုသော ဆာဒေတိ ပရိဒဟတိ စေတနာတိ အစ္ဆာဒနံ။ (သီဋီသစ်)

လွန်စွာဖုံးလွှမ်းခြင်း ဝတ်ရုံခြင်း ကြိယာသကတ်သည် ဝစနဟေတု၊

အဝတ်အထည်ဖြစ်သည် ဝစနီယ၊

နိဝါသန်-စသော ပရိယာယ် ဝစနီယတ္ထ။

အပိစ ဃာသန်+'ဃာသော။ အာဘုသော ဆာဒီယတေ အစ္ဆာဒနန္တိပိ ယုဇ္ဇတိ။ (သီဋီသစ်)

သမ္မာ+တုဋ္ဌော သန္တုဋ္ဌော။ (ကောင်းစွာရောင့်ရဲ၏ (ဝါ) တရားနှင့်အညီ ရောင့်ရဲ ၏ဟူလို) သံဝိဇ္ဇမာနေန+တုဋ္ဌော သန္တုဋ္ဌော။(ထင်ရှားရှိသောပစ္စည်းဖြင့်ရောင့်ရဲ၏။(ဝါ)အပိုမရှာဟူလို) သကေန+တုဋ္ဌော သန္တုဋ္ဌော။ (မိမိမှာ ရှိရင်းဥစ္စာဖြင့် ရောင့်ရဲ၏။ (ဝါ) သူများဟာ မမျှော်ဟူလို) (ဘာသာဋီကာ။ ၃၇၆။)

http://www.dhammadownload.com



၅။ (က) ဝါကျ ပိဟိတောကို ပိဟိတတ္တာ–ဟု ဖတ်ပြင်က ယင်း၏သမ္ဗန်ကို တသဃေ ပဗ္ဗဇိတဿ သမာနဿဟုခံ။ (ကတ္တား+သမ္ဗန် စာစစ်။)

◆ **သောစေ ပဗ္ဗဇိတော သမာနော ကာယေန သံဝုတော ဝိဟရေယျ။ ( တော်)**

၆။ ပိဟိတော–ဖြင့် သံဝုတော၌ သံ+ဝု–ဓာတ်၏ သံဝရဏ (ပိဒဟန) ပိတ်ခြင်း အနက်ဟော သည်၏ အဖြစ်ကို သိစေသည်။ (ဒု၊ ဓာတွတ္ထ)

ဟုတွာ–ဖြင့် ကာယေနသံဝုတော–၌ သံဝုတောကို ဟုတွာဟူသော ပါဌသေသ၌ စာစပ်မည်၏အဖြစ်ကို သိစေသည်။ (သမ္ဗန္ဓ)

✻ ကတ္တားပိုလို့ , စာစပ်ဖို့ရာ, ပုဒ်မပါ, ဟုတွာ–ထည့်လေမင်း။

(တနည်း) ဟုတွာ–ဖြင့် သံဝုတော၌ ပဌမာဝိဘတ်၏ ကြိယာဝိသေသနတ္ထ၌ သက်သည်၏ အဖြစ်ကို သိစေသည်။ (ဝိဘတျတ္ထ)

(ခ) ဝါကျ ထကေတွာ–ဖြင့် ပိဟိတော–၌ အပိ–ရှေးရှိသော +ဓာ–ဓာတ်၏ ထကနတ္ထ ဟောသည်၏အဖြစ်ကို သိစေသည်။ (ဒု၊ ဓာတွတ္ထ)

အကုသလဿ ပဝေသနဒွါရံ–ဖြင့် ဘာဝတ္ထ–ပြသည်။

(ဃ) ဝါကျ ဃာသစ္ဆာဒနေန ပရမတာယ–ဖြင့် ဃာသစ္ဆာဒနေန+ပရမတာ ဃာသစ္ဆာဒနပရမတာ–ဟု တတိယာတပ္ပုရိသ်ပြုရမည်၏ အဖြစ်ကိုသိစေသည်။

ဥတ္တမတာယ–ဖြင့် ပရမတာယ–၌ ပရမ–သဒ္ဒါသည် အဝိပရိတအနက်ကိုမဟော၊ ဤ၌ ဥတ္တမ အနက်ဟောသည်ဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

(တနည်း) ပရမတာယသည် ဥတ္တမတာယ၏ ပရိယာယ်ဟု သိစေသည်။

၇။ **ပိဟိတ** ကား (အပိ–ရှေးရှိသော+ဓာ ဓာတ်+တ ပစ္စည်း) အပိဓာတဟူလိုလျက် ဓ–ကို ဟ–ပြု၊ အစိတ် အာ–ကို ဣ–ပြု၊ အပိ–၌ အ–ချေ၍ပြီးသည်။

(တနည်း) အပိ ရှေးရှိသော +ဓာ+တ။ (နိရုတ္တိဒီပနီ နှာ–၄၈၊ ဓာဿဟိသုတ်အရ) ဓာ–ကို ဟိ–ပြု၊ အပိ–မှ အ–ချေ၍ ပြီးသည်။

**ဒွါရ** ကား ဒွိ+အရ ဓာတ်+ဏ ပစ္စည်း။ ဒွိအာရဟူလိုလျက် ဒွိ–ကို ဒု–ပြု ဥ–ကို ဝ– ပြု ၍ ပြီးသည်။

(တနည်း) ဒွိ+အရ+အ။ ဒွိ–၌ ဣ–ကိုချေ၊ နောက် အ–ကို အာ–ပြု၍ပြီးသည်။

၈။ **အနေသန** သင်္ချာကား ၂၁–ပါး ဖြစ်ပါသည်။

◆ **အနေသနဥ္စ ကောဝိဿတိဝိဓမ္ဗိ အနနုရူပမေသနံ၊ (သီ သံ၊ ၅၅၊)**

**အဘိရတော ပဝိဝေကေ–၌ ဝိဝေက သရုပ်ကား–**

(၁) ကာယဝိဝေက (၂) စိတ္တဝိဝေက (၃) ဥပဓိဝိဝေက တို့တည်း။ (၄၁၁၅၂)

၉။ သီလံ အာဒိမှိ ဒဿေတိ၊ မဇ္ဈေ မဂ္ဂံ ဝိဘာဝတိ။

"ပရိ" ယောသာနမှိ နိဗ္ဗာနံ၊ ဒေသေဿော ဘဂဝါ ကထံ။

တတိယပါဒ ၌ "ပရိ"ကို ပေါင်း၍ ပထျာဝတ္တဂါထာ ဖြစ်သည်။

(၄၊ နှာ။ ၁၅၉ လာ ဂါထာကိုလည်း ဖြေနိုင်သည်။)

၁၀။ ဘုရားရှင်၏ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယိဘာဝ ဓမ္မသိဂ်ဂါရဝတာ။

✣ သီလ မဂ် နိဗ္ဗာန်သည် အာရမ္ဘဏဝိဘာဝ။

✣ သီလ မဂ် နိဗ္ဗာန်၏ ဂုဏ်သည် ဥဒ္ဒိပနဝိဘာဝ၊

http://www.dhammadownload.com



✣ တရားနာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဓမ္မဿနကုသိုလ်ဖြစ်ခြင်း သုဂတိနတ်ရွာ မဂ်ဖိုလ် နိဗ္ဗာန်တို့ကိုရခြင်း စသည်သည် အနုဘော။

## ဝါကျဥယျာဉ် ( ၁၄၄ )

(က) **အဘိနိမန္တေယျာမပိ နန္တိ** အဘိဟရိတ္ဝာပိ နံ နိမန္တေယျာမ။

(ခ) တတ္ထ ဒုဝိဓော အဘိဟာရော ဝါစာယ စေဝ ကာယေန စ။

(ဂ) "တုမှာကံ ဣစ္ဆိတိစ္ဆိတက္ခဏေ အမှာကံ စီဝရာဒီဟိ ဝဒေယျာထ၊ ယေနတ္ထော"တိ ဝဒန္တော ဟိ ဝါစာယ အဘိဟရိတ္ဝာ နိမန္တေတိ နာမ။

(ဃ) စီဝရာဒိဝေကလ္လံ သလ္လက္ခေတွာ "ဣဒံ ဂဏှာထာ" တိ တာ နိဒေန္တော ပန ကာယေန အဘိဟရိတ္ဝာ နိမန္တေတိ နာမ။

(င) တဒုဘယမ္ပိ သန္ဓာယ "အဘိနိမန္တေယျာမ ပိ န"န္တိ အာဟ။

(ဌ။ ၁၅၃။ သိဋ္ဌိသစ်၊ ဒု။ ၅၇။ ပဒုဏ္ဏ၊ ဒု။ ၉၈။ ဘာသာဋီ၊ ဒု။ ၃၇၈။ ဂဏ္ဌိ၊ ၃၃၈။)

၁။ (ဂ) ဝါကျကို နိပါတ်အစွဲမလွဲစေပဲ ဝစနသေသစုံလင်စွာ ထည့်၍ အနက်ပေးပါ။

၂။ (ခ)ဝါကျအနုသန္ဓေ၊(ဂ)ဝါကျပုစ္ဆာ၊ (ဃ) ဝါကျ စောဒနာ တက်ပြပါ၊ (အဓိပ္ပါယ် ပြန်စရာမလို)

၃။ (င) ဝါကျကို စောဒကာဘောဒိစတုက္က ကြံဆထုတ်ပြပါ။

၄။ (ခ) ဝါကျ ဒုဗ္ဗိဓောကို ဝစနတ္တပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (က) ဝါကျ အဘိဟရိတ္ဝာကို ဟိတ်ပြင်၍ ယင်း၏ သမ္ဗန်ခံပြီး စာစပ်ပါ။

၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ ဝေကလ္လ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။

၈။ ဥပမိဝိဝေကောစ နိရုပမိနံ ပုဂ္ဂလာနံ ဝိသဒ္ဒိရဂတာနံ (ဌ၊ ၁၅၂)၌ နိရုပမိနံ-ဝယ် ဥပမိ အရနှင့် ဝိသဒ္ဒိရဂတာနံ-၌ ဝိသဒ္ဒိရ အရ ဝိသဒ္ဒိရဂတ အရတို့ကို တိကျစွာဖြေဆိုပါ။

၉။ (ခ+ဂ) ဝါကျတို့ကိုသာ အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုး ဂါထာစီကုံးပါ။

၁၀။ (က) ဝါကျ နိမန္တေယျာမ ၌ ဓာတွတ္တကိုရှု၍ ဘာဝ စသည်ထုတ်ပါ။

====================

၁။ **(ဂ) ဝါကျ** ဟိ-ချဲ့။ (ပဒုဏ္ဏ+နေရင်း) ဟိ-ဝိသေသော= အထူးကား။ (ဂဏ္ဌိ) တုမှာကံ- တို့၏။ ဣစ္ဆိတိစ္ဆိတက္ခဏေ၌။ အဟံ-သည်။ စီဝရာဒီဟိ-တို့ဖြင့်။ ပယောဇနံ- အကျိုးကို။ သာဓေဿမိ- ပြီးစေအံ့။ (ပါဌသေသ) ယေန ပစ္စယေန-ဖြင့်။အတ္ထော-အလိုသည် (ဝါ) ကိစ္စသည်။ အတ္ထိ။ တံ ပစ္စယံ။ ဝဒေယျာထ-ကုန်လော့။ ဣတိ။ (ပ) နိမန္တေတိနာမ။

✣ **"စီဝရာဒီဟိ ပယောဇနံ သာဓေဿာမိ"တိ ဝစနသေသေန ယောဇနာ။ (သိ ဋ္ဌိသစ်၊ ၅၆၊)**

၂။ **(ခ) ဝါကျအနုသန္ဓေ**

ဤသို့ (က) ဝါကျဖြင့် အဘိနိမန္တေယျာမပိ နံ-ကို အဘိဟရိတ္ဝာပိ နံ နိမန္တေယျာမ ဟု ဖွင့်ပြပြီး၍ ယခုအခါ၌ အဘိဟာရ သရုပ်ကို ထုတ်ပြလိုသော ဆရာသည် (ခ) ဝါကျမိန့်။

**(ဂ)ဝါကျ ပုစ္ဆာ**

ဆရာ-သည် (ခ)ဝါကျဖြင့် အဘိဟာရသည် ဝါစာဘိဟာရ၊ ကာယာဘိဟာရအားဖြင့် နှစ်မျိုးရှိသောဟုဆို၏။ ယင်းအဘိဟာရနှစ်ပါးတို့၏ အနက်အကျယ်အဓိပ္ပါယ်ကို ဆရာမပြဆိုပြီလော၊ အကျယ်ကား အဘယ်ပါနည်း။ (ဂ) မိန့်။

http://www.dhammadownload.com



(တနည်း) အဘိဟာရနှစ်ပါးတို့၏ အထူးကား အဘယ်နည်း၊ စုဒ်ကြောင့် "တုမှာက" စသည်မိန့်။ (ဂဏ္ဌိ၊ ၃၅၁)

(ဂ) ဝါ,ဂျဖြင့် ဝါစာဘိဟာရ၏ အကျယ်ကိုပြသည်။ (ဃ) ဝါကျဖြင့် ကာယာဘိဟာရ၏ အကျယ်ကိုပြသည်။ ထို့ကြောင့် (ဃ) ဝါကျသည် ပက္ခန္တရ။ (ကျမ်းတက်လွယ်ပြီ)

## (င) ဝါကျ

ယင်းနှစ်ပါးတွင် တပါးပါးကိုသာ ဤဒွိလိုအပ်မည်လော့။ စုဒ်ကြောင့် တဒုဘယမ္ပိ- စသည်ကိုဆိုသည်။ (ဂဏ္ဌိ။ ၃၃၈။)

၃။ **(င) ဝါကျ စတုက္ကထုတ်ပုံ**

(က) နနု ဒွိသု အဘိဟာရေသု ဧကမ္ပိ ဧကေကမေဝ အဓိပ္ပေတံ။ (ဂဏ္ဌိ- အာဘော်)

(ခ) အထကသ္မာ တဒုဘယမ္ပိ သန္ဓာယ "အဘိနိမန္တေယျာမပိ န" န္တိ အာဟ။

(ဂ) နနု တဒုဘယမ္ပိ (တတ္ထ) သမ္ဘဝတိ။

(ဃ) တသ္မာ တဒုဘယမ္ပိ (လ) အာဟ။

၄။ ဒွေ ဝိဓာ ယဿာတိ ဒုဝိဓော။
နှစ်ခုကုန်သောအပြားတို့၏ + အဘိဟာရနှင့် သဗ္ဗာ + သချေ်ယျ-စပ် ဝစနပဟောတု။
နှစ်ပါးကုန်သောအပြားတို့ရှိသော အဘိဟာရဖြစ်သည် ဝစနီယ။
ဒုဗ္ဗိဓောစသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ။
ဝတ္ထာဘင္ဂေဟိ စီယတေတိ စီဝရံ၊ (စီ+ဤဝရ)
အဝတ်ပိုင်း အဝတ်စတို့ဖြင့် စီခြင်း ကြိယာသကတ်သည် ဝစနပဟောတု။
သက်နံးဖြစ်သည် ဝစနီယ။
အရဟဒ္ဓဇ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။
ဝိကလဿ+ဘာဝေါ ဝေကလ္လံ။
စီဝရာဒီနံ (လူခတာယ) + ဝေကလ္လံ စီဝရာဒိဝေကလ္လံ။ (သိဋ္ဌိသစ်။ ၅၆။)

၅။ (က) အဘိဟရိတွာ-ကို အဘိဟာရကတ္တာဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို အမှာက် ဟုခံ။ ကတ္တား+သမ္ဗန်စာစပ်။

- **အထခေါ နံ မယမေဝ အဘိဝါဒေယျာမပိ (ပ) အဘိနိမန္တေယျာမပိ နံ၊ ( တော်)**

၆။ (က) ဝါကျဖြင့် အဘိနိမန္တေယျာမပိ နံ-၌ ပါဠိတော်ရှိနေသည့်အတိုင်း သဒ္ဒက္ကမ- အားဖြင့် မယောဇနာရ၊ အဘိဟရိတွာပိ နံ နိမန္တေယျာမ-ဟု အတ္ထက္ကမ-အားဖြင့်သာ အနက် ယောဇနာရ မည်ကိုလည်းကောင်း၊ (ဘာဝတ္ထ+သမ္ဗန္ဓ) အဘိ-ဥပသာရ၏ အဘိမုခ အနက်ဟော သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

- **အဘိဟရိတွာတိ အဘိမုခံဘာဝေန နေတွာ၊ (သီ သစ်)**

(ခ) ဝါကျဖြင့် အဘိဟရိတွာ-၌ အဘိဟာရသည် ဝါစာဘိဟာရ ကာယာဘိဟာရ အားဖြင့် နှစ်မျိုးရှိ၏ ဟု သိစေပါသည်။ (သရူပတ္ထ သံဝဏ္ဏနာ။ )

(ဂ) ဝါကျဖြင့် ဝါစာဘိဟာရ ကာယာဘိဟာရ နှစ်ပါးစုံကိုရည်ရွယ်၍ အဘိနိ မန္တေယျာမပိ နံ=ဟူသော စကားကို အဓာတသတ်မင်း ဆိုသတည်းဟုသိစေပါသည်။ (ဘာဝတ္ထ)

၇။ **ဝေကလ္လ**-ကား (ဝိကလ- ပုဒ်+ဏျ။ ) ဝိကလျ- ဟူလိုလျက် လျ-ကို- လ- ပြု။
လ- ဒွေဘော်လာ။ ဝိ- ၌ ဣ-ကို ဧ- ပြု၍ ပြီးသည်။

http://www.dhammadownload.com



၈။ နိရုပဓိနံ- ဝယ် ဥပဓိ-အရ ကိလေသူပဓိ၊ အဘိသင်္ခါရူပဓိ- နှစ်ပါးကိုယူ။
ဝိသင်္ခါရဂတာနံ- ၌ ဝိသင်္ခါရ- အရ နိဗ္ဗာန်ကိုယူ။
**ဝိသင်္ခါရဂတ- အရ ရဟန္တာပုဂ္ဂိုလ်တို့ကိုယူ။**

- **နိရုပဓိနန္တိ ကိလေသူပဓိ အဘိသင်္ခါရူပဓိဟိ အစ္စန္တဝိဂတာနံ၊ ဝိသင်္ခါရံ ဝုစ္စတိ နိဗ္ဗာနံ၊ တဒဓိဂမနေနတာ ဝိသင်္ခါရဂတာ၊ အရဟန္တော။ (သီဋီသစ်၊ ၅၅၊ )**

၉။ အဘိဟာရော ဒွိဇာ တတ္ထ၊ ဝါစာယ စေဝ ကာယေန။
တဒုဘယမ္ပိ သန္ဓာယ၊ အာဟ ရာဇာ ဣမံ ဝါစံ။ (ဝတ္တဂါထာ)

၁၀။ **နိမန္တေယျာမ- ၌ စာတွဲတွဲရှ၍ ဘာဝစသည်ထုတ်ပုံ**

- သက်နီး စသည်တို့ဖြင့် ပင့်ဖိတ်သော အဇာတသတ်မင်း၏ သဒ္ဓါပညာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသီဂါရ ရသ။
- ကျွန်ဖြစ်သော ရဟန်းပုဂ္ဂိုလ်သည် အာရမ္မဏဝိဘာဝ။
- ကျွန်ရဟန်း၏ ကိုယ်၊ နှုတ်၊ စိတ် တို့ကို စောင့်စည်းခြင်းဂုဏ်သည်လည်းကောင်း၊ ဃာသစ္ဆာဒနပရမတာ သန္တုဋ္ဌဂုဏ်သည်လည်းကောင်း ဝိဝေကသုံးပါး၌ မွေ့လျော်ခြင်းသည် လည်းကောင်း အဇာတသတ်မင်း၏ ယောနိသောမနသိကာရစသည်သည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
- ကျွန်ရဟန်းအား စီဝရ၊ ဘောဇနေ၊ အာဝါသ သပ္ပါယဖြစ်ခြင်း၊ ပင့်ဖိတ်သူ ပုဂ္ဂိုလ်၏ သန္တာန်၌ ဒါန ကုသိုလ်ပွားခြင်း၊ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကို ရခြင်းစသည် တို့သည် အနုဘာဝ။

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၁၄၅ )

(၁၃၃၉-၃၊ သုသမာစာရ)

(က) ရက္ခာဝရဏဂုတ္တိန္တိ ရက္ခာသင်္ခါတဥ္စေဝ အာဝရဏသင်္ခါတဥ္စ ဂုတ္တိံ။

(ခ) (၁) သာ ပနေသာ န အာဝုဓဟတ္ထေ ပုရိသေ ဌပေန္တေန ဓမ္မိကာနာမ သံဝိဒဟိတာ ဟောတိ။

(၂) ယထာ ပန အဝေလာယ ကဋ္ဌဟာရိကပဏ္ဏဟာရိကာဒယော ဝိဟာရံ န ပဝိသန္တိ၊ မိဂလုဒ္ဒကာဒယော ဝိဟာရသီမာယ မိဂေ ဝါ မစ္ဆေ ဝါ န ဂဏှန္တိ၊ ဧဝံ သံဝိဒဟန္တေန ဓမ္မိကာနာမ ရက္ခာ သံဝိဟိတာ ဟောတိ။

(၃) တံ သန္ဓာယာဟ "ဓမ္မိက"န္တိ။

(ဌ၊ ၁၅၃။ သီဠ်သစ်၊ ဒု။ ၅၇။ ပခုက္ကူ၊ ဒု။ ၉၈။ ဘာသာဋီကာ၊ ဒု။ ၃၇၉။ ဂဏ္ဌိ။ ၃၃၈။)

၁။ (၁) အမှတ်(၂) ဝါကျကို အာစရိယလဒ္ဓါပဒေသ ကျနစွာအနက်သမ္ဗန်ပါ။

၂။ (၁) ဝါကျကို သာဘောဂါယုတ္တစောဒနာ၊ တံ သန္ဓယာဟ "ဓမ္မိက"န္တိ-၌ ကံပုဒ်ကို သဒ္ဒါနည်း၊ အာကာရပုဒ်ကို ပညတ်နည်း စာထွက်ပါ။

၃။ (၁) ဝါကျနှင့် ထိုဝါကျပါ အစိတ်စိတ်ဝါကျတို့ကို ရှေ့နောက်ထောက်ဆ၍ ဝါကျအမည်ပေးပါ။

၄။ ဝိဟာရံ န ပဝိသန္တိ-၌ ဝိဟာရပုဒ်ကို ဝစနတ္ထပြု၍ ဉာဉ်ကောက်ပါ။

၅။ သံဝိဒဟိတာပုဒ်ကို ပကတိ၊ ပစ္စယခွဲပြီးလျှင် ရက္ခာဂုတ္တိ၊ အာဝရဏဂုတ္တိဟူသည်-အဘယ်သို့သော စောင့်ရှောက်မှုမျိုးဖြစ်သည်ကို ထင်ရှားအောင်ရေးပါ။

၆။ (က) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ရက္ခာဝရဏဂုတ္တိ+ရက္ခာဝရနဂုတ္တိ ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို သဒ္ဒနယပြု ဆုံးဖြတ်ပါ။

၈။ (၁) ဝါကျ၌ ယထာသဒ္ဒါ၏ အနက်ကိုလည်းကောင်း၊ (၃) အမှတ်ပြ တ-သဒ္ဒါ၏စွဲရာ အနက်ကိုလည်းကောင်း ဖော်ပြပါ။

၉။ မုန္ဒိကာတိ ဟတ္ထမုဒ္ဒါယ ဂဏနံ နိဿာယ ဇီဝိနော။ (ဌ၊ ၁၄၃) ဝယ် ဟတ္ထမုဒ္ဒါယ၌ ဖြစ်သင့်သော နယူပစာရကို ဆိုရိုးကျရေးပါ။

၁၀။ ဓမ္မိကံ ရက္ခာဝရဏဂုတ္တိံ သံဝိဒဟေယျာမ-၌ ဘာဝစသည်ထုတ်ပါ။

===================

၁။ (၁) အမှတ်(၂) ဝါကျကို ယထာတထာ ဥပမာမဟုတ် ယင်းသို့ထုတ်မှု တထာစပ်ရာ ကြိယာသည် မှန်စွာလက္ခဏဖြစ်မြဲ။ (ဘုရားကြီး) နီယံနှင့်အညီပေးလေ။

## ၂။ (ခ) ဝါကျသာဘောဂါယုတ္တစောဒနာ

ဆရာ ရှင်အာနန္ဒာသည် "ဓမ္မိကမ္ပိဿ ရက္ခာဝရဏဂုတ္တိံ သံဝိဒဟေယျာမ" ဟူသော စကားကို အဇ္ဈာတသတ်မင်းလျှောက်ထားသောဟုဆို၏။ ရက္ခာဝရဏဂုတ္တိံဟူသော ဝိသေသျမျှဖြင့် လိုအပ်သောအနက် ပြီးသည်မဟုတ်ပါလော။ (တနည်း) လက်နက်စွဲသော ယောကျ်ားတို့ကို စောင့်ရှောက်ရန်ထားသဖြင့် တရားနှင့်လျှော်သော အစောင့်အရှောက်ကို စီရင်သည်မည်သည် မဟုတ်ပါလော၊ (ပရိဟာရ နောက်ဝါကျ၌ နရှိလျှဉ်းက နကိုပယ်) ထိုသို့ဖြစ်လျှက် အဘယ်အကျိုးငှာ (သီဠ်သစ်) ဝါ- အဘယ်ကို ရည်ရွယ်၍ (တံ သန္ဓာယရှု) "ဓမ္မိကံ"ဟူသော ဝိသေသနပုဒ်ကိုပါ ထည့်သွင်း၍ လျှောက်ထားသည်ဟုဆိုပါသနည်း။ အကယ်၍ "ဓမ္မိကံ" ဟူသော ဝိသေသနကို ထည့်သွင်းလျှောက်ထားရာ၌ အဇ္ဈာတသတ်မင်း၏ သန္ဓာယ ဘာသိတကို မပြသော် ရှင်အာနန္ဒာအား နိဂ္ဂဟကို ဒေါသသင့်ရောက်ရာ၏- စုဒ်ကြောင့် (၁-၁-၂-၃)မိန့်။

http://www.dhammadownload.com



◆ **ကိမတ္ထိယံ "ဓမ္မိက"န္တိ ဝိသေသနန္တိအာဟ "သာပနေသာ"တိအာဒိ၊ (သီ၊သစ်)**

**မှတ်ချက်** (၁) ဝါကျကား ပါဠိတော်၌ ဓမ္မိကံ ရက္ခာဝရဏဂုတ္တိံ ဟု နှစ်ပုဒ်ဟောထားရာ ရက္ခာဝရဏဂုတ္တိံဟူသော ဝိသေသျပုဒ်ဖြင့် လိုအပ်သောအနက်ပြီးစီးလျက် "ဓမ္မိကံ" ဟူသော ဝိသေသနကို အဘယ်အကျိုးငှာ(ဝါ) ဘာကိုရည်ရွယ်၍ ထည့်ဆိုပါ သနည်းဟု မေးဘွယ်ရှိ၍ ဆက်တက်သောကြောင့် ဝါကျာရမ္ဘတည်း။

**စာထွက်ရန်**။ ။ တံသန္ဓာယာဟ "ဓမ္မိက"န္တိ- ၌ တံကို သန္ဓာယ- ၌ အဝုတ္တကမ္မ + အဝုတ္တကမ္မိ- အဖြစ်ဖြင့်လည်းကောင်း၊ ဝိသေသကမ္မ+ဝိသေသကမ္မိ-အဖြစ်ဖြင့် လည်းကောင်း ၂-မျိုးစာစပ် ရသည်။

※ သန္ဓာယဝုတ္တံ၊ ပုဒ်နှစ်တန်၏၊ ကံမှုကွဲပြား၊ အထူးအားဖြင့်၊ သန္ဓာယကံကား အဝုတ္တ၊ ဝုတ္တံ ကံ ကား ဝုတ္တ။ သန္ဓယ ကံကား ဝိသေသ။ ဝုတ္တံ ကံ ကား သာမညတည်း။

**ကံပုဒ်သို့သဒ္ဒါနည်းထွက်ပုံ**

ဆရာသည် သန္ဓာယ ဟူသောအဝုတ္တကမ္မိ (ဝါ) ဝိသေသကမ္မိကို ဆို၏။ အဝုတ္တကမ္မိ (ဝါ) ဝိသေသကမ္မိ သည် အဝုတ္တကံ (ဝါ) ဝိသေသကံနှင့် မကင်းကောင်းသည် မဟုတ်ပါလော။ ယင်းသန္ဓာယ--- ၏ အဝုတ္တကံ (ဝါ) ဝိသေသကံကား အဘယ်ပါနည်း။ စုဒ်ကြောင့် တံ-မိန့်။

**အာကာရပုဒ်သို့ ပညတ်ထွက်ပုံ**

ဆရာ-သည် အာဟဖြင့် (အဇ္ဈတ္တသတ်မင်း) "လျှောက်ဆိုသော"ဟုဆို၏။အဘယ်သို့ လျှောက်ဆိုပါသနည်း။ လျှောက်ဆိုပုံအခြင်းအရာကို မပြပြီလော။ စုဒ်ကြောင့်"ဓမ္မိက"န္တိ မိန့်။

**အမှာ**။ ။ (၁) ဝါကျ၌ ၁-၂-၃-ဟု ဝါကျသုံးမျိုးပိုင်းထားရာ ၁-ဖြင့် အဓမ္မိက သံဝိဒဟိတ ကိုပြသည်။ ၂-ဖြင့် ဓမ္မိကသံဝိဒဟိတ ကိုပြသည်။ ထို့ကြောင့် ၂-သည် အန္ဒယပက္ခန္တရ။ ၁-သည် ဗျတိရေကပက္ခဝါကျဖြစ်သည်။

**၃-အမှတ်ပြ တံသန္ဓာယာဟ "ဓမ္မိက"န္တိ ဝါကျသို့ ကျမ်းတက်ပုံ**

ဆရာ-သည် သာပနေသာ စသော (၁) (၁+၂) ဝါကျများဖြင့် အဓမ္မိက သံဝိဒဟိတ၊ ဓမ္မိကသံဝိဒဟိတ နှစ်မျိုးရှိသည်၏ အဖြစ်ကိုဖွင့်ပြ--၏။ ယင်းနှစ်မျိုးလုံးကို ရည်ရွယ်၍ "ဓမ္မိကံ"ဟူသော ဝိသေသနကို အဇ္ဈတ္တသတ်မင်း ဆိုပါသလော။ အဘယ်ကို ရည်ရွယ်၍ ဆိုပါသနည်း။ စုဒ်ကြောင့် တံ သန္ဓာယာဟ "ဓမ္မိက"န္တိ မိန့်။

၃။ **(ခ) ဝါကျ စတုက္ကထုတ်ပုံ**

(က) နနု ရက္ခာဝရဏဂုတ္တိန္တိ ဝိသေသျဝစနေနေဝ အတ္ထော သိဇ္ဈတိ။

(တနည်း) နနု အာဝုဓဟတ္ထေ ပုရိသေ ထပေန္တေန ဓမ္မိကာနာမ သံဝိဒဟိတာ ဟောတိ။

(ခ) အထ ကိမတ္ထံ (တနည်း) အထ ကသ္မာ "ဓမ္မိက"န္တိ ဝိသေသနံ ဝုတ္တံ၊

(ဂ) နနု သာသော န အာဝုဓဟတ္ထေ။ ပ။ ရက္ခာ သံဝိဒဟိတာ ဟောတိ။

(ဃ) တဒတ္တံ (တနည်း) တသ္မာ "ဓမ္မိက"န္တိ ဝိသေသနံ ဝုတ္တံ။

**ဝါကျခွဲ** (၁) ဝါကျသည် ပါဠိတော်၌ စောဒနာဘွယ်ရှိ၍ ဆက်တက်သောကြောင့် ဝါကျာရမ္ဘ။ ယင်း(၁) ၌ ယထာပန စသော အမှတ်(၂) ဝါကျသည် အန္ဒယ။

အမှတ်(၁) ဝါကျသည် ဗျတိရေက။ အမှတ်(၃) ဝါကျသည် ဝါကျာရမ္ဘဝါကျ။

၄။ ဝိဟရန္တိ ဧတ္ထာတိ ဝိဟာရော။

ဝိ- ပုဗ္ဗ ဟရ ဓါတ်အရ **ကဏ္ဍာဗျ** ကား နေသောအခြင်းအရာအားဖြင့် ဖြစ်သော ရဟန်းတို့၏ စတုဣရိယာပထ ရုပ်နာမ်ခန္ဓာအစဉ်သည် မှုချအားဖြင့်ရ၏။

**အဓိကရဏတ္ထကား** ထိုအားတပ်သော ကျောင်းဖြစ်၏ ပကတုပနိဿယသတ္တိသည် ဖလူပစာအားဖြင့်ရ၏။

http://www.dhammadownload.com



**ဏ ပစ္စည်းအရကား ကျောင်းဖြစ်ရ၏။**

အာဒါယ ယုဇ္ဇန္တေ ယန္တိ အာဝုဓံ။ (ဓာန်ဋီ။ ၃၈၅။)

ဆောင်ယူ၍ စစ်ထိုးခြင်း ကြိယာသကတ်သည် ဝစနပေဟတု၊

လက်နက်ဖြစ်သည် ဝစနီယ၊

သတ္တ၊ ပေတိ စသောပရိယာယ် ဝစနီယတ္ထ။

ဟရန္တိ အနေနာတိ ဟတ္ထော။ (ဟရ+ထ)

ဟရန္တိ အနေနာတိ ဝါ ဟတ္ထော။ (ဟသ+ထ)

အာဝုဓံ ဟတ္ထမှိ ဧတေသန္တိ အာဝုဓဟတ္ထာ။

လက်၌ (ကိုင်ထားသော) လက်နက်၏ ယောက်ျားတို့ဖြစ်နှင့် ဌာနီ+ဌာန၊ ဂုဏ်+ ဂုဏေး စပ် ဝစနပေဟတု၊

လက်၌ လက်နက်ရှိသော ယောက်ျားတို့ဖြစ်သည် ဝစနီယ၊

သတ္တဟတ္ထာ စသော ပရိယာယ် ဝစနီယတ္ထ။

မသတိ (အာမသတိ) ဇလန္တိ မဏ္ဍော၊ မီနော။ (ဏွာဒိမောဂ်-၄၃-သုတ်)

ပဏီယတိ ဝေါဟရီယတီတိ ပဏ္ဏော၊ ပလာသော။ (ဏွာဒိမောဂ်-၆၅-သုတ်)

၅။ **သံဝိဒဟိတာ** ကား သံ- ရှေး ဝိ- ရှေးရှိသော +ဓာ ဓာတ်+တ ပစ္စည်း။

ဖြစ်လတ့်သောအကျိုးမဲ့ကိုမဖြစ်စေခြင်း၏အစွမ်းဖြင့်စောင့်ရှောက်ခြင်းသည် **ရက္ခာဂုတ္တိ၊**

ဖြစ်ဆဲဖြစ်သောအကျိုးမဲ့ကိုတားမြစ်ခြင်း၏အစွမ်းဖြင့်စောင့်ရှောက်ခြင်းသည် **အာဝရဏဂုတ္တိ၊**

❖ **တာဝိနော အနတ္တသ အစနနဝသေန ပရိပါလနံ ရက္ခာဂုတ္တိ ၊ပစ္စုပ္ပန္နဿ ပန အနတ္ထဿ နိသေဓဝသေန ပရိပါလနံ အာဝရဏဂုတ္တိ၊ (သီ'သစ်၊ ၅၆၊)**

**သမ္ဗန်**။ ။သံဝိဒဟိတာကို သံဝိဒဟိတတ္တာ-ဟု ဟိတ်ပြင်က ယင်း၏သမ္ဗန်ကို ဓမ္မိကာယ (ရက္ခာဝရဏဂုတ္တိယာ) ဟုဒံ။ (ကံ+သမ္ဗန် စာစပ်။)

၆။ (က) ဝါကျဖြင့် ရက္ခာစ အာဝရဏဥ္စ ရက္ခာဝရဏံ ဟု ဒွန်သမာသ်ပြု--လည်းကောင်း၊ အပေါင်းပုဒ်ကို ရက္ခာဝရဏသင်္ခါတာ+ဂုတ္တိ ရက္ခာဝရဏဂုတ္တိဟု သမ္ဘာဝနာ ကမ္မဓာရယ် ပြုရမည်လည်းကောင်း သိစေသည်။

⁂ သံဝဏေတဗ္ဗ, ဒွိပဒ, စ-ဒွယနှင့်ဖွင့်၍ပြ, ဒွန္ဒသမာသ, ကြံစရာ။

၇။ **ရက္ခာဝရဏဂုတ္တိ+ ရက္ခာဝရနဂုတ္တိ** ၂-ချက်တွင်

**ရက္ခာဝရဏာ၌ အာဝရဏကား** အာ- ရှေးရှိသော ဝရ+ယု ပစ္စည်းဖြစ်သည်။ (ရ-ကာရန္တဓာတ်နောင် ယု ပစ္စည်း၏ကာရိယ အနမှ န-ကို ဏပြုန်ရမည်ဟူသော (ရဟာဒိတောဏ သုတ်သဒ္ဒစည်းကမ်းအရ) ယုကို အန-ပြု၊ နကို ဏ-ပြန်၍ရုပ်ပြီးသောကြောင့် ရက္ခာဝရဏ-ဂုတ္တိဟု မုဒ္ဓဇ ဏနှင့်ရှိသော ပါဠိသာသင့်သည်။ ရက္ခာဝရနဂုတ္တိ ကားမသင့်။

**နိရုတ္တိ**။ ။**အာဝုဓ-ကား** (အာ+ယုဓ+အ) အာယုဓ ဟူလိုလျက် ယ-ကို ဝပြု၍ ပြီးသည်။

❖ **အာဒါယ ယုဇ္ဈန္တေ ယန္တိ အာဝုဓံ၊ ယဿ ဝေါ၊ အာယုဓံ ဝါ၊ (ဓာနီ ၊ ၃၈၅)**

**သံဝိဒဟိတ** ကား သံ ရှေး+ဝိ ရှေးရှိသော+ဓာ ဓာတ်+တ-ပစ္စည်း။ သံဝိဓာတ ဟူလိုလျက် ဓာကို ဓ ဓာပြု၊ ရှေးဓ ကို ဒပြု၊ အာကို အပြု၊ နောက်ဓ ကို ဟပြု၊ အာကို ဣပြု၍ ပြီးသည်။

**ဟတ္ထ**-ကား (ဟသ+ထ) ဟသထ ဟူလိုလျက် သ ကို တ ပြု၍ပြီးသည်။

(တနည်း) ဟရ-ဓာတ်၊ ထ-ပစ္စည်း။ ဓာတွန်-ရ-ကို တ-ပြု၍ ပြီးသည်။

**လုဒ္ဒက**-ကား လုဓ ဓာတ်+ဒ-ပစ္စည်း။ လုဓဒ ဟုဆိုလိုလျက်ဓကိုဒပြု၊သွတ္ထကလာ၍ပြီးသည်။

http://www.dhammadownload.com



(တနည်း) လူ ဓာတ်+ဒ ပစ္စည်း။ လူဒ- ဟုဆိုလိုလျက် ဒ-ဒွေဘော်လာ၊ လူ၌ ဦကို ဥ-ပြု၊ သွတ္တ-က လာ၍ပြီးသည်။

- **လုစ-ဥပယာဓော၊ ဓေါ၊ စသာ ဓေါ၊ လူ-ဆေဒနေ ဝါ၊ ဓေါ၊ ဥဘာယတြာပိ သဂကစ္ဆေ ကော၊ (ဓာန်ဋီ၊ ၅၁၈)**

(တနည်း) ရုဒိ-ဓာတ်+ဒ-ပစ္စည်း၊ ရ-ကို လပြု၊ သွတ္တ က-လာ၍ပြီးသည်။

- **ရုဒိ-ဟိံသာယံ ဝါ၊ လော ရဿ၊ သကဏ္ဍေ-ကော၊ လုဒ္ဒကော၊ (သူစိ)**

**သိမာ ကား (သိ+မ။ ထိဓောတက အာ) သိမာ ဟူလိုလျက် ဇ-ကို ဤ-ပြု ၍ပြီးသည်။**

- **သိ-ဗန္ဓနေ၊ သီယတိတိ သိမာ၊ ဒီဃော၊ (ရူပသိဒ္ဓိ၊ ၄၀၆)**

**မဍ္ဍကား မရ ဓာတ်+သ ပစ္စည်း။ မရသ ဟူလိုလျက် ရကို စပြု၍ ပြီး၏။**

- **မသ-အာမသနေ၊ ဓော၊ မရ-ဓာတုဝသေန ဝါ သိဒ္ဓေါ၊ (ဓာန်ဋီ၊ ၆၇၁၊)**

၈။ (၁) ဝါကျ၌ **ယထာ** ကား အာကာရတ္ထ ပကာရတ္ထ ဖြစ်ပါသည်။

(၁) ၃ အမှတ်ပြု တဖြင့် တံရက္ခံ=ထိုတရားနှင့်ယှဉ်သော အစောင့်အရှောက်ကိုဟုစွဲ။

**အဓိပ္ပါယ်** ဝိဟာရသီမာယ-ပါဌ်၌ **ဝိဟာရသိမ်ဟူသည်** ဥပစာရသိမ်၊ လာဘသိမ်ပင်တည်း။

- **ဝိဟာရသိမာယာတိ ဥပစာရသိမာယ၊ လာဘသိမာယ ဝါ၊ (ဋီသစ်၊ ၅၆၊)**

## ၉။ ဌ၊ ၁၄၃၊ ဟတ္ထမုဒ္ဒါယ ဣနယူပစာရ

အပေါင်းဖြစ်သော လက်ငါးချောင်းလုံးညွှန်းခြင်း၏ **"ဟတ္ထမုဒ္ဒါယ"**ဟူသောအမည်ကို အစိတ်ဖြစ်သော လက်တချောင်းချောင်းညွှန်းခြင်း၌ တင်စား၍---- ကြောင့် ကေဒေသျူပစာ၊ ရုဋ္ဌိ နည်း။

- **ဟတ္ထ သဒ္ဒေါ စေတ္ထ တဒေကဒေသေသု အင်္ဂုလီသု ဒဋ္ဌဗ္ဗော "န ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမိ"တိ အာဒိသု ဝိယ၊ (သီဋီသစ်၊ ၃၃၊)**

## ၁၀။ ဓမ္မိကံ ရက္ခာဝရဏဂုတ္တိံ သံဝိဒဟေယျာမ-၌ အာဝါလက်ာရထုတ်ပုံ၊

- တရားနှင့်လျော်သောအစောင့်အရှောက်ကို စီရင်သော အဇာတသတ်မင်း၏ သန္တာန်၌ သဒ္ဓါ-သတိ ဉာဏ်ပြဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ + ဓမ္မသိဂ်ါရရသ၊
- ကျွန်ဖြစ်သော ရဟန်းဒြဗ်သည် အာရမ္မဏဝိဘာဝ။
- ကျွန်ဖြစ်သော ရဟန်း၏ ကိုယ်-နှုတ်-စိတ်တို့ကို စောင်းစည်းခြင်း, ဃာသဏ္ဍာဒန ပရမတာ သန္တုဋ္ဌဂုဏ်, ဝိဝေက သုံးပါးတို့၌ မွေ့လျော်ခြင်း ဂုဏ်တို့သည်လည်းကောင်း၊ အဇာတသတ်မင်း၏ ယောနိသောမနသိကာရ, သဒ္ဓမ္မဿဝန စသည် သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊
- အစောင့်အရှောက်ကို ရသဖြင့် ကျွန်ဖြစ်သော ရဟန်း၏ ကိုယ်စိတ်နှစ်ပြာ ချမ်းသာစွာဖြင့် ရဟန်းတရား အားထုတ်နိုင်ခြင်း စသည်သည်လည်းကောင်း။ အစောင့်အရှောက်ကို စီမံပေးသော အဇာတသတ်မင်းအား ပစ္စုပ္ပန် + တမလွန်၌ ရရှိနိုင်သော ကောင်းကျိုး အဆက်ဆက်သည်လည်းကောင်း အနုဘာဝ၊

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၁၄၆ )

(က) **အပ္ပံ ဝါ**တိ ပရိတ္တကံ ဝါ အန္တမသော တဏ္ဍုလနာဠိမတ္တကမ္ပိ။

(ခ) **ဘောဂက္ခန္ဓ**န္တိ ဘောဂရာသိံ။ **မဟန္တံ ဝါ**တိ ဝိပုလံ ဝါ။

(ဂ) ယထာ ဟိ မဟန္တံ ပဟာယ ပဗ္ဗဇိတုံ ဒုက္ကရံ၊ ဧဝံ အပ္ပမ္ပီတိ ဒဿနတ္ထံ ဥဘယမာဟ။

(ဃ) ဒါသဝါရေ ပန ယသ္မာ ဒါသော အတ္တနောပိ အနိဿရော, ပဂေဝ ဘောဂါနံ။ ယဥ္စ တဿ ဓနံ၊ တံ သာမိကာနညေဝ ဟောတိ၊ တသ္မာ ဘောဂက္ခယာက် န ကတံ။

(င) ဉာတိယေဝ **ဉာတိပရိဝဋ္ဋော**။

(ဋ္ဌ။ ၁၅၄။ သီဋီသစ်၊ ဒု။ ၅၆။ ပဒုက္ကူ၊ ဒု။ ၁၀၀။ ဘာသာဋီ၊ ဒု။ ၃၈၃။ ဂဏ္ဌိ၊ ၃၃၉)

၁။ (ဃ) ဝါကျကိုသာ ဘောဂက္ခယာက် န ကတံ-၌ ဖြစ်သင့်သောအနွယစကားရပ် ထည့်၍အနက်ပေးပါ။

၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်၍၊ (ဃ) ဝါကျကို လီနတ္ထရစောဒနာတက်ပါ။

၃။ (ဃ) ဝါကျ၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ ဉာတိပရိဝဋ္ဋောကို အစိတ်, အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိသင်္ဂဟ ထုတ်ပြပါ။

၅။ (ဃ) ဝါကျ တသ္မာ- နောင် ဟိတ်ပုဒ်ဆောင်၍ ယင်းဟိတ်၏သမ္ဗန်ကိုခံပြီး အတ္ထာနုရူပ စာစပ်ပြပါ။

၆။ (က+ခ+င) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ သာမိက-ပုဒ်၏ နိရုတ္တိနည်းဖြင့်ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ကဿကဝါရ၌ ပါဝင်သော ဂဟပတိကော- ဝယ် ဂဟပတိနှင့် ဂဟပတိက- တို့၏ ထူးခြားပုံကို ဖော်ပြပါ။

၉။ (ဂ) ဝါကျ စကားရပ်ကို အနက် အဓိပ္ပါယ်မပျက်စေဘဲ ဂါထာတပုဒ်စီကုံးပြပါ။

၁၀။ (ဂ) ဝါကျ၌ ပဓာနကြိယာ၏ အန္တတ္ထကိုရှု၍ ဘာဝါလက်္ခဏ ထုတ်ပြပါ။

= = = = = = = = = = = = = = = = = = = =

၁။ (ဃ) ဝါကျအဆုံး၌ "ကဿကဝါရေယေဝ၊---၌သာလျှင်။ ဘောဂက္ခယာက်၊ ကို။ ကတံ၊ ၏။"ဟု အနွယစကားရပ်ထည့်ပေး။

၂။ **(ဂ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ**။

ဆရာ၊ ဆရာသည် အပ္ပံဝါ ဘောဂက္ခန္ဓံ ပဟာယ မဟန္တံဝါ ဘောဂက္ခန္ဓံ ပဟာယ-ဟုဟောတော်မူ၏။ များစွာသော စည်းစိမ်ကိုစွန့်၍ ရဟန်းပြုခြင်းငှါသာ ခဲယဉ်း၏။ အနည်းငယ်သော စည်းစိမ်ကိုစွန့်၍ ရဟန်းပြုခြင်းငှါ မခဲယဉ်းသည့်အတွက် မဟန္တံဝါ-ဟုသာ ဟောသင့်၍ အပ္ပံဝါ-ဟု မဟောကြားသင့်သည် မဟုတ်ပါလော။ (ဂဏ္ဌိ။ ၃၃၉) အဘယ့်ကြောင့် (ဝါ) အဘယ်ကျိုးငှါ အပ္ပံဝါ, မဟန္တံဝါ-ဟူသော နှစ်ပုဒ်လုံးကို ဟောတော်မူပါသနည်း။စုဒ်ကြောင့်(ဂ)မိန့်။

❖ **ကသ္မာ တဒုဘယမ္ပိ ဝုတ္တန္တိ အာဟ "ယထာဟိ"တိ အာဒိ။ (သီဋီသစ်၊ ဒု။ ၅၆)(ဃ)**

**ဝါကျ လီနတ္ထရစောဒနာတက်ပုံ**

ဆရာ၊ မြတ်စွာဘုရားသည်၊ ကဿကဝါရ၌ သော အပရေန သမယေန အပ္ပံဝါ ဘောဂက္ခန္ဓံ ပဟာယ (ပါဠိတော်။ ၅၇)ဟု ဟောတော်မူ၏။ (ဒါသဝါရ၌ ဘောဂက္ခန္ဓံ ပဟာယ- ဟု ဟောတော်မမူခဲ) အနည်းငယ်သော စည်းစိမ်ဥစ္စာကို သော်လည်းစွန့်၍ ရဟန်းပြုခြင်းငှါ

http://www.dhammadownload.com



ခဲယဉ်းသည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဒါသဝါရ၌ ဘောဂကွန့် ပဟာယ-ဟု ဟောတော်မမူပါသနည်း။ (ဗျ) ကဿကဝါရ၌သာ ဘောဂကွန့် ပဟာယ-ဟု ဟောတော်မူပါသနည်း။ (အနွယ) အကယ်၍ ဒါသဝါရ၌ ဟော တော်မူသင့်လျက် မဟောချေသော် ဒေသကဘုရားရှင်အား အဗျာပိတ, အပရိပုဏ္ဏ--၏။ စုဒ်ကြောင့်(ယ)မိန့်။

+ **ယဒိ အပ္ပမ္ပိ ဘောဂံ ပဟာယ ပဗ္ဗဇိတုံ ဒုက္ကရံ၊ ကသ္မာ ဒါသဝါရေပိ ဘောဂက္ခန္ဓံ ပဟာယာတိ ကတဏ္ဍအာဟ "ဒါသဝါရေပနာ"တိ အာဒိ။ (သီဋီသစ်)**

**(ယ) ဝါကျ ယဥ္စိ တဿ ခန့်-စသော ဝါကျသို့ ပုစ္ဆာတက်ပုံ**

ဆရာ၊ ဆရာသည် ဒါသဝါရေ ယသ္မာ။ ပ။ ပဂေဝ ဘောဂါနံ- ဝါကျဖြင့် ကျွန်သည် မိမိကိုသော်လည်း အစိုးမရ၊ စည်းစိမ်းဥစ္စာတို့ကိုကား ဆိုဘွယ်မရှိ (အစိုးမရ သည်သာ)ဟုဆို၏။ ကျွန်၏ဥစ္စာကို ကျွန်ကသာလျှင် အစိုးရသည် ပိုင်ဆိုင်သင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ကျွန်သည် မိမိကိုသော်လည်း အစိုးမရ။ စည်းစိမ်ဥစ္စာတို့ကိုကား ဆိုဘွယ်ရာမရှိ (အစိုးမရသည်သာ)ဟု ဆိုပါသနည်း။ (ဝါ) ထိုသို့ဖြစ်ပါလျက် ကျွန်သည်မိမိကို သော်လည်းအစိုးမရ၊ စည်းစိမ်ဥစ္စာတို့ကိုကား ဆိုဘွယ်မရှိ (အစိုးမရသည်သာ)ဟုဆိုသော ဆရာ့စကားသည် အဘယ်သို့လျှင် သင့်နိုင်ရာပါအံ့နည်း။ စုဒ်ကြောင့် ယဥ္စိ တဿ ခန့်-စသော ဝါကျမိန့်။

**ဝါကျခွဲ** (ယ)ဝါကျ၌ "ယသ္မာ။ ပ။ ဘောဂါနံ"သည် ကာရဏဝါကျ။ "တသ္မာ။ ပ။ န ကတံ" သည် ဖလဝါကျ။ ကာရဏဝါကျတွင်လည်း "ဒါသော။ ပ။ အနိဿရော"သည် ဂရုဟာဝါကျ။ "ပဂေဝ ဘောဂါနံ"သည် သမ္ဘာဝနာဝါကျ။ "ယဥ္စိ ပ။ ဟောတိ" သည် ဒဠှီကရဏဝါကျ။ ထိုကို ထောက်၍ "ယသ္မာ။ ပ။ ဘောဂါနံ"သည် ဒဠှီယဝါကျ ။ ဟိ-သည် ဒဠှီကရဏဇောတက။ ဒဠှီကရဏတွင်လည်း "ယဥ္စိတဿခန့်"သည် အနိယမ။ တံ သာမိကာနညေဝ ဟောတိ-သည် နိယမ။ (ဘာသာဋီကာ၊ ဒု။ ၃၈၄။)

၃။ **(ယ) ဝါကျ စတုက္ကထုတ်ပုံ**

(က) နနု အပ္ပမ္ပိ ဘောဂံ ပဟာယ ပဗ္ဗဇိတုံ ဒုက္ကရံ။
(ခ) အထ ကသ္မာ ဒါသဝါရေ ဘောဂက္ခန္ဓဟာဏံ န ကတံ။ (ဗျ)
ကဿကဝါရေယေဝ ကတံ။ (အနွယ)
(ဂ) နနု ဒါသော အတ္တနောပိ အနိဿရော, ပဂေဝ ဘောဂါနံ။
(ဃ) တသ္မာ ဒါသဝါရေ ဘောဂက္ခဟာဏံ န ကတံ။ (ဗျ)
ကဿကဝါရေယေဝ ကတံ။ (အနွယ)

**(ယ) ရှေးနှစ်ဝါကျကို အာဘောဂါဒိ စတုက္ကထုတ်ပုံ**

(က) နနု ဒါသဿ ခန့် ဒါသောယေဝ ဟ္မဿရော ဟောတိ။
(ခ) အထ ကသ္မာ ဒါသော အတ္တနောပိ အနိဿရော, ပဂေဝ ဘောဂါနန္တိ ဝုတ္တံ။
(ဂ) နနု ယံ တဿ ခန့်၊ တံ သာမိကာနညေဝ ဟောတိ။
(ဃ) တသ္မာ ဒါသော အတ္တနောပိ အနိဿရော, ပဂေဝ ဘောဂါနန္တိ ဝုတ္တံ။

၄။ "အပ္ပံ ဝါ"တိ ဉာယန္တိတိ ဉာတယော။ (သီဋီသစ်၊ ဒု။ ၇၆)
ပရိဝဋ္ဋတိ ပရမ္ပရဘာဝေန သမန္တတော အာဝဋ္ဋတီတိ ပရိဝဋ္ဋော။
ဉာတိယေဝ ပရိဝဋ္ဋော ဉာတိပရိဝဋ္ဋော။
ဆွေမျိုးဒြပ်၏ + အဆက်ဆက်၏ အဖြစ်ဖြင့် ထက်ဝန်းကျင်မှလည်တတ်သော အစဉ်အဆက်ဒြပ်နှင့် ဝိသေသန+ဝိသေသျစပ် -- ဝစနဟောတု။
ဆွေမျိုးဟူသော အစဉ်အဆက်ဒြပ်သည် -- ဝစနီယ။
ဗန္ဓုပရိဝဋ္ဋ-စသော ပရိယာယ်သဒ္ဒါများသည် -- ဝစနီယတ္ထ။

http://www.dhammadownload.com



**ဝစနတ္ထမှတ်တွယ်**

တမိယတိ ဝိကာရ + မာပါဒီယတီတိ တဏ္ဍုလော၊ ဝီဟိသာရော။ (ကွဲဒီ၊၁၉၃)
ဘုဉ္စိတဗ္ဗောတိ ဘောဂေါ၊ ဘုဉ္ဇတီတိ ဘောဂေါ။ (ရှူ၊ ၃၅၈)
ရသီယတိ အသာဒနဝသေန သမောသရီယတီတိ ရာသိ၊ သမူဟော။ (ကွဲဒီ၊ ၁၀)
ဒါသဗ္ဗေ တဿာတိ ဒါသော။ (ဒါသ+အ) (ဓာန်ဋီ၊ ၅၁၄)
ဒါတဗ္ဗောတိ ဒါသော။ (ဒါ+သ) (သူစိ)
ဒုက္ခစ္စိတံ အသတိ ဘက္ခတီတိ ဒါသော။ (ဒု+အသ+အ) (သူစိ)
သံ တေဿ အတ္ထီတိ သာမိကော။ (သံ+အာမိ-ပစ္စည်း+ သွတ္ထ-က-ပစ္စည်း(ဓာန်ဋီ)
"မမယိဒ"န္တိ ခေါယိတဗ္ဗံ သဒ္ဒါယိတဗ္ဗန္တိ ခနံ။ (သူစိ)

၅။ (ဃ) တဿ အနိဿရတ္တာ။ ယင်း၏သမ္ဗန်ကား ဒါသဿ-တည်း။ (ကတ္တား+ သမ္ဗန်စပ်)

၆။ (က) ပရိတ္တက်-ဖြင့် အပ္ပဝါ-၌ အပ္ပ-သဒ္ဒါသည် ပရိတ္တကအနက် ဟော၏ဟု သိငှစေသည်၊ (တနည်း) အပ္ပ-သဒ္ဒါသည် ပရိတ္တ၏ ပရိယာယ်တည်းဟု သိစေသည်၊

- ◆ **ပရိတ္တံ သုခုမံ ခုဒ္ဒံ၊ ထောက မပ္ပံ ကိသံ တနု။ (ဓာန်၊ ၇၀၄)**

အန္တမသော တဏ္ဍုလနာဠိမတ္တမ္ပိ-ဖြင့် ဘာဝတ္ထ သိစေသည်။

(ခ) ဘောဂရာသိ-ဖြင့် ဘောဂက္ခန္ဓ-၌ ခန္ဓ-သဒ္ဒါသည် ဂုဏ်ဟူသောအနက်ကို မဟော, ရာသိ=အစု-ဟူသောအနက်ဟောသတည်းဟု သိစေပါသည်။

- ◆ **ခန္ဓော ရာသိ ဂုဏေသုစ။ (ဓာန်၊ ၈၅၂)**

ဝိပုလ်ဝါ-ဖြင့် မဟန္တဝါ ဘောဂက္ခန္ဓ-၌ မဟန္တ- သဒ္ဒါသည် ပူဇာ, ဥတ္တမ-စသော အနက်တို့ကိုမဟော, ပစုရ(ဝိပုလ) အနက်ဟော၏ဟုသိစေသည်။

(င) ဝါကျဖြင့် ဉာတိပရိဝဋ္ဋ-ကို ဉာတိယေဝ+ ပရိဝဋ္ဋော ဉာတိပရိဝဋ္ဋော-ဟု အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟုသိစေပါသည်။

၇။ **သာမိက**-ကား သံပုဒ်+အာမိ-ပစ္စည်း+သွတ္ထ-က-ပစ္စည်း။ သံအာမိက-ဟူလိုလျှက် သံ-၌ နိဂ္ဂဟိတ်ကိုချေ၊ သ-အစိတ် အ-ကို ချေ၍ သာမိက- ပြီးသည်။
(တနည်း) သံပုဒ်+ဏ္ဍ-ပစ္စည်း+သွတ္ထ က-ပစ္စည်း။ သံ-၌ နိဂ္ဂဟိတ်ကို မ-ပြု၊ သ-အစိတ် အ-ကို အာ-ပြု၍ပြီးသည်။

- ◆ **သံ တေဿ အတ္ထီတိ သာမိကော၊ အာမိပစ္စယော၊ သကတ္ထေ ကော၊ ဏ္ဍပစ္စယောဝါ၊ နိဂ္ဂဟီတဿ မော၊ အဿစ ဒီဃော။ သာမိကော။ (ဓာန်ဋီ၊ ၂၄၀)**

**အန္တမသော**-ကား အန္တပုဒ်+ဏ္ဍမ- ပစ္စည်း+ နာ-ဝိဘတ်။ နာ-ဝိဘတ်ကိုသော-ပြု။ အန္တိမသော-ဟူလိုလျှက် ဏ္ဍ-ကို, အ-ပြု၍ အန္တမသော-ဟုပြီးသည်။

- ◆ **သောတိ ဏ္ဍာဒံ နာဝိဘတ္တိကာရိယံ၊ အန္တိမသောတိ ဝတ္တဗ္ဗေ သောအာဒေသယောဂေ ဏ္ဍကာရဿ အကာရံ ကတွာ "အန္တမသော"တိ ဝုတ္တံ၊ (ကင်္ခါယောဇနာမဟာဋီကာ၊ ၁၊ ၃၂၅)**

**ဒါသ**-ကား ဒု+အသ+အ။ ဒု-၌ ဥကိုချေ။ နောက် အ-ကို အာ-ပြု၍ပြီးသည်။

၈။ **"ဂဟပတိနှင့် ဂဟပတိက-အထူး"**

အိမ်များစွာတို့၏ အကြီးအမှူးဖြစ်သူသည်-**ဂဟပတိ**။
တအိမ်တည်း၏ အကြီးအမှူးဖြစ်သူသည်-**ဂဟပတိက**။ (သီဋီသစ်၊ ဒု၊ ၅၆။)

http://www.dhammadownload.com



"ဒါသဝါရ၌ ဉာတိပရိဝဋ္ဋကိုမဟောခြင်း"

ကျွန်၏စည်းစိမ်တို့သည် အရှင်သခင်ဟူသော သူတပါးနှင့်စပ်သည်ဖြစ်၍ မိမိ၏စည်းစိမ် -မမည်သကဲ့သို့ ကျွန်၏ဆွေမျိုးတို့သည်လည်း မိမိဆွေမျိုးမမည်သည်၏အဖြစ်ကြောင့်- ဒါသဝါရ၌ ဉာတိပရိဝဋ္ဋကို မဟောပါ။

- ယထာစ ဒါသဿ ဘောဂါပိ အဘောဂါယေဝ ပရာယတ္တဘာဝတော၊ ဧဝံ- ဉာတယောပိ အဉာတယောဝ ဟောန္တီတိ ဒါသဝါရေ ဉာတိပရိဝဋ္ဋော ဥဒ္ဓတော။ (သီဋီ-၁၊၂၅၇)

၉။ (ဂ) ဝါကျဂါထာစီ

ယထာ မဟန္တံ ပဟာယ၊ ပဗ္ဗဇ္ဇိတုံ ဟိ ဒုက္ကရံ။
ဧဝံ အပ္ပမ္ပိ တျတ္တွာ၊ ဥဘယံ အာဟ ဒဿိတုံ။
(ရ+မ-ရေးသော သံကိတ္တပိပုလာဂါထာ)

၁၀။ (ဂ) အာဟာ၌ အန္တဏ္ဍရှု၍ ဘာဝါလင်္ကာရထုတ်ပုံ

- မြူ-စာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်ပြဒ္ဒါန်းသော မဟာကြီယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည်-ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိဂါရဝ။
- မဟောကြားမိ စိတ်ဖြင့်ပိုင်းခြားမှတ်သားအပ်သော-အပ္ပံဝါ မဟန္တံဝါဟူသော မနသာဝ- ဝတ္တပိတ ဒေသနာတော်သည် အာရမ္မဏပိဘာဝ။
- စည်းစိမ်အနည်း, အများကိုစွန့်၍ရဟန်းပြုခြင်းငါ့ခဲယဉ်းမှုကိုပြလိုခြင်းဟူသောအကြောင်း တရားသည်လည်းကောင်း၊ ဘုရားရှင်၏ပါရမီသဏ္ဍာရကုသိုလ်ကောင်းမှုအစသမ္ဘာရုတညာဏ် တိုင်အောင်သော အကြောင်းတရားများသည်လည်းကောင်း--ဥဒ္ဒိပနဝိဘာဝ။
- တရားနပရိတ်သတ်များတို့ သဒ္ဓာနန္ဒ ရဟန်းဘဝ ဒုလ္လဘသဘောကို သိမြင်လက်ခံ ယုံကြည်လာခြင်း , ယုံကြည်သည့်အားလျော်စွာ သာသနာတော်သို့ ဝင်ရောက်၍ ရဟန်းတရားပွားများ ကြခြင်း စသော အကျိုးအဆက်ဆက်သည် အနုဘာဝ။

ဝါကျဥယျာဉ် ( ၁၄၇ )

(က) သဏ္ဍာ ပန အနေ့ အညနိ ဒိဋ္ဌေဝ ဓမ္မေတိ- ဣစ "ဝေမေဝါ"တိ နဝဂ္ဂံ။
(ခ) တံ ကသ္မာ တိစေ? "ဝေမေဝါ"တိ ဟိ ဝဇ္ဇမာနေ ပဟောတိ ဘဂဝါ သကလမ္ပိ ရတ္တိန္ဒိဝံ တတော ဝါ ဘိယျောပိ ဝေဠုပါဟိ ဥပမာဟိ သာမညဖလံ ဒီပေတုံ။
(ဂ) တတ္ထ ကိဥ္စာပိ တေသံ ဘဂဝတော ဝစနသာဝနေ ပရိယန္တံ နာမ နတ္ထိ၊ တထာပိ အတ္ထော တာဒိသောယေဝ ဘဝိဿတီတိ စိန္တေတွာ ဥပရိ ဝိသေသံ ပုစ္ဆန္တော "ဝေမေဝါ"တိ အဝတွာ "အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စာ"တိ အာဟ။
(ဃ) တတ္ထ အဘိက္ကန္တ တရန္တိ အဘိမနာပတရံ၊ အတိသေဋ္ဌတရန္တိ အတ္ထော။
( ဋ္ဌ၊ ၁၅၉၊ သီဋ္ဌိသစ်၊ ဒု၊ ၅၇၊ ပဥ္စက္ကပ္ပိုဒ်၊ ၁၀၂၊ ဘာသာဋီ၊ ဒု၊ ၃၈၅၊ ဂဏ္ဌိ၊ ၃၃၉၊ )

၁။ တတ္ထ ကိဥ္စာပိ စသော(ဂ) ဝါကျကို ဝစနသာဝနေ-ဟူ၍လည်းကောင်း ၊ ဝစနသဝနေ ဟူ၍လည်းကောင်း၊ ပါဌ်နှစ်ထွေရှိရာသို့လိုက်၍ စနစ်တကျနှစ်နည်းယောဇနာပါ။
၂။ (ခ) ဝါကျကို ဥပမာလင်္ကာရာဘောဂပုစ္ဆာတက်၍ (ဃ) ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (ဂ) ဝါကျကို အာဘောဂါဒိ စတုက္ကထုတ်၍-ကိဥ္စာပိထားရခြင်းအကြောင်းကိုလည်းရေးပါ။
၄။ အဘိမနာပတရံ-၌ မနာပကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

http://www.dhammadownload.com



၅။ အဘိမနာပတရံ-ကို ဟိတ်ပြင်၍ သမ္ဗန်ခံစာစပ်ပြပါ။
၆။ (ဃ) ဝါကျကို အာဘော်ဖေါ်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ရတ္တိပုဒ်၏- နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ (ဂ) ဝါကျ၌ ဝဏ္ဏသာဝနေ+ဝဏ္ဏသဝနေ-အားလျှော်စွာ "ဘုရားရှင်အား နာကြားစေခြင်း ၌ အဆုံးအပိုင်းအခြား မရှိခြင်း၊ အဇာတသတ်မင်းအား တရားတော်ကို နာကြားရခြင်း၌ နာကြားလိုသော ဆန္ဒအပိုင်းအခြားမရှိခြင်း"တို့ကို အသီးသီးအကြောင်းပြဖြေဆိုပါ။
၉။ (ခ) ဝါကျစကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုးဂါထာစီကုံးပါ။
၁၀။ (ဂ) ဝါကျ၌ ပဓာနကြိယာ၏ ဓာတွတ္ထ-ကို ရှု၍ ဘာဝစသည်ထုတ်ပြပါ။

==================

၁။ **(ဂ)ဝါကျ။ ။ ဝဏ္ဏသာဝနေ-ဟုရှိရာသို့လိုက်၍ပေးပုံ။**

တတ္ထတသ္မိံဒီပနေ၊ ထိုအမျိုးမျိုးသောဥပမာတို့ဖြင့် သာမညဖလကို ပြခြင်းသည်။ သတိ၊ သော်။ တေသ ဘဂဝတော၊ အား။ ဝဏ္ဏသာဝနေ၊ စကားတော်ကိုကြားနာစေခြင်း၌။ ပရိယန္တံနာမ၊ ဒေသနာဉာဏ်တော်၏ အဆုံးအပိုင်းအခြားမည်သည်။ ကိဉ္စာပိနတ္ထိ။ ပ။

**(တနည်း) ဝဏ္ဏသဝနေဟု ရှိရာသို့လိုက်၍ပေးပုံ။**

တေသ ရညော၊ အား။ (ဝါ)၏။ ဘဂဝတော၊ ၏။ ဝဏ္ဏသဝနေ၊ စကားတော်ကို ကြားနာခြင်း၌။ ပရိယန္တံနာမ၊ နာခြင်းငှာအလိုရှိသည်၏အဖြစ်၏ အဆုံးအပိုင်းအခြား မည်သည်။ ကိဉ္စာပိနတ္ထိ။ ပ။ (ပဥက္က။ ၁၀၂။ သီဋီသစ်။ ၅၄။)

၂။ **(ခ)ဝါကျ ဥပမာလင်္ကာရာအောဂပုစ္ဆာတက်ပုံ။**

ဆရာ-သည်(က) ဝါကျဖြင့် အဇာတသတ်မင်းသည် သက္ကာပန ဘန္တေ အညမ္ပိ ဒိဋ္ဌေဝ-ဓမ္မေ-စသော ပဏီတတရသာမညဖလကို လျှောက်ထားရာ၌ "ဝေမေဝ"ဟူသောစကားကိုမလျှောက်ဆိုခဲ့-ဟုဆို၏။ အဘယ်ကြောင့် ယင်း "ဝေမေဝ"ဟု ထည့်၍ မလျှောက်ပါသနည်း။ဒုတိယသန္ဒိဋ္ဌိက သာမညဖလကို လျှောက်ထားရာ၌လည်း "ဝေမေဝ"ဟု လျှောက်ထား သင့်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ခ)မိန့်။

**(ဂ) ပုစ္ဆာ**

ဆရာ၊ အဇာတသတ်မင်းသည် ပဏီတတရသာမညဖလကို လျှောက်ထားရာ၌"ဝေမေဝ" ဟု ထည့်မလျှောက်ဘဲ "အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စ"-ဟု လျှောက်ထားလေ၏။ အဇာတသတ်မင်းအား ဘုရားရှင်၏ စကားတော်ကို နာကြားရခြင်း၌ အဆုံးအပိုင်းအခြားမရှိ နာကြားလိုသည် မဟုတ်ပါလော၊ အဘယ်ကြောင့်"ဝေမေဝ"ဟု ထည့်မလျှောက်ဘဲ"အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စ"ဟု လျှောက်လေသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။ (ကိဉ္စာပိ-ထုံးစံ အတိုင်း ကျမ်းတက်ခြင်းဖြစ်သည်။)

**(ဃ) အနုသန္ဓေ**

ဤသို့ (ဂ)ဝါကျဖြင့် အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စဟူသော ပါဠိတော်၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကို ပြဆိုပြီး၍ ယခုအခါ၌ ယင်းပါဠိတော်၏ အဝယဝတ္ထကိုပြလိုသော ဆရာသည် (ဃ) ဝါကျမိန့်။

၃။ **(ဂ) ဝါကျစထုတ္ထထုတ်ပုံ။**

(က) နနု တေသ ဘဂဝတော ဝဏ္ဏသဝနေ ပရိယန္တံနာမ နတ္ထိ။
(ခ) အထ ကသ္မာ "ဝေမေဝါ"တိအဝတွာ "အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စာ"တိ အာဟ။
(ဂ) နနု အတ္ထော တာဒိသောယေဝ ဘဝိဿတီတိ စိန္တေတွာ ဥပရိဝိသေသံ ပုစ္ဆန္တော။
(ဃ) တသ္မာ။ ပ။ အာဟ။

http://www.dhammadownload.com



အမှာ။ ။ (ဂ) ဝါကျကို ယထာလာဘနည်းဖြင့် နှစ်မျိုးနှစ်စားခွဲခြားထုတ်ပါ ဟုမေးလျှင် အောက်ပါအတိုင်း ထုတ်လေ။

(က) နနု တေသ ဘဂဝတော ဝစနသဝနေ ပရိယန္တနာမ နတ္ထိ။
(ခ) အထ ကသ္မာ "ဝဝမေဝါ"တိ န ဝဒတိ။
(ဂ) နနု အတ္ထော တာဒိသောယေဝ ဘဝိဿတီတိ စိန္တေသိ။
(ဃ) တသ္မာ "ဝဝမေဝါ"တိ န ဝဒတိ။

(က ) နနု တေသ ဘဂဝတော ဝစနသဝနေ ပရိယန္တနာမ နတ္ထိ။
(ခ) အထ ကသ္မာ "အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စာ"တိ အာဟ။
(ဂ) နနု ဥပရိဝိသေသံ ပုစ္ဆိတုကာမော ဟောတိ။
(ဃ) တသ္မာ "အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စာ"တိ အာဟ။

**ကိဥ္စာပိ-ထားရခြင်း**

ပဏီတတရသာမညဖလကို လျှောက်ထားရာ၌ "ဝဝမေဝ"သဒ္ဒါမပါမူ၍ "အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ" သဒ္ဒါပိုလာရာဝယ် ယင်းသို့ယုတ်လျော့နေသော "ဝဝမေဝ"နှင့် ပိုလွန်လာသော "အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ"ဟူသော ပါဠိတော်သဒ္ဒါတို့ကို မနှစ်သက်သောကြောင့် (ဂ) ဝါကျ၌ ကိဥ္စာပိထားပါသည်။

၄။ မနံ အပ္ပေတိ ဝဍ္ဎေတီတိ မနာပံ။ (မန+အပ ဓာတ်+ဏ)
စိတ်နှစ်လုံးကို တိုးပွားစေခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
စိတ်နှစ်လုံးကို တိုးပွားစေတတ်သော သာမညဖလသည် ဝစနီယ၊
ကလျာဏံ သုဘံ စသောပရိယာယ် ဝစနီယတ္ထ။
ဥပမီယတိ ဧတာယာတိ ဥပမာယော။ (တာယိ)
နှိုင်းယှဉ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
ဒါသူပမာ ကဿကူပမာ ဒြဗ်သည် ဝစနီယ၊
ဩပမ္မာ ဥပမာနာ စသောပရိယာယ် ဝစနီယတ္ထ။
◆ ဩပမ္မမုပမာနံ စ-ပမာ သတိ ဓ နာရိယံ၊ (ဓာန်၊ ၅၃၀၊)
ဒိဗ္ဗတိ ဩဘာသတီတိ ဒီဝါ။

(တနည်း) အန္ဓကာရော ဒီယတိ ဒီယတိ ဧတေနာတိ ဒီဝါ။ (ဓာတုပစ္စယဒီပနီ)

၅။ (ဃ) ဝါကျ အဘိမနာပတရံ ကို အဘိမနာပတရတ္တာဟု ဟိတ်ပြင်ရသည်။
ယင်း၏ သမ္ဗန်ကား သာမညဖလဿတည်း။ (ကတ္တား+သမ္ဗန်စပ်။)

မှတ်ချက် အဘိမနာပတရံ ကား အဘိက္ကန္တတရ၏ သံဝဏ္ဏနာ ဖြစ်သည်။ ပါဠိတော်ဝယ် အဘိက္ကန္တတရံကား သာမညဖလံ ပုဒ်၏ ဝိသေသနဖြစ်သည်။ "ဝိသေသန ဟိတ်လုပ်က ဝိသေသျ-သမ္ဗန်ဖြစ်မြဲ" ဟူသည့်အတိုင်း မှတ်လေ။

(ခ) ၌ ဝုစ္စမာနတ္တာ-ဟု ဟိတ်ပြင်က- ယင်း၏သမ္ဗန်ကို "ဝဝမေဝါ"တိပဒဿ ဟုဒံ။

၆။ (ဃ) ဝါကျ အဘိမနာပတရံ-ဖြင့် အဘိက္ကန္တတရံ-၌ ကန္တသဒ္ဒါ၏ မနာပ အနက်ဟောသည်၏ အဖြစ်ကိုသိစေသည်။

(တနည်း) ကန္တ သဒ္ဒါသည် မနာပ သဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေသည်။
◆ ဝဂ္ဂုံ မနောရမံ ကန္တံ ပ။ မနာပံ လဗ္ဘကံ သုဘံ၊ (ဓာန်၊ ၆၉၄၊)

http://www.dhammadownload.com



အတိသေဋ္ဌတရံ=ဖြင့် အဘိမနာပတရ= အလွန်အထူးသဖြင့် စိတ်နှလုံးကို တိုးပွားစေတတ်၏ ဟူသည် အတိသေဋ္ဌတရ- အထူးသဖြင့် အလွန်မြတ်ခြင်းပင်တည်းဟု သိစေသည်။
(တနည်း) အဘိမနာပ သဒ္ဒါ၏ အတိသေဋ္ဌ အနက်ဟောသည်၏ အဖြစ်ကို သိစေသည်။

၇။ ရတ္တိ ကား (ရာ ဓာတ်+တိ ပစ္စည်း) ရာတိ ဟူလိုလျက် တ-ဒွေဘော်လာရာ၍ အာ-ကို အ-ပြု၍ ပြီးသည်။
(တနည်း) (ရန္ဓ+တိ) ရန္ဓတိ ဟူလိုလျက် န္ဓချေ၊ တ-ဒွေဘော်လာရ၍ ပြီးသည်။
(တနည်း) (ရာ သဒ္ဒူပပဒ+တိရ ဓာတ်+က္ဂ) ရ+က္ဂ-တို့ကိုချေ။ ရာတိ ဟူလိုလျက် တ-လာ၊ အာကို အပြု၍ပြီးသည်။

- **ရာတိ ဂဏှာတိ အမျာပါရဋ္ဌိတိ့ ရတ္တိ၊ ရာ-အာဒါနေ၊ တိ၊ ရန္ဓန္တိဝါ ဧတ္ထာတိ ရတ္တိ၊ ရန္ဓရာဝေ၊ ရာ သဒ္ဒေါ+ တိယျတိဆိဓ္ဓတိ ဧတ္ထာတိ ဝါ ရတ္တိ၊ (သူစိ)**
  **ရန္ဓ ဓာတုဝေသာဓေ၊ ရာ ပုဗ္ဗ တိရတောပိစ၊**
  **ရတ္တိ သဒ္ဒသ နိပ္ဖတ္တိ၊ သဒ္ဒတ္ထညူ ဝိဘာဝယေ။ (နိဿ၊ ဓာတု၊ ၃၆၈၊)**
  **သာမညာ** ကားသမဏပုဒ်+ဏျ။ သမဏျဟူလိုလျက် ဏျကို ဉ ပြု၊ ညဒွေဘော်လာ၊ သ အစိတ် အကို အာပြု၍ ပြီးသည်။

၈။ **မြတ်စွာဘုရားအား တရားတော်ကို နာစေခြင်း၌ အဆုံးအပိုင်းခြားမရှိခြင်းကား-** အဆုံးအပိုင်းအခြားမရှိသော နည်းရှိသောဒေသနာတော်ကို ဟောခြင်းငှာ စွမ်းနိုင်သော သတ္တိရှိသောကြောင့် ဖြစ်ပါသည်။
**အဇာတသတ်မင်းအား တရားတော်ကို နာကြားရခြင်း၌ နာကြားလိုသော ဆန္ဒ အပိုင်းအခြား မရှိခြင်းကား-**
နာကြားခြင်း၌ မရောင့်ရဲသဖြင့် အလွန့်အလွန်နာကြားလိုသည်၏ အဖြစ်ကို ဖြစ်စေတတ်သောကြောင့် ဖြစ်ပါသည်။

- **ပရိယန္တံနာမ နတ္ထိ အနန္တနယဒေသနာဘာဝတော၊ သဝနေ ဝါ အသန္တော သနေန ဘိယျော ဘိယျော သောတုကာမတာဓနနတော သောတုကာမတာယ ပရိယန္တံနာမ နတ္ထီတိ အတ္ထော။ (သီဋီသစ်၊ ၅၇။)**

၉။ "ဝေမေဝါ"တိ ဝုစ္စန္တေ၊ ပဟောတိ ဘာဝဝါ သမ္ဘံ။
ရတ္တိန္ဒိဝံ တတော ဘိယျော၊ ဝေရူပါဟိ ဒီပေတုံ။ (ဝတ္တဂါထာ)

### ၁၀။ (ဂ) ဝါကျ၌ ပဓာနကြိယာ၏ ဓာတွတ္ထကိုရှု၍ထုတ်ပုံ။

- အာဟ-၌ ဗြူ ဓာတ်အရ အဘိက္ကန္တတရဥ္စ စသည်ကို လျှောက်ထားသော အဇာတသတ်မင်း၏ ဉာဏ်ပြဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည်-ဓမ္မရတိ ဌာယီဘာဝ ဓမ္မသိင်္ဂါရရသ။
- ဘုရားရှင်သည်လည်းကောင်း၊ အဇာတသတ်မင်း၏ စိတ်၌ပိုင်းခြား မှတ်သားအပ်သော အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စ ဟူသော မနသာဝဝတ္ထုပိတသဒ္ဒါသည် လည်းကောင်း အာရမ္မဏဝိဘာဝ။
- အဇာတသတ်မင်းအား "အတ္ထော တာဒိသောယေဝ ဘဝိဿတိ"ဟု အကြံအစည်ဖြစ်ခြင်း၊ အထက်ဖြစ်သော သာမညဖိုလ်တရားထူးကို နာကြား မေးလျှောက်လိုခြင်းသည် ဥဒ္ဒိပနဝိဘာဝ။
- ပဏီတတရ သာမညဖိုလ်ကိုနာကြားရခြင်းစသော အကျိုးအဆက်ဆက်သည်- အနုဘာဝ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၁၄၈ )

(က) အထသ္မာ ဘဂဝါ ဇောဒေါဇ တော် အဝေါစ၊
(ခ) ဟူဒါနိ ဝတ္တမ္ပိ "ဗွဇမ ဗဟာရာဇာ"တိအာဒိ သကလံ သုတ္တံ အဝေါစာတိ အတ္ထော။
(ဂ) တတ္ထ ဗွဇာတိ ဒေသောပဒေသေ နိပါတော၊
(ဃ) သွာယံ ကတ္ထစိ လောကံ ဥပါဒါယ ဝုစ္စတိ။ ယထာဟ "ဟူဇ တထာဂတော လောကေ ဥပ္ပဇ္ဇတိ"တိ။ ကတ္ထစိ သာသနံ။ ယထာဟ "ဟူဓေဝ ဘိက္ခဝေ ပဌမော သမဏော၊ ဟူဓ ဒုတိယော သမဏော"တိ။ ကတ္ထစိ ဩကာသံ။ ယထာဟ- "ဟူဓေဝ တိဋ္ဌမာနဿ၊ ဒေဝဘူတဿ မေ သတော။
ပုနရာယုစ မေ လဒ္ဓေါ၊ ဧဝံ ဇာနာဟိ မာရိသာ"တိ။
ကတ္ထစိ- ပဒပူရဏမတ္တ မေဝ။ ယထာဟ "ဟူဓာဟံ ဘိက္ခဝေ ဘုတ္တာ ဝီ အဿံ ပဝါရိတော"တိ။
(င) ဟူဓ ပန လောကံ ဥပါဒါယ ဝုတ္တောတိ ဝေဒိတဗ္ဗော။
(ဋ္ဌ။ ၁၅၅။ သီဋီသစ်၊ ဒု။ ၆၁။ ပခုက္ကူ၊ ဒု။ ၁၀၇။ ဘာသာဋီ၊ ဒု။ ၃၉၉။ ဂဏ္ဍီ။ ၃၄၂။)

၁။ (ဃ) ဝါကျ၌ ယထာဟ- "ဟူဓေဝ(လ) မာရိသာ"တိ။ -ဟူသော ဂါထာကို ယထာဟ-၌ ဆရာနည်းကျစေလျက် အနက်ပေးပါ။
၂။ (ခ) ဝါကျ-အနုသန္ဓေ။ (ဃ) ဝါကျကိုဗျတိရေကစောဒနာတက်ပြပါ။
၃။ (ဃ+င) ဝါကျတို့ကိုရှု၍ စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ သကလံ သုတ္တံ-၌ သုတ္တံ-ကို ဝစနတ္ထ-ပြု၍ ဝစနာဒိသက္ကထုတ်ပြပါ။
၅။ ဂါထာလာ လဒ္ဓေါ-ကို ဟိတ်ပြင်၍ ယင်းဟိတ်၏သမ္ဗန်ခံပြီး စာစပ်ပြပါ။
၆။ (က+ခ+ဂ) ဝါကျတို့ကို အာဘော်ဖေါ်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ငလောက-ပုဒ်နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ ဘုရားရှင်သည် အဇာတသတ်မင်းအား သာမညဖလကို ဟောမည်-ဟု ပဋိညာဉ်ပြုရာ၌ ဒေသေဿာမိဟု ပဋိညာဉ်မပြုဘဲ ဘာသိဿာမိ-ဟုသာ ပဋိညာဉ်ပြုခြင်း အကြောင်းကိုဖြေပါ။
၉။ (ဃ) ဝါကျလာ ဂါထာကို ဆန်းစစ်၍ ဂါထာအမည်ပေးခဲ့ပါ။
၁၀။ ဂါထာ၌ လဒ္ဓေါ-ဝယ် အန္တတ္ထကို ရှု၍ ဘာဝ စသည်ထုတ်ပြပါ။

==================

၁။ ယထာ-ယေနကာရဏေန၊ ကြောင့်။ ဘဂဝါ။ အာဟ၊ ဆိုပြီ။ ကိံ။ အာဟ၊ ဏာ။ "ဟူဓေဝ (ပ) မာရိသာ"တိ၊ ဟူ၍။ အာဟ၊ ပြီ။
(တနည်း) မယာ၊ သည်။ ဝုတ္တဿ၊ ဆိုအပ်သော။ ဝစနဿ၊ ၏။ ဝါ-ကို။ သာဓကံ၊ သက်သေဖြစ်သော (ဝါ) ပြီးစေတတ်သော။ ယထာကိံ ဝစနံ၊ ကို။ ဘဂဝါ၊ သည်။ အာဟ၊နည်း။ "ဟူဓေဝ (ပ) မာရိသာ"တိ၊ ဟူသော။ ဝစနံ၊ ကို။ အာဟ၊ ပြီ။
 ✳ **ယထာဟမှု၊ တွေ့လမူကား၊၊ ယထာ+အာဟ နှစ်ပုဒ်ယူမြဲ၊**
 ယေန ကိံခံ၊ ကရိုဏ်းကံ၊ အမှန်ကျေစမြဲ။ (ဘုရားကြီး။)

၂။ **(ခ) ဝါကျ အနုသန္ဓေ**

ဤသို့(က) ဝါကျဖြင့် အထသ္မာ ဘဂဝါ တေဒဝေါစ-ဟူသော ဝစနသမ္ဗန္ဓ စကားစပ်မှုကို ပြပြီး၍ ယခုအခါ၌ "တော်အဇေါစ"ဟူသောပုဒ်ကို ဝေဘန်၍ အနက်ကို ပြလိုသော ဆရာသည်(ခ) ဝါကျမိန့်၏ (ဂဏ္ဍီ။ ၃၄၂။)

http://www.dhammadownload.com



◆ **"အထသာ ဘဂဝါ ဘောဓဝါဇာ"တိ ဝစနသမ္ဗန္ဓမတ္တံ ဒဿေတွာ "ထော် အဝေါဇာ"တိ ပဒံ ဝိဘဇိတွာ အတ္ထံ ဒေဿဿန္တော "ဠုဒါနိ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၆၁ )**

## (ဃ)ဝါကျ ဖျတိရေကစောဒနာ

ဆရာ-သည် (ဂ) ဝါကျဖြင့် ဣဓ မဟာရာဇ-စသောပါဠိ၌ ဣဓသဒ္ဒါသည်-ဒေသော ပဒေသအနက်၌ နိပါတ်တည်းဟုဆို၏။ အကယ်၍ အရာခပ်သိမ်း၌ ဣဓ သဒ္ဒါသည် ဒေသော ပဒေသ အနက်၌ဖြစ်အံ့၊ ထိုသို့ဖြစ်သည်ရှိသော် ဤ"ဒေသောပဒေသ"အနက်ကို (မဆိုသော် လည်း ရအပ်ရသင့်သောကြောင့်) မဆိုအပ် မဆိုသင့်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် (ဂ) ဖြင့် ဣဓ-သည် ဒေသောပဒေသ-အနက်၌ နိပါတ်တည်းဟု ဆိုပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

◆ **ယဒိ သဗ္ဗတ္ထ ဒေသောပဒေသေ၊ အထာယမတ္ထော န ဝတ္တဗ္ဗော အဝုတ္တေပိ လဗ္ဘမာနတ္တာတိ စောဒနာယာဟ "သွာယ"န္တိ အာဒိ။ (သီဋီသစ်၊ ၆၁။)**

◆ **ဗျတိရေကော ယရှာဒိနာ။ (ရှဆ္ဆာသရုက)**

အမှာ ယင်း(ဃ)ဝါကျ၌ ဣဓ-သဒ္ဒါ၏ အနက်လေးမျိုးအားလျှော်စွာ ယထာဟဝါကျ လေးဝါကျ တွေ့ရပေမည်။ ယင်း-ယထာဟ-ဝါကျမျိုးကို (၁)ဒဋ္ဌကရုဏ(၂) ပရဝစန (၃)သာဓက (၄)ဉာပက-အမည်လေးမျိုးဖြင့်သုံးနှုံး၍ ဆရာမြတ်တို့ကျမ်းသွားရိုး ပြုကြသည်။

❋ ယထာဟ-ဟု ချိ၍တက်လာ ထိုဝါကျာကို၊ ပရဝစန၊ သာဓကတဖြာ ဉာပကာနှင့် အာဂမဒဋ္ဌ ဤလေးလီဖြင့် နာနာစရိယ-ခေါ် ဝေါ်ကြ၏။

## ယထာဟ-ဝါကျသို့ နမူနာကျမ်းတက်ပုံ

ဤသို့ သွာယံ ကတ္ထစိ လောကံ ဥပါဒါယ ဝုစ္စတိ-ဖြင့် သကဝစန၊ သာဓျ ဉာပျ၊ အာဂမဒဋ္ဌယ-ကို ပြဆိုပြီး၍-ယခုအခါ၌ ပရဝစန၊ သာဓက၊ ဉာပက၊ အာဂမဒဋ္ဌကရုဏ-ကို ပြလိုသောဆရာသည် ယထာဟဣဓ-စသည်မိန့်။

## (င) အနုသန္ဓေ

ဤသို့(ဃ)ဝါကျဖြင့် ဣဓ-သဒ္ဒါသည် သာမညအားဖြင့် လောက, သာသန, ဩကာသ, ပဒပူရဏ, အနက်လေးပါး၌ဖြစ်သည်-ဟုပြဆိုပြီး၍ ယခုအခါ၌ ဤသာမညဖလ- သုတ်၌ လိုအပ်သော ဣဓ-သဒ္ဒါ၏ အနက်ကား လောကအနက်ဖြစ်သည်-ဟု အထူးထုတ်၍ ပြလိုသောဆရာသည် (င)မိန့်။

၃။ (က) နနု ဣဓသဒ္ဒေါ လောက သာသန ဩကာသ ပဒပူရဏမတ္တ သဒ္ဒါတေသု စတူသု အတ္ထေသု ဒိဿတိ။

(ခ) အထ ကသ္မာ ဣဓ လောကံ ဥပါဒါယ (ဣဓသဒ္ဒေါ) ဝုတ္တောတိ ဝေဒိတဗ္ဗော။

(ဂ) နနု တဒညတ္ထာ န သမ္ဘဝန္တိ။ (အတ္ထုဒ္ဒါရ-အတ္ထုဒ္ဓေသထုံးစံ-ပရိဘောဖြစ်သည်)

(တနည်း) နနု (ဣဓသဒ္ဒေါ) လောကသဒ္ဒေန သမာနာဓိကရဏဘာဝေ ယောတိ။ (သီဋီသစ်)

(ဃ) တသ္မာ ဣဓ လောကံ ဥပါဒါယ (ဣဓသဒ္ဒေါ) ဝုတ္တောတိ ဝေဒိတဗ္ဗော။

၄။ အတ္ထေ သူစေတီတိ သုတ္တံ။ (သူစ-ဓာတ်+တ-ပစ္စည်း)

(အတ္တတ္တ ပရတ္တ-စသည်အပြားရှိသော) အကျိုးအနက်တို့ကို ထင်ရှားပြခြင်း ကြိယာ သကတ်သည် ဝစနယေတုမည်၏။

သာမညဖလသုတ်တော်ဖြစ်သည် ဝစနီယ။

သူစနံ၊ သုဝုတ္တံ၊ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္တမည်၏။

ဥပဒိဿနံ ဥ-ဒေသော။ ဒေသဿ ဥပဒေသော ဒ္ဒေသောပဒေသော။ တသ္မိံ။ (သီဋီသစ်) ဒေသုပဒေသ-ဟူလိုလျက် ဥ-ကို ဩ-ပြု၍ ပြီးသည်။

◆ **အယန္တိ ပစ္စက္ခံ သတ္တာ ထောနာတိ အာယု၊ ဓိဓိထံ၊ (ဏွာဒိမောင်၊)**

http://www.dhammadownload.com



၅။ ဂါထာ-၌ လဒ္ဓေါ-ကို လဒ္ဓတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို အာယုနော-ဟုခံ။ (ကံ+သမ္ဗန်စာစပ်)
(င)၌ ဝုတ္တော-ကို ဝုတ္တတ္တာဟုဟိတ်ပြင်။ ယင်း၏သမ္ဗန်ကို ဣစေတဒ္ဓဿ-ဟုခံ။

၆။ (က) ဝါကျဖြင့် အထ အဿ ဘဂဝါ တေ+ဒဝေါစ-ဟု စကားစပ်ယူရမည်ကိုလည်းကောင်း (သမ္ဗန္ဓ-သံဝဏ္ဏနာ) ဧတဒဝေါစ-ကို ဧတံ+အဝေါစ-ဟု ပုဒ်ဖြတ်ရမည်ကိုလည်းကောင်း။ (သန္ဓိလိင်္ဂပဒ) တံအဝေါစ-ဟူလိုလျက် နိဂ္ဂဟိတ်-ကို ဒ-ပြု၍ ဧတဒဝေါစ- ဟု ပြီးနေသည်ကိုလည်းကောင်း (ဘာဝတ္ထ)သိစေပါသည်။

(ခ) ဝါကျဖြင့် ဧတဒဝေါစ-၌ ဧတသဒ္ဒါ-ဖြင့် ဆိုခဲ့ပြီးသုတ်ကို မစွဲယူမသုံးသပ်ရ၊ ဆိုလတ့်ဖြစ်သော "ဣဓ မဟာရာဇ"အစရှိသော သာမညဖလတစ်သုတ်လုံးကို စွဲယူသုံးသပ်ရမည်၏ အဖြစ်ကို သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

(ဂ) ဝါကျဖြင့် ဣဓ မဟာရာဇ-စသည်၌ ဣဓ-သည် ဒေသောပဒေသအနက်၌ နိပါတ်တည်း- ဟုသိစေသည် (နိပါတလိင်္ဂပဒတ္ထ)

(ဃ) တဝါကျလုံးဖြင့် ဣဓ-သဒ္ဒါသည် သဒ္ဒါအထူးကို မငဲ့သော် သာမညအားဖြင့် လောက, သာသနာ, ဩကာသ, ပဒပူရဏ- အနက်လေးပါး၌ ဖြစ်သည်-ဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ)

(င) ဝါကျဖြင့် ဤသာမညဖလသုတ်၌ ဣဓ-သဒ္ဒါဖြင့် လောက-အနက်ကိုသာ လိုအပ်သတည်းဟု သိစေသည် (အဓိပ္ပေတတ္ထသံဝဏ္ဏနာ)

၇။ လောက-နိရုတ္တိ ဝါကျဥယျာဉ်(၅၁)၌ရေးခဲ့ပြီ။

၈။ **ဘာသိဿာမိ-ဟု ပဋိညာဉ်ပြုရခြင်း**

သာမညဖလသုတ်ကို အကျယ်အားဖြင့် ဟောတော်မူလတ္တံ့ ဖြစ်သောကြောင့်- ဒေသေဿာမိ-ဟု ပဋိညာဉ် မပြုမူ၍ ဘာသိဿာမိ ဟုသာ ပဋိညာဉ်ပြုပါသည်။
**အမှာ** ဒေသေဿာမိ သည် **သံခိတ္တဝိဓိပန**၊
ဘာသိဿာမိ သည် **ဝိတ္ထာရဝိဓိပန**၊
ဒေသေတိနှင့် ဘာသတိ၊ ဒေသနာနှင့် ဘာသနာတို့လည်း နည်းတူပင်မှတ်ပါ။(ဌ၊၁၅၅။)

၉။ ပထျာဝတ္တဂါထာဖြစ်သည်။

၁၀။ **လဒ္ဓေါ-၌ အန္တုတ္တရုပ်၏ ထုတ်ပုံ**

✣ သိကြားအသက်ကို တဖန်ပြန်ရသဖြင့် နှစ်သက်ဝမ်းမြောက်သော သိကြားမင်း၏ ပီတိသောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ ဓမ္မသိဂ်ီရဝသ၊
✣ မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ၊
✣ မိဘကို ပေုပ်ကျွေးခြင်း, ကြီးသူတို့ကို ရိုသေခြင်း စသောအကြောင်းတရားများသည် ဥဒ္ဒိပနဝိဘာဝ၊
✣ သိကြားမင်းစည်းစိမ်ကို အဆက်ဆက်ခံစားရခြင်း စသည်သည် အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၁၄၉ )

(က) **လောကေ ဥပ္ပန္နောတိ** ဧတ္ထ ပန **လောကောတိ** ဩကာသလောကော သတ္တ-လောကော သင်္ခါရလောကောတိ အဓိပ္ပေတော။

(ခ) ဣဓ ပန သတ္တလောကော အဓိပ္ပေတော။

(ဂ) သတ္တလောကေ ဥပ္ပဇ္ဇမာနောပိ တထာဂတော နဒေဝလောကေ နဗြဟ္မလောကေ၊ မနုဿလောကေဝ ဥပ္ပဇ္ဇတိ။

(ဃ) မနုဿလောကေပိ န အညသ္မိံ စက္ကဝါဠေ၊ ဣမသ္မိံယေဝ စက္ကဝါဠေ။

(ဋ္ဌ။ ၁၅၆။ သီဋီသစ်၊ ဒု။ ၆၂။ ပဒုက္ကူ၊ ဒု။ ၁၀၉။ ဘာသာဋီ၊ ဒု။ ၄၀၂။ ဂဏ္ဌိ။ ၃၄၃။)

၁။ (၉) နံပါတ်လာ ဂါထာပါဠိကို အနက်မှန်မှန်ယောဇနာပါ။

၂။ (ခ)ဝါကျကို သာဘောဂစောဒနာတက်ပါ။

၃။ (က+ခ) ဝါကျတို့ကို စတုက္ကထုတ်ပြပါ။

၄။ လောကေ ဥပ္ပန္နောတိ-၌ လောကကို ဝစနတ္ထပြု၍ ဆက္ကထုတ်ပါ။

၅။ ဥပ္ပဇ္ဇမာနော-ကို ဥပ္ပဇ္ဇမာနတ္ထာ-ဟု ဟိတ်ပြင်က ယင်း၏သမ္ဗန်ကို ဖော်ပြ၍ စာစပ်ပြပါ။

၆။ **သောဏ္ဍမံ လောကန္တိ** သောဘာဂဝါ ဣမံ လောကံ။ ဣဒါနိ ဝတ္တဗ္ဗံ နိဒဿေတိ၊ **သဒေဝကန္တိ** သဟဒေဝေဟိ သဒေဝကံ။ (ဋ္ဌ။ ၁၅၇) အာဘော်ဖော်၍ သံဝဏ္ဏနာအမည် ပေးပါပြပါ။

၇။ စက္ကဝါဠ, မနုဿပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ဘုရားပွင့်ရာ မဇ္ဈိမဒေသ၏ နယ်နိမိတ်ငါးပါးတို့ကို အလျား+အနံ+အဝန်း ယူဇနာတို့နှင့် တကွဖော်ပြပါ။

၉။ အောက်ပါ ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးခဲ့ပါ။
ရာဂဝိရာဂမနေဇ မသောကံ။ ပ။ သရဏတ္ထမုပေဟိ။ (ဋ္ဌ။ ၂၀၅။)

၁၀။ ၉-နံပါတ်ဂါထာပါ ဥပေဟိ-၌ အန္တတ္ထကိုရှု၍ ဘာဝါလက်ာရ ထုတ်ပြပါ။

===================

၂။ **(ခ)ဝါကျကို သာဘောဂ စောဒနာ**

ဆရာ-သည်(က)ဝါကျဖြင့် လောကသည် ဩကာသလောက၊ သတ္တလောက၊ သင်္ခါရ လောကဟု သုံးပါးပြားရှိသောဟုဆို၏။ ဤ"လောကေ ဥပ္ပန္နော"၌ အဘယ်လောကကိုလောကဟု အလိုရှိအပ်ပါသနည်း၊ လောကသုံးပါးလုံးကိုပင် လောကဟု အလိုရှိအပ်ပါသလော၊ (သာမည+ အဓိက)(တနည်း) သတ္တလောကမှတပါး ဩကာသလောက သင်္ခါရလောကတို့ကို လိုအပ်ပါသလော (အညအာဘောဂ) ဤ၌လိုအပ်သောလောကကိုမပြသော် အတိဗျာပိတဒေါသ-၏။စုဒ်ကြောင့်(ခ)မိန့်။

**အဓိပ္ပါယ်ကား** ဤအရာ၌ သတ္တလောကကို လောကအရ အလိုရှိအပ်၏ဟု ငါပြဆို သည်သာဖြစ်သောကြောင့်--ဟူလို။

**မှတ်ချက်** အတ္ထုဒ္ဓါရမှ အတ္ထုဒ္ဓေသသို့ ကျမ်းတက်ရာ၌ သာမညအဓိကအာဘော်နှင့် အညအာဘော် နှစ်မျိုးထားနိုင်သည်ချည်းမှတ်။

**(ဂ) ဝါကျ အနုသန္ဓေ**

ဤသို့(ခ)ဝါကျဖြင့် မြတ်စွာဘုရား၏ သတ္တနိကာယ၌ အကျုံးဝင်သောကြောင့် "ဣဓပနသတ္တလောကော အဓိပ္ပေတော"ဟုပြဆိုပြီး၍ ယခုအခါ၌ ထိုသတ္တလောကတွင် မြတ်စွာ ပွင့်တော်မူရာဖြစ်သော သတ္တနိကာယနှင့် ဩကာသကို ပြအံ့သောငှါ (ဂ) မိန့်။ (ဂဏ္ဌိ။ ၃၄၃။)

http://www.dhammadownload.com



◆ တထာဂတဿ သဗ္ဗညုတညာဏဿ ဝိသေသဿ "တ္ထဝ ပန သတ္တလောကော အဓိပ္ပေတော"တိ ဝတ္တာ ထေသ္သာသံ ယသ္မိံ သတ္တနိကာယေ, ယသ္မိံ စခြကာသေ ဥပ္ပဇ္ဇတိ၊ တံ ဒဿေတုံ "သတ္တလောကေ ဥပ္ပဇ္ဇမာနော့ပန"တိ အာဒိ ဝုတ္တံ။ (သီဋီသစ်၊၆၂)

**မှတ်ချက်** (ဂ) ဝါကျကို ပုစ္ဆာစောဒနာတက်လိုကမူ "အနွယဗျတိရေက စောဒနာနှစ်ချက် ပြိုင်ကာ တက်မူ န-ကိုထုတ်သွင်း အချင်းချင်း ဖြစ်လျှင်း အာဘော်ပေ" ဟူသော နိယံနှင့်အညီ တက်ရမည်။

၃။ **(ခ+ဂ) ဝါကျ စတုက္ကထုတ်ပုံ**

(က) နနု လောကောတိ ဩကာသလောကော သတ္တလောကော သင်္ခါရလောကောတိ တိဝိဓော။

(ခ) အထ ကသ္မာ ဣဓ သတ္တလောကော အဓိပ္ပေတော။

(ဂ) နနု ဣဓ တဒညလောကာ နသမ္ဘဝန္တိ။

(တနည်း) နနု တထာဂတော သတ္တနိကာယ န္တောဂဓော ဟောတိ။ (သီဋီသစ်)

(ဃ) တသ္မာ ဣဓ သတ္တလောကော အဓိပ္ပေတော။

၄။ လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော။

ပျက်ခြင်း ကြိယာသကတ်သည် ဝစနပေဟတု၊

သတ္တလောကဒြဗ်သည် ဝစနီယ၊

ပါဏော သတ္တော စသောပရိယာယ် ဝစနီယတ္ထ။

ဒိဗ္ဗန္တိ ပဉ္စကာမဂုဏာဒီဟိ ကီဠန္တီတိ ဒေဝါ။

ဈာနာဒီဟိ ဂုဏဝိသေသေဟိ ဗြူဟိတာ ပရိဝုဍ္ဎာတိ ဗြဟ္မာ။

မနော ဥဿန္နံ ဧတေသန္တိ မနုဿာ။ (သမာသ်)

(တနည်း) မနုနော (မဟာသမ္မတဿ) + အပစ္စံ မနုဿော။ (တဒ္ဓိတ်)

(တနည်း) အတ္ထာနတ္ထံ မနတိ ဇာနာတီတိ မနုဿော။ (ကိတ်)

၅။ ဥပ္ပဇ္ဇမာနော-ကို ဥပ္ပဇ္ဇမာနတ္တာ- ဟုဟိတ်ပြင်။

ယင်း၏ သမ္ဗန်ကို တထာဂတဿ-ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)

အဓိပ္ပေတော- ကို အဓိပ္ပေတတ္တာ-ဟုဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို သတ္တလောကဿ -ဟုခံ။

၆။ သောဘဂ္ဂဝါ-ဖြင့် သော-၌ တ-သဒ္ဒါသည် ပတ္တန္တရိဿယတ-ဖြစ်၍ အရဟံစသည် ဖြင့် ချီးမွမ်းအပ်သော ဂုဏ်ရှိတော်မူသော မြတ်စွာဘုရားကို စွဲယူသုံးသပ်ရမည်ဟု သိစေသည်။ (သီဋီသစ်။ ၆၄)

သဟ ဒေဝေဟိ သဒေဝကံ-ဖြင့် သဒေဝကံ-ပုဒ်ကို သဟ+ဒေဝေဟိ+ယော ဝတ္တတီတိ သဒေဝကော (တံသဒေဝကံ) ဟု သဟပုဗ္ဗပဒပဋမာဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု--လည်းကောင်း၊ သဒေဝကံ-၌ သ-၏သဟ-သဒ္ဒါ၏ ကာရိယ၏အဖြစ်ကိုလည်းကောင်းသိစေ။

၇။ **စက္ကဝါဠ** ကားစက္ကဝါဠ ဟူလိုလျက် တ္တာ၌ အာ-ကို အ-ပြု၊ ဠ-ကို ဋ-ပြု၍ စက္ကဝါဠပြီးသည်။ (ပါရာဇိကဏ် ပါဠိတော်နိဿယ။ ၁၀၄။)

ကရောတိ ဂမနံ အနေနာတိ စက္ကံ။

အဝညတေ ခညတေတိ အာဝါဠော။ (တွင်းရာ။)

http://www.dhammadownload.com



စက္ကူဋ္ဌ တံ အာဝါဠေ့ာစာတိ စက္ကာဝါဠော-ဟုပြု။
**မနုဿ**-ကား မနုပုဒ်+ဥဿန္နပုဒ်။ မနုဿန္န-ဟူလိုလျက် န္န-ကို ချေ၍ပြီးသည်။
(တနည်း) မနု-ပုဒ်+သ-ပစ္စည်း။ သ-တလုံးလာ၍ပြီးသည်။
မနုစာတ်+ဥဿပစ္စည်းကြံခိုက် နိရုတ္တိနည်းမရ။

၈။ (က) **"မဇ္ဈိမဒေသ နယ်နိမိတ်ငါးပါး"**
(၁) အရှေ့လားသော်=ဂဇင်္ဂလနိဂုံး၏ အပြင်ဘက်အင်ကြင်းပင်။
(၂) အရှေ့တောင်လားသော်-သလ္လာဝတီမြစ်။
(၃) တောင်လားသော်=သေတကဏ္ဏိက နိဂုံး။
(၄) အနောက်လားသော်=ထူဏပုဏ္ဏားရွာ။
(၅) မြောက်လားသော်=ဥသီရဒ္ဓဇ တောင်။
၎င်းအပိုင်းအခြား ငါးခုအတွင်းသည် မဇ္ဈိမတိုင်းမည်၏။ (ဋ္ဌ။ ၁၅၆။)

**"မဇ္ဈိမဒေသ အလျား+အနံ+အကျယ်အဝန်းယူဇနာ"**

(၁) အလျား=ယူဇနာသုံးရာ
(၂) အနံ=ယူဇနာနှစ်ရာ့ငါးဆယ်။
(၃) အဝန်း=ယူဇနာကိုးရာ။ (ဋ္ဌ၊ ၁၅၆။)

**မဇ္ဈိမဒေသဉ္ဇသာဖြစ်နိုင်သော ပုဂ္ဂိုလ်ထူးများ**

| | | |
|---|---|---|
| (၁) ဗုဒ္ဓ | (၂) ပစ္စေကဗုဒ္ဓ | (၃) အဂ္ဂသာဝက |
| (၄) အသီတိမဟာသာဝက | (၅) ဗုဒ္ဓမာတာ | (၆) ဗုဒ္ဓပိတာ |

(၇) စက္ကဝတ္တိရာဇာ စသည်တို့တည်း။ (ဋ္ဌ၊ ၁၅၆။)

**မှတ်ချက်** အသီတိမဟာသာဝကတို့သည်မဇ္ဈိမဒေသဉ္ဇသာဖြစ်ကြသည်ဟူသောအဋ္ဌကထာစကားသည် ယေဘုယျသာတည်း။ အကြောင်းကား-သုနာပရန္တတိုင်းသားဖြစ်သော ပုဏ္ဏထေရ်၏ လည်း မဟာသာဝကတို့၌ တပါးအပါအဝင်ဖြစ်သောကြောင့်တည်း။ (သီဋ္ဌီသစ်၊ ၆၂။)

၉ + ၁၀။ ဝါကျဥယျာဉ် (၂၁)၌ ဖြေခဲ့ပြီ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၁၅၀)

(က) ဧဝံ သဗ္ဗေပိ တိဘဝူပဂေ သတ္တေ တိဟာကာရေဟိ တီသု ပဒေသု ပက္ခိပိတွာ ပုန ဒွိဟိ ပဒေဟိ ပရိယာဒိယန္တော **"သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿ"**န္တိ အာဟ။
(ခ) ဧဝံ ပဉ္စဟိပိ ပဒေဟိ တေန တေနာကာရေန တေဓာတုကမေဝ ပရိယာဒိန္နန္တိ။
(ဂ) **သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတီတိဧတ္ထ** ပန **သယန္တိ**သာမံအပရနေယျောဟုတွာ။
(ဃ) **အဘိညာတိ** အဘိညာယ။
(င) အဓိကေန ဉာဏေန ဉတွာတိ အတ္ထော။
(စ) **သစ္ဆိကတွာတိ** ပစ္စက္ခံ ကတွာ။
(ဆ) ဧတေန အနုမာနာဒိပဋိက္ခေပေါ ကတော ဟောတိ။
(ဇ) **ပဝေဒေတီတိ** ဗောဓေတိ ဝိညာပေတိ ပကာသေတိ။

(ဋ္ဌ။ ၁၅၈။ သိဋ္ဌီသစ်၊ ဒု။ ၆၈။ ပဒုက္ကူ၊ ဒု။ ၁၁၆။ ဘာသာဋီ၊ ဒု။ ၄၁၄။ ဂဏ္ဌိ၊ ၃၄၆)

http://www.dhammadownload.com



၁။ တိဟာကာရေဟိ, တီသုပဒေသု, ဒွိဟိပဒေဟိ-တို့၌ တိ, ဒွိသဒ္ဒါသဒ္ဒါတို့၏ သရူပတ္တ ပေါ်လွင်စေလျက် (က) ဝါကျကို အနက်သမ္ဗန်ပါ။
၂။ (င) ကို အနုသေန္ဓတက်၍၊ (ဆ) ဝါကျကို ဒေါသာရောပနစောဒနာတက်ပါ။
၃။ (က) ဝါကျကို အာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ ပဇံ-ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။
၅။ (က) ဝါကျ၌ ပရိယာဒိယန္တော-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပ စာစပ်ပါ။
၆။ (ဂ+င+စ+ဇ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။
၇။ အဘိညာ၊ ပစ္စက္ခ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ (ခ) ဝါကျလာ ပဥ္စဟိ ပဒေဟိ- အရ သရုပ်ကိုဖော်ပြ၍၊ (ဆ) ဝါကျ အနုမာနာဒိ ပဋိက္ခေပေါ်-၌ အာဒိ-ဖြင့်ယူရမည့်အရာတို့ကို ရှင်းလင်းညွှန်ပြပါ။
၉။ (စ+ဆ) ဝါကျတို့ကို အနက်အဓိပ္ပါယ်မပျက်စေဘဲ ဂါထာတပုဒ်စီကုံးပြပါ။
၁၀။ ပဝေဒေတိ-၌ အန္တတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ပြပါ။

===================

၁။ (က) တိတိ၊ ကုန်သော။ အာကာရေဟိ၊ ဒေဝ, မာရ, ဗြဟ္မာတို့နှင့် တကွဖြစ်သည်၏ အဖြစ်ဟူသောအခြင်းအရာတို့ဖြင့်။ တီသု၊ ကုန်သော။ ပဒေသု၊ သဒေဝကံ, သမာရကံ, သဗြဟ္မကံ- ဟူသောပုဒ်တို့၌။ ပက္ခိပိတွာ၊ ၍။ ပုန၊ ဖန်။ ဒွိဟိ၊ ကုန်သော။ ပဒေဟိ၊ သဿမဏဗြာဟ္မဏိံ, သဒေဝမနုဿံ- ဟူသော ပုဒ်တို့ဖြင့်။ ပ။ အာဟ။ (ပဋက္ကူ၊ ၁၁၆)

## ၂။ (င) ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့(ဃ) ဝါကျဖြင့် သယံ အဘိညာ-၌ အဘိညာ-သည် (ပဋိသင်္ခါယောနိသော- ကဲ့သို့) ယ-ကာရလောပနိဒ္ဒေသတည်း-ဟု ပြဆိုပြီး၍၊ ယခုအခါ၌ အဘိ-သည် အဓိက (ဝိသေသန)အနက်ကိုဟော၏။ အဘိနောင်တတိယာနာဝိဘတ်ကျေနေ၏။ အဘိ-အရ ဝိသေသနတ္ထ ကိုအဦးမူ၍ အကြောင်းဉာဏ်ကို ယူရမည်။ ယ-သည် တွာ-ပစ္စည်း၏ကာရိယ ဖြစ်၏ဟုပြလိုသော ဆရာသည် (င)မိန့်။ (ဂဏ္ဌိ။ ၃၄၇။ သိဋ္ဌိသစ်။ ၆၈။ )

## (ဆ) ဝါကျ ဒေါသာရောပနစောဒနာတက်ပုံ။

ဆရာ၊ မြတ်စွာဘုရားသည် သယံ အဘိညာ သစ္ဆိကတွာ-ဟုဟောတော်မူ၏။ သယံ အဘိညာ-ဟုဟောတော်မူလျှင် လိုအပ်သောအနက် ပြီးစီးသည်မဟုတ်ပါလော။ ထိုသို့ဖြစ်ပါ လျက် အဘယ်ကြောင့် သစ္ဆိကတွာ-ပုဒ်ကိုထပ်၍ဟောတော်မူပါသနည်း။ (ဂဏ္ဌိ။ ၃၄၇)။ အကယ်၍ သယံ အဘိညာ-ဖြင့်လိုအပ်သောအနက်ပြီးစီးလျက်သစ္ဆိကတွာ-ကိုထပ်၍ ဟောတော်မူခြင်း၏အကြောင်းကို မပြသော် ဒေသကဘုရားရှင်အား, ပုနရုတ္တိ, နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့်(ဆ)မိန့်။

**အဓိပ္ပါယ်ကား**-ဘုရားရှင်သည် သတ္တလောက, ဩကာသလောကနှစ်ပါးကို အနုမာန နည်းဖြင့် မှန်းဆ၍ ဟောကြားနေခြင်းမဟုတ်, မျက်မှောက်ထင်ထင်သိမြင်၍ ဟောကြားခြင်း ဖြစ်သောကြောင့် သစ္ဆိကတွာ-ပုဒ်ကိုထပ်၍ ဟောကြားတော်မူသည်ဟု ငါပြ--ဟူလို။

## ၃။ (ဇ) ဝါကျ စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ။

(က) နနု သဗ္ဗေပိ တိဘဝူပဂေ သတ္တေ တိဟာကာရေဟိ တီသု ပဒေသုပက္ခိပိတွာဒဿေတိ။
(ခ) အထ ကသ္မာ "သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ"န္တိ အာဟ။
(ဂ) နနု ပုန ဒွိဟိ ပဒေဟိ ပရိယာဒိယန္တော ဟောတိ။
(ဃ) တသ္မာ "သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ"န္တိ အာဟ။

http://www.dhammadownload.com



(အမှာ) စကားနှစ်ရပ်၊ သန္ဓေစပ်က–စသောနိယံနှင့်အညီ ထုတ်ခြင်းဖြစ်သည်။ ကျမ်းတက်လိုက လည်း အာဟ၏ကံကိုပင် ဌပနာထား၍ ထုံးစံအတိုင်း တက်လေ။

၄။ ပကာရေန+ဇာယတီတိ ပဇာ။ (ပကာရေန ဇာတတ္တာ ပဇာ။ ဓာန်ဋီ။ ၉၃)
အပြားအားဖြင့် ဖြစ်ခြင်းကြိယာသကတ်သည်––– ဝစနပဟေတု။
သတ္တဝါဒြဗ်သည်–– ဝစနီယ။
ပါဏော, သရီရီ, ဘူတံ–စသော ပရိယာယ်သဒ္ဒါများသည်–– ဝစနီယတ္ထ။

**(ဝစနတ္ထမှတ်ဘွယ်)**

တိဘဝံ ဥပဂစ္ဆန္တီတိ တိဘဝူပဂါ။ (ဘာသာဋီကာ) တိသော+ဓာတုယော တိဓါတုကံ၊ တိဓာတုကံယေဝ တေဓာတုကံ။ (သွတ္တ ဏ–ပစ္စည်း)
တေဓာတုကံယေဝ၊ သုံးပါးသောဓာတ်ကိုသာလျှင်။ (ဘာသာဋီကာ)

(အမှာ) ၁ခုတ္တ၊ဍျ၌–တေဓာတုကံယေဝ၊ ကာမ, ရူပ, အရူပ–ဟုဆိုအပ်သောသုံးပါးသောဓာတ်၌ ဖြစ်သော သတ္တဝါအပေါင်းကိုသာလျှင်–ဟု အနက်ပေးသည်။ ယင်းအလို– တိသော ဓာတုယော ကိဓာတု။ တိဓာတုယံ+ပဝတ္တန္တီတိ တေဓာတုကာ–ဟုပြု၊ ဘုံသုံးပါး၏+ သတ္တဝါတို့ဒြဗ်နှင့် ဌာန+ဌာနီစပ်၍ထုတ်လေ။

၅။ ပရိယာဒိယန္တော–ကို ပရိယာဒိယန္တတ္တာ–ဟု ဟိတ်ပြင်။
ယင်း၏ သမ္ဗန်ကို တဿ(တထာဂတဿ) ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)

◆ **သော ဣမံလောကံ သဒေဝကံ သမာရကံ–စသော ပါဠိတော်ကိုထောက်။**

၆။ (ဂ) သာမံ–ဖြင့် သယံ–သဒ္ဒါသည် သာမံ–အနက်ဟော၏ဟုသိစေ။ (နိပါတလိင်္ဂတ္ထ) (တနည်း) သယံ–သဒ္ဒါသည် သာမံ–သဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။

အပရနေယျော ဟုတ္တာ–ဖြင့် ကိုယ်တိုင်သိ၏ဟူသည် အညတ္ထာပေါဟနနည်း, အန္တောဂမဝဓာရဏ နည်းအားဖြင့် သူတပါးတို့သည် မသိစေအပ်ဟူသော ပဋိသေဓ (နိဝတ္တေတဗ္ဗ) အဓိပ္ပါယ်ကိုလည်းကောင်း၊ သယံ–သဒ္ဒါနောင် ပထမာဝိဘတ်ကျေနေသည်၏အဖြစ်ကိုလည်းကောင်း၊ ယင်းပထမာဝိဘတ်၏ ကြိယာဝိသေသနတ္ထ၌–သက်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (သိဋ္ဌသစ်)။

(ဃ) အဘိညာယ–ဖြင့် အဘိညာ–သဒ္ဒါသည် ပဋိသဒ်ါယောနိသော– စသည်၌ကဲ့သို့ ယ–ကာရလောပတည်း–ဟုသိစေပါသည်။ (သိဋ္ဌိသစ်)။

(င) အဓိကေန ဉာဏေန–ဖြင့် အဘိညာ–၌ အဘိ–ဥပသာရ၏အဓိက(ဝိသေသန)အနက် ဟော––လည်းကောင်း၊ အဘိနောင် တတိယာနာဝိဘတ် ကျေနေသည်ကိုလည်းကောင်း၊ အဘိ–အရ ဝိသေသနတ္ထကိုအဦးမူသဖြင့်အကြောင်းဉာဏ်ကိုယူရမည်ကိုလည်းကောင်း–သိစေပါသည်။(သိဋ္ဌိသစ်)။

ဥတွာ–ဖြင့် အဘိညာယ–၌ ယ–သည် တွာ–ပစ္စည်း၏ကာရိယတည်း–ဟုသိစေသည်။

(စ) ပစ္စက္ခံ ကတွာ–ဖြင့် သစ္ဆိ–နိပါတ်၏ ပစ္စက္ခ–အနက်ဟော–လည်းကောင်း၊သစ္ဆိနိပါတ် နောင် ဒုတိယာဝိဘတ်ကျေနေသည်ကို လည်းကောင်း–သိစေပါသည်။

(ဆ) ဗောဓေတိ–ဖြင့်ပဝေဒေတိ–၌ ပပုဗ္ဗ ဝိဒ–ဓာတ်၏ ဉာဏအနက်ဟော–လည်းကောင်း၊ ပ–ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက––လည်းကောင်း–သိစေ သည်။

ဝိညာပေတိ–ဖြင့် ဗောဓေတိ–၌ ဗုဓ–ဓာတ်သည် ဉာဏအနက် ဟော၏ဟုသိစေ၏။

ပကာသေတိ–ဖြင့် သိစေ၏ဟူသည်–ထင်စွာပြခြင်းပင် တည်းဟုသိစေ၏။ (သိဋ္ဌိသစ်)

၇။ **အဘိညာ–ကားအဘိညာယ–ဟုဆိုလိုလျက် ယ–ကို ချေ၍ပြီးသည်။**

◆ **အဘိညာတိ ယ–ကာရလောပနိဒ္ဒေသော၊ (သိဋ္ဌိသစ်၊ ဒု၊ ၆၈)**

http://www.dhammadownload.com



**ပစ္စဂ္ဃ**-ကား အဂ္ဃပုဒ်+ပတိပုဒ်။ အဂ္ဃပတိ-ဟူလိုလျက် ပတိနှင့်အဂ္ဃကို ရှေ့နောက်ပြန်။ တိ-ကို စ-ပြု၊ စ-ဒွေဘော်လာ၍ပြီးသည်။
အဂ္ဃာနံ + ပတိ ပစ္စဂ္ဃံ-ဟုပြု၊

၈။ **ပဋ္ဌမာ ပစ္စေမာ-အရ**--သဒ္ဒေဝက်, သမာရက်, သပြဟ္မက်, သဿမဏဗြာဟ္မဏီ, သဒေဝမနုဿံ။ ဤငါးပုဒ်ဖြစ်သည်။

**အနုမာနာဒိ-၌ အာဒိ**-ဖြင့် ဥပမာန, အတ္တာပတ္တိ, သဒ္ဒန္တရသန္နိဓာန, သမ္ဗယောဂ, ဝိပ္ပယောဂ, သဟစရဏ-အစရှိသောအကြောင်း- အမြွက်ဖြင့် သိစေခြင်းကို ပေါင်းယူရသည်။

- **အနုမာနာဒိပဋိကွေပေါတိစ္ဆေ အာဒိသဒ္ဒေန ဥပမာနအတ္တာပတ္တိသဒ္ဒန္တရ-သန္နိဓာနသမ္ဗယောဂဝိပ္ပယောဂသဟစရဏာဒိနာ ကာရဏာလေသမတ္တေန ပစ္စေဒနံ သင်္ဂဏှာတိ၊ (သီဋီသစ်၊ ၁၊ ၆၉)။**

၉။ **(ဝ+ဆ) ဝါကျ ဂါထာစီ၊**

သဗ္ဗိကတ္ထာတိ ပစ္စက္ခံ၊ ကတ္ထာ စေတေန ပါဌေန။
နုမာနာဒိပဋိက္ခေပေါ၊ ကတော ဟောတီတိ ဒဋ္ဌဗ္ဗော။ (ဝတ္တဂါထာဖြစ်သည်), ။

၁၀။ **ပစ္စေဒေတိ-၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ-**

- ✣ ပပုဗ္ဗ ဝိဒ-ဓာတ်အရ--ဘုရားရှင်၏ ဒေသနာဉာဏ်ပြဓာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည်-- ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂ်ိရရသ။
- ✣ မဟောကြားမိစိတ်ဖြင့် ပိုင်းခြားမှတ်သားအပ်သော မနသာဝဝတ္တပိတ ဒေသနာတော်သည်လည်းကောင်း၊ တရားနာပရိသတ်သည်လည်းကောင်း--အာရမ္မဏဝိဘာဝ။
- ✣ တရားတော်၏ အာဒိကလျာဏ-စသောဂုဏ်တော်တို့သည်လည်းကောင်း၊ ဒေသနာဉာဏ်တော်၏ ရှေးအဘို့၌ဖြစ်သော ဗုဒ္ဓဉာဏ်တော်တို့သည်လည်းကောင်း-ရှေးရှေး၌ဖြစ်သော ပါရမီသမ္ဘာရတို့သည်လည်းကောင်း-- ဥဒ္ဒီပနဝိဘာဝ။
- ✣ တရားနာပရိသတ်တို့ သန္တာန်၌ ဓမ္မသဝနကုသိုလ်ဖြစ်ခြင်းအစ တရားတော်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သဖြင့် ကာယိကသုခ, စေတသိကသုခ, သဂ္ဂသမ္ပတ္တိ, နိဗ္ဗာနသမ္ပတ္တိ- စသော အကျိုးအဆက်ဆက်သည်-- အနုဘာဝ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၁၅၁ )

(က) **ကေဝလပရိပုဏ္ဏန္တိဧတ္ထ ကေဝလန္တိ** သကလာဓိဝစနံ။ **ပရိပုဏ္ဏန္တိ** အနူနာဓိကဝစနံ။

(ခ) ဣဒံ ဝုတ္တံ ဟောတိ-သကလပရိပုဏ္ဏမေဝ ဒေသေတိ၊ ဧကဒေသနာပိ အပရိပုဏ္ဏာ နတ္ထီတိ။

(ဂ) ဥပနေတဗ္ဗအပနေတဗ္ဗဿ အဘာဝတော "ကေဝလပရိပုဏ္ဏာ"န္တိ ဝေဒိတဗ္ဗံ။

(ဃ) **ပရိသုဒ္ဓန္တိ** နိရုပက္ကိလေသံ။

(င) ယော ဟိ "ဣမံ ဓမ္မဒေသနံ နိဿာယ လာဘံ ဝါ သက္ကာရံ ဝါ လဘိဿာမီ"တိ ဒေသေတိ၊ တဿ အပရိသုဒ္ဓါ ဒေသနာ ဟောတိ။ ဘဂဝါ ပန လောကာမိသနိရပေက္ခော ဟိတဖရဏေန မေတ္တာဘာဝနာယ မုဒုဟဒယော ဥလ္လုမ္ပန သဘာဝသဏ္ဌိတေန စိတ္တေန ဒေသေတိ။

(စ) တသ္မာ ပရိသုဒ္ဓံ ဓမ္မံ ဒေသေတီတိ ဝုစ္စတိ။

(ဋ္ဌ။ ၁၁၀။ သီဋီသစ်၊ ဒု ။ ၇၃။ ပဋ္ဌတ္တာ၊ ဒု။ ၁၂၈။ ဘာသာဋီ၊ ဒု။ ၄၂၅။ ဂဏ္ဌိ၊ ၃၅၀)

၁။ (င) ဝါကျကိုသာ အနက်မှန်မှန် သမ္ဗန်ပါ။

၂။ (ခ) ဝါကျကို အနုသန္ဓေတက်၍၊ (င) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။

၃။ (င) ဝါကျ ယော ဟိ ဣမံ။ ပ။ ဒေသနာ ဟောတိ-ဟူသော ဝါကျ၌ အဘောဂါဒိ စတုက္ကကြံ၍ ထုတ်ပြပါ။

၄။ မုဒုဟဒယော-၌ ဟဒယ-ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပြပါ၊

၅။ (င) ဝါကျ၌ မုဒုဟဒယော-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပြပါ။

၆။ (က+ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ ဦနံ၊ အာမိသ- ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ (က)ဝါကျ ပရိပုဏ္ဏန္တိ အနူနာဓိကဝစနံ-၌ အနူနနှင့်အနဓိက၏အဖြစ်ကို အဘယ်ကြောင်းဖြင့် သိအပ်, သိနိုင်ပါသနည်း ကျနစွာဖြေဆိုပါ။

၉။ (င) ဝါကျ၌ ယော ဟိ ဣမံ။ ပ။ ဒေသနာ ဟောတိ-ဟူသော ရှေ့ပိုင်းကိုသာ ကြိုက်နှစ်သက်ရာ ဂါထာတပုဒ်သီကုံး၍ ဂါထာအမည်ပေးပြပါ။

၁၀။ (၉) နံပါတ် စီကုံးထားသော ဂါထာတခုလုံးကို သိမ်းကျုံး၍ ဘာဝလက္ခဏာရ ထုတ်ပါ။

= = = = = = = = = = = = = = = = = = =

၂။ **(ခ) ဝါကျ အနုသန္ဓေတက်ပုံ**

ဤသို့ (က) ဝါကျဖြင့် ကေဝလ-သဒ္ဒါသည် အလုံးစုံဟူသော အနက်ကိုဟော၏။ ပရိပုဏ္ဏ-သဒ္ဒါသည် မယုတ်, မလွန်သောအနက်ကိုဟော၏-ဟု ပြဆိုပြီး၍၊ ယခုအခါ၌ယင်းတဝါကျလုံး၏ အပေါင်းဖြစ်သော ဝါကျပိဏ္ဍတ္ထကို ပြလိုသောဆရာသည် (ခ) မိန့်၏။

**(င) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ။**

ဆရာ၊ ဆရာသည် (ဃ) ဝါကျဖြင့် ဘုရားရှင်သည် နိရုပက္ကိလေသ=အညစ်အကြေး မရှိသော တရားတော်ကို ဟောတော်မူသောဟုဆို၏။ အဘယ်သို့လျှင် (ဝါ) ဘယ်ပုံ ဘယ်နည်း အညစ်အကြေးမရှိသော တရားတော်ကိုဟောကြားပါသနည်း။ ဟောကြားအပ်သောတရားတော်၏ အညစ်အကြေးမရှိပုံကို အကြောင်းသွင်း၍ အကျယ်တဝင့်ပြဆိုသင့်သည် မဟုတ်ပါလော။ (ဝါ) ရွှေငွေ-စသော ရတနာတို့မှာ ညစ်နွမ်းမှုရှိသကဲ့သို့ ဘုရားရှင်ဟောကြားအပ်သောတရားရတနာ၌လည်း ညစ်နွမ်းခြင်းရှိသည်သာ မဟုတ်ပါလော။ စုဒ်ကြောင့် (င)မိန့်၏။

(တနည်း) ဆရာ၊ ဆရာသည် (ဃ)ဖြင့် ပရိသုဒ္ဓံ-ကို နိရုပက္ကိလေသံ-ဟု ဖွင့်ပြဆို၏။ ယင်းစကားရပ်၌ လာဘ်ပူဇော်သက္ကာရကိုငဲ့၍ ဟောသောဒေသနာသည် နိရုပက္ကိလေသ (ပရိသုဒ္ဓ) ဖြစ်၏။ လာဘ်ပူဇော်သက္ကာရလောကာမိသကို မငဲ့မူ၍ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ရန်

http://www.dhammadownload.com



ရည်ရွယ်ချက်ဖြင့် မေတ္တာဘာဝနာစိတ်ဖြင့် ဟောကြားအပ်သော ဒေသနာသည် ဥပက္ကိလေသ (အပရိသုဒ္ဓ) ဖြစ်၏ဟူ၍ ဆိုလိုပါသလော။ အဘယ်သို့ ဟောကြားအပ်သော ဒေသနာတော်ကို နိရုပက္ကိလေသ (ပရိသုဒ္ဓ) ဒေသနာတော်, အဘယ်သို့ ဟောကြားအပ်သော ဒေသနာတော်ကို ဥပက္ကိလေသ (အပရိသုဒ္ဓ) ဒေသနာတော်ဟူ၍ ဆိုလိုပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

✻ **အနွယ, ဇျတိရေကာ၊ စောဒနာနှစ်ချက်၊ ပြိုင်ကာတက်မှု၊ န-ကိုထုတ်သွင်း၊ အချင်းချင်း၊ တင်လျှင်းဘာဘော်ပေ။**

(စ) ဝါကျကား လဒ္ဓဂုဏ်။ (တနည်း) နိဂုံး။ ထုံးစံအတိုင်း တက်လေ။

၃။ **(င) ယော ဟိ တွမ်။ ပ။ ဒေသနာ ဟောတိ-၌ စတုတ္ထထုတ်ပုံ။**

(က) နနု လောကာမိသာပေက္ခော ဝါ ဟောတု, လောကာမိသနိရာပေက္ခော ဝါ ဓမ္မဒေသနာ ဘာဝေန သဒိသာယေဝ ဟောန္တိ။

(ခ) အထ ကသ္မာ ယော "ဣမံ ဓမ္မဒေသနံ နိဿာယ လာဘံ ဝါ သက္ကာရံ ဝါ လဘိဿာမီ"တိ ဒေသေတိ၊ တဿ အပရိသုဒ္ဓါ ဒေသနာ ဟောတီတိ ဝုတ္တံ။

(ဂ) နနု (တဿ ဒေသနာ) တဏှာယ သံကိလိဋ္ဌာ ဟောတိ။ (သီဋီသစ်။ ၅၃)

(ဃ) တသ္မာ ယော "ဣမံ ဓမ္မဒေသနံ နိဿာယ လာဘံ ဝါ သက္ကာရံ ဝါ လဘိဿာမီ" တိ ဒေသေတိ၊ တဿ အပရိသုဒ္ဓါ ဒေသနာ ဟောတီတိ ဝုတ္တံ။

၄။ အတ္တနော သဘာဝံ ဟာရတီတိ ဟာဒယံ။ ရ-ကာရဿ ဒကာရံ ကတွာ။ (သီဋီသစ်၊၁။ရ)

+ မိမိ၏သဘောကို ဆောင်ခြင်းကြီးယာသကတ်သည်--ဝစနီယတ္ထ။

+ စိတ်နှလုံးတော်ဒြပ်သည်--ဝစနီယ။

+ စိတ္တံ, စေတော-စသော ပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထ။

**(ဘာသာဋီကာလာ-ဝစနတ္ထမှတ်ဘွယ်)**

+ သဟ+ကလေန+ယံ ဝတ္တတီတိ သကလံ။

အစိတ်နှင့်တကွ ဖြစ်သောအပေါင်း (အားလုံးစုံ)။

+ ဉီနံစ+အဓိကံစ ဉီနာဓိကံ။ နတ္ထိ+ဉီနာဓိကံ+ဧတိဿာတိ အနူနာဓိကာ။ (ဒေသနာ)

+ အာမသီယန္တေတိ အာမိသာ။ လောကေဟိ+အာမိသာ လောကာမိသာ။

+ နတ္ထိ+အပေက္ခာ ယဿာတိ နိရပေက္ခော။

+ လောကာမိသေသု+နိရပေက္ခော လောကာမိသနိရာပေက္ခော။

+ ဉလ္လုမ္ပတေ ဉလ္လုမ္ပနံ။ ဉလ္လုမ္ပနံစ+တံ+သဘာဝေါစာတိ ဉလ္လုမ္ပနသဘာဝေါ။

+ တသ္မိံ+သဏ္ဌိတံ ဉလ္လုမ္ပနသဘာဝသဏ္ဌိတံ။ (စိတ္တံ)

၅။ (င)၌ မုဒုဟာဒယော-ကို မုဒုဟာဒယတ္တာ-ဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို ဘဂဝတော-ဟုခံ။ (ကတ္တား + သမ္ဗန်စာစပ်)။

(င)၌ လောကာမိသနိရပေက္ခော-ကို လောကာမိသနိရပေက္ခတ္တာ-ဟု ဟိတ်ပြင်ကလည်း ဘဂဝတော-ဟုပင် သမ္ဗန်ခံ။

၆။ (က) သကလာဓိဝစနံ-ဖြင့် ဧ.၁လပရိပုဏ္ဏံ-၌ ကေဝလ-သဒ္ဒါသည် နိပါတ်အဗျယပုဒ်မဟုတ်, ကဝ-ဓာတ်+အလ-ပစ္စည်းဖြင့်ပြီးသော ကိတ်နာမ်ပုဒ်၏အဖြစ်ကိုလည်းကောင်း၊ ယင်းကေဝလ-သဒ္ဒါသည် ဤနေရာ၌ အဝေါမိဿ=မရောနှောခြင်းဟူသော အနက်ကိုမဟော, အနဝသေသ=အကြွင်းမဲ့ အလုံးစုံဟူသော အနက်ဟောသည်ကိုလည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



❖ **ကေဝလသဒ္ဒေါ ဣဓ အနဝသေသဝါစကော၊ န အဗျေါမိဿတာ ဒိဝါစကောတိ အာဟ "သကလာဓိဝစန"န္တိ ၊ (သီဋီသစ်)။**

အနူနာဓိကဝစန်-ဖြင့် ပရိပုဏ္ဏ-၌ ထက်ဝန်းကျင်ပြည့်စုံ၏ဟူသည် အနက်အဓိပ္ပါယ် အားဖြင့် အယုတ်အလွန်မရှိခြင်း, အယုတ်အလွန်ကို တားမြစ်ခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို သိစေသည်။

❖ **ပရိပုဏ္ဏန္တိ သဗ္ဗသော ပုဏ္ဏံ၊ တံ ပနတ္ထတော ဦနာဓိကနိသေဓနန္တိ ဝုတ္တံ "အနူနာဓိကဝစန"န္တိ၊ (သီဋီသစ်)၊**

(ဃ)ဖြင့် ပရိသုဒ္ဓ=ထက်ဝန်းကျင် စင်ကြယ်၏ဟူသည် လောကမိသကိုငဲ့သော တဏှာသံကိလေသ အညစ်ကြေးမှ စင်ကြယ်ခြင်းပင်တည်း-ဟု သိစေပါသည်။

၇။ ဦန-နိရုတ္တိ ဝါကျဥယျာဉ် အမှတ်(၁)၌ ရေးပြီး ဖြစ်သည်။

**သကလ**-ကား သဟ+ကလ-ဟူလိုလျက် သဟ-ကို သ-ပြု၍ပြီးသည်။ (ဝစနတ္ထ(၄) နံပါတ်၌ ဖော်ပြခဲ့ပြီ။)

**အာမိသ**-ကား အာ+မသ+အ-ပစ္စည်း။ အာမသ-ဟူလိုလျက် မ-အစိတ် အ-ကို ဣ-ပြု၍ ပြီးသည်။

❖ **လောကေဟိ တဏှာယ အာမသိတဗ္ဗတော လောကာမိသာ၊ (သီဋီသစ်၊ ၁၊ ၇၃)**

၈။ အကြင်အကျိုးငှါ ဟောတော်မူအပ်၏၊ ထိုအကျိုးကို ပြီးစေတတ်သောကြောင့်- **အနူန**-အဖြစ်ကို သိအပ်၏။

ထိုဟောအပ်သောအကျိုး၏ ဆန့်ကျင်ဘက်ဖြစ်သော မဟောအပ်သော အကျိုးကို မပြီးစေတတ်သောကြောင့် **အနဓိက** အဖြစ်ကိုသိအပ်၏။ (ဂဏ္ဌိ။ ၃၅၀။)

❖ **တတ္ထ ယဒတ္ထံ ဒေသိတော၊ တဿ သာဓကတ္တာ အနူနတာ ဝေဒိတဗ္ဗာ၊ တဗ္ဗိဓုရဿ ပန အသာဓကတ္တာ အနဓိကတာ၊ (သီဋီသစ်၊ ၁၊ ၇၃၊)**

၉။ **ဂါထာစီ**

နိဿာယ လာဘသက္ကာရံ၊ ယော ဓမ္မံ ဓမ္မဒေသနံ။
လဘိဿာမီတိ ဒေသေတိ၊ အသုဒ္ဓါ တဿ ဒေသနာ။ (ပထျာဝတ္တဂါထာ)

၁၀။ ✣ လာဘသက္ကာရကိုငဲ့ကွက်၍ တရားဟောသော ပုဂ္ဂိုလ်၏သန္တာန်၌ တဏှာလောဘ ပြဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည်--ကာမရတိဌာယီဘာဝ+ကာမသိင်္ဂါရရသ။

✣ မဟောမိရှေးအဘို့၌ ပိုင်းခြားမှတ်သားအပ်သော မနသာဝဝတ္ထပိတဒေသနာတော်သည် လည်းကောင်း, လာဘသက္ကာရသည်လည်းကောင်း--အာရမ္မဏဝိဘာဝ။

✣ ဤတရား ဒေသနာတော်ကိုမှီ၍ လာဘသက္ကာရကို ရလိမ့်မည်ဟု နှလုံးသွင်းမှု အယောနိသောမနသိကာရ စသည်သည်---ဥဒ္ဒီပနဝိဘာဝ။

✣ မစင်ကြယ်သော တရားဒေသနာဟူ၍ ပညာရှိသူတော်ကောင်းတို့၏ အထင်အမြင် သေးမှုခံရခြင်း, လာဘသက္ကာရကို ငဲ့ကွက်ဟောခြင်းကြောင့် ဝဋ်ဆင်းရဲမှ မထွက် မြောက်နိုင်ဘဲ သံသရာ၌ ကျင်လည်နေရခြင်းစသည်သည်--အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၁၅၂ )

(က) **ဗြဟ္မစရိယန္တိ** သေဋ္ဌဋ္ဌေန ဗြဟ္မဘူတံ စရိယံ။

(ခ) ဗြဟ္မဘူတာနံ ဝါ ဗုဒ္ဓါဒီနံ စရိယန္တိ ဝုတ္တံ ဟောတိ။

(ဂ) **တံ ဓမ္မန္တိ** တံ ဝုတ္တပ္ပကာရသမ္ပဒံ ဓမ္မံ။

(ဃ) **သုဏာတိ ဂဟပတိ ဝါတိ** ကသ္မာ ပဌမံ ဂဟပတိံ နိဒ္ဒိသတိ ?

(င) နိဟတမာနတ္တာ, ဥဿန္နတ္တာစ။

(ဋ္ဌ။ ၁၆၂။ သီဋ္ဌီသစ်၊ဒု။ရ၄။နေရင်း၊ဒု။၁၁၁။ ပခုက္ကူ၊ဒု။ ၁၃၃။ ဘာသာဋ္ဌီ၊ဒု။၄၃၇။ဂဏ္ဌိ။၃၅၃)

၁။ အထက်ပါဝါကျတို့ကို စရိယံ-ပုဒ်၏ စပ်သင့်ရာပုဒ်ထည့်လျက် အနက်ပေးပါ။

၂။ (ခ) ဝါကျကို စောဒနာတက်ပါ။ (အဓိပ္ပါယ် ပြန်ရန်မလို)

၃။ (ဃ+င) ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္က-ပြည့်စုံစွာ ထုတ်ပြပါ။

၄။ နိဟတမာန-ကို ဝိဂ္ဂဟ-ပြု၍ ဝစနာဒိသင်္ဂဟထုတ်ပြပါ။

၅။ ဥဿန္နတ္တာ-၌ ဘာဝသမ္ဗန်, တ္တ- သမ္ဗန် ထုတ်ပြ၍-စာစပ်ပါ။

၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏာအမည်ပေးခဲ့ပါ။

၇။ သေဋ္ဌ-ပုဒ်၊ သေဋ္ဌဋ္ဌ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို သဒ္ဒနယကျအောင်ဖြေပါ။

၈။ ဗြဟ္မစရိယံ ပကာသေတိ-၌ ဣစာဓိပ္ပေတ ဗြဟ္မစရိယအရ တရားကိုဖော်ပြပါ။

၉။ တသ္မာ အကလျာဏဇနံ (ဌ၊ ၁၅၀) ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည် ပေးပါ။

၁၀။ ဂါထာ-၌ ပရိဝဇ္ဇေယျကို ကိုယ်ပြု၍ ဘာဝစသည် ထုတ်ပြပါ။

==================

၁။ စရိယံ-၏ စပ်ပုဒ်ကား ပကာသေတိ-ဖြစ်သည်။

၂။ **"(ခ) ဝါကျ-စောဒနာ"**

ဆရာ-သည် (က)ဝါကျဖြင့် ဗြဟ္မစရိယံ-ပုဒ်ကို ကမ္မဓာရယ်ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ဗြဟ္မစရိယံ-ပုဒ်၌ ကမ္မဓာရယ်ဝစနတ္ထတမျိုးသာ ဖြစ်သင့်ပါသလော။ မည်သည့် ဝစနတ္ထ-ဖြစ်နိုင်ပါသေးသနည်း၊ အခြားဖြစ်နိုင်သော ဝစနတ္ထကိုမပြသော် အဗျာပိတ ဒေါသ-သင့် ရောက်ရာ၏။ စုစ်ကြောင့် (ခ) ဝါကျမိန့်။

၃။ **(ဃ) (င) ဝါကျ- စတုက္ကထုတ်ပုံ**

(က) နနု ဂဟပတိကုလတော အညာနိ ခတ္တိယဗြာဟ္မဏဟီနဇစ္စကုလာနိ သန္တိ။

(တနည်း) နနု ခတ္တိယာဒယောပိ ဝိပဿနာယ ကမ္မံ ကရောန္တော သင်္ကောန္တိ အရဟတ္တေ ပတိဋ္ဌာတုံ။

(ခ) အထကသ္မာ "သုဏာတိ ဂဟပတိဝါ"တိ ပဌမံ ဂဟပတိံ နိဒ္ဒိသတိ။

(ဂ) နနု နိဟတမာနော၊ ဥဿန္နော စ ဟောတိ။

(ဃ) တသ္မာ (လ) နိဒ္ဒိသတိ။

၄။ နိဟတော မာနော ယေနာတိ နိဟတမာနော။

\+ ပယ်ဖျောက်အပ်ပြီးသော (ပါ၊) နှိမ်ချအပ်ပြီးသော မာန်၏ + သူကြွယ်ဒြပ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။

\+ ပယ်ဖျောက်(ဝါ)နှိမ်ချအပ်ပြီးသော မာန်ရှိသော သူကြွယ်ဒြပ်သည်--ဝစနီယ။

\+ ပဟီနမာနော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

http://www.dhammadownload.com



၅။ ဥဿန္နတ္ထာ-၌ ဘာဝသမ္ဗန်ကား ဥဿန္နဿ-တည်း။
တ္ထာ-သမ္ဗန်ကား ဂဟပတိဿ-တည်း (ကတ္တား+သမ္ဗန်စာစပ်)
**မှတ်ချက်** နိဟတမာနတ္တာ-ဟိတ်၏သမ္ဗန်လည်း- ဂဟပတိဿ-ပင် ဖြစ်သည်။
၆။ (က) ဝါကျ သေဋ္ဌဒွေန-ဖြင့် ဖြဟ္မစရိယံ-၌ ဖြဟ္မ-သဒ္ဒါသည် ပိတာမဟာစသော အနက်တို့ကို မဟော၊ သေဋ္ဌ-အနက်ကိုဟော၏-ဟု သိစေသည်။
ဖြဟ္မဘူတံ စရိယံ-ဖြင့် ဖြဟ္မ-နှင့်-စရိယံ-ကို ဖြဟ္မဘူတံ+စရိယံ ဖြဟ္မစရိယံ-ဟု သမ္မာဝနာကမ္မဓာရယ် ပြုရမည်ဟု သိစေသည်။
(ခ) ဖြဟ္မဘူတာနံ စရိယံ-ဖြင့် ဖြဟ္မာနံ စရိယံ ဖြဟ္မစရိယံ-ဟု ဆဋ္ဌီ တပ္ပုရိသ်ပြု ရမည်ကို သိစေသည်။
ဗုဒ္ဓါဒီနံ-ဖြင့် ဖြဟ္မ-အရ ဘုရားအစရှိသော မြတ်သောပုဂ္ဂိုလ်တို့ကို ယူရမည် ဟုသိစေသည်။
(ဂ) ဝါကျဖြင့် တံ ဓမ္မံ-၌ ဓမ္မ-အရ ဆိုအပ်ပြီးသော အာဒိကလျာဏအစရှိသော အပြားတို့နှင့် ပြည့်စုံသော ပရိယတ္တိဓမ္မ၊ ပဋိပတ္တိဓမ္မ တို့ကိုယူရမည်ဟု သိစေသည်။
၇။ **သေဋ္ဌ** ကား ပသတ္ထ ပုဒ်+ဣဋ္ဌ ပစ္စည်း။ ပသတ္ထကို သပြု၊ ဣကို ဧပြု၍ပြီးသည်။ (ကစ္စည်း-၂၆၃-သုတ်)
(တနည်း) ဝုဍ္ဎ-ပုဒ်၊ ဣဋ္ဌ-ပစ္စည်း။ ဝုဍ္ဎ-ကို သ-ပြု၊ ဣ-ကို ဧ-ပြု၍ပြီးသည်။ (ဓာန်ဋီ။၆၉၅။)
**သေဋ္ဌဋ္ဌ** ကား သေဋ္ဌပုဒ်+အတ္ထပုဒ်။ သေဋ္ဌတ္ထဟူလိုလျက် တ္ထကို ဋ္ဌပြု၍ သေဋ္ဌဋ္ဌဟု ပြီးသည်။
**ခေတ္တိယ**-ကား ခေတ္တ-ပုဒ်၊ ဣယ-ပစ္စည်း။ ခေတ္တိယ-ဟူလိုလျက် ခေ-၌ ဧ-ကို အ-ပြု၍ ပြီးသည်။
- **ခေတ္တာနံ အဓိပတိ ခေါ ဝါသေဋ္ဌ ခတ္တိယော ခတ္တိယောတွေဝ ဒုတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ။ (ဒီ၊ ၃။ အဂ္ဂညသုတ်)**
- **ခေတ္တာနံ အဓိပတိဘူတတ္တာ ခတ္တိယော၊ (သုစိ)**

၈။ **တတ္ထာဓိပ္ပေတဖြဟ္မစရိယ**-အရ သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော အလုံးစုံသော သာသနာကို ယူရပါသည်။
- **တ္ထမသိဒ္ဓိ ဉာနေ တ္ထာဒမေဝ "ဖြဟ္မစရိယ" န္တိ အဓိပ္ပေတံ၊ (ဉ၊ ၁၆၁၊)**

**မာနနှင့်ဒပ္ပအထူး**

ဒုဗ္ဗလမာန်သည် မာန။ ဗလဝမာန်သည် ဒပ္ပ။
- **ဒုဗ္ဗလံ မာနံ၊ ဗလဝံ ဒပ္ပံ၊ (သီဋီသစ်၊ ၁၊ ၇၅၊)**

၉။၁၀။ ဝါကျဥယျာဉ် (၁၄၀) ၌ ဖြေခဲ့ပြီ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် ( ၁၅၃ )

## ၁၃၁၆-အမှိုးရ

(က) **ပစ္စာဇာတောတိ** ပတိဇာတော။ **တ္ထတိ ပဋိသန္ဓိဝ္ဝသေတိ** ဝဝံ ပစ္စဝေက္ခတိ။
(ခ) **သမ္မာဓောယရာဝါသောတိ** သစေပိ သင္ခိပတ္ထေဿဃရေ ယောနေသတန္တရေပိ ဝါ ဒွေဇာယမ္ပတိကာ ဝသန္တိ၊ တထာပိ နေသံ သကိဥ္စနသပလိဗောဓဋ္ဌေန ဃရာဝါသော သမ္ဗာဓောယေဝ။

(ဋ။ ၁၆၂။ သီဋီသစ်၊ ဒု။ ၇၅။ နေရင်း၊ ဒု။ ၁၃။ ပဒက္ကျ၊ ဒု။ ၁၃၁။ ဘာသာဋီ၊ ဒု။ ၄၄၀။ ဂဏ္ဍိ။ ၃၅၄။)

http://www.dhammadownload.com



၁။ အထက်ပါ (၁)အမှတ်ပြ ဝါကျကို အနက်မှန်မှန် သမွန်ခဲ့ပါ။
၂။ (၁) ဝါကျ၌ လိုရင်းပဓာနကောက်၍ "ဃရာဝါသော" ကတ္တားပုဒ်ကိုသာ ပညတ်နည်း စောဒနာထွက်ခဲ့ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)
၃။ (၁) ဝါကျ၌ "သစေပိ" သဒ္ဒါထားရခြင်းအကြောင်းနှင့် စောဒကာဘောဂ စောဒနာ, ပရိဟာရာဘောဂ, ပရိဟာရ ဝါကျတို့ကို ထုတ်ပြခဲ့ပါ။
၄။ (၁) ဝါကျပါ ဃရာဝါသော-ပုဒ်ကို အစိတ်အပေါင်း+ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထ၌ ဆက္ကာ-ထုတ်ပြပါ။
၅။ ဋ္ဌာတိနိဟတမာနတ္တာ, ဥဿန္နတ္တာစ ပဌမံ ဂဟပတိ နိဒ္ဒိသတိ-ပါဌ်၌ ဥဿန္နတ္တာဟူသော ဟိတ်၏သမ္ဗန်ကိုခံပြီးလျှင် ဘာဝသမ္ဗန်ပုဒ်၏ ဖြစ်ထိုက်သော ပစ္စယတ္ထကိုညွှန်ခဲ့ပါ။
၆။ (က) အမှတ်ရှိဝါကျတို့၌ အဋ္ဌကထာဘောဂကို ဖော်ပြ၍ သံဝဏ္ဏနာဆက္ကတွင်ဖြစ်သင့်သော သံဝဏ္ဏနာသို့ သွင်းပြခဲ့ပါ။
၇။ "ပလိဗောဓ"ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ (၁) ဝါကျလာ စကားရပ်ဖြင့် ဆောင်၍သိအပ်သော နေယျတ္ထအဓိပ္ပါယ်ကိုပြပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည်ပေးပါ။

အာဒိမှိ သီလံ ဒသေယျ၊ မဇ္ဈေ မဂ္ဂံ ဝိဘာဝယေ။
ပရိယောသာနေစ နိဗ္ဗာနံ၊ ဧသာ ကထိကသဏ္ဌိတိ။

၁၀။ အထက်ပါ ဂါထာ၌ ဖြစ်သင့်သော ဘာဝ ဝိဘာဝ အနုဘာဝတို့ကို ထုတ်ပြပါ။

==================

၂။ (၁) ဝါကျ၌ လိုရင်းပဓာနကား သမ္ဗာဓောယေဝတည်း။
အဓိပ္ပါယ်ကား ကျဉ်းမြောင်းသည်သာတည်းဟူလို။

**ဃရာဝါသော သို့ ပညတ်နည်း စောဒနာထွက်ပုံ**

ဆရာ-သည် သမ္ဗာဓောယေဝဖြင့် ကျဉ်းမြောင်းသည်သာတည်းဟုဆို၏။ အဘယ် အရာသည် ကျဉ်မြောင်းပါသနည်း၊ ရဟန်းဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်းပါသလော၊ ကျဉ်းမြောင်းသောအရာကို မပြသော် ဆရာအား အဗ္ဗာပိတ-၏၊ စုဒ်ကြောင့် ဃရာဝါသော-မိန့်။

**အဓိပ္ပါယ်ကား** အိမ်၌ နေခြင်းသည် ကျဉ်းမြောင်း၏ ဟူလိုသော်။

၃။ **သစေပိ သဒ္ဒါထားရခြင်း**

အတောင်(၆၀) ရှိသောအိမ် စသည်တို့၌ လင်မယားနှစ်ယောက် နေရပါလျက် အိမ်၌နေခြင်းသည် ကျဉ်မြောင်း၏ဆိုသော "ဃရာဝါသော သမ္ဗာဓောယေဝ"ဟူသော ပါဠိတော် သဒ္ဒါကို မနှစ်သက်သောကြောင့် သစေပိသဒ္ဒါထားပါသည်။

**(ခ) စတုက္ကထုတ်ပုံ။**

(က) နနု သဋ္ဌိဟတ္ထေဃရေ, ယောနေသတန္တရေပိဝါ ဒွေဇာယမ္ပတိကာ ဝသန္တိ။
(ခ) အထကသ္မာ ဃရာဝါသော သမ္ဗာဓောယေဝါတိ ဝုတ္တံ။
(ဂ) နနု နေသံ သကိဥ္စနသပလိဗောဓော ဟောတိ။
(ဃ) တသ္မာ ဃရာဝါသော သမ္ဗာဓောယေဝါတိ ဝုတ္တံ။

၄။ ဃရတိ ကိလေသဝသံ ဝ္တောတိ ဃရံ (ဃရ+ဏ)
ဒဗ္ဗသမ္ဘာရံ ဂယှတီတိ ဝါ ဃရံ၊ ဂဟာဿ ဃရာဒေသော။ ကမ္မနိ ဏော (သူစိ)
အာဝါသနံ အာဝါသော၊ ဃရေ အာဝါသော ဃရာဝါသော။
အိမ်၏+နေခြင်းနှင့် ဌာန+ဌာနီစပ် ဝစနဟောတု၊
အိမ်၌ နေခြင်းသည် ဝစနီယ၊

http://www.dhammadownload.com



ဂေဟာဝါသော စသောပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထာ၊

**တနည်း** အာဝသန္တိ ဧတ္ထာတိ အာဝါသော၊

ဃရသင်္ခါတော အာဝါသော ဃရာဝါသော၊

အိမ်၏ + နေရာနှင့် ဂုဏ် + ဂုဏေးစပ် ဝစနပဟေတု၊

အိမ်ဟု ဆိုအပ်သော နေရာသည် ဝစနီယ၊

ဂေဟာဝါသော စသောပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထာ၊

**မှတ်ချက်** နေရင်း၌ ဃရာဝါသော=အိမ်ထောင်ခြင်းသည် (အိမ်၌နေခြင်းသည်လည်း ဟူ၏) ဟူ၍လည်းကောင်း။ ပဒက္ကမျှသျှ၌ "ဃရာဝါသော=အိမ်ဟူသော နေရာသည်"ဟု လည်းကောင်းအနက် ပေးကြသည်။

+ ရာဂါဒယော သတ္တေကိဋ္ဌန္တိ မဒ္ဒန္တိ ပလိဗုဒ္ဓန္တီတိ ကိဋ္ဌနာနိ။ (သီဋီသစ်၊ ဒု၊ ၂၁၆)

ပရိသမန္တတော ဗောဓေတီတိ ပလိဗောဓော။ ပရိပုဗ္ဗ+ဗုဓ+ဟိံ သာယံ။ ရဿ လော။ (ဓာတု ပစ္စယဒီပနီ) ပရိဗုန္ဓယတီတိ ပလိဗောဓော။ (ဗုဓိ-ဟိံသာယံ) (နီတိ။ ဓာတု။)

၅။ ဝါကျဥယျဉ် (၁၅၂) ၌ဖြေခဲ့ပြီ။

၆။ (က) ပတိဇာတောဖြင့် ပစ္စာဇာတောကို ပတိ + အာ + ဇာတော-ဟု ပုဒ်ဖြတ်ရမည် ကိုရင်း, (ပဒသံဝဏ္ဏနာ) ပစ္စ-သဒ္ဒါ၏ ပတိ-ဥပသာရ၏ကာရိယ-လည်းကောင်း, (ပဒသံဝဏ္ဏနာ) အာဥပသာရ-၏ ဓာတွတ္ထာနုဝတ္တက အဖြစ်ကိုလည်းကောင်း (ပဒတ္ထသံဝဏ္ဏနာ) သိစေပါသည်။ ဇပ်-ဖြင့် ဇ္ဇာတိ-သဒ္ဒါ၏ နိဒဿန-အနက်ဟောသည်၏ အဖြစ်ကိုသိစေပါသည်။ (ပဒတ္ထ-သံဝဏ္ဏနာ) ပစ္စဝေက္ခတိ-ဖြင့် ပဋိသဥ္စိက္ခတိ-၌ ပဋိရှေး + သံရှေးရှိသော စိက္ခ-ဓာတ်၏ ပစ္စဝေက္ခဏ အနက်ဟောသည်၏အဖြစ်ကို သိစေသည်။ (ပဒတ္ထ)

၇။ **ပလိဗောဓ**-ကား ပရိရှေး+ဗုဓိ-ဓာတ်+ဏ-ပစ္စည်း။ ဗ-အစိတ်-ဥ-ကို ဩပြု၊ ပရိဗောဓ ဟူလိုလျှက် ရ-ကို လပြု၍ ပြီးသည်။

၈။ **နေယျတ္ထအဓိပ္ပါယ်**

(၁) တဝါကျလုံးဖြင့် အိမ်ယာတည်ထောင် လူတို့ဘောင်၌ နေရခြင်းသည် ကျဉ်မြောင်း၏-ဟု ဆိုသဖြင့် ရဟန်းဘောင်၌ နေရခြင်းသည် ကိဋ္ဌနပလိဗောဓ-မရှိသော ကြောင့် ကျယ်လွန်း၏ဟူသော အဓိပ္ပါယ်ကို ဆောင်၍ သိအပ်ပါသည်။

ယင်း (၁) ဝါကျ၌ ဒွေ-ဖြင့် မယားတယောက်ရှိသူအဖို့ပင် ကျဉ်မြောင်းသေး၏။ မယားများစွာရှိသူ အဖို့မှာမူကား ဆိုဖွယ်ရာမရှိသာ၍ ကျဉ်မြောင်းသည်သာ-ဟူသော အဓိပ္ပါယ် ကိုဆောင်၍ သိအပ်ပါသည်။ (သီဋီသစ်၊ ၇၅)

**"ကိဋ္ဌနနှင့် ပလိဗောဓ အထူး"**

ဖိစီးနှိပ်စက်ကန့်ကွက်တားမြစ်တတ်သော ရာဂစသောအန္တရာယ်သည် **ကိဋ္ဌန**။

ထက်ဝန်းကျင်မှ ပိတ်ပင်နှောက်ယှက် ကန့်ကွက်တားမြစ်တတ်သော လယ်,ယာ, ကိုင်းကျွန်း စသော အန္တရာယ်သည် **ပလိဗောဓ**၊ ဤသို့ထူးသည်။

❖ **ရာဂါဒနာ ကိဋ္ဌနံ၊ ခေတ္တဝတ္ထာဒိနာ ပလိဗောဓနံ။ (သီဋီသစ်၊ ၇၅)**

၉။ ပဥ္စမ-မကာရ ဝိပုလာဂါထာဖြစ်သည်။

၁၀။ ✣ တရားဟော ပုဂ္ဂိုလ်၏ သန္တာန်၌ ဒေသနာဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂါရဝ၊

✣ သီလ, မဂ်, နိဗ္ဗာန်သည် အာရမ္ဘကဝိဘာဝ။

✣ သီလ, မဂ်, နိဗ္ဗာန်၏ ဂုဏ်သည် ဥဒ္ဒိပနဝိဘာဝ။

✣ သီလ, မဂ်, နိဗ္ဗာန် ဂုဏ်ကို သိရခြင်း, သိသဖြင့် ကျင့်ခြင်း စသော အကျိုးတရား အဆက်ဆက်သည်အနုဘာဝ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၁၅၄ )

**[ ၁၃၅၀-ခု အစိုးရ ]**

(က) **ရဇောပဓောတိ** ရာဂရဇာဒိနံ့ **ဥဠာနဠာနဋ္ဌိ** မဟာအဋ္ဌကထာယံ ဝုတ္တံ။

(ခ) အာဂမနပထောတိပိ ဝဒန္တိ။

(ဂ) အလဂ္ဂနဋ္ဌေန အဗ္ဘောကာသော ဝိယာတိ **အဗ္ဘောကာသော၊**

(ဃ) ပဗ္ဗဇိတော ဟိ ကူဋာဂါရရတနပါသာဒဒေဝဝိမာနာဒီသု ပိဟိတဒွါရဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တောပိ နေဝ လဂ္ဂတိ န သဇ္ဇတိ န ဗဇ္ဈတိ။

(င) တေန ဝုတ္တံ "အဗ္ဘောကာသော ပဗ္ဗဇ္ဇာ"တိ။

(ဋ္ဌ။၁၆၂။သီဋ္ဌီသစ်၊ဒု။၉၅။နေရင်း။ဒု။၁၁၄။ပခုက္ကူ၊ဒု။၁၃၅။ဘာသာဋီ၊ဒု။၄၄၂။ဂဏ္ဌိ။၃၅၄။)

၁။ (ဂ+ဃ) ဝါကျတို့ကိုသာ အနက်ပေးပါ။

၂။ (ဃ) ဝါကျကိုသာ သာဘော ဒေါသာရောပန စောဒနာ တက်ပြခဲ့ပါ။ (အဓိပ္ပါယ်ပြရန်မလို)

၃။ (ဃ+င) ဝါကျတို့ကို အာဘောဂါဒိစတုက္ကထုတ်ဆောင်ပြပါ။

၄။ ရဇောပထွောကိုအစိတ်+အပေါင်းဝစနတ္ထ-ပြု၍ အပေါင်းဝစနတ္ထ-၌ ဝစနာဒိဆက္ကထုတ်ပြခဲ့ပါ။

၅။ အလဂ္ဂနဋ္ဌေန-ဟူသော ဟိတ်ပါဌ်ကို "အလဂ္ဂနတ္တေန"ဟု ဘာဝတဒ္ဓိတ်ပုဒ် ပြင်လျှင် ဖြစ်သင့်ရာ သမ္ဗန်ပုဒ်ကို ဖော်ပြပြီး ရသင့်တိုင်း စာစပ်ပြခဲ့ပါ။"

၆။ (က) ဝါကျ၌ အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။

၇။ (ဂ) အမှတ်ပြဝါကျပါ ပိဟိတဒွါရဝါတပါနေသု-၌ နိရုတ္တိနည်းဖြင့် မည်သို့ပိဟိတ ပုဒ်ဖြစ်လာသည်ကို ရှင်းလင်းဖော်ပြပါ။

၈။ အိမ်ရာထောင်သူ လူ့အဖြစ်သည် အဘယ့်ကြောင့် ကျဉ်းမြောင်း၍ ရှင်ရဟန်းအဖြစ်က အဘယ်ကြောင့် လွှင်ပြင်ကျယ်နှင့် တူသည်ကို ယုတ္တိပြ၍ ဖြေခဲ့ပါ။

၉။ ဗျာပန္နစိတ္တော ဟိတကာမေဟိ အာစရိယုပဇ္ဈာယေဟိ ဩဝဒိယမာနော ဩဝါဒံ န ဂဏှာတိ "အတိဝိယ မေ တုမှေ ဥပဒ္ဒဝေထာ"တိ အာဒီနိ ဝတွာ ဝိဗ္ဘမတိ-ဟူသော ပါဠိကို အဓိပ္ပါယ် မပျက်စေပဲ ပထျာဝတ္တဂါထာစီကုံးပါ။ (ဋ္ဌ၊ ၁၉၁)

၁၀။ အမှတ် (၉) ပါ စကားရပ်၌ နဂဏှာတိ၏ အရတရားကိုယ်ကိုယူလျက် ဌာယီဘာဝ စသည်ထုတ်ပြခဲ့ပါ။

===================

၂။ **(ဃ) ဝါကျ သာဘော ဒေါသာရောပန စောဒနာ**

ဆရာသည် (ဂ) ဝါကျဖြင့် မငြိကပ်တတ်သော အနက်သဘောကြောင့် ရှင်ရဟန်း အဖြစ်သည် လွင်တီးခေါင်နှင့်တူသော ဟုဆို၏။ ရဟန်းသည် ပိတ်အပ်သော တံခါးမ လေသောက်ပြူတင်း တံခါးရွက်ရှိကုန်သော ဖုံးကွယ်အပ်ကုန်ပြီးသော စုလစ်မွန်းချွန်အထွဋ်တပ် သောကျောင်း ရတနာပြာသာဒ် နတ်ဗိမာန် စသည်တို့၌ နေရသည်မဟုတ်ပါလော၊ အဘယ်သို့လျှင် (ဝါ) ဘယ်ပုံဘယ်နည်း ရဟန်းအဖြစ်သည် လွင်တီးခေါင်နှင့် တူလေသနည်း။ (နေရင်း။ ၁၁၄။) ရဟန်းအဖြစ်၏ လွင်တီးခေါင်နှင့်တူပုံ အကျယ်ကို မပြဆိုခဲ့သော် သင်္ခေပ+ဝိတ္ထာရ ဆန့်-ဝိရောဓိ-၏။ စုဒ်ကြောင့် (ဃ)မိန့်။

(တနည်း) ဟိ-ကို ကာရဏဇောတ ကကြံသော နိဿယဆရာတို့အလို--- ဥပနာ, အာဘော်တူ၏။ ထိုသို့နေရပါလျက် အဘယ့်ကြောင့် ရဟန်းအဖြစ်သည် လွင်တီးခေါင်နှင့် တူ၏ဟု ဆိုပါသနည်း။ ဖလ+ကာရဏ ဆန့် ဝိရောဓိ--- ၏။ စုဒ်ကြောင့် (ဃ)မိန့်။ ဟုတက်။

http://www.dhammadownload.com



၃။ **(ဃ+င) အာဓာဘာဂါဒီ စတုက္ကထုတ်ပုံ။**

(က) နနု ပဗ္ဗဇိတော ကူဋာဂါရရတနပါသာဒဒေဝဝိမာနာဒီသု။ ပ။ ပဋိစ္ဆန္နေသု ဝသန္တော ဟောတိ။

(ခ) အထ ကသ္မာ "အဗ္ဘောကာသော ပဗ္ဗဇ္ဇာ"တိ ဝုတ္တံ။

(ဂ) နနု နေဝ လဂ္ဂတိ န သဇ္ဇတိ န ဗဇ္ဈတိ။

(ဃ) တသ္မာ "အဗ္ဘောကာသော ပဗ္ဗဇ္ဇာ"တိ ဝုတ္တံ။

၄။ ရဇ္ဇတီတိ ရဇော။ (ပကတိမြူရဏ်။) ရဇောဝိယာတိ ရဇော။ (ရာဂစသော မြူရဏ်။) ပထတိ တွေ့, ဧတေနာတိ ပထော။ ရဇာန်+ပထော ရဇောပထော။

\+ ရာဂစသော မြူတို့၏+ထရာဖြစ်သော အိမ်၌နေခြင်း (ဃရာဝါသ)နှင့် ဌာနီ+ဌာနစပ် ဝစနဟောတု။

\+ ရာဇစသော မြူတို့၏ ထရာဖြစ်သော အိမ်၌နေခြင်း(ဃရာဝါသ) သည် ဝစနီယ။

\+ ရေကုပထော-စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

\+ ပသိဒ္ဓိ နယနမနာနိ တွောတိ ပါသာဒေါ။ ပ+သဒ+ဏ။

၅။ အလဂ္ဂနဋ္ဌေနကို အလဂ္ဂနတ္တေန-ဟုဘာဝတဒ္ဓိတ်ပုဒ်ပြင်လျှင် ယင်း၏သမ္ဗန်ကား ပဗ္ဗဇ္ဇာယ-ဖြစ်သည်။ ကတ္တား+သမ္ဗန်စပ်။ (အဗ္ဘောကာသော ပဗ္ဗဇ္ဇာ-ဟူသော ပါဠိတော်ထောက်။)

**အမှာ** (ဂ) ဝါကျအနက်ပေးရာ၌ ပဒုက္ကူနိသျှဝယ် "ယာ ပဗ္ဗဇ္ဇာ"ဟု လည်းကောင်း၊ နေရင်းနိသျှ၌ "ယောပဗ္ဗဇိတော"ဟုလည်းကောင်း ကတ္တားပုဒ်ထည့်၍ ပေးကြသည်။ ထို့ကြောင့် ပဒုက္ကူသျှအလို "ပဗ္ဗဇ္ဇာယ"ဟုလည်းကောင်း၊ နေရင်းနိသျှအလို "ပဗ္ဗဇိတဿ"ဟုလည်းကောင်း သမ္ဗန်နှစ်မျိုး ခံရမည်။

(ဃ) ၌ ဝသန္တောကို ဝသန္တတ္တာဟု ဟိတ်ပြင်က "ပဗ္ဗဇိတဿ"ဟုသမ္ဗန်ခံ။

၆။ (က) ရာဂရဇာဒိနံ့ ဥဋ္ဌာနဋ္ဌာန်-ဖြင့် ရဇောပထော၌ ရဇ-အရ ရာဂစသော ကိလေသာ မြူကိုယူ---လည်းကောင်း၊ ပထ-ပုဒ်ကို ပထတိ ဂစ္ဆတိ ပဝတ္တတိ တွောတိ ပထော-ဟု ဝစနတ္ထပြု၍ ပထ-အရ ကိလေသာမြူတို့၏ ဖြစ်ရာဃရာဝါသကို ယူရမည်ကို လည်းကောင်း အပေါင်းပုဒ်ကို ရဇာန်+ပထော ရဇောပထော-ဟု သဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု-- လည်းကောင်းသိစေသည်။

(ခ) ဖြင့် ဥဋ္ဌာနဋ္ဌာန-သည် အာဂမနပထ-၏ အနက်တူပရိယာယ်တည်းဟု သိစေ။ (သိဋ္ဌိသစ်)

(ဂ) အဗ္ဘောကာသောဝိယ-ဖြင့် အဗ္ဘောကာသော ပုဒ်ကို ဥပမာတဒ္ဓိတ်ဝစနတ္ထပြု၍ အ-ပစ္စည်း ဥပမာတဒ္ဓိတ်အနက်၌ သက်၏ဟုသိစေသည်။ အလဂ္ဂနဋ္ဌေန-ဖြင့် မငြိကပ်တတ်သော အနက်သဘောကြောင့်ရဟန်း၏အဖြစ်သည်လွင်တီးခေါင် နှင့်တူ၏ ဟုသိစေသည်။

၇။ **ဝိဟိတ-** နိရုတ္တိ ဝါကျဥယျာဉ် (၁၄၃) ၌ဖြေခဲ့ပြီ။

၈။ အတောင်(၆၀) ရှိသော အိမ်၌ဖြစ်စေ, လင်မယားနှစ်ယောက်တို့၏အကြား ယူဇနာ (၁၀၀)ခြားသော အရပ်၌ဖြစ်စေ၊ လင်မယားနှစ်ယောက်တို့ အတူနေကြရစေကာမူ ထိုလင်မယား တို့အား ဖိစီးနှိပ်စက်တတ်သော ရာဂစသော အန္တရာယ်, ထက်ဝန်းကျင်မှ နှိပ်စက်တတ်သော လယ်ယာကိုင်းကျွန်းစသော အန္တရာယ်နှင့်တကွဖြစ်သော အနက်သဘောကြောင့် အိမ်ယာ ထောင်သူလူ၏ အဖြစ်သည် ကျဉ်းမြောင်းပါသည်။

http://www.dhammadownload.com



ရှင်ရဟန်းသည် ပိတ်အပ်ပြီးသော တံခါးမ လေသောက်ပြူတင်းတံခါးရွက် ရှိကုန်သော ဖုံးကွယ်အပ်ကုန်ပြီးသော စုလစ်မွန်းချွန်အထွဋ်တပ်သောကျောင်း ရတနာပြာသာဒ် နတ်ဗိမာန် စသည်တို့၌ နေပင်နေရစေကာမူ ကပ်ငြိနှောင်ဖွဲ့ခြင်းမရှိ။ ထို့ကြောင့် ရှင်ရဟန်း အဖြစ်သည် လွင်ပြင်ကျယ်နှင့်တူပါသည်။

**တနည်း** ကုသိုလ်ပြုခြင်းငှာ (အလိုရှိတိုင်း) အခွင့်အလမ်းမရှိခြင်းကြောင့် အိမ်ယာထောင်သူလူ၏အဖြစ်သည် ကျဉ်းမြောင်းပါသည်။

ကုသိုလ်ပြုခြင်းငှာ အလိုရှိတိုင်း အခွင့်အလမ်းရှိခြင်းကြောင့် ရှင်ရဟန်းအဖြစ်သည် လွင်ပြင်ကျယ်နှင့် တူပါသည်။ (ဤအဋ္ဌကထာ၊ ၁၆၂)

၉။ ဗျာပန္နမာနသော ဘိက္ခု၊ ဥပဇ္ဈာယေဟိ သာသိတော။
ဩဝါဒံ န စ ဂဏှာတိ၊ ဟီနာယ အတိဝတ္တတိ။ (ပဋ္ဌာဝတ္တုဂါထာ၊)

၁၀။ ✣ နဂဏှာတိ အရ အဆုံးအမဩဝါဒကို မနာယူသော တပည့်ရဟန်း၏ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကောဓဒေါသဘာဝ+ရဒ္ဓရသ၊
✣ အစီးအပွားကို အလိုရှိသော ဆရာဥပဇ္ဈာယ်တို့၏ အဆုံးအမဩဝါဒကထာသည် အာရမ္မဏဝိဘာဝ၊
✣ တပည့်၏ အယောနိသော မနသိကာရ စသည်သည် ဥဒ္ဒီပနဝိဘာဝ၊
✣ ရှာနသုခစသည် အပြားရှိသော သာသနာတော်၏အရသာကို မရရှိ-မခံစားနိုင်ခြင်း စသည်သည် အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၁၅၅ )

**[ ၁၃၄၇-ခု၊ ဆရာ့ဗ္ဗဗါလ ]**

(က) ယံနူနာဟံ ကေသေစ မဿုဉ္စ ဩဟာရေတွာ ကာသာယရသပီတတာယ **ကာသာယာနိ** ဖြဟ္မစရိယံ စရန္တာနံ အနုစ္ဆဝိကာနိ ဝတ္ထာနိ **အစ္ဆာဒေတွာ** ပရိဒဟိတွာ အဂါရသ္မာ နိက္ခမိတွာ အနဂါရိယံ ပဗ္ဗဇေယျန္တိ။
(ခ) တေ္တ စ ယသ္မာ အဂါရဿ ဟိတံ ကသိဝါဏိဇ္ဇာဒိကမ္မံ **အဂါရိယန္တိ** ဝုစ္စတိ။
(ဂ) တဉ္စ ပဗ္ဗဇ္ဇာယ နတ္ထိ၊
(ဃ) တသ္မာ ပဗ္ဗဇ္ဇာ အနဂါရိယာတိ ဉာတဗ္ဗာ၊ တံ **အနဂါရိယံ**။
(င) **ပဗ္ဗဇေယျန္တိ** ပဋိပဇ္ဇေယျံ။

(ဋ္ဌ။ ၁၆၃။ သီဋီသစ်၊ဒု။ ၇၆။ နေရင်း၊ဒု။ ၁၁၆။ ပခုက္ကူ၊ဒု။ ၁၃၇။ ဘာသာဋီ၊ဒု။ ၄၄၅။ ဂဏ္ဌိ၊ ၃၅၅။)

၁။ (ခ-ဂ-ဃ) ဝါကျတို့ကို အဖွင့်အားလျော်စွာ အဂါရိယံ, အနဂါရိယံကို အနက်ပေးပါ။
၂။ (ဂ) ဝါကျကို အနုသန္ဓေ (င) ဝါကျကို ပုစ္ဆာတက်၍ ကာသာယာနိကို စာစပ်ပါ။
၃။ (ခ+ဂ+ဃ+င) ဝါကျတို့ကို ဝါကျခွဲပြပါ။
၄။ ကာသာယာနိကို ဝိဂ္ဂဟ-ပြု၍ ဉာသ်ကောက်ပြပါ။
၅။ ပရိဒဟိတွာ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ပရဿပုဒ်ဖြင့်ကတ္တုရုပ်အာချာတပဒမာလာစဉ်ပြပါ။
၆။ (ခ-ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ကသိဝါဏိဇ္ဇာဒိကမ္မံ+ကသိဝဏိဇ္ဇာဒိကမ္မံ-ဟု ပါဌ်နှစ်ထွေရှိရာသင့်ရာပါဌ်ကို အကြောင်းပြ ပြဆိုပါ။

http://www.dhammadownload.com



၈။ (က) ဝါကျ အဓိပ္ပါယ်ကို လိုရင်းမိအောင်ဖြေ၍ အတ္တာဒေတွာ ပရိဒဟိတွာ ပုဒ်တို့၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင် အနက်ပေးပါ။

၉။ ရာဂဝိရာဂမနေဇမသောကံ၊ (၄၊ ၂၀၅) စသော ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

၁၀။ (က) အမှတ်ပြ ဝါကျ၌ ဖြစ်သင့်သော ဘာဝ, ဝိဘာဝ, အနုဘာဝ, တို့ကိုထုတ်ပြပါ။

===================

၁။ **အဂါရိယံ**=အိမ်၌နေသောသူ၏အစီးအပွားဖြစ်သော လယ်ထွန်ခြင်း, ကုန်သွယ်ခြင်း စသော အမှု။ (၁-သံဝဏ္ဏနာနှင့်အညီ)

**အနဂါရိယ**=အိမ်၌နေသောသူ၏အစီးအပွားဖြစ်သောလယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်း စသော အမှု၏ မရှိရာဖြစ်သော ရဟန်း၏ အဖြစ်သို့ (ဂ-ဃ နှင့်အညီ)

၂။ **(ဂ) အနုသန္ဓေ**

ဤသို့ (၁) ဝါကျဖြင့် အနဂါရိယံ-ဝယ် အဂါရိယ-ဟူသော အစိတ်ပုဒ်၏ အဖွင့် သံဝဏ္ဏနာကို ပြပြီး၍ ယခုအခါ၌ အနဂါရိယံ-ဟူသောအပေါင်းပုဒ်၏ အဖွင့်ကိုပြလိုသော ဆရာသည်(ဂ) ဝါကျကိုမိန့်။

**(င) ဝါကျပုစ္ဆာ**

(ခ) "သတိသမ္ပဇညေန သမန္နာဂတော"တိ တေဿ ဟိ ပဒဿ အယံ ဝိတ္ထာရော။
(ဂ) ဝိဘင်္ဂပ္ပကရဏေ ပန "သတော သမ္ပဇာနော အဘိက္ကမတိ၊ သတော သမ္ပဇာနော ပဋိက္ကမတိ" တိ ဧဝံ ဧတာနိ ပဒါနိ ဝိဘတ္တာနေဝ။

(ဋ္ဌ၊ ၁၈၂။ သီဋီသစ်၊ ဒု။ ၁၀၉။ နေရင်း၊ ဒု၊၁၆၄။ပခုက္ကူ၊ဒု၊၂၀၁။ဘာသာဋီ၊တ၊၉၁။ဂဏ္ဌိ၊၃၇၄။)

၁။ (က) ဝါကျကို သတိသမ္ပယုတ္တဿေဝ ၌ ဧဝ ၏ ဝေတ္ထဖလထည့်၍ အနက်ပေးပါ။
၂။ (ခ) ဝါကျကို စောဒနာတက်၍၊ (ဂ) ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (က) (ခ) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ သမ္ပဇညပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (ခ) ဝါကျ၌ သမန္နာဂတော ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပ စာစပ်ပါ။
၆။ **ဘာသိတေတိ** ကထနေ။ **တုဏှီဘာဝေတိ** အကထနေ (ဋ္ဌ၊ ၁၈၁) ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ သမ္ပဇာန၊ တုဏှီ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ (က) ၌ သတိသမ္ပယုတ္တဿေဝဖြင့်ပြအပ်သော အဓိပ္ပါယ်ကိုဖော်ပြ၍ သတောသမ္ပဇာနော ဟု သတိနှင့် သမ္ပဇည ကိုတွဲစပ်ဟောရခြင်းအကြောင်းကိုလည်းရှင်းပြပါ။
၉။ (က) ဝါကျလာ စကားရပ်တို့ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိဂါထာ တပုဒ်စီကုံးပြပါ။
၁၀။ စာတုဒ္ဒိသော အပ္ပဋိဃော စ ဟောတိ။ပ။ ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ ၌ စရေ အရ အန္တတ္ထကိုရှု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ ထုတ်ပြပါ။

= = = = = = = = = = = = = = = = = = =

http://www.dhammadownload.com



၁။ **(က) ဝေဗ္ဗပလထည့်၍ အနက်ပေးပုံ။**

သမ္မုညသေသ၀၊ သမ္မဒေ၏သာလျှင်။ ဝသေန၊ ဖြင့်။ အတ္တော၊ ကို။ န ဝေဒိတဗ္ဗော၊ အပ်။ (ပခုက္ကူသျှ)။

၂။ **(က) ပုစ္ဆာ**

ဆရာ-မြတ်စွာဘုရားသည် "တွဓ မဟာရာဇ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ"စသည်ဖြင့် သမ္ပဇည၏အစွမ်းဖြင့်သာ အကျယ်ဝိတ္ထာရကို ပြတော်မူ၏။ ဤအကျယ်ဝိတ္ထာရ (နိဒ္ဒေသ)သည် သတိသမ္ပဇညေန သမန္နာဂတောဟူသော ဥဒ္ဒေသ၏နိဒ္ဒေသ ဖြစ်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက်အဘယ်ကြောင့်သမ္ပဇည၏အစွမ်းဖြင့်သာ အကျယ်ဝိတ္ထာရကို ပြတော်မူအပ်သနည်း။ စုဒ်ကြောင့် (က) မိန့်။

**အဓိပ္ပါယ်အား**-သတိနှင့်ယှဉ်သော သမ္ပဇည၏အစွမ်းဖြင့်သာအနက်ကိုသိအပ်သည်၏ အဖြစ်ကြောင့် သမ္ပဇည၏အစွမ်းဖြင့်သာ အကျယ်ဝိတ္ထာရကို ပြတော်မူအပ်ပါ၏ ဟူလို။

- **နနု "သတိသမ္ပဇညေန သမန္နာဂတော"တိ ဧတဿ ဥဒ္ဒေသဿာယံ နိဒ္ဒေသော၊ အထ ကသ္မာ သမ္ပဇညဝသေနေဝ ဝိဘင်္ဂေါ ကတောတိ စောဒနံ သောဓေန္တော "သမ္ပဇာနကာရီတိဧတ"တိ အာဒိမာဟ။ သတိသမ္ပယုတ္တဿေဝ သမ္ပဇာနဿ ဝသေန အတ္ထဿ ဝိဒိတဗ္ဗတ္တာ ဧဝံ ဝိဘင်္ဂေါ ကတောတိ ဝုတ္တံ ဟောတိ။ (သီဋီသစ်)**

**(ခ) ပါဠိ ဇောဒနာထက်ပုံ။**

ဆရာ၊ ဆရာသည် (က) ဖြင့် သမ္ပဇာနကာရီ-ဟူကုန်သော အလုံးစုံသော ပုဒ်တို့၌ သတိနှင့်ယှဉ်သော သမ္ပဇည၏ အစွမ်းဖြင့် အနက်ကို သိအပ်သော-ဟုဆို၏။ တွဓ မဟာရာဇ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ-စသောအကျယ်ကို သမ္ပဇည၏ အစွမ်းဖြင့်သာ ဟောတော်မူအပ်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် သမ္ပဇာနကာရီ-ဟူကုန်သော အလုံးစုံသောပုဒ်တို့၌ သတိနှင့်ယှဉ်သော သမ္ပဇည၏အစွမ်းဖြင့် အနက်ကို သိအပ်သောဟု ဆိုပါသနည်း။ အကယ်၍ယင်းသို့ဆိုခြင်း၏ အကြောင်းကိုမပြဆိုခဲ့သော် ဖလ, ကာရဏသန့်ကျင်သော ဝိရောဓိ-၏။ စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပါယ်အား**- (ခ) ဖြင့် တွဓ မဟာရာဇ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ- အစရှိသော ဤအကျယ်ဝိတ္ထာရသည် "သတိသမ္ပဇညေန သမန္နာဂတော" ဟူသောအကျဉ်းပုဒ်၏ အကျယ်ဝိတ္ထာရ ဖြစ်သောကြောင့် သမ္ပဇာနကာရီ ဟူကုန်သောအလုံးစုံသောပုဒ်တို့၌ သတိနှင့်ယှဉ်သော သမ္ပဇည၏အစွမ်းဖြင့် အနက်ကိုသိအပ်၏ ဟုပါပြ--ဟူလို။

- **နနုစ သမ္ပဇညဝသေနေဝါယံ ဝိဘင်္ဂေါ၊ အထ ကသ္မာ သတိသမ္ပယုတ္တဿ သမ္ပဇညဿ ဝသေန အတ္ထော ဝေဒိတဗ္ဗောတိ စောဒနာယံ သောဓေတိ "သတိသမ္ပဇညေန သမန္နာဂတောတိ ဧတဿ ဟိ ပဒဿ အယံ ဝိဘင်္ဂေါ"တိ ဣမိနာ။ (သီဋီသစ်)**

**(ဂ) ပါဠိ အနုသန္ဓေထက်ပုံ။**

ဤသို့ (ခ)ဖြင့် သမ္ပဇာနကာရီ- ဟူကုန်သော အလုံးစုံသောပုဒ်တို့၌ သတိနှင့်ယှဉ်သော သမ္ပဇည၏အစွမ်းဖြင့် အနက်ကိုသိအပ်၏ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ဝိဘင်္ဂပါဠိတော်၌လာသောနည်းဖြင့်လည်း ထိုဆိုအပ်ခဲ့ပြီးသော အနက်ကိုပြေစေ, ပြီးစေခြင်းငှါ (ဂ) မိန့်။

- **ဣဒါနိ ဝိဘင်္ဂနယေနာပိ တမတ္ထံ သမတ္ထေတုံ "ဝိဘင်္ဂပ္ပကရဏေ ပနာ"တိ အာဒိ ဝုတ္တံ၊ (သီဋီသစ်)။**

**(ဂ) ပါဠိ ဂဏ္ဌိသစ်ကျမ်းထက်ပုံ။**

သတိသမ္ပဇညေန သမန္နာဂတော-ပုဒ်၏ အကျယ်ဖြစ်သောကြောင့်သာယင်းသို့အနက်ကို သိအပ်သည်မဟုတ်-ဟုပြလိုသောကြောင့် "ဝိဘင်္ဂပ္ပကရဏေ"စသည်မိန့်။

**မှတ်ချက်** ဂဏ္ဌိသစ်အလို (ခ) ပါဠိကိုပင် ပုဗ္ဗာနုသန္ဓေထားရမည်။

http://www.dhammadownload.com



၃။ **(က+ခ) ဝါကျစောဒကအောဘေဒါဒီစဝေဇှုက္ကထုတ်ပုံ။**

(က) နနု သမ္ပဇညဝသေနေဝါယံ ဝိတ္ထာရော (ဝုတ္တော) ။

(ခ) အထ ကသ္မာ သတိသမ္ပယုတ္တဿ သမ္ပဇညဿ ဝသေန အတ္ထော ဝေဒိတဗ္ဗော။

(ဂ) နနု သတိသမ္ပဇညေန သမန္နာဂတောတိ ဧတဿ ပဒဿ အယံ ဝိတ္ထာရော။

(ဃ) တသ္မာ သတိသမ္ပယုတ္တဿ သမ္ပဇညဿ ဝသေန အတ္ထော ဝေဒိတဗ္ဗော။

**(က) ဝါကျ သိဒ္ဓိသစ်နှင့်အညီ စဇ္ဇုက္ကထုတ်ပုံ။**

(က) နနု "သတိသမ္ပဇညေန သမန္နာဂတော"တိ ဧတဿ ဥဒ္ဒေသဿာယံ နိဒ္ဒေသော။

(ခ) အထ ကသ္မာ သမ္ပဇညဝသေနေဝ ဝိတ္ထာရော ကတော။

(ဂ) နနု သတိသမ္ပယုတ္တဿေဝ သမ္ပဇညဿ ဝသေန အတ္ထော ဝေဒိတဗ္ဗော။

(ဃ) တသ္မာ သမ္ပဇညဝသေနေဝ ဝိတ္ထာရော ကတော။

၄။ သမန္တတော ပကာရေဟိ ဇာနာတီတိ သမ္ပဇာနော။
သမန္တတော ပကဋ္ဌံ ဝါ သဝိသေသံ ဇာနာတီတိ သမ္ပဇာနော။
သမ္ပဇာနဿ+ဘာဝေါ သမ္ပဇည်။ (သိဒ္ဓိသစ်။ ဒု။ ၈၁)
ထက်ဝန်းကျင်မှအပြားတို့ဖြင့် သိတတ်သော ပုဂ္ဂိုလ်၏+ဉာဏ်နှင့် အကျိုး+အကြောင်း
ဂုဏ်+ ဂုဏေးစပ်---ဝစနဟေတု။
ထက်ဝန်းကျင်မှအပြားတို့ဖြင့်သိတတ်သောပုဂ္ဂိုလ်၏ဖြစ်ကြောင်းဉာဏ်သည်-ဝစနီယ။
သမ္ပဇာနဘာဝေါ-စသော ပရိယာယ်သဒ္ဒါများသည်---ဝစနီယတ္ထ။

(ဇာနည်း) သမန္တတော, သမ္မာ, သမံ ဝါ ပဇာနနံ သမ္ပဇာနံ။ (ဉာဏ်ရင်း)
သမ္ပဇာနမေဝ သမ္ပဇည်။ (သိဒ္ဓိသစ်။ ဒု။ ၈၂)

အမှာ ဒုတိယနည်းကား မူလဋီကာဆရာ အာနန္ဒာထေရ်၏ဝါဒတည်း။

**သမ္ပဇာနကာရီ**

သမ္ပဇာနနံ သမ္ပဇာနံ။ (ဉာဏ်ရင်း)
သမ္ပဇာနေန+ကာရီ သမ္ပဇာနကာရီ။

(တနည်း) သမ္ပဇာနံ+ကာရီ သမ္ပဇာနကာရီ။ (ဒု-တပ္ပုရိသ်)

(တနည်း) ကရဏံ ကာရော။ သမ္ပဇာနဿ+ကာရော သမ္ပဇာနကာရော။
သမ္ပဇာနကာရော+ဧတဿ အတ္ထီတိ သမ္ပဇာနကာရီ။

အမှာ ဤကား ၄။ ၁၆၅။ သိဒ္ဓိသစ်။ ဒု။ ၈၂-တို့လာ ဝိဂ္ဂဟဖြစ်သည်။

၅။ (ခ) ၌ သမန္နာဂတော-ကို သမန္နာဂတတ္တာ-ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ဘိက္ခုနော-ဟုခံ။ (ကတ္တား+သမ္ဗန်ဇာစပ်)

◆ **ဘိက္ခု သတိသမ္ပဇညေန သမန္နာဂတော ဟောတိ။ (ပါဠိတော်) ထောက်။**

၆။ ကထနေ-ဖြင့် ဘာသိတေ-၌ တ-ပစ္စည်း၏ ဘာဝသာဓနအနက်၌သက်--လည်းကောင်း၊ ဘာသနံ ဘာသိတံ-ဟု ဘာဝသာဓ်ဝစနတ္ထပြု--လည်းကောင်း၊ ဘာသဓာတ် ၏ ကထန-အနက်ဟော--လည်းကောင်း-သိစေပါသည်။

အကထနေ-ဖြင့် တုဏှီဘာဝေ-၌ ဏ-ပစ္စည်း၏ ဘာဝသာဓနအနက်၌သက်---လည်းကောင်း၊ တုဏှီဘဝနံ တုဏှီဘာဝေါ-ဟုပြု--လည်းကောင်း၊ ဆိတ်ဆိတ်ဖြစ်ခြင်းဟူသည်--စကားမဆိုခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း-သိစေသည်။

၇။ သမ္ပဇာန-ပုဒ်နိရုတ္တိကို ဝါကျဥယျာဉ်(၁၅၉)၌လည်းကောင်း၊ ဇဏှိ-ပုဒ်နိရုတ္တိကို ဝါကျဥယျာဉ် (၁၂၉) ၌လည်းကောင်း-ပြခဲ့ပြီ။

http://www.dhammadownload.com



၈။ **"သတိသမ္ပယုတ္တသောဝ-ဖြင့် ပြအပ်သောအဓိပ္ပါယ်"**

သတိသမ္ပယုတ္တသော၀-ဟူသောပါဌ်ဖြင့် "သမ္ပဇဉ်၏သိခြင်းကိစ္စအားဖြင့် ပြဓာန်းသည်၏အဖြစ်ကို ယူအပ်သကဲ့သို့ ထိုအတူ သတိ၏လည်း အောက်မေ့ခြင်းကိစ္စအားဖြင့် ပြဓာန်းသည်၏အဖြစ်ကို ယူအပ်၏"ဟူသော အနက်အဓိပ္ပါယ်ကို ပြပါသည်။

ထိုသတိသမ္ပယုတ္တသော၀-ဟူသောပုဒ်သည် သတိ၏သမ္ပဇဉ်နှင့် အတူတကွဖြစ်ကာမျှကိုပြကြောင်းဖြစ်သောပုဒ်ကားမဟုတ်။

◆ **"သတိသမ္ပယုတ္တသောဝါ"တိဣမိနာ ယထာ သမ္ပဇညဿ ကိစ္စဝသေ ပဓာနတာ ဂဟိတာ၊ ဧဝံ သတိယာပီတိ အတ္ထံ ဒသေတိ။ န ပနေတံ သတိယာ သမ္ပဇညေန သဟဘာဝ မတ္တဒဿနံ။ (သီဋီသစ်)**

**"သတော သမ္ပဇာနော-ဟု တွဲစပ်ဟောရ ခြင်း"**

ဉာဏ်သည်သတိနှင့်ကင်း၍ တခါတရံမျှဖြစ်ခြင်းသဘောမရှိသောကြောင့် (ဉာဏ်ယှဉ်ရာစိတ်တိုင်း၌ သတိယှဉ်သည်သာဖြစ်သောကြောင့်) သတော သမ္ပဇာနော ဟု သတိနှင့်သမ္ပဇဉ်ကို တွဲစပ်၍ဟောတော်မူသည်၊

◆ **န ဟိ ကဒါစိ သတိရဟိတာ ဉာဏပ္ပဝတ္တိ အတ္ထိ။ (သီဋီသစ်)**

၉။ **(က) ဝါကျ ဂါထာစီ။**

သမ္ပဇာနကာရီတိစ၊ အနုနကေဿ ပဒေသု။

သတိယုတ္တဿ ဉာဏဿ၊ အတ္တော ဝသေန ဝေဒိယော။ (ပထမတ-ကာရဝိပုလာဂါထာ)

၁၀။ **စရေ-၌ အန္တတ္ထကို ရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။**

✣ စရေ-၌ စရ-ဓာတ်အရ တယောက်တည်း ငြိမ်သက်တည်ကြည်စွာ ကျင့်သုံးနေထိုင်သောပုဂ္ဂိုလ်၏ သမာဓိပြဓာန်းသော စိတ္တုပ္ပါဒ်သည်--သမဋ္ဌာယီဘာဝ+သန္တရသ။ (တနည်း) ကျင့်ကြံကြိုးထုတ်အားထုတ်သော ပုဂ္ဂိုလ်၏ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်--ဥဿာဟဋ္ဌာယီဘာဝ+ဝီရရသ။

✣ ဗြဟ္မဝိဟာရဈာန်၏အစွမ်းဖြင့်ဖြစ်သော သတ္တပညတ်ဟူသော ကမ္မဋ္ဌာန်းအာရုံသည်---အာရမ္မဏဝိဘာဝ။

✣ စိမ်းလန်းစိုပြေသော တော တောင် စသည်သည် - ဥဒ္ဒီပနဝိဘာဝ၊

✣ အရပ်လေး မျက်နှာသို့ အပိတ်အပင်အဆီးအတားမရှိ သွားလာနိုင်ခြင်း, ဘေးရန်တို့ကို သည်းခံနိုင်ခြင်း, ကိုယ်ခက်ထရော်မှုမရှိခြင်း-စသည်သည်--အနုဘာဝ။

## ဝါကျဥယျာဉ် ( ၁၆၅ )

(က) ဣဒါနိ တမတ္ထံ ဥပမာယ သာဓေန္တော **"သေယျထာပိ"**တိ အာဒိမာဟ။

(ခ) တတ္ထ **ပက္ခီ သကုဏောတိ** ပက္ခယုတ္တော သကုဏော။

(ဂ) **ဍေတီတိ** ဥပ္ပတတိ။

(ဃ) အယံ ပနေတ္ထ သင်္ခေပတ္ထော--သကုဏာနာမ "အသုကသ္မိံ ပဒေသေ ရုက္ခော ပရိပက္ကဖလော"တိ ဉတွာ နာနာဒိသာဟိ အာဂန္တွာ နခပတ္တတုဏ္ဍာဒီဟိ တဿဖလာနိ ဝိဇ္ဈန္တာ ဝိဓုနန္တာ ခါဒန္တိ။ "ဣဒံ အဇ္ဇတနာယ, ဣဒံ သွာတနာယ ဘဝိဿတီ"တိ တေသံ န ဟောတိ။ ဖလေ ပန ခီဏေ နေဝ ရုက္ခဿ အာရက္ခံ ဌပေန္တိ၊ န တတ္ထ ပတ္တံဝါ နခံ ဝါ တုဏ္ဍံ ဝါ ဌပေန္တိ၊ အထ ခေါ တသ္မိံ ရုက္ခေ အနပေက္ခော ဟုတွာ, ယော ယံ ဒိသာဘာဂံ ဣစ္ဆတိ၊ သော တေန သပတ္တဘာရောဝ ဥပ္ပတိတွာ ဂစ္ဆတိ၊ ဧဝမေဝ အယံ ဘိက္ခု နိဿင်္ဂေါ နိရပေက္ခော ယေန ကာမံ ပက္ကမတိ။

(ဋ္ဌ။ ၁၈၆။ သီဋီသစ်၊ ဒု။ ၁၁၇။ ပဋိက္ကူး ဒု။ ၂၁၄။ ဘာသာဋီ၊ ဒု။ ၁၁၁။ ဂဏ္ဌိ၊ ၃၇၉)

http://www.dhammadownload.com



၁။ (က) ဝါကျကို ပုဗ္ဗာနုသန္ဓေပြည့်စွက်၍ အနက်ပေးပြပါ။
၂။ (ခ) ဝါကျကို အနုသန္ဓေတက်၍၊ (ဂ) ဝါကျကို သံဝဏ္ဏနာနုရူပစောဒနာတက်ပြပါ။
၃။ (ဃ) ဝါကျ၌ ဖလေ ပန ဒီဓော နေဝ ရုက္ခဿ အာရက္ခံ ဌပေန္တိ-ကို စောဒကာဘော-ဂါဒိ စတုက္ကထုတ်ပြပါ။
၄။ သပတ္တဘာရောပုဒ်ကို အစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိသက္ကထုတ်ပြပါ။
၅။ (ဃ) ဝါကျ၌ ပရိပက္ကဖလော-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး အတ္ထာနုရူပစာစစ်ပါ။
၆။ (ခ) (ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ပက္ကံ၊ သကုဏ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ ပါဠိတော်၌ သေယျထာပိ မဟာရာဇ သကုဏော-ဟုသာဟောလျှင် ပြီးကောင်းပါလျက် ပက္ခီ-ဟူသော ဝိသေသနပုဒ်ထည့်သွင်း ဟောကြားရခြင်း အကြောင်းကိုဖြေဆိုပါ။
၉။ စာတုဒ္ဒိသော။ပ။ ခဂ္ဂဝိသာဏကပ္ပေါ-ဂါထာကိုဆန်းစစ်၍ဂါထာအမည်,ဆန်းအမည်ပေးပြပါ။
၁၀။ (၉) နံပါတ်ဂါထာ၌ သန္တုဿမာနော-ဝယ် အန္တတ္ထကိုရှု၍ ဘာဝစသည်ထုတ်ပြပါ။

===================

**၁။ (က) ဝါကျ ပုဗ္ဗာနုသန္ဓေထည့်စွက်၍ အနက်ပေးပုံ။**

ဝေ၊ သို့(ဝါ)ဖြင့်။ ဘိက္ခုနော၊ ၏။ ဧကေကဿဝ၊ တယောက်တည်းဖြစ်၍သာလျှင်။ ခဂ္ဂဝိသာဏကပ္ပတ်။ ကြံ့ချိုနှင့်တူသည်၏ အဖြစ်ကို။ ဟုထည့်။ (ပဒုက္ကူသျှ)

**၂။ (ခ) ဝါကျ အနုသန္ဓေတက်ပုံ**

ဤသို့ (က)ဖြင့် သေယျထာပိ-အစရှိသောပါဠိတော်၏ အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထကိုပြပြီး၍၊ ယခုအခါ၌ အဝယဝတ္ထကို ပြလိုသောဆရာသည် (ခ)မိန့်။

**(ဂ) ဝါကျ သံဝဏ္ဏနာနုရူပစောဒနာတက်ပုံ။**

သရာ၊ မြတ်စွာဘုရားသည် သန္တောသကထာ၌ သေယျထာပိ မဟာရာဇ ပက္ခီ သကုဏော ယေန ယေနေဝ ဍေတိ-စသည်ဖြင့် ဥပမာသွင်း၍ ဟောတော်မူ၏။ ယင်းဍေတိ-၌ ဍီ-ဓာတ်သည် ဤနေရာ၌ သွားခြင်းသာမန်, ကျော့ကွင်းထောင်ခြင်း, ပစ်လွှတ်ခြင်း-အနက်များကိုပင်ဟောပါသလော။ ဤနေရာ၌ ဍီ-ဓာတ်သည် အဘယ်အနက်ကို ဟောပါသနည်း။ ဍီ-ဓာတ် ၏ ဟာစာဓိပ္ပေတတ္ထကို မပြသော်အတိဗျာပိတဒေါသ---၏။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား** ဤ၌ ဍီ-ဓာတ်သည် "ကောင်းကင်သို့ပျံတက်ခြင်း = နဘုဂ္ဂတ" အနက်ကို ဟော၏-ဟု ဟာစာဓိပ္ပေတတ္ထကိုငါပြ---ဟူလို။

◆ **ဍီ ဒိတာ့ ဝေဟဲ . နဘုဂ္ဂမျေရုနစေပေ ဘူး (ဓာတွတ္ထသင်္ဂဟ၊ ၁၅၀)**

၃။ (က) နနု ရုက္ခော ပရိပက္ကဖလောတိ ဥတ္တာ ရုက္ခဿ အာရက္ခံ ဌပေတဗ္ဗံ ဟောတိ။
(ခ) အထ ကသ္မာ နေဝ ရုက္ခဿ အာရက္ခံ ဌပေန္တိ။
(ဂ) နနု ဖလံ ဒီဃံ ဟောတိ။
(ဃ) တသ္မာ နေဝ ရုက္ခဿ အာရက္ခံ ဌပေန္တိ။

**အမှာ။** ဖလေ ဒီဃေ-ကို ပရိဟာရဘောဂပြုလုပ်ရာ၌ "လက္ခဏမှာ၊ ရံတခါ၊ ဟေတွာဓိပ္ပါယ, လက္ခဏာဒိ၊ ပိ-မရှိမူ၊ ပရိဟာရ၊ စရိယ၏၊ ပြင်ကြဟေတု၊ အာဘော်တည်း" ဟူသော နိယံပုဒ်နှင့်အညီ ဟိတ်အဓိပ္ပါယ်ယူရသည့် လက္ခဏန္တ ပုဒ်ဝယ် ပိ-သဒ္ဒါ မပါ ရှိခြင်းကြောင့် ယင်းလက္ခဏန္တပုဒ်ကို ပရိဟာရဘောဂ ပြုလုပ်ခြင်းဖြစ်သည်။

http://www.dhammadownload.com



## (ဏ) ဝါကျ၌ စာကောသာဝါဗီစဒတ္တထုတ်ပုံ။

(က) နနု ဧဝံ ဘိက္ခုနော ဧကေကဿေဝ ခဂ္ဂဝိသာဏကပ္ပတ် ဒဿေတိ။
(ခ) အထ ကသ္မာ "သေယျထာပိ"တိအာဒိမာဟ။
(ဂ) နနု ဣဒါနိ တမတ္ထံ ဥပမာယ သာဓေတိ။
(ဃ) တသ္မာ "သေယျထာပိ"တိ အာဒိမာဟ။

၄။ ပတတိ ဂစ္ဆတိ ဧတေနာတိ ပတ္တံ။ သဿ (အတ္တနော) + ပတ္တံ သပတ္တံ။
ဘရိတဗ္ဗော ဝဟိတဗ္ဗောတိ ဘာရော။
သပတ္တံ ဧဝ+ဘာရော+ယဿာတိ သပတ္တဘာရော။
မိမိ၏အတောင်သာလျှင်ဖြစ်သော ဝန်ထုပ်ဝန်ပိုးဒြပ်၏+ငှက်ဒြပ်နှင့် အစိတ်+အပေါင်း။
ဌာနီ+ဌာန၊ ဂုဏ်+ဂုဏေးစပ်--ဝစနဟေတု။
ငှက်ဒြပ်သည်--- ဝစနီယ။
ပက္ခီ, သကုဏော-စသောပရိယာယ်သဒ္ဒါများသည် ---ဝစနီယတ္ထ။
ပရိပစ္စတိတိ ပရိပက္ကံ။ ပရိပက္ကံ ဖလံ ယဿာတိ ပရိပက္ကဖလော။
အပေက္ခနံ အပေက္ခာ။ နတ္ထိ အပေက္ခာ ယဿာတိ အနပေက္ခာ။
တနောတိ ဧတေနာတိ တုဏ္ဍံ။ (တန+ဥ) ဏွာဒိမောဂ်။
နတ္ထိ ခံ ဣန္ဒြိယံ ဧတ္ထာတိ နခေါ။

၅။ ပရိပက္ကဖလော-ကို ပရိပက္ကဖလတ္ထာ-ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ရုက္ခဿ-ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)
ဒိဏေ-ကို ဒိဏတ္ထာ-ဟုဟိတ်ပြင်က, ဖလေ-ကို ဖလဿ-ဟုသမ္ဗန်ခံ။
❋ ပုဒ်လက္ခဏ၊ ဟိတ်ပြင်က၊ လက္ခဏဝန္တသမ္ဗန်ခံ။

၆။ (၁) ဖြင့် ပက္ခီ-၌ ဤ-ပစ္စည်း၏ နိစ္စယောဂအဿတ္ထိအနက်၌သက်--လည်းကောင်း၊ ပက္ခော အဿ အတ္ထီတိ ပက္ခီ-ဟုပြု--လည်းကောင်း၊ ပါဠိ၌ ပက္ခီ သကုဏော-ဟု ဟောခြင်းသည် "အာကာသေ အန္တလိက္ခေ စင်္ကမတိ" စသည်၌ကဲ့သို့ ပရိယာယ်မတ္တကို ပြခြင်းငှာ ဟောသည် မဟုတ်, ပျံတက်ခြင်းငှာ မစွမ်းနိုင်သော အတောင်မရှိသော အတောင်ကျိုးပြတ်နေသော ငှက်ကိုအလိုမရှိအပ်၊ ပျံတက်ခြင်းငှါစွမ်းနိုင်သော အတောင်ရှိသောငှက်ကိုသာ ဤ၌ အလိုရှိအပ်သတည်း-ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း-သိစေ။ (သိဋီသစ်။ ၁၁၇)

အမှာ ပက္ခေန+ယုတ္တော ပက္ခီ-ဟု ယုတ္တတဒ္ဓိတ်ဝစနတ္ထပြု၍လည်း တနည်းဖော်နိုင် သေးသည်။
ဥပ္ပတတိ-ဖြင့် ဥတိ-၌ ဥ-ဓာတ်သည် ကောင်းကင်၌ပျံတက်ခြင်း နဘဂ္ဂတအနက်ကိုဟော၏ဟု သိစေပါသည်။

၇။ ပက္ခ-ကား ပတ+ခ။ တ-ကို က-ပြု၍ပြီးသည်။
◆ ပတ ဂမနေ ဓါ၊ တဿ ကော၊ ပက္ခော၊ (ဓာန်ဋီ၊ ၆၂၇)
သကုဏ-ပုဒ်နိရုတ္တိနည်းကို ဝါကျဥယျာဉ် (၆၅) ၌ပြခဲ့ပြီ။

၈။ လေ-စသည်တိုက်ခတ်မှုကြောင့် အတောင်ကျိုးသောငှက်, အလွန်ငယ်သေး၍ အတောင်မပေါက်သေးသောငှက်တို့ကိုတားမြစ်ပိတ်ပင်၍ ဤနေရာ၌ကောင်းကင်ဝယ်ပျံစွမ်းနိုင်သော အတောင်ရှိသည့်ငှက်ကိုသာ အလိုရှိအပ်၏-ဟူသော အနက်ထူး, အဓိပ္ပါယ်ထူးကို ပြလိုသောကြောင့် ပက္ခီ-ဟူသော ဗျဝစ္ဆေဒကဝိသေသနပုဒ်ကိုထည့်သွင်း၍ ဟောကြားခဲ့ပါသည်။

◆ ဝါတာဘိဃာတာဒိဟိ သိယာ သကုဏော ဆိန္နပက္ခော, အသဉ္ဇာတပက္ခော ဝါ၊ ဣဓ ပန ဧတံ့ သမတ္ထော သပက္ခီကောဝ, အဓိပ္ပေတောတိ ဝိသေသနသာမတ္ထံ ပါဠိယံ "ပက္ခီ သကုဏော"တိ ဝုတ္တံ။ (သိဋီသစ်၊ ဒု၊ ၁၁၇)

၉။ + ၁၀။ ဝါကျဥယျာဉ် (၁၆၃)၌ ပြခဲ့ပြီ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၁၆၆ )

(က) တတ္ထ **စိဝိတ္တ** န္တိ သုညံ။

(ခ) အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိ အတ္ထော။

(ဂ) တေဒေဝ ဟိ သန္ဓာယ ဝိဘင်္ဂေ "ဝိဝိတ္တန္တိ သန္တိကေ စေပိ သေနာသနံ ဟောတိ၊ တဉ္စ အနာကိဏ္ဏံ ဂဟဋ္ဌေဟိ ပဗ္ဗဇိတေဟိ။ တေန တံ ဝိဝိတ္တ"န္တိ ဝုတ္တံ။

(ဋ္ဌ။ ၁၈၇၊ သီဋီသစ်၊ ဒု။ ၁၁၉။ နေရင်း၊ ၁၃၆။ ပခုက္က၊ ၂၁၆။ဘာသာဋီ၊တ။၁၁၆။ဂဏ္ဌိ။၃၈၀။)

၁။ (ဂ) ဝါကျကို သန္ဓယ ဝုတ္တံ-ပုဒ်နှစ်တန်၏ကံများ ထင်ရှားစေလျက် အနက်ပေးပြပါ။

၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။

၃။ (ဂ) ဝါကျ၌ စေပိ-ဟူသော အရုဗျူတ္ထကိုရှုလျက် စတုက္ကထုတ်ပြီးလျှင် စေပိ သဒ္ဒါထားရ ပုံကို ရှင်းပြပါ။

၄။ သေနာသနံကို အစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိသင်္ဂဟ ထုတ်ပြပါ။

၅။ **စိဝတ္တာဒိဗျေနာတိ** ဝိက္ခမ္ဘနဝသေန ပဟီနတ္တာ ဝိဂတာဘိဗျေနံ။ (ဋ္ဌ၊ ၁၈၉) ၌ ပဟီနတ္တာ၏ သမ္ဗန္ဓံခဲ၍ စာစပ်ပါ။

၆။ ဝိကာရပဋိယာ ပဒုသတိ, ပရံ ဝါ ပဒူသေတိ ဝိနာသေတိတိ **ပဒေါသော** (ဋ္ဌ၊ ၁၈၉)၌ အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ **န ဓယန ဏာမံ ဂမောတိ** ယေန ဒိသာဘာဂေနဿ ဂန္တုကာမတာ ဟောတိ (ဋ္ဌ ၊၁၉၀) ၌ ကာမံဂမော ပုဒ်၏ ရုပ်ပြီးပုံနှင့် နိရုတ္တိနည်းကို ရေးပါ။

၈။ နိဝရဏ တရားငါးပါးနှင့် ဘုရားရှင်ပြသော ဥပမာငါးမျိုးကိုအကျဉ်းချုံး၍လိုရင်းရှင်းပြပါ။

၉။ သူတစ်ပါးအပြစ်ကို ရှုလေ့ရှိသော အမြဲကဲ့ရဲ့လိုသော စိတ်ရှိသော ထိုသူအား အာသဝေါ တရားတို့သည် တိုးပွားကုန်၏။ ထိုသူသည် အာသဝေါကင်းရာ နိဗ္ဗာန်မှ ဝေး၏-ဟူသော မြန်မာစကားပြေကို ဂါထာစီကုံး၍ ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

၁၀။ အထက်ပါဂါထာ၌ လာသောစကားရပ်ကို ဘာဝါလက်ာရနည်း ထုတ်ပါ။

================

၁။ ဟိ၊ မှန်၏။ (နေရင်း) ကြောင့်။ (ပခုက္က) တေဒေဝအတ္ထံ၊ ထိုအပ္ပသဒ္ဒနိဂ္ဃောသ အနက်ကိုသာလျှင်။ (နေရင်း) တေဒေဝအပ္ပသဒ္ဒတံ၊ ထိုနည်းသော အသံရှိသည်၏ အဖြစ်ကို သာလျှင်။ (ပခုက္က) (ဤကားသန္ဓာယကံ) "ဝိဝိတ္တန္တိ(လ)တေန တံ ဝိဝိတ္တ"န္တိ၊— ဟူသော။ (ဟူဒံသုတ္တံ၊ ကို) (ဤကား ဝုတ္တံ၏ကံ)။

### ၂။ (ခ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (က)ဖြင့် "သုညံ၊ ဆိတ်ပြီ" ဟုဆို၏။ အဘယ်မှဆိတ်သနည်း။ သဒ္ဒါရတို့မှဆိတ်သလော။ စုဒ်ကြောင့် (ခ)မိန့်။ (နေရင်း၊ ဒု။ ၁၃၆)

**အစိမ္ပါယ်ကား** ပကတိအသံ မြို့ ရွာအသံတို့မှ ဆိတ်၏ဟူလို။

### (ဂ) ဝါကျ ပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် (ခ) ဝါကျဖြင့် ဝိဝိတ္တံ ကို အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိ အတ္ထော ဟုဖွင့်၏။ ဝိဘင်း၌ ဝိဝိတ္တ ပုဒ်ကို ဝေဘန်ရာဝယ် အနာကိဏ္ဏံ ဂဟဋ္ဌေဟိပိ ပဗ္ဗဇိတေဟိပိ ဟု ဟောထားရကား ဝိဘင်း၌ကဲ့သို့ အနာကိဏ္ဏန္တိအတ္ထော ဟုသာ ဖွင့်ဆိုသင့်သည် မဟုတ်ပါလော။ အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိအတ္ထောဟု ဖွင့်ခြင်းသည် အသို့လျှင်သင့်ပါအံ့နည်း။ စုဒ်ကြောင့် (ဂ)မိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်အား** (ဂ)ဖြင့် ဝိဘင်း၌ "အနာကိဏ္ဏ" ဟု ဟောတော်မူခြင်းသည်ကား အပ္ပသဒ္ဒကိုပင် ရည်ရွယ်၍ ဟောတော်မူသောကြောင့် အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိအတ္တော-ဟုဖွင့်ခြင်းသည် သင့်မြတ်ပါ၏ ဟူလို။ (ဂဏ္ဌိ။ ၃၈၀)

၃။ (က) နနု သန္တိကေ သေနာသနံ ဟောတိ။

(ခ) အထ ကသ္မာ တံ "ဝိဝိတ္တ" န္တိ ဝုတ္တံ။

(ဂ) နနု တဥ္စ အနာကိဏ္ဏံ ဂဟေတ္ဗေဟိ ပဗ္ဗဇိတေဟိ (ဟောတိ)။

(ဃ) တသ္မာ တံ "ဝိဝိတ္တ" န္တိ ဝုတ္တံ။

**စေပိ သဒ္ဒါထားရခြင်းအကြောင်း**

ပိ သဒ္ဒါဖြင့် ရွာစသည်တို့၏ အနီး၌လည်း ဤသို့သဘောရှိသော ဆိတ်ငြိမ်ခြင်းမည်သည် ဖြစ်သေး၏။ ဝေးသောအရပ်ကား ဆိုဘွယ်ရာ မရှိဟူသော အနက်အဓိပ္ပါယ်ကို သိစေလို၍ ပိ သဒ္ဒါ (သို့) စေပိ သဒ္ဒါထားသည်။

◆ **သန္တိကေပိတိ ဝါမာဒီနံ သမီပေပိ ဧဝံ ဝိဝိတ္တံနာမ၊ ပဂေဝ ဒူရေတိ အတ္ထော။ (သိဒ္ဓိသစ်)**

**(ခ+ဂ) ဝါကျ စတုက္ကထုတ်ပုံ**

(က) နနု ဝိဘင်္ဂေဝိယ "အနာကိဏ္ဏန္တိ အတ္တော" တွေဝ ဝုတ္တံ။

(ခ) အထ ကသ္မာ အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိ တယာ သံဝဏ္ဏိတံ။

(ဂ) နနု တေဒေဝ သန္ဓာယ ဝိဘင်္ဂေ။ ပ။ တံ ဝိဝိတ္တန္တိ ဝုတ္တံ။

(ဃ) တသ္မာ အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိ မယာ သံဝဏ္ဏိတံ။

၄။ သေတိ ဧတ္ထာတိ သေနံ။ (သိ+ယု)

အာသတိ ဧတ္ထာတိ အာသနံ။ (အာသ+ယု)

သေနဥ္စ တံ အာသနဥ္စာတိ သေနာသနံ။

အိပ်ရာ၏အဖြစ်,ထိုင်ရာ၏အဖြစ်ဟူသောသေနာသနသဘောဂုဏ်၏+ကျောင်းစောင်းအင်းပျဉ်စသည်နှင့် ဂုဏ် + ဂုဏေး စပ် --- ဝစနဟေတု။

ကျောင်းစောင်းအင်းပျဉ် စသည်သည် --- ဝစနီယ။

သယနာသန စသော ပရိယာယ်သဒ္ဒါများသည် --- ဝစနီယတ္ထ။

**မှတ်ချက်** ဧတ္ထ-ဟု အာဓာရတစ်ခုတည်းဖြင့် အရတူပြထားသောကြောင့်ကမ္မဓာရယ်တွဲပါ။ အိပ်၍လည်းဖြစ် ထိုင်၍လည်းဖြစ်သော ကျောင်းစောင်းအင်းပျဉ်စသော အိပ်ရာ နေရာ။ (ဋီကာသစ်၌ "စတ္တ(ဒွန်)သမာသ်" ဟုဆိုသည်ကို--စဉ်းစားပါ။ (ဤကား ဘာသာဋီကာ၊ ဒု၊ ၁၁၇။ မှတ်ချက်ဖြစ်သည်။)

အာကိရဏံ အာကိဏ္ဏံ။ နတ္ထိ အာကိဏ္ဏံ ယဿာတိအနာကိဏ္ဏံ။

(တစ်နည်း) အာကိရတီတိ အာကိဏ္ဏံ။ န အာကိဏ္ဏံ အနာကိဏ္ဏံ။

၅။ ပဟီနတ္တာ ၏ သမ္ဗန်ကား အဘိဇ္ဈာယ တည်း။ (ကံ+သမ္ဗန်စာစပ်)

(ဂ) ၌ အနာကိဏ္ဏံကို အနာကိဏ္ဏတ္တာဟု ဟိတ်ပြင်။ တဿစ သေနာသနဿ ဟုခံ။

၆။ ပဒုဿတိဖြင့် ပဒေါသော-၌ ဏ-ပစ္စည်း၏ သုဒ္ဓကတ္တားအနက်၌သက်--လည်းကောင်း။ ပဒုဿတီတိ ပဒေါသော ဟု ပြုရမည်ကိုလည်းကောင်း သိစေပါသည်။

ဝိကာရပတ္တိယာဖြင့် ပဒုဿတိ၌ ပျက်စီး၏ဟူသည် ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းအားဖြင့် ပျက်စီးသတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

**မှတ်ချက်** နေရင်းနိသျ၌ ပဒုဿတိ၊ ဖျက်ဆီးအပ်၏-ဟု ကမ္မရုပ်အနက်ပေးသေးသည်။

ပဝံ ဒူသေတိ-ဖြင့် ပဒေါသော-၌ ဏ-ပစ္စည်း၏ ဟေတုကတ္တားအနက်၌ သက်--လည်းကောင်း။ ပဒူသေတီတိ ပဒေါသော-ဟု ပြု--လည်းကောင်း၊ ပဒူသေတိ-၌ ပျက်စီးစေ၏ ဟူသည် သူတစ်ပါးကို ပျက်စီးစေသတည်းဟူသော အဓိပ္ပါယ်ကို-လည်းကောင်း သိစေ။

http://www.dhammadownload.com



ဝိနာသေတိ-ဖြင့် ပဒူသေတိ ၌ ပ ဂုဏ္ဍ ဒူသ ဓာတ်၏ ဝိနာသအနက်ဟောသည်၏ အဖြစ်ကို သိစေသည်။

(က) သုည် ဖြင့် ဝိဝိတ္တ သဒ္ဒါ ဆိတ်ငြိမ်ခြင်း သုည အနက်ဟော၏ဟု သိစေပါသည်။

(ခ) ဝါကျဖြင့် ဆိတ်၏ဟူသည် ပကတိအသံမရှိခြင်း မြို့ရွာတွန်သံမရှိခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကိုသိစေပါသည်။ (ဘာဝတ္ထ)။

၇။ **ဏာမန္တိ** စေတံ ဘာဝနပုံသကာဝစနံ၊ ကာမေန ဝါ ဣစ္ဆာယ ဂမော ကာမံဂမော နိဂ္ဂဟီတာဂမမန။ (သီဋီသစ်။ ဒု။ ၁၂၈)

အထက်ပါ သီဋီသစ် ပထမနည်း၌ **ဏာမံ** -ကား ဘာဝနပုံ (ဝါ) ကြိယာဝိသေသနပုဒ် ဖြစ်သည်။ ထို့ကြောင့် ဒုတိယာကေဝုစ်ဝိဘတ်သက်၍ ပြီးသည်။

သီဋီသစ် ဒုတိယနည်း၌ **ဏာမံဂမော**-ကား ကာမဂမော-ဟူလိုလျက် ဝဏ္ဏာဂမဖြင့် နိဂ္ဂဟိတ်လာ၍ ကာမံဂမော-ဟုပြီးသည်။

**ဝိဝိတ္တ-ကား** ဝိ+ဝိစ+တ။ ဓာတွန် စ-ကို တ-ပြု၍ပြီးသည်။

၈။ **နီဝရဏငါးပါးနှင့် ဥပမာငါးမျိုး**

ကာမစ္ဆန္ဒနီဝရဏနှင့် ကြွေးမြီတူ၏။

ဗျာပါဒနီဝရဏနှင့် သည်းခြေဖျက်ရောဂါတူ၏။

ထိနမိဒ္ဓနီဝရဏနှင့် နှောင်အိမ်တူ၏။

ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏနှင့် ကျွန်အဖြစ်တူ၏။

ဝိစိကိစ္ဆာနီဝရဏနှင့် အခွန့်ရှည်သော ခရီးတူ၏။

၉။ ပရဝဏ္ဏာနုပယိသာ၊ နိစ္စံ ဥဏ္ဏာနုသညိနော။
အာသဝါ တသ ဝနုန္တိ၊ အာရာ သော အာသဝက္ခယာ။ (ဌ။ ၂၀၀)
ပထျာဝတ္တဂါထာ အနုဋ္ဌုဘာဆန်း ဖြစ်သည်။

၁၀။ ✣ သူတပါးအပြစ်ကိုရှု၍ အမြဲကဲ့ရဲ့သောသူ၏ အဇ္ဈတ္တသန ပရဝမ္ဘနသဘောရှိသော ဒေါသပြဓာန်းသော စိတ္တုပ္ပါဒ်သည်--ကောဓူပါယီဘာဝ+ရုဒ္ဓရသ။
မာန-ပြဓာန်းသော စိတ္တုပ္ပါဒ်သည်--ကာမရတိဌာယီဘာဝ+ကာမသိင်္ဂါရ ရသ။

✣ သူတပါးဖြစ်သည်--အာရမ္ဘဏဝိဘာဝ။

✣ သူတပါး၏အပြစ်သည်လည်းကောင်း,အယောနိသောမနသိကာရ-သည်လည်းကောင်း -- ဥဒ္ဒီပနဝိဘာဝ။

✣ အာသဝေါတရားတိုးပွားခြင်း, နိဗ္ဗာန်မှဝေးခြင်းသည်--အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၁၆၇ )

(က) ဣဓ ပနဿ သကုဏသဒိသဿ စာတုဒ္ဒိသဿ ဘိက္ခုနော အနုစ္ဆဝိကံ သေနာသနံ ဒဿေန္တော **"အရညံ ရုက္ခမူလ"** န္တိ အာဒိမာဟ။

(ခ) တတ္ထ **အရညန္တိ** "နိက္ခမိတွာ ဗဟိ ဣန္ဒခီလာ သဗ္ဗမေတံ အရည"န္တိ ဣဒံ ဘိက္ခုနီနံ ဝသေန အာဂတံ။

(ဂ) "အာရညကံနာမ သေနာသနံ ပဉ္စဓနုသတိကံ ပစ္ဆိမ"န္တိ ဣဒံ ပန ဣမဿ ဘိက္ခုနော အနုရူပံ။

(ဃ) တဿ လက္ခဏံ **ဝိသုဒ္ဓိမဂ္ဂေ** ဓုတင်္ဂနိဒ္ဒေသေ ဝုတ္တံ။

(င) **ရုက္ခမူလန္တိ** ယံ ကိဉ္စိ သန္ဒစ္ဆာယံ ဝိဝိတ္တရုက္ခမူလံ။ **ပဗ္ဗတန္တိ** သေလံ။

(ဋ္ဌ။ ၁၈၇/၁၈၈။ သီဋီသစ်။ ၁၂၁။ ပဋိက္ခု။ ဒု။ ၂၁၇။ ဘာသာဋီ၊ တ။ ၁၁၉။ ဂဏ္ဌိ။ ၃၈၁)။

http://www.dhammadownload.com



၁။ အထက်ပါဝါကျအားလုံးကို အနက်မှန်မှန်သမ္ဗန်ပြပါ။
၂။ (က) ဝါကျကို စောဒနာတက်၍၊ (ဂ) ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (က) ဝါကျ၌ ရနိုင်သည့်စောဒကာဘောဂါဒီစတုက္ကကို ထုတ်ပြပါ။
၄။ သေလ-ကို ဝစနတ္ထပြု၍ ဇနာဒိသက္ကထုတ်ပြပါ။
၅။ (ဂ) ဝါကျ၌ အနုရူပံ-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး အတ္ထာနုရူပစာစပ်ပါ။
၆။ (င) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဓနု သန္ဓ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ (ခ) ဝါကျ၌ ဘိက္ခုနီနံ ဝသေန အာဂတံ-ဟူသော စကားရပ်ကို ဝိနည်းဒေသနာလာ တောကျောင်းကို အရညာ-ဟုခေါ်ဆိုလိုသောကြောင့် ထည့်သွင်းရေးထားခဲ့ပါသလော။ ကျနစွာ ရှင်းပြ၍၊ ဤ(ခ) ဝါကျ၌ အရညာ-အရ ယူရမည့်တောကို အကြောင်းနှင့်တကွ ပြဆိုပါ။
၉။ (က) ဝါကျလာ စကားရပ်တို့ကို အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာ ဂါထာတပုဒ် စီကုံးပြပါ။
၁၀။ (ဃ) ဝါကျ ပဓာနကြိယာ၏ စတုက္ကကိုရှု၍ ဘာဝလက္ခဏာရ ထုတ်ပြပါ။

===================

၂။ (က) ဝါကျ စောဒနာတက်ပုံ။

ဆရာ၊ မြတ်စွာဘုရားသည် နိဝရဏပ္ပဟာနကထာ၌ အရည် ရုက္ခမူလ-စသော ပါဠိတော်ပုဒ်များကို ဟောတော်မူ၏။ ရဟန်းတို့နေထိုင်သွားလာရာ အရပ်ဟူသမျှဖြစ်သော ကျောင်းများကို သေနာသနသဒ္ဒါဖြင့် ယူခဲ့ပြီးဖြစ်ရကား အရည်ရုက္ခမူလ-စသောရဟန်းတို့ နေထိုင်ရာ တောအရပ်များသည်လည်း ဩကာသသေနာသန-၌ အတွင်းဝင်ပြီးသည်သာ မဟုတ်ပါလော။ (တံ သဗ္ဗံ သေနာသနဂ္ဂဟဏေန သင်္ဂဟိတမေဝ-ဟူသော အဋ္ဌကထာစကားကို ရှုပါ။) ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် အရည် ရုက္ခမူလ-စသော ပါဠိတော်ပုဒ်များကို တဖန်ထည့်သွင်းဟောတော် မူပါသနည်း။ မလိုအပ်ဘဲ ဟောကြားခဲ့သော် နိရတ္ထကဒေါသ, ဂန္ထဂရုဒေါသ--၏။ စုဒ်ကြောင့်-(က)မိန့်။

❖ ယဒေဝံ ကသ္မာ "အရည"န္တိအာဒိ ပုန ဝုတ္တန္တိ အနုယောဂေန "ဂ္ဂုမေနာသာ"တိ အာဒိ မာဟ။ ဧဝံ ဂဟိတေသုပိ သေနာသနေသု၊ ပ။ ဧဝံ ဝုတ္တန္တိ အဓိပ္ပါယော။ (သီဋီသစ်)

(ခ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (က) ဝါကျဖြင့် အရည် ရုက္ခမူလ-စသော ပါဠိတော်ပုဒ်တို့၏ အနုသန္ဓေ သမ္ဗန္ဓသမုဒါယတ္ထကိုပြပြီး၍၊ ယခုအခါ၌ အဝယဝတ္ထကို ပြလိုသောဆရာသည် (ခ) စသည်မိန့်။

(ဂ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့(ခ)ဝါကျဖြင့် အဘိဓမ္မာဒေသနာနည်းဖြင့် ရွာတံခါးခုံမှပြင်ပဖြစ်သောအရပ်ဟူသမျှ သည် အရညာ-မည်၏-ဟုပြဆိုပြီး၍၊ ယခုအခါ၌ သုတ္တန်ဒေသနာနည်းအားဖြင့် အဋ္ဌ ပရိက္ခာရိက ရဟန်းအား သင့်လျော်လျောက်ပတ်သော အရညာ-ကို ပြတော်မူလိုသော ဆရာသည် (ဂ)မိန့်။

❖ အဘိဓမ္မေ ပန "အရညန္တိ နိက္ခမိတွာ ဗဟိ ဣန္ဒခီလာ သဗ္ဗမေတံ အရည"န္တိ အာဂတံ။
❖ အာရညကံ နာမ၊ ပ။ ပစ္ဆိမန္တိ ဣဒံ ပန သုတ္တန္တနယေန၊ (သီဋီသစ်)

(ဃ) ဝါကျကား အတိဒေသသံဝဏ္ဏနာပြဝါကျတည်း။

၃။ (က) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု တံ သဗ္ဗံ (အရည် ရုက္ခမူလန္တိအာဒိကံ) သေနာသနဂ္ဂဟဏေန သင်္ဂဟိတမေဝ။
(ခ) အထ ကသ္မာ ပုန "အရည် ရုက္ခမူလ"န္တိ အာဒိမာဟ။
(ဂ) နနု ဣဒံ အသု သင်္ကုဏသဒိသဿ စာတုဒ္ဒိသဿ ဘိက္ခုနော အနုစ္ဆဝိကံ သေနာသနံ ဒဿေန္တော ဟောတိ။
(ဃ) တသ္မာ ပုန "အရည် ရုက္ခမူလ"န္တိ အာဒိမာဟ။

http://www.dhammadownload.com



၄။ သေတိ သိန္ဒတီတိ သာယာ။ (သာ+ယ)
ဖြတ်ခြင်းကြိယာသကတ်သည်--ဝစနဟေတု။
အရိပ်ဒြဗ်သည်---ဝစနီယ။
အာတပါဘာဝ-စသောပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထ။

◆ **သာယာ တု အာတပါဘာဝေ၊ (ဓာန်၊ ၆၅၄)**

သဇ္ဇေဟိ သေဝိယတေတိ သေလော။ (သိ+လက်) (ဋ္ဌာဒိမောဂ်။ ၁၈၁)
သတ္တဝါတို့ မှီဝဲခြင်း ကြိယာသကတ်သည် ဝစနဟေတု။
တောင်ဒြဗ်သည်--ဝစနီယ။
ပဗ္ဗတော-စသောပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထ။

(တနည်း) သဇ္ဇေဟိ သေဝိယတေတိ သိလာ။ (ပါဿာဏော)
သိလာ အဿ အတ္ထီတိ သေလော။ဟု တဒ္ဓိတ်ဖြင့်ပြီးသည်။(ဋ္ဌာဒိမောဂ်-သျ-၁၈၁)

(တနည်း) သိလာနံ ရာသိ သေလော။ သိလာ ပစုရာ သန္တိအသ္မိန္တိ ဝါ သေလော။(ဓာန်ဋီ။၆၀၅)။
ဓနတိ သဒ္ဒံ ကရောတီတိ ဓနု။ (စာပေါ) (ဋ္ဌာဒိမောဂ်)

၅။ (ဂ) ၌ အနုရုပ်-ကို အနုရူပတ္တာ-ဟုဟိတ်ပြင်။
ယင်းသမ္ဗန်ကို "အာရညကံနာမ သေနာသနံ ပဋ္ဌနေသတိကံ ပစ္ဆိမ"န္တိ ဣမဿ (သေနာသနဿ) ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)

၆။ (င) ယံ ကိဉ္စိ သန္ဒစ္ဆာယံ ဝိဝိတ္တရုက္ခမူလံ-ဖြင့် ရုက္ခမူလ်-၌ မူလ-သဒ္ဒါ၏ သမီပ အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ရုက္ခမူလ-အရ အမှတ်မထားတပါးပါးသော အေးသောအရိပ်ရှိသော လူရှင်တို့မှ ကင်းဆိတ်သော သစ်ပင်၏အနီး (ဝါ)သစ်ပင်အောက်အရပ် ကို ယူရမည်ကိုလည်းကောင်း သိစေပါသည်။

သေလံ-ဖြင့် ပဗ္ဗတ-သဒ္ဒါ၏ သေလ-သဒ္ဒါ၏ ပရိယာယ်၏အဖြစ်ကိုလည်းကောင်း၊ ပဗ္ဗတ-အရ ကျောက်တောင်တခုတည်းကိုသာမယူရ, ကျောက်တောင်, မြေတောင်, ကျောက်+မြေရောတောင် သုံးမျိုးလုံးကို ယူရမည်ကိုလည်းကောင်း-သိစေပါသည်။

◆ **ပဗ္ဗတန္တိ သုဒ္ဓပါသာဏာ သုဒ္ဓပံသုဥဘယမိဿကဘေဒေန တိဝိဓောပိ ပဗ္ဗတော အဝိသေသတော၊ န သိလာမယောဝေ၊ သေလ-သဒ္ဒေါပန အဝိသေသတော ပဗ္ဗတပရိယာယောတိ အတ္ထာဝဝဲ ဝုတ္တံ၊ (သီဋီသစ်၊ ၁၂၂)။**

၇။ ဓနု-ကား ဟန+ဥ။ ဟန-ဟူလိုလျက် ဟ-ကို ဓ-ပြု၍ပြီးသည်။

◆ **ဟန ဟိံသာယံ၊ ဥ၊ ဟဿ ဓော၊ ဓနု၊ (ဓာန်ဋီ၊ ၃၈၈)**

◆ **သန္ဓ-ကား သမု+ဒ။ သမဒ-ဟူလိုလျက် ဓာတွန် မ-ကို နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ န-ပြု၍ပြီးသည်။**

◆ **သမု ဥပသမေ၊ ဒေါ၊ သန္ဒ၊ (ဓာန်ဋီ၊ ဆူစီ)**

၈။ ဘိက္ခုနီနံ ဝသေန အာဂတံ-ဟူသော စကားရပ်ကို ထည့်ဆိုထားခြင်းသည် ဝိနည်း ဒေသနာလာတောကျောင်းကို အရည-ဟုခေါ်ဆိုလိုသောကြောင့် ထည့်ဆိုထားခြင်းမဟုတ်။ ဝိနည်းပါဠိတော်၌ "နိက္ခမိတွာ ဗဟိ ဣန္ဒခီလာ သဗ္ဗမေတံ အရညံ"ဟူ၍ အဘိဓမ္မာရှာနဝိဘင်း လာ စကားရပ်နှင့်ထပ်တူဟောကြားထားချက် ရှိသေး၏ ဟူ၍သိရှိနိုင်ရန်သာလျှင် ရည်ရွယ်၍ ဘိက္ခုနီနံ ဝသေန အာဂတံ-ဟူသောစကားရပ်ကို ထည့်ဆိုထားခြင်း ဖြစ်သည်။ ဝိနည်း, သုတ္တန် ဒေသနာတော်များသည် ဥပစာရ ပရိယာယ်မျှသာဖြစ်၍အဘိဓမ္မာဒေသနာတော် သည်သာမုချ, နိပ္ပရိယာယဒေသနာတော်ဖြစ်သောကြောင့် အဘိဓမ္မာ ဒေသနာတော်လာ တော-ကိုသာ ဤ(ခ) ဝါကျ၌ အရည-အရ ယူရပါသည်။ (သီဋီသစ်။ ၁၂၁)

http://www.dhammadownload.com



၉။ (က) ဝါကျ ဂါထာစီ။

ဟူသော ဒွိဇေတုလျှသာ၊ စာတုဒ္ဒိသသာ ဘိက္ခုသာ။
သပ္ပါယ+မာဟ ဒသေသန္တော၊ "အရည်ု ရုက္ခမူလ"န္တိ။ (ဝတ္တဂါထာ)

၁၀။ ဗုဒ္ဓ်-၌ ဓာတွတ္ထရှု၍ ဘာဝါလင်္ကာရထုတ်ပုံ-

- ✣ ဝိသုဒ္ဓိမဂ် ဗုတင်္ဂနိဒ္ဒေသ၌ တောကျောင်းလက္ခဏာကို ဖွင့်ဆိုသော အရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ် သည်--ဓမ္မဥဿာဟဒ္ဒာယိဘာဝ+ဓမ္မသိင်္ဂါရ ရသ။
- ✣ တောကျောင်းလက္ခဏာနှင့် လက္ခဏဝန္တုဖြစ်သော တောကျောင်းသည်-အာရမ္မဏဝိဘာဝ။
- ✣ အရှင်မဟာဗုဒ္ဓဃောသ၏ ယောနိသောမနသိကာရ, ပုဗ္ဗေစကတပုညတာ-စသည် သည်--ဥဒ္ဒီပနဝိဘာဝ။
- ✣ နောင်လာနောက်သားသောတုဇနများအဘို့ တောကျောင်းလက္ခဏာကို ပိုင်းခြား သိမြင်နိုင်ခြင်း-စသည်သည် လည်းကောင်း, အရှင်မဟာဗုဒ္ဓဃောသအဘို့ ပညာပါရမီကုသိုလ် တိုးပွားခြင်း-စသော အကျိုးတရားအဆက်ဆက်သည် လည်းကောင်း --အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် ( ၁၆၈ )

(က) အနုစရန္တိ ဓံ ဝုစ္စတိ ဥဒကံ။
(ခ) တေန ဒါရိတံ, ဥဒကေန ဘိန္နံ ပဗ္ဗတပဒေသံ။
(ဂ) ယံ "နဒီတုမ္ဗ"န္တိပိ "နဒီကုဉ္ဇ"န္တိပိ ဝဒန္တိ။
(ဃ) တတ္ထ ဟိ ရဇတပဋ္ဋသဒိသာဝါလိကာ ဟောတိ၊ မတ္ထကေ မဏိဝိတာနံ ဝိယ ဝနဂဟနံ မဏိခန္ဓသဒိသံ ဥဒကံ သန္ဒတိ။ ဧဝရူပံ ကန္ဒရံ ဩရုယှ ပါနီယံ ပိဝိတွာ ဂတ္တာနိ သီတာနိ ကတွာ ဝါလိကံ ဥဿာပေတွာ ပံသုကူလစီဝရံ ပညပေတွာ နိသိန္နဿ သမဏဓမ္မံ ကရောတော စိတ္တံ ဧကဂ္ဂံ ဟောတိ။
(င) ဝီရိယဗလာဒိနို ဒွိန္နံ ပဗ္ဗတာနံ အန္တရံ, ကေသိုယောဝ ဝါ ဥမင်္ဂသဒိသံ မဟာဝိဝရံ။
(ဋ္ဌ။ ၁၈၁။ သီဋ္ဌိသစ်။ ၁၂၂။ ပခုတ္တု၊ ဒု။ ၂၁၈။ ဘာသာဋီ၊ တ။ ၁၂၁။ ဂဏ္ဍိ၊ ၃၈၂)

၁။ ဥဿာပေတွာကို သဒ္ဒတ္ထ, အဓိပ္ပါယတ္ထထင်စေလျက် (ဃ) ဝါကျကိုသာ အနက်ပေးပြပါ။
၂။ (ဂ) ဝါကျကို သာဘောဂပုဏ္ဏာတက်၍၊ (ဃ) ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (က) ဝါကျ၌ ဖြစ်သင့်သလိုကြံဆ၍ စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ ကန္ဒရံ-၌ ကံ-ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပြပါ။
၅။ (ဃ) ဝါကျ၌ မဏိခန္ဓသဒိသံ-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး စာစပ်ပါ။
၆။ (က) (ခ) (င)တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။
၇။ မတ္ထက၊ ဂတ္တ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ (င) ဝါကျ၌ ဥမင်္ဂသဒိသံ, မဟာဝိဝရံ-ဟူသောပါဠိနှစ်ချက်ကို ဆိုခဲ့ပြီးသံဝဏ္ဏနာများနှင့် မည်ကဲ့သို့ဆက်စပ်၍ အဓိပ္ပါယ်ယူရမည်ကို ရှင်းပြပါ။
၉။ (က+ခ) ဝါကျလာစကားရပ်တို့ကို ကြိုက်နှစ်သက်ရာ ဂါထာတပုဒ် စီကုံးပြပါ။
၁၀။ (ဃ) ဝါကျ သမဏဓမ္မံ ကရောတော-ဝယ် နောက်ပုဒ်၏ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရ ထုတ်ပြပါ။

= = = = = = = = = = = = = = = = = = =

http://www.dhammadownload.com



၁။ (ဃ) ဥဿာပေတွာ၊ အထက်သို့တက်စေ၍၊ (သဒ္ဒတ္ထ) (ဝါ) စုပုံ၍ (အဓိပ္ပါယတ္ထ) (ဘာသာဋီကာ။ ၁၂၂။)

၂။ **(ဂ) ဝါကျ သာဘောဝပုစ္ဆာတက်ပုံ။**

ဆရာ၊ ဆရာသည် (က+ခ) ဝါကျတို့ဖြင့် ရေသည်ဖောက်ခွဲအပ်သော (ဝါ) ရေထွင်းထားအပ်သော တောင်ချောက်တောင်ကြားအရပ်ကို ကန္ဒရ-ဟူ၍ ဆိုအပ်သောဟု ဖွင့်ဆို၏။ ယင်းရေထွင်းထားအပ်သော တောင်ချောက်တောင်ကြားအရပ်ကို ကန္ဒရ-ဟူသောနာမည်တခု တည်းဖြင့်သာ ခေါ်ဆိုကြပါသလော။ (ဝေအာဘော်ဆင်) အဘယ်သို့ (ဝါ) အဘယ်အမည် သညာဖြင့် ခေါ်ဆိုကြပါသေးသနည်း။ စုဒ်ကြောင့် (ဂ) မိန့်၏။

**အဓိပ္ပါယ်အား**-နဒီတုမ္ဗ,နဒီကုဉ္ဇ-ဟူသောအမည်သညာဖြင့်လည်းခေါ်ဆိုကြပါကုန်သေး၏ဟူလို။

**အမှာ ။** နောက်သမုစ္စယ၊ အပြေပြ၊ ဝေအာဘော်ဆင်-နှင့်အညီ အပိ-ကိုရှု၍တက်သည်။

**(ဃ) ဝါကျအနုသန္ဓေတက်ပုံ**

ဤသို့ (က+ခ) နှစ်ဝါကျတို့ဖြင့် ကန္ဒရ-ပုဒ်၏ သဒ္ဒတ္ထ, ဝိဂ္ဂဟတ္ထ, အဓိပ္ပါယတ္ထတို့ကို ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းကန္ဒရ-ပုဒ်၏ ကေဒေသူစ, ဥပလက္ခဏ, နိဒဿနနည်းမျှဖြင့်သာ ဟောကြားထားသော သဒ္ဒါ၏အဖြစ်ကိုလည်းကောင်း, ယင်းကန္ဒရမည်သော တောင်ချောက်တောင်ကြားအရပ်၏ အဠပရိက္ခာရိကရဟန်းအား သင့်လျော်လျောက်ပတ်သည်၏ အဖြစ်ကိုလည်းကောင်း ဖွင့်ပြလိုသောဆရာသည် (ဃ) မိန့်၏။

◆ **တတ္ထ ဟိတိ အာဒိနာပိ နိဒဿနမတ္တေမေဝ တဿာနုရူပတာဝဓာဟ။ (သီဋီသစ်)**

၃။ **(က) ဝါကျ စတုဏ္ဍထုတ်ပုံ။**

(က) နနု "ကံ တု ဝါရိမှိ မုဒ္ဓနီ"တိ အဘိဓာနပ္ပဒီပိကာယံ ဝုတ္တံ။

(ခ) အထ ကသ္မာ "ကံ ဝုစ္စတိ ဥဒက"န္တိ တယာ သံဝဏ္ဏိတံ။

(ဂ) နနု ဣစ ဥဒကတ္တော သမ္ဘဝတိ။ (အနွယ)

(တနည်း) နနု တဒညတ္တော န သမ္ဘဝတိ, တဒညတ္ထဿ ဝါ အဝိသယော ဟောတိ။ (ဗျ)

(ဃ) တသ္မာ "ကံ ဝုစ္စတိ ဥဒက"န္တိ မယာ သံဝဏ္ဏိတံ။

၄။ ဝိပါသဝိနောဒန် ကရောတီတိ ကံ။ (ကရ+ကွိ)

ဆာလောင်မွတ်သိပ်မှုကို ပယ်ဖျောက်ခြင်း ကြိယာသကတ်သည် (ဝါ) ဆာလောင်မွတ်သိပ်မှု ကင်းပျောက်အောင်ပြုခြင်း ကြိယာသကတ်သည်-- ဝစနဟေတု။

ရေဒြပ်သည်---- ဝစနီယ။

ဥဒက, ပါနီယ စသောပရိယာယ်သဒ္ဒါများသည်--- ဝစနီယတ္ထ။

◆ **ကံ ဝုစ္စတိ ဥဒကံ ပိပါသဝိနောဒနဿ ကာရကတ္တာ၊ (သီဋီသစ်)**

၅။ (ဃ) ၌ မဏိခန္ဓသဒိသံ-ကို မဏိခန္ဓသဒိသတ္တာ-ဟုဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို ဥဒကဿ-ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)

၆။ (က) ဖြင့် ကန္ဒရံ-၌ ကံ-သဒ္ဒါသည် ဥဒကသဒ္ဒါ၏ ပရိယာယ်တည်း-ဟုသိစေသည်။

◆ **အာပေါ ပယော ဇလံ ဝါရိ (လ) တောယံ အမ္ဗုဒကဉ္စ ကံ။ (ဓာန်၊ ၆၆၁)**

(တနည်း) (က)ဖြင့် ကန္ဒရံ-၌ ကံ-သဒ္ဒါသည် ဦးခေါင်းဟူသော အနက်ကိုမဟော, ရေ-ဟူသောအနက်ကိုဟော--လည်းကောင်း (ကံ တု ဝါရိမှိ မုဒ္ဓနီ။) (ဓာန်။၁၁၉၈) ယင်းအနက်ကို ဟောကြားနိုင်အောင် ကရောတီတိ ကံ-ဟုကတ္တုသာဓန ဝစနတ္ထပြုရ မည်ကိုလည်းကောင်း၊ ကွိ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်--လည်းကောင်း (သီဋီသစ်၊ ၁၂၂) သိစေပါသည်။

http://www.dhammadownload.com



(ခ) တေန ဒါရိတံ-ဖြင့် ကန္ဒရံ-၌ ဒရ-ဟူသောနောက်ပုဒ်ဝယ် ဒရ-ဓာတ်၏ ဖဖြစ်ကိုလည်းကောင်း၊ အ-ပစ္စည်း၏ ကမ္မသာဓနအနက်၌သက်-လည်းကောင်း၊ ဒါရိယတေ တိ ဒရော-ဟုကမ္မသာဓ်ပြု-လည်းကောင်း။ အပေါင်းပုဒ်ကို ကေန+ဒရော=ကန္ဒရော(တံ)ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြု--လည်းကောင်း-သိစေသည်။

ဥဒကေန ဘိန္နံ-ဖြင့် တေန ဒါရိတံ-၌ တ-သဗ္ဗနာမ်ပုဒ်၏ ရေဖြစ်ကိုစွဲယူ-လည်းကောင်း၊ ဒါရိတံ-၌ ဒရ-ဓာတ်သည် ပူလောင်ခြင်း-ဒယနတ္ထကိုမဟော, ဖောက်ခွဲ ဖျက်ဆီး ခြင်း-ဘိန္နတ္ထ (ဝိဒါရဏတ္ထ)ကိုဟော--လည်းကောင်း။ တ-ပစ္စည်း၏ ကမ္မသာဓန အနက်၌သက်-လည်းကောင်း၊ ဒါရိယတေ ဝိဒါရိယတေတိ ဒါရိတော (တံ) ဟုကမ္မ သာဓ်ဝစနတ္ထပြု-လည်းကောင်း-သိစေပါသည်။

ပဗ္ဗတပဒေသံ-ဖြင့် ကန္ဒရ-အရ တောင်၏တစိတ်တဒေသဖြစ်သော တောင်ချောက် တောင်ကြားအရပ်ကိုယူ--သိစေပါသည်။

(ဂ) ဖြင့် တောင်၏တစိတ်တဒေသဖြစ်သော တောင်ချောက်, တောင်ကြားအရပ် သည် ကန္ဒရ-ဟူသော အမည်တမျိုးတည်းသာ ရှိသည်မဟုတ်၊ နဒီတုမ္ဗဟူ၍ လည်းကောင်း, နဒီကုဉ္ဇ-ဟူ၍လည်းကောင်း အမည်နှစ်မျိုးရှိသေး၏-ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ယင်းနဒီတုမ္ဗ, နဒီကုဉ္ဇ-ဟူသောပုဒ်တို့၏အနက်ကိုထောက်၍ တောင်ချောက်, တောင်ကြား အရပ်သည်သာ ကန္ဒရ-မည်သည်မဟုတ်သေး။ ကေဒဒူပစာ, ဥပလက္ခဏ, နိဒဿနနည်း အားဖြင့် တောင်ချောက် တောင်ကြားပင်မဟုတ်သော်လည်း သစ်ပင်ချုံနွယ်တို့ဖြင့် ဖုံးလွှမ်း ပိတ်ဆို့အပ်သော မြစ်ကွေ့အရပ်သည်လည်း ကန္ဒရ-မည်သေး၏ဟူသော အဓိပ္ပါယ်ကို လည်းကောင်း သိစေပါသည်။

◆ “အပ္ပမာဒပဒေသော”တိ ဝေနေ္တာ ပန အဋ္ဌကထာယံ နိဒဿနမတ္တေန ပဗ္ဗတံ ပဗ္ဗတပဒေသန္တိ ဝုတ္တံ၊ ယထာဝုတ္တော ပန နဒီပဒေသောပိ ကန္ဒရောဝါတိ ဒဿေတိ။ (ဆီဋီသစ်)

( င) ဒွိန္နံ ပဗ္ဗတာနံ အန္တရံ မဟာဝိဝရံ-ဖြင့် ဂိရိဂုဟံ-၌ ဂိရိ-သဒ္ဒါ၏ ပဗ္ဗတ-သဒ္ဒါ၏ ပရိယာယ်-လည်းကောင်း၊ ဂရိ-အရတောင်တလုံးတည်းကိုမယူရ၊ တောင်နှစ်လုံးကိုယူ-လည်းကောင်း၊ ဂုဟာ-၌ အပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌ သက်-လည်းကောင်း ဂုဟာဝိယာတိ ဂုဟာ-ဟုပြု--လည်းကောင်း၊ အပေါင်းပုဒ်ကို ဂိရီနံ+ဂုဟာ--ဂိရိဂုဟာ-ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြု--လည်းကောင်း။ ယင်းဝစနတ္ထနှင့်အညီ ဂိရိဂုဟာ-အရ တောင် နှစ်လုံးတို့၏ အကြားအရပ်ဖြစ်သော (ဂူနှင့်တူသော) ကျယ်စွာသောအခေါင်းပေါက်ကြီးကို ယူ--လည်းကောင်း သိစေသည်။

ကေသွိယေဝ ဝါ ဥမင်္ဂသဒိသံ မဟာဝိဝရံ-ဖြင့် ဂိရိဂုဟာ-ပုဒ်ကိုဝစနတ္ထတမျိုး ပြုနိုင် -ဆးသည်ကိုလည်းကောင်း၊ ဂိရိဂုဟာ-၌ ဂိရိနောင် ဝေသဒ္ဒါကျေနေသည်ကိုလည်းကောင်း၊ ဂိရိ-အရ ရှေးနည်းကဲ့သို့ တောင်နှစ်လုံးကိုမယူရ, တောင်တလုံးတည်းကိုသာ ယူရမည်ကိုလည်းကောင်း၊ အပေါင်းပုဒ်ကို ဂိရိမှိ+ဂုဟာ ဂိရိဂုဟာ-ဟု သတ္တမီတပ္ပုရိသ်ပြု--လည်းကောင်း။ ယင်းဝစနတ္ထနှင့် အညီ ဂိရိဂုဟာ-အရ တောင်တလုံးတည်း၌ ဥမင်လိုဏ်ဂူနှင့်တူသော ကျယ်စွာသော အခေါင်း အပေါက်ကြီးကိုယူ--လည်းကောင်း--သိစေပါသည်။

ရ။ ဓဇ္ဇအ-ကားမသ+က။ မသက-ဟူလိုလျက် ဓာတွန်သ-ကို ဋ္ဌ-ပြု၍ပြီးသည်။

◆ မသ အာမသနေ၊ သဿ ဋ္ဌင်၊ မသီယတိ ပေမေနာတိ မဋ္ဌတံ။ (ဏွာဒိမောဂ်၊၁၅)

ဝဇ္ဇ-ကား ဂမု+တ။ ဂမတ-ဟူလိုလျက် ဓာတွန် မ-ကို တ-ပြု၍ပြီးသည်။

(တနည်း) ဂဟ+တ။ ဂဟတ-ဟူလိုလျက် ဓာတွန် ဟ-ကို တ-ပြု၍ပြီးသည်။

◆ ဝဠ္တိ, ဝဏ္ဏာတိ ဝါ ကုသလာကုသလံ ဓောနာတိ ဝဇ္ဇံ၊ ဝမု ဝဓီယံ၊ ဝဟ ဥပါဒါနေ ဝါ။ (ဓာန်ဋီ၊ ၁၅၁)

http://www.dhammadownload.com



(တနည်း) ဂုပ+တ။ ဂုပတ–ဟူလိုလျှက် ဂ–အစိတ် ဥ–ကို အ–ပြု၊ စာတွန် ပ–ကိုထ–ပြု၍ပြီးသည်။

◆ **ဂုပ သံဝရဏေ ဓါ၊ ထွစိစာတွာဒိနာ ဥဏာရဿ အဏာဒေသော။ (ဆူစိ)**

၈။ တောင်တလုံးထည်း၌ ဖြစ်သော ကျယ်စွာသော အခေါင်းအပေါက်သည်သာလျှင် အထက်၌ မိုးအပ်သောအမိုးရှိသောကြောင့် ဥမင်သဖွယ်ဖြစ်သည်။ အတွင်း၌ လိုဏ်သဖွယ် လည်းဖြစ်သည်။ ထို့ကြောင့် ဥမဂ္ဂသဒိသံ–ဟူသောပါဠိကို ကေဘွိယေဝ–ဟူသော အာစရ တပုဒ်ထည်းနှင့်သာလျှင် ဆက်စပ်၍ အဓိပ္ပါယ်ယူရမည်။

တောင်နှစ်လုံးတို့၏ အကြားအရပ်ဖြစ်သော ကျယ်စွာသောအခေါင်းအပေါက်သည် အထက်၌တစုံတခုသော အမိုးအကာမရှိသောကြောင့် ဥမင်သဖွယ်လည်းမဖြစ်။ လိုဏ်ခေါင်းနှင့်– လည်းမတူ။ ထို့ကြောင့် ဥမဂ္ဂသဒိသံ–ဟူသောပါဠိကို ဒွိန္နံ ပဗ္ဗတာနံ အန္တရံ–ဟူသော ပါဠိရပ်နှင့် ဆက်စပ်၍ အဓိပ္ပါယ်မယူရ။

မဟာဝိဝရံ–ပါဠိကား ဒွိန္နံ ပဗ္ဗတာနံ အန္တရံ–ဟူသောပါဠိ၊ ကေဘွိယေဝ ဟူသောပါဠိ။ ဤပါဠိနှစ်ရပ်လုံးတို့နှင့်ပင် (အတ္ထယုတ္တိရှိသောကြောင့်) ဆက်စပ်၍ အဓိပ္ပါယ်ယူရသည်။

◆ **ကေဒွိယေဝ ဟိ ဥမင်္ဂသဒိသံ အဓေ္ဓာလေဏံ ဟောတိ ဥပရိ ပဋိစ္ဆန္နတ္တာ၊ န ဒွိသု ထေသာ အပ္ပဋိစ္ဆန္နတ္တာ၊ တသ္မာ "ဥမင်္ဂသဒိသ"န္တိဣဒံ "ကေဒွိယေဝါ"တိဣမိနာ သမ္ဗန္ဓနီယံ၊ "မဟာဝိဝရ"န္တိဣဒံ ပန ဥဘယေဟိပိ။ (သိဋီသစ်၊ ၁၂၂။)**

၉။ **(က+ခ) ဝါကျ ဂါထာစီ။**

ကန္ဒရန္တိဣတ္တေ ပါဌေ၊ ဥဒကံ ကံ ပဝုစ္စတိ။
ဒါရိတံ ဝါရိနာ ဘိန္နံ ပဒေသံ ပဗ္ဗတဿ စ။ (ပဌမ ရ–ကာရဝိပုလာဂါထာ)

၁၀။ **ဏဓောစထော–၌ အန္တဏ္ဍကိုရှု၍ သာဓုလဏာရထုတ်ပုံ–**

- တောင်ချောက်ကြား–စသောအရပ်၌ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်နေသော အဋ္ဌပရိက္ခာရိကရဟန်း၏သန္တာန်၌ သမာဓိ, ဝီရိယ–စသည်ပြဓာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ် သည်––သမဏာယိဘာဝ+သန္တရသ။
  (တနည်း) ဓမ္မဥဿာဟဏာယိဘာဝ+ဓမ္မဝီရ ရသ။
- မေတ္တာကမ္မဋ္ဌာန်း၏ အာရုံဖြစ်သော သတ္တဝါပညတ်အာရုံသည်––အာရမ္မဏဝိဘာဝ။
- တရားအားထုတ်ချင်စဖွယ်ကောင်းသော တောင်ချောက်ကြား, ဖြူဖွေးလှစွာသော သဲပြင်, တောချုံ, တသွင်သွင်စီးနေသော ရေအလျှဉ်ရှိသည့်အရပ်ဌာန, လူသူ– စသည်တို့ ဆိတ်ငြိမ်မှုသည်––– ဥဒ္ဒီပနဝိဘာဝ။
- စိတ်တည်ငြိမ်မှုရရှိခြင်း, ရှာန်တရားများလျှင်မြန်စွာရလွယ်ခြင်း, တမလွန်ဘဝ၌ ဗြဟ္မာဘုံသို့ ရောက်နိုင်ခြင်း, မဂ်ဖိုလ်နှင့်နိဗ္ဗာန်တိုင်အောင် ရောက်ရှိနိုင်ခြင်း––စသော ကောင်းကျိုးအဆက်ဆက်သည်–– အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် (၁၆၉)

(က) ဓနပဏ္ဏန္တိ ဂါမန္တံ အတိက္ကမိတွာ မနုဿာနံ အနုပစာရဋ္ဌာနံ၊
(ခ) ယတ္ထ န ကသန္တိ န ဝပန္တိ၊
(ဂ) တေနေဝါဟ "ဝနပတ္တန္တိ ဒူရာနမေတံ သေနာသနံ အဓိဝစန"န္တိအာဒိ။
(ဃ) အဇ္ဈောကာသန္တိ အစ္ဆန္နံ။
(င) အာကင်္ခမာနော ပနေတ္ထ စီဝရကုဋိံကတွာ ဝသတိ။
(စ) ပလာလပုဉ္ဇန္တိ ပလာလရာသိ။

http://www.dhammadownload.com



(ဆ) မဟာပလာလပုဉ္ဇတော ဟိ ပလာလံ နိက္ခမိတွာ ပဏ္ဍာရလေဏသဒိသေ အာလယေ ကရောန္တိ၊ ဂစ္ဆဂုမ္ဗာဒီနမ္ပိ ဥပရိ ပလာလံ ပက္ခိပိတွာ ဟေဋ္ဌာ နိသီန္နာ သမဏဓမ္မံ ကရောန္တိ။

(ဇ) တံ သန္ဓာယေတံ ဝုတ္တံ။

(ဋ္ဌ။ ၁၈၈။ သီဋ္ဌီသစ်။ ၁၂၃။ ပခုက္ကူ။ ၂၂၀။ ဘာသာဋီကာ၊ တ။ ၁၂၃။ ဂန္ထိ။ ၃၈၂။)

၁။ (ဆ+ဇ) ဝါကျတို့ကိုသာ သဗ္ဗနာမ်အစွဲမှန်ကန်စေလျက် အနက်ပေးပါ။

၂။ (ဂ) ဝါကျကို အနုသန္ဓေတတ်၍ (င) ဝါကျကိုပုစ္ဆာထက်ပြပါ။

၃။ (ဆ+ဇ) ဝါကျတို့ကို စောဒကာဘောဂါဒိ စတုက္ကထုတ်ပြပါ။

၄။ ပလာလပုဉ္ဇ-၌ ပလာလ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (ဆ) ဝါကျ၌ ပဏ္ဍာရလေဏသဒိသေ ကိုဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး စာစပ်ပြပါ။

၆။ (က+ဃ+စ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ ဂုမ္ဗ၊ ဂစ္ဆ+ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ (ဂ) ဝါကျလာအာဒိ-ဖြင့်ယူရမည့် ပါဌသေသ တို့ကိုဖော်ထုတ်၍ (ဆ) ဝါကျ ဂစ္ဆဂုမ္ဗာဒီနမ္ပိ ၌ ပိ-ဖြင့်ပြအပ်သော အဓိပ္ပါယ်ကိုလည်း ရှင်းပြပါ။

၉။ (ဆ) ဝါကျ ပဌမပိုင်းစကားရပ်ကိုသာ ကြိုက်နှစ်သက်ရာ ဂါထာတပုဒ်သီကုံးပြပါ။

၁၀။ (ဆ) ဝါကျ ကရောန္တိ-၌ဓာတွတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ဆောင်ပြပါ။

= = = = = = = = = = = = = = = = = = =

၁။ (ဇ) တံ ပလာလပုဉ္ဇ၊ ထိုကောက်ရိုးပုံကို။ သန္ဓာယ၊ ၍။ ဧတံဝစနံ၊ ဤပလာလ-ပုဉ္ဇ-ဟူသော သဒ္ဒါကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။

၂။

## (ခ) ပုစ္ဆာ

ဆရာ- ဆရာသည် (က) ဖြင့် ရွာအနီးအရပ်ကိုကျော်လွန်၍ လူတို့မလှည့်လည် မသွားလာရာအရပ်သည် ဝနပတ္ထမည်သောဟုဆို၏။ ယင်း၌ "မနုဿာနံ အနုပစာရဋ္ဌာန=လူတို့ မလှည့်လည်မသွားလာရာအရပ်" ဟူသည် အဘယ်ကိုဆိုလိုပါသနည်း။သစ်ခုတ်ရာတောလိုက်ရာ ၏ အစွမ်းဖြင့် မလှည့်လည် မသွားလာရာအရပ်ကိုပင် "မနုဿာနံ အနုပစာရ ဋ္ဌာန=လူတို့ မလှည့် လည် မသွားလာရာအရပ်"ဟု ဆိုလိုပါသလော။ ဟုဒ်ကြောင့်(ခ)ဝါကျကိုမိန့်၏။

**အဓိပ္ပါယ်ကား** လယ်ထွန်မှု, စိုက်ပျိုးမှု၏အစွမ်းဖြင့် လူတို့မသွားလာရာအရပ်ကို "မနုဿာနံ အနုပစာရဋ္ဌာန=လူတို့မလှည့်လည် မသွားလာရာအရပ်"ဟူ၍ ဆိုလိုပါ၏ ဟူလို (ဝါ) လိုအပ်ပါ၏ ဟူလို။

- **မနုဿာနံ အနုပစာရဋ္ဌာနန္တိ ပကတိသဥ္စာရဝသေန မနုဿေဟိ န သဥ္စရိတဗ္ဗဋ္ဌာနံ။ ကသနဝပ္ပနာဒိဝသေန ဟိ ပကတိသဥ္စာရပဋိက္ခေပေါ ဣဓာဓိပ္ပေတော၊ တေနာဟ "ယတ္ထ န ကသန္တိ န ဝပန္တိ"တိ။ (သီဋီသစ်)**

### (ဂ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့(က+ခ) နှစ်ဝါကျဖြင့် ရွာအနီးအရပ်ကို ကျော်လွန်၍ လူတို့လယ်ထွန်မှု, စိုက်ပျိုးမှု၏ အစွမ်းဖြင့် မလှည့်လည်မသွားရာအရပ်သည်-ဝနပတ္ထ-မည်၏ဟု ဖွင့်ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းစကားရပ်ကို ဝိဘင်းပါဠိတော်တည်းဟူသော အာဂုမ်ပါဠိဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (ဂ) မိန့်၏။

※ တေနေဝါဟ၊ ဥာပတ၊ တဝဒဋ္ဌီယာ။

## (င) ဝါကျ ပုစ္ဆာအဖြေ

ဆရာ၊ ဆရာသည် (ဃ) ဝါကျဖြင့် အမိုးအကာမရှိသောအရပ်သည် အဗ္ဘောကာသ-မည်သောဆိုး၏။ ယင်းသို့ဆိုခဲ့လျှင် အမိုးအကာအလျှဉ်းမရှိသော အရပ်သည်သာ အဗ္ဘောကာသ မည်၏ဟုမှတ်ရပါမည်လော။ (ကတ္ထိ၊ ၃၈၂)၊ အဗ္ဘောကာသပုဒ်၏ အဓိပ္ပါယ် အစုံအလင်ကို အဘယ်သို့မှတ်သားရပါမည်နည်း။ စုဒ်ကြောင့် (င) မိန့်။

## (ဆ) ဝါကျ ပုစ္ဆာအဖြေ

ဆရာ၊ ဆရာသည် (စ) ဝါကျဖြင့် ကောက်ရိုးစု, ကောက်ရိုးပုံသည် ပလာလပုဉ္ဇ မည်သောဟုဖွင့်ဆို၏။ ယင်းအဖွင့်အရ စုပုံ၍ထားသောကောက်ရိုးစုမျှသည်သာ ပလာလပုဉ္ဇ မည်၏ဟူ၍ ဆိုလိုပါသလော။ (ကတ္ထိ။ ၃၈၂)။ ယင်းပလာလပုဉ္ဇ-ပုဒ်နှင့်ပတ်သက်၍ အဓိပ္ပါယ် အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဆ)မိန့်။

၃။ **(ဆ+ဇ) ဝါကျ စဒေ္ဒတ္ထထုတ်ပုံ။**

(က) နနု ပါဠိယံ ပလာလပုဉ္ဇမေဝ ဘဂဝတာ ဝုတ္တံ။

(ခ) အထ ကသ္မာ မဟာပလာလပုဉ္ဇတော ပလာလံ။ပေ။ သမဏာဓမ္မံ ကရောန္တီတိ သံဝဏ္ဏိတံ။

(ဂ) နနု တံ သန္ဓာယေတံ ဝုတ္တံ။

(ဃ) တသ္မာ မဟာပလာလပုဉ္ဇတော ပလာလံ။ ပေ။ သမဏဓမ္မံ ကရောန္တီတိ သံဝဏ္ဏိတံ။

၄။ ဝါတေန ပလတိ ဂစ္ဆတီတိ ပလာလံ။ (ဏွာဒိမောဂ်၊ ၁၈၆)

လေကြောင့် ရွေ့ရှားသွားခြင်း ကြိယာအကတ်သည်----- ဝစနယောဂ။

ကောက်ရိုးဖြစ်သည်-- ဝစနီယ။

နိပ္ဖလ-စသော ပရိယာယ်သဒ္ဒါများသည်-- ဝစနီယတ္ထ။

## ဝစနတ္ထမှတ်ဖွယ်

ပတိဋ္ဌန္တိ ဧတ္ထ ဝိဝေကကာမာ ယထာဓိပ္ပေတဝိသေသာဓိဂမေနာတိ ပတ္ထံ။

(မူလပဏ္ဏာသ-ဝနပတ္ထ-သုတ်ဋီကာ)

ပတိဋ္ဌတေ အသ္မိန္တိ ပတ္ထော၊ ဌဿ ထော၊ (ဓာန်ဋီ၊ ၆၀၇)

ရဒိယတိ အဿာဒနဝသေန သမောသရိယတီတိ ရသော၊ (ဏွာဒိ၊ ၁၀)

နိလီယန္တိ ဧတ္ထာတိ လေဏံ၊ နိလီယနဋ္ဌာနံ၊ လီ+ဏ၊ (ဏွာဒိ၊ ၆၅)

၅။ ပဗ္ဘာရလေဏသဒိသေ-ကို ပဗ္ဘာရလေဏသဒိသတ္တာ-ဟုယိတ်ပြင်။

ယင်း၏သမ္ဗန်ကို အာလယာနံ-ဟုခံ၊ ကတ္တား+သမ္ဗန်စစ်ပါ။

(င) ဝါကျ၌ ဝသတိ-ကို ဝသန္တတ္တာ-ဟုယိတ်ပြင်။

ယင်း၏သမ္ဗန်ကို အာကာသမာနသာ (ဘိက္ခူနော) ဟုခံ၊ ကတ္တား+သမ္ဗန်စစ်။

၆။ (က) ဖြင့် ဝနပတ္ထ-အရ ရွာ၏အနီးအရပ်ကို ကျော်လွန်၍ လူတို့လှည့်လည်သွားလာရာ မဟုတ်သောအရပ်ကိုယူ---လည်းကောင်း။ ပတ္ထသဒ္ဒိသံ+ဝနံ-ဝနပတ္ထော-(တံ) ဟု ဝိသေသနပရနိပါတကမ္မဓာရယ်သမာသ်ဝစနတ္ထပြု---လည်းကောင်း-သိစေသည်။

◆ **ပစ္ဆောတိ ဟိ ပဗ္ဗတေသု သမာနတ္တော၊ ယော "သာနု"တိပိ ဝုစ္စတိ၊ တေသံဒိသတ္တာ ပန မနုဿာနံ မသဉ္စရဏဌာနံ ဝနံ၊ တတ္ထာ ပတ္ထသဒ္ဒိသံ ဝနံ ဝနပတ္ထောတိ ဝိသေသနပရနိပါတော ဒဋ္ဌဗ္ဗော၊ (ဆီရီသစ်)၊**

(ဃ) အဗ္ဘန္တံ-ဖြင့် အဗ္ဘောကာသ-အရ အမိုးအကာမရှိသော လွင်တီးခေါင်အရပ်ကို ယူ--လည်းကောင်း။ အဗ္ဘောကာသ-ပုဒ်ကို အဘိ+ဩကာသ-ဟုပုဒ်ဖြတ်၍ သဗ္ဗေသံ သမ္မာသု ဒိသာသု အဘိမုခေါ+ဩကာသော အဗ္ဘောကာသောဟု သသန္ဓိကပါဒိပုဗ္ဗပဒ ကမ္မဓာရယ် သမာသ်ဝစနတ္ထ ပြု-လည်းကောင်း--သိစေပါသည်။

http://www.dhammadownload.com



- **သမ္မေသံ သမ္ဗာသု ဒိသာသု အဘိမုခေါ ဩကာသော အဗ္ဘောကာသောတိအာဟ "အဇ္ဈေန္တ"န္တိ။ (သီဋီသစ်)**

(စ) ဖြင့် ပလာလပုဉ္ဇ-၌ ပုဉ္ဇ-သဒ္ဒါသည် ရာသိ-သဒ္ဒါ၏ပရိယာယ်တည်း-ဟုသိစေ။

- **ရာသိ ပုဉ္ဇော သမဝါယော။ (အဘိဓာန်၊ ဂါ၃၀)။**

၇။ ဝုမ္ဗ-ကား ဂုပ-ဓာတ်+ဗ-ပစ္စည်း။ ဓာတွန် ပ-ကို မ-ပြု၍ပြီးသည်။

- **ဂုပ ရက္ခဏေ၊ မော၊ ပဿ မော၊ (ဓာန်ဋီ၊ ၅၅၀)။**

ဂစ္ဆ-ကား ဂမု-ဓာတ်+ဆ-ပစ္စည်း။ ဓာတွန် မ-ကို စ္ဆ-ပြု၍ပြီးသည်။

- **ဂမု ဂမနေ၊ ဏော၊ "ဂမိဿန္တော စ္ဆော ဝါ သဗ္ဗာသု"တိ စ္ဆော၊ (ဓာန်ဋီ၊ ၅၄၀)။**

ပဏ္ဏ-ကား ပ+ဌာ+ဏ-ပစ္စည်း။ ဓာတွန်ဌ-ကို ဏ-ပြု၍ပြီးသည်။

- **ပတိဋ္ဌတေ အသ္မိံန္တိ ပဏ္ဏော၊ ဌဿ ဏော၊ ဓာန်ဋီ၊ ဖ၀၇။**
- **ပဗ္ဘာရ-ကား ပ+ဘာရ-ဟူလိုလျက် ဗ-လာ၍ပြီးသည်။(ဝိသုဒ္ဓါရုံပိဋကအဘိဓာန်တ၊၃၀)**

၈။ (ဂ) ဝါကျ **အာဒိ**-သဒ္ဒါဖြင့် "ဝနပတ္ထန္တိ ဝနသဏ္ဍာနမေတံ သေနာသနံ အဓိဝစနံ၊ ဝနပတ္ထန္တိ ဘီသနကာနမေတံ၊ ဝနပတ္ထန္တိ သလောမဟံသာနမေတံ၊ ဝနပတ္ထန္တိ ပရိယန္တာနမေတံ၊ ဝနပတ္ထန္တိ န မနုဿူပစာရာနမေတံ သေနာသနံ အဓိဝစနံ" ဟူသော (ဝိဘင်းပါဠိတော်) ပါဌ်သေသတို့ကို ယူရပါသည်။ (သီဋီသစ်)

**ဂစ္ဆဝုမ္ဗာဒိနမ္ပိ**-၌ ပိ-ကား သမ္ပိဏ္ဍနအနက်, ဝုတ္တသမုစ္စည်းအနက်ရှိသည်။ ယင်း ပိ-သဒ္ဒါဖြင့် ရှေး၌ဆိုခဲ့ပြီးသော ပထမနည်းလာအနက် အဓိပ္ပါယ်ကို ပေါင်းဆည်းသည်။

- **ဂစ္ဆဝုမ္ဗာဒိနမ္ပိတိ ပိ-သဒ္ဒေန ပုရိမနယံ သမ္ပိဏ္ဍေတိ၊ (သီဋီသစ်)**

၉။ **(ဆ) ပဋ္ဌမပိုင်း ဂါထာစီ။**

နိက္ခမိတွာ ပလာလံ ဟိ၊ မဟာပလာလပုဉ္ဇတော။

ပဗ္ဘာလေဏသဒိသော၊ ဘိက္ခူ ကရောန္တိ အာလယေ။(တတိယ န-ကာရဝိပုလာဂါထာ)

၁၀။ **(ဆ) ဝါကျ ကရောန္တိ-၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။**

- ✣ တရားအားထုတ်ရန် ကောက်ရိုးအိမ်ကို ဆောက်လုပ်ကြကုန်သော ရဟန်းတို့၏ သန္တာန်၌ သမ္မာဝါယာမဖြစ်ခြင်းသော စိတ္တုပ္ပါဒ်သည်--ဓမ္မဥဿာဟဌာယီဘာဝ+ ဓမ္မသိဂ်ီရရသ။
- ✣ ဆောက်လုပ်ဆဲဖြစ်သော ကောက်ရိုးအိမ်ကြီးသည်--အာရမ္ဘကဝိဘာဝ။
- ✣ ကောက်ရိုးပုံကြီးသည်လည်းကောင်း, ကောက်ရိုးပုံကြီးမှ ကောက်ရိုးတို့ကို သယ်ယူ ရုံးစုခြင်း သမ္ဘာပယောဂသည်လည်းကောင်း--ဥဒ္ဒီပနဝိဘာဝ။
- ✣ ကောက်ရိုးအိမ်ကြီးပြီးစီးသွားခြင်း, ယင်းကောက်ရိုးအိမ်ကြီး၌ ရဟန်းတရားကို ချမ်းချမ်းသာသာ အားထုတ်နိုင်ခြင်း, ဈာန်မဂ်ဖိုလ်တရားထူးကို ရရှိခြင်း-စသော အကျိုး အဆက်ဆက်သည်--အနုဘာဝ။

http://www.dhammadownload.com



# ဝါကျဥပဿာဉ် (၁၃၀)

## ၁၃၁၉-ခု၊ အစိုးရ

(က) ဗလ္လတ်ကို သမန္တတော ဥိုလုပ္ပါသနံ။
(ခ) အာသုစိတ္တာတိ ဗန္ဓိတွာ။
(ဂ) ဥဇုံကာယံ ပဏိဓာယာတိ ဥပရိမံ သရီရံ ဥဇုံ ဌပေတွာ အဋ္ဌာရသ။
ပိဋ္ဌိကဏ္ဍကေ ကောဋိယာ ကောဋိံ ပဋိပါဒေတွာ။
(ဃ) ဝေဋ္ဌိ နိသိန္နဿ စမ္မမံသနှာရူနိ န ပဏမန္တိ။ အထဿ ယာ တေသံ ပဏမနပစ္စယာ ခဏေ ဝေဒနာ ဥပ္ပဇ္ဇေယျုံ၊ တာ နုပ္ပဇ္ဇန္တိ။
(ဋ္ဌ။ ၁၈၈။ သီဋ္ဌိသစ်။ ၁၂၃။ နေရင်း။ ၁၈၁။ ပခုက္ကူ။ ၂၂၁။ ဘာသာဋီကာ။ ၁၂၅။ ဂဏ္ဌိ။ ၃၈၃။)

၁။ အထက်ပါဝါကျများတွင် (ဂ+ဃ) ဝါကျတို့ကိုသာ အနက်ယောနောပါ။
၂။ (ဂ) ဝါကျကို သံဝဏ္ဏနာရှု၍ သာဘောဂပုစ္ဆာတက်ပြီးလျှင် "ဝေဋ္ဌိ"၌ ဟိသဒ္ဒါ၏ အဌ္ဌုဒ္ဒါရနှင့် အဓိပ္ပေတတ္တကိုလည်း ထုတ်ပြခဲ့ပါ။
၃။ (ဃ) ဝါကျ၌ "အထ"သဒ္ဒါထားရခြင်းအကြောင်းကိုပြ၍ ၎င်း၌စောဒကာသောဂါဒိ စတုက္က ကျနစွာထုတ်ပြပါ။
၄။ (က) ဝါကျ၌ ပလ္လင်္ကပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟပြပါ။
၅။ "တဋ္ဌိ မန္ဒာတုမဟာရင်္ဂါဝိနွာဒိဟိ ပရိက္ခိတတ္တာ ရာဇဂဟန္တိ ဝုစ္စတိ"၌ ဟိတ်၏ သမ္ဗန် ဖြစ်ထိုက်သောပုဒ်ကိုထုတ်၍ ဘာဝယောဂပုဒ်၌ ရထိုက်သော ပစ္စယတ္ထကိုလည်း ဖေါ်ပြခဲ့ပါ။
၆။ (ဂ) ဝါကျ၌ အဋ္ဌကထာ သောဂနှင့်သံဝဏ္ဏနာများကို ထုတ်ပြခဲ့ပါ။
၇။ (က) ဝါကျ၌ "ပလ္လင်္က"ပုဒ်၏ နိရုတ္တိနည်းရုပ်ပြီးပုံကို ဖေါ်ပြပါ။
၈။ ပလ္လင်္က-၏ သရုပ်ကို ဖေါ်ပြ၍ ဤမှာဓိပ္ပေတ ပလ္လင်္ကကိုလည်း ဖော်ပြခဲ့ပါ။
၉။ စာတုဒ္ဓိသော အပ္ပဋိဃောစ ဟောတိ။ ပ။ ခဂ္ဂဝိသာဏကပ္ပေါ။
ဂါထာ၌ ဂါထာအမည် သန်းအမည်ကိုသာဖော်ပြပါ။
၁၀။ ၉-နံပါတ်ဂါထာ၌ စရေ-အရ တရားကိုယ်ကောက်ပြ၍ ဘာဝါလက်ာရ ထုတ်ပြခဲ့ပါ။

---

## ၂။ (ဂ) ဝါကျ သံဝဏ္ဏနာရှု၍ သာဘောဂပုစ္ဆာထက်ပုံ

ဆရာ၊ မြတ်စွာဘုရားသည် ဥဇုံ ကာယံ ပဏိဓာယ-ဟုဟော၏၊ ယင်း၌ ကာယ သဒ္ဒါသည် သမူဟအနက်ကိုပင် ဟောပါသလော၊ အဘယ်အနက်ကို ဟောပါသနည်း။ ကာယ အရ ဟောဋ္ဌိမကာယကိုယူရမည်လော၊ မည်သည့်ကာယကို ယူရပါမည်နည်း။ ပဏိဓာယ၌ ပ-ရှေး နိ-ရှေး+ဓာ ဓာတ်သည် ဓာရဏအနက်ကို ဟောပါသလော။ မည်သည့်အနက်ကို ဟောပါ သနည်း။ ပ-နိ-ဥပသာရတို့သည် ဓာတွတ္ထာဗာဓကဥပသာရပင် ဖြစ်ပါသလော၊ မည်သည့် ဥပသာရဖြစ်ပါသနည်း။ ယ-သည် နာ-ဝိဘတ်၏ ကာရိယ ဖြစ်ပါသလော၊ အဘယ်၏ ကာရိယ ဖြစ်ပါသနည်း၊ ဤသို့မေးဘွယ်ရှိ၍ (ဂ) မိန့်။ (အစိပ္ပါယ် ၆-နံပါတ် အဘော်ရှုပြန်လေ။)

### ဟိ-သဒ္ဒါ၏ အဌ္ဌုဒ္ဒါရ

ဝါကျာရမ္ဘေ ဝိဓ္ဓာရေစ၊ ဒဠှိယံ ဖလယောတုကော။
တပ္ပါကဋ္ဌိကရေစေဝ၊ ဝိသေသေ အနွယေပိစ။
ဗျတိရေကေစ ဟိ-သဒ္ဒေါ၊ နဝတ္ထေသု ပကာသိတော။ (ဂဏ္ဌာဘရဏ၊ ရ။)
ဝေဋ္ဌိ-၌ ဟိကား ဖလအနက်ဖြစ်ပါသည်။

http://www.dhammadownload.com



### (ဂ) ဝါကျ အဋ္ဌာရသပိဋ္ဌိကဏ္ဍကေစသော ဝါကျသို့အနုသန္ဓေ

ဤသို့ ဥဇုံ ကာယံ ပဏိဓာယာတိ စသောဝါကျဖြင့် အထက်ပိုင်းဖြစ်သော ခန္ဓာကိုယ်ကို ဖြောင့်စွာထားခြင်းသည် ဥဇုံ ကာယံ ပဏိဓာယ-မည်သောဟု ပြဆိုပြီး၍ ယခု အခါ၌ အထက်ပိုင်းဖြစ်သော ခန္ဓာကိုယ်ကို ဖြောင့်စွာထားခြင်းကို သရုပ်အားဖြင့် ပြလို၍ အဋ္ဌာရသ ပိဋ္ဌိကဏ္ဍကေ-စသော ဝါကျမိန့်၏။

- **တံ ပန ဥပရိမကာယဿ ဥဇုကံ ဌပနံ သရူပတော ဒဿေတိ "အဋ္ဌာရသာ"တိ အာဒိနာ။ (သီဋီသစ်၊ ၁၂၄)**

### (ဃ) ဝါကျအနုသန္ဓေ

ဤသို့ (ဂ) ဝါကျဖြင့် ဥဇုံ ကာယံ ပဏိဓာယဟူသည် ၁၈-ချောင်းသော ကျောက်ဆူးရိုးတို့ကို အစွန်းတခုဖြင့် အစွန်းတခုကို ထိစေ၍ ထိုင်ခြင်းပင်တည်းဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းသို့ထိုင်ခြင်း၏ အကျိုးပယောဇဉ်ကို ပြလိုသောဆရာသည် (ဃ) မိန့်၏။

- **ဣဒါနိ တေသ ဌပနဿ ပယောဇနံ ဒဿေန္တော "ဝေဒူ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၁၂၄)**

### (ဃ) ဝါကျ၌ အထဿယာ တေသံ-စသော နောက်ဝါကျသို့ အနုသန္ဓေ

ဤသို့ ဝေဒူ နိသိန္နဿ စမ္မမံသနှာရူနိ နပဏမန္တိ-ဝါကျဖြင့် ကျောက်ဆူးရိုးတို့ကို အချင်းချင်းထိစေ၍ ထိုင်သောရဟန်းအား အရေအသားအကြောတို့သည် အောက်သို့ မညွတ်ကြကုန်-ဟုပြဆိုပြီး၍ ယခုအခါ၌ အကျိုးအဆက်ဆက်ကို ပြလိုသော ဆရာသည် အထဿ ယာ တေသံ စသည်မိန့်၏။

- **"အထဿာ"တိ အာဒိ ပန ပရမ္ပရပယောဇနဒဿနံ။ (သီဋီသစ်၊ ၁၂၄)**

၃။ **(ဃ) ဝါကျ၌ အထ သဒ္ဒါထားရခြင်း**

"တာ နုပ္ပဇ္ဇန္တိ"ဟူသော သံဝဏ္ဏနာဖြင့် ပြဆိုအပ်သော အကျိုးကို မနှစ်သက်သော ကြောင့် အထ-သဒ္ဒါထားပါသည်။

### (ဃ) ဝါကျ စေ့ထွေ

(က) နနု အဿ ယာ တေသံ ပဏမနပစ္စယာ ခဏေ ခဏေ ဝေဒနာ ဥပ္ပဇ္ဇေယျုံ။

(ခ) အထ ကသ္မာ တာ နုပ္ပဇ္ဇန္တိ။

(ဂ) နနု ဧဝံ နိသိန္နဿ စမ္မမံသနှာရူနိ နပဏမန္တိ။

(ဃ) တသ္မာ တာ နုပ္ပဇ္ဇန္တိ။

၄။ အင်္ကံ အာသနံ အင်္ကော။

ပရိသမန္တတော+အင်္ကော ပလ္လင်္ကော။

ဝန်းကျင်ပတ်လည်အရပ်၏+ပေါင်တို့ကို ဖွဲ့ခွေခြင်း၏ အစွမ်းဖြင့် နေခြင်းနှင့် ဂုဏ်+ဂုဏေးစပ် ဝစနယောဂ၊

ဝန်းကျင်ပတ်လည်အရပ်မှ ပေါင်တို့ကိုဖွဲ့ခွေခြင်း၏ အစွမ်းဖြင့်နေခြင်း (ဝါ) ပေါင်ချင်းစပ်ယှဉ်၍ ထိုင်အပ်သော တင်ပလ္လင်ဖြစ်သည် ဝစနီယ၊

ပရိယာသနံ စသော ပရိယာယ် ဝစနီယတ္ထ။

**ဝစနတ္ထမှတ်ဖွယ်**

ဦရူနံ+ဗဒ္ဓေါ ဦရုဗဒ္ဓေါ။ ဦရုဗဒ္ဓေန+အာသနံ ဦရုဗဒ္ဓါသနံ။

တနည်း ဗန္ဓနဝသေန+အာသနံ ဗဒ္ဓါသနံ။ ဦရူနံ+ဗဒ္ဓါသနံ ဦရုဗဒ္ဓါသနံ။

ပိဋ္ဌိယံ ဌိတာ ကဏ္ဍကာ ပိဋ္ဌိကဏ္ဍကာ။

၅။ ဝါကျဥယျာဉ် (၁၀၄) ၌ ပြခဲ့ပြီ။

http://www.dhammadownload.com



၆။ (က) ဝါကျဖြင့် ပလ္လင်္က-၌ ပရိ-သဒ္ဒါသည် ပရိစ္ဆိန္နအနက်ကိုမဟော၊ သမန္တအနက် ဟော-လည်းကောင်း။ (ဥပသဂ္ဂလိင်္ဂတ္တ) အင် ဓာတ် (သို့) အကိ ဓာတ်သည် ဣဋ္ဌလက္ခဏ အနက်ကိုမဟော၊ အာသန အနက်ဟော-လည်းကောင်း။ (ဒု၊ ဓာတွတ္ထ) အ-ပစ္စည်းဘာဝသာဓ်၌ သက်-လည်ကောင်း။ အင်္ကနံ အာသနံ အင်္ကော-ဟု ပြု-လည်းကောင်း။ အပေါင်းပုဒ်ကို ပရိသမန္တတော အင်္ကော ပလ္လင်္ကော-ဟု ပဉ္စမီတပ္ပုရိသ်ပြု-လည်းကောင်း။ "ပရိ+အင်္က" ဟူလို လျက် ရိ-၌ ဣ-ကိုချေ၊ ရ-ကို လ-ပြု၊ လ-ဒွေဘော်လာ၍ ပလ္လင်္က-ဟု ရုပ်ပြီးနေသည်ကို လည်းကောင်း။ (ဘာဝတ္ထ) ထက်ဝန်းကျင်၏ အပြစ်ဟူသည်လည်း လက်ဝဲပေါင် လက်ယာပေါင် တို့ကို အညီအမျှထား၍ ခြေနှစ်ချောင်းတို့ကို အချင်းချင်းဆက်စပ်၍ ထိုင်ခြင်း ပင်တည်း ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း (ဘာဝတ္ထ)ပလ္လင်္က-အရ၊သားရေရုပ်တို့ဖြင့်ပြုအပ်သော နိသီဒိတဗ္ဗပလ္လင်္ကကို မယူရ၊ ဦရုဗဒ္ဓါသနပလ္လင်္ကကို ယူရမည်ကိုလည်းကောင်း သိစေသည်။

◆ **ပလ္လင်္ကန္တိ ဧတ္ထ ပရိသဒ္ဒေါ "သမန္တတော"တိ ဧတသ္မိံအတ္ထေ၊ တသ္မာ ပရိသမန္တတော အင်္ကနံ အာသနံ ပလ္လင်္ကော ရ-ကာရဿ လ-ကာရံ, ကတွာ၀ ဧဝ ဇကွာယထာ "ပလိဗုဒ္ဓေါ"တိ၊ သမန္တတာဓော ဝါဓောရုံ, ဒကွိဏော ရုဠ္ဌ သမ်ဋ္ဌပေတွာ ဥဘိန္နံ ပါဒါနံ အညမညသမ္ဗန္ဓနကရဏံ၊ တေနာဟ "သမန္တတော ဦရုဗဒ္ဓါသန"န္တိ၊ ဦရုနံ ဗန္ဓနဝသေန နိသဇ္ဇာ ဟုတွာ ပလ္လင်္ကော၊ န အာဟာရိမေဟိ ဝါဠေဟိ ကတတောတိ ဝုတ္တံ ဟောတိ။ (ဋီသစ်၊ ၁၂၃)**

(ခ) ဝါကျ ဗန္ဓိတွာ-ဖြင့် အာဘုဇိတွာ-၌ ဘုဇ ဓာတ်သည် တာဏ ဘက္ခဏ အနက်တို့ကို မဟော၊ အာ-ဥပသာရနှင့်ယှဉ်သောကြောင့် ကောဋိလ္လအနက် ဟောသည်ကို လည်းကော်း၊ (ဒု၊ ဓာတွတ္ထ) အာ-ဥပသာရ၏ ဓာတွတ္ထ ဝိသေသက၏အဖြစ်ကိုလည်းကောင်း၊ အာဘုဇိတွာ=ခွေ၏ဟူ သည် ပလ္လင်္က၏ အစွမ်းဖြင့် နေခြင်းကြိယာပြီးစေဘို့ရန် ခြေနှစ်ချောင်း တို့ကိုဖွဲ့စပ်ထားခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း(ဘာဝတ္ထ)သိစေ၏။(ဋီသစ်၊၁၂၃)

(ဂ) ဝါကျ ဥပရိမံ သရီရံ-ဖြင့် ကာယ-သဒ္ဒါသရီရအနက်ဟော (ဝါ) သရီရ၏ပရိယာယ် အဖြစ်ကိုလည်းကောင်း၊ ကာယအရ ဥပရိမကာယကို ယူရမည်ကိုလည်းကောင်း သိစေသည်။

ဌပေတွာ-ဖြင့် ပဏိဓာယ-၌ ပ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကို လည်းကောင်း။ နိ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း၊ ဓာ-ဓာတ်၏ ဌပန အနက်ဟောသည်ကိုလည်းကောင်း။ ယ-၏ တွာ ပစ္စည်း၏ကာရိယအဖြစ်ကိုလည်းကောင်း သိစေသည်။

ဥပရိမံ သရီရံ ဥဇုံ ဌပေတွာ-ဟူသော အပေါင်းသံဝဏ္ဏနာဖြင့် ဥဇုံကာယံ ပဏိဓာယ-၌ ဥဇုံ-ကို ကာယံ-ပုဒ်၌ စာမစပ်ရ၊ ပဏိဓာယ-၌ ကြိယာဝိသေသန+ကြိယာ ဝိသေသအဖြစ်ဖြင့် စာစပ်ရမည်ကိုလည်းကောင်း (သမ္ဗန္ဓ ဝါ-ဘာဝတ္ထ) သိစေသည်။ (သီဋီသစ်၊ ၁၂၃)

အဋ္ဌာရသ။ ပ။ ပဋိပါဒေတွာ-ဖြင့် ဥဇုံကာယံ ပဏိဓာယ-၌ အထက်ဖြစ်သော ကိုယ်ကိုဖြောင့်စွာထားခြင်းဟူသည် တဆယ့်ရှစ်ချောင်းသော ကျောက်ဆူးရိုးတို့ကို အစွန်းတခု ဖြင့် အစွန်းတခုကို ထိစေ၍ ထိုင်ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ) (သီဋီသစ်၊ ၁၂၄)

၇။ **ပလ္လင်္က**-ကား (ပရိ-ရှေး+အကိ ဓာတ် (သို့) အင် ဓာတ်+ဏပစ္စည်း) ပရိအင် ဟူလိုလျက် ရ-အစိတ် ဣ-ကို ချေ၊ ရ-ကို လ-ပြု၊ လ-ဒွေဘော်လာ၍ ပြီးသည်။

**တနည်း** ရ-အစိတ် ဣ-ကို ယ-ပြု၊ ရ-ကို လ-ပြု၊ လျ-ကို လ-ပြု လ-ဒွေဘော် လာ၍ပြီးသည်။

**တနည်း** ဣျအဋ္ဌကထာ စာမျက်နှာ၊ ၅၈-တိသန္ဒိ ပလ္လင်္က အာဘုဇိတွာ-၌ ပလ္လင်္က-ပုဒ်ကို ပလ္လံ ကိလေသဝိဒ္ဓံသနံ ကရောတိ ဧတ္တာတိ ပလ္လင်္ကော နိဂ္ဂဟိတာဂမဝသေန၊ အလုတ္တသမာသေနဝါ-ဟု သီဋီသစ် (ပဌမအုပ်-၂၄၁) တနည်းဖွင့်သည်။ ယင်းအလို

http://www.dhammadownload.com



**ပလ္လင်္က**-ကား ပလ္လ သဒ္ဒူပပဒ+ကရ ဓာတ်+ကွိ။ နိဂ္ဂဟိတ်လာ၊ ဓာတွန် ရ-နှင့် ကွိ-ကို ချေ၊ နိဂ္ဂဟိတ်ကို င-ပြု၍ ပလ္လင်္ကပြီးသည်။ ဤကား နိဿိဒိတဗ္ဗ ပလ္လင်္က ပုဒ်ရုပ်ပြီးပုံ ဖြစ်သည်။

၈။ **ပလ္လင်္က သရုပ်ကား-**

(၁) ပေါင်တို့ကိုဖွဲ့ခြင်း၏ အစွမ်းဖြင့်ထိုင်ခြင်းဟု ဆိုအပ်သော ဦရုဗဒ္ဓါသန ပလ္လင်္က

(၂) သားရဲရုပ်တို့ဖြင့် ပြုအပ်သော နေရာဟူသော နိသီဒိတဗ္ဗပလ္လင်္က ဟု နှစ်မျိုး။

**ဤဓာစိမွေ့တ ပလ္လင်္ကကား**- ဦရုဗဒ္ဓါသနပလ္လင်္က ဖြစ်သည်။ (ဋီသစ်၊ ဒု၊ ၁၂၃)

၉။ (ဝါကျဥယျာဉ် (၁၆၃)၊ ၁၃၁၇-၃၊ အစိုးရ ပုစ္ဆာ၌ ဖြေပြီး။)

၁၀။ ဝါကျဥယျာဉ် (၁၆၄) ၌ ဖြေခဲ့ပြီ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် (၁၇၁)

### ၁၃၃၆-သက္ကရာဇ်

(က) **ပလ္လင်္ကန္တိ** သမန္တတော ဦရုဗဒ္ဓါသနံ။

(ခ) **အာဘုဇိတွာတိ** ဗန္ဓိတွာ။

(ဂ) **ဥဇုံ ကာယံ ပဏိဓာယာတိ** ဥပရိမံ သရီရံ ဥဇုံ ဌပေတွာ အဋ္ဌာရသ ပိဋ္ဌိကဏ္ဍကေ ကောဋိယာ ကောဋိံ ပဋိပါဒေတွာ။

(ဃ) **ဝေဋ္ဌိ** နိသိန္နဿ စမ္မမံသနှာရူနိ န ပဏမန္တိ။

(င) အထဿ ယာ တေသံ ပဏမနပစ္စယာ ခဏေ ခဏေ ဝေဒနာ ဥပ္ပဇ္ဇေယျုံ၊ တာ နုပ္ပဇ္ဇန္တိ။

(စ) တာသု အနုပ္ပဇ္ဇမာနာသု စိတ္တံ ဧကဂ္ဂံ ဟောတိ၊ ကမ္မဋ္ဌာနံ န ပရိပတတိ၊ ဝုဍ္ဍိံ ဖာတိံ ဝေပုလ္လံ ဥပဂစ္ဆတိ။

(၁။ ၁၈၈။ သိဋီသစ်။ ၁၂၃။ နေရင်း။ ၁၈၁။ ပဒတ္ထ။ ၂၂၁။ ဘာသာဋီ။ ၁၂၅။ ဂဏ္ဌိ။ ၃၈၃။)

၂။ မှန်ကန်သော အာဘောဂကိုပြလျက် (က) ဝါကျကို- လီနတ္ထရစောဒနာ၊ (ဃ) ဝါကျကို သာဘောဂ ပုစ္ဆာတက်ပြပါ။

၃။ (ဃ-င-စ)ဝါကျတို့ကိုအကြောင်းပြအမည်ပေး၍ ဃ-ဝါကျ၌ ဓဝံ-ကိုဖြစ်သင့်သမျှ စာစပ်ပြပါ။

၄။ (က) ဝါကျသံဝဏ္ဏေတဗ္ဗ-ပုဒ်ကို အစိတ်+အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကို သရူပတ္ထ ထင်ရှားအောင်ကောက်ပါ။

၅။ ဥဇုံ-ကို နာမပဒမာလာ၊ ယင်း၌ ဓာတ်-ကိုယူ၍ ဝတ္တမာန် ပရဿ-ပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ပါ။

၆။ (ခ-ဂ) ဝါကျတို့ကို အာဘော်ဖေါ်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ ဦရုဗဒ္ဓါသန်-ဟုလည်းကောင်း၊ ဥရုဗဒ္ဓါသန်-ဟုလည်းကောင်း အာဘုဇိတွာ ဟုလည်းကောင်း၊ အာဘုဥ္ဇိတွာဟုလည်းကောင်း ရှိကြရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။

၈။ (က) သံဝဏ္ဏေတဗ္ဗ-အရ ယူရမည့်အနက်ကို အတ္ထာပတ္တိ-နည်းအားဖြင့် ဝိနိစ္ဆယချ ပြီးလျှင်(ဂ) ဝါကျ၌ ကာယ-အရ ဥပရိမကာယ-ကိုသာ ဖွင့်ဆိုရခြင်းအကြောင်းကို ရေးပါ။

၉။ (စ) ဝါကျလာ စကားသုံးရပ်ကို အဓိပ္ပါယ်မပျက်အောင် ဝတ္ထုမျိုး ဂါထာစီကုံးပါ။

၁၀။ (စ) ဝါကျလာ မူလပယောဇဉ်ပြပါဌ်၌ ဖြစ်သင့်သော ဘာဝစသည်ကိုထုတ်ပါ။

= = = = = = = = = = = = = = = = =

http://www.dhammadownload.com



၂။ **(က) ဝါကျ လိနတ္ထရစေတခနာဆက်ပုံ**

ဆရာ ဘုရားရှင်သည် ပလ္လက်ံ အာဘုဇိတွာ-ဟုဟော၏။ ပလ္လက်ံ-၌ ပရိသည် ပရိစ္ဆေဒ-အနက်ကိုဟောပါသလော၊ ဤ၌အဘယ်အနက်ကို ဟောပါသနည်း။ အာဘိ(သို့) အက်ဓာတ်သည် လက္ခဏ-အနက်ကို ဟောပါသလော။ ဤ၌အဘယ်အနက်ကို ဟောပါသနည်း။ အက်-ပုဒ်ကို အက်တိတိ အက်ော-ဟု ကတ္တုသာဓ်ပြုရမည်လော။ မည်သည့်သာဓနပြုရ မည်နည်း။ အပေါင်းပုဒ်ကို အဇ္ဈယိဘောသမာသ်ဝစနတ္တပြုရမည်လော။ အဘယ်သို့ဝစနတ္တ ပြုရမည်နည်း။ ပလ္လက်-အရ နိသီဒိတဗ္ဗပလ္လက်-ကိုယူရမည်လော။ အဘယ်ပလ္လက်-ကို ယူရမည်နည်း။ ပလ္လက်-၌ ဖြစ်သင့်သော အနက်အဓိပ္ပါယ်ကို မပြသော် သဒ္ဒ+အတ္ထ-သန့်သော ဝိရောဓိဒေါသ-ရောက်ရာ၏။ စုဒ်-ကြောင့် သမန္တတော ဦရုဗဒ္ဓါသနံ-မိန့်။

**အမှာ** ရှေးဝါကျ ၆-နံပါတ် အာဘော်ကိုရှု၍ အဓိပ္ပါယ်ပြန်လေ။

**(ဃ) ဝါကျ-သာဘောဝပုစ္ဆာ**

ဆရာသည်(ဂ) ဝါကျဖြင့် ၁၈-ချောင်းကုန်သော ကျောက်သုံးရိုးတို့ကို အစွန်းတခု ဖြင့် အစွန်းတခုကို ရှေ့ရှုထိစေ၍ ထိုင်ခြင်းသည် ဥဇုံ ကာယံ ပဏိဓာယ မည်သော-ဟုဆို၏။ ယင်းသို့ထိုင်ခြင်းဖြင့် အဘယ်သို့သော အကျိုးပယောဇ်ကို ရရှိပါသနည်း။ တစုံတခု ရရှိအပ်သော အကျိုးပယောဇ် မရှိပြီလော။ စုဒ်-ကြောင့် ဃ-ဝါကျမိန့်။ (သီဋီသစ်၊ ၁၂၄)

၃။ ဃ-ဝါကျသည် ခန္ဓာကိုယ်ကို ဖြောင့်စွာထားခြင်း၏ အကျိုးပယောဇ်ကိုပြသော ကြောင့် ဖလ-ဝါကျ။ (ပဒုက္ကူ+ဘာသာဋီ) ဒဋ္ဌိ (နေရင်း)

(င) ဖလ (စ) ဖလ-ဝါကျ။

**အနက်** ဝေံ=ဤသို့ကျောက်သုံးရိုးတို့ကို အချင်းချင်းထိစေ၍ (ဘာသာဋီကာ)

ဝေံ=ဤသို့ (နေရင်း+မအူ)

**စာစစ်** ဝေံ-ကား၍-ဟူ၍ အနက်ပေးသောကြောင့် နိသိန္နဿ-၌ ကြိယာဝိသေသန+ ကြိယာဝိသေသျ။ (ဘာသာဋီ+ပဒုက္ကူ)

(တနည်း) ဝေံကား ဤသို့ဟူ၍ အနက်ပေးသောကြောင့် နိသိန္နဿ-၌ နိဒဿန + နိဒဿနဝန္တ-စာစပ်။ (နေရင်း+မအူ)

(တနည်း) ဝေံ-ကားသည်ဟူ၍ အနက်ပေးသောကြောင့် ဿတိ-ဟူသော ပါဌသေသ၌ လက္ခဏဝန္တကတ္တား+လက္ခဏကြိယာ-စာစပ်။ (သီဋီသစ်)

(တနည်း) ဝေံ-ကား ကြောင့်-ဟူ၍ အနက်ပေးသောကြောင့် န ပဏမန္တိ-၌ ဟိတ်+ဟိတ်၏ ဖိုလ်အဖြစ်ဖြင့် စာစပ်။ (ဋီသစ်)

◆ **ဧဝန္တိ ဧဝံ ဥပနေ သတိ၊ ဇ္ဈမိနာ ဝါ ဧဝံ ဥပနယေတုနာ။ (ဋီသစ်၊ ၁၂၄)**

၄။ ပလ္လက်-အရ ဦရုဗဒ္ဓါသန ပလ္လက်-ရ၏။ (ဝိဂ္ဂဟရှေး၌ပါပြီး)

၅။ ဥဇုံ-ကို ဥဇုံ-ဟု တရုပ်ထည်းသာ ပဒမာလာစဉ်ရမည်။

**သာဓက-ကား**။ ဗာလာဝတာရ သမ္ဗန္ဓ-စိန္တာဒိသု နပုံသကံ။

ဒုတိယေက ဝစနဉ္စ၊ ယံတံ တဂ္ဂတိတီရိတံ။ (သောဒစိန္တာ၊ ၃၈၆)

**မှတ်ချက်** အထက်ပါ ဂါထာကိုထောက်၍ ကြိယာဝိသေသန-သည် နပုံလိင်-ဒုတိယာ ဧကဝုစ် တမျိုးတည်းသာနေသော ပုဒ်ဟုမှတ်။

ဥဇုံ-ကား အရ+ဓာတ်+ဒု-ပစ္စည်း (တနည်း) အဇ-ဓာတ်+ဥ-ပစ္စည်း။"အဇော ဒေပ ဂတိသု ဘူ"ဟူသော (ဓာတွတ္ထ သင်္ဂဟ-ဂါထာ-၆။) အရော ဘူ ဂတိနာသေသု-ဟူသော (ဓာတွတ္ထသင်္ဂဟ-၁၄။) တို့ကို ထောက်၍ အရ-ဓာတ်၊ အဇဓာတ်တို့သည် ဘူဝါဒိတမျိုးသာ ရှိသည်။ ထို့ကြောင့်-အရတိ အရန္တိ စသည်ဖြင့်လည်းကောင်း၊ အဇတိ အဇန္တိ စသည်ဖြင့် လည်းကောင်းဘူဝါဒိ-စဉ်လေ။

http://www.dhammadownload.com



ပိဋ္ဌိ-ကား ပိဋ္ဌ-ဓာတ်+တိ-ပစ္စည်း။

၆။ ရှေး၌ပြခဲ့ပြီး။

၇။ **ဦရုဗဒ္ဓါသနံ+ဉရုဗဒ္ဓါသနံ။**

"ဦရု သတ္တိ ပုမေ"ဟူသော ဓာန်ကိုထောက်၍ ဦရု-သဒ္ဒါကသာလျှင် ပေါင်ဟူသော အနက်ကိုဟောစွမ်းနိုင်သောကြောင့်လည်းကောင်း, "အရန္တိ အနေနာတိ ဦရု၊ အရ-ဂမနေ ဉ၊ အဿူ" ဟု ဓာန်ဋီဆိုရကား အရ-ဓာတ် ဉ-ပစ္စည်း။ အရ-၌ အ-ကို-ဦ-ပြု၍ ဦရု-ဟုရုပ်ပြီးသော ကြောင့်လည်းကောင်း, ဦရုဗဒ္ဓါသနံ-ဟု ဒီဃနှင့်ရှိသော ပါဠ်သာသင့်သည်။ ဉရုဗဒ္ဓါသနံ-ဟု ရဿနှင့်ရှိသော ပါဠ်ကားမသင့်။

**အာဘုဇိတွာ+အာဘုဉ္ဇိတွာ** ၂-ချက်တွင်-အာဘုဇိတွာတိ ဗန္ဓိတွာ-ဟူသော အဋ္ဌကထာ အဖွင့်အရ အာဘုဇိတွာ၌ ဘုဇ-ဓာတ်သည် ဤနေရာ၌ ဗန္ဓနတ္ထ (သို့) ကောဋိလ္လတ္ထ ဟုသိရ၏။ "ဘုဇော ရု တာဏာဘ ကွေသု၊ ဘူ ကောဋိလ္လေ"ဟူသော ဓာတွတ္ထသင်္ဂဟ-၂၇၁-အရ ဘုဇ-ဓာတ်သည် ဗန္ဓန (သို့) ကောဋိလ္လ-အနက်ဟောရာ၌ ဘူဝါဒိဂိုဏ်း တမျိုးသာဖြစ်သင့်သောကြောင့် လည်းကောင်း, အာဘုဇိတွာတိ စ ယထာ ပလ္လင်္ကဝသေန နိသဇ္ဇာ ဟောတိ၊ တထာ ဉဘော ပါဒေ အာဘုဂ္ဂေ သမိဉ္ဇိတေ ကတွာ-ဟုသီဋီသစ် ဆိုသောကြောင့်လည်းကောင်း အာဘုဇိတွာ-ဟု ဘူဝါဒိဂဏိက-ဓာတ်နှင့်ရှိသောပါဠ်သာသင့်သည်။

ဘုဇ-ဓာတ်သည် ထာဏ ဘက္ခန-အနက်ဟောရာ၌ ရုဓာဒိဂဏိက-ဓာတ်ဖြစ်သည်။ ဤနေရာ၌ ယင်းထာဏ ဘက္ခန-အနက်ကို မလိုအပ်သောကြောင့် အာဘုဉ္ဇိတွာ-ဟု ရုဓာဒိ ဂဏိက-ဓာတ်နှင့်ရှိသော ပါဠ်မသင့်။

၈။ **ဗျတိရေကာ အနွယာ၊ နွယာဗျတိ၊ ပြန်လှန်ဆို အတ္ထာပတ္တိ-နည်းပေထည်း။** ဟူသော နိယံနှင့်အညီ အတ္ထာပတ္တိ-နည်းအားဖြင့် (က) သံဝဏ္ဏေတဗ္ဗ-အရ ဦရုဗဒ္ဓါသနပလ္လင်္က-ဟူသော အနက်ကိုသာယူရမည်။ နိသီဒိတဗ္ဗပလ္လင်္က-ဟူသော အနက်ကိုမယူရ။

✤ **ယံကိဉ္စိ ဥပ္ပလံ ဥပ္ပလမေဝ, ဥပ္ပလသဒ္ဒေသ သာမညနာမဝသေန တေသု သဗ္ဗသုပိ ပဝတ္တနတော။ (သီဋီသစ်)။**

**အဓိပ္ပါယ်မှတ်ဘွယ်**

ပွင့်ချပ်တရာထက်ပိုလွန်သောကြာကို ပဒုမ္မာကြာ၌ပင်ထည့်သွင်း ရေတွက်ရသည်။အကြောင်းကား သတပတ္တ ပဒုမံ-၌ သတ-သဒ္ဒါသည် "သတဋ္ဌိ သတရံသီ သူရိယော"စသည်တို့၌ကဲ့သို့ အရာမက များပြားခြင်းအနက်ဟော ဗဟု-သဒ္ဒါ၏ ပရိယာယ်ဖြစ်၍ အနေကသင်္ချာဖြစ်နေသောကြောင့်တည်း။ (သီဋီသစ်။၁၃၉)

**သတ-သဒ္ဒါနှစ်ခုအထူး**

**ဦနကသတပတ္တံ ပုဏ္ဍရီကံ-၌ သတ-သဒ္ဒါသည် တစ်ရာဟူသော အနက်ကိုဟောသည်။**

**သတပတ္တံ ပဒုမံ-၌ သတ-သဒ္ဒါသည် အရာမကများပြားခြင်းအနက် (ဗဟုတ္တ)ကိုဟောသည်။**

ဤသို့ထူးပါသည်။

## (ဃ) ဝါကျ ဂါထာစီ

၉။ ဝိနာပိ ပတ္တနိယမံ၊ သေတံ ပဒုမနာမကံ။
ရတ္တဝဏ္ဏံ ပုဏ္ဍရီကံ၊ အယမေတ္တ ဝိနိစ္ဆယော။
(န+ရ-ရေးသော သံကိဏ္ဏဝိပုလာဂါထာ)

၁၀။ ✤ တတိယဇ္ဈာနသုခ-အရ တတိယစျာန်ချမ်းသာသည် သမဋ္ဌာယီဘာဝ+သဗ္ဗရသ။

✤ ကသိုဏ်း ပညတ်စသည်---အာရမ္မဏဝိဘာဝ။

✤ အဓိကာရသဒ္ဒ စသည်သည်လည်းကောင်း, တတိယစျာန်၏ ပီတိဝိရာဂ-စသောဂုဏ်တို့သည်လည်းကောင်း ---- ဥဒ္ဒီပနဝိဘာဝ။

✤ တတိယစျာန်သမာပတ္တိသုခကို ခံစားရခြင်း, တတိယစျာန်ပြဟ္မာဘုံသို့ လားရောက်ရခြင်း စသည်သည်-- အနုဘာဝ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၈၁)

(က) ဩဒါတေန ဝတ္ထေနာတိ လုဒ္ဒံ ဥတုဖရဏတ္ထံ ဝုတ္တံ။

(ခ) ကိလိဋ္ဌဝတ္ထေန ဟိ ဥတုဖရဏံ န ဟောတိ၊ တင်္ခဏဓောတပရိသုဒ္ဓေန ဥတုဖရဏံ ဗလဝံ ဟောတိ။

(ဂ) လူမိဿာယ ဟိ ဥပမာယ ဝတ္ထံ ဝိယ ကရဇကာယော၊ ဥတုဖရဏံ ဝိယ စတုတ္ထဇ္ဈာနသုခံ။

(ဃ) တသ္မာ ယထာ သုနှာတဿ ပုရိသဿ ပရိသုဒ္ဓံ ဝတ္ထံ သသီသံ ပါရုပိတွာ နိသိန္နဿ သရီရတော ဥတု သဗ္ဗမေဝ ဝတ္ထံ ဖရတိ၊ န ကောစိ ဝတ္ထဿ အဖုဋ္ဌောကာသော ဟောတိ၊ ဝံ စတုတ္ထဇ္ဈာနသုခေန ဘိက္ခုနော ကရဇကာယဿ န ကောစိ ဩကာသော အဖုဋ္ဌော ဟောတီတိ ဝေဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။

(ဋ္ဌ။ ၁၉၆။ သီဋ္ဌီသစ်။ ၁၄၀။ ပဒက္ကု။ ၂၄၁။ ဘာသာဋီ၊ ၁၇၄။ ဂဏ္ဌိ။ ၃၉၁။)

၁။ ဝုတ္တံ-၏ ကတ္တားထည့်၍ (က+ခ) ဝါကျတို့ကို အနက်ပေးပါ။

၂။ (ခ) ဝါကျကို သာဘောဂ ပုစ္ဆာတက်၍၊ (ဃ) ဝါကျကို အနုသန္ဓေတက်ပြပါ။

၃။ (ဂ) ဝါကျကို ဖြစ်သင့်သော စောဒကာဘောဂါဒိ စတုက္ကထုတ်ပြပါ။

၄။ ဝတ္ထ-ကို ဝစနတ္ထပြု၍ ဝစနာဒိ ဆက္ကထုတ်ပြပါ။

၅။ (ဃ) ဝါကျကို နိသိန္နဿ-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး စာစပ်ပါ။

၆။ (ခ) ဝါကျဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ဩဒါတ၊ ကိလိဋ္ဌ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ စတုက္ကနည်း၌ စတုတ္ထဈာန်သည် ဥပေက္ခာ, ဧကဂ္ဂတာနှင့်သာ ယှဉ်၍ သာတလက္ခဏာ ရှိသော သုခဝေဒနာမရှိပါဘဲလျက် အဋ္ဌကထာ၌ စတုတ္ထဇ္ဈာနသုခံ စတုတ္ထဇ္ဈာနသုခေန-ဟူ၍ ဘာ့ကြောင့် ရေးသားဖွင့်ဆိုပါသနည်း။ ရှင်းပြပါ။

၉။ (ဂ) ဝါကျလာ စကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္ထဇာတိဂါထာ တစ်ပုဒ်သီကုံးပါ။

၁၀။ (က) ဝါကျ၌ ပဓာနကြိယာ၏ အန္တတ္ထကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ ထုတ်ပြပါ။

===================

၁။ ဝုတ္တံ-၏ ကတ္တားကို ဘဂဝတာ-ဟုထည့်။

၂။ **ဝါကျ သာဘောဂပုစ္ဆာတက်ပုံ**

ဆရာ၊ ဆရာသည် (က)ဖြင့် အပူငွေ့ကို ပြန့်နှံ့စေခြင်းအကျိုးငှာ ဩဒါတေန ဝတ္ထေန-၌ ဩဒါတေန-ဟူသော ဝိသေသနစကားကို ဘုရားရှင်ဟောတော်မူအပ်သော- ဟုဆို၏။ အဘယ့်ကြောင့် ယင်းသို့ ဟောတော်မူပါသနည်း။ (သီဋ္ဌီသစ်) ဩဒါတဝတ္ထနှင့် ကိလိဋ္ဌဝတ္ထ-တို့သည် အဝတ်ချင်းတူကြသည်မဟုတ်ပါလော။ (ဂဏ္ဌိ။ ၃၉၁) စုဒ်ကြောင့် (ခ) မိန့်။

✤ **ကသ္မာတိ အာဟ "ကိလိဋ္ဌဝတ္ထေနာ"တိ အာဒိ။ (သီဋ္ဌီသစ်)**

### (ဂ) ဝါကျ ပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် (က+ခ) နှစ်ဝါကျဖြင့် အပူငွေ့ကို ပြန့်နှံ့စေခြင်းအကျိုးငှါ ဩဒါတေန-ဟူသော ဝိသေသနကိုထည့်သွင်း၍ ဟောကြားတော်မူ၏-ဟု အကြောင်းယုတ္တိနှင့်တကွ ပြဆိုတော်မူ၏။ ပါဠိတော်၌ နာဿ ကိဉ္စိ သဗ္ဗာဝတော ကာယဿ ဩဒါတေန ဝတ္ထေန အဖုဋ္ဌံ အဿ-ဟူ၍ခန္ဓာကိုယ်ကို စင်ကြယ်သော အဝတ်ဖြင့် ပြန့်နှံ့စေခြင်းကိုသာ ဟောတော်မူထားသည်ဖြစ်၍ အဝတ်ကို အပူငွေ့ ပြန့်နှံ့စေခြင်းကိုကား မဟောအပ်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် အပူငွေ့ ပြန့်နှံ့စေခြင်းကို ဤနေရာ၌ ဆရာဖွင့်ဆိုထား ရပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

http://www.dhammadownload.com



- **နနုစ ပါဠိယံ "နာဿ ကိဉ္စိ သမ္ဗာဝတော ကာ [illegible] ဩဒါတေန ဝတ္ထေန အဖုဋံ အဿာ"တိ ကာယဿ ဩဒါတဝတ္ထဖရဏံ ဝုတ္တံ၊ န ပန ဝတ္ထဿ ဥတုဖရဏံ၊ အထ ကသ္မာ ဥတုဖရဏံ ဣဓ ဝုတ္တန္တိ အနုယောဂေနာဟ "ဣမိဿာယ ဟိ"တိ အာဒိ။ (သီဋီသစ်၊ ၁၄၁။)**

## (ဃ) ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ (ဂ) ဖြင့် ကိုယ်မှာဝတ်ထားသည့် အဝတ်ကို ကဲ့သို့ ရဟန်း၏ ကရဇကာယကို မှတ်ရမည်၊ အဝတ်၌ အပူငွေ့ပြန့်နှံ့စေခြင်းကိုကဲ့သို့ စတုတ္ထဈာန်ချမ်းသာကို မှတ်ရမည်-ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းသို့ ပမာ, ပမေ နှိုင်းယှဉ်ပြဆိုခြင်းကြောင့် ရရှိအပ်သော အကျိုးလဒ္ဓဂုဏ်ကို ပြလိုသော သရာသည် (ဃ) မိန့်။

- **တေနာဟ "တသ္မာ"တိ အာဒိ။ ဣဓဒ္ဓိ ယထာဝုတ္တဝစနဿ ဝုဏဓသဿနံ။ (သီဋီသစ်)**

## (စ) ဝါကျ စတုတ္ထဈာန်ထုတ်ပုံ

၃။ (က) နနု ပါဠိယံ "နာဿ ကိဉ္စိ သဗ္ဗာဝတော ကာယဿ ဩဒါတေန ဝတ္ထေန အဖုဋံ အဿာ"တိ ကာယဿ ဩဒါတဝတ္ထဖရဏံ ဝုတ္တံ၊ န ပန ဝတ္ထဿ ဥတုဖရဏံ။

(ခ) အထ ကသ္မာ ဥတုဖရဏံ ဣဓ ဝုတ္တံ။

(ဂ) နနု ဣမိဿာယ ဥပမာယ ဝတ္ထံဝိယ ကရဇကာယော၊ ဥတုဖရဏံ ဝိယ စတုတ္ထဇ္ဈာနသုခံ။

(ဃ) တသ္မာ ဥတုဖရဏံ ဣဓ ဝုတ္တံ။

## (က+ခ) ဝါကျ စတုတ္ထဈာန်ထုတ်ပုံ

(က) နနု ဩဒါတဝတ္ထကိလိဋ္ဌဝတ္ထာနိ ဝတ္ထဘာဝေန သမာနာနိ ဟောန္တိ။

(တနည်း) နနု ဝတ္ထေနာတိပဒေယေဝ ဝုတ္တေ ဣဓာဓိပ္ပေတဝတ္ထော သိဒ္ဓေါ။

(ခ) အထ ကသ္မာ ဩဒါတေန ဝတ္ထေနာတိ ဣဒံ ဥတုဖရဏတ္တံ ဝုတ္တံ။

(ဂ) နနု ကိလိဋ္ဌဝတ္ထေန။ ပ။ ဥတုဖရဏံ ဗလဝံ ဟောတိ။

(ဃ) တသ္မာ ဩဒါတေန ဝတ္ထေနာ တိဣဒံ ဥတုဖရဏတ္တံ ဝုတ္တံ။

၄။ ဝသျတေ အစ္ဆာဒီယတေတိ ဝတ္ထံ။ (ဓာန်ဋီ။ ၂၉၀)

ဖုံးလွှမ်းခြင်း ကြိယာသကတ်သည် --- ဝစနဟေတု။

အဝတ်အထည် ဒြဗ်သည် --- ဝစနီယ။

စေလ, အစ္ဆာဒန်-စသော ပရိယာယ်သဒ္ဒါများသည် --- ဝစနီယတ္ထ။

အဝဒါယတီတိ ဩဒါတံ။

ညစ်နွမ်းမှုကိုဖြတ်တောက်ခြင်းကြိယာ(ဝါ) စင်ကြယ်ခြင်းကြိယာသကတ်သည်--ဝစနဟေတု။

၅။ (ဃ)ဝါကျ၌ နိသိန္နဿ-ကို နိသိန္နတ္တာ-ဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကား- တိုက်ရိုက်ပါရှိသော ပုရိသဿ-တည်း။ (ကတ္ထား+သမ္ဗန်စာစပ်။)

(ခ) ဝါကျ၌ တဒ်ဓာဓောတပရိသုဒ္ဓေန-ကို တဒ်ဓောတပရိသုဒ္ဓတ္တာ-ဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို ဝတ္ထဿ-ဟုခံ။ (ကတ္ထား+သမ္ဗန်စာစပ်။)

၆။ (ခ)ဖြင့် အပူငွေ့ကိုပြန့်နှံ့စေခြင်း၌ ဩဒါတေန-ဟူသော ဝိသေသနပုဒ်ကို ဟောကြားခဲ့သည်ဟု (က-ဝါကျဖြင့်) ဆိုသည်မှာ ညစ်နွမ်းသော အဝတ်ဖြင့် အပူငွေ့ပြန့်နှံ့မှု မဖြစ်နိုင်, ထိုခဏ၌ ဖွပ်လျှော်အပ်ပြီးဖြစ်၍ ထက်ဝန်းကျင်စင်ကြယ်သော အဝတ်ဖြင့်သာ ကိုယ်ငွေ့ပြန့်နှံ့မှုအားကောင်းသော

http://www.dhammadownload.com



ကြောင့် ဩဒါတေန-ဟူသော ဝိသေသနပုဒ်ကို ထည့်သွင်းဟောကြားခဲ့ခြင်းဖြစ်သည်- ဟူသော အဓိပ္ပါယ်ကို လည်းကောင်း၊ ယင်းအဓိပ္ပါယ်အားလျော်စွာ ဩဒါတေန ဝတ္ထေန-၌ ဩဒါတ-သဒ္ဒါသည် သေတ=အဖြူရောင်အဆင်းဟူသော အနက်ကိုမဟော၊ ပရိသုဒ္ဓ=ထက်ဝန်းကျင်စင်ကြယ်ခြင်း ဟူသော အနက်ဟော-- လည်းကောင်း၊ ယင်းအနက်ကိုဟောကြားနိုင်အောင် အဝဒါယတိ ကိလိဋ္ဌာနီတိ ဩဒါတံ-ဟု ကတ္တုသာဓနဝစနတ္ထပြု--လည်းကောင်း၊ တ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်-- လည်းကောင်း၊ အဝ- ဥပသာရ၏ ဓာတွတ္ထဝိသေသက--လည်းကောင်း သိစေပါသည်။

- "ထမ်ကာတေဇာထပရိသုဒ္ဓေနာ"တိစ ဓောေန ဩဒါတသဒ္ဒေါ ဧတ္ထ ပရိသုဒ္ဓဝစနော ဧဝ "ဝိဟိ ဩဒါတဝတ္ထဝေသနော"တိ အာဒိသုဝိယ၊ န သေတဝစနော--ဒဿေတိ။ (သီဋီသစ်)

၇။ ဩဒါတ-ကား အဝ+ဒါ+တ။ အဝဒါတ-ဟူလိုလျှက် အဝ-ကို ဩ-ပြု၍ပြီးသည်။

- အဝ-ပုဗ္ဗော၊ ဒါ အဝခဏ္ဍနေ၊ ဏော။ (ဆူစိ)

ကိလိဋ္ဌ-အား ကိလိသ-ဓာတ်+တ-ပစ္စည်း။ သတ-ကို ဋ္ဌ-ပြု၍ပြီးသည်။

၈။ စတုက္ကနည်း စတုတ္ထဈာန်၌ သာတလက္ခဏာရှိသော သုခဝေဒနာသည် ကောန်မှုချမရှိပါ သော်လည်း ယင်းစတုတ္ထဈာန်၌ ယှဉ်နေ, ရှိနေသည့် ဥပေက္ခာဝေဒနာသည် ငြိမ်းအေးသော သဘောရှိသောကြောင့် သုခဝေဒနာ၌ပင် ထည့်သွင်းရေတွက်အပ်ရကား ဥပေက္ခာဝေဒနာကို သုခဝေဒနာဟူ၍ပင် ဆိုသင့်, ဆိုထိုက်ပါသည်။ ထို့ကြောင့် စတုတ္ထဈာနသုခံ စတုတ္ထဈာနသုခေန-ဟူ၍ အဋ္ဌကထာသရာ ရေးသားဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။ (သီဋီသစ်)

၉။ (ဂ) ဝါကျ ဂါထာစီး။

ဝတ္ထံဝ ကရဇကာယော၊ ဣမိသံ ဥပမာယ ဟိ။

စတုတ္ထဈာနသုခံ တု၊ ဥတုနော ဖရဏံ ဝိယ။ (ဥဘယ သ-ကာရဝိပုလာဂါထာ။)

၁၀။ (က) ဝါကျ ဝုတ္တံ-၌ ဓာတွတ္ထကိုရှု၍ အာဝါလင်္ကာရ ထုတ်ပုံ။

- ဩဒါတေန ဝတ္ထေန-ဟူသော ပုဒ်ကို ဟောတော်မူသောဘုရားရှင်၏ ဒေသနာဉာဏ်- ဖြစ်စေသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည်-ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိင်္ဂါရဝသ။
- ဩဒါတေန ဝတ္ထေန-ဟူသောပုဒ်သည်---အာရမ္မဏဝိဘာဝ။
- ဘုရားရှင်၏ ပါရမီဉာဏ် ဝိပဿနာဉာဏ်-စသော ရှေးရှေးဉာဏ်တော်များသည်----ဥဒ္ဒီပန ဝိဘာဝ။
- ဩဒါတေန ဝတ္ထေန-ဟု ဟောကြားလိုက်သဖြင့် ထိုဒေသနာကို ကြားနာရသူတို့အား "သန့်ရှင်းစင်ကြယ်သော အဝတ်သည် အပူငွေ့ကိုပြန့်နှံ့စေသကဲ့သို့ စတုတ္ထဈာန်ချမ်းသာ သည်လည်း ကရဇကာယတစ်ခုလုံးကို ပြန့်နှံ့စေသည်"ဟု ဥပမာနှင့် စပ်ဟပ်၍ သိရှိရ ခြင်း, သိသဖြင့် စတုတ္ထဈာန် ကို ရအောင်ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း, စတုတ္ထဈာန် ချမ်းသာကို ခံစားရခြင်း-စသော အကျိုး အဆက်ဆက်သည်---အနုဘာဝ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၁၈၂ )

(က) ဧတ္တာဝတာ စေသ ရူပဇ္ဈာနလာဘီယေဝ, န အရူပဇ္ဈာနလာဘီတိ န ဝေဒိတဗ္ဗော။

(ခ) န ဟိ အဋ္ဌသု သမာပတ္တီသု စုဒ္ဒသဟာကာရေဟိ စိဏ္ဏဝသီဘာဝံ ဝိနာ ဥပရိ အဘိညာ ဓိဂမော ဟောတိ။

(ဂ) ပါဠိယံ ပန ရူပဇ္ဈာနာနိယေဝ အာဂတာနိ၊ အရူပဇ္ဈာနာနိ အာဟရိတွာ ကထေတဗ္ဗာနိ။
(ဋ္ဌ။ ၁၉၆။ သီဋီသစ်။ ၁၄၁။ ပဒုက္ကူ၊ ၂၄၂။ ဘာသာဋီကာ။ ၁၇၇။ ဂဏ္ဌိ။ ၃၉၁။)

၁။ (က) ဝါကျကို နိပါတ်, သဗ္ဗနာမ်အစွဲမှန်ကန်စေလျက်၊ (ဂ) ဝါကျကို ကထေတဗ္ဗာနိ-၏ ကတ္တား ထည့်စွက်၍ အနက်ပေးပါ။
၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာ တက်ပြပါ။
၃။ (ခ+ဂ) ဝါကျတို့ကို စောဒကာဘောဂါဒိ စတုက္ကထုတ်ပြပါ။
၄။ သမာပတ္တိ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (ဂ) ဝါကျ၌ အာဂတာနိ-ပုဒ်ကို ဟိတ်ပြင်၍၊ ယင်း၏သမ္မန်ခံပြီး၊ အတ္ထာနုရူပစာစပ်ပါ။
၆။ **ဩဒနကုမ္မာသူပစယော**တိ ဩဒနေနစေဝ ကုမ္မာသေနစ ဥပစိတော ဝဍ္ဎိတော။ (ဋ္ဌ။ ၁၉၇) ၌ အာဘောဖော်၍ သံဝဏ္ဏနာ အမည်ပေးပြပါ။
၇။ ဩဒန၊ ကုမ္မာသ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ (ခ) ဝါကျ စုဒ္ဒသဟာကာရေဟိ-၌ စုဒ္ဒသ-သရုပ်ကို ဖော်ထုတ်၍၊ အရူပဈာန်တို့လည်း မရလျှင် မပြီး အရေးကြီးသော ဈာန်ဖြစ်ပါလျက် ပါဠိတော်၌ အဘယ့်ကြောင့် အရူပဈာန်တို့ကို မဟောဘဲ ရူပစတုက္ကဈာန်၌သာ တန့်ရပ်တော်မူပါသနည်း။ ရှင်းပြပါ။
၉။ (ခ) ဝါကျစကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာဂါထာ တပုဒ်စီကုံးပါ။
၁၀။ ရူပဇ္ဈာနလာဘီ-၌ လာဘီ-ဝယ် အန္တတ္ထကိုရှု၍ ဘာဝါလက်ာရ ထုတ်ပြပါ။

===================

၁။ (က) စ၊ ဆက်။ ဧတ္တာဝတာ၊ ပဌမဈာနာဓိဂမကို ပြကြောင်းဖြစ်သော ပါဠိမှစ၍ စတုတ္ထဈာနာဓိဂမကို ပြကြောင်းဖြစ်သော ပါဠိတိုင်အောင် ဤမျှလောက်သော အတိုင်းအရှည်ရှိသော သဒ္ဒါအစဉ်ဖြင့်။ သော-ဧသော ဘိက္ခု၊ ကို။ (ဝါ) သည်။ (ပ) ---
(ဂ) ကထိကေန၊ တရားစကားကို ပြောပြသောရဟန်းသည်။ ဟုကတ္တားထည့်။

၂။ **(ခ) ဝါကျ ပုစ္ဆာတက်ပုံ**

ဆရာ၊ ဆရာသည် (က)ဖြင့် ဤရဟန်းသည် ရူပဈာန်ကိုရရှိသူသာ ဖြစ်၏။ အရူပဈာန်ကို ရရှိသူကားမဟုတ်၊ ဤသို့မသိအပ်-ဟု ဖွင့်ဆို၏။ (တနည်း) ဤရဟန်းသည် သမာပတ်ရှစ်ပါးလုံးကို ရသောရဟန်းဖြစ်သည်-ဟု ဖွင့်ဆို၏။ အဘယ့်ကြောင့် အရူပဈာန်ကို ရရှိသောရဟန်းမဟုတ်-ဟု မသိအပ်သနည်း။ (ပါဠိတော်၌ ရူပဈာန်သာ တိုက်ရိုက်လာသောကြောင့်) ပါဠိလာတိုင်းသာ သိမှတ်ရကောင်းသည် မဟုတ်တုံလော။ (ဂဏ္ဌိ။ ၃၉၂။) စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပါယ်ကား** သမာပတ်ရှစ်ပါးတို့၌ ဝသီဘော်ရအောင် လေ့လာမှုမရှိလျှင် အဘိညာဉ်ကို မရနိုင်သောကြောင့်လည်းကောင်း, အထက်၌လည်း ဝိပဿနာမှစ၍ အဘိညာဉ်တို့ကိုပြတော်မူလတံ့ ဖြစ်သောကြောင့်လည်းကောင်း, ထိုရဟန်းကို အရူပဈာန်မရသော ရဟန်း-ဟု မသိထိုက်ပါဟူလို။ (ဘာသာဋီကာ။ ၁၇၇)

http://www.dhammadownload.com



◆ **ကသ္မာတိ စုဏ္ဏံ "န ဟိ"တိ အာဒိ၊ (သီဋီသစ်)**

**(ဂ) ဝါကျ ဘာသောဝပုစ္ဆာထက်ပု**

ဆရာ၊ ဆရာသည် (က)ဖြင့် ဤရဟန်းသည် သမာပတ်ရှစ်ပါးလုံးကို ရသောရဟန်း–ဟူ၍ သိမှတ်ရန်ဖွင့်ဆို၏။ ပါဠိတော်၌လာသည့်အတိုင်းသာလျှင် အသုံးအဖြတ်စကားရပ်ကို ဆိုအပ်, ဆိုသင့်သည်မဟုတ်ပါလော။ (သီဋီသစ်)။ ပါဠိတော်၌ ရူပဈာန်များသာလာရှိ၍ ရူပဈာန်ရ ရဟန်း–ဟူ၍သာ မှတ်သားသင့်, ထိုက်သည်မဟုတ်ပါလော။ (အဋ္ဌကထာ)။ ဘယ်ပုံဘယ်နည်း မှတ်သားကြရပါမည်နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား** ပါဠိတော်၌ သာဝသေသနည်းဖြင့် ဘုရားရှင်ဟောတော်မူရကား အရူပဈာန်များကိုလည်းဆောင်ယူ၍ သိအပ်, မှတ်သားအပ်၏–ဟု အဓိပ္ပါယ်ကိုငါပြ–ဟူလို။

◆ **နနု ယထာပါဠမေဝ ဝိနိစ္ဆယော ဝတ္တဗ္ဗောတိ စောဒနံ သောဓေတိ "ပါဠိယံပနာ"တိ အာဒိနာ၊ သာဝသေသပါဠဘာဝတော နိဟရိတွာ သေဝိနိစ္ဆယော ဝတ္တဗ္ဗောတိ စုဏ္ဏံ ဟောတိ၊(သီဋီသစ်)။**

၃။ **(ခ+ဂ) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု ပါဠိယံ ရူပဇ္ဈာနာနိယေဝ အာဂတာနိ။

(တနည်း) နနု ယထာပါဠမေဝ ဝိနိစ္ဆယော ဝတ္တဗ္ဗော။ (သီဋီသစ်)။

(ခ) အထ ကသ္မာ အရူပဇ္ဈာနာနိ အာဟရိတွာ ကထေတဗ္ဗာနီတိ ဝုတ္တံ။

(ဂ) နနု န အဋ္ဌသု သမာပတ္တီသု စုဒ္ဒသဟာကာရေဟိ စိတ္တဝသီဘာဝံ ဝိနာ ဥပရိ အဘိညာဓိဂမော ဟောတိ။

(ဃ) တသ္မာ အရူပဇ္ဈာနာနိ အာဟရိတွာ ကထေတဗ္ဗာနီတိ ဝုတ္တံ။

**(က+ခ) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု ပါဠိယံ ရူပဇ္ဈာနာနိယေဝ အာဂတာနိ။

(တနည်း) နနု ယထာပါဠမေဝ ဝိနိစ္ဆယော ဝတ္တဗ္ဗော။

(ခ) အထ ကသ္မာ ဌေတ္တာဝတာ သေ ရူပဇ္ဈာနလာဘီယေဝ (ပ) န ဝေဒိတဗ္ဗောတိ ဝုတ္တံ။

(ဂ) နနု အဋ္ဌသု သမာပတ္တီသု စုဒ္ဒသဟာကာရေဟိ စိတ္တဝသီဘာဝံ ဝိနာ ဥပရိ အဘိညာဓိဂမော ဟောတိ။

(ဃ) တသ္မာ ဌေတ္တာဝတာ သေ ရူပဇ္ဈာနလာဘီယေဝ(ပ)န ဝေဒိတဗ္ဗောတိ ဝုတ္တံ။

**(ဂ) တစ်ဝါကျတည်း စတုက္ကထုတ်ပုံ**

(က) နနု ပါဠိယံ ရူပဇ္ဈာနာနိယေဝ အာဂတာနိ။

(ခ) အထ ကသ္မာ အရူပဇ္ဈာနာနိ အာဟရိတွာ ကထေတဗ္ဗာနီတိ ဝုတ္တံ။

(ဂ) နနု သာဝသေသပါဠဘာဝေါ ဟောတိ။ (သီဋီသစ်)

(ဃ) တသ္မာ အရူပဇ္ဈာနာနိ အာဟရိတွာ ကထေတဗ္ဗာနီတိ ဝုတ္တံ၊

၄။ သမာပဇ္ဇိတဗ္ဗာတိ သမာပတ္တိ။

ရောက်ခြင်း, ဝင်စားခြင်းကြိယာသကတ်သည် ဝဓနဟေတု။

သမာပတ်ရှစ်ပါးဖြစ်သည် ဝစနီယ။

သမာပဇ္ဇိတဗ္ဗာ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

http://www.dhammadownload.com



**ဝစနတ္ထမှတ်ဖွယ်**

လဘန် လာဘော၊ လာဘော ဧဝ သော အတ္ထီတိ လာဘီ။

ရူပဇ္ဈာနာနံ+လာဘီ- ရူပဇ္ဈာန လာဘီ။ (သီဋီသစ်)

**ဤကား** ဂန္ထုတုဘာဝါ၊ သရိဋ္ဌာနှင့်၊ အဘိသဒ်ရှိ၊ ယှဉ်လတ်က၊ ကမ္မတ္ထသဋ္ဌီတည်းဟူသော ရူပသိဒ္ဓိနှင့်အညီတည်း။

(တနည်း) လဘတိ သီလေနာတိ လာဘီ။ ရူပဇ္ဈာနံ+လာဘီ ရူပဇ္ဈာနလာဘီ။

**ဤကား** ကတ္တုသာဓနေ၊ နောက်ပုဒ်ပြ၊ ရှေးကပုဒ်နှင့်၊ ဒုတိယာတွဲမြဲ-ဟူသော နိယံနှင့် အညီတည်း။

အဘိဝိသိဋ္ဌေန ဉာဏေန ဇာနာတီတိ အဘိညာ။

အာကရောန္တိ ဧတေဟီတိ အာကာရာ။ (၁၄-ပါးသောအကြောင်း တရားတို့ရ၏)

ဥန္ဒိယတီတိ ဩဒနော။ အန္နံ။ (ဓာတ်ဒီ။ ၁၀၇)

ကုလတိ ပတ္တရတီတိ ကုမ္မာသော၊ ဘကွဝိသေသော။ (ဓာတ်ဒီ။ ၂၁၅)

၅။ (ဂ) အာဂတာနိ-ကို အာဂတတ္ထာ-ဟု ဖတ်ပြင်။
ယင်း၏သမ္ဗန်ကို ရူပဇ္ဈာနာနံ-ဟုခံ။ ကတ္တား+သမ္ဗန်စာစပ်။
ကထေတဗ္ဗာနိ-ကို ကထေတဗ္ဗတ္ထာ-ဟု ဖတ်ပြင်။
ယင်း၏သမ္ဗန်ကို အရူပဇ္ဈာနာနံ-ဟုခံ။ ကံ+သမ္ဗန်စာစပ်။

၆။ ဩဒနေနစေဝ(လ) ဝရိတော-ဖြင့် ဩဒနကုမ္မာသူပစယ-ကို ဩဒနကုမ္မာသ+ဥပစယ-ဟု ပဒစ္ဆေဒပြုရမည်ကိုလည်းကောင်း၊ ဩဒနကုမ္မာသ-ဟူသော ရှေးပုဒ်ကို ဩဒနောစ+ကုမ္မာသောစ ဩဒနကုမ္မာသာ-ဟု ဒွန်သမာသ်ဝစနတ္ထပြု---လည်းကောင်း၊ ဥပစယ-ဟူသော နောက်ပုဒ်ကို ဥပစီယတိ ဝမာပီယတီတိ ဥပစယော-ဟု ဝစနတ္ထပြု၍, ဏ-ပစ္စည်း ဟေတုကတ္တုသာဓနအနက်၌သက် သည်၏အဖြစ်ကိုလည်းကောင်း၊ (တနည်း) ဥပစယတိ ဝနုတီတိ ဥပစယော-ဟု ဝစနတ္ထပြု၍ ဏ-ပစ္စည်းသုဒ္ဓကတ္တုသာဓနအနက်၌သက်---လည်းကောင်း၊ အပေါင်းပုဒ်ကို ဩဒနကုမ္မာသေဟိ+ ဥပစယော ဩဒနကုမ္မာသူပစယော-ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု---လည်းကောင်း၊ ဥပစယော-၌ ဥပ-ရှေး+စိ-ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဥပ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း၊ စိ-ဓာတ်၏ ဝနန အနက်ဟော---လည်းကောင်း---သိစေပါသည်။

- **ဩဒနကုမ္မာသေဟိ ဥပစီယတိ ဝဍ္ဎာပီယတိ, ဥပစယတိဝါ ဝနုတီတိ အတ္ထံ သန္ဓာယ "ဩဒနေနာ"တိ အာဒိ ဝုတ္တံ၊ (သီဋီသစ်၊၁၄၃)။**

၇။ ဩဒန-ကား ဥန္ဒ-ဓာတ်+န-ပစ္စည်း။ ဥန္ဒန-ဟူလိုလျက် ဥန္ဒ-ကို ဩဒ-ပြု၍ပြီးသည်။

- **ဥန္ဒိသသဩဒေါ၊ ဥန္ဒိယတီတိ ဩဒနော၊ အန္နံ၊ (ဓာတ်ဒီ၊ ၁၀၇)**

(တနည်း) ဥဒိ-ဓာတ်+ယု-ပစ္စည်း။ ယု-ကို အန-ပြု၊ ဥဒိန-ဟူလိုလျက် ဥဒိ-ကို ဩဒပြု၍ပြီးသည်။

- **ဥဒိ ပသဝနကိလေဒနေသု၊ ယု၊ ဥန္ဒိယတီတိ ဩဒနော၊ ဥဒိဿ ဩဒေါ၊ (ဓာန်ဋီ၊ သူစိ၊၄၆၅)။**

**ကုမ္မာသ**-ကား ကုလ-ဓာတ်+သက်-ပစ္စည်း၊ က-အနုဗန်ချေ၊ ကုလသ-ဟူလိုလျက် လ-ကို မ-ပြု၊ မ-၏မိုရာ အ-ကို အာ-ပြု၊ မ-တစ်လုံးလာ၍ ကုမ္မာသ-ဟုပြီးသည်။ (ဓာတ်ဒီမောင်။ ၂၁၅)

**စုဒ္ဒသ**-ကား စတုဒသ-ဟူလိုလျက် စ-ကို စု-ပြု၊ တု-ကိုင်ချေ၊ ဒ-တစ်လုံးသာ၍ပြီးသည်။

http://www.dhammadownload.com



## (စုန်သ-သရုပ်ကား)

၈။

၁။ ကသိဏာနုလောမတော။ ၂။ကသိဏပဋိလောမတော။
၃။ ကသိဏာနုလောမပဋိလောမတော။ ၄။ဈာနာနုလောမတော။
၅။ ဈာနပဋိလောမတော။ ၆။ဈာနာနုလောမပဋိလောမတော။ ၇။ဈာနုက္ကန္တိကတော။
၈။ ကသိဏုက္ကန္တိကတော။ ၉။ဈာနကသိဏုက္ကန္တိကတော။ ၁၀။အင်္ဂသင်္ကန္တိတော။
၁၁။ အာရမ္မဏသင်္ကန္တိတော။ ၁၂။အင်္ဂါရမ္မဏသင်္ကန္တိတော။ ၁၃။အင်္ဂဝဝတ္ထာနတော။
၁၄။ အာရမ္မဏဝဝတ္ထာနတော။ (သီဋီသစ်။ ၁၄၂)။

## (ပါဠိတော်၌ ရူပ စတုတ္ထဈာန်၌သာ တန့်ရပ်၍ ဟောတော်မူခြင်း)

အဘိညာဉ်အားလုံးတို့၏ အခြေခံအကြောင်းဖြစ်သော ဈာန်သည် ဝိသေသအားဖြင့် ရူပစတုတ္ထဈာန်သာဖြစ်ရကား ထိုအဘိညာဉ်အားလုံးတို့၏ အခြေခံအကြောင်းဖြစ်သော ဈာန်ကိုသိစေခြင်း အကျိုးငှါ ပါဠိတော်၌ ရူပစတုတ္ထဈာန်၌သာ တန့်ရပ်၍ဟောတော်မူသည်။ အရူပဈာန်တို့က အသုံးမဝင်သောကြောင့် မဟောခြင်းကား မဟုတ်ဟူလို။ (သီဋီသစ်။ ၁၄၂။)

## (ခ) ဝါကျ ဂါထာစီ

၉။

စုဒ္ဒသဟိ အာကာရေဟိ၊ သမာပတ္တိသု အဋ္ဌသု။
ဝိနာ စိတ္တဝသီဘာဝံ၊ ဘိညာလာဘီ ဟိ နောပရိ။ (ပဥ္စမ မ-ကာရဝိပုလာဂါထာ)

၁၀။ လာဘီ-ဝယ် အန္တတ္ထ-အရ ကိတ်ကတ္တုသာဓန ကြံသည်ဖြစ်စေ, အဿတ္ထိတဒ္ဓိတ်ကြံသည်ဖြစ်စေ ရူပဈာန်များကိုသာ ရသည်ဟုမှတ်။

## (ဘာဝလက္ခဏာရထုတ်ပုံ)

- ✣ ရူပဈာနလာဘီရဟန်း၏ သန္တာန်၌ သမာဓိပြဋ္ဌာန်းသော ရူပါဝစရဈာန် စိတ္တုပ္ပါဒ်သည်--- သမင်္ဂဳဘာဝ+သန္တရသ။
- ✣ ရူပဈာန်၏အာရုံဖြစ်သော ကသိုဏ်းပညတ်စသည်သည်---အာရမ္မဏဝိဘာဝ။
- ✣ ဈာန်သမာပတ်ကို ခံစားရန်အတွက် ဝိဝိတ္တသေနာသနစသည်သည်---ဥဒ္ဒိပနဝိဘာဝ။
- ✣ ပစ္စက္ခဘာဝ၌ ဈာနသမာပတ္တိသုခကို ဆင့်ကဲဆင့်ကဲ ခံစားရခြင်း, တမလွန်ဘဝ၌ ရူပဗြဟ္မာဘုံသို့လားရောက်ရခြင်း စသည်သည်- အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် ( ၁၈၃ )

(က) **သုခေနာတိ** သုခေန။ **ဓာဓိဓာတိ** ပရိသုဒ္ဓါကရသမုဋ္ဌိတော။
**သုပရိကမ္မကတောတိ** သုဋ္ဌု ကတပရိကမ္မော အပနီတပါသာဏသက္ခရော။
**အစ္ဆောတိ** တနုစ္ဆဝိ။ **ဝိပ္ပသန္နောတိ** သုဋ္ဌု ပသန္နော။
(ခ) **သဗ္ဗာကာရသမ္ပန္နောတိ** ဓောဝနဝေဓနာဒီဟိ သဗ္ဗေဟိ အာကာရေဟိ သမ္ပန္နော။
(ဂ) နီလန္တိအာဒီဟိ ဝဏ္ဏသမ္ပတ္တိံ ဒဿေတိ။
(ဃ) တာဒိသဉှိ အာဝုတံ ပါကဋံ ဟောတိ။

(ဋ္ဌ။ ၁၉၇။ သီဋီသစ်။ ၁၄၄။ ပဓုတ္တ။ ၂၄၅။ ဘာသာဋီ။ ၁၈၅။ ဂဏ္ဌိ၊ ၃၉၃/၂၉၄)

http://www.dhammadownload.com



၁။ အထက်ပါဝါကျတို့ကို အနက်မှန်ကန်စွာ သမ္ဗန်ပါ။
၂။ (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။
၃။ ဇဝံ ပရိဟရိတောပိ ဘေဒနဝိဒ္ဒံသနဓမ္မော ဘိဇ္ဇတိစေဝ ဝိကိရတိစ။ (ဌ။ ၁၉၇)၌ ဖြစ်သင့်သော အာဘောဂါဒိ စတုက္ကထုတ်ပြပါ။
၄။ (က) သုဘ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသဏ္ဍာထုတ်ပြပါ။
၅။ (က) ဝါကျ၌ ပရိသုဒ္ဓါကရဏမဠိုထော-ကို ဟိတ်ပြင်၍၊ ယင်း၏သမ္ဗန်ခံပြီး စာစပ်ပါ။
၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပြပါ။
၇။ ပါသာဏ၊ သက္ခရ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ ရတနာပေါင်း မြောက်များစွာရှိပါလျက် ဤဝိပဿနာခဏ်း၌ လောကူပမာကို ပြရာဝယ် မဏိဝေဠုရိယခေါ်သည့် ပတ္တမြားရတနာကိုသာ ဥပမာအဖြစ် ဘုရားရှင်ဟောကြားထားခြင်း အကြောင်းကို ဖော်ပြပါ။
၉။ (ဂ+ဃ) ဝါကျလာ စကားရပ်တို့ကို အဓိပ္ပါယ်မပျက်စေဘဲ ဂါထာထပုဒ်စီ ကုံးပြပါ။
၁၀။ (ဃ) ဝါကျလာ အာဝုတံ-၌ ဓာတွတ္ထကိုရှု၍ ဘာဝလက္ခဏာရ ထုတ်ပြပါ။

===================

## ၂။ (ဃ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည်(ဂ)ဖြင့် နီလံ-အစရှိသော ပုဒ်တို့ဖြင့် ဝဏ္ဏသမ္ပတ္တိကို ပြသောဟုဆို၏။ ယင်းသို့ ဝဏ္ဏသမ္ပတ္တိကို ပြဟုဆိုရာ၌ အသင့်ယုတ္တိကို ဆရာမပြဆိုတော့ပြီးလော။ (နေရင်း+ဘာသာဋီ) (တနည်း) ယင်းသို့ ဝဏ္ဏသမ္ပတ္တိကိုပြ၏ဟု ဆိုရာ၌ လိုအပ်နေသော အကြောင်းပြစကားရပ်ကို ဆရာ မပြဆိုတော့ပြီလော။ (သီဋီသစ်+ဘာသာဋီ)။ အဘယ့်ကြောင့် နီလံ-စသော ပုဒ်တို့ဖြင့် ဝဏ္ဏသမ္ပတ္တိကို ပြ၏-ဟု ဆိုပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

◆ **ကသ္မာတိ စုဏ္ဏံ "တာဒိသံ" န္တိအာဒိ။ (သီဋီသစ်)**

(တနည်း) ဥပနာတူ၏။ ဤစကားရပ်သည် ဝိပဿနာဉာဏ်ကို နားလည်ရန်အတွက် ဥပမာပြုကြောင်း စကားရပ်မျှသာ ဖြစ်သည်မဟုတ်ပါလော။ (နနု ဥပမာကရဏမတ္တမေဝိဒံ-စသည်ဖြင့် ပဌမရာန် ဥပမာခဏ်း၌ သီဋီသစ်(၁၃၇)ပြခဲ့သည့် အာဘော်စကားရပ်ဖြစ်သည်။) ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် နီလံ-အစရှိသောပုဒ်တို့ဖြင့် ဝဏ္ဏသမ္ပတ္တိကိုပြ၏-ဟု ဆိုပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

၃။ (က) နနု အယံ ကာယော ဧဝံ ပရိဟတော ဟောတိ။
(ခ) အထ ကသ္မာ အယံ ကာယော ဘိဇ္ဇတိစေဝ ဝိကိရတိစ။
(ဂ) နနု ဘေဒနဝိဒ္ဒံသနဓမ္မော ဟောတိ။
(ဃ) တသ္မာ အယံ ကာယော ဘိဇ္ဇတိစေဝ ဝိကိရတိစ။

## (င+စ) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု ဥပမာကရဏမတ္တမေဝိဒံ။ (တနည်း ကျမ်းထက် အာဘော်ရှု)
(ခ) အထ ကသ္မာ နီလန္တိ အာဒီဟိ ဝဏ္ဏသမ္ပတ္တိ ဒဿေတီတိ ဝုတ္တံ။
(ဂ) နနု တာဒိသံ အာဝုတံ ပါကဋံ ဟောတိ။
(ဃ) တသ္မာ နီလန္တိအာဒီဟိ ဝဏ္ဏသမ္ပတ္တိ ဒဿေတီတိ ဝုတ္တံ။

http://www.dhammadownload.com



၄။ သုဒ္ဓ ဘာတိ ဩဘာသတီတိ သုဘော။
လွန်စွာတောက်ပခြင်းကြိယာသကတ်သည်---ဝစနဟေတု။
ပတ္တမြား, ကြောင်မျက်ရွဲဒြပ်သည်---ဝစနီယ။
သုန္ဒရော, သောဘနော-စသော ပရိယာယ်သဒ္ဒါများသည်---ဝစနီယတ္ထ။
တန+ဆဝိ+ယဿာတိ တနုစ္ဆဝိ။

၅။ (က) ၌ ပရိသုဒ္ဓါကရသမုဋ္ဌိတော-ကို ပရိသုဒ္ဓါကရသမုဋ္ဌိတတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို မဏိဝေဠုရိယဿ-ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)
(ဃ) ၌ အာဝုတံ-ကို အာဝုတတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို တာဒိသဿ-(သုတ္တဿ)ဟုခံ။ ကံ+သမ္ဗန်စာစပ်)။

၆။ (က) သုန္ဒရော-ဖြင့် သုဘ-ပုဒ်ကို သုဒ္ဓ ဘာတိ ဩဘာသတီတိ သုဘော-ဟု ဝစနတ္ထပြု၍ သုဘ-အရ အလွန်တောက်ပသည့်အရောင်နှင့် ပြည့်စုံသော ပတ္တမြားကိုယူ--လည်းကောင်း၊ အလွန်တောက်ပသည့် အရောင်နှင့်ပြည့်စုံခြင်းကြောင့် ပတ္တမြား၏ ကောင်းမြတ်တင့်တယ်သည်၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။ (သီဋီသစ်)
(တနည်း) သုဘ-သည် သုန္ဒရ-၏ ပရိယာယ်တည်း-ဟု သိစေသည်။(ဓာန်၊ ၆၉၃။ ၆၉၄)။
ပရိသုဒ္ဓါကရသမုဋ္ဌိတော-ဖြင့် ဇာတိမာ-ပုဒ်ကို ဇာတိ+အဿ+အတ္ထီတိ ဇာတိမာ-ဟု ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ မန္တ-ပစ္စည်း၏ ပသံသာအနက်ရှိသော အဿတ္ထိအနက်၌သက်-လည်းကောင်း၊ ဇာတိမာ-၌ ကောင်းသောဇာတ်ရှိ၏ဟူသည် ထက်ဝန်းကျင်စင်ကြယ်သော ရတနာတို့၏ ထွက်ရာအရပ်မှ ကောင်းစွာဖြစ်ပေါ်လာသော ပတ္တမြားပင်တည်း-ဟူသော အဓိပ္ပါယ်ကို လည်းကောင်း -သိစေပါသည်။
သုဋ္ဌု ကတပရိကမ္မော-ဖြင့် သုဋ္ဌု ပရိကမ္မကတ-၌ သု-ဥပသာရ၏ သုဋ္ဌု-အနက်ဟော--လည်းကောင်း၊ ယင်းသု-ဥပသာရကို ပရိကမ္မ-ပုဒ်၌ မစပ်ရ, ကတ-ပုဒ်၌ ကြိယာဝိသေသန+သျှ-အဖြစ်ဖြင့် စာစပ်ရမည်ကိုလည်းကောင်း၊ ပရိကမ္မနှင့်ကတ-ပုဒ်ကို ကတံ+ပရိကမ္မံ+ယဿာတိ ပရိကမ္မကတော-ဟု စတုတ္ထီဗဟုဗ္ဗိဟိ သမာသ်ဝစနတ္ထပြု---လည်းကောင်း၊ ကတပရိကမ္မ-ဟုဆိုလိုလျက် ရှေ့နောက်ပြန်၍ ပရိကမ္မကတ-ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း၊ အပေါင်းပုဒ်ကို သုဋ္ဌု+ ပရိကမ္မ-ကတော သုပရိကမ္မကတော-ဟု ပါဒိပုဗ္ဗပဒကမ္မဓါရယ် သမာသ်ဝစနတ္ထပြု--လည်းကောင်း သိစေပါသည်။
အပနီတပါသာဏသက္ခရော-ဖြင့် ကောင်းစွာပြုအပ်ပြီးသော ပရိကံရှိ၏ဟူသည် ကျောက်ခဲ, ကျောက်စရစ်တို့ကို ပယ်ရှားအပ်ပြီးသော ပတ္တမြားရတနာပင်တည်းဟူသောအဓိပ္ပါယ်ကို သိစေပါသည်။
တနုစ္ဆဝိ-ဖြင့် အစ္ဆော-၌ ကြည်လင်၏ဟူသည် ကျောက်တခုလုံး၏ သိမ်မွေ့သည်၏ အဖြစ်ကြောင့် ကြည်လင်သည်မဟုတ်, အရေ၏သာလျှင် သိမ်မွေ့သည်၏အဖြစ်ကြောင့် ကြည်လင်၏ ဟူသောအဓိပ္ပါယ်ကိုလည်းကောင်း၊ (သီဋီသစ်)၊ ယင်းအဓိပ္ပါယ်နှင့်လျော်ညီအောင် န-ပုဗ္ဗ+ဆိ-ဓာတ်+က-ပစ္စည်းကြ၍ န ဆိန္ဒတီ ဒဿနန္တိ အစ္ဆော-ဟု ဝစနတ္ထပြု၍ က-ပစ္စည်း ကတ္တာ-သာဓနအနက်၌သက်-- လည်းကောင်း၊ က-အနုဗန်ချေ။ အသဒိသဒွေးဘော် စ-လာ၊ န-ကို အ-ပြု၍ အစ္ဆ-ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေပါသည်။ (ဘာသာဋီကာ။၁၈၆။သီဋီသစ်။၁၄၅။)
သုဋ္ဌု ပသန္နော-ဖြင့် ဝိပ္ပသန္နော-၌ ဝိဥပသာရပုဒ်၏ သုဋ္ဌု (ဋီသေသ) အနက်ဟော၊ လည်းကောင်း၊ သုဋ္ဌု+ပသန္နော ဝိပ္ပသန္နော-ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ်ဝစနတ္ထပြု-

http://www.dhammadownload.com



လည်းကောင်း၊ ဝိပ္ပသန္နေ၌ အထူးသဖြင့် ကြည်လင်၏ဟူသည် တနုစ္ဆဝိ ဖြစ်သောကြောင့်ပင် အထူးသဖြင့် ကြည်လင်၏ဟူသောအဓိပ္ပါယ်ကို လည်းကောင်း-သိစေသည် (သီဋီသစ်)

သဗ္ဗေဟိ အာကာရေဟိ သမ္ပန္နော-ဖြင့် သဗ္ဗာကာရသမ္ပန္နော ၌သဗ္ဗနှင့် အာကာရ ပုဒ်ကို သဗ္ဗေ စ တေ အာကာရာစာတိ သဗ္ဗာကာရာ-ဟု ကမ္မာဓာရယ်ပြု--လည်းကောင်း၊ အပေါင်းပုဒ်ကို သဗ္ဗကာရေဟိ သမ္ပန္နော သဗ္ဗာကာရသမ္ပန္နော-ဟု တတိယာတပ္ပုရိသ်ပြု-လည်းကောင်း သိစေသည်။

ဓောဝနဝေဒနာဒီဟိ ဖြင့် သဗ္ဗာကာရ-အရ ဓောဝန, ဝေဓန, တာပ, သဏှကရဏ-စသည်ကို ယူရမည်ဟု သိစေပါသည်။

- **အာဒိသဒ္ဒေန တာပသဏှကရဏာဒိနံ သင်္ဂဟော။ (သီဋီသစ်)**

၇။ ပါသာဏ-ကား ပ-ပုဗ္ဗ+သန-ဓာတ်+ဏ-ပစ္စည်း။ ပသာန-ဟူလိုလျက် ပသာန-ကို ပါသာဏ-ပြု၍ပြီးသည်။ (တနည်း) ပ-အစိတ် အ-ကို အာ-ပြု၊ ဒန္တဇ န-ကို မုဒ္ဓဇ ဏ-ပြု၍ ပြီးသည်။ (တနည်း) ပသ-ဓာတ်+ယု-ပစ္စည်း။ ယု-ကို အန-ပြု၍ ပသန-ဟူလိုလျက် ပ, သ-တို့၏ အစိတ် အ-ကို အာ-ပြု၊ န-ကို ဏ-ပြု၍ပြီးသည်။

- **သန သမ္ဘတ္တိယံ၊ ပသနတိ ဗျာပေတိတိ ပါသာဏော၊ နိပါတနာ၊ ပသ ဗန္ဓနေ ဝါ၊ ယု။ (ဓာန်ဋီ၊ ၆၀၅)**

(တနည်း) ပဿ-သဒ္ဒူပပဒ+သန-ဓာတ်+ဏ-ပစ္စည်း။ ပဿသာန-ဟူလိုလျက် ပဿ-ကို ပါ-ပြု၊ န-ကို ဏ-ပြု၍ပြီးသည်။

- **ပဿ-သဒ္ဒူပပဒ သန သမ္ဘတ္တိယံ၊ ကွစိဓာတွာဒိနာ ပဿဿ ပါဒေသော၊ နဿဏော စ။ (သူစိ)**

  သက္ခရ-ကား သရ-ဓာတ်+ခရ-ပစ္စည်း။ သရခရ-ဟူလိုလျက် ဓာတွန်ရကိုကပြု၍ပြီးသည်။

- **သရတိ ဟိံ သတိတိ သက္ခရော၊ သရ ဟိံ သာယံ ခရော။ (ဓာတုပစ္စယဒီပနီ)။**

၈။ စကြာဝတေးမင်းတို့ သုံးဆောင်ထိုက်သည့် အလွန်မွန်မြတ်လှသော ရတနာဖြစ်သောကြောင့် ပတ္တမြားရတနာကိုသာလျှင် ပါဠိတော်၌ ဥပမာန အဖြစ်ဖြင့် ထုတ်ဆောင်၍ ဘုရားရှင် ဟောတော်မူပါသည်။

- **စက္ကဝတ္တိပရိဘောဂါရဟာပဏီတတရမဏိဘာဝတော ပန ဧသေဝ ပါဠိယံ ဝုတ္တံ ဒဠ္ဌဗ္ဗံ။ (သီဋီသစ်၊ ၁၄၅)။**

၉။ **(ဂ+ဃ) ဝါကျ ဂါထာစီ။**

နီလံ ပဏ္ဍုရမောဒီဟိ၊ ဒဿေတိ ဝဏ္ဏသမ္ပဒံ။
တောဒိသံ သုတ္တံ ယဿာ၊ အာဝုတံ ဟောတိ ပါကဋံ။ (တတိယ မ-ကာရဝိပုလာဂါထာ)။

၁၀။ **အာဝုတံ-၌ ဓာတွတ္ထကိုရှု၍ အာဝါလင်္ကာရ ထုတ်ပုံ**

- ပတ္တမြားပေါက်၌ ချည်ကိုသီကုံးသော ပုဂ္ဂိုလ်၏သန္တာန်၌ ဝီရိယပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည်- ဥဿာဟဌာယီဘာဝ+ဝီရ ရသ။
- ပတ္တမြားသည်လည်းကောင်း, ချည်သည်လည်းကောင်း--- အာရမ္မဏဝိဘာဝ။
- ချည်၏အညိုအဝါ-စသော အရောင်အဆင်းနှင့် ပြည့်စုံမှုသည်လည်းကောင်း, သီကုံးသော ပုဂ္ဂိုလ်၏ သတိရှိခြင်း, ဉာဏ်ဖြင့်သုံးသပ်ခြင်း စသည်သည်လည်းကောင်း--ဥဒ္ဒီပနဝိဘာဝ။
- ပတ္တမြား၌ ချည်ကိုသီကုံးလိုက်သဖြင့် ပေါ်လွင်ထင်ရှားလာမှု-စသော အကျိုးတရား အဆက်ဆက်သည်---အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၁၈၄ )

## (၁၃၄၁-ခု၊ သက္ကသီမာ)

(က) လောဒ္ဓ ဝိပဿနာဉာဏံ မဂ္ဂဉာဏာနန္တရံ။
(ခ) ဝေ သန္တေပိ ယသ္မာ အဘိညာဝါရေ အာရုပ္ပေ တေသံ အန္တရာဝါရော နတ္ထိ။
(ဂ) တသ္မာ လဒ္ဓေဝ ဒဿိတံ။
(ဃ) ယသ္မာစ အနိစ္စာဒိဝသေန အကတသမ္မသနဿ ဒိဗ္ဗာယ သောတဓာတုယာ ဘေရဝံ သဒ္ဒံ သုဏတော, ပုဗ္ဗေနိဝါသာနုဿတိယာ ဘေရဝေ ခန္ဓေ အနုဿရတော, ဒိဗ္ဗေန စက္ခုနာ ဘေရဝမ္ပိ ရူပံ ပဿတော ဘယံ သန္တာသော ဥပ္ပဇ္ဇတိ၊
(င) န အနိစ္စာဒိဝသေန ကတသမ္မသနဿ။
(စ) တသ္မာ အဘိညံ ပတ္တဿ ဘယဝိနောဒနဟေတုသမ္ပာဒနတ္ထမ္ပိ လဒ္ဓံ လဒ္ဓေဝ ဒဿိတံ။
(ဋ။ ၁၉၈။ သီဋီသစ်။ ၁၄၆။ ပဋ္ဌာန။ ၂၄၆။ ဘာသာဋီ။ ၁၈၉။ ဂဏ္ဌိ။ ၃၉၄။)

၁။ (က+ခ+ဂ+ဃ) ဝါကျတို့ကို လဒ္ဓေဝ-၌ တိကျသော အစွဲနှင့်တကွ မှန်ကန်စွာ အနက်ပေးပါ။
၂။ (ခ) ဝါကျကို စောဒနာတက်၍ (ဃ) ဝါကျကို အနုသန္ဓေတက်ပြီးလျှင် ဝေသန္တေ-ကို စာစပ်ပါ။
၃။ (က) စသော ဝါကျများကို အကြောင်းပြအမည်ပေးပါ။
၄။ မဂ္ဂဉာဏာနန္တရံ-ကို ဝိဂ္ဂဟပြု၍ ဥာသ်ကောက်ပါ။
၅။ ဘေရဝံ-၌ အန္တတ်ပုဒ်ကို နာမပဒမာလာ၊ ထိုဝ်၌ ဓာတ်ကိုယူ၍ အဇ္ဈတ္တနီအတ္တနော ပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာစဉ်ပါ။
၆။ **မနောမယန္တိ မနေန နိဗ္ဗတ္တိတံ။ သဗ္ဗင်္ဂပစ္စင်္ဂိန္တိ သဗ္ဗေဟိ အင်္ဂေဟိစေဝ ပစ္စင်္ဂေဟိစ သမန္နာဂတံ။** (ဋ၊၁၉၈)၌ အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ အာဝုတသုတ္တံဝိယ ဝိပဿနာဉာဏံ-ဟုလည်းကောင်း၊ အာဝုတသုတ္တံဝိယ ဝိညာဏံ-ဟု လည်းကောင်း၊ အာဝုတသုတ္တံဝိယ ဝိပဿနာဝိညာဏံ-ဟုလည်းကောင်း ပါဌ်သုံးထွေရှိရာ သင့် ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ ဘယဝိနောဒနဟေတုသမ္ပာဒနတ္ထမ္ပိ-၌ ဘယဝိနောဒနဟေတု- တရားကို တိကျမှန်ကန်စွာ ကောက်ပြပါ။
၉။ ပရဝဇ္ဇာနုပဿီဿ။ ပ။ (ဋ၊၂၀၀) ဂါထာကို ဆန်းစစ်၍ ဂါထာအမည်, ဆန်းအမည်ပေးပါ။
၁၀။ (က) ဝါကျ၌ ဘာဝ စသည် စုံလင်စွာ ထုတ်ပါ။

==================

၁။ လဒ္ဓေဝ၊ ဤ၌စတုတ္ထဈာန်၏ အခြားမဲ့၌သာလျှင်။
✤ **တ္တဓေဝါတိ စတုတ္ထဈာနာနန္တရ မေဝ၊ (သီဋီသစ်၊ ၁၄၈)**
(ဂ) ဝါကျ၌ ဒဿိတံ-၏ ကတ္တားကို ဘဂဝတာ-ဟုထည့်။
ဒဿိတံ-၏ ကံကို လဒ္ဓံဝိပဿနာဉာဏံ-ဟုထည့်။

၂။ "လဒ္ဓံ။ပ။ ဉာဏာနန္တရ"န္တိ ဟိ လဒ္ဓမိနာ ယထာဝုတ္တံ စောဒနာလေသံ ဒဿေတိ။ "ဝေသန္တေပိ"တိ အာဒိ ပရိဟာရဒဿနံ။ (သီဋီသစ်၊ ၁၄၇)
အထက်ပါသီဋီသစ် အဖွင့်အရ(က) ဝါကျဖြင့် စောဒနာသံဝဏ္ဏနာကို ပြသည်။ (ခ) (ဂ) ဝါကျဖြင့် ပရိဟာရသံဝဏ္ဏနာကိုပြသည်- ဟု အဓိပ္ပါယ်ယူပါ။

http://www.dhammadownload.com



## (ခ) ဝါကျ စောဒနာ

ဆရာ–သည် (က) ဝါကျဖြင့် ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်၏ ရှေးအခြားမဲ့၌ ဖြစ်သည် မဟုတ်ပါလော–ဟူသော စောဒနာသံဝဏ္ဏနာကို ပြဆိုတော်မူ၏၊ စောဒနာသံဝဏ္ဏနာသာ ရှိပါသလော၊ ပရိဟာရသံဝဏ္ဏနာကား အဘယ်ပါနည်း၊ ပရိဟာရသံဝဏ္ဏနာကို မပြသော် ဆရာ့အားအဗျာပိတဒေါသ––၏။ စုဒ်ကြောင့် (ခ) မိန့်။

## (က+ခ+ဂ) ဝါကျများသို့ စောဒနာတက်ပုံ။

ဆရာ မြတ်စွာဘုရားသည် (ပါဠိတော်၌) ဝိပဿနာဉာဏ်ကို စတုတ္ထဈာန်၏ အခြားမဲ့၌ (ဝါ) အလုံးစုံသော အဘိဉာဏ်၏ ရှေး၌ပြဆို (ဟောကြား)တော်မူ၏။ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်၏ အနန္တရပစ္စည်း ဖြစ်သည်မဟုတ်ပါလော။ (၌) (ဝါ) ဤဝိပဿနာဉာဏ်သည် မဂ်ဉာဏ်၏ အနန္တရပစ္စည်း ဖြစ်သောကြောင့် လောကီအဘိညာဉ်တို့၏နောက်, ခြောက်ခုမြောက်သော အဘိညာဏ်၏ ရှေး၌ ဆိုသင့်သည်မဟုတ်ပါလော (ဋီသစ်) ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် စတုတ္ထဈာန်၏ အခြားမဲ့၌သာ ပြဆိုပါသနည်း၊ (၌) (ဝါ) အလုံးစုံသော အဘိညာဉ်တို့၏ ရှေး၌သာပြဆိုအပ်ပါသနည်း။ (သီဋီသစ်) စုဒ်ကြောင့် (က) စသည်မိန့်။

**အဓိပ္ပါယ်ကား**–(က) ဝါကျဖြင့် အဘိညာဉ်ဝါရကို အားထုတ်အပ်ပြီးသည်ရှိသော် ဝိပဿနာဉာဏ်၏ အဘိညာဉ်ခြောက်ပါးအကြား၌ ဝါရ မရှိသောကြောင့် ဤဝိပဿနာဉာဏ်ကို စတုတ္ထဈာန်၏ အခြားမဲ့၌သာ (ဝါ) အလုံးစုံသော အဘိညာဉ်၏ ရှေး၌သာပြဆိုအပ်ပါ၏ ဟူလို။

- **ယသ္မာ ပနိဒံ ဝိပဿနာဉာဏံ မဂ္ဂဉာဏဿာနန္တရံ ဟောတိ၊ တသ္မာ လောကိယာဘိညာနံ ပရတော, ဆဠဘိညာယစ ပုရတော ဝတ္တဗ္ဗံ၊ အထ ကသ္မာ သဗ္ဗာဘိညာနံ ပုရတောဝ ဝုတ္တန္တိ စောဒနာလေသံ ဒဿေတွာ ပရိဟာရန္တော "ဝုတ္တံ ဒဥ ဝိပဿနာဉာဏ"န္တိ အာဒိမာဟ။ (သီဋီသစ်၊ ၁၄၆။)**

## (ဃ) ဝါကျ အနုသန္ဓေ

ဤသို့ (က+ခ+ဂ) ဝါကျတို့ဖြင့် အဘိညာဝါရကိုအားထုတ်ပြီးသည်ရှိသော် ဝိပဿနာဉာဏ်၏ အဘိညာဏ်ခြောက်ပါးတို့အကြား၌ ဝါရ (အလှည့်အကြိမ်) မရှိသောကြောင့် ဝိပဿနာဉာဏ်ကို စတုတ္ထဈာန်၏ အခြားမဲ့၌သာ ပြဆိုအပ်သည်၏ အဖြစ်ကိုပြပြီး၍ ယခုအခါ၌ ဝိပဿနာဉာဏ်ကို စတုတ္ထဈာန်၏ အခြားမဲ့၌သာပြတော်မူခြင်း၏ ကျန်ရှိနေသော အကြောင်းတမျိုးကိုပြလိုသော ဆရာသည် ယသ္မာစ စသော(ဃ) ဝါကျမိန့်။

- **"ယသ္မာစာ"တိ အာဒိနာ အဝုတ္တန္တရ မာဟ(သီဋီသစ်)**

**မှတ်ချက်** (ဃ+င+စ) သုံး ဝါကျစလုံးကို ရှု၍ တက်သည်ဟုမှတ်။

**စာစပ်** ဝေဝသန္တော–ကို ဒဿိတံ–၌ လက္ခဏ+လက္ချစပ်။

၃။ (က) ဝါကျသည် ပါဠိတော်၌ စောဒနာဘွယ်ရှိ၍ ဆက်တက်သောကြောင့် ဝါကျာရမ္ဘ။

(ခ) ဝါကျသည် စောဒနာသံဝဏ္ဏနာမှတပါး ပရိဟာရသံဝဏ္ဏနာကို ပြသောကြောင့် ပက္ခန္တရ။

(ဂ) ဝါကျသည် ဖလဝါကျ။ (တနည်း) နိယမဝါကျ။ ထိုကိုထောက်၍ (ခ) ဝါကျသည် ကာရဏ (တနည်း) အနိယမ။

(ဃ) ဝါကျသည် ဝိပဿနာဉာဏ်ကို စတုတ္ထဈာန်၏အခြားမဲ့၌ ပြဆိုခြင်း၏အကြောင်း တမျိုးကို ပြသောကြောင့် ပက္ခန္တရ။

(င) ဝါကျသည် အန္ွယမှတပါး ဗျတိရေကကို ပြသောကြောင့် ပက္ခန္တရ။

(စ) ဝါကျသည် ဖလ+နိယမဝါကျ။ ထိုကိုထောက်၍ (ဃ+င) ဝါကျသည် ကာရဏ+အနိယမဝါကျ။

http://www.dhammadownload.com



## (က+ခ+ဂ) ရှေ့၌ စတုက္ကထုတ်ပုံ

(က) နနု လ္ဒဒံ ဝိပဿနာဉာဏံ မဂ္ဂဉာဏာနန္တရံ (ဟောတိ။)

(ခ) အထ ကသ္မာ လ္ဒဒံ လ္ဒဝေ ဒဿိတံ။

(ဂ) နနု အဘိညာဝါရေ အာရဒ္ဓေ တေဿ အန္တရာဝါရော နတ္ထိ။

(ဃ) တသ္မာ လ္ဒဒံ လ္ဒဝေ ဒဿိတံ။

**မှတ်ချက်** (ဃ) ဝါကျ စ-သဒ္ဒါကို "စသဒ္ဒေါ သမုစ္စယတ္ထော"ဟု လည်းကောင်း, သဒ္ဒဝိဒူ ပန ဤဒိသေ ဌာနေ စသဒ္ဒေါ ဝါ-သဒ္ဒတ္ထော၊ သောစ ဝိကပ္ပတ္ထောတိ ဝဒန္တိဟုလည်းကောင်း နှစ်နည်းဖွင့်ပြသည်။ ထို့ကြောင့် (ဃ)၌ စ-သဒ္ဒါကို သမုစ္စည်းအနက်, (တနည်း) ဝိကပ်အနက် ဟုဆုံးဖြတ်။

❖ **အတ္ထန္တရဒဿနမှိ၊ စ သဒ္ဒေါ ယဒိ ဒိဿတိ၊**

**သမုစ္စယေ ဝိကပ္ပေ သော၊ ဝဟောတဗ္ဗေါ ဝိဘာဝိနာ၊ (ဋီသစ်၊ ၁၄၈)**

ယင်းဋီကာသစ် ဂါထာအရ (ဃ)ဝါကျကဲ့သို့ အနက်(အကြောင်း) တမျိုးကို ပြဆိုသည့်နေရာတို့၌ စ-သဒ္ဒါတွေ့ခဲ့လျှင် ယင်းစ-သဒ္ဒါကို သမုစ္စည်းအနက်, ဝိကပ်အနက်ဟု ဆုံးဖြတ်ရမည်။

## (က+စ) စတုက္ကထုတ်ပုံ

(က) နနု လ္ဒဒံ ဝိပဿနာဉာဏံ မဂ္ဂဉာဏာနန္တရံ (ဟောတိ)

(ခ) အထ ကသ္မာ လ္ဒဒံ လ္ဒဝေ ဒဿိတံ။

(ဂ) နနု အဘိညံ ပတ္တဿ ဘယဝိနောဒနဟေတုသမ္ပာဒနတ္တံ ဟောတိ။

(ဃ) တသ္မာ လ္ဒဒံ လ္ဒဝေ ဒဿိတံ။

၄။ နိဗ္ဗာနံ မဂ္ဂေတိ ဂဝေသတီတိ မဂ္ဂေါ။ နိဗ္ဗာနတ္ထိကေဟိဝါ မဂ္ဂီယတီတိမဂ္ဂေါ။ (ဋီကာကျော်)

ဇာနာတိ ယထာသဘာဝံ ပဋိဝိဇ္ဈတီတိ ဉာဏံ။

မဂ္ဂ+ဉာဏံ မဂ္ဂဉာဏံ။ မဂ္ဂဉာဏဿ + အနန္တရံ မဂ္ဂဉာဏာနန္တရံ။

မဂ္ဂဉာဏ-အရ အရဟတ္တမဂ်ဉာဏ်သည် မုချအားဖြင့်ရ၏။

ထို၏+အနန္တရပစ္စည်းဖြစ်သော သိခါပတ္တဝိပဿနာဖြစ်သော ဂေါတြဘုဉာဏ်နှင့် အကျိုး+အကြောင်း စပ်-ဌာနူပစာအားဖြင့်ရ၏။

ပုဒ်လုံးအရကား-မဂ်ဉာဏ်၏ အနန္တရဖြစ်သော သိခါပတ္တဝိပဿနာဖြစ်သော ဂေါတြဘုဉာဏ်ရ၏။

ထိုသို့ပင်ရငြားသော်လည်း မဂ္ဂဉာဏာနန္တရံ-ပုဒ်သည် ဤ၌ပစာနနည်း ကေဒေသူပစာသဒ္ဒါဖြစ်သောကြောင့် ဝိပဿနာဉာဏ်အားလုံးရ၏။

❖ **"မဂ္ဂဉာဏာနန္တရ"န္တိ သိခါပ္ပတ္တဝိပဿနာဘူတံ ဂေါတြဘုဉာဏံ သန္ဓာယဝုတ္တံ၊ ထဒေဝ ဟိ အရဟတ္တမဂ္ဂဿ, သဗ္ဗေသံဝါ မဂ္ဂဖလာနမနန္တရံ ဟောတိ၊ ပဓာနတော ပန တဗ္ဗဇနေနေဝ သဗ္ဗဿပိ ဝိပဿနာဉာဏဿ ဂဟဏံ ဒဋ္ဌဗ္ဗံ၊ (ဋီသစ်၊၁၄၇)**

ဝတ္ထုဝိကာရံ အာပဇ္ဇမာနံ ရူပယတိ ဟဒယင်္ဂတဘာဝံ ပကာသေတီတိ ရူပံ။ ရူပါရုံရ၏။ (ဋီကာကျော်)

ဘာယတီတိ ဘီရု။ (ဘီ+ရု) (ကြောက်တတ်သော ပုဂ္ဂိုလ်ရ၏)

ဘီရုနော+ လ္ဒဒံ ဘေရဝံ ။ (ဘီရု-ပုဒ်+ဏ-ပစ္စည်း)

(ကြောက်တတ်သော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သောအဆင်း, အသံအာရုံရ၏)

(တနည်း) ဘယံ+သီလံ ယဿာတိ ဘီရု။

(ဘီ ဓာတ်+ကြု ပစ္စည်း။ က-အနုဗန် ချေ၍ပြီးသည်။ (ဘာသာဋီကာ၊ တ၊ ၁၉၀)

http://www.dhammadownload.com



၅။ ဘေရဝံ-၌ အန္တတ်ပုဒ်ကား ဘီရု-တည်း။ ပုလ္လိင် ရတ္တာဒိဂိုဏ်းစဉ်။
ဘီ-ဓာတ်ယှဉ်၍ အဘယာ ဘယာ, အဘယူ ဘယူ စသည်စဉ်။
**ဟိတ်သမ္ဗန်** (၁) ဝါကျ၌ အာရဒ္ဓေကို အာရဒ္ဓတ္တာ-ဟု ဟိတ်ပြင်၊
ယင်း၏သမ္ဗန်ကို အဘိညာဝါရဿ-ဟုခံ။ (ကံ+သမ္ဗန်စာစပ်)
(ဃ) ဝါကျ၌ အကတသမ္ဗသနဿကို အကတသမ္ဗသနတ္တာ-ဟု ဟိတ်လုပ်လျှင် ယင်း၏သမ္ဗန်ကို သုဏန္တဿ,အနုဿရန္တဿ, ပဿန္တဿ- (အဘိည် ပတ္တဿ ယောဂိနော-) ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)

◆ **အကတသမ္ဗသနဿာတိ ပေတတုလျှောပဒံ၊ တထာ ကတသမ္ဗသနဿာတိ၊ (သီဋီသစ်၊၁၄၈)**

၆။ ဝါကျဥယျာဉ် (၁၈၄) ၁၃၃၉-၃၊ သကျသီဟ အပြေဋ္ဌရှု။

၇။ "အာဝုတသုတ္တံ ဝိယ ဝိပဿနာဉာဏ"န္တိ ကတ္ထစိ ပါဌော။ "ဂူဒဠ္ဍ ဝိညာဏ"န္တိ ဝစနတော ပန"ဝိညာဏ"န္တိ ပါဌောဝ သုန္ဒရတရော၊ "ဝိပဿနာ ဝိညာဏ"န္တိ ဝါ ဘဝိတဗ္ဗံ။ ဟူသော (ဋီသစ်၊၁၄၆) အဖွင့်အရ "အာဝုတသုတ္တံ ဝိယ ဝိညာဏံ"ဟု ရှိသော ပါဌ်သည်သာ "ဂူဒဠ္ဍ ဝိညာဏံ"ဟူသော ပါဠိတော်(နာ၊၇၂) စကားရပ်နှင့်ညီသောကြောင့် သုန္ဒရတရဖြစ်သည်။ အာဝုတသုတ္တံ ဝိယ ဝိပဿနာဉာဏံ-ဟုရှိသော ပါဌ်သည်လည်းကောင်း၊ အာဝုတသုတ္တံ ဝိယ ဝိပဿနာဝိညာဏံ-ဟုရှိသောပါဌ်သည် လည်းကောင်း သုန္ဒရမတ္တာဖြစ်ပါသည်။

**နိရုတ္တိ**

**ဘေရဝံ**-ကား ဘီရု ပုဒ်+ဏပစ္စည်း။ ဤ-ကို ဧ-ပြု၊ ဥ-ကို ဩ-ပြု၊ ဩ-ကို အဝ-ပြု။ ဏ-အနုဗန်ချေ၍ ပြီးသည်။

၈။ **ဘယဝိနောဒနဟေတု** နာမ ဝိပဿနာဉာဏေန ကတသမ္ဗသနတော-ဟူသော သီဋီသစ် (၁၄၈) အဖွင့်နှင့်အညီ ဘယဝိနောဒနဟေတု-အရ ဘေးကိုပယ်ဖျောက်ခြင်း၏ အကြောင်းဖြစ်သော ပြုအပ်ပြီးသော သမ္ဗသနရှိသည်၏ အဖြစ်ဟုဆိုအပ်သော ဝိပဿနာဉာဏ်ကိုယူရမည်။ ယင်းဝိပဿနာဉာဏ်ဟူသည် သိခါပ္ပတ္တ ဝိပဿနာဉာဏ်ဖြစ်သော ဂေါတြဘုဉာဏ်ပင်ဖြစ်သည်။

**အဓိပ္ပါယ်**

(က) ဝါကျ **မဂ္ဂဉာဏာနန္တရံ**-၌ **မဂ္ဂ**-အရ အရဟတ္တမဂ်ကို သာယူရပါသည်။ အကြောင်းကား- အရဟတ္တမဂ်၏သာလျှင် အဘိညာဉ်၌ အကျုံးဝင်သောကြောင့်လည်းကောင်း၊ အဘိညာဉ်နှင့် စပ်သဖြင့် စောဒနာဖြစ်သင့်သောကြောင့်လည်းကောင်းတည်း။

**မဂ္ဂဉာဏာနန္တရ**-အရ သိခါပ္ပတ္တဝိပဿနာဖြစ်သော ဂေါတြဘုဉာဏ်ကိုယူ။ အကြောင်းကား ထိုဂေါတြဘုဉာဏ်သည်သာလျှင် အရဟတ္တမဂ်၏လည်းကောင်း၊ အလုံးစုံသောမဂ်ဖိုလ်တို့၏လည်းကောင်း အနန္တရပစ္စည်း ဖြစ်သောကြောင့်တည်း။

(တနည်း)- **မဂ္ဂဉာဏာနန္တရ** အရ- ဝိပဿနာဉာဏ် အားလုံးကိုယူရပါသည်။ အကြောင်းကား- ဝိပဿနာဉာဏံ မဂ္ဂဉာဏာနန္တရံ-ဟူ၍ သာမညဆိုထားရကား ပဓာနနည်းဖြင့် ဂေါတြဘုဉာဏ်ကိုဆိုလျှင် အပဓာနဖြစ်သော ဝိပဿနာဉာဏ်အားလုံးသက်ဆိုင် ပါဝင်နေသောကြောင့်တည်း။ (သီဋီသစ်။ ၁၄၇။)

၉။ ပဏ္ဍာဝတ္တဂါထာ ဖြစ်သည်။

http://www.dhammadownload.com



၁၀။ ✣ (က) ဝါကျ၌ သိခါပွတ္တဝိပဿနာဖြစ်သော ဂေါတြဘုဉာဏ်ကိုယူ၍-ထိုသည် - ဓမ္မရတိ ဌာယီဘာဝ+ဓမ္မသိဂါရဝရသ၊
✣ နိဗ္ဗာန်အာရုံသည် အာရမ္မဏဝိဘာဝ၊
✣ ပရိကမ်-ဥပစာ-အနုလုံ ဟူသော ဥပစာရဘာဝနာ ကာမာဝစရသမာဓိသည် ဥဒ္ဒီပနဝိဘာဝ၊
✣ မဂ်ဉာဏ် ဖိုလ်ဉာဏ် စသည်သည် အနုဘာဝ။

မှတ်ချက် သိခါပွတ္တဂေါတြဘုဉာဏ်သည် ကာမာဝစရသမာဓိ ဥပစာရဘာဝနာပင် ဖြစ်သောကြောင့် သမာဓိကိုကောက်၍လည်း သမဌာယီဘာဝ, သန္တရသ-ဟုထုတ်နိုင်သည်။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၁၈၅ )

### ၁၃၃၉-ခု၊ သကျသီဟ

(က) မနောမယန္တိ မနေန နိဗ္ဗတ္တိတံ။
(ခ) သဗ္ဗင်္ဂပစ္စင်္ဂိန္တိ သဗ္ဗေဟိ အင်္ဂေဟိ စ ပစ္စင်္ဂေဟိ စ သမန္နာဂတံ။
(ဂ) အဟီနိန္ဒြိယန္တိ သဏ္ဌာနဝသေန အဝိကလိန္ဒြိယံ။
(ဃ) ဣဒ္ဓိမတာ နိမ္မိတရူပဉှိ သစေ ဣဒ္ဓိမာဩဒါတော၊ တမ္ပိ ဩဒါတံ။ သစေ အဝိဒ္ဓကဏ္ဏော၊ တမ္ပိ အဝိဒ္ဓကဏ္ဏန္တိ ဧဝံ သဗ္ဗာကာရေဟိ တေန သဒိသမေဝ ဟောတိ။
(င) ကရဏ္ဍာတိ ဣဒမ္ပိ အဟိကဉ္စုကဿ နာမံ၊ န ဝိလီဝကရဏ္ဍကဿ။
(စ) အဟိကဉ္စုကော ဟိ အဟိနာ သဒိသောဝ ဟောတိ။

(ဋ္ဌ။ ၁၉၈။ သီဋီသစ်၊ ၁၄၈၊ နေရင်း။ ၂၀၅။ ပဋ္ဌက္ကူ။ ၂၄၇ ။ ဘာသာဋီ။ ၁၉၁။ ဂဏ္ဌိ။ ၃၉၄။)

၁။ (က+ခ) ဝါကျတို့ကိုသာ အဘိဓေယျတ္ထပေါ်လွင်အောင် အနက်ယောဇနာပါ။
၂။ (ဃ) ဝါကျကို အနုသန္ဓေတက်၍ (စ) ဝါကျကို အာဘောဂါယုတ္တစောဒနာတက်ခဲ့ပါ။
၃။ (က+ခ+စ) ဝါကျတို့ကို အမည်ပေး၍(စ) ဝါကျ၌ ဟိ-နိပါတ်ကို သဒ္ဒါနည်းစာစပ်ခဲ့ပါ။
၄။ (င) ဝါကျလာ ကရဏ္ဍာပုဒ်ကို ဝိဂ္ဂဟပြု၍ ဉာသ်နည်းအရ ကောက်ပြပါ။
၅။ ပစ္စင်္ဂ-ကို နာမပဒမာလာ၊ နိမ္မိတမှ ဓာတ်ကိုယူ၍ ဝတ္တမာန်ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပါ။
၆။ (က+ခ+ဂ) ဝါကျတို့ကို အာဘော်ပေါ်၍ သံဝဏ္ဏနာအမည်ကိုလည်း ပေးခဲ့ပါ။
၇။ မူဋ္ဌမှာ ဤသိကန္တိ အာဒိဥပမာတ္ထယမ္ပိဟိ/ဥပမာမတ္တံ။ ယမ္ပိဟိ-ဟုပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။
၈။ (က) ဝါကျလာ မန-အရကို စုံလင်စွာ ကောက်ပြပါ။
၁၀။ (က) ဝါကျပါ မန-အရ တရားကို ကိုယ်ပြုဥ် ဘာဝစသည် ထုတ်ပါ။

==================

၁။ (က) မနောမယန္တိကား။ မနေန၊ အဘိညာဉ်စိတ်, အဓိဋ္ဌာန်စိတ်ဖြင့်။ (ဝါ) သည်။ နိဗ္ဗတ္တိတံ၊ ဖြစ်သော။ (ဝါ) ဖြစ်စေအပ်သော (ကာယံ၊ နိမ္မိတကာယကို၊ အဘိနိမ္မိနာတိ။)

http://www.dhammadownload.com



(၁) သဗ္ဗဂ်ပစ္စဂ်ိန္တိ၊ ကား။ သဗ္ဗေဟိ။ အင်္ဂေဟိစ။ လက်ခြေစသောအပေါင်းဖြစ်သော ကြီးသောအင်္ဂါတို့နှင့်လည်းကောင်း။ ပစ္စင်္ဂေဟိစ၊ တတောင် ပုဆစ် ဒူးအစရှိသော အစိတ်ဖြစ်သော ငယ်သောအင်္ဂါတို့နှင့်လည်းကောင်း။ သမန္နာဂတံ၊ သော။ (ကာယံ။ အဘိနိမ္မိနာတိ) (သီဋီသစ်၊ဒု၊၁၄၉။)

၂။ **(ဃ) ဝါကျ အနုသန္ဓေ**

ဤသို့(ခ+ဂ) ဝါကျတို့ဖြင့် ဖန်ဆင်းအပ်သောကာယသည် အလုံးစုံသော အင်္ဂါကြီးငယ်ရှိ၏၊ မယုတ်လျော့သော ဣန္ဒြေရှိ၏-ဟုပြဆိုပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကိုပင်ပြီးစေလို မြဲစေလိုသော ဆရာသည် (ဃ) မိန့်၏။

✤ **"သဗ္ဗဂ်ပစ္စင်္ဂိ အဟီနိန္ဒြိယ"န္တိ ဝုတ္တမေဝတ္ထံ သမတ္ထေန္တော "ရူပ်ီမနော"တိ အာဒိမာဟ၊ (သီဋီသစ်၊ ဒု၊ ၁၄၉၊)**

## (ဃ) ဝါကျပုစ္ဆာ

ဆရာ-သည်(ဂ) ဝါကျဖြင့် အသွင်သဏ္ဌာန်၏ အစွမ်းဖြင့်ပြည့်စုံသော ဣန္ဒြေရှိသော နိမ္မိတရုပ်သည် အဟီနိန္ဒြိယမည်သော-ဟုဆို၏၊ ပသာဒစသော ဣန္ဒြေ၏ အစွမ်းအားဖြင့်ပင် အဟီနိန္ဒြိယ ဖြစ်ကောင်းသည် မဟုတ်တုံလော၊ (ဂဏ္ဌိ၊ ၄၁၃) အဘယ်ကြောင့် (ဝါ) အဘယ်သို့သော အသင့်ယုတ္တိကိုထောက်၍ ယင်းသို့ဆိုပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်၏။

(စ) ဝါကျ ကျမ်းတက်ပုံ (ဝါကျဥယျာဉ် ၁၈၅ ၌ရှု။)

၃။ (က+ခ+ဂ) သည် ပကတ္တိရ။

(ဃ) ဝါကျသည် ဂ-ဝါကျကို ယုတ္တိအားဖြင့် ခိုင်မြဲစေသောကြောင့် ယုတ္တိဒဋ္ဌီ။

(စ) ဝါကျသည် င-ဝါကျ၏ အကြောင်းကို ပြသောကြောင့် ကာရဏ။

(ဃ) ၌-ဟိကား သမတ္ထနဒဠှီဇောတက-နိပါတ်။

(စ) ဝါကျ၌ ဟိ-ကား ကာရဏဇောတက-နိပါတ်။

## ဂ-ဃ-ဝါကျ-စတုက္ကထုတ်ပုံ

(က) နနု ပသာဒါဒိ ဣန္ဒြိယဝသေနေဝ အဟီနိန္ဒြိယံ ဟောတိ။

(ခ) အထ ကသ္မာအဟီနိန္ဒြိယန္တိ သဏ္ဌာနဝသေန အဝိကလိန္ဒြိယန္တိ တယာ ဝုတ္တံ။

(ဂ) နနု နိမ္မိတရူပံ (လ) သဒိသမေဝ ဟောတိ။

(ဃ) တသ္မာ အဟီနိန္ဒြိယန္တိသဏ္ဌာနဝသေန အဝိကလိန္ဒြိယန္တိ မယာ ဝုတ္တံ။

**အမှာ-** ဃ-ဝါကျ ပုစ္ဆာတက်နှင့် တိုက်ဆိုင်ကြည့်ပါ။

## (ဂ) စတုက္ကထုတ်ပုံ။

(က) နနု နိမ္မိတရူပေ ပသာဒေါနာမ နတ္ထိ။

(ခ) အထ ကသ္မာ ပါဠိယံ အဟီနိန္ဒြိယန္တိ ဘဂဝတာ ဝုတ္တံ။

(ဂ) နနု (နိမ္မိတရူပေ) သဏ္ဌာနဝသေန အဝိကလိန္ဒြိယံ ဟောတိ။

(ဃ) တသ္မာ ပါဠိယံ အဟီနိန္ဒြိယန္တိ ဘဂဝတာ ဝုတ္တံ။

၄။ ကရဥ္စိတမ္ဟော ဗိဂ္ဂဇ္ဇိတမ္ဟောတိ ကရဏ္ဍော။ (နိမ္ဟောက်)

ကရဥ္စိ-ဓာတ်အရ-ကတ္တုသ္မ-ကြိယာကား စက်ဆုတ်သော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါမနဿ ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏။

http://www.dhammadownload.com



ကမ္မဋ္ဌ-ကြိယာအရကား ထိုအားတပ်သော မြွေရေလဲခြိမ်၏ အာရမ္ဗဏပစ္စယသတ္တိသည် ဖလူပစာရတ္တ-အားဖြင့်ရ၏။

က-ပစ္စည်းအရကား မြွေရေလဲခြိမ်ရ၏။

၅။ ပစ္စဂီ-ကို ပုလ္လိင်-ရတ္တာဒိ-ဂိုဏ်းစဉ်။

နိမ္မိတ-၌ နိ+မာ-ဓာတ်+တ-ပစ္စည်း။

မာ-မာနမှိ ဘူဝါဒိ-ဟူသော ဓာတွတ္ထသင်္ဂဟ-ကိုထောက်၍ ယင်းမာ-ဓာတ်သည် နှိုင်းယှဉ်တိုင်းတာခြင်း, ဖန်ဆင်းခြင်းအနက်ကို ဟောရာ၌ ဘူဝါဒိ+ကီယာဒိ၊ တနာဒိ၊ ဒိဝါဒိ-ဟု ဂိုဏ်း လေးမျိုး ဆက်ဆံသည်။ ထို့ကြောင့် ဂိုဏ်းလေးမျိုးစဉ်လေ။

**ဟိတ်သမ္ဗန်** (၁) ဝါကျ သမန္နာဂတံ (၈) ဝါကျ အဝိကလိန္ဒြိယံ-ကို ဟိတ်ပြင်က ယင်း၏ သမ္ဗန်ကို ကာယဿ-ဟုခံ။

၆။ (က) ဝါကျမနေန နိမ္မတ္တိတံ-ဖြင့် မနောမယံ-၌ မယ-ပစ္စည်းသည် ပကတိ,သကတ်, နိပ္ဖန္န အနက်တို့၌ မသက်၊ နိမ္မတ္တ-အနက်၌ သက်သည်ကိုလည်းကောင်း၊ မနေန နိမ္မတ္တံ မနောမယံ-ဟု ပြုရမည်ကိုလည်းကောင်း သိစေပါသည်။

⁂ ပကတိ+နိမ္မတ္တ, သကတ်+နိပ္ဖန်, ဤလေးတန်, သက်ရန်-မယ-ပစ္စည်းတည်း။

(၁) ဝါကျဖြင့် အင်္ဂ-နှင့် ပစ္စင်္ဂ-ကို အင်္ဂါနိစ ပစ္စင်္ဂါနိစ အင်္ဂပစ္စင်္ဂါနိဟု ဒွန်သမာသ် ဝစနတ္ထ-ပြု-လည်းကောင်း သဗ္ဗ-နှင့်အင်္ဂပစ္စင်္ဂ-ကို သဗ္ဗာနိ+အင်္ဂပစ္စင်္ဂါနိ သဗ္ဗင်္ဂပစ္စင်္ဂါနိ-ဟု ကမ္မဓာရယ်သမာသ်ပြု-လည်းကောင်း, သဗ္ဗင်္ဂပစ္စင်္ဂီ-၌ ဤ-ပစ္စည်းအဿတ္ထိ-အနက်၌သက်-လည်းကောင်း, (တနည်း) သမန္နာဂတ-အနက်၌ သက်-လည်းကောင်း, သဗ္ဗင်္ဂပစ္စင်္ဂါနိ အဿ သန္တိတိ သဗ္ဗင်္ဂပစ္စင်္ဂီ-ဟု အဿတ္ထိတဒ္ဓိတ် (တနည်း) သဗ္ဗင်္ဂပစ္စင်္ဂေဟိ+သမန္နာဂတော သဗ္ဗင်္ဂပစ္စင်္ဂီ-ဟု သမန္နာဂတ-တဒ္ဓိတ်ပြု-လည်းကောင်း သိစေပါသည်။

(၈) ဝါကျ အဝိကလိန္ဒြိယံ-ဖြင့် အဟီနိန္ဒြိယံ-၌ အဟီန-သဒ္ဒါ၏ အဝိကလ(ဝါ) ပရိပုဏ္ဏ-အနက် ဟော-လည်းကောင်း၊ (နာမလိင်္ဂတ္ထ) ပြည့်စုံသောဣန္ဒြေရှိ၏-ဟူသည် နိမ္မိတရုပ်၌ ပသာဒ မည်သည် မရှိရကား ပသာဒရုပ်၏အစွမ်းဖြင့် ပြည့်စုံသည် မဟုတ်(ဖျတိရေက) အသွင်သဏ္ဌာန်၏ အစွမ်းဖြင့် ပြည့်စုံသည်၏အဖြစ်ကိုလည်းကောင်း (အနွယ) (ဘာဝတ္ထ) သိစေသည်။

✣ **နိမ္မိတရူပေ ဟိ ပသာဒေါနာမ နတ္ထီတိ ဒဿေတုံ "သဏ္ဌာနဝသေနအဝိကလိန္ဒြိယ"န္တိ ဝုတ္တံ။ (သီဋီသစ်၊ ၁၄၉)**

၇။ **"ဥပမာတ္တယမ္ပိဟိ/ဥပမာမတ္တံ၊ယမ္ပိဟိ"**နှစ်ချက်တွင် အယမေဝတ္တော ပါဠိယမ္ပိ ဝိဘာဝိ တောတိ အာဟ **"မုဉ္စမှာ ဤသိကန္တိ အာဒိ ဥပမာတ္တယမ္ပိဟိ** (လ) **ဝုတ္တ"**န္တိ။ ကတ္ထစိ ပန **"မုဉ္စမှာ ဤသိကန္တိ အာဒိ ဥပမာမတ္တံ၊ ယမ္ပိ ဟိ သဒိသ ဘာဝ ဒဿနတ္တမေဝ ဝုတ္တ"**န္တိ ပါဌော ဒိဿတိ။ တတ္ထ **"ဥပမာမတ္တ"**န္တိ ဣမိနာ အတ္ထန္တရဒဿနံ နိဝတ္တေတိ။ **"ယမ္ပိ ဟိ"**တိ အာဒိနာ ပန တဿ ဥပမာဘာဝံ သမတ္ထေတိ။ (သီဋီသစ်၊ ၁၄၉) ထောက်၍ နှစ်ပါဌ်သင့်။

**အမှာ** နေရင်းနိဿ+သီဋီသစ်-တို့၌ ဥပမာမတ္တံ၊ ယမ္ပိ ဟိ-ဟုရှိသော ပါဌ်ကို ပါဌ်မှန်ထား၍ အနက် ပေးကြသည်။ ပဒုက္ကမ္ပ+ဘာသာဋီကာတို့၌ကား ဥပမာတ္တယမ္ပိ ဟိ-ဟုရှိသော ပါဌ်ကိုအနက်ပေး၍ ယင်း ပါဌ်သည်သာ သဒ္ဒယုတ္တိအတ္ထယုတ္တိရှိ၍ ဖြောင့်မတ်သန့်ရှင်း၏-ဟုဆုံးဖြတ်ကြသည်။

http://www.dhammadownload.com



**နိရုတ္တိ** **အပဟီ**-ကား အံဟ-ဓာတ်+ဟု-ပစ္စည်း။ အံဟိ-ဟုဆိုလိုလျက် နိဂ္ဂဟိတ်-ကို ချေ၍ပြီးသည်။

◆ **နိပ္ပါဒါပိ သမာနော အံဟတိ ဝဇ္ဇတိ ဝဇ္ဇံ သင်္ကောတီတိ အပဟီ၊ အံဟ-ဝမနေတိ ဓာတုတော "ဒဏ္ဍာဒယော"တိ ဣကမိနာ ဣပ္ပစ္စယော၊ (သူစိ)**

**ကဍ္ဍုက**-ကား ကစ-ဓာတ်+ဥက-ပစ္စည်း။ ကစုက-ဟူလိုလျက် ကထက်နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဍ-ပြု၍ ကဍ္ဍုက-ပြီးသည်။

◆ **ကစ-မဒ္ဒနေ၊ ဥကော၊ နိဂ္ဂဟီတာဂမော၊ (သူစိ)**

**ကဏ္ဏ**-ကား ကရ-ဓာတ်+ဏ-ပစ္စည်း။ ဓာတ္တန်-ရ-ကို ဏ-ပြု၍ပြီးသည်။

◆ **ကရ-ကရဏေ၊ ဏော ပဟောတိ၊ သဒ္ဒံ ကရောတီတိ ကဏ္ဏော၊ (ကျော်ဒီ၊ ၆၅၊)**

၈။ (က) ဝါကျလာ မန-အရ အဘိညာဏ်စိတ်, အဓိဋ္ဌာန်စိတ်ကိုယူ။

◆ **အဘိညာမနေန, အဓိဋ္ဌာနမနေနစာတိ ဥဘယထာပိ နိမ္မိတ္တဗ္ဗာ ဥဘယမ္ပေတံ ယုတ္တမေဝ၊ (သီဋီသစ်)**

၁၀။ ✢ (က) ဝါကျလာ မန-အရ အဘိညာဏ်စိတ်, အဓိဋ္ဌာန်စိတ်ကိုယူ၍ ထိုသည် ဓမ္မရတိ ဌာယီဘာဝ+ ဓမ္မသိဂါရရသ။ (သမဋ္ဌာယီဘာဝ+သန္တရသ)

✢ ကမ္မဋ္ဌာန်းအာရုံသည် အာရမ္မဏဝိဘာဝ။

✢ ဥပစာရဘာဝနာ ကာမာဝစရသမာဓိသည် ဥဒ္ဒီပနဝိဘာဝ။

✢ နိမ္မိတရုပ်အပေါင်းသည် အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၁၈၆ )

### ၁၃၀၈-ခု၊ စေတီယင်္ဂဏ

(က) **ကရဏ္ဍာတိ ဣဒမ္ပိ အဟိကဥ္စုကဿ နာမံ၊ န ဝိလီဝကရဏ္ဍကဿ။**

(ခ) **အဟိကဥ္စုကော ဟိ အဟိနာ သဒိသော ဝ ဟောတိ။**

(ဂ) **တတ္ထ ကိဉ္စာပိ "ပုရိသော အဟိံ ကရဏ္ဍာ ဥဒ္ဓရေယျာ"တိ ဟတ္ထေန ဥဒ္ဓရမာနော ဝိယ ဒဿိတော၊**

(ဃ) **အထခေါ စိတ္တေ နေဝဿ ဥဒ္ဓရဏံ ဝေဒိတဗ္ဗံ။**

(င) **အယဉ္ဟိ အဟိ နာမ သဇာတိယံ ဌိတော, ကဋ္ဌန္တရံ ဝါ ရုက္ခန္တရံ ဝါ နိဿာယ, တစတော သရီရနိက္ခမနပ္ပယောဂသင်္ခါတေန ထာမေန, သရီရံ ခါဒယမာနံ ဝိယ ပုရာဏတစံ ဇိဂုစ္ဆန္တောတိ ဣမေဟိ စတူဟိ ကာရဏေဟိ သယမေဝ ကဉ္စုကံ ပဇဟတိ၊ န သက္ကာ တတော အညေန ဥဒ္ဓရိတုံ၊**

(စ) **တသ္မာ စိတ္တေန ဥဒ္ဓရဏံ သန္ဓာယ ဣဒံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။**

(ဌ။ ၁၉၈။ သီဋီသစ်။ ၁၄၉။ နေရင်း။ ၂၀၆။ ပခုက္ကူ။ ၂၄၉။ ဘာသာဋီ။ ၁၉၃။ ဂဏ္ဌိ။ ၃၉၅)

၂။ (ခ) ဝါကျ၌ သမ္ဗန္ဓာဝတ္ထုနည်း လိုရင်းကောက်၍ ပရမတ်နည်းပုစ္ဆာ ဒွန်စိတ် အစိတ်ထွက်ပြပါ။

၃။ (ဂ+ဃ+င) ဝါကျတို့ကို အမည်ပေး၍ (စ) ဝါကျသည် ဟိတ်၊ လဒ္ဓဂုဏ်၊ နိဂုံးသုံးမျိုးတွင် မည်သည့်ဝါကျဖြစ်သည်ဟု အကြောင်းပြဆုံးဖြတ်ပါ။

http://www.dhammadownload.com



၄။ (က) ဝါကျ ကရဏ္ဍကို သံဝဏ္ဏနာအားလျှော်စွာ ဝိဂ္ဂဟပြု၍ ဉာဏ်ကောက်ပြပါ။
၅။ (ဃ) ဝါကျကို ပဒဝိဘာဂပြု၍ အသကို ဌာနာနုရူပ ကာရိယပြည့်စုံစွာ နာမမာလာ၊ ဝေဒိတဗ္ဗ၌ ဓာတ်ကိုယူ၍ ရုဓာဒိဂိုဏ်း ဝတ္တမာန်ကာရိယတစ်မျိုးသာ အာချာတပဒမာလာစဉ်ပါ။
၆။ (က) ဝါကျ **ကေစ္စသေသဘာတိကာတိ** ကေစ္စသသတဝါဒါ။ (၄၊ ၁၀၁)
(၁) **စိဇ္ဇေတီတိ** သဏ္ဌာတိ။ (၄၊ ၁၀၂) တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ (င) ဝါကျပါ အယဥ္စ အဟိနာမ သဇာတိယံ ဋ္ဌိတောဟူသော စကားအရ မြွေသည် အဘယ်အခါ၌ မိမိဇာတ်ကို မလွှန်မူ၍တည်နေပါသနည်း၊ မိမိဇာတ်၌ တည်သောအခါများကို ရေတွက်ပြပါ။
၈။ ပရဝဇ္ဇာနုပဿိသ (ပ) အာရ သော အာသဝက္ခယာ (၄၊ ၂၀၀) ဂါထာ၌ အရ+အာရဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။
၉။ အထက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။
၁၀။ အထက်ပါ ဂါထာ၌ ဘာဝ စသည်ထုတ်ပြပါ။

=================

၂။ (၁) ဝါကျ၌ လိုရင်းကား သဒိသောဝ ဟောတိ ဟူသည်တည်း။
အဓိပ္ပါယ်ကား တူသည်သာဖြစ်၏ဟူလို။

## ပရမတ်နည်း ပုစ္ဆာထွက်

ဆရာ-သည် သဒိသောဝ ဟောတိ-ဟူသော သဟဇာတပစ္စယုပ္ပန်ကို ဆို၏။ ပစ္စယုပ္ပန်သည် ပစ္စည်းတရားနှင့်မကင်းကောင်းသည် မဟုတ်ပါလော၊ ပစ္စည်းတရားကား အဘယ်ပါနည်း၊ စုဒ်ကြောင့် အဟိကဥ္စုကော မိန့်၊

ဆရာ-သည် သဒိသောဝ ဟောတိ ဟူသော ပကတူပပစ္စယုပ္ပန်တရားကို ပြဆို၏။ ယင်း၏ ပစ္စည်းတရားကား အဘယ်ပါနည်း၊ စုဒ်ကြောင့် အဟိနာ-မိန့်၊

## (ခ) ဝါကျ ပုစ္ဆာ

ဆရာ-သည် (က) ဝါကျဖြင့် ကရဏ္ဍဟူသော အမည်သည် မြွေရေလဲ၏အမည်တည်း၊ နီးဖြင့်ပြုအပ်သော ပခြုတ်၏အမည်မဟုတ်ဟုဆို၏။ အဘယ့်ကြောင့် မြွေရေလဲ၏ အမည်ဖြစ်သနည်း။ နီးဖြင့်ပြုအပ်သော ပခြုတ်၏အမည်မဖြစ်သနည်း။ စုဒ်ကြောင့် (ခ) မိန့်၊ (ဂဏ္ဌိ၊ ၃၉၅။)

- **ကသ္မာ အဟိကဥ္စုကဿေဝ နာမံ၊ န ဝိလီဝကရဏ္ဍကဿာတိ စောဒနံ သောဓေတိ "အဟိကဥ္စုကောဟိ"တိ အာဒိနာ။ (သိဒ္ဓိသစ်၊ ၁၅၀)**

## (င) ဝါကျပုစ္ဆာ

ဆရာ-သည်(ဃ)ဝါကျဖြင့် ယောက်ျား၏စိတ်ဖြင့်သာလျှင် မြွေကိုမြွေ၏အရေမှ ထုတ်ခြင်းကို သိအပ်သောဟုဆို၏။ "ပုရိသော အဟိံ ကရဏ္ဍာ ဥဒ္ဓရေယျ"ဟု ယောက်ျား၏လက်ဖြင့် ထုတ်ဆောင်သကဲ့သို့ ပြတော်မူထားသည် မဟုတ်ပါလော၊ (ဂ-ဝါကျကို အာဘော်ထားသည်) (ဝါ) "ပုရိသော အဟိံ ကရဏ္ဍာ ဥဒ္ဓရေယျ"ဟု ဟောတော်မူသောကြောင့် ယောက်ျားသည် လက်ဖြင့်ပင် ငင်ထုတ်သည်ကို ဆိုကောင်းပါသည် မဟုတ်တုံလော (ဂဏ္ဌိ+၃၉၆) ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ယောက်ျား၏ စိတ်ဖြင့်သာလျှင် မြွေကိုမြွေ၏အရေမှထုတ်ခြင်းကို သိအပ်၏ဟု ဆိုပါသနည်း- စုဒ်ကြောင့်(င) မိန့်၊

- **အယဥ္စတိ အာဒိ စိတ္တေန ဥဒ္ဓရဏဿ ပောရာဏသေယံ။ (သိဒ္ဓိသစ်၊ ၁၅၀။)**

http://www.dhammadownload.com



၃။ (၁) ဝါကျ ကာရက (ပဒုက္ကူ+ဘာသာဋီ) ဒဋ္ဌီ (နေရင်း)

(ဂ) ဝါကျသည် သေယျထာဝါ ပန မဟာရာဇ ပုရိသော အဟိ ကရဏ္ဍာ ဥဒ္ဒရေယျ-အစ ရှိသောပါဠိတော် ဥပမာစကားရပ်၌ စောဇနာစွယ်ရှိ၍ ဆက်တက်သောကြောင့်ဝါကျာရမ္ဘ။

(ဃ) ဝါကျသည် စောဒကာဘောဂမှုထပါး ပရိဟာရပြုသောကြောင့် ပက္ခန္တရ၊

(င) ဝါကျသည် သီဋ္ဌီသစ်အလို ကာရက၊ ဘာဋီအလို ထပ္ပါကဋ္ဌီကရက+ကာရက။

နေရင်းအလို ဒဋ္ဌီ။ ပဒုက္ကူအလို ဝိတ္ထာရ (အန္ဓယ ဗျတိရေကဖြင့် ချဲ့ပြသည်ဟူလို) ယင်း(င) ဝါကျ၌ အယံ အဟိနာမ-မှ ပဟောတိ-တိုင်အောင် အန္ဓယဝါကျ။ န သက္ကာ တတော အညေန ဥဒ္ဒရိတုံ ဝါကျကား ဗျတိရေက။

## (စ) ဝါကျ အခဲ့းအဖြတ်

(င) ဝါကျကို ကာရကဟုယူသော ဘာသာဋီကာနှင့် သီဋ္ဌီသစ်တို့အလို (စ) ဝါကျသည် လဒ္ဒဝါကျဖြစ်သည်။ (င) ဝါကျကို ဝိတ္ထာရဟုယူသော ပဒုက္ကူသျအလို (စ) ဝါကျသည် နိဂမနဝါကျ ဖြစ်သည်။

## (က+ခ+ဂ) ဝါကျ စတုက္ကထုတ်ပုံ

(က) နနု ပါဠိယံ "ပုရိသော အဟိ ကရဏ္ဍာ ဥဒ္ဒရေယျာ"တိ ဟတ္တေန ဥဒ္ဒရမာနောဝိယ ဒဿိတော၊

(ခ) အထ ကသ္မာ ကရဏ္ဍာတိ ဣဒမ္ပိ အဟိကဉ္စုကဿ နာမံ၊ န ဝိလီဝကရဏ္ဍကဿ၊

(ဂ) နနု အဟိကဉ္စုကော အဟိနာ သဒိသောဝ ဟောတိ၊

(ဃ) တသ္မာ (ပ) န ဝိလီဝကရဏ္ဍကဿ။

## (ဂ+ဃ+င) တို့ကို စတုက္ကထုတ်ပုံ

(က) နနု "ပုရိသော အဟိ ကရဏ္ဍာ ဥဒ္ဒရေယျာ"တိ ဟတ္တေန ဥဒ္ဒရမာနောဝိယ ဒဿိတော။

(ခ) အထ ကသ္မာ စိတ္တေနေဝဿ ဥဒ္ဒရဏံ ဝေဒိတဗ္ဗံ။

(ဂ) နနု အယံ အဟိနာမ သဇာတိယံ ဌိတော (လ) အညေန ဥဒ္ဒရိတုံ။

(ဃ) တသ္မာ (လ) ဝေဒိတဗ္ဗံ။

၄။ ကရဏ္ဍ-ဉာဿကောက် ရှေ့ဝါကျ၌ ရေးခဲ့ပြီ။
ကရဒ္ဓိတဗ္ဗော ဇိဂုစ္ဆိတဗ္ဗောတိ ကရဏ္ဍော။ (သီဋ္ဌီသစ်)
စက်ဆုတ်ခြင်း ကြိယာသကတ်သည် ဝစနဟောတု၊
မြွေရေလဲ ဒြပ်သည် ဝစနီယ၊
နိမ္မောကော, အဟိကဉ္စုကော စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ။
ကရဒ္ဓိတဗ္ဗော ဘာဇေတဗ္ဗောတိ ကရဏ္ဍော၊ (သီဋ္ဌီသစ်)
ဝေဖန်ခြင်းကြိယာသကတ်သည် ဝစနဟောတု၊
ပခြုတ် ဖာ ကြုတ်ဒြပ်သည် ဝစနီယ၊
ပေဠာ စသော ပရိယာယ် ဝစနီယတ္ထ၊
အံဟတိ ဂစ္ဆတီတိ အဟိ။ သပ္ပေါ။ (ဏွာဒိ။ ၈၈)

၅။ အထခေါကား နိပါတ်ပုဒ်။ စိတ္တေန ကားကိတ်နာမ်ပုဒ်။
ဝကား နိပါတ်ပုဒ်။ အဿကားသဗ္ဗနာမ်ပုဒ်။
ဥဒ္ဒရဏံ+ဝေဒိတဗ္ဗံကား ကိတ်နာမ်ပုဒ်။

http://www.dhammadownload.com



**အဿ-၌ တ သဒ္ဒါကိုယူ၍ နာမပဒဓာလာစဉ်ပုံ။**

သော၊ နေ, တော။ နံ, တံ၊ နေ, တော။ နေန, တေန၊ နေဟိ, တေဟိ, နေဘိ, တေဘိ။ နဿ, အဿ, တဿ၊ နေသံ, နေသာနံ, တေသံ, တေသာနံ။ နသ္မာ, တသ္မာ၊ နမှာ, တမှာ၊ နေဟိ, တေဟိ, နေဘိ, တေဘိ။ နဿ, အဿ, တဿ၊ နေသံ, နေသာနံ, တေသံ, တေသာနံ။ နသ္မိံ, တသ္မိံ, အသ္မိံ, နမှိ, တမှိ, အမှိ၊ နေသု, တေသု။

ဝေဒိတဗ္ဗံ-၌ ဝိဒ ဓာတ်ယူ၍ ဝိန္ဒတိ ဝိန္ဒန္တိ စသည်ဖြင့် ရူဓာဒိဂိုဏ်းစဉ်။

**ဟိတ်သမ္ဗန်**

(င) ဝါကျ၌ ဒွိတော, ဓိဂုစ္ဆန္တောကို ဒွိတတ္တာ, ဓိဂုစ္ဆန္တတ္တာ ဟု ဟိတ်ပြင်က ယင်း၏ သမ္ဗန်ကို လှမဿ အဟိနောဟု ခံရမည်။

၆။ (က) ဝါကျ ကေစ္စသဿတဝါဒါ-ဖြင့် ကေစ္စသဿတိကာ၌ ကေစ္စသဿတပုဒ်ကို သတ္တေသု, သင်္ခါရေသုစ ကေစ္စံ သဿတံ တေသာတိ ကေစ္စသဿတောဟု ဝစနတ္ထပြု၍ ကေစ္စသဿတအရ သတ္တဝါ သင်္ခါရတို့တွင် အချို့သော သတ္တဝါသင်္ခါရကား မြဲခြင်းရှိ၏ဟူသော အယူဝါဒကိုယူရမည်၏ အဖြစ်ကိုလည်းကောင်း (သရုပ်ကြား အဘိဓေယျတ္တ) ကေစ္စသဿတိကာ၌ ဣက-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ် အနက်၌သက်-လည်းကောင်း, ကေစ္စသဿတော ဧတေသံ အတ္ထီတိ ကေစ္စသဿတိကာ-ဟု ပြု-လည်းကောင်း သိစေပါသည်။ (သီဋီသစ်၊ ၄၁၁)

(ခ) ဝိဝဋ္ဋတီတိ သဏ္ဌာတိ-၏ အာ+သံကို ဝါကျဥယျာဉ် ၈၂-၌ ရေးခဲ့ပြီ။

၇။ **မြွေ၏မိမိဓာတ်ရုပ်ကို မစွန့်ရာငါးပါး။**

(၁) ပဋိသန္ဓေနေသောအခါ (၂) သေသောအခါ

(၃) လွတ်လွတ်အိပ်ပျော်သောအခါ (၄) ဓာတ်တူသူနှင့်မေထုန်မှီဝဲသောအခါ။

(၅) အရေလဲသောအခါ- ဤအခါငါးပါး၌ မြွေသည် မိမိ၏ဓာတ်ရုပ်ကို မစွန့်ပါ။ တန်ခိုးရှိသော နတ်နဂါးတို့သော်မှလည်း ဓာတ်ရုပ်ကို မစွန့်နိုင်ကြဟူလို။

❋ နေ-သေ-အိပ်-မှီ-၊ ပယ်စွန့်ပြီ၊ ဓာတ်သည် မြွေသတ္တာ။ (သီဋီသစ်၊ ဒု၊ ၁၅၀)

၈။ ဂါထာ-၌ **အရာ+အာရာ--** နှစ်ချက်တွင်-အရာတိ ဒူရာ။ "အရာ သိယာမိ ဝါရိဇ"န္တိ အာဒီသု ဝိယ ဟိ ဒူရတ္တောယံ နိပါတော။ **"အာရာ"**တိပိ ပါဌော။ အရာ-သဒ္ဒေါဝိယ အာရာ-သဒ္ဒေါပိ ဒူရတ္ထေ ဧကော နိပါတောတိ ဝေဒိတဗ္ဗော။ (သီဋီသစ်။ ၁၅၅။) ထောက်နှစ်ပါင်ဒွသင့်။

၉။ ၁၀။ ဝါကျဥယျာဉ် (၁၆၆) ဝိဝိတ္တန္တိ သုည် ဝါကျ၌ ပြခဲ့ပြီ။

❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၈၇)

(က) ယသ္မာ ကန္တာရဒ္ဓါနမဂ္ဂေါ သာသင်္ကော ဟောတိ သပ္ပဋိဘယော။ တတ္ထ ဥဿင်္ကိတပရိသင်္ကိတေန အယံ ဘေရိသဒ္ဒေါ, အယံ မုဒိင်္ဂသဒ္ဒေါ န သက္ကာ ဝတ္တုံပေတုံ၊ တသ္မာ ကန္တာရဂ္ဂဟဏံ အကတွာ ခေမမဂ္ဂံ ဒဿေန္တော **"အဒ္ဓါနမဂ္ဂပ္ပဋိပန္နော"**တိ အာဟ။

(ခ) အပ္ပဋိဘယဉှိ ခေမမဂ္ဂံ သီသေ သာဋကံ ကတွာ သဏိကံ ပဋိပန္နော ဝုတ္တပ္ပကာရေ သဒ္ဒေ သုခံ ဝဝတ္ထပေတိ။

(ဋ္ဌ။ ၁၉၉။ သီဋီသစ်။ ၁၅၁။ ပခုက္ကူ၊ ၂၅၀။ ဘာသာဋီ။ ၁၉၅။ ဂဏ္ဌိ၊ ၃၉၆။)

၁။ (က) ဝါကျကို တတ္ထ-အစွဲမှန်ကန်စေလျက် အနက်ပေးပါ။
၂။ (က) ဝါကျကို စောဒနာတက်၍၊ (ခ) ဝါကျကို သာဓာဂပုစ္ဆာတက်ပြပါ။
၃။ (က) ဝါကျ၌ စောဒကာဘောဂါဒီစတုက္ကထုတ်ပြပါ။
၄။ ကန္တာရဒ္ဓါနမဂ္ဂ-၌ ကန္တာရ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသက္ကထုတ်ပါ။
၅။ (ခ) ဝါကျ၌ ပဋိပန္နော-ကိုဟိတ်ပြင်၍၊ သမ္ဗန်ရှာပြီးလျှင်၊ အတ္ထာနုရူပစာစပ်ပါ။
၆။ **ပီတိမနသဿ ကာယော ပဿမ္ဘတီ**တိ ပီတိသမ္ပယုတ္တစိတ္တဿ ပုဂ္ဂလဿ နာမကာယော ပဿမ္ဘတိ။ (ဋ္ဌ။ ၁၉၄) ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။
၇။ ခေမ၊ ကန္တာရ-ပုဒ်တို့၏နိရုတ္တိနည်းဖြင့်ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ (ခ) ဝါကျ သီသေ သာဋကံ ကတွာ-၌ ဦးခေါင်းပေါ်၌ အဝတ်ကိုတင်၍သွား၏-ဟု ဆိုရာဝယ် ဖြစ်သင့်သော အကြောင်းတရားကို ဖော်ပြပါ။
၉။ (ခ) ဝါကျစကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိဂါထာတပုဒ်သီကုံးပြပါ။
၁၀။ (က) ဝါကျ၌ ပဓာနကြိယာ၏ အနန္တတ္တကိုရှု၍ ဘာဝါလင်္ကာရထုတ်ပြပါ။

==================

၁။ တတ္ထ-တသ္မိံ ကန္တာရဒ္ဓါနမဂ္ဂေ၊ ၌။

### ၂။ (က) ဝါကျ စောဒနာတက်ပုံ။

ဆရာ၊ မြတ်စွာဘုရားသည် သာမညဖလသုတ် ဒိဗ္ဗသောတအဘိညာဉ်၏ ဥပမာခဏ်း၌ ကန္တာရဒ္ဓါနမဂ္ဂပ္ပဋိပန္နော-ဟုမဟောဘဲ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော-ဟုသာ ဟောတော်မူ၏။ ဤဥပမာသည် ဒိဗ္ဗသောတအဘိညာဉ်ကို သိရှိနားလည်ရန်အတွက် ဥပမာအဖြစ်ညွှန်ပြကာမျှမတ္တသာလျှင် ဖြစ်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ကန္တာရဒ္ဓါနမဂ္ဂပ္ပဋိပန္နော-ဟုမဟောဘဲ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော-ဟုသာ ဟောတော်မူပါသနည်း။ အကယ်၍ ကန္တာရသဒ္ဒါ-ကိုထည့်မဟောဘဲ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော-ဟုသာ ဟောတော်မူခြင်း၏ အကြောင်းကိုမပြသော်-- အဗျာပိတ, အပရိပုဏ္ဏဒေါသ--၏။ စုဒ်ကြောင့် (က) ဝါကျကိုမိန့်။ (သီဋီသစ်။ ၁၅၁။)

### (ခ) ဝါကျ သာဓာဂပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (က) ဝါကျ ခေမမဂ္ဂံ ဒဿေန္တော အဒ္ဓါနမဂ္ဂပ္ပဋိပန္နောတိ အာဟ-ဖြင့် ဘေးကင်းရာဖြစ်သောခရီးကိုပြလိုသောကြောင့် အဒ္ဓါနမဂ္ဂပ္ပဋိပန္နော-ဟူ၍သာဘုရားရှင် ဟောတော်မူ၏-ဟုဖွင့်ဆိုပြတော်မူ၏။ ပါဠိတော်၌ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော-ဟုသာမန်ဟောတော်မူထားသည်မဟုတ်တုံလော။ ထိုသို့ဖြစ်လျက် ခေမမဂ္ဂကိုပြသောဟု ဆိုခြင်းသည် အသို့လျှင်သင့်ရာပါအံ့နည်း။ (ဂဏ္ဌိ- ၃၉၆)။ F23

http://www.dhammadownload.com



(တနည်း) ထိုသို့ဖြစ်လျက် ခေမမဂ္ဂကိုပြသောဟူ၍ အဘယ့်ကြောင့် ဖွင့်ဆိုပါသနည်း။ (သီဋီသစ်။) စုဒ်ကြောင့် (၁) မိန့်။

◆ "အပ္ပဋိဘာယဉ္စ"တိအာဒိ ပန ခေမမဂ္ဂဿေဝ ဂဟဏကာရဏဒဿနံ။ (သီဋီသစ်)။

၃။ **(က) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု ဥပမာမတ္တဒဿနမေတံ။ (သီဋီသစ်)။

(ခ) အထ ကသ္မာ ကန္တာရဂ္ဂဟဏံ န ကရောတိ။

(ဂ) နနု ကန္တာရဒ္ဓါနမဂ္ဂေါ် သာသင်္ကော ဟောတိ သပ္ပဋိဘယော။တတ္ထ ဥဿင်္ကိတပရိသင်္ကိတေန အယံ ခေါရိသဒ္ဒေါ, အယံ မုဒိင်္ဂသဒ္ဒေါတိ န သက္ကာ ဝဝတ္ထပေတုံ။

(ဃ) တသ္မာ ကန္တာရဂ္ဂဟဏံ န ကရောတိ။

ဤကားယသ္မာ (ပ) ကန္တာရဂ္ဂဟဏံ အကတွာ-ဟူသော (က) ဝါကျရှေ့ပိုင်း၌ ဖြစ်သင့်သော စတုက္ကတည်း။

(က) နနု ဥပမာမတ္တဒဿနမေတံ။ (သီဋီသစ်)

(ခ) အထ ကသ္မာ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောတိ အာဟ။

(ဂ) နနု ခေမမဂ္ဂံ ဒဿေတိ။

(ဃ) တသ္မာ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောတိ အာဟ။

ဤကား (က) ဝါကျနောက်ပိုင်း၌ ဖြစ်သင့်သော စတုက္ကတည်း။

**(ခ) ဝါကျစတုက္ကထုတ်ပုံ။**

(က) နနု ပဋိဒ္ဓံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောတ္တေဝ သာမညေန ဝုတ္တံ။

(ခ) အထ ကသ္မာ ခေမမဂ္ဂံ ဒဿေန္တောတိ တယာ သံဝဏ္ဏိတံ။

(ဂ) နနု အပ္ပဋိဘယံ ခေမမဂ္ဂံ သီသေ သာဋကံ ကတွာ သဏိကံ ပဋိပန္နော ဝုတ္တပ္ပကာရေ သဒ္ဒေ သုခံ ဝဝတ္ထပေတိ။

(ဃ) တသ္မာ ခေမမဂ္ဂံ ဒဿေန္တောတိ မယာ သံဝဏ္ဏိတံ။

၄။ ကံ ဥဒကံ တာရေန္တိ ဧတ္ထာတိ ကန္တာရော။ (သာရတ္ထ၊ ၁။ ၂၉၃)။

ရေကိုဆောင်ယူခြင်း ကြိယာသကတ်သည် လည်းကောင်း, ရေနှင့် ဆောင်ယူခြင်းကြိယာ၏ ကမ္မ+ကမ္မိအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သကတ်သည်လည်းကောင်း---ဝစနယောတ္။

ခရီးခဲဖြတ်သည်-- ဝစနီယ။

ဒုဂ္ဂမ-စသောပရိယာယ်သဒ္ဒါများသည်-- ဝစနီယတ္ထ။

(တနည်း) ကေန ပါနီယေန တရန္တိ အတိက္ကမန္တိ ယန္တိ ကန္တာရော။ (ဓာန်ဋီ၊ ၁၉၂)

ရေဖြင့်လွန်မြောက်ခြင်းကြိယာသကတ်သည်--- ဝစနယောတ္။

(တနည်း) သပ္ပဋိဘယတ္တာ ကန္တတိ နိစ္စဂမနာဂမနံ ဧတ္ထာတိ ကန္တာရော။ (ဓာန်ဋီ။ ၁၉၂)

သွားလာမှုကို ဖြတ်တောက်ထားခြင်း ကြိယာသကတ်သည်-- ဝစနယောတ္။

**(ဝစနတ္ထမှတ်ဖွယ်)**

သဟ အာသင်္ကာယ ယော ဝတ္တတီတိ သာသင်္ကော။

သဟ ပဋိဘယေန ယော ဝတ္တတီတိ သပ္ပဋိဘယော။

ဘာယန္တိ သတ္တာနော ဧတေနာတိ ဘေရီ။ (ဓာန်ဋီ။ ၁၄၃)။

မုဒံ မောဒံ ဣင်္ဂတိ ဂစ္ဆတိ ယေနာတိ မုဒိင်္ဂေါ။ (ဓာန်ဋီ။ ၁၄၃)။

http://www.dhammadownload.com



၅။ (၁) ဝါကျ၌ ပဋိပန္နော-ကို ပဋိပန္နတ္တာ-ဟုဟိတ်ပြင်။
ယင်း၏ သမ္ဗန်ကို ပုရိသဿ-ဟုခံ။ ကတ္တား+သမ္ဗန်စာစပ်။

◆ **သေယျထာပိ မဟာရာဇ ပုရိသော အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ (မိဋ္ဌိတော်) ဆောက်။**

(က) ၌ ဘာသဂေါ်, သပ္ပဋိဘယော-ကို ဘာသက်တ္တာ, သပ္ပဋိဘယတ္တာ-ဟုဟိတ်ပြင်။
ယင်းတို့၏သမ္ဗန်ကို ကန္တာရဒ္ဓါနမဂ္ဂဿ-ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)

၆။ ပီတိသမ္ပယုတ္တစိတ္တဿ ပုဂ္ဂလဿ-ဖြင့် ပီတိ-ပုဒ်ကို ပီတိယာ သဟိတံ ပီတိ-ဟု ဥတ္တရ-ပဒလောပတတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု-လည်းကောင်း။ မန သဒ္ဒါ၏စိတ်-ဟူသောအနက်ဟော-လည်းကောင်း၊ (ဝါ) မန-သဒ္ဒါသည် စိတ္တ-သဒ္ဒါ၏ ပရိယာယ်-လည်းကောင်း၊ ပီတိနှင့်မန-ကို ပီတိ မနော ဧတဿာတိ ပီတိမနော-(ဝါ) ပီတိယာ သမ္ပယုတ္တံ မနော ယဿာတိ ပီတိမနော-ဟု ဝစနတ္ထပြု၍ ပီတိနှင့်ယှဉ်သော စိတ်ရှိသောပုဂ္ဂိုလ်ကိုယူ-လည်းကောင်း သိစေပါသည်။

◆ **ပီတိ သဟိတံ ပီတိ ဥတ္တရပဒလောပေန၊ ကိံပန တံ-? မနော၊ ပီတိ မနော ဧတဿာတိ သမာသော၊ ပီတိယာ သမ္ပယုတ္တံ မနော ယဿာတိပိ ဝဋ္ဋတိ၊ ဧတဿ၊ အတ္ထမတ္တံ ပန ဒဿေတုံ "ပီတိသမ္ပယုတ္တစိတ္တဿ ပုဂ္ဂလဿာ"တိ ဝုတ္တံ။ (သီဋီသစ်၊ ၁၃၄)**

နာမကာယော-ဖြင့် ကာယ-အရ ကာယလဟုတာ-စသည်တို့၌ကဲ့သို့ ဝေဒနာစသော ခန္ဓာသုံးပါးကို မယူရ, ကာယာယတန-စသည်တို့၌ကဲ့သို့ ရူပကာယကိုလည်း မယူရ, အလုံးစုံသော အရူပကလာပ (နာမကာယ)ကို ယူရမည်-ဟုသိစေပါသည်။

◆ **ကာယောတိ ဣဓ သဗ္ဗောပိ အရူပကလာပေါ အဓိပ္ပေတော၊ န ပန ကာယလဟုတာဒီသု ဝိယ ဝေဒနာဒိက္ခန္ဓတ္တယမေဝ၊ န စ ကာယာယတနာဒီသု ဝိယ ရူပကာယမ္ပီတိ ဒဿေတိ "နာမကာယော" တိဣမိနာ၊ (သီဋီသစ်၊ ၁၃၄)။**

၇။ ဒေမ-ကား ဒီ-ဓာတ်+မန်-ပစ္စည်း။ ဒိမန်-ဟုဆိုလိုလျှက် န-ကိုချေ၊ ဤ-ကို ဧ-ပြု၍ပြီးသည်။

◆ **ဒီ ခယေ၊ ဒိယန္တိ ဧတ္ထ ဥပဒ္ဒဝုပသဂ္ဂါဒယောတိအတ္ထေ မန်ပစ္စယော၊ ကွစိဓာတူတိ အာဒိနာ န-လောပေါ၊ အညေသုစာတိ ဝုဒ္ဓိ၊ ဒေမော။ (ရူပသိဒ္ဓိ၊ ၆၂၅-သုတ်)**

ကန္တာရ-ကား-က-သဒ္ဒူပပဒ+တရ-ဓာတ်+ဏ။ ကတာရ-ဟူလိုလျှက် န-လာ၍ပြီးသည်။

(တနည်း) ကထက်၌နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို တဝဂ္ဂန္တ န-ပြု၍ပြီးသည်။

◆ **ကေန ပါနီယေန တရန္တိ အတိက္ကမန္တိ ယံ သော ကန္တာရော၊ ဏော၊ ကသဒ္ဒူပပဒ တရ တရဏေ။ (ဓာန်ဋီ၊ ၁၉၂၊ သူစိ)**

(တနည်း) ကတိ-ဓာတ်+အာရ-ပစ္စည်း။ ကထာရ-ဟူလိုလျှက် အထက်ဆိုခဲ့ပြီးအတိုင်းန-လာ၍တမျိုး၊ နိဂ္ဂဟိတ်လာ၍ တမျိုးပြီးသည်။

◆ **အထဝါ ကတိ ဆေဒနေ၊ သပ္ပဋိဘယတ္တာ ကန္တတိ နိစ္စဂမနာဂမနံ ဆေတ္တာတိ ကန္တာရော၊ အာရော, နာဂမော၊ (ဓာန်ဋီ၊ ၁၉၂၊ သူစိ)**

၈။ လေခတ်ခြင်း, နေပူခြင်း စသော ဘေးကို တားမြစ်ခြင်းငှါ (ဝါ) တားမြစ်ခြင်းဟူသော အကြောင်းကြောင့်-ဦးခေါင်းပေါ်၌ အဝတ်ကိုတင်၍ သွားရပါသည်။

◆ **ဝါတာတပါဒိနိဝါရဏတ္ထံ သီသေ သာရကံ ကဏ္ဍာ။ (သီဋီသစ်၊ ၁၅၁)။**

http://www.dhammadownload.com



၉။ **(ခ) ဝါကျ ဂါထာစီ၊**

ခေမမဂ္ဂံ သီသေ ကတွာ၊ သာဠှကံ သကိကံ ဂတော။

ဝုတ္တပ္ပကာရနိဋ္ဌေသော၊ ဝတ္တပေတိ ဟာသုကံ။ (ပထမ မ–ကာရဝိပုလာဂါထာ။)

၁၀။ **(က) ဝါကျ၌ ပဓာနကြိယာ၏ အနက္ကတ္ထကိုရှု၍ အာဝါလင်္ကာရထုတ်ပုံ။**

- ✢ အာပတ္တံ မြှတ်စာတ်၏အရ ဘုရားရှင်၏ ဒေသနာဉာဏ်, ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် –ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂါရ ရသ။ (တနည်း) ဓမ္မဉဿာဟဌာယီဘာဝ+ဓမ္မဝီရရသ။
- ✢ ဒေသေတဗ္ဗဓမ္မဖြစ်သော အဒ္ဓါနမဂ္ဂပ္ပဋိပန္နော–ဟူသောသဒ္ဒါသည်–– အာရမ္မဏဝိဘာဝ။
- ✢ တရားနာပရိသတ်သည် လည်းကောင်း, ဘုရားရှင်၏ သကလဗုဒ္ဓဂုဏ်–စသည်သည် လည်းကောင်း–––––ဥဒ္ဒီပနဝိဘာဝ။
- ✢ တရားနာပရိသတ်တို့အား ဒိဗ္ဗသောတအဘိညာဉ်ကို သဘောပေါက်နားလည်သိမြင်လာရခြင်း, ဒိဗ္ဗသောတအဘိညာဉ်ရရန် အားထုတ်လိုမှုစိတ်ပြင်းထန်လာခြင်း–စသော အကျိုးတရားအဆက်ဆက်သည်–––အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၁၈၈ )

### ၁၃၅၂–ခုနှစ်၊ အစိုးရ

(က) **ဓဟာရောတိ** တရုဏော။

(ခ) **ယုဝါတိ** ယောဗ္ဗနေန သမန္နာဂတော။

(ဂ) **မဏ္ဍနကဇာတိကောတိ** ယုဝါပိ သမာနော န အာလသိယော န ကိလိဋ္ဌဝတ္ထသရီရော၊ အထခေါ မဏ္ဍနပကတိကော၊

(ဃ) ဒိဝသဿ ဒွေ တယော ဝါရေ နှာယိတွာ သုဒ္ဓဝတ္ထပရိဒဟနအလင်္ကာရကရဏသီလောတိ အတ္ထော။

(ဌ၊ ၁၉၉။ သိဋ္ဌီသစ်။ ၁၅၁။ ပဒုက္ကူ။ ၂၅၁။ ဘာသာဋီကာ။ ၁၉၆။ ဂဏ္ဌိ။ ၃၉၆။)

၁။ အတ္ထော–ပုဒ်၏ သမ္ဗန်ခံ၍ (ဃ) ဝါကျကို အနက်ယောနောပါ။

၂။ (ဃ) ဝါကျကို ဒေါသာရောပန စောဒနာတက်ပါ။

၃။ (က+ခ) ဝါကျတို့ကို ရှု၍ စောဒကာဘောဂါဒိ စတုက္ကထုတ်ပါ။

၄။ တရုဏော–ကို ဝစနတ္ထပြု၍ ဝစနယေတု, ဝစနီယ, ဝစနီယတ္ထသုံးချက်ထုတ်ပါ။

၅။ န ပစ္စုပ္ပန္နာ၊ ဝိဇ္ဇမာနတ္ထာ။ (ဌ၊ ၂၀၁) ၌ တ္ထ–သမ္ဗန်ခံ၍ စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ပေါ်ပြပါ။

၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖေါ်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ယောဗ္ဗန–ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုပေါ်ပြပါ။

၈။ ဒီဃာ ဇာတိ။ (ဌ၊ ၂၀၁)၌ ရဟန္တာတို့ ဇာတိကုန်ခြင်းကို [illegible]ယ်ပုံအဘယ်နည်းဖြင့် သိပါသနည်း။

၉။ (ဂ) ဝါကျကို အဓိပ္ပါယ်မပျက်စေဘဲ ဂါထာသီကုံးပြပါ။

၈။ သံကိလေသကို ယူလိုက်လျှင်ဝေါဒါနကိုလည်း ယူအပ်ပြီးဖြစ်သောကြောင့် (ဂ) ဝါကျ၌ ဝေါဒါနကို သီးခြားမယူခြင်း ဖြစ်သည်။ မှန်၏။ အညာဏ-စသောအကြင်အကြောင်းတို့သည် သံကိလေသ ၏ အကြောင်းများဖြစ်ကြ၏။ ထိုအကြောင်းတို့ကို အချင်းခပ်သိမ်းမဖြစ်စေခြင်း, ဖြစ်ပြန်လျှင် ပယ်ခြင်း အားဖြင့် သရဏဂုံ၏စင်ကြယ်မှု ဝေါဒါနဖြစ်သည်။ **(သီဋီသစ်၊ ၁၇၅၊ ၁၇၆၊ ဘာသာဋီကာ၊ ၂၃၂)။**

http://www.dhammadownload.com



**ဘယံ, သန္တာသံ, ဒုက္ခံ-သုံးပုဒ်တို့၏ ထူးခြားပုံ။**

**ဘယ**-အရ ဝဋ်ဘေးကိုယူ။

**သန္တာသ**-အရ စိတ္တုတြာသ= စိတ်၏ထိတ်လန့်ခြင်းကိုယူ။

**ဒုက္ခ**-အရ ကာယိကဒုက္ခကိုယူ။ (သီဋီသစ်)

**(ဂ) ဝါကျ၌ ယောစ သရဏံ ဂစ္ဆတိ-ဟု ကတ္တားပါဝင်ထည့်ဆိုရခြင်း။**

ကိုးကွယ်တတ်သူကတ္တားမရှိလျှင် သရဏဂုံ၏လည်း မဖြစ်နိုင်သောကြောင့် ယောစသရဏံ ဂစ္ဆတိ-ဟု ကတ္တားထည့်၍ဆိုသည်။ (သီဋီသစ်။ ၁၇၅)။

၉။ ယတ္ထစ-အစရှိသောဂါထာသည် "စတု"ကိုပေါင်း၍ (ဝါ) စ-ကို ပယ်၍ ဒေါဓကဂါထာ ဖြစ်သည်။ ပထမ, တတိယ, စတုတ္ထပါဒတို့ကား တုဋ္ဌုဘသန်း ဖြစ်သည်။ ဒုတိယပါဒကား ဇဂတီသန်းဖြစ်သည်။

၁၀။ **ဥပေဟိ-၌ သုခ္ခစာတွတ္တကိုရှု၍ ဘာဝါလက်ာရထုတ်ပုံ။**

- အရိယာသံဃာတော်ကို ကိုးကွယ်ဆည်းကပ်သူ၏ သန္တာန်၌ဖြစ်သော သဒ္ဓါ, သတိ, ပညာ-ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်-- ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂါရဝ။
- ရှစ်ယောက်သော အရိယာသံဃာတော်အပေါင်းသည်-- အာရမ္မဏဝိဘာဝ။
- အရိယာသံဃာတော်၏ ဓမ္မဒေသ=သစ္စာလေးပါးကို သိမြင်ခြင်း ဂုဏ်သည်လည်းကောင်း၊ သုပ္ပဋိပန္နတာ-စသော ဂုဏ်တော်များသည် လည်းကောင်း-- ဥဒ္ဒီပနဝိဘာဝ။
- ဒိဋ္ဌဓမ္မိက, သမ္ပရာယိက ကောင်းကျိုးတရားများသည်-- အနုဘာဝ။

## ဝါကျဥယျာဉ် ( ၁၉၇ )

### ၁၃၂၅-ခု။ အစိုးရ

(က) သော ပနေသ ဉာတိဘယာစရိယဒက္ခိဏေယျဝသေန စတုဗ္ဗိဓော ဟောတိ။

(ခ) တတ္ထ ဒက္ခိဏေယျပဏိပါတေန သရဏဂမနံ ဟောတိ၊ န ဣတရေဟိ။

(ဂ) သေဋ္ဌဝသေနေဝ ဟိ သရဏံ ဂဏှာတိ၊ သေဋ္ဌဝသေန စ ဘိဇ္ဇတိ။

(ဋ္ဌ၊ ၂၀၇။ ဋီသစ်၊ ၁၈၂။ နေရင်း၊ ၂၃၅။ ပဒက္ကူ၊ ၂၈၈။ ဘာဋီ၊ ၂၄၄။ ဂဏ္ဌိ၊ ၄၀၈။)

၁။ (က+ဂ) ဝါကျတို့ကို အနက်ယောဇနာပါ။

၂။ (ခ) ဝါကျကို ပညတ္တိသာဘောဂစောဒနာတက်ပါ။

၃။ "ယော ယမှိ ကာမစ္ဆန္ဒေန ရဇ္ဇတိ၊ တဏှာသဟဂတေန တံ ဝတ္ထုံ ဂဏှာတိ၊ သော တေန ဖရုသံ ဝုစ္စမာနောပိ ဗဇ္ဈမာနောပိ ဝဓိယမာနောပိ သဗ္ဗံ တိတိက္ခတိ။ တိတိက္ခာကာရဏဥိယ သော ကာမစ္ဆန္ဒော ဟောတိ" (ဋ္ဌ၊ ၁၉၁) တွင် သော တေန စသည်၌ စောဒကာဘောဂါဒိ စတုက္ကထုတ်ပါ။

၄။ ဝဓိယမာနော-၌ ဝိဂ္ဂဟဆို၍ ဝစနာဒိသက္ကထုတ်ပြပါ။

http://www.dhammadownload.com



၅။ နံပါတ်(၃) ပုစ္ဆာ "ဝုစ္စမာနောပိ"၌ "ဝုစ္စမာနော ကို ဝုစ္စမာနတ္တာ"-ဟု ဟိတ်ပြင်၍ ယင်းဟိတ်၏ သမ္ဗန်ကိုခံပြီးလျှင်၊ ယင်းသမ္ဗန်၏ ဖြစ်သင့်သောအနက်နှင့် တကွ အနက်အားလျော်စွာ ဟိတ်ပါဌ်၌ စာစပ်ပြပါ။

၆။ **ဒါသဗျာတိ** ဒါသဘာဝါ။ (ဌ၊ ၁၉၀) **တိဏ္ဏာဝိစိကိစ္ဆောတိ** ဝိစိကိစ္ဆံ တရိတွာ အတိက္ကမိတွာ ဌိတော။ (ဌ၊ ၁၉၉) တို့၌ အာဘောဂနှင့် သံဝဏ္ဏနာများညွှန်းခဲ့ပါ။

၇။ အဘိက္ကန္တံ ဘန္တေတွင် "အဘိက္ကန္တံ"၌ အနက်၏အစွမ်းဖြင့်ရအပ်သော ဝိပလ္လာသ ဖြစ်ပုံကိုရေးခဲ့ပါ။

၈။ အတတ်သင်ပေးသော တိတ္ထိကို ဆရာဟူသောအမှတ်ဖြင့် ရှိခိုးသော ပုဂ္ဂိုလ်, မင်းကို ကြောက်သည်၏ အစွမ်းအားဖြင့် ရှိခိုးသော ပုဂ္ဂိုလ်တို့အား သရဏဂုံပျက်, မပျက်ဆုံးဖြတ်ခဲ့ပါ။

၉။ "သော မဟာရာဇ အရိယဿ ဝိနယေ ဗုဒ္ဓိဿ ဘဂဝတော သာသနေ ဝုဒ္ဓိနာမ" ဟူသော အဋ္ဌကထာ (၂၁၁) ပါဌ်ကို အဓိပ္ပါယ်အသွားမပျက်စေမူ၍ ပဏ္ဍာဝတ္ထုဂါထာစီကုံးခဲ့ပါ။

၁၀။ "အဘိက္ကန္တံ ဘော ဂေါတမ" ဟု အဋ္ဌကထာဆရာထုတ်ပြသော ပါဌ်၌ အဋ္ဌကထာ ပထမနည်း အရ ဖြစ်သင့်သော ဘာဝ, ဝိဘာဝ, အနုဘာဝ တို့ကိုထုတ်ပြခဲ့ပါ။

==================

## ၂။ (ခ) ပညတ္တိသာဘောဂ စောဒနာ

ဆရာ-သည် (က) ဝါကျဖြင့် ပဏိပါတ-သည် ဉာတိပဏိပါတ စသည်ဖြင့် လေးပါးအပြား ရှိသောဟုဆို၏။ ထိုလေးပါးတို့တွင် ဒက္ခိဏေယျပဏိပါတမှတပါး ကျန်ပဏိပါတ-သုံးပါးတို့ဖြင့် သရဏဂုံ ဖြစ်ပါသလော။ (န ဂ္ဂတရေဟိ-၌-န-ကိုဖြုတ်၍ အာဘော်ထားသည်။) မည်သည့်ပဏိပါတ- ဖြင့် သရဏဂုံဖြစ်ပါသနည်း။ သရဏဂုံဖြစ်သော ပဏိပါတ-နှင့် သရဏဂုံမဖြစ်သော ပဏိပါတ-တို့ကို ခွဲခြား မပြသော် ဆရာ့အား သင်္ခေပ+ဝိတ္ထာရ-ဆန့်ကျင်သော ဝိရောဓိ-ဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင့် (၁) မိန့်။

### (ဂ) ဝါကျ အနုသန္ဓေ

ယခုအခါ၌ ယင်းဆိုအပ်ပြီးသောအနက်ကိုပင် မြဲစေ, ပြီးစေခြင်းငှာ (ဂ) ဝါကျမိန့် ။

❖ **"သေဋ္ဌဝသေနေဝါ"တိ အာဒိ တဿေဝတ္ထဿ သမတ္ထနံ၊ (သီဋီသစ်၊ ၁၈၂)**

၃။ (က) နနု တေန ဖရုသံ ဝုစ္စမာနော ဗဇ္ဈမာနော ဝဓိယမာနော ဟောတိ။

(ခ) အထ ကသ္မာ သော သဗ္ဗံ တိတိက္ခတိ။

(ဂ) နနု တိတိက္ခာကာရဏံ အဿ သော ကာမစ္ဆန္ဒော ဟောတိ။

(ဃ) တသ္မာ သော သဗ္ဗံ တိတိက္ခတိ။

၄။ ဝဓိယတီတိ ဝဓိယမာနော။
ညှင်းဆဲခြင်း ကြိယာသကတ်သည် ဝဓနဟေတု။
ညှင်းဆဲအပ်သော ပုဂ္ဂိုလ်ဒြဗ်သည် ဝဓနီယ။
ဟညမာနော ဟနီယမာနော စသော ပရိယာယ်သဒ္ဒါများသည် ဝဓနီယတ္ထ။

၅။ ဝုစ္စမာနော-ကို ဝုစ္စမာနတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို တဿ (ပုဂ္ဂလဿ) ဟုခံ။ (ကံ+သမ္ဗန်စာစပ်)

http://www.dhammadownload.com



၆။ ဝါကျဥယျာဉ် (၁၇၅/၁၇၂) တို့၌ ဖြေခဲ့ပြီ။

၇။ **"ဝိပလ္လာသဖြစ်ပုံ"**

အဘိက္ကန္တ ဘန္တေ-တွင် အဘိက္ကန္တာ-ဟုဆိုအပ်သော ဣတ္ထိလိင်ကို အဘိက္ကန္တံ-ဟု နပုံလိင် ပြန်ထားသောကြောင့် လိင်္ဂဝိပလ္လာသနည်းဖြစ်သည်။ (ဋီသစ်၊ ဒု၊ ၁၆၇)

၈။ သရဏဂုံ-မပျက်ပါ။ (ဌ၊ ၂၀၈)

၉။ ဝုဒ္ဓိနာမ မဟာရာဇ၊ ဘဂဝဇ္ဇသ္သ သာသနေ။
သံဝရာပဇ္ဇနာ သော၊ ဝိနယေ အရိယဿဇ။ (ပထျာဝတ္တ)

၁၀။ ✣ အဋ္ဌကထာပထမနည်းအရ "အဘိက္ကန္တံ ဘော ဂေါတမ-ဟု ဓမ္မဒေသနာကို ချီးမွမ်း ကြည်ညိုသော အခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဓါ, ပီတိ, ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသီဂါရ ရသ။"
✣ တရားဒေသနာတော်သည် အာရမ္မဏဝိဘာဝ။
✣ တရားတော်၏ အာဒိကလျာဏ စသောဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ။
✣ သရဏဂုံတည်ခြင်းစသော အကျိုးတရား အဆက်ဆက်သည် အနုဘာဝ။
✣ **တတ္ထဧကေန အဘိက္ကန္တ သဒ္ဒေန ဒေသနံ ထောမေတိ၊ ဧကေန အတ္တနော ပသာဒံ။** (ဌ၊ ၂၀၄)

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၁၉၈ )

(က) ဧဝံ ဂဟိတသရဏဿ စ ဥပါသကဿဝါ ဥပါသိကာယဝါ အညတိတ္ထိယေသု ပဗ္ဗဇိတမ္ပိ ဉာတိံ "ဉာတကော မေ အယ"န္တိ ဝန္ဒတော သရဏဂမနံ န ဘိဇ္ဇတိ။
(ခ) ပဂေဝ အပဗ္ဗဇိတံ။
(ဂ) တထာ ရာဇာနံ ဘယဝသေန ဝန္ဒတော။
(ဃ) သော ဟိ ရဋ္ဌပူဇိတတ္တာ အဝန္ဒိယမာနော အနတ္ထမ္ပိ ကရေယျာတိ။
(င) တထာ ယံ ကိဉ္စိ သိပ္ပံ သိက္ခာပကံ တိတ္ထိယမ္ပိ "အာစရိယော မေ အယ"န္တိ ဝန္ဒတောပိ န ဘိဇ္ဇတိ။
(စ) ဧဝံ သရဏဂမနပ္ပဘေဒေါ ဝေဒိတဗ္ဗော။
(ဌ။ ၂၀၇။ သီဋီသစ်၊ ၁၈၃။ ပဒုက္ကူ၊ ၂၈၉။ ဘာသာဋီ၊ ၂၄၆။ ဂဏ္ဌိ၊ ၄၀၈)။

၁။ (က) ဝါကျကို အတ္တဝသာလိင်္ဂဝိဘတ္တိဝိပရိဏာမော-ဟူသော ပရိဘာသာနှင့်အညီ စနစ်တကျ အနက်သမ္ဗန်ပါ။
၂။ (ခ) ဝါကျကို ပုစ္ဆာတက်၍၊ (ဃ) ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (ဂ) ဝါကျ၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကိုထုတ်ပြပါ။
၄။ ရဋ္ဌပူဇိတတ္တာ-၌ ရဋ္ဌ-ပုဒ်ကိုဝစနတ္ထပြု၍၊ ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ ရဋ္ဌပူဇိတတ္တာ-၌ တ္တ-သမ္ဗန်ကိုဖော်ထုတ်၍၊ အတ္ထာနုရူပစာစပ်ပြပါ။
၆။ ဥတ္တုနေ့မွေယျာတိ ဥပရိ မုခံ ကရေယျ။ **ပရိဇ္ဇန္နံ** တိဏပဏ္ဏာဒိဆာဒိတံ။ (ဌ။ ၂၀၄) ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

http://www.dhammadownload.com



၇။ သိပ္ပ-ပုဒ်၏ နိရုတ္တိနည်းဖြင့်ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ သရဏဂမနပ္ပဘေဒ-ကိုပြရာဌာနဖြစ်ပါလျက် သရဏဂုံမပျက်စီးမှုကိုပါ ဘာ့ကြောင့်ထည့်သွင်းပြ ဆိုထားရသည်ကို ရှင်းပြပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပြပါ။

စတုဓာ ဝိဘဇေ ဘောဂေ၊ ပဏ္ဍိတော ဃရမာဝသံ။
ဧကေန ဘောဂေ ဘုဉ္ဇေယျ၊ ဒွိဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။ (ဋ္ဌ။ ၂၀၇။)

၁၀။ (၉) နံပါတ်လာ တဂါထာလုံးကို သိမ်းကျုံး၍ ဘာဝါလင်္ကာရထုတ်ပြပါ။

===================

၁။ (က) ဝေါ၊ သို့။ (ဝါ)၊ ဤ အင်္ဂဒက္ခိဏေယျ၏အဖြစ်ဖြင့်။ ဂဟိတသရဏဿ၊ ယူအပ်ပြီးသော သရဏဂုံရှိသော။ ဥပါသကဿဝါ၊ ၏ သော်လည်းကောင်း။ (ဝါ)၊ သည်သော်လည်းကောင်း။ ဝေါ၊ -- ဖြင့်။ **ဂဟိတသရဏာယ၊** ယူအပ်ပြီးသောသရဏဂုံရှိသော။ ဥပါသိကာယဝါ၊ ၏သော်လည်းကောင်း။ (ဝါ)၊ သည်သော်လည်းကောင်း။ (ပ)။ န ဘိဇ္ဇတိ။ မပျက်။ (ပဒုက္က၊သျ။ ၂၀၉)

✤ **အဣဝသာလိဝ်ဝိသစ္စိပိပရိဏာမောတိ ကဏ္ဍာ ဂဟိတသရဏာယ ဥပါသိကာယဝါတိပိ ယော ဇေတဗ္ဗံ၊ ဝေမိဒိသောသု၊ (သိဒ္ဓိသစ်)။**

၂။
### (ခ) ဝါကျ ပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည်(က) ၌ ပဗ္ဗဇိတမ္ပိ-ဟု ပိ-သဒ္ဒါကို ထည့်သွင်း၍ဖွင့်ပြဆို၏။ ယင်းပဗ္ဗဇိတမ္ပိ-၌ ပိသဒ္ဒါသည် ဂရဟတ္ထကိုထွန်းပြသည့် ပိ-သဒ္ဒါပင်ဖြစ်ပါသလော။ အဘယ်အနက်ကို ထွန်းပြသည့် ပိ-သဒ္ဒါဖြစ်ပါသနည်း။ စုံကြောင့် (ခ) မိန့်၏။

**အဓိပ္ပါယ်ကား** (ခ) ဖြင့် သမ္ဘာဝနတ္ထကိုထွန်းပြသည့် ပိ-သဒ္ဒါဖြစ်၏-ဟုငါပြ--ဟူလို၏။

✤ **ပဗ္ဗဇိတမ္ပိတိ ပိ-သဒ္ဒေါ သမ္ဘာဝနတ္ထောတိ ဝုတ္တံ "ပဂေဝ အပဗ္ဗဇိတ"န္တိ။ (သိဒ္ဓိသစ်)**

### (ဃ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (ဂ) ဖြင့် မင်းကိုကြောက်၍ ရှိခိုးသောသူအား သရဏဂုံမပျက်-ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းသို့ သရဏဂုံမပျက်ခြင်း၏ အကြောင်းကိုပြလိုသောဆရာသည် (ပဒုက္က+ဘာသာဋီကာ) (တနည်း) ယခုအခါ၌ မင်းကိုကြောက်၍ရှိခိုးအပ်, ရှိခိုးထိုက်သည်၏ အဖြစ်ကိုပင် မြဲစေလို, ပြီးစေလိုသောဆရာသည် (ဃ) မိန့်၏။

✤ **တယိဒံ ဘယဝသေန ဝန္ဒိတဗ္ဗဘာဝသေဝ သမတ္ထနံ၊ န တု အဘေဒဿ ကာရဏဒဿနံ၊ (သိဒ္ဓိသစ်)**

### (င) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (ဂ+ဃ) ဝါကျတို့ဖြင့် မင်းကိုကြောက်၍ ရှိခိုးရာ၌ သရဏဂုံမပျက်ဟု အကြောင်း ယုတ္တိနှင့်တကွပြဆိုပြီး၍၊ ယခုအခါ၌ အတတ်ပညာသင်ပေးသောဆရာကို တိတ္ထိအယူဝါဒရှိသူပင် ဖြစ်စေကာမူဆရာ-ဟူသောအမှတ်ဖြင့်ရှိခိုးသူအားလည်းသရဏဂုံမပျက်ဟုပြလိုသောဆရာသည် (င)မိန့်၏။

**အမှာ** ဤအဋ္ဌကထာ (၂၀၇)၌ သော ပနေသ ဉာတိဘယာစရိယဒက္ခိဏေယျဝသေန စတုဗ္ဗိဓော ဟောတိ-ဟူသော ဆိုခဲ့ပြီးစကားရပ်ကိုထောက်လျှင် (က+ခ) နှစ်ဝါကျဖြင့် ဉာတိ၏ အစွမ်းဖြင့် သရဏဂုံမပျက်ပုံကို ပြသည်။ (ဂ+ဃ) နှစ်ဝါကျဖြင့် ဘယ၏အစွမ်းဖြင့် သရဏဂုံမပျက်ပုံကို ပြသည်။ (င) ဝါကျဖြင့် အာစရိယ၏အစွမ်းဖြင့် သရဏဂုံ မပျက်ပုံ ကိုပြသည်။ ဤသို့ အဓိပ္ပါယ်ယူ၍လည်း အသီးသီးကျမ်းတက်နိုင်သည်။

http://www.dhammadownload.com



စာစပ် (က)၌ ဥပါသကဿ, ဥပါသိကာယ-ပုဒ်တို့ကို ဝန္ဒတော-၌ လက္ခဏဝန္တကတ္တား+လက္ခဏ ကြိယာအဖြစ်ဖြင့်လည်းကောင်း။ သရဏဂမနံ-၌ သမ္ဗန်+သမ္ဗန္ဓီအဖြစ်ဖြင့်လည်းကောင်း။ န ဘိဇ္ဇတိ-၌ သမ္ပဒါန်+သမ္ပဒါန်၏ကြိယာအဖြစ်ဖြင့်လည်းကောင်း စာစပ်ရမည်။

၃။ **(ဂ) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု ရာဇာနံ ဝန္ဒတိ။

(ခ) အထ ကသ္မာ တထာ (သရဏဂမနံ န ဘိဇ္ဇတိ)တိ ဝုတ္တံ။

(ဂ) နနု ဘယဝသေန ဝန္ဒတိ။

(ဃ) တသ္မာ တထာ (သရဏဂမနံ န ဘိဇ္ဇတိ)တိ ဝုတ္တံ။

**(က) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု ဝေ ဂဟိတသရဏဿ ဥပါသကဿဝါ ဥပါသိကာယဝါ အညတိတ္ထိယေသု ပဗ္ဗဇိတမ္ပိ ဉာတိ ဝန္ဒတိ။

(ခ) အထ ကသ္မာ သရဏဂမနံ န ဘိဇ္ဇတီတိ ဝုတ္တံ။

(ဂ) နနု "ဉာတကော မေ အယ"န္တိ (ဉာတိဝသေန) ဝန္ဒတိ။

(ဃ) တသ္မာ သရဏဂမနံ န ဘိဇ္ဇတီတိ ဝုတ္တံ။

**(ဃ) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု ရာဇာပိ မနုဿော, ရဋ္ဌိကဇနောပိ မနုဿော ဟောတိ။

(ခ) အထ ကသ္မာ ဘယဝသေန ဝန္ဒတီတိ ဝုတ္တံ။

(ဂ) နနု သော ရဋ္ဌပူဇိတတ္တာ အဝန္ဒိယမာနော အနတ္ထမ္ပိ ကရေယျ။

(ဃ) တသ္မာ ဘယဝသေန ဝန္ဒတီတိ ဝုတ္တံ။

**(င) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု ယံကိဉ္စိ သိပ္ပံ သိက္ခာပကံ တိတ္ထိယမ္ပိ ဝန္ဒတိ။

(ခ) အထ ကသ္မာ တထာ (သရဏဂမနံ န ဘိဇ္ဇတီတိ ဝုတ္တံ။

(ဂ) နနု "အာစရိယော မေ အယ"န္တိ (အာစရိယဝသေန) ဝန္ဒတိ။

(ဃ) တသ္မာ တထာ (သရဏဂမနံ) န ဘိဇ္ဇတီတိ ဝုတ္တံ။

၄။ ရန္ဇန္တိ ဧတ္ထာတိ ရဋ္ဌံ။ (ကစ္စည်း။ ဥသုရန္ဇဒံသာနံ-သုတ်)
တပ်ခြင်းကြိယာသကတ်သည်-- ဝစနဟေတု။
တိုင်းနိုင်ငံဒြဗ်သည်-- ဝစနီယ။
ဝိဇိတံ-စသော ပရိယာယ်သဒ္ဒါများသည်-- ဝစနီယတ္ထ။

(တနည်း:) ရဋ္ဌေ+ဝသန္တီတိ ရဋ္ဌံ။
တိုင်းနိုင်ငံ၏+တိုင်းသူပြည်သားတို့နှင့် ဌာန+ဌာနီစပ်---ဝစနဟေတု။
တိုင်းသူပြည်သားများဒြဗ်သည်-- ဝစနီယ။
ရဋ္ဌိက, ရဋ္ဌိကဇန-စသော ပရိယာယ်သဒ္ဒါများသည်-- ဝစနီယတ္ထ။

အမှာ ဤကား ရဋ္ဌပူဇိတတ္တာတိ ရဋ္ဌေ, ရဋ္ဌဝါသိနံဝါ ပူဇိတတ္တာ-ဟူသော သိဋ္ဌီသစ်။ (၁၈၃။) နှင့် အညီ ရဋ္ဌ-ပုဒ်၏အဘိဓေယျတ္ထအားလျော်စွာ ဝစနတ္ထနှစ်မျိုးပြု၍ထုတ်သည်။ တိုင်းနိုင်ငံ ဟော ရဋ္ဌ-ပုဒ်၏ ဝစနတ္ထအမျိုးမျိုးကို ဝါကျဥယျာဉ် (၁၂၄)၌ ရှုလေဦး။
တရန္တိ ဧတ္ထာတိ တိတ္ထံ။ ပကတိဆိပ်ကမ်းရင်း။
တိတ္ထံ ဝိယာတိ တိတ္ထံ။ (အယူဝါဒရင်း။)
တိတ္ထံ ဧတေသံ အတ္ထီတိ တိတ္ထိယော။ (သာသနာပြင်ပပုဂ္ဂိုလ်တို့ရင်း)။

http://www.dhammadownload.com



၅။ ရဋ္ဌပူဇိတတ္တာ-ဟိတ်၏သမ္ဗန်ကို တသ(ရညော) ဟုခံ။ (ကံ+သမ္ဗန်စာစပ်)။

၆။ ဥပရိ မုခံ ကရေယျ-ဖြင့် ဥက္ကုဋ္ဌေယျ-၌ ဥ-ပုဗ္ဗ+ကုဋ္ဌ-ဓာတ်၏ ဥပရိမုခကရဏ-အနက် ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ဥ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏အဖြစ်ကို လည်းကောင်း- သိစေပါသည်။

တိဏပဏ္ဏာဒိဆာဒိတံ-ဖြင့် ပဋိစ္ဆန္နံ-၌ ပဋိစ္ဆေးရှိသော ဆဒ-ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ အန္န-သဒ္ဒါ၏ တ-ပစ္စည်း၏ကာရိယ၏အဖြစ်ကိုလည်းကောင်း၊ ပဋိ-သဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုလည်းကောင်း၊ ဖုံးလွှမ်း၏ဟူသည်-မြက်သစ်ရွက်စသည်တို့ဖြင့် ဖုံးလွှမ်း၏ဟူသော အဖြစ်ကို လည်းကောင်း- သိစေပါသည်။

၇။ သိမ္ဗ-၏ နိရုတ္တိနည်းကို ဝါကျဥယျာဥ် (၁၃၁) ၌ ဖြေဆိုခဲ့ပြီ။

၈။ ဆိုအပ်ခဲ့ပြီးသော သရဏဂုံအပြားကို ဝေဘန်မှုနှင့်စပ်သောအားဖြင့် သရဏဂုံ မပျက်စီးပုံကိုလည်း ပြဘို့ရန်လွယ်ကူသောကြောင့် သရဏဂမနပ္ပဘေဒကို ပြရာ၌နေရာ ဌာန၌ သရဏဂုံ မပျက်စီးမှုကိုလည်း ထည့်သွင်းပြဆိုထားခြင်းဖြစ်ပါသည်။

✣ **သရဏဂမနပ္ပဘေဒေါတိ သရဏဂမနဝိဘာဂေါ၊ တဗ္ဗိဘာဂသမ္ဗန္ဓတော စေတ္ထ သင်္ကာ အဘေဒေါပိ သုခေန ဒဿေတုန္တိ အဘေဒဒဿနံ ကတံ၊ (သိဋီသစ်၊ ၁၈၃)**

၉။ စတုဓာ ဝိဘဇေ-စသော(၆) ပါဒရှိဂါထာ၌ ပထမလေးပါဒကား တတိယမ-ကာရ ဝိပုလာဂါထာ ဖြစ်ပါသည်။ တဘန် တတိယ+စတုတ္ထပါဒကို ပုဗ္ဗဒ္ဓယူ၍ စတုတ္ထ၌ နိဓာပေယျ-စသော နောက်ဆုံး နှစ်ပါဒကို အပရဒ္ဓယူ၍ ပထမ, မ-ကာရဝိပုလာဂါထာ ဖြစ်ပါသည်။ အနုဋ္ဌုဘာဆန်းချည်း ဖြစ်သည်။

## ၁၀။ (၄) နံပါတ်တဂါထာလုံးကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။

✣ ပစ္စည်းဥစ္စာကို မပျက်စီးရန် ထိန်းသိမ်းစောင့်ရှောက်သူ၏ လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်-- ကာမရတိဌာယီဘာဝ+ကာမသိင်္ဂါရ ရသ။

✣ စည်းစိမ်ဥစ္စာပစ္စည်းဒြဗ်သည်-- အာရမ္မဏဝိဘာဝ။

✣ အိမ်ထောင်သည်၏ အဖြစ်သည်လည်းကောင်း, တစုကိုစား၍ နှစ်စုကိုလယ်ထွန်မှု ကုန်သွယ်မှု ကိစ္စ၌ယှဥ်စေပြီး ကျွန်တစုကို သိုမှီးမြှုပ်နှံထားခြင်း သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

✣ ပစ္စည်းဥစ္စာမပျက်စီးဘဲ ကြီးပွားတိုးတက်လာခြင်း-စသော အကျိုးတရားအဆက်ဆက် သည် အနုဘာဝ။

**မှတ်ချက်** ဝိဘဇေ-ကိုရှုလျှင် ပညာပဓာနစိတ္တုပ္ပါဒ်ကိုယူ၍ ဓမ္မရတိဌာယီဘာဝထုတ်။
ဘုဉ္ဇေယျ-ကို ရှုလျှင် လောဘပဓာနစိတ္တုပ္ပါဒ်ကိုယူ၍ ကာမရတိဌာယီဘာဝ-ထုတ်။
ပယောဇယေ-ကိုရှုလျှင် ဝီရိယပဓာနစိတ္တုပ္ပါဒ်ကိုယူ၍ ဥဿာဟဌာယီဘာဝထုတ်။
နိဓာပေယျ-ကိုရှုလျှင် လောဘပဓာနစိတ္တုပ္ပါဒ်ကိုယူ၍ ကာမရတိဌာယီဘာဝထုတ်။

http://www.dhammadownload.com



# ဝါကျဥယျာဉ် (၁၉၉)

(က) လောကိယဿ စ သရဏဂမနဿ ဒုဝိဓော ဘေဒေါ သာဝဇ္ဇော စ အနဝဇ္ဇော စ။
(ခ) တတ္ထ သာဝဇ္ဇော အညသတ္ထာရာဒီသု အတ္တသန္နိယျာတနာဒီဟိ ဟောတိ၊ သော စ အနိဋ္ဌဖလော ဟောတိ။
(ဂ) အနဝဇ္ဇော ကာလကိရိယာယ ဟောတိ၊ သော အဝိပါကတ္တာ အဖလော။
(ဃ) လောကုတ္တရဿ ပန နေဝတ္ထိ ဘေဒေါ။
(င) ဘဝန္တရေပိ ဟိ အရိယသာဝကော အညံ သတ္ထာရံ န ဥဒ္ဒိသတီတိ။
(ဋ္ဌ။ ၂၀၉။ သီဋ္ဌီသစ်။ ၁၈၈။ ပခုက္ကူ။ ၂၉၃။ ဘာသာဋီ၊ ၂၅၄။ ဂဏ္ဌိ၊ ၄၁၀။)

၁။ (င) ဝါကျ၌ဟိ-နိပါတ်ကိုဖြစ်နိုင်သမျှကြံဆ၍လည်းကောင်း, အည-အပါဒါန်ထည့်၍လည်းကောင်း တစ်ဝါကျလုံးကို အနက်ပေးပြပါ။
၂။ (ခ) ဝါကျကို အနုသန္ဓေတက်၍၊ (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။
၃။ (ဃ+င) ဝါကျတို့ကို အာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ အတ္တသန္နိယျာတန-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (ဂ) ဝါကျ အဝိပါကတ္တာ-ဟူသောဟိတ်ပုဒ်၏ သမ္ပန်ကိုခံ၍၊ အတ္တာနုရူပစာစပ်ပါ။
၆။ **အဘိဏှဋ္ဌန္ဒီ** အဘိကန္တံ့ အတိဏ္ဍဒ္ဓံ အတိမနာပံ၊ အတိသုန္ဒရန္တိ ဝုတ္တံ ဟောတိ။ (ဋ္ဌ၊ ၂၀၄) ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။
၇။ သန္နိယျာတန-ပုဒ်၏နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ လောကိယသရဏဂမနံ တီသု ဝတ္ထူသု အညာဏသံသယမိစ္ဆာဉာဏာဒီဟိ သံကိလိဿတိ။ (ဋ္ဌ။၂၀၉) ၌ အညာဏ, သံသယ, မိစ္ဆာဉာဏ-၏ အဓိပ္ပါယ်နှင့် အာဒိ၏အာဒိဝုန်ကိုလည်း ဖော်ပြပါ။
၉။ (ဃ+င) ဝါကျလာ စကားရပ်များကို အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာ ဂါထာတပုဒ် သီကုံးပါ။
၁၀။ (ခ) တစ်ဝါကျလုံးကို သိမ်းကျုံး၍ ဘာဝလက္ခဏာရထုတ်ပြပါ။

=================

၁။

## (င) ဝါကျ အနက်ပေးပုံ။

ဟိ-ယသ္မာ၊ ကြောင့်။ ဘဝန္တရေပိ၊ ၌လည်း။ အရိယသာဝကော၊ သည်။ အညံ၊ မြတ်စွာဘုရားမှ (အပါဒါန်) တပါးသောပုဂ္ဂိုလ်ကို။ (ပခုက္ကူသျှ)။ အညံ၊ သာသနာတွင်းဆရာမှ (အပါဒါန်) အခြားသော ဆရာကို။ သတ္ထာရံ၊ ဆရာဟူ၍။ န ဥဒ္ဒိသတိ၊ မရည်ညွှန်း။ ဣတိတသ္မာ၊ ကြောင့်။ လောကုတ္တရဿ၊ --၏။ ဘေဒေါ၊ သည်။ နေဝအတ္ထိ၊ မရှိသည်သာလျှင်တည်း။

ဤကား-"**ဟိ-ကိုရှေ့ထား၊ နောက်ဖျားဏှုတိ၊ ရှိတုံဘိက၊ ဟိ-ကို ဟိ-ယသ္မာ၊ ကြံလေပါ**" ဟူသော တွင်းကြီး နိယံနှင့်အညီတည်း။

(တနည်းကား) ဟိ-သစ္စံ၊ ဘဝန္တရေပိ၊ (ပ)၊ န ဥဒ္ဒိသတိ၊--ညွှန်း။ ဣတိ၊ ဤသည်လျှင်အပြီးတည်း။

ဤကား-"**ဟိ-သစ္စံကြံ၊ တဘာန်နောက်ရှိ၊ ဣတိ-သဒ္ဒါ၊ သမာပန၊ ကြံလေကြ**" ဟူသော တွင်းကြီး နိယံနှင့်အညီတည်း။

http://www.dhammadownload.com



## ၂။ (ခ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့(က) ဖြင့် လောကီသရဏဂုံ၏ ပျက်စီးခြင်းသည် သာဝဇ္ဇ=အပြစ်ရှိသောပျက်စီးခြင်း, အနဝဇ္ဇ=အပြစ်မရှိသော ပျက်စီးခြင်းအားဖြင့် နှစ်ပါးရှိ၏-ဟုပြဆိုပြီး၍၊ ယခုအခါ၌ ယင်းနှစ်မျိုးကို အသီးသီးအကျယ်ချဲ့ပြလိုသော ဆရာသည်-(ခ) စသည်မိန့်။

## (ဂ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (ခ) ဖြင့် သာဝဇ္ဇ၏အစွမ်းဖြင့် ပျက်စီးသွားသော လောကီသရဏဂုံ၏ အဓိပ္ပါယ်နှင့်တကွ အကျိုးအပြစ်များကို အကျယ်ပြပြီး၍၊ ယခုအခါ၌ အနဝဇ္ဇ၏အစွမ်းဖြင့် ပျက်စီးသွားသော လောကီသရဏဂုံ၏ အဓိပ္ပါယ်နှင့်တကွ အကျိုးအပြစ်များကို အကျယ်ပြလိုသောဆရာသည်-(ဂ) မိန့်။

## (ဃ) ဝါကျ သာဓောဂပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (က+ခ+ဂ) ဝါကျတို့ဖြင့် လောကီသရဏဂုံသည် ပျက်စီးသော-ဟု ဆိုတော်မူ၏။ ယင်းသို့လောကီသရဏဂုံပျက်စီးသည့်နည်းတူ လောကုတ္တရာသရဏဂုံသည်လည်း ပျက်စီးသေး၏ ဟူ၍ပင် မှတ်ရပါမည်လော။ လောကုတ္တရာသရဏဂုံအတွက် အဘယ်သို့မှတ်သား ရပါမည်နည်း။ စုဒ်ကြောင့်(ဃ) မိန့်။

## (င) ဝါကျ ပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (ဃ)ဖြင့် လောကုတ္တရာသရဏဂုံသည် မပျက်စီးဟုဆို၏။ ဘဝပြောင်းခဲ့ သည်ရှိသော် လောကုတ္တရာ သရဏဂုံ ပျက်စီးရာသည် မဟုတ်ပါလော။ အဘယ့်ကြောင့် လောကုတ္တရာ၏ သရဏဂုံသည် မပျက်စီးဟုဆိုပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

## ၃။ (ဃ+င) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု လောကုတ္တရဿ ကာလကိရိယာယ ဘေဒေါ ဟောတိ။

(ခ) အထ ကသ္မာ လောကုတ္တရဿ နေဝတ္ထိ ဘေဒေါ။

(ဂ) နနု ဘဝန္တရေပိ အရိယသာဝကော အညံ သတ္ထာရံ န ဥဒ္ဒိသတိ။

(ဃ) တသ္မာ လောကုတ္တရဿ နေဝတ္ထိ ဘေဒေါ။

၄။ အတ္တာ သန္နိယျာတီယတိ အပ္ပီယတိ ပရိစ္စဇီယတိ ဧတေနာတိ အတ္တသန္နိယျာတနံ။ (ယထာ ဝုတ္တံ သရဏဂမနသင်္ခါတံ ဒိဋ္ဌိဇုကမ္မံ)။ (သီဋီသစ်။ ၁၈၀)

မိမိကိုယ်ကို ကောင်းစွာအပ်နှင်းခြင်း, စွန့်ခြင်းကြိယာသကတ်သည်လည်းကောင်း၊ မိမိ ကိုယ်၏+ကောင်းစွာအပ်နှင်းအပ်, စွန့်အပ်ကြောင်းဖြစ်သော ဒိဋ္ဌိဇုကမ္မဒြပ်နှင့် အကြောင်း+ အကျိုး, ကမ္မ+ကမ္မိ-အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း-ဝစနဟေတု။

ဒိဋ္ဌိဇုကမ္မဒြပ်သည်--ဝစနီယ။

အတ္တပရိစ္စဇန, ဒေဟသန္နိယျာတန-စသောပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထ။

**အမှာ** အထက်သီဋီသစ်ဝိဂ္ဂဟကိုရှု၍ "သန္နိယျာတီယတိ အပ္ပီယတိ ပရိစ္စဇီယတိ ဧတေနာတိ သန္နိယျာတနံ။ အတ္တနော+သန္နိယျာတနံ အတ္တသန္နိယျာတနံ-"ဟု အစိတ်+အပေါင်း ဝိဂ္ဂဟပြု၍လည်း ဆက္ကထုတ်နိုင်သည်။ မအူသျှ။ ဒု။ ၄၀၈-၌ "အတ္တနော ရတနတ္တယဿ သန္နိယျာတနံ-"ဟု ပြုသည်။

http://www.dhammadownload.com



၅။ (ဂ) ဝါကျရှိ အဝိပါကတ္တာ-၏ သမ္ဗန်ကား တဿ (အနဝဇ္ဇဿ သရဏဂမနဘေဒဿ) ဖြစ်သည်။ (ကတ္တား+သမ္ဗန်စာစပ်။)

◆ **သောတိ အနဝဇ္ဇော သရဏဂမနဘေဒေါ၊ (သိဋ္ဌိသစ်)။**

၆။ အဘိကန္တံ-ဖြင့် အဘိက္ကန္တံ-ကို အဘိ+ကန္တ-ဟုပုဒ်ဖြတ်ရမည်ကိုလည်းကောင်း၊ အဘိကန္တ-ဟု ဆိုလိုလျက် က-တစ်လုံးလာ၍ အဘိက္ကန္တံ-ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေသည်။

အတိက္ကင့်-ဖြင့် အလွန်အလိုရှိအပ်သည်၏အဖြစ်ကြောင့် အဘိက္ကန္တမည်သည်၏ အဖြစ်ကို သိစေ၊ (တနည်း) အဘိက္ကန္တံ-၌ အဘိဥပသာရ၏ အတိရေကအနက်ဟော-လည်းကောင်း၊ ကမုဓာတ်၏ ဣစ္ဆာအနက်ဟော-လည်းကောင်း-သိစေပါသည်။

အတိမနာပံ အတိသုန္ဒရံ-ဖြင့် အတိက္ကင့်သည် အတိမနာပ, အတိသုန္ဒရ၏ ပရိယာယ် တည်းဟု သိစေပါသည်။

◆ **အဘိက္ကန္တန္တိ အဘိက္ကမနီယံ၊ ဇမ္ဗာဝေါဓ အတိက္ကင့္ဒတာယာတိ ဝုတ္တံ "အတိက္ကင့္ဒ"န္တိအာဒိ၊ ပဒတ္တယမ္ပေတံ ပရိယာယဝစနံ၊ (သိဋ္ဌိသစ်၊ ဒု၊ ၁၆၇)။**

၇။ **သန္နိယျာတန**-ကားသံ, နိ-ရှေး+ယတ-ဓာတ်+စုရာဒိဏေ-ပစ္စည်း+ယု-ပစ္စည်း။ သံနိယာတန ဟူလိုလျက် နိဂ္ဂဟိတ်ကို န-ပြု၊ ယ-ဒွေဘော်လာ၍ ပြီးသည်။ (ဘာသာဋီကာ။ တ။ ၂၃၉)

၈။ **အညာဏ, သံသယ, မိစ္ဆာဉာဏ-အဓိပ္ပါယ်။**

ရတနာသုံးပါး၏ဂုဏ်တော်ကို လုံးဝမသိခြင်း, ထို--၌ ပြင်းစွာတွေဝေခြင်းသည်-- **အညာဏ**-မည်။

ဘုရားဟုတ်လေသလော, မဟုတ်လေသလော-ဟု ယုံမှားခြင်းသည်--**သံသယ**-မည်၏။

ရတနာသုံးပါး၏ အရဟံ-စသောဂုဏ်တို့ကို ဂုဏ်တော်မဟုတ်ဟု ကြံဆခြင်းဖြင့် ဘောက်ပြန်သောအားဖြင့် ယူခြင်းသည်--**မိစ္ဆာဉာဏ**-မည်၏။

**အာဒိ**-ဖြင့် ရတနာသုံးပါးကို မရိုသေခြင်း=အနာဒရ, မလေးစားခြင်း=အဂါရဝ-စသည် တို့ကိုယူရမည်။ (သိဋ္ဌိသစ်။ ဒု။ ၁၈၇)

၉။ **(ယ+င) ဝါကျ ဂါထာစီ။**

လောကုတ္တရဿ ဓေဝတ္တိ၊ ဘေဒေါ ဘဝန္တရေပိ ဟိ။
န ဥဒ္ဒိသတိ သတ္ထာရံ၊ အညံ အရိယသာဝကော။ (ပထျာဝတ္တဂါထာ)။

၁၀။ **(ခ) ဝါကျ ဘာဝါလင်္ကာရထုတ်ပုံ။**

- ✣ အညသတ္ထာရ-စသည်တို့၌ မိမိကိုယ်ကို အပ်နှင်းခြင်း၏ အစွမ်းဖြင့်ဖြစ်သော တဏှာ, မိစ္ဆာဒိဋ္ဌိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်-- ကာမရတိဌာယီဘာဝ+ကာမသိင်္ဂါရ ရသ။
- ✣ အညသတ္ထာရ-စသည်သည်--အာရမ္မဏဝိဘာဝ။
- ✣ မိမိကိုယ်ကိုအပ်နှင်းသူတို့၏ အယောနိသောမနသိကာရသည်လည်းကောင်း, အညသတ္ထာရ-စသော ပုဂ္ဂိုလ်တို့ထံမှ အသဒ္ဓမ္မဿဝနကို နာကြားရခြင်းသည်လည်းကောင်း----- ဥဒ္ဒီပနဝိဘာဝ။
- ✣ အညသတ္ထာရ-စသည်တို့အား မိမိကိုယ်ကို အပ်နှင်းလိုက်သဖြင့် သရဏဂုံပျက်စီးမှု၏ အပြစ်ကို ရရှိခြင်း, ထိုအပြစ်ကြောင့် ပစ္စုပ္ပန်+တမလွန်ဘဝများစွာတို့၌ အနိဋ္ဌဖလ-တို့ကိုသာ ခံစားရခြင်း-စသည်သည်---- အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



# ဝါကျဥယျာဉ် (၂၀၀)

(က) **အဇ္ဈတ္တရွေတိ** ဇ္ဈာယံ အင်္ဂသဒ္ဒေါ အာဒိ ကောဋ္ဌိ ကောဋ္ဌာသ သေဋ္ဌေသု ဒိဿတိ။
(ခ) လ္လဝ ပနာယံ အာဒိမှိ ဒဋ္ဌဗ္ဗော။
(ဂ) တသ္မာ အဇ္ဈတ္တဂ္ဂေတိ အဇ္ဈတ္တံ အာဒိံ ကတွာတိ ဧဝမေတ္ထတ္ထော ဝေဒိတဗ္ဗော။
(ဃ) **အဇ္ဈတ္တန္တိ** အဇ္ဈတ္တာဝံ။
(င) **အဇ္ဈတ္တဂ္ဂေတိ** ဝါ ပါဌော၊
(စ) ဒကာရော ပဒသန္ဓိကရော။
(ဆ) အဇ္ဇ အဂ္ဂံ ကတွာတိ အတ္ထော။
(ဋ္ဌ၊ ၂၁၀။ သီဋ္ဌီသစ်၊ ၁၉၁။ ပဥ္စက္ကု၊ ၃၀၀။ ဘာသာဋ္ဌီ၊ ၂၆၂။ ဂဏ္ဌိ၊ ၄၁၃။)

၂။ (ဃ) ဝါကျကို ဝိသေသာနုသန္ဓေ၊ (စ) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။
၃။ (က-ခ) ဝါကျတို့ကို အာဘောဂါဒိ စတုက္ကထုတ်ပြပါ။
၄။ အဇ္ဈတ္တံ-ကို အစိတ်+အပေါင်း ဝစနတ္ထ-ပြု၍ အပေါင်းဝစနတ္ထ ၌ ဆက္က ထုတ်ပြပါ။
၅။ (စ) ဝါကျ၌ ပဒသန္ဓိကရော-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီးလျှင် စာစပ်ပြပါ။
၆။ (ဂ+ဃ+စ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။
၇။ အဇ္ဇ+အဂ္ဂပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးခဲ့ပါ။
၈။ အဘယ်အင်္ဂါရပ်များနှင့် ပြည့်စုံသူကို ဥပါသကရတနာ-ဟုခေါ်ပါသနည်း၊ အဋ္ဌကထာ လာသည့်အတိုင်း ကျနစွာဖြေဆိုပါ။
၉။ ယတ္ထစ ဒိန္နံ မဟပ္ဖလမာဟု (လ) သရဏတ္ထမုပေဟိ။ (ဋ္ဌ၊ ၂၀၅) ကိုဂါထာအမည် ဆန်းအမည်ပေးခဲ့ပါ။
၁၀။ (၉) နံပါတ်ဂါထာ၌ ဓာတွတ္ထအရကို ဘာဝစသည်ထုတ်ပါ။

= = = = = = = = = = = = = = = = = = =

၂။ **(ဃ) ဝါကျ ဝိသေသာနုသန္ဓေ**

ဤသို့(ဂ) ဝါကျဖြင့် အဇ္ဈတဂ္ဂေကို အဇ္ဈတ္တံ+အဂ္ဂေဟုပုဒ်ဖြတ်၍ အဂ္ဂေ-၌ ဧ-ကား ဒုတိယာဧကဝုစ် အံ-ဝိဘတ်၏ကာရိယ၊ အဂ္ဂေကား ဝစနဝိပလ္လာသ၊ ကတွာ ဟူသော ပါဌသေသထည့်၍ စာစပ်ရမည်၏အဖြစ်ကို ပြပြီး၍၊ ယခုအခါ၌ အဇ္ဈတ္တံ၌ တာ ပစ္စည်းသည် ဘာဝတဒ္ဓိတ်အနက်၌ဖြစ်၏ဟု ပြလိုသော ဆရာသည်(ဃ) ဝါကျမိန့်။ (သီဋ္ဌီသစ်-သာဓက-၆-နံပါတ်မှာရှု။)

**(င) အနုသန္ဓေ**

ဤသို့ (က+ခ+ဂ+ဃ) ဝါကျတို့ဖြင့် ပဌမကွာရာဖြင့် ထင်သောပါဌ်အားလျော်စွာ အနက်ကို ပြပြီး၍ ယခုအခါ၌ တတိယကွာရာဖြင့်ထင်သောပါဌ်အားလျော်စွာ အနက်ကိုပြခြင်းငှါ (င) စသည်မိန့်။

✦ **ဓမံ ပဌမကွာရေန ဒိဿမာနပါဌာနုရူပံ အတ္ထံ ဒဿေတွာ ဣဒါနိ တတိယကွာရေန ဒိဿမာနပါဌာနုရူပံ အတ္ထံ ဒဿေတုံ "အဇ္ဈဒဂ္ဂေတိဝါ ပါဌော"တိ အာဒိ ဝုတ္တံ။ (သီဋ္ဌီသစ်)**

**(စ) ဝါကျ သာဘောဂပုစ္ဆာ**

ဆရာ-သည် (င) ဝါကျဖြင့် အဇ္ဇဒဂ္ဂေဟုလည်း ပါဌ်ရှိကြောင်းပြဆို၏။ ယင်း၌ဒ-သည် တေဒဝါစ-၌ ဒ-ကဲ့သို့ အာဒေသ ဒ-ပင် ဖြစ်ပါသလော၊ မည်သည့် ဒ-ဖြစ်ပါသနည်း- စုဒ်ကြောင့် (စ) ဝါကျမိန့်။

http://www.dhammadownload.com



**အစိမ့်ပွါယ်ကား**-(စ) ဖြင့် အဋ္ဌဒဂ္ဂေ၌ ဒ-သည် ပုဒ်စပ်မှုကိုပြုထားသော အာဂမဒဖြစ်၏ ဟု ငါပြဆိုပါ၏ ဟူလိုသော်။

- **အာဂမ မဋ္ဌဉ္စာ ဒကာရော ပဒသန္ဓိကရော။ (သီဋီသစ်)**

## ၃။ (က+ခ) ဝါကျ စတုတ္ထဒိတ်ပုံ

(က) နနု အဂ္ဂသဒ္ဒေါ အာဒိကောဋ္ဌိကောဋ္ဌာသသေဋ္ဌေသု ဒိဿတိ၊

(ခ) အထ ကသ္မာ ဣဓ ပနာယံ အာဒိမှိ ဒဋ္ဌဗ္ဗော၊

(ဂ) နနု တဒညတ္ထာ န သမ္ဘဝန္တိ၊

(ဃ) တသ္မာ (ပ) ဒဋ္ဌဗ္ဗော။

၄။ ဣမသ္မိံ ကာလေ, ဣမသ္မိံ ဒိဝသေ ဝါ အဋ္ဌ။ (ဣမပုဒ်+ဋ္ဌ ပစ္စည်း။ အဗျယတဒ္ဓိတ်) အဋ္ဌ+ဘာဝေါ အဋ္ဌတာ၊
ယနေ့ဟုဆိုအပ်သော (အဇာတသတ်မင်း၏ သရဏဂုံ ဆောက်တည်ရာ) အချိန်ကာလ၏ သရဏဂုံ ဆောက်တည်ခြင်းကြိယာနှင့် ကာလ+ကာလဝန္တ၊ ဂုဏေး+ဂုဏ်စပ်ဝစနပဟေတု၊ ယနေ့၏အဖြစ်ဟု ဆိုအပ်သော သရဏဂုံဆောက်တည်ခြင်း ကြိယာဖြစ်သည် ဝစနီယ၊ အဋ္ဌဘာဝ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ ပဒသန္ဓိကရောကို ပဒသန္ဓိကရတ္ထာ ဟုဟိတ်ပြင်။
ယင်း၏သမ္ဘန်ကို ဒကာရဿ-ဟုဒ်။ ကတ္တား+သမ္ဗန်စာစပ်။

၆။ (ဂ) ဝါကျ အဋ္ဌတံ အာဒိ ကတ္တာ-ဖြင့် အဋ္ဌတဂ္ဂေကို အဋ္ဌတံ+အဂ္ဂေဟုပုဒ်ဖြတ်ရမည်ကို လည်းကောင်း, အဂ္ဂသဒ္ဒါ၏ အာဒိအနက်ဟော-လည်းကောင်း, အဂ္ဂေ-၌ ဧ-သည် ဒုတိယာကေဝုစ်အံ ဝိဘတ်၏ ကာရိယအဖြစ်ကို လည်းကောင်း(ဝိဘတ္တိပဒ) (တနည်း) အဂ္ဂေ-ကား အဂ္ဂဟူသောဒုတိယာကေဝုစ်ကို အဂ္ဂေဟု ဒုတိယာဗဟုဝုစ် ပြန်သော "ဝစနဝိပလ္လာသ"အဖြစ်ကိုလည်းကောင်း (ဘာဝတ္ထ) (တနည်း) အဂ္ဂေ၌ အံဝိဘတ်ကိုသို့ ဝိဘတ်အဖြစ် ပြန်ထားသော ဝိဘတ္တိဝိပလ္လာသအဖြစ်ကို လည်းကောင်း (ဘာဝတ္ထ) အဋ္ဌတဂ္ဂေပုဒ်ကို ကတ္တာဟူသော ပါဌသေသ ထည့်၍ စာစပ်ရမည်အဖြစ်ကို လည်းကောင်း သိစေသည်။

- **အဂ္ဂေတိ ဇွေ ဥပယောဂဝစနဿ ဧကာရာဒေသော၊ ဝစနဝိပလ္လာသော ဝါ၊ ကတ္တာ-သဒ္ဒေါစ သေသောတိ ဝုတ္တံ "အာဒိံ ကတ္တာ"တိ။ (သီဋီသစ်၊ ၁၉၁)**

(ဃ) ဝါကျ အဋ္ဌဘာဝံ-ဖြင့် အဋ္ဌတံ၌ တာပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကို လည်းကောင်း, အဋ္ဌ+ဘာဝေါ အဋ္ဌတာ(တံ) ဟု ပြုရမည်ကိုလည်းကောင်း သိစေသည်။

- **ဘာဝဇွေ တာ-သဒ္ဒေါတိ ဒဿေတိ "အဋ္ဌဘာဝ"န္တိ ဣမိနာ။ (သီဋီသစ်၊ ၁၉၁)**

(င) ဝါကျဖြင့် အဋ္ဌဒဂ္ဂေဟုလည်း ပါဠိတစ်မျိုးရှိသေး၏ဟု သိစေသည်။ (ဘာဝတ္ထ)

(စ) ဝါကျ ဒကာရော ပဒသန္ဓိကရော-ဖြင့် အဋ္ဌဒဂ္ဂေ-၌ ဒ-သည် အာဂုံ အဖြစ်ကိုသိစေသည်။ (သန္ဓိလိင်္ဂပဒ)

(ဆ) ဝါကျဖြင့် အဋ္ဌ သဒ္ဒါ၏ နိပါတ်ပုဒ်၏အဖြစ်ကိုလည်းကောင်း၊ အဂ္ဂေ၌ ဧ-၏ အံဝိဘတ်၏ ကာရိယအဖြစ်ကိုလည်းကောင်း၊ (ဝါ) ကေဝုစ်ကို ဗဟုဝုစ်ပြန်သော ဝစနဝိပလ္လာသ အဖြစ်ကိုလည်းကောင်း၊ အဋ္ဌတဂ္ဂေ- ပုဒ်ကို ကတ္တာ-ဟူသော ပါဌသေသဥ္စ စာစပ်ရမည်ကို လည်းကောင်း သိစေသည်။

http://www.dhammadownload.com



❖ **အဇ္ဈာတိ ဟိ နေပါတိကမိဒံ ပဒံ၊ တေနာဟ "အဇ္ဈအဂ္ဂန္တိ အဇ္ဈော"တိ၊ (သီဋီသစ်)**

၇။ အဇ္ဈကားဣမပုဒ်+ဋ္ဌပစ္စည်း။ ဣမဋ္ဌ ဟူလိုလျက် ဣမကို အ ပြု၍ပြီးသည်။
အဇ္ဈကား အဇဓာတ်+အ ပစ္စည်း။ ဇကို ဂပြု၊ ဂ ဒွေဘော်လာ၍ ပြီးသည်။

❖ **အဇ-ဂမနေ၊ အ၊ ဧသော ဝေါ၊ ဒွိတ္တံ၊ (ဓာန်ဋီ၊ သူစိ၊)**

၈။ **ဥပါသကရတနာ၏ အင်္ဂါများ**

၁။ သဒ္ဓေါ ဟောတိ၊ ၂။ သီလဝါ ဟောတိ၊
၃။ န ကောတူဟလမင်္ဂလိကော ဟောတိ၊ ၄။ ကမ္မံ ပစ္စေတိ, နော မင်္ဂလံ၊
၅။ န ဣတော ဗဟိဒ္ဓါ ဒက္ခိဏေယျံ ဂဝေသတိ, ဣဓ စ ပုဗ္ဗကာရံ ကရောတိ။ (ဋ္ဌ၊ ၂၁၀။)
ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသူကို ဥပါသကရတနာ-ဟုခေါ်သည်။

၉။ ၁၀။ ဝါကျဥယျာဉ် (၁၉၆) ၌ ဖြေခဲ့ပြီ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၂၀၁)

(က) **ပါဏုပေတန္တိ ပါဏေဟိ ဥပေတံ။**

(ခ) ယာဝ မေ ဇီဝိတံ ပဝတ္တတိ၊ တာဝ ဥပေတံ၊

(ဂ) အနညသတ္ထုကံ တီဟိ သရဏဂမနေဟိ သရဏံ ဂတံ ဥပါသကံ ကပ္ပိယကာရကံ မံ ဘဂဝါ ဓာရေတု ဇာနာတု။

(ဃ) အဟဉှိ သစေပိ မေ တိခိဏေန အသိနာ သီသံ ဆိန္ဒေယျ၊ နေဝ ဗုဒ္ဓံ "န ဗုဒ္ဓေါ"တိ ဝါ, ဓမ္မံ "န ဓမ္မော"တိ ဝါ, သံဃံ "န သံဃော"တိ ဝါ ဝဒေယျန္တိ။

(ဋ္ဌ၊ ၂၁၀။ ပခုက္ကူ၊ သီဋီသစ်၊ ၁၉၁။ ပခုက္ကူ၊ ၃၀၁။ ဘာသာဋီ၊ ၂၆၄။ ဂဏ္ဌိ၊ ၄၁၄။)

၁။ အနညသတ္ထုကံ-၌ ဖြစ်သင့်သော အပါဒါန်အနက်ပေါ်လွင်စေလျက် (ဂ-ဃ) ဝါကျတို့ကိုသာ စနစ်တကျအနက်ပေးပါ။

၂။ (ခ) ဝါကျကို အနုသန္ဓေတက်၍ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။

၃။ (ဂ-ဃ) ဝါကျတို့ကိုရှု၍ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ (ဃ) ဝါကျ၌ အသိ-ကို ဝစနတ္ထ ပြု၍ ဝစနာဒိသင်္ဂဟ ထုတ်ပြပါ။

၅။ အနညသတ္ထုကံ-ကို ဟိတ်ပြင်၍ ယင်း၏ဖြစ်သင့်သော သမ္ဗန်ကိုခံပြီးလျှင် အတ္ထာနုရူပစာစပ်ပြပါ။

၆။ က+ခ+ဂ ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ တိခိဏ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးခဲ့ပါ။

၈။ ဥပါသက စဏ္ဍာလဖြစ်ကြောင်း အင်္ဂါများကို ပါဠိ-မြန်မာတွဲစပ် ဖော်ပြပါ။

၉။ ဃ-ဝါကျပါ စကားရပ်တို့ကို ကြိုက်နှစ်သက်ရာ ဝတ္ထုမျိုး ဂါထာပါဠိစီကုံးပါ။

၁၀။ ပါဏုပေတံ-၌ နောက်ပုဒ်ဝယ် အန္တတ္ထ-ကိုရှု၍ ဘာဝစသည်ထုတ်ပါ။

= = = = = = = = = = = = = = = = = = = =

http://www.dhammadownload.com



၁။ အနညသတ္တုကံ-မြတ်စွာဘုရားမှ တပါးသောဆရာမရှိသော (ပခုက္ကူ) အနညသတ္ထုကံ-ရတနာတို့၏ သုံးပါးတို့၏ အပေါင်းမှ တပါးသောကိုးကွယ်ရာဖြစ်သော ဆရာမရှိသော။ (မအူနိသျ)

## ၂။ (ခ) ဝါကျ အနုသန္ဓေ

ဤသို့(က) ဝါကျဖြင့် ပါဏုပေတံ-ကို ပါဏေဟိ+ဥပေတံ ပါဏုပေတံ-ဟု တတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုပြပြီး၍ ယခုအခါ၌ ယင်းပါဏေဟိ ဥပေတံ-ပါဌ်ဖြင့် အဓာတသတ်မင်း ဆောက်တည်အပ်သော သရဏဂုံ၏ အာပါဏကောဋိကသရဏဂုံ-၏ အဖြစ်ကို ပြတော်မူလိုသောဆရာသည် (ခ)ဝါကျမိန့်။ (ဂဏ္ဌိ။ ၄၁၄။)

✦ **"ပါဏေဟိ ဥပေတ"န္တိ ဣမိနာ တဿ သရဏဂမနဿ အာပါဏကောဋိကတံ ဒဿေန္တော "ယာဝ မေ ဇီဝိတံ ပဝတ္တတိ"တိ အာဒိနိ ဝတ္ဝာ။ (သာရတ္ထ၊ ၁။ ၄၂၅။)**

## (ဂ) ဝါကျသာဓောဂပုစ္ဆာ

ဆရာ-သည် က-ခ ဝါကျတို့ဖြင့် ပါဏုပေတံ-ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုတော်မူ၏။ ပါဏုပေတံ-ပုဒ်၏ အဖွင့်သံဝဏ္ဏနာသာရှိပါသလော။ သရဏဂတံ-ပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ် ပါနည်း။ စုဒ်---ကြောင့်(ဂ) ဝါကျမိန့်။ (မအူသျ။ ဒု။ ၄ဝ၇။)

✦ **"တီဟိ၊ ပ၊ ဂတ"န္တိ ဣဒံ "သရဏဂတ"န္တိ ဧတဿ အတ္ထဝစနံ။ (သီဋီသစ်)**

## (ဃ) ဝါကျ အနုသန္ဓေ

ဤသို့ (ခ) (ဂ) ဝါကျတို့ဖြင့် အဇာတသတ်မင်း ဆောက်တည်အပ်သော သရဏဂုံ ၏ အာပါဏကောဋိက-၏အဖြစ်ကို နီတတ္ထအားဖြင့် ပြပြီး၍ ယခုအခါ၌ အသက်ဖြင့် ရတနာသုံးပါးကို ပူဇော်၍ သရဏဂုံစောင့်အံ့ဟု ဖြစ်သော အဇာတသတ်မင်းကြီး၏ အလိုကို နေယျတ္ထအားဖြင့် ထင်ရှားပြလိုသောကြောင့် အဟဥ-စသည်ကိုမိန့်။ (ဂဏ္ဌိ၊ ၄၁၄) (သီဋီသစ်၊ ၁၉၂)

## ၃။ (ခ+ဂ+ဃ) ဝါကျ စတုက္ကထုတ်ပုံ

(က) န နုမေ တိဝိဓေန အသိနာ သီသံ ဆိန္ဒေယျ။

(ခ) အထ ကသ္မာ အနညသတ္ထုကံ တီဟိ သရဏဂမနေဟိ သရဏံ ဂတံ ဥပါသကံ ကပ္ပိယ-ကာရကံ မံ ဘဂဝါ ဓာရေတု ဇာနာတူ (တိ အယမတ္ထော ပကာသိတော။)

(ဂ) နနု နေဝ ဗုဒ္ဓံ "န ဗုဒ္ဓေါ"တိ ဝါ, ဓမ္မံ "န ဓမ္မော"တိ ဝါ, သံဃံ "န သံဃော"တိ ဝါ ဝဒေယျံ။

(ဃ) တသ္မာ (လ) ဇာနာတူ (တိအယမတ္ထော ပကာသိတော။)

(ဤကား မအူနိသျ+ဘာသာဋီကာတို့နှင့် အောက်ပါသီဋီသစ်တို့ အလိုတည်း။)

✦ **(အဟဉှိတိ) တတ္ထ ဟိ-သဒ္ဒေါ သမတ္ထနေ၊ ကာရဏတ္ထေဝါ၊ တေန ဣမာယ ယုတ္တိယာ, ဣမိနာဝါ ကာရဏေန ဥပါသကံ မံ ဘဂဝါ ဓာရေတူတိ အယမတ္ထော ပကာသိတော။ (ဋီသစ်၊ ၁၉၂)**

## (ဃ) စတုက္ကထုတ်ပုံ။

(က) န နုမေ တိဝိဓေန အသိနာ သီသံ ဆိန္ဒေယျ။

(ခ) အထ ကသ္မာ နေဝ ဗုဒ္ဓံ။ "န ဗုဒ္ဓေါ"တိ ဝါ(လ) ဝဒေယျံ။

(ဂ) နနု "ယာဝ မေ ဇီဝိတံ ပဝတ္တတိ၊ တာဝ ဥပေတ"န္တိ အာပါဏကောဋိကဘာဝေန သရဏံ ဂတော။

(ဃ) တသ္မာ နေဝ ဗုဒ္ဓံ "န ဗုဒ္ဓေါ"တိ ဝါ (လ) ဝဒေယျံ။

http://www.dhammadownload.com



၄။ အသိယတိ ခိပိယတီတိ အသိ။ (ဏွာဒိမောဂ်)
ပစ်ချခြင်း ကြိယာသကတ်သည် ဝစနပေဟတု။
သံလျှက်ဒြပ်သည် ဝစနီယ။
ခဂ္ဂေါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
(တနည်း) အာယုံ အသတိ ခေပေတီတိ အသိ။ (ဓာတုပစ္စယဒီပနီ)
နတ္ထိ အညော သတ္ထာ ဧတဿာတိ အနညသတ္ထုကော။ (မအူသျှ။ ဒု။ ၄၀၇။)
(တနည်း) အညော သတ္ထာ အညသတ္ထာ။
နတ္ထိ အညသတ္ထာ ဧတဿ ဥပါသကဿာတိ အနညသတ္ထုကော-ဟုပြု။ (ပါရာဇိကကဏ် ဘာသာဋီကာ)
ဥပေတိ ဥပဂစ္ဆတီတိ ဥပေတော။ (အဇာတသတ်မင်းရဲ၏။) (သီဋီသစ်)

၅။ အနညသတ္ထုကံ-ကို အနညသတ္ထုကတ္တာ (သို့မဟုတ်) အနညသတ္ထုဘာဝတော-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ဥပါသကဿ, ကပ္ပိယကာရကဿ မမ(အဇာတသတ္တုနော) ဟုခံ။ ကတ္တား+သမ္ဗန်စာစပ်)။
(က) ၌ ဥပေတံ-ကို ဥပေတတ္တာ-ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို မမ-ဟုခံ။ (ဥပေတံ-ကား-မံ-၏ဝိသေသနတည်း။ မအူသျှ။)

၆။ (က) ဝါကျဖြင့် ပါဏုပေတံ-ပုဒ်ကို ပါဏေဟိ+ဥပေတံ ပါဏုပေတံ-ဟု တတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။
(ခ) ဝါကျဖြင့် အဇာတသတ်မင်း ဆောက်တည်သော သရဏဂုံသည် နှုတ်မျှဖြင့်သာ (ဝါ) စိတ္တုပ္ပါဒ်တကြိမ်မျှဖြင့်သာ ဆောက်တည်သော သရဏဂုံမဟုတ်၊ အသက်ကိုစွန့်ခြင်း၏ အစွမ်းဖြင့် အသက်ထက်ဆုံးဆောက်တည်သော "အာပါဏကောဋိက"သရဏဂုံပင်တည်း ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (သီဋီသစ်၊ ၁၉၂)
(ဂ) ဝါကျ အနညသတ္ထုကံ-ဖြင့် သဗ္ဗဝါကျံ သာဝဓာရဏံဟူသည်နှင့်အညီ ပါဏုပေတံ-၌ ပါဏုပေတံဧဝ- ဟု အဝဓာရဏအနက်ဖြစ်သင့်သောကြောင့် ယင်း၏ဝေတ္တဖလကား အနညသတ္ထုကံ ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)
(ဃ) သဒ္ဒန္တရတ္ထာပေါဟနေန သဒ္ဒေါ အတ္ထံ ဝဒတိ-ဟူသည်နှင့်အညီ အန္ဒောဂဓာဝဓာရဏ, အညတ္ထာပေါဟန၏ အစွမ်းဖြင့် ပါဏုပေတံဖြင့် ပယ်အပ်သော သဒ္ဒန္တရတ္ထကို သိစေသည်။ (ဘာဝတ္ထ) (ပါရာဇိကကဏ်ဂဏ္ဌိသစ်၊ ဒု၊ ၃၃၁။ သီ-ဋီသစ်၊ ဒု၊ ၁၉၂။)
ဥပါသကံ ကပ္ပိယကာရကံ-ဖြင့် ဥပါသက-သဒ္ဒါသည် ကပ္ပိယကာရကအနက်ကိုဟော၏။ (တနည်း) ကပ္ပိယကာရက-၏ ပရိယာယ်တည်းဟု သိစေသည်။ (တနည်း) အဇာတသတ်မင်းသည် အတ္တသန္နိယျာတနသရဏဂုံကို ရည်ရွယ်၍ ဥပါသကံ မံ ဘဂဝါ ဓာရေတု-ဟူ၍ လျှောက်သည်၏ အဖြစ်ကို သိစေသည်။ (သီဋီသစ်။)
ဓာရေတု-ဖြင့် ဓာရေတု-၌ ဆောင်တော်မူပါလော-ဟူသည် အသိအမှတ်ပြုတော်မူပါလော-ဟူသော အဓိပ္ပါယ်ကိုသိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



၇။ **တိတိက္ခာ**-ကား တိဇ-ဓာတ်+ခ-ပစ္စည်း။ ခ-အနုဗန်ချေ။ တိတိဇ-ဟူလိုလျက် ဇ-ကို က-ပြု၍ ပြီးသည်။

◆ **တိဇ-နိသာနေ---- ကိဏော ဟောတိ, ခမ ခေါ၊ တေဇယိတ္တာတိ တိခိဏံ၊ (ဏွာဒိ၊ ၆၀၊)**

(တနည်း) တိဇ-ဓာတ်+ဏှ-ပစ္စည်း။ တိဇ်နှ-ဟူလိုလျက် ဇ-ကို ခ-ပြု၊ န-ကို ဏ-ပြု၍ပြီးသည်။

◆ **တိဇ-နိသာနေ၊ ဣနော၊ ခမ ခေါ၊ ဏာဒွဲ၊ တိခိဏံ၊ (ဓာန်ဋီ၊ ၇၁၁၊)**

၈။ **ဥပါသကစဏ္ဍာလဖြစ်ကြောင်း အင်္ဂါ ၅-ပါး**

(၁) အဿဒ္ဓေါ ဟောတိ= သဒ္ဓါတရားမရှိ။

(၂) ဒုဿီလော ဟောတိ= သီလမရှိ။

(၃) ကောတူဟလမင်္ဂလိကော ဟောတိ=အထူးအဆန်းဖြစ်သော ဒိဋ္ဌ သုတ မုတကို မင်္ဂလာဟု အယူရှိ၏။

(၄) မင်္ဂလံ ပစ္စေတိ, နော ကမ္မံ= ဒိဋ္ဌ သုတ မုတမင်္ဂလာကို ယုံကြည်၏၊ ကံကို မယုံကြည်။

(၅) ဣတောစ ဗဟိဒ္ဓါ ဒက္ခိဏေယျံ ပရိယေသတိ၊ တတ္ထ စ ပုဗ္ဗကာရံ ကရောတိ= ဤဘုရားသာသနာမှ ပြင်ပ၌လည်း အလှူခံထိုက်သော ပုဂ္ဂိုလ်ကိုရှာမှီးရုံသာမက, ထိုသာသနာပြင်ပ၌ ရှေးဦးစွာ ပြုအပ်သော ဒါန မာနန စသော အမှုကိုပြု၏။ (ဋ္ဌ၊ ၂၁၀။)

၉။ ဆိန္ဒေ စေ ပျသိနာသီသံ၊ နေဝ ဗုဒ္ဓံ "န ဗုဒ္ဓေါ"တိ။
နေဝ ဓမ္မံ "န ဓမ္မော"တိ၊ နာဟံ ဝဒေ "န သံဃော"တိ။ (ဝတ္ထုဂါထာ)

**အမှာ** ဆိန္ဒေ-ဆိန္ဒေယျ၊ ဝဒေ-ဝဒေယျံ-ဟုပြင်၍အနက်ပေး။

၁၀။ **ပါဏုပေတံ-၌ ဥပေတံ-ဝယ်အန္တတ္ထကိုရှု၍ ဘာဝစေသည်ထုတ်ပုံ။**

✣ ဥပေတံ-၌ အန္တတ္ထအရ ရတနာသုံးပါးကို သည်းကပ်သော အဇာတသတ်မင်း၏ သဒ္ဓါသတိ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိင်္ဂါရ ရသ၊

✣ ရတနာသုံးပါးသည် အာရမ္မဏဝိဘာဝ၊

✣ ရတနာသုံးပါး၏ ဂုဏ်တော်များသည် ဥဒ္ဒီပနဝိဘာဝ၊

✣ မျက်မှောက်တမလွန် ကောင်းကျိုးတရားများသည် အနုဘာဝမည်၏။

## ဝါကျဥယျာဉ် (၂၀၂)

(က) ဧဝံ အတ္တသန္နိယျာတနေန သရဏံ ဂန္တွာ အတ္တနာ ကတံ အပရာဓံ ပကာသေန္တော "**အစ္စယော မံ ဘန္တေ**"တိ အာဒိမာဟ။

(ခ) တတ္ထ **အစ္စယော**တိ အပရာဓော။ **မံ အစ္စဂမာ**တိ မံ အတိက္ကမ္မ အဘိဘဝိတွာ ပဝတ္တော။

(ဂ) **ဓမ္မိကံ ဓမ္မရာဇာနန္တိ** ဧတ္ထ ဓမ္မံ စရတီတိ ဓမ္မိကော။ ဓမ္မေနေဝ ရာဇာ ဇာတော, န ပိတုဃာတာဒိနာ အဓမ္မေနာတိ ဓမ္မရာဇာ။

(ဋ္ဌ၊ ၂၁၁။ ဋီသစ်၊ ၁၉၂။ နေရင်း၊ ၂၄၇။ ပခုက္ကူ၊ ၃၀၂။ ဘာသာဋီကာ၊ ၂၆၄။ ဂဏ္ဌိ၊ ၄၃၃။)

http://www.dhammadownload.com



၁။ (က) ဝါကျကို အာဟ-ကြိယာ၏ ကတ္တားထည့်စွက်၍ (ခ) ဝါကျကို တတ္ထအစွဲစနစ်ကျစေလျက် အနက်ယောဇနာပါ။
၂။ (က) ဝါကျကို စနစ်တကျသာဘောဂပုစ္ဆာတက်၍၊ (ခ) ဝါကျကို အနုသန္ဓေတက်ပါ။
၃။ (က) ဝါကျကို စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။
၄။ အပရာဓ-ပုဒ်ကို ဝစနတ္တပြု၍၊ ဝစနာဒိဆက္ကထုတ်ပါ။
၅။ ပကာသေန္တော-ကို ဟိတ်ပြင်၍၊ သမ္ဗန်ခံ စာစပ်ပါ။
၆။ (ခ+ဂ+ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ အစ္စယ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ ဓမ္မိကံ ဓမ္မရာဇာနံ-၌ ဓမ္မ-အရကို ဖော်ပြပါ။
၉။ ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ-ဂါထာကိုဆန်းစစ်၍ ဂါထာအမည်, ဆန်းအမည်ကိုလည်း ပေးခဲ့ပါ။
၁၀။ (က) ဝါကျ၌ အာဟ-ဝယ် ဓာတွတ္ထရှု၍ ဘာဝစသည်ထုတ်ပါ။

====================

၁။ (က) ဝါကျ အာဟ-၏ ကတ္တားကို ရာဇာ-ဟုထည့်။

(ခ) ပကာသနကြိယာယ။ ကရကဘူတေ။ မြူဓာတုယာ။ ကမ္မဘူတေ။ တတ္ထတသ္မိံ "အစ္စယော မံ ဘန္တေ"တိ အာဒိဝစနေ။ ၌။

၂။ **(က) ဝါကျ ပုစ္ဆာ**

ဆရာ-အဇာတသတ်မင်းသည် အစ္စယော မံ ဘန္တေ-အစရှိသော စကားရပ်ကိုလျှောက်ဆို၏၊ ပါကုပေတံသရဏံဂတံ-ဟူသော စကားရပ်ဖြင့်ပင် မိမိကိုယ်ကိုရတနာသုံးပါးအား အပ်နှင်းခြင်းဖြင့် (ဝါ) အပ်နှင်းကြောင်းသရဏဂုံဖြင့် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပြီးဖြစ်သည် မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် အစ္စယော မံ ဘန္တေ-အစရှိသော စကားရပ်ကို လျှောက်ဆိုပါသနည်း။ စုဒ်ကြောင့် (က) ဝါကျမိန့်။

**မှတ်ချက်** စကားနှစ်ရပ်သန္ဓေစပ်က- စသော နိယံနှင့်အညီတက်ခြင်းပင်ဖြစ်သည်။

**(ခ) ဝါကျ အနုသန္ဓေ**

ဤသို့(က) ဝါကျဖြင့် အစ္စယော မံ ဘန္တေ-စသော ပါဠိတော်၏ အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထ ကိုပြုပြီး၍ ယခုအခါ၌ အဝယဝတ္ထကို ပြလိုသောဆရာသည် (ခ) ဝါကျမိန့်။

၃။ **(က) စတုက္ကထုတ်ပုံ။**

(က) နနု ဝေ အတ္ထသန္နိယျာတနေန သရဏံ ဂတော။
(ခ) အထ ကသ္မာ "အစ္စယော မံ ဘန္တေ"တိ အာဒိမာဟ။
(ဂ) နနု အတ္တနာ ကတံ အပရာဓံ ပကာသေန္တော ဟောတိ။
(ဃ) တသ္မာ- အာဒိမာဟ။

၄။ အပရဇ္ဈတိ ဧတေနာတိ အပရာဓော။ (သီဠိသစ်၊ ၁၉၂။)
ပြစ်မှားခြင်း ကြိယာသကတ်သည် ဝစနယောတု၊
မိဘ စသည်ကို ပြစ်မှားကြောင်းဖြစ်သော အကုသိုလ်ဓမ္မဟူသော အပြစ်သည် ဝစနီယ၊
အစ္စယော-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ ပကာသေန္တော-ကို ပကာသေန္တတ္တာ-ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို- အဇာတသတ္တုနော ရညော- ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)

http://www.dhammadownload.com



၆။ (၁) ဝါကျ အပရာဓော-ဖြင့် အစ္စယနံ့ သာရမရိယာဒံ အတိက္ကမ္မ မဒ္ဒိတွာ ပဝတ္တနံ အစ္စယော-ဟု ဝစနတ္ထပြု၍ အစ္စယ-အရ ကာယိက စသောလွန်ကြူးခြင်းဟု ဆိုအပ်သော အပြစ်ကိုယူရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ+သရုပ်ကြား အဘိဓေယျတ္ထ) (တနည်း) အပရာဓော-ဖြင့် အစ္စေတိ အဘိဘဝိတွာ ပဝတ္တတိ စေတနာတိ အစ္စယော-ဟု ဝစနတ္ထပြု၍၊ အစ္စယ-အရ ကာယိက စသောလွန်ကြူးခြင်းကို ဖြစ်စေတတ်သော အကုသိုလ်တရားဟု ဆိုအပ်သော အပြစ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေနတ္ထ+အဘိဓေယျတ္ထ)

- **အစ္စယနံ့ သာရမရိယာဒံ အတိက္ကမ္မ မဒ္ဒိတွာ ပဝတ္တနံ အစ္စယော၊ ကာယိကာဒိအဇ္ဈာစာရ သင်္ခါတော ဒေါသောတိ အာဟ "အပရာဓော"တိ၊ အစ္စေတိ အဘိဘဝိတွာ ပဝတ္တတိ စေတနာတိဝါ အစ္စယော၊ ကာယိကာဒိ ဝီတိက္ကမဿ ပဝတ္တနကော အကုသလစေတနာသင်္ခါတော ဒေါသော ဝေ၊ သော စ အပရဇ္ဈတိ စေတနာတိ အပရာဓောတိ ဝုစ္စတိ။ (သီဋီသစ်၊ ၁၉၂။)**

(၁) မံ အတိက္ကမ္မ အဘိဘဝိတွာ ပဝတ္တော-ဖြင့် အစ္စဂမာ-၌ (အတိ ရှေးရှိသော ဂမု+ဓာတ်+အာ- ဝိဘတ်) အတိ-၏ အတိက္ကမန, အဘိဘဝန အနက်ဟောသည်၏ အပြစ်ကို လည်းကောင်း, (ဥပသဂ္ဂလိင်္ဂတ္ထ) ဂမု-ဓာတ်၏ ပဝတ္တနဂတိ အနက်ဟောသည်၏ အပြစ်ကို လည်းကောင်း (ဓာတွတ္ထ) သိစေသည်။

(ဂ) ဓမ္မံ စရတိ-ဖြင့် ဓမ္မိကော-၌ ဏိက-ပစ္စည်း၏ စရတိတဒ္ဓိတ်အနက်၌သက်-လည်းကောင်း၊ ဓမ္မံ စရတီတိ ဓမ္မိကော-ဟု ပြု- လည်းကောင်း သိစေသည်။

ဓမ္မေနေ ဝရာဇာ-ဖြင့် ဓမ္မရာဇာပုဒ်ကို တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကို လည်းကောင်း၊ ဓမ္မနောင် ဧဝ-အနက်ဖြစ်သင့်သည်ကို လည်းကောင်းသိစေသည်။

ဓာတော-ဖြင့် အစပ်သမ္ဗန္ဓအပြစ်ကို သိစေသည်။

န ပိတုဃာတာဒိနာ အဓမ္မေနဖြင့် ဓမ္မေနေဝ-၌ ဧဝ-၏ ဝဝတ္ထဖလအပြစ်ကို သိစေသည်။

၇။ **အစ္စယ-ကား** အတိ+ဣ+ဏ။ ဣ-ကို ပြေ၊ ဧ-ကို အယ-ပြု၊ ဏ-အနုဗန်ချေ၊ အတိအယ- ဟူလိုလျက် တိ-၌-ဣ-ကို ယ-ပြု၊ တျ-ကို စ-ပြု၊ စ-ဒွေဘော်လာ၍ပြီးသည်။
(တနည်း) အတိအယ-ဟူလိုလျက် တိ-ကို စ-ပြု၊ စ-ဒွေဘော်လာ၍ ပြီးသည်။

၈။ **ဓမ္မ-အရ** မင်းကျင့်တရား (၁၀)ပါးကိုယူ။

- **ဓမ္မန္တိ ဒသရာဇဓမ္မံ။ (ဋီသစ်)**

## ရာဇဓမ္မ (၁၀) ပါး။

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိ စ အဝိရောဓနံ။ (ဇာ၊ ၂။ ၉၇။ မဟာဟံသဇာတ်။)

၉။ ဝါကျဥယျာဥ် (၁၅၇) ၌ပြခဲ့ပြီ။

၁၀။ **အာဟ-၌ ဓာတွတ္ထကိုရှု၍ ဘာဝလက္ခဏာရထုတ်ပုံ။**

- အာဟ-၌ ဗြူ-ဓာတ်အရ အစ္စယော မံ ဘန္တေစသော စကားရပ်ကို လျှောက်ဆိုသော အဇာတသတ်မင်း၏ သန္တာန်၌ သတိပညာပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယီဘာဝ+ဓမ္မသိင်္ဂါရ ရသ။
- အစ္စယောမံ ဘန္တေ-စသော စကားတော်သည် အာရမ္မဏဝိဘာဝ။
- ယောနိသောမနသိကာရ, သဒ္ဓမ္မသဝန စသည်သည် ဥဒ္ဒီပနဝိဘာဝ။
- သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်, ကင်းပျောက်ခြင်းအစ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်ခြင်း စသော အကျိုးတရားအဆက်ဆက်သည် အနုဘာဝ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၂၀၃)

(က) **ဇုဒ္ဓိဟောသာ မဟာရာဇ အရိယဿ ဝိနယေတိ** ယော မဟာရာဇ အရိယဿ ဝိနယေ ဗုဒ္ဓဿ ဘဂဝတော သာသနေ ဝုဒ္ဓိ နာမ။

(ခ) ကတမာ ?

(ဂ) ယာယံ အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရိတွာ အာယတိံ သံဝရာပဇ္ဇနာ။

(ဃ) ဒေသနံ ပန ပုဂ္ဂလာဓိဋ္ဌာနံ ကရောန္တော "ယော အစ္စယံ အစ္စယ တောဒိသွာ ယထာဓမ္မံ ပဋိကရောတိ၊ အာယတိံ သံဝရံ အာပဇ္ဇတီ"တိ အာဟ။

(င) **စေ ဝုဍ္ဎိတိ ဇဝံ ဘဂဝတာ ဝုတ္တေ။**

(စ) **ဟာနမ္ပ ဓ ဒါနိ မယံ အနန္တတိ ဇွော ဟာနွာတိ ဝစသာယတ္တော** နိပါတော။

(ဋ္ဌ၊ ၂၁၁။ ဋီသစ်၊ ၁၉၃။ နေရင်း၊ ၂၄၉။ ပဒတ္ထ၊ ၃၀၃။ ဘာသာဋီ၊ ၂၆၇။ ဂဏ္ဌိ၊ ၄၁၄။)

၁။ ဝစသာယတ္တော-ဟုလည်းကောင်း ဝစသာယတ္တော-ဟုလည်းကောင်း ပါဠိနှစ်ထွေရှိရာယင်းနှစ်မျိုး စလုံး-အမှန်ယူ၍ (စ) ဝါကျကိုအနက်ပေးပါ။

၂။ (ဃ) သာဘောဂပုစ္ဆာ (က) ယော-ပုဒ်ကို သဒ္ဒါနည်းစာထွက်ပါ။

၃။ (ဂ-ဃ) ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္က-ထုတ်ပြပါ။

၄။ ဝစသာယတ္တော-ဟုရှိသော ပါဠိ၌ ဝစသာယ-ကို အစိတ်+အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထ-၌ ဆက္ကထုတ်ပြပါ။

၅။ (ဃ) ၌ ကရောန္တော-ပုဒ်ကို ဟိတ်ပြင်၍ သမ္ဗန်ထုတ်ပြီးလျှင် အနက်အားလျော်စွာ စာစပ်ပါ။

၆။ (က-ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ ဝစသာယတ္တော-၌ သာယ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။

၈။ သာမညဖလသုတ်တရားတော်ကို ကြားနာရသဖြင့် အဇာတသတ်မင်းအား ရအပ်သော ဒိဋ္ဌဓမ္မ အကျိုး, သမ္ပရာယိကအကျိုးများကို ဖော်ပြပါ။

၉။ ယေကေစိ ဗုဒ္ဓံသရဏံ ဂတာသေ (ဋ္ဌ၊ ၂၀၈) ဂါထာကို သန်းစစ်၍ ဂါထာအမည် ဆုန်းအမည် ပေးခဲ့ပါ။

၁၀။ အထက်ပါ ဂါထာ-၌ ဂတာသေ-ကိုရှု၍ ဘာဝစသည်ထုတ်ပါ။

==================

၁။ ဝစသာယတ္တော-စကားနှင့်စပ်သည်၏အဖြစ်၌။
ဝစသာယတ္တော=စကားကို ပြီးဆုံးစေခြင်းဟူသော အနက်၌။ (ပဒတ္ထ၊ ၃၀၄)

- **ဝစသာယတ္တေတိ ဝစသာ အာယတ္တေ။ ဝါစာ ပဋိဗန္ဓတ္တေတိ ဒေန္တိ။ (သီဋီသစ်)**
- **ဝစသာယတ္တေတိ ပန ဝါစာပရိယောသာနတ္တေ။ (သီဋီသစ်)**

၂။ **(ဃ) ဝါကျ-သာဘောဂပုစ္ဆာ**

ဆရာ-သည် (ဂ) ဝါကျဖြင့် "ယာယံ အစ္စယံ အစ္စယတော"စသည်ဖြင့် ဓမ္မအားဖြင့် ညွှန်ပြခြင်းကို ပြတော်မူ၏။ ပါဠိတော်၌ "ယောအစ္စယံ"စသည်ဖြင့် ပုဂ္ဂိုလ်အားဖြင့် ညွှန်ပြခြင်းကို ပြုအပ်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ယာယံ-စသည်ဖြင့် ဓမ္မအားဖြင့် ညွှန်ပြခြင်းကို ပြဆိုပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်အား** ပါဠိတော်၌ ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာကို ပြလိုသည်ဖြစ်၍ ယော အစွယ် စသည်ဖြင့် ဟောတော်မူသည်။ အနက်ကိုကား ဓမ္မာဓိဋ္ဌာန်အားဖြင့် မှတ်သားရမည်ဟု ငါပြဆိုပါ၏ ဟူလိုသော်။

◆ **ကသ္မာ ပန "ယာယ"န္တိ အာဒိနာ ဓမ္မနိဒ္ဒေသော ဒဿိတော၊ နနု ပါဠိယံ "ယော အစွယ" န္တိ အာဒိနာ ပုဂ္ဂလနိဒ္ဒေသော ကတောတိ စောဒနံ သောဓေတုံ "ဒေသနံ ပနာ"တိ အာဒိ အာရဒ္ဓံ၊ (သီဋီသစ်၊ ၁၉၃၊)**

သော-ကား သည်-ကြောင့် ဝုဒ္ဓိနာမဖြ တုလျှတ်+လိင်တ်စာစပ်။

**သောပုဒ်သို့ သဒ္ဒါနည်း ပုစ္ဆာထွက်ပုံ**

သရာ-သည် ဝုဒ္ဓိနာမဟူသော လိင်တ်ကိုဆို၏။ ယင်း၏တုလျှတ်ကား အဘာယ်ပါနည်း၊ စုဒ်ကြောင့် သော-မိန့်။

၃။ **(ဂ+ဃ) ဝါကျကို စတုက္ကထုတ်ပုံ**

(က) နနု ပါဠိယံ "ယော အစွယ"န္တိ အာဒိနာ ပုဂ္ဂလနိဒ္ဒေသော ကတော၊

(ခ) အထ ကသ္မာ "ယာယံ အစွယံ အစွယတော (ပ) သံဝရာပဋ္ဌနာ"တိ ဓမ္မနိဒ္ဒေသော ဒဿိတော၊

(ဂ) နနု ဒေသနံ ပုဂ္ဂလာဓိဋ္ဌာနံ (ပ) အာပဋ္ဌတီတိ အာဟ၊

(ဃ) တသ္မာ (ပ) ဒဿိတော။

**အမှာ** (၂) နံပါတ်ကျမ်းတက် ဋီကာသစ် သာကေနှင့်တိုက်ဆိုင်ကြည့်ပါ။

၄။ ဝုစ္စတေတိ ဝစော။ သာနံ+သာယော။

ဝစသော+သာယော ဝစသာယော။ (ဆဋ္ဌီတပ္ပုရိသ်) (ဘာသာဋီကာ။ ၂၆၈။)

စကား၏+ပြီးဆုံးခြင်း (ဝါ) ပြီးဆုံးစေခြင်းနှင့် သာဓျ+သာဓနစပ် ဝစနပဟေတု။

စကားပြီးဆုံးခြင်း (ဝါ) စကားကိုပြီးဆုံးစေခြင်းသည် ဝစနီယ။

ဝါစာပရိယောသာနော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ဝဒ္ဓတိ သဂ္ဂမောက္ခသမ္ပတ္တိ တေဟာယာတိ ဝုဒ္ဓိ။ (သီဋီသစ်)

ဝိနေတိ သတ္တေ ဧတေနာတိ ဝိနယော။ သာသနံ။ (သီဋီသစ်။ ၁၉၃။)

၅။ ကရော္ဆော်ကို ကရော္ဆတ္တာ ဟုဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို ဘဂဝတောဟုဒံ။ (ကတ္တား+သမ္ဗန်စာစပ်)

၆။ (က) ဝါကျ သော ဝုဒ္ဓိနာမ-ဖြင့် ဝုဒ္ဓိဟောသာ ကို ဝုဒ္ဓိ+သောဟု ပဒစ္ဆေဒပြုရမည်ကို လည်းကောင်း, ပဒသိလိဋ္ဌအကျိုးငှာ ဟ-အက္ခရာလာ၍ ဝုဒ္ဓိဟောသာဟု ရုပ်ပြီးနေသည်ကို လည်းကောင်း သိစေပါသည်။ (တနည်း) ဝုဒ္ဓိ+ဟိ+သောဟု ပဒစ္ဆေဒပြုရမည်ကိုလည်းကောင်း,ယင်းဟိ သဒ္ဒါ၏အနက်မရ နိပါတ်ပုဒ်အဖြစ်ကိုလည်းကောင်း (နိပါတလိင်ပဒ) သိစေပါသည်။

◆ **ဝုဒ္ဓိဟောသာတိဧတ္ထ ဟကာရော ပဒသိလိဋ္ဌတာယ အာဂမော၊ ဟိ-သဒ္ဒေါဝါ ပန နိပါတမတ္တံ၊ (သီဋီသစ်၊ ၁၉၃)**

ဗုဒ္ဓဿ ဘဂဝတော-ဖြင့် အရိယဿ ဝိနယေ၌ အရိယပုဒ်ကို သဒေဝကေန လောကေန "သရဏ"န္တိ အရဏီယော ဥပဂန္တဗ္ဗောတိ အရိယော-ဟုပြု၍ အရိယအရ မြတ်စွာဘုရားကို ယူရမည်ဟု သိစေသည်။

http://www.dhammadownload.com



◆ **သဒေဝကေန လောကေန "သရဏ"န္တိ အရဏီယတော ဥပဂန္တဗ္ဗတော တထာဂတော အရိယောနာမာတိ ဝုတ္တံ "ဗုဒ္ဓသ ဘဂဝတော"တိ။ (သီဋီသစ်၊ ၁၉၃)**

သာသနေ-ဖြင့် ဝိနယေ၌ ဝိ-၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း၊ အ-ပစ္စည်း၏ ကရဏသာဓနအနက်၌သက်-လည်းကောင်း, ဝိနေတိ သတ္တေ ဧတေနာတိ ဝိနယောဟုပြုရမည်ကိုလည်းကောင်း၊ ဝိနယ အရ သာသနာကိုယူ-လည်းကောင်းသိစေပါသည်။ (သီဋီသစ်၊ ၁၉၃)

◆ **နီ နယေ ပါပုဏေ-မှာဒိဓမာဒေါ။ (ဓာတွတ္ထသင်္ဂဟ-၂၁၆)**

ဝုဒ္ဓိနာမ-ဖြင့် ဝုဒ္ဓိသည် ကြိယာသဒ္ဒါမဟုတ်၊ နာမသဒ္ဒါ (ဝါ) သညာသဒ္ဒါ၏အဖြစ်ကို သိစေသည်။

(စ) ဝါကျ ဝစသာယတ္တေ နိပါတော-ဖြင့် ဟန္ဒ-သဒ္ဒါသည် စကားပြီးဆုံးခြင်းအနက်၌ နိပါတ်တည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ)

၇။ **ဝစသာယတ္တေ၌ သာယ-ကား-သာ-စတ်+ဏ ပစ္စည်း။** (ဒါယော-ပုဒ်ကဲ့သို့)သ၏အစိတ်အာကို အာယပြု၍ ပြီးသည်။ (ဋီသစ်၊ ၁၉၄၊ ဘာဋီ၊ ၂၆၈)

၈။ **ဒိဋ္ဌဓမ္မအကျိုးကား-** အိပ်ပျော်ခြင်းကိုရခြင်း, ရတနာသုံးပါးတို့အား များသောပူဇော်သက္ကာရ ပြုရခြင်း, လွန်ကဲသော ပုထုဇဉ်တို့၏ ဥစ္စာဖြစ်သော သဒ္ဓါကိုရခြင်းတို့တည်း။

**သမ္ပရာယိကအကျိုး ကား-** အနှစ်ခြောက်သောင်းမျှဖြင့် လောဟကုမ္ဘီငရဲမှ လွတ်မြောက်နိုင်ခြင်း, ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံရခြင်းတို့တည်း။ (ဌ၊ ၂၁၂)

၉။ ဝါကျဥယျာဉ် (၁၅၇)၌ ဖြေခဲ့ပြီ။

၁၀။ ဝါကျဥယျာဉ် (၁၀၄)၌ ဖြေခဲ့ပြီ။

## ဝါကျဥယျာဉ် ( ၂၀၄ )

### ၁၃၄၃-ခု၊ သကျသီဟ

(က) **ဝုနိပေါသော မဟာရာဇ အရိယဿ ဝိနယေတိ** သော မဟာရာဇ အရိယဿ ဝိနယေ ဗုဒ္ဓဿ ဘဂဝတော သာသနေ ဝုဒ္ဓိနာမ။

(ခ) ကတမာ ?

(ဂ) ယာယံ အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရိတွာ အာယတိံ သံဝရာပဇ္ဇနာ။

(ဃ) ဒေသနံ ပန ပုဂ္ဂလာဓိဋ္ဌာနံ ကရောန္တော "ယော အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောတိ၊ အာယတိံ သံဝရံ အာပဇ္ဇတီ"တိ အာဟ။

၁။ သောအစွဲကို ကျနစေလျက် အရိယဿ၌ သဒ္ဒတ္ထ, အဓိပ္ပါယတ္ထထင်စေ၍ (က+ခ) ဝါကျတို့ကို အနက်ယောဇနာပါ။

၂။ (ခ) ဝါကျ ပုစ္ဆာ၊ (ဃ) ဝါကျ အယုတ္တစောဒနာတက်ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)

၃။ (က+ခ+ဂ+ဃ) ဝါကျတို့ကိုအကြောင်းပြု အမည်ပေး၍၊ အစ္စယတောကို နည်းမျိုးစုံစာစပ်ပါ။

၄။ အရိယဿကို ဌာနာနုရူပ ဝိဂ္ဂဟပြု၍ ဉာဏ်ကောက်ပြပါ။

http://www.dhammadownload.com



၅။ နာမကိုလိင်, ဂိုဏ်း, ကာရန်၊ ယထာမွေ့ကို တတိယာ, သင်္ခ်ာ့သတ္တမီဝိဘတ်တို့ဖြင့် နာမပဒမာလာ၊ ဝုဓိ္ဓ ဓာတ်ကိုယူ၍ တိ အန္တဖြင့် ဂဏာနုရူပပဒမာလာစဉ်ပြပါ။

၆။ (က) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ မာန္နာတိ ဝဝဿဂ္ဂတ္တေ နိပါတော-၌ ဝဝဿဂ္ဂတ္တေ+ဝစသဂ္ဂတ္တေ+ဝစသာယတ္တေ, ဝစသာယတ္တေ ဟု ပါဌ်အမျိုးမျိုးရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။

၈။ ယထာမွေ့ ပဋိကရောတိ၌ ယထာမွေ့အရနှင့် ယထာမွေ့ ပဋိကရဏ အဓိပ္ပါယ်ကိုရေးပါ။

၉။ (ဂ) ဝါကျရှိ စုဏ္ဏိယကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဂါထာစီကုံးခဲ့ပါ။

၁၀။ ယထာမွေ့ ပဋိကရောတိ-၌ အန္တတ္တအရကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

===================

၁။ (က) သော= ဤသို့အပြစ်အားဖြင့်မြင်၍ ကုသိုလ်တရားအားလျော်စွာ ကုစားပြီး၍ အယတိံသံဝရသို့ ရောက်ခြင်းသည်။ (ပခုက္ကူ၊ ၃၀၃၊)

◆ **သောတိ ယထာမွေ့ ပဋိကိရိယာ, အာယတိံ သံဝရာပဇ္ဇနာ စ၊ (သီဋီသစ်၊ ၁၉၃)**

အရိယဿ= နတ်နှင့်တကွသော လောကသည် ကိုးကွယ်လဲလျောင်းပုန်းအောင်းမှီခိုရာဟူ၍ မှီဝဲ သည်းကပ်အပ်သောမြတ်စွာဘုရား၏။ (သဒ္ဒတ္ထ) (သီဋီသစ်၊ ရှေးဝါကျ၌ ရေးခဲ့ပြီ။) (ဝါ) အရိယာ ဖြစ်တော်မူသော မြတ်စွာဘုရား၏ (အဓိပ္ပါယတ္ထ)

၂။ **(ခ) ဝါကျပုစ္ဆာ**

ဆရာ-သည် (က) ဝါကျဖြင့် ဝုဒ္ဓိဟေသာကို သော ဝုဒ္ဓိနာမဟုဖွင့်ပြတော်မူ၏။ ယံတံ သဒ္ဒါ နိစ္စသမ္ဗန္ဓာ-ဟူသော ပရိဘာသာအရ ယ-သဒ္ဒါ့ တ-သဒ္ဒါတို့သည် နိစ္စသမ္ဗန္ဓ-ဖြစ်ရကား ဤ၌ တေ-ဟူသော နိယတ်၏ သမ္ဗန္ဓ-ကိုလည်းပြဆိုသင့်သည် မဟုတ်ပါလော။ ယင်း-တေ-ဟူသော နိယတ်၏ သမ္ဗန္ဓ-ကား အဘယ်ပါနည်း။ စုဒ်-ကြောင့် (ခ) ဝါကျကိုမိန့်၏။

**အမှာ** ဤကား(ခ-ဂ) နှစ်ဝါကျကို မျှော်၍ အောက်ပါဋီကာသစ်နှင့်လျော်အောင် ကျမ်းတက်ခြင်း ဖြစ်သည်။

◆ **ကတမာပန သာ၊ ယာ "သော"တိ နိဒ္ဒိဋ္ဌာ ဝုဒ္ဓီတိ စောဒနံ-မပနေတုံ "ယော အစ္စယံ"န္တိ အာဒိ ဝုတ္တန္တိ သမ္ဗန္ဓံ ဒဿေတိ"ကတမာ"တိ အာဒိနာ၊ ယာ အယံ သံဝရာပဇ္ဇနာ၊ သာ "သော"တိ နိဒ္ဒိဋ္ဌာ ဝုဒ္ဓိ နာမာတိ အတ္ထော၊ (သီဋီသစ်၊ ၁၉၃)**

(တနည်း) ကတမာ-ဟူသော (ခ) ဝါကျကိုသာရှု၍ ကျမ်းတက်လိုလျှင်-ယင်း(က) ဝါကျစကားရပ်နှင့် ပတ်သက်၍ ဖြစ်သင့်သော ကထေတုကမျတာပုစ္ဆာကား အဘယ်ပါနည်း ဤသို့စသည်ဖြင့် တက်လေ။

(ဃ) အယုတ္တစောဒနာရှေးဝါကျ၌ ရေးခဲ့ပြီ။

၃။ (က) ပက္ခန္တရ ။

(ခ) ဝါကျသည် ဝုဒ္ဓိဟေသာ-ကို သောဝုဒ္ဓိနာမ-ဟု ဖွင့်ဆိုရာ၌ ဖြစ်သင့်သောကထေတုကမျတာ ပုစ္ဆာ-ကို ဆက်ပြသောကြောင့် ဝါကျာရမ္ဘ။

(ဂ) ဝါကျသည် ပရိဟာရကိုပြသောကြောင့် ပရိဟာရ(ပက္ခန္တရ)

(ဃ) ဝါကျသည် ပါဠိတော်၌ "ယောအစ္စယံ"စသည်ဖြင့် ပုဂ္ဂလနိဒ္ဒေသ-ကို ပြပြီးဖြစ်ပါလျက် အဘယ့်ကြောင့် "ယာယံ"စသည်ဖြင့် ဓမ္မနိဒ္ဒေသကိုပြပါသနည်း-ဟု မေးဘွယ်ရှိ၍ ဆက်တက်သောကြောင့် ဝါကျာရမ္ဘ။

http://www.dhammadownload.com



**စာစပ်** အစွယတော-ကား အားဖြင့်-ဟူ၍အနက်ပေးသောကြောင့် ဒိသွာ-၌ ကြိယာဝိသေသန+ကြိယာဝိသေသျ- စာစပ်။

(တနည်း) အစွယတော-ကား "ဟူ၍"ဟူ၍ အနက်ပေးသောကြောင့် ဒိသွာ၌ အာကာရ+အာကာရဝန္တ။

၄။ သဒေဝကေန လောကေန "သရဏ"န္တိ အရဏီယော ဥပဂန္တဗ္ဗောတိ အရိယော။ (အရ+ဏျ)

အရဓာတ်အရ ကတ္တုဒ္ဒကြိယာကား ကိုးကွယ်ဆည်းကပ်သော အခြင်းအရာအားဖြင့် ဖြစ်သော နတ်လူတို့၏ သန္တာန်၌ဖြစ်သော သဒ္ဓါ, ပညာပြဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။

ကမ္မဒ္ဒကြိယာ-အရကားထိုအားတပ်သော မြတ်စွာဘုရား၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာရတ္တ-အားဖြင့်ရ၏။

ဏျ-ပစ္စည်းအရကား မြတ်စွာဘုရားရ၏။

၅။ ဝုမိနာမ-၌ နာမ-ကားအလိင်၊ ဂဏဝိမုတ်၊ အ-ကာရန်ဖြစ်သည်။

**ယထာမေ့ဓပဒမာလာစဉ်ပုံ။**

ယထာမေ့ ယထာဝေမွေန၊ ယထာမေ့-ယထာဝေမွေဟိ ယထာဝေမွေဘိ။ (တတိယာ)

ယထာမေ့ ယထာမွေဿ၊ ယထာမေ့ ယထာမွောနံ။ (ဆဋ္ဌီ)

ယထာမေ့ ယထာဝေမွေ၊ ယထာမွေမှိ ယထာမွေသ္မိ၊ ယထာမေ့ ယထာဝေမွေသု။ (သတ္တမီ)

◆ **န ပဥ္စမျာယ+မ်ဘာဝေါ၊ ကွစိတိ အဓိကာရတော။**

**တတိယာ သတ္တမီ ဆဋ္ဌီ-နန္နံ ဟောတိ ဝိကပ္ပတော။(ရူ။)**

ဝုမိ-၌ ဝမု-ဓာတ်ယူ၍ ယင်း-ဝမု-ဓာတ်သည် ဤ၌-ဝမုန အနက်ကိုဟောရကား ဘူဝါဒိတမျိုးသာ ဖြစ်သင့်သည်၊ ထို့ကြောင့် ဝမုတိ ဝမုန္တိ-ဟုစဉ်။

◆ **ဝမော ဘူ ဝမေ။ (ဓာတွတ္ထသင်္ဂဟ။ ၃၅၃။)**

၆။ ရှေးဝါကျ၌ ဖြေခဲ့ပြီ။

၇။ **ဝစသာယတ္တေတိ** ဝစသာ အာယတ္တေ။ ဝါစာပဋိဗဒ္ဓတ္တေတိ ဝဒန္တိ၊ တံ "သောဟီ"တိ အာဒိနာ ဝိရုဇ္ဈ ဝိယ ဒိဿတိ။ (သီဋီသစ်၊ ၁၉၄။)ကို ထောက်၍ ဝဒန္တိဝါဒယူသသော ဝစသာယတ္တေ ပါဌ်သည် သော ဟိ ဂမနဝစသာယံ-ဟူသောနောက်ဝါကျစကားရပ်နှင့်ဆန့်ကျင်နေသောကြောင့် **ဝစသာယတ္တေ**- ဟု ရှိသောပါဌ်မသင့်ပါ။

**ဝစသာယတ္တေတိ** ပန ဝါစာပရိယောသာနတ္တေတိ အတ္ထော ယုတ္တော ဩသာနကရဏတ္တာဿ သာ-သဒ္ဒဿ ဝသေန အာယသဒ္ဒနိပ္ဖတ္တိတော ယထာ "ဒါယော"တိ။ ဟူသော သီဋီသစ်ကိုထောက်၍ ဒါယော-၌ အာ-ကို အာယပြု၍ ပြီးသကဲ့သို့ ဝစသာယတ္တေ၌ ဩသာနကရဏအနက်ရှိသော သာ-ဓာတ်ကို သာယ-ပြု၍ ဝစသာယတ္တေ-ဟုရုပ်ပြီးသောကြောင့်လည်းကောင်း, ပဒုက္ကူ+ဘာသာဋီကာတို့၌လည်း ယင်းပါဌ်ကိုပင် ပါဌ်မှန်အဖြစ် ဆုံးဖြတ်ကြသောကြောင့်လည်းကောင်း **ဝစသာယတ္တေ** ဟုရှိသော ပါဌ်သင့်သည်။

**ဝေ ဟန္ဒတ္ထူစွေတေ ဝစသာဝဂ္ဂတ္တေ** ဟူသော နီတိသုတ္တနှာ-၃၉၀-ကိုထောက်၍ **ဝစသာဝဂ္ဂတ္တေ** ပါဌ်လည်း သင့်သည်။

ဟန္ဒသဒ္ဒဥ္စ စောဒနတ္တေ, **ဝစသာဝဂ္ဂတ္တေစ** ဣစ္ဆန္တိ။ ပ။ **ဝစသာဝဂ္ဂေါစနာမ** ဝါစာဝိဿဇ္ဇနံ၊ တဥ္စ ဝါစာပရိယောသာနမေဝါတိ ဒဋ္ဌဗ္ဗံ-ဟူသော သီဋီသစ် (နှာ-၁၉၄) ကိုထောက်၍ ဟန္ဒ သဒ္ဒါသည်

http://www.dhammadownload.com



တိုက်တွန်းခြင်း= စောဒနာအနက်, စကားကို စွန့်လွှတ်ခြင်း ဝစသဂ္ဂအနက်၌ဖြစ်၏။ ထိုတွင် ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ-စသော ပါဠိရပ်၌ ဟန္ဒ-သဒ္ဒါသည် စောဒနတ္ထ၌ ဖြစ်သည်။ "ဟန္ဒ ဒါနိ အပါယာမိ" စသော ပါဠိရပ်၌ ဝစသဂ္ဂတ္ထ-၌ ဖြစ်၏။ ဝစသဂ္ဂ မည်သည်လည်း စကားကို စွန့်လွှတ်ခြင်း = ဝါစာဝိဿဇ္ဇနပင်တည်း။ ဝါစာဝိဿဇ္ဇနဟူသည်လည်း စကားကိုပြီးဆုံးစေခြင်း = ဝါစာပရိယောသာနပင်တည်း။ ထို့ကြောင့် ဝစသဂ္ဂတ္ထေ-သည် ဝစသာယတ္ထေ-နှင့်အဓိပ္ပါယ်တူ သောကြောင့် ဝစသဂ္ဂတ္ထေ-ဟု ရှိသောပါဌ်လည်းသင့်ပါသည်။ (သီဋီသစ်၊ ဒု၊ ၁၉၄။)

၈။ **ယထာဓမ္မံ-၌ ဓမ္မ-အရ** သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်သော ကုသိုလ်တရား တည်း။ (ဘာသာဋီကာ။ ၂၆၆။)

ပြုအပ်ပြီးသောအပြစ်ကိုသည်းခံစေခြင်း (ဝါ) တောင်းပန်ခြင်းသည် **ယထာဓမ္မပဋိကရဏ** မည်၏။

✤ **ယထာဓမ္မံ ပဋိကရဏံနာမ ကတာပရာဓဿ ခမာပနမေဝ။ (သီဋီသစ်၊ ၁၉၃)**

၉။ **(ဂ) ဂါထာစီ**

အစ္စယစ္စယတော ဒိသွာ၊ ပဋိကတွာ ယထာဓမ္မံ။
ယာ အယံ အာယတိံ ဝုဒ္ဓိ၊ သံဝရာပဇ္ဇနာ သော။ (ဝတ္တဂါထာ)

၁၀။ ✤ ယထာဓမ္မံ ပဋိကရောတိ-၌ အန္တတ္ထအရ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ကုသိုလ် စိတ္တုပ္ပါဒ် ကိုယူ၍၊ ထိုသည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂါရ ရသ၊
✤ ပြုအပ်ပြီးသောအပြစ်သည် အာရမ္မဏဝိဘာဝ၊
✤ အပြစ်ကို အပြစ်ဟုမြင်ခြင်း, ယောနိသောမနသိကာရ, သပ္ပုရိသူပနိဿယ, သဒ္ဓမ္မဿဝန စသည်သည် ဥဒ္ဒီပနဝိဘာဝ၊
✤ နောင်အခါ စောင့်စည်းခြင်းစသော အကျိုးတရား အဆက်ဆက်သည် အနုဘာဝ။

## ဝါကျဥယျာဉ် ( ၂၀၅ )
### ၁၃၃၅-ခု၊ သကျသီဟ၊

(က) **ခဏာယံ ဘိက္ခဝေ ရာဇာ** ခဏော အယံ ဘိက္ခဝေ ရာဇာ။ ဥပဟတာယန္တိ ဥပဟတော အယံ။
(ခ) ဇူတံ ဝုတ္တံ ယောတိ-အယံ ဘိက္ခဝေ ရာဇာ ခဏော ဥပဟတော ဘိန္နပတိဋ္ဌော ဇာတော။
(ဂ) တထာနေန အတ္တနာဝ အတ္တာ ခတော၊ ယထာ အတ္တနော ပတိဋ္ဌာ န ဇာတာတိ။
(ဌ၊ ၂၁၂။ သီဋီသစ်။ ၁၉၅။ ပခုက္ကူ။ ၃၀၅။ ဘာသာဋီကာ။ ၂၇၀။ ဂဏ္ဌိ။ ၄၁၅။)

၁။ အထက်ပါဝါကျတို့ကို အတ္တယောဇနာ နည်းထုံးကျကျ အနက်ပေးပါ။
၂။ (ခ) ဝါကျကို အနုသန္ဓေတက်၍၊ (ဂ) ဝါကျကိုသာဘောဂစောဒနာတက်ပါ။
၃။ (က) စသောဝါကျတို့ကို အကြောင်းပြအမည်ပေး၍၊ (ဂ) နိယမဝါကျကိုသာ သဒ္ဒါနည်းစာစပ်ပါ။
၄။ ဘိန္နပတိဋ္ဌော-ကို အစိတ်+အပေါင်းဝစနတ္ထပြု၍၊ အပေါင်းဝစနတ္ထကိုသာ ဉာဏ်နည်းကောက်ပါ။

http://www.dhammadownload.com



၅။ ဘိန္နပတိဋ္ဌော-၌ အစ-ပုဒ်ကို လိင်, ဂိုဏ်းညွှန်ပြ၍ ယင်း၌ဓာတ်ကိုယူပြီး ဠာဓာဓိပ္ပေတတ္ထ အားလျော်စွာ ဝတ္ထမာန်အတ္တနောပုဒ် ပထမပုရိသ်ဖြင့် အာချာတပဒမာလာစဉ်ပြီးလျှင် အတ္တနာဝ-၌ အတ္တနာ-ပုဒ်၏ ပဒ, ဝိဘတ္တိ, ဝိဘတျတ္ထတို့ကို ဖော်ပြပါ။

၆။ (ခ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ (ဂ) ဝါကျ၌ ခဇတာ ဥပဟတော-ဟူ၍လည်းကောင်း၊ ခတော-ဟူ၍လည်းကောင်း ပါဠ်နှစ်ထွေ ရှိရာ သင့်သောပါဠ်ကို အကြောင်းပြဖြေဆိုပါ။

၈။ (ဂ) ခတော ဥပဟတော-၌ တူးဖြိုအပ် ဖျက်ဆီးအပ်သောတရားကို မှန်ကန်စွာ ဖော်ပြ၍ ယင်းနှစ်ပုဒ်ဖြင့်ပြအပ်သော ဒဿနကိုလည်း အကြောင်းပြဖြေဆိုပါ။

၉။ ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ-ဂါထာကို အဓိပ္ပါယ်မပျက်စေဘဲ ပဗျာဝတ္တ-ဂါထာ ပြန်လည် စီကုံး၍ အနက်ပေးပြပါ။

၁၀။ (က) ခတော-၌ ဓာတွတ္ထကို ကိုယ်ပြု၍ ဘာဝ-စသည်စုံလင်စွာ ထုတ်ပြပါ။

==================

## ၁။ "ဠာဒံ ဝုတ္တံ ဟောတိ"အနက်ပေးပုံ။

ဠာဒံ ပိဋ္ဌကတ္ထဇာတံ၊ ဤအပေါင်းဖြစ်သော အနက်သဘောသည်။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ။ ဖြစ်၏။

ဤကား **"ကံဟောမှန်ဘိ၊ ကိတ်ကြိယာ၊ နောက်မှာတပါး၊ အာချာတ်သွားက၊ ကတ္တားတဖန်၊ ဖြစ်တုံပြန်၊ ချင်းကံလည်းကောင်း၊ ကတ္တားတည်း"**ဟူသော ဘုရားကြီးနိုယ် (၂၃၅)နှင့် **"ကြိယာပေက္ခ၊ ကိတ်ပဒမှာ၊ နှစ်ဖြာပေက္ခ၊ မရှိလှ၍၊ ဝါစ္စမဌ်၊ ဖြစ်ပြန်ခဲ့ရာ၊ ချင်းဝါစ္စာကို၊ ကတ္တားဆို၊ စပ်လိုနောက်အာချာတ်"**ဟူသော ရွှေရေးဆောင်နိယံ (၅၁၈)တို့အလို အနက်ပေးပုံတည်း။

(တနည်း) ဠာဒံပိဋ္ဌကတ္ထဇာတံ၊ ဤအပေါင်းဖြစ်သောအနက်သဘောကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။

ဤကား **"အာချာတ်တပါး၊ ရှိပါငြားလျက်၊ ကတ္တားကိုကံ၊ ပြန်လိုပြန်မူ၊ အပါဒါန်မှာ၊ စပ်လေပါ၊ မိန့်မှာတနည်းမှတ်"** ဟူသော ရွှေရေးဆောင်နိယံ (၅၁၇) အလိုတည်း။

**မှတ်ချက်** အထက်ပါနိယံများကို ခြုံလိုက်သည့်အခါ ဠာဒံ ဝုတ္တံ ဟောတိ-၌ ဠာဒံ-ကို ကတ္တားအနက်, ကံအနက်နှစ်မျိုးပေးနိုင်သည်။ ဝုတ္တံ-ကိုကားကတ္တားအနက် တစ်မျိုးသာပေးရမည်။

### (ဂ) ဝါကျ နည်းထုံးကျကျ အနက်ပေးပုံ

ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ (အတ္တနာဝ၊ မိမိကိုယ်တိုင်သာလျှင်။ အတ္တနိ၊ မိမိကိုယ်ကို။ ခနိယမာနေ၊ တူးဖြိုအပ်သည်ရှိသော်) အတ္တနော၊ ၏။ ပတိဋ္ဌာ၊ တည်ရာသည်။ န ဇာတာ၊ မဖြစ်နိုင်။ တထာ၊ ထိုမိမိ၏တည်ရာ မဖြစ်နိုင်လောက်အောင်သော အခြင်းအရာအားဖြင့်။ အနေန ရညာ၊ သည်။ အတ္တနာဝ၊ လျှင်။ အတ္တာ၊ ကို။ ခတော၊ ပြီ။ ဠာတိ။ ဝုတ္တံ။ ဟောတိ။

* **ယထာတထာ၊ ဥပမာမဟုတ်၊ ယင်းသို့ထုတ်မူ၊ တထာစပ်ရာ၊ ကြိယာသည်၊ မှန်စွာလက္ခဏာ ဖြစ်မြဲ။**

## ၂။ (ခ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့(က) ဖြင့် ခတာယံ-ကို ခတော+အယံ-ဟုလည်းကောင်း၊ ဥပဟတာယံ-ကို ဥပဟတော+အယံ-ဟုလည်းကောင်း ပဒစ္ဆေဒပြုရမည်ဟုပြပြီး၍ ယခုအခါ၌ ခတာယံ ဘိက္ခဝေ ရာဇာ စသော ပါဠိရပ်တို့၌ ယောဇနာနှင့်တကွပိဋ္ဌကတ္ထကို ပြလိုသောဆရာသည် (ခ) မိန့်။

http://www.dhammadownload.com



**အမှာ** ဤကား "ဣဒံ ဝုတ္တံ ဟောတိ"တိအာဒိနာ သဟ ယောဇနာယ ပိဏ္ဍတ္ထံ ဒဿေတိ-ဟူသော (သီဋီသစ်။ ၁။ ၂၃၂။)ကို နည်းမှီး၍ကျမ်းတက်ခြင်း ဖြစ်သည်။ (ဝါကျဥယျာဉ်၊ ၃၆။ ပြန်ကြည့်။)

## (ဂ) ဝါကျ သာဘောဂဗေဓာအနာတက်ပုံ။

ဆရာ၊ ဆရာသည်(၁) ဖြင့် ဤအဇာတသတ်မင်းသည် ဘိန္နပတိဋ္ဌ= ဖျက်ဆီးအပ်ပြီးသော ကုသလူပနိဿယသမ္ပဒါ-ဟူသော မှီရာရှိသော-ဟုဆို၏။ အဘယ်သို့လျှင် (ဝါ) ဘယ်ပုံဘယ်နည်း အဇာတသတ်မင်းသည် ဖျက်ဆီးအပ်ပြီးသော ကုသလူပနိဿယသမ္ပဒါ-ဟူသော မှီရာရှိပါသနည်း။ အဇာတသတ်မင်းအား ဖျက်ဆီးအပ်ပြီးသော ကုသလူပနိဿယသမ္ပဒါ- ဟူသော မှီရာရှိပုံ အခြင်းအရာအကျယ်ကို ဆရာမပြဆိုတော့ပြီလော။ ---သင်္ခေပ+ဝိတ္ထာရ ဆန့်ကျင်သော--- ဝိရောဓိ --၏။ စုဒ်ကြောင့်(ဂ) မိန့်။

◆ **တဒေဝ ဝိတ္ထာရေန္တော "တထာ"တိ အာဒိမာဟ။ (သီဋီသစ်။ ၁၉၅)**

၃။ (က) ပက္ခန္တရ။

(၁) သည် ၁တာယံ ဘိက္ခဝေ ရာဇာ-စသောပုဒ်တို့၏ ယောဇနာနှင့်တကွ ဝါကျပိဏ္ဍတ္ထကို ပြသောကြောင့် ဝိတ္ထာရဝါကျ။

(ဂ) သည် အဇာတသတ်မင်းအား ဘိန္နပတိဋ္ဌဖြစ်ပုံကို ချဲ့ပြသောကြောင့်-- ဝိတ္ထာရ ဝါကျ။

**စာစပ်** တထာ-ကား အားဖြင့်-ဟူ၍--ကြောင့် ၁တော-၌ ကြိယာဝိသေသန, ကြိယာဝိသေသျစပ်။

အနေန-ကား သည်--ကြောင့် ၁တော-၌ အဝုတ္တကတ္တား+အဝုတ္တကတ္တိစပ်။

အတ္တနာ-ကား ကိုယ်တိုင်---ကြောင့် ၁တော-၌ ကြိယာဝိသေသန+ကြိယာဝိသေသျစပ်။

အတ္တာ-ကား ကို--ကြောင့် ၁တော-၌ ဝုတ္တကံ+ဝုတ္တကမ္မိစပ်။

၄။ ဘိန္ဒိယတေ ဝိနာသီယတေတိ ဘိန္နာ။

ပတိဋ္ဌဟတိ သမ္ပတ္တိနိယာမောက္ကမနံ ဧတာယာတိ ပတိဋ္ဌာ။ (တဿ ကုသလူပနိဿယ သမ္ပဒါ) (သီဋီသစ်)

ဘိန္နာ ဝိနာသိတာ ပတိဋ္ဌာ ဧတေနာတိ ဘိန္နပတိဋ္ဌော။ (သီဋီသစ်)

ဘိန္နပတိဋ္ဌ-အရကား ဖျက်ဆီးအပ်ပြီးသော ကုသလူပနိဿယသမ္ပဒါ-ဟူသောတည်ရာ မှီရာသည် မုချအားဖြင့်ရ၏။

ထို၏+အဇာတသတ်မင်းနှင့် ဂုဏ်+ဂုဏေးစပ်-- ဥာနူပစာအားဖြင့်ရ၏။

ဧတ-အရကား ဖျက်ဆီးအပ်ပြီးသော ကုသလူပနိဿယသမ္ပဒါ-ဟူသောတည်ရာမှီရာရှိ-သော အဇာတသတ်မင်းရ၏။

**ဝစနာဒိဆင်္ဃတ္တထုတ်လိုက---** ဝိနာသိတပတိဋ္ဌော၊ ဘိန္နမူလော-စသော ပရိယာယ်ကို ဝစနီယတ္ထထုတ်။

၅။ ဘိန္နပတိဋ္ဌော-၌ ဘိန္န-ဟူသောရှေ့ပုဒ်ကား ဏ္ဍတ္တိလိင်, ကညာဒိဂိုဏ်းဖြစ်သည်။

ဘိန္န-၌ဘိဒ-ဓာတ်, ဘိဒိ-ဓာတ်ဖြစ်သည်။ ဘိဒေါ ရု ဒွိဓာကရဏဝိသေသနေ, ဒိ ဘိဇ္ဇနေ-ဟူသော ဓာတွတ္တသင်္ဂဟ (၂၇၀) အရ ဘိဒဓာတ်သည် ဘိဇ္ဇနေ, ဝိနာသန အနက်ကိုဟောဒိုက် ဒိဝါဒိဂိုဏ်း ဖြစ်သည်။ ဤ၌ ဝိနာသိတာ-ဟုသီဋီသစ်ဖွင့်ထားရကား ဒိဝါဒိဂိုဏ်း ဖြစ်သည်။ ထို့ကြောင့် ဘိဇ္ဇတေ, ဘိဇ္ဇန္တေ, ဘိဇ္ဇတိ, ဘိဇ္ဇန္တိ-ဟုစဉ်။

http://www.dhammadownload.com



**အဇ္ဈနာ-** ကား ကိတ်နာမ်ပုဒ်, နာ-ဝိဘတ်, ပစ္စတ္တအနက်ဖြစ်သည်။

◆ **ပစ္စတ္တေ အဇ္ဈနာ၀ အဇ္ဈနာနံ သမ္ဘူတ၀။ (ကစ္စည်ရိစ-သုတ် ၈-သဒ္ဒါ။ ရှု၊ ၁၄၈)**

(တနည်း) ကြိယာဝိသေသနအနက်ဖြစ်သည်။

◆ **အဇ္ဈနာ၀၊ ကိုယ်တိုင်သောလျှင်။ (ဘာသာဋီကာ၊ တ၊ ၂၇၁)**

(ခ) ၌ ခတော, ဥပဟတော, ဘိန္နပတိဌော, တို့ကို ခတတ္တာ, ဥပဟတတ္တာ, ဘိန္နပတိဋ္ဌတ္တာ-ဟု ဟိတ်ပြင်က "တ္တမသဿ ရဿော-"ဟု သမ္ဗန်ခဲ့။ ကတ္တား+သမ္ဗန်စာစပ်။

၆။ (က) ခတော အယံ-ဖြင့် ခတာယံ-ကို ခတော+အယံ-ဟုပုဒ်ဖြတ်ရမည်ဟု သိစေသည်။

ဥပဟတော အယံ-ဖြင့် ဥပဟတာယံ-ကို ဥပဟတော+အယံ-ဟု ပုဒ်ဖြတ်ရမည်ဟု သိစေ။

(ခ) အယံ ရာဇာ-ဖြင့် ခတော ဥပဟတော-၌ တ-ပစ္စည်း၏ကတ္တားအနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ အခနီတိ ခတော, ဥပဟညတီတိ ဥပဟတော-ဟု ကတ္တုသာဓနဝစနတ္ထပြု-လည်းကောင်း-သိစေပါသည်။ (ဘာသာဋီကာ။ ၂၇၀။)

ဘိန္နပတိဋ္ဌော စာတောဖြင့် ခတော ဥပဟတော-၌ တူးဖြိုဖျက်ဆီး၏ဟူသည် ကုသိုလ်မူလဟု ဆိုအပ်သော တည်ရာကိုဖျက်ဆီးခြင်းဖြင့် တူးဖြိုဖျက်ဆီးသည်၏ အဖြစ်ကိုသိစေပါသည်။

◆ **ကုသလမူလသင်္ခါတပတိဋ္ဌာဘေဒနေန ခတူပဟတဘာဝံ ဒဿေတုံ "ဘိန္နပတိဋ္ဌောစာတော" တိ ဝုတ္တံ၊ (သီဋီသစ်)**

(ဂ) တဝါကျလုံးဖြင့် ခတာယံ ဘိက္ခဝေ ရာဇာ ဥပဟတာယံ ဘိက္ခဝေ ရာဇာ-ဟူသော ပါဠိတော်စကားရပ်၏ ယောဇနာနှင့်တကွ ပိဏ္ဍတ္ထအဓိပ္ပါယ်ကို သိစေသည်။

၇။ (ဂ) ၌ ခတော+ခတော ဥပဟတော-နှစ်ချက်တွင်-

ပဒဒွယဿ ပရိယာယတ္တာ "ဥပဟတော"တိ ဣဒံ န ဝုတ္တံ-ဟူသော သီဋီသစ်-(၁၉၅)နှင့် အညီ ခတနှင့်ဥပဟတ-သည် ပရိယာယ်ဖြစ်သောကြောင့် ခတော-ဟုဆိုလိုက်လျှင် ဥပဟတော-ပုဒ်၏အနက် ပါဝင်ပြီးဖြစ်ရကား (ဂ) ဝါကျ၌ ဥပဟတော-ပုဒ်မရှိသင့်။ ခတော-တစ်ပုဒ်သာ ရှိသင့်သည်။

**ခတ-**ကား ခန-ဓာတ်+တ-ပစ္စည်း။ ခနတ-ဟူလိုလျက် န-ကိုချေ၍ပြီးသည်။

**ဥပဟတ-**ကား ဥပရှေး+ဟန-ဓာတ်+တ-ပစ္စည်း။ ဥပဟနတ-ဟူလိုလျက် န-ကိုချေ၍ ပြီးသည်။

၈။ (က) ခတော ဥပဟတော-၌ တူးဖြိုဖျက်ဆီးအပ်သောတရားကား ဤပစ္စုပ္ပန်ဘဝ၌ အကျိုးပေးလတ့်သော မိမိ (အဇာတသတ်မင်း)၏ ရှေးဘဝကပြုခဲ့ပြီးသော ကုသိုလ်မူလများ ဖြစ်ပါသည်။

◆ **ဣမသ္မိံယေဝ အတ္တဘာဝေ ဝိပစ္စနကာနံ အဇ္ဈနော ပုဗ္ဗေ ကတကုသလမူလာနံ ခဏနေန ခတော၊ ဘေဒနေန ဥပဟနနေန ဥပဟတော။ (သီဋီသစ်)**

ခတော, ဥပဟတော-နှစ်ပုဒ်သည် ပရိယာယ်တူဖြစ်သာကြောင့် ယင်းနှစ်ပုဒ်ဖြင့်ပြအပ်သော **ဒဿနတ္တ**ကား ကမ္မာပရာဓဖြစ်ပါသည်။

ဤနေရာ၌ **ကမ္မာပရာဓ-**ဟူသည် ပိတုဃာတကကံဟူသော အပြစ်ပင်တည်း။

◆ **ပဒဒွယေနာပိ တဿ ကမ္မာပရာဓေမေ၀ ဒဿေတိ ပရိယာယဝစနတ္တာ ပဒဒွယဿ၊ (သီဋီသစ်)။**

၈။ ပေါက္ခရသာတိသည် ကောသလမင်း၏သား မဟုတ်ပြားသော်လည်း သားမြေးမြစ်အစဉ် အဆက်တိုင်အောင် အမျိုး၏ဥစ္စာ၏အဖြစ်ဖြင့် ကောသလမင်းထံမှ ရအပ်သောဥစ္စာဖြစ်သောကြောင့် **"မင်း၏အမွေဥစ္စာဖြစ်၍ဖြစ်သည်"**ဟု ဆိုထားပါသည်။

◆ **ယာဝ ပုတ္တနတ္တပနတ္တပရမ္ပရာ ကုလသန္တကဘာဝေန ရာဇတော လဒ္ဓတ္တာ "ရဉ္ဇော ဒါယဒုတ"န္တိ ဝုတ္တံ။ (သီဋီသစ်၊ ၂၁၃)။**

**ဆေဇ္ဇနှင့် ဘေဇ္ဇ-အထူး**

လက် ခြေ နား စသည်ကိုဖြတ်ခြင်းသည်-**ဆေဇ္ဇ**။

ပါးကိုဖောက်ခြင်းသည်-**ဘေဇ္ဇ**။ (နေရင်းသျှ။ ၂၇၀)

(တနည်း) သရီရဒဏ်စသည်သည်-**ဆေဇ္ဇ**။ ဓနဒဏ်စသည်သည်-**ဘေဇ္ဇ**။

◆ **ဆေဇ္ဇဘေဇ္ဇန္တိ သရီရဒဏ္ဍဓနဒဏ္ဍာဒိဘေဒံ ဒဏ္ဍမာဟ။ (သီဋီသစ်၊ ၂၁၃)**

**(ဆ) ရဉ္ဉာ ဟုတွာ ဘုဉ္ဇိတဗ္ဗံ-၌ ဟုတွာ-ထည့်ရခြင်း-**

ရဉ္ဉာ ဘုဉ္ဇိတဗ္ဗံ-ဟုသာ ဆိုအပ်သည်ရှိသော် ဤ၌အလိုရှိအပ်သော အနက်အဓိပ္ပါယ် မထင်မရှားသောကြောင့်-ဟုတွာ-သဒ္ဒါထည့်ဆိုသည်။ (သီဋီသစ်သာဓက။ ၆-နံပါတ်ရှု)

**ပဗ္ဗတာဒိသု-၌ အာဒိ-ဖြင့်** ရွာတံခါးဝ, တောအုပ်အဝင်ဝ-စသည်တို့ကိုယူ။ (သီဋီသစ်)

၉။ **(စ) ဝါကျ ဂါထာစီ။**

ပြဟ္မဒေယျံ နာမ သတ္တံ၊ ဥဿာပေတွာန ရာဇိနော။

ဒိန္နတ္တာ ရာဇဝေသေန၊ ဘုဉ္ဇိတဗ္ဗန္တိ ဉာယတေ။ (ပဌမ ရ-ကာရဝိပုလာဂါထာ)

၁၀။ **ရာဇဘောဂ္ဂံ-၌ ဘောဂ္ဂ-ဝယ်ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ-**

✣ ဘုဇ-ဓာတ်အရ ပေါက္ခရသာတိပုဏ္ဏား၏သန္တာန်၌ တဏှာလောဘပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည်--ကာမရတိဌာယိဘာဝ+ကာမသင်္ဂါရရသ။

✣ ဥက္ကဋ္ဌမြို့သည်လည်းကောင်း၊ ယင်းမြို့၌ရှိသည့် ကာမဂုဏ်အာရုံတို့သည်လည်းကောင်း အာရမ္မဏဝိဘာဝ။

✣ ဥက္ကဋ္ဌမြို့၏ သတ္တုဿဒဂုဏ်, သတိဏကဋ္ဌောဒကဂုဏ်တို့နှင့် ပြည့်စုံခြင်းသည် လည်းကောင်း၊ ပေါက္ခရသာတိပုဏ္ဏား၏ တဏှာလောဘကို မပယ်သတ်နိုင်သေးခြင်းသည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

✣ ပေါက္ခရသာတိပုဏ္ဏားအား ရရှိလာသော ကိုယ်စိတ်နှစ်ဖြာချမ်းသာသုခံစားရခြင်း-စသော အကျိုးအဆက်ဆက်သည်-အနုဘာဝ။

http://www.dhammadownload.com



# ဝါကျဥယျာဥ် ( ၂၁၃ )

(က) ရညာ ပသေနဒိနာ ကောသလေန ဒိန္နံ ရာဇဒါယန္တိ ထွေ တံ နဂရံ ရညာ ဒိန္နတ္တာ ရာဇဒါယံ။

(ခ) ဒါယကရာဇဒီပနတ္ထံ ပနသာ "ရညာ ပသေနဒိနာ ကောသလေန ဒိန္န"န္တိ ဟုဒံ ဝုတ္တံ။

(ဂ) မြဟ္မ ဒေယျန္တိ သေဋ္ဌဒေယျံ။

(ဃ) ယထာ ဒိန္နံ န ပုန ဂဟေတဗ္ဗံ ဟောတိ နိဿဋ္ဌပရိစ္စတ္တံ၊ ဧဝံ ဒိန္နန္တိ အတ္ထော။

(င) အသောဘာသိတိ သုဂတိ ဥပလဘီ၊ သောတတ္တိပါရသမ္ဘတ္တာဝစနနိဂ္ဂြဟသာနုသာရေန အညာသိ။

(ဋ္ဌ၊ ၂၁၉။ ဋီသစ်၊ ၂၁၃။ နေရင်း။ ၂၈၀။ ပခုက္ကူ၊ ၃၃၆။ ဘာသာဋီ၊ ၃၀၉။ ဂဏ္ဌိ၊ ၄၂၄။)

၁။ (ဃ) ဝါကျကို အနက်ပေးပါ။

၂။ (ခ) ဝါကျ လီနတ္ထရစောဒနာ၊ (ဃ) ဝါကျကို ပုစ္ဆာတက်ပြပါ။

၃။ မြဟ္မဒေယျ-၌ မြဟ္မ-သဒ္ဒါ၏ အတ္ထုဒ္ဓါရ-နှင့် အတ္ထုဒ္ဓေသ-ကို ကောက်ပြ၍ (က-ခ) ဝါကျတို့ကို ရှုလျက် စတုက္ကထုတ်ပြပါ။

၄။ ပသေနဒိ-ကို ဝစနတ္ထ-ပြု၍ ဝစနာဒိသက္က-ထုတ်ပြပါ။

၅။ (က) ဒိန္နတ္တာ-ဟူသော ပဒတ်၏သမ္ဗန္ဓပဒ-ကို ပေါ်ပြ၍ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထ-ကိုလည်း ပြဆိုပါ။

၆။ (ဂ-ဃ-င) ဝါကျတို့ကို အာဘော်ပေါ်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။

၇။ ပသေနဒိ-ပုဒ်၏ နိရုတ္တိနည်းဖြင့်ရုပ်ပြီးပုံကို ရေးပါ။

၈။ တိတ္ထံ ဝေဒါနံ ပါရဂူ-၌ အဘယ့်ကြောင့် အာထဗ္ဗဏဗေဒင်ကို မယူပါသနည်း အကြောင်းပြဆိုပါ။

၉။ (ဃ) ဝါကျစကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဗဟုဗ္ဗီဟိတဒ္ဓိတပုဒ်သိကုံးပြပါ။

၁၀။ ဒိန္နံ-၌ ဓာတွတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ပြပါ။

= = = = = = = = = = = = = = = = = =

၂။ **(ခ) ဝါကျလီနတ္ထရစောဒနာ**

ဆရာ-အာနန္ဒာသည် ရညာပသေနဒိနာ ကောသလေန ဒိန္နံ-ဟုမိန့်၏။ ရာဇဒါယံ-ဟူသောပုဒ်ဖြင့်ပင် မင်းပေးအပ်သော အဖြစ်ထင်ရှားပြီးသည် မဟုတ်ပါလော။ (သီဋီသစ်၊ ၂၁၃) (တနည်း) ထိုဥက္ကဋ္ဌမြို့ကို မင်းသည် ပေးအပ်သောကြောင့် ရာဇဒါယဟူသော အမည်ထင်ရှားပြီး မဟုတ်ပါလော (ပခုက္ကူနိသျ၊ ၃၃၆) ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် (ဝါ) အဘယ့်အကျိုးငှာ ရညာပသေနဒိနာ ကောသလေန ဒိန္နံဟူသော စကားရပ်ကို မိန့်ဆိုပါသနည်း။ အကယ်၍ ရာဇဒါယံဖြင့်ပင် မင်းပေးအပ်သောအဖြစ် ထင်ရှားပြီးဖြစ်ပါလျက် ရညာ ပသေနဒိနာ ကောသလေန ဒိန္နံဟူသော စကားကို ဆိုပြန်သော် ပုနရုတ္တိဒေါသ နိရတ္ထကဒေါသ သင့်ရောက်ရာ၏၊ စုဒ်ကြောင့်(ခ)မိန့်။

အဓိပ္ပါယ်ကား ပေးတတ်သော မင်းကိုထင်ရှားပြခြင်းအကျိုးငှာ "ရညာပသေနဒိနာ ကောသလေန ဒိန္နံ"ဟူသော စကားရပ်ကို မိန့်ဆိုပါ၏ဟု ဝါပြ၏ဟူလို။

◆ **"ရာဇဒါယ"န္တိ ဣမိနာဝ ရညာ ဒိန္နဘာဝေ သိဒ္ဓေ "ရညာ ပသေနဒိနာ ကောသလေန ဒိန္န"န္တိ ပုန ဝစနံ ကိမတ္ထိယန္တိ အာဟ "ဒါယကရာဇဒီပနတ္ထ"န္တိ အာဒိ။ (သီဋီသစ်၊ ၂၁၃။)**

http://www.dhammadownload.com



## (ဃ) ဝါကျ ပုစ္ဆာ

ဆရာ-သည် (ဂ) ဝါကျဖြင့် မြတ်သောပေးခြင်းဖြင့် ပေးအပ်သောမြို့သည် မြဟ္မဒေယျ မည်သောဟုဆို၏။ ရှေ့နည်းကဲ့သို့ မင်းအသွင်ဖြင့်ခံစားအပ်သည်၏ အဖြစ်ဖြင့် ပေးအပ်သောကြောင့် ဤ၌မြဟ္မဒေယျမည်ပါသလော၊ အဘယ်သို့သော အခြင်းအရာအားဖြင့် ပေးအပ်သောကြောင့် ဤ၌ မြဟ္မဒေယျမည်ပါသနည်း။ စုဒ်ကြောင့် ယထာဒိန္နံ-စသော (ဃ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား** ဤ၌ လွတ်လွတ်စွန့်ခြင်းဟု ဆိုအပ်သော တပန်မယူခြင်း၏ အစွမ်းဖြင့် သာလျှင်ပေးအပ်သောကြောင့် မြဟ္မဒေယျမည်၏ဟူလိုသော်။

- **နိဿဋ္ဌပရိစ္စတ္တတာသင်္ခါတေန ပုန အဂ္ဂဟေတဗ္ဗဘာဝေနေဝ ဒိန္နတ္တာ ဧတ္ထ မြဟ္မဒေယျံ နာမ၊ န တု ပုရိမနယေ ဝိယ ရာဇဘောဂ်ဘေန ပရိဘုဉ္ဇိတဗ္ဗဘာဝေန ဒိန္နတ္တာတိ အာဟ "ယထာ"တိ အာဒိ။ (သီဋီသစ်၊ ၂၁၄။)**

## ၃။ မြဟ္မသဒ္ဒါ၏ အတ္ထုဒ္ဓါရကား

ပိတာမဟေ ဇိနေ သေဋ္ဌေ၊ မြာဟ္မဏေစ ပိတူသွပိ။
မြဟ္မာ ဝုတ္တော တထာ မြဟ္မံ၊ ဝေဒေ တပသိ ဝုစ္စတေ။
ဤ၌ မြဟ္မသဒ္ဒါ သေဋ္ဌအနက်ဖြစ်သည်။

### (က+ခ) ဝါကျကို ရှု၍ စဝုတ္တထုတ်ပုံ

(က) နနု "ရာဇဒါယ"န္တိ ဟုမိနာဝ ရညာ ဒိန္နဘာဝေါ သိဒ္ဓေါ၊ (သီဋီသစ်၊ ၂၁၉)
(တနည်း) တံ နဂရံ ရညာ ဒိန္နတ္တာ ရာဇဒါယံ ဟောတိ (ပခုက္ကုနိသျှ)
(ခ) အထ ကိမတ္ထံ "ရညာ ပသေနဒိနာ ကောသလေန ဒိန္န"န္တိ ဟုဒံ ဝုတ္တံ၊
(ဂ) နနု အဿ (နဂရဿ) ဒါယကရာဇဒီပနတ္ထံ ဟောတိ၊
(ဃ) တဒတ္ထံ (ပ) ဟုဒံ ဝုတ္တံ။

**မှတ်ချက်** ကျမ်းတက်အာဘော်နှစ်နည်းအားလျော်စွာ စော+ဘောနှစ်ချက်ထုတ်သည်မှတ်။

၄။ ပစ္စာမိတ္တံ ပရသေနံ ဇိနာတီတိ ပသေနဒိ။ (သီဋီသစ်)
ရန်သူဖြစ်သော တဘက်စစ်တပ်ကို အောင်ခြင်းကြိယာသကတ်သည် ဝစနယေတု၊
ရန်သူစစ်တပ်ကို အောင်တတ်သော ပသေနဒိကောသလမင်းဖြစ်သည် ဝစနီယ၊
ပရသေနဇိ, ကောသလရာဇာ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊
(တနည်း) ပသေနပိ ဩဒနသူပဗျဉ္ဇနာဒိ ဒီယတိ ဧတဿာတိ ပသေနဒိ-ဟုပြု။ (သီဋီသစ်)
နိဿဋ္ဌံ+ဟုတွာ+ပရိစ္စတ္တံ နိဿဋ္ဌပရိစ္စတ္တံ။ (သီဋီသစ်)
(တနည်း) နိဿဋ္ဌဘာဝေန ဝါ+ပရိစ္စတ္တံ နိဿဋ္ဌ ပရိစ္စတ္တံ။ (သီဋီသစ်)

၅။ ဒိန္နတ္တာ-၏ သမ္ဗန်ကား တဿ နဂရဿ-ဖြစ်သည်။ (ကံ+သမ္ဗန်စာစပ်)

၆။ (က) ရညာ ဒိန္နတ္တာ-ဖြင့် ရာဇဒါယ-၌ ဒါယ-ဝယ် ဒါ-ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဏ-ပစ္စည်း ကမ္မသာဓ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊ ဒါတဗ္ဗန္တိ ဒါယံ-ဟု ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ရာဇ-နှင့် ဒါယ-ကို ရညာ+ဒါယံ-ရာဇ ဒါယံ-ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ-ပြုရမည်အဖြစ်ကိုလည်းကောင်း သိစေပါသည်။

တံ နဂရံ-ဖြင့် ရာဇဒါယ-အရ ဥက္ကဋ္ဌ-မြို့ကိုယူရမည်ဟု သိစေသည်။

http://www.dhammadownload.com



(ဂ) သေဋ္ဌဒေယျံ-ဖြင့် ဗြဟ္မဒေယျံ-၌ ဗြဟ္မ-သဒ္ဒါ သည်ပိတာမဟ-စသော အနက်တို့ကို မဟော၊ သေဋ္ဌ-အနက်ဟော၏ဟု သိစေသည်။

(ဃ) ဖြင့် ရှေးနည်း၌ကဲ့သို့ မင်းအသွင်ဖြင့် ခံစားအပ်သည်၏အဖြစ်ဖြင့် ပေးအပ်သော ကြောင့် ဗြဟ္မဒေယျ- မည်သည်မဟုတ်၊ ဤ၌ လွတ်လွတ်စွန့်ခြင်းဟု ဆိုအပ်သော တဖန်မယူခြင်း၏ အစွမ်းဖြင့်သာလျှင် ပေးအပ်သောကြောင့် ဗြဟ္မဒေယျ-မည်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) (သီဋီသစ်သာကေ -၂-နံပါတ်ရှု)

(င) ဝါကျ သုတိ-ဖြင့် အသောသိ-ကား အသ-ဓာတ်မဟုတ်၊ သု-ဓာတ်၏အဖြစ်ကို လည်းကောင်း၊ သိဝိဘတ်-မဟုတ်, အဇ္ဇတနီ-ဤ-ဝိဘတ်၏ အဖြစ်ကိုလည်းကောင်း၊ အ-အက္ခရာ-သ-အက္ခရာတို့၏ အာဂုံ၏ အဖြစ်ကိုလည်းကောင်း၊ (ဘာဝတ္ထ) အသောသိ-သဒ္ဒါသည် ဤနေရာ၌ ဘူဝါဒိဂဏိကဓာတ်မဟုတ်၊ သွာဒိဂဏိကဓာတ်၏ အဖြစ်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေပါသည်။

ဥပလဒ္ဓိ-ဖြင့် ကြားခြင်းဟူသည် ရခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

သောတဒွါရ (လ) အညာသိ-ဖြင့် ရ-၏ဟူသည် သောတဒွါရသို့ရောက်သော စကားသံကို အစဉ်လျှောက်၍ သိခြင်းပင်တည်းဟု သိစေသည်။

၇။ **ပသေနဒိ-ကား** ပရသေန+ဇိ-ဟု ဆိုလိုလျက် ရ-ကိုချေ၊ ဇ-ကို ဒ-ပြု၍ပြီးသည်။ (သီဋီသစ်။ ၂၁၄)

(တနည်း) ပသေန+ဒါ+ဣ။ ပသေနဒိ-ဟူလိုလျက် သ-တလုံးချေ၍ ပြီးသည်။ (သီဋီသစ်။ ၂၁၃။)

**နိဿဋ္ဌ-ကား** နိ+သဇ+တ။ တွေ့န် ဇ-နှင့်တကွသော တ-ကို ဋ္ဌ-ပြု၊ သ-လာ၍ပြီးသည်။

၈။ အာထဗ္ဗဏ-ဗေဒင်သည် သူတပါးတို့ကို သတ်ဖြတ်ညှင်းဆဲမှုကို ပြတတ်ရကား သူတော်ကောင်းတို့ မသုံးဆောင်ထိုက်သောကြောင့် တိတ္ထံ ဝေဒါန်-၌ အာထဗ္ဗဏဗေဒင်ကို မယူရပါ။

◆ **အာထဗ္ဗဏဗေဒေါ ပရူပဃာတကရတ္တာ သာဓူနံ အပရိဘောဂေါတိ အဓိပ္ပါယော "ဣရုဗ္ဗေဒ ယဇုဗ္ဗေဒ သာမဗ္ဗေဒါန"န္တိ ဝုတ္တံ။ (သီဋီသစ်၊ ၂၂၀)**

၉။ **(ဃ) ဂါထာစီ**

ဗြဟ္မဒေယျံ နာမ ယထာ၊ ဒိန္နံ ပုန န ဂယှတေ။
နိဿဋ္ဌေန ပရိစ္စတ္တံ၊ ဧဝံ ဒိန္နန္တိ ဉာယတေ။ (ပဥ္စမ ဘဏာရဝိပုလာဂါထာ။)

၁၀။ **ဒိန္နံ-၌ ဓာတ္ထတ္တကို ရှု၍ ဘာဝါလင်္ကာရထုတ်ပုံ**

✣ ဒိန္နံ-၌ ဒါဓာတ်အရ ဥက္ကဋ္ဌမြို့ကို သေဋ္ဌဒေယျအနေဖြင့် ပေးသော ပသေနဒီ ကောသလမင်း၏ သန္တာန်၌ သဒ္ဒါစေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌါယိဘာဝ+ဓမ္မသိဂါ်ရ ရသ။

✣ ဥက္ကဋ္ဌမြို့သည်လည်းကောင်း၊ အလှူခံဖြစ်သော ပေါက္ခရသာတိ ပုဏ္ဏားသည်လည်းကောင်း အာရမ္ဗဏဝိဘာဝ။

✣ ပေါက္ခရသာတိ ပုဏ္ဏား၏ ဝေဒပါရဂူဖြစ်ခြင်း, ဗေဒ္ဓဒိပ်ကျွန်း၌ ပညာရှိပုဏ္ဏားမြတ်ဖြစ်ခြင်း, စသော အခြံအရံ အကြောင်းအရာများသည် ဥဒ္ဒီပနဝိဘာဝ။

✣ ပေါက္ခရသာတိပုဏ္ဏားက ကျေးဇူးတုန့်ပြန်သည့်အနေဖြင့် မင်းမှုကိစ္စအဝဝ၌ ပြန်လည် ဆောင်ရွက်ပေးခြင်း, ကိစ္စများစွာပြီးမြောက်ခြင်း, ပသေနဒီကောသလင်းအဘို့ ကိုယ်-စိတ် ချမ်းသာခြင်း စသောအကျိုးအဆက်ဆက်သည် အနုဘာဝ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၂၁၄ )

(က) ဣဒါနိ ယမတ္တံ ဖြာပွကောေ ပေါက္ခရသာတိ အသေယာဒိ။ တံ ပကာသေန္တော "သမဏော ခလု ဘော ဝေါတမော"တိ အာဒိမာဟ။

(ခ) တတ္ထ သမိတပါပတ္တာ သမဏောတိ ဝေဒိတဗ္ဗော။

(ဂ) ဝုတ္တဥ္စေတံ "သမိတာဿ ဟောန္တိ ပါပကာ အကုသလာ ဓမ္မာ"တိ အာဒိ။

(ဃ) ဘဂဝါ စ အနုတ္တရေန အရိယမဂ္ဂေန သမိတပါပေါ။

(င) တေနဿ ယထာဘုစ္စဂုဏာဓိဂတမေတံ နာမံ၊ ယဒိဒံ သမဏောတိ။

(ဌ၊ ၂၁၉။ သီဋီသစ်။ ၂၁၅။ ပဒုက္ကူ။ ၃၃၇။ ဘာသာဋီ။ ၃၁၀။ ဂဏ္ဌိ။ ၄၁၆။)

၁။ (က) ဝါကျကို ပကာသေန္တော-၏ ကရိုက်းထည့်၍ (ခ) ဝါကျကို တတ္ထ-အစွဲဆရာနည်း-ကျစေလျက် အနက်ပေးပြပါ။

၂။ (ဂ) ဝါကျကို အနုသန္ဓေတက်၍ (ဃ) ဝါကျကို သာဘောဂပုစ္ဆာ တက်ပြပါ။

၃။ (က) ဝါကျ၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ သမဏ-ပုဒ်ကို သံဝဏ္ဏနာနှင့်အညီ ဝစနတ္ထပြု၍ ဝစနာဒိသက္ကထုတ်ပြပါ။

၅။ (ခ) ဝါကျ သမိတပါပတ္တာ-၏ သမ္ဗန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပါ။

၆။ (ခ) ဝါကျဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ယထာဘုစ္စ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ဘုရားရှင်သည် မကောင်းမှုအကုသိုလ်တို့ကို မည်ကဲ့သို့ငြိမ်းစေမှုမျိုးကို သမိတပါပ-ဟူ၍ ဆိုကြောင်း သဘာဝယုတ္တိ, အာဂမယုတ္တိတို့ဖြင့် ပြေဆိုပါ။

၉။ (ဂ) ဝါကျလာ စကားရပ်တို့ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တာဇာတိဂါထာ တပုဒ်သီကုံးပြပါ။

၁၀။ သမိတပါပတ္တာ သမဏော-၌ ဖြစ်သင့်သလိုကြံဆ၍ ဘာဝါလင်္ကာရ ထုတ်ပြပါ။

=================

၁။ (က) ၌ ပကာသေန္တော-၏ ကရိုက်းကို "သမဏော ခလု ဘောဂေါတမော"တိ အာဒိနာ၊ ဖြင့်ဟု ထည့်ပေး။

### (ခ) ဝါကျ ဆရာနည်းကျ အနက်ပေးပုံ

ပကာသနကြိယာယ၊ ၏။ ကရဏဘူတော၊ ကရိုက်းဖြစ်၍ ဖြစ်သော။ မြူဓာတုယာ၊ ၏။ ကမ္မဘူတော၊ ကံ ဖြစ်၍ဖြစ်သော။ တတ္ထ-တသ္မိံသမဏော ခလု ဘောဂေါတမောတိအာဒိ ဝစနေ၊ ၌။ အဝယဝတ္တော၊ ကို။ ဝေ-ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။

* ကံအာကာရ၊ ကရဏတို့၊ အရမပြား၊ ဤသုံးပါး၊ မမှားတူလေမြဲ။
* ဒသေယာန္တော အာဟ၊ ပြသည့်ပုဒ်နောက်၊ တတ္ထရောက်က၊ ဒဿနကရိုက်း၊ အာဟ၏ကံ၊ ဤနှစ်တန်ကို ၊ ကေန်တတ္ထစွဲမြဲ။ (ဘုရားကြီး)
* ဣဒါနိ အာဟ၊ ရှိကကေန်၊ ပစ္စုပ္ပန်ကို၊ အမှန် အာဟ-ဟောလေမြဲ။ (ဘုရားကြီး)

### ၂။ (ခ) ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ (က) ဖြင့် သမဏော ခလု ဘောဂေါတမော အစရှိသော ပါဠိတော်၏ အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထကို ပြပြီး၍၊ ယခုအခါ၌ အဝယဝတ္ထကို ပြလိုသောဆရာသည် (ခ) မိန့်။

http://www.dhammadownload.com



## (ဂ) ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ (ခ) ဖြင့် ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသည်၏ အဖြစ်ကြောင့် သမဏ-မည်၏ ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းဆိုခဲ့ပြီးအနက်ကိုပင် နိဒ္ဒေသပါဠိတော်ပါဠိဖြင့် ပြီးစေလိုသော ဆရာသည် (ဂ) မိန့်၏။

◆ တဒေဝဿ နိဒ္ဒေသပါဠိနေ့ သာဓေတုံ "ဗုဒ္ဓဘူတော"န္တိ အာဒိမာဟ။ (သီဋီသစ်၊ ၂၁၅၊)

## (ဃ) ဝါကျ သာဓာဝပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် (ခ)ဖြင့် ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသည်၏ အဖြစ်ကြောင့် မြတ်စွာဘုရားကို သမဏ-ဟူ၍သိအပ်သော ဟုဆို၏။ ယင်းသို့ဖြစ်လျှင် ဗာဟိရက ဝီတရာဂသေက္ခ အသေက္ခပုဂ္ဂိုလ်တို့ကိုလည်း (ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသည်၏ အဖြစ်ကြောင့်) သမဏ-ဟူ၍ သိအပ်ပါသလော။ (သီဋီသစ်ကျမ်းသွားကို ရှု၍ အာဘော်လုပ်သည်) (တနည်း) သမိတပါပ ဖြစ်သောကြောင့် သမဏ-ဟူသော မြတ်စွာဘုရားကား (အမှန်တကယ်) မကောင်းမှုငြိမ်းပါ၏လော။ (ဂဏ္ဌိ။ ၄၂၆) အဘယ်သို့ မှတ်ရပါမည်နည်း။ စုံကြောင့် (ဃ) မိန့်၏။

**အမှာ** သီဋီသစ်သာဓက (ဂ) နံပါတ်မှာ ရှုပါ။

၃။ **(က) ဝါကျ စဍုဏ္ဍထုတ်ပုံ**

(က) ဓဝံ သဝနံ ပကာသေတိ။ (ပဍုဏ္ဍ။ သျှ။ ၃၃၃)

(ခ) အထ ကသ္မာ "သမဏော ခလု ဘော ဂေါတမော"တိအာဒိမာဟ။

(ဂ) နနု ဗုဒ္ဓါနံ ယမတ္ထံ ဗြာဟ္မဏော ပေါက္ခရသာတိ အသောသိ၊ တံ ပကာသေန္တောဟောတိ။

(ဃ) တသ္မာ "သမဏော ခလု ဘော ဂေါတမော"တိအာဒိမာဟ။

## (ခ+ဂ) ဝါကျ စဍုဏ္ဍထုတ်ပုံ

(က) နနု ပဗ္ဗဇ္ဇုပဂတဘာဝေန သမဏော ဟောန္တိ။

(ခ) အထ ကသ္မာ သမိတပါပတ္တာ သမဏောတိ ဝေဒိတဗ္ဗော။

(ဂ) နနု ဝုတ္တံ ဓေတံ "သမိတာဿ ဟောန္တိ ပါပကာ အကုသလာဓမ္မာ"တိ အာဒိ။

(ဃ) တသ္မာ သမိတပါပတ္တာ သမဏောတိ ဝေဒိတဗ္ဗော။

၄။ ပါပါနိ သမေတီတိ သမဏော။ (ဂဏ္ဌိ။ ၄၂၆။)

မကောင်းမှုတို့ကို ငြိမ်းစေခြင်းကြိယာသကတ်သည်--ဝစနယောဂ။

ဘုရားရှင်ဖြစ်သည်--ဝစနီယံ။

သမိတပါပေါ--စသော ပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထ။

(တနည်း) သမိယိတ္တာတိ သမာ။ သမာ အဏာ (ရာဂါဒယော ပါပါ) ဧတေန ဂေါတမေနာတိ သမဏော။ (မအူသျှ။ ဒု။ ၄၀။)

ငြိမ်းစေအပ်ပြီးသော မကောင်းမှုတို့၏+မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏီးစပ်။

၅။ သမိတပါပတ္တာ-ဟိတ်၏ သမ္ဗန်ကို ဘာဝေါ-ဟုခံ။ ကတ္တား+သမ္ဗန် စာစပ်။

**အမှာ** (ဃ)ဝါကျ ဘာဝေါ-သမိတပါပေါ-ဟူသော တုလျတ်+လိင်တ်အဖွင့်ကိုထောက်၍ သမ္ဗန်ခံသည်။ "ဟိတ်ကားသတ္တိ၊ ဗိုလ်ရှိဖြစ်၊ သမ္ဗန်မှတ်"ဟူသည်နှင့်အညီ သမ္ဗန်ခံမှုကား သမဏဿ-ဟု ခံရမည်။ ဘုရားဖြစ်ပင်ရ၏။

http://www.dhammadownload.com



၆။ (၁) သမိတပါပတ္တာ-ဖြင့် သမဏော-၌ သမု-ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ယုပစ္စည်း၏ ယောတုကတ္တုသာဓနေအနက်၌သက်-လည်းကောင်း၊ ပါပါနိ သမေတီတိ သမဏော-ဟုပြု-လည်းကောင်း သိစေပါသည်။

※ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ဗဟုဗ္ဗီဟိနှင့်ဖွင့်၍ပြ၊ ကတ္တုသာဓနေကြံစရာ။

(တ့နည်း) သမိတပါပတ္တာ-ဖြင့် သမဏော-ပုဒ်ကို သမိယိတ္ထာတိ သမာ၊ သမာ+အဏာ ဧတေနာတိ သမဏော-ဟု တတိယာ ဗဟုဗ္ဗီဟိ သမာသ်ဝိဂ္ဂဟပြုရမည်ကို လည်းကောင်း၊ အဏ-အရ မကောင်းမှု အကုသိုလ်ကို ယူရမည်ကိုလည်းကောင်း (မအူသျှအလို) (တနည်း) အဏ-သဒ္ဒါ၏ ပါပ-သဒ္ဒါ၏ ပရိယာယ်၏အဖြစ်ကိုလည်းကောင်း၊ သမဏ-အရ ပဗ္ဗဇ္ဇာမတ္တသမဏကို မယူရ၊ သမိတပါပသမဏကို ယူရမည်ကိုလည်းကောင်း- သိစေပါသည်။

၇။ ယထာဘုစ္စ-ပုဒ် နိရုတ္တိနည်းကို ဝါကျဥယျာဉ် (၆၈)၌ ရေးခဲ့ပြီ။

၈။ သမိတပါပတ္တာ သမဏော-၌ ကေန်စင်စစ်အကြွင်းအကျန်မရှိအောင် ဝါသနာနှင့်တကွ အကုသိုလ်မှန်သမျှကို ငြိမ်းစေမှုမျိုးကိုသာ သမိတပါပ-ဟူ၍မှတ်ယူရမည်။ ဤသို့ယူမှသာလျှင် ဗာဟိရကဝိတရာဂသေက္ခအသေက္ခပုဂ္ဂိုလ်တို့၏ အကုသိုလ်ငြိမ်းစေမှုမျိုးထက် ဘုရားရှင်၏ အကုသိုလ်မှန်သမျှငြိမ်းစေမှုမျိုးက ထိုက်သည့်အားလျော်စွာ ထူးခြားကွဲပြားလာမည်ဖြစ်သည်။ (ဤကား သဘာဝယုတ္တိ) ထို့ကြောင့်ပင် ဘဂဝါ စ အနုတ္တရေန အရိယမဂ္ဂေန သမိတပါပေါ-ဟူ၍ အဋ္ဌကထာ၌ ဖွင့်ခြင်းဖြစ်သည်။ (ဤကား အာဂမယုတ္တိ)

◆ **သမိတပါပတ္တာတိ ဧတ္ထ အစ္စန္တံ အနဝသေသတော သဝါသနံ သမိတပါပတ္တာတိအတ္ထော ဂဟေတဗ္ဗော။ ဧဝဉ္စိ ဗာဟိရကဝီတရာဂသေက္ခာသေက္ခပါပသမနတော ဘဂဝတော ပါပသမနံ ယထာရဟံ ဝိသေသိတံ ဟောတိ။ တေန ဝုတ္တံ "ဘဂဝါစ အနုတ္တရေန အရိယမဂ္ဂေန သမိတပါပေါ"တိ။ (သီဋီသစ်၊ ၂၁၅။)၉။**

(၈) ဝါကျ ဂါထာ၁စ်

ဝုတ္တံ ဟိ ဝေါ နိဒ္ဒေသေ၊ သမိတာ အဿ ပါပကာ။
အကုသလာ ဓမ္မတ္တာဒိ၊ သာရိပုတ္တေန ဘိက္ခုနာ။

(တနည်း) ဝုတ္တံ ဟိ ဝေါ ပဏ္ဍာသေ၊ သမိတာ အဿ ပါပကာ။
အကုသလာ ဓမ္မာတျာဒိ၊ ဗုဒ္ဓေန ဓမ္မသာမိနာ။ ။

အမှာ ပထမနည်းဂါထာ၌-တဒေဝတ္ထံ နိဒ္ဒေသပါဠိယေန သာဓေတုံ "ဝုတ္တဉ္စေတ"န္တိ အာဒိမာဟ-ဟူသော သီဋီသစ်နှင့်အညီ အာဓာရ, ကတ္တားပုဒ်တို့ကိုထည့်သွင်း၍စီကုံးသည်။ ဒုတိယနည်းဂါထာ၌ ဤအဋ္ဌကထာ အောက်ခြေအမှတ်ပြ (မ။ ၁။ ၃၄၇-ပိဋ္ဌေ) နှင့်အညီ အာဓာရ, ကတ္တားပုဒ်တို့ကို ထည့်သွင်း၍ စီကုံးသည်။

၁၀။ **သမိတပါပတ္တာ သမဏော-၌ ဘာဝါလင်္ကာရထုတ်ပုံ -**

- အကုသိုလ်မှန်သမျှကို ဝါသနာနှင့်တကွ အကြွင်းမရှိအောင် ငြိမ်းစေတော်မူပြီးသော ဘုရားရှင်သန္တာန်၌ ဉာဏ်ပြဌာန်းသည့် အရဟတ္တမဂ်, အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်သည်--ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိဂ်ီရရသ။
- နိဗ္ဗာန်သည်--အာရမ္မဏဝိဘာဝ။
- အောက်မဂ်, အောက်ဖိုလ်ဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်သည်-ဥဒ္ဒီပန ဝိဘာဝ။
- ဝါသနာနှင့်တကွ အကုသိုလ်မှန်သမျှ အကြွင်းမဲ့ငြိမ်းသွားခြင်းသည်လည်းကောင်း၊ ပစ္စဝေက္ခဏာဉာဏ်, သဗ္ဗညုတဉာဏ် စသည်သည်လည်းကောင်း--အနုဘာဝ။

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၂၁၅ )

(က) စလှုတိ အနုဿဝနတ္တေ နိပါတော။

(ခ) ဆောတိ ဗြာဟ္မဏဇာတိသမုဒါဂတံ အာလပနမတ္တံ။

(ဂ) ဝုတ္တမ္ပိ စေတံ "ဘောဝါဒီ နာမ သော ဟောတိ၊ သစေ ဟောတိ သကိဉ္စနော"တိ။

(ဃ) ဓေါဓမ္မောတိ ဘဂဝန္တံ ဂေါတ္တဝသေန ပရိကိတ္တေတိ။

(င) တသ္မာ သမဏော စလု ဘော ဓေါဓမ္မောတိ ဧတ္တ သမဏော ကိရ ဘော ဂေါတမ ဂေါတ္တောတိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော။

(ဌ။ ၂၁၉။ သီဋီသစ်။ ၂၁၆။ နေရင်း။ ၂၇၂။ ပခုက္ကူ။ ၃၃၇။ ဘာသာဋီ၊ ၃၁၁။ ဂဏ္ဌိ၊ ၄၂၆။)

၁။ ဗြာဟ္မဏဇာတိသမုဒါဂတံ-ကို သဒ္ဒတ္ထ အဓိပ္ပါယတ္ထ ပေါ်လွင်စေလျက် (ခ-ဂ) ဝါကျတို့ကို အနက်ပေးပါ။

၂။ (ဃ) လီနတ္ထရစောဒနာ(င) အနုသန္ဓေ တက်ပြပါ။

၃။ (ခ-ဂ) ဝါကျကို စောဒကာဘောဂါဒိစထုက္ခ ထုတ်ပြပါ။

၄။ သကိဉ္စနော-၌ ကိဉ္စန-ပုဒ်ကို ဝစနတ္တပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ သကိဉ္စနော-ကို သကိဉ္စနတ္တာ-ဟု ဖိတ်ပြင်၍-ယင်း၏သမ္ဗန်ကိုခံပြီး စာစပ်ပြပါ။

၆။ (က-ခ-ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ ဂေါတ္တ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ ဘော-ဟူသောပုဒ်နှင့် ပိယသမုဒါဟာရအဖြစ်ဖြင့်တူသော အာလုပ်ပုဒ်တို့ကို ဖော်ပြပါ။

၉။ ရာဂ-အစရှိသော ကြောင့်ကြခြင်းမရှိသော, ဥပါဒါန်လေးပါးတို့ဖြင့် စွဲလမ်းခြင်းမရှိသော ထိုသူကို ငါဘုရားသည် ဗြာဟ္မဏ-ဟူ၍ ဆို၏-ဟူသောမြန်မာစကားကို ဝတ္တမျိုး ဂါထာအပရရုန-အနေဖြင့် စီကုံး၍ (ခ) ဝါကျလာအာကာရပါဋ္ဌိကို ဂါထာ ပုဗ္ဗ-အဖြစ်ယူပြီး ဆန်းစစ်၍ ဂါထာအမည်, ဆန်းအမည်ပေးခဲ့ပါ။

၁၀။ သကိဉ္စနော-၌ ကိဉ္စန-အရတရားများကို ဖေါ်ပြ၍ ဘာဝစသည်ထုတ်ပြပါ။

---

၁။ ဗြာဟ္မဏဇာတိသမုဒါဂတံ=ပုဏ္ဏားတို့၏ ဇာတ်မှလာသော (သဒ္ဒတ္ထ) (ဝါ) ပုဏ္ဏားဇာတ်အား ဖြင့်ပြီးသော။ (အဓိပ္ပါယတ္ထ)

◆ **ဗြာဟ္မဏဇာတိသမုဒါဂတန္တိ ဗြာဟ္မဏဇာတိယာ အာဂတံ၊ ဇာတိသိဒ္ဓန္တိ ဝုတ္တံ ဟောတိ။ (သီဋီသစ်)**

## ၂။ (ဃ) ဝါကျ လီနတ္ထရစောဒနာ

သရာ-အာနန္ဒာသည် သမဏောခလု ဘောဂေါတမော-ဟု ဆို၏။ ယင်း၌ဂေါတမသဒ္ဒါသည် ဂေါတမအန္ဓယ်ဖြစ်သည့် သုဒ္ဓေါဒနမင်း, ရှင်အာနန္ဒာ-စသည်တို့ကို ဟောပါသလော။ အဘယ်ပုဂ္ဂိုလ်ကို ဟောပါသနည်း။ ဤ၌ အလိုရှိအပ်သော ဂေါတမသဒ္ဒါ၏ အနက်ကိုမပြသော် ဂေါတမအန္ဓယ်ဝင်ပုဂ္ဂိုလ်အားလုံး၌ပြန့်နှံ့သော အတိဗျာပိတဒေါသ သင့်ရောက်ရာ၏၊ စုဒ်-ကြောင့် (ဃ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်အား**-သမဏော ခလု ဘောဂေါတမော-၌ ဂေါတမ-သဒ္ဒါသည် သုဒ္ဓေါဒနမင်းနှင့် ရှင်အာနန္ဒာ-ကိုမဟော၊ ဘုရားရှင်ကိုဟော၏ဟု ငါပြဆိုသည်ဖြစ်သောကြောင့် သင်တင်တိုင်းသော ဒေါသ ရှင်အာနန္ဒာ၌ မရောက်ဟူလို။

http://www.dhammadownload.com



## (င) ဝါကျ အနုသန္ဓေ

ဤသို့ (က-ခ-ဂ-ဃ) ဝါကျတို့ဖြင့် ခလု-သဒ္ဒါသည်-အနုဿဝနတ္ထ , ဘော-သဒ္ဒါသည် ဇာတိသမုဒါဂတ အာလပနမတ္တ, ဂေါတမ-သဒ္ဒါသည်အနွယ်၏ အစွမ်းဖြင့် ဘုရားရှင်ဟူသောအနက်ကို ဟော၏-ဟုပြဆိုပြီး၍ ယခုအခါ၌ ယင်းသို့ဆိုသဖြင့် ရရှိနိုင်သော အကျိုးလဒ္ဓဂုဏ်ကိုပြလိုသော သရာသည် (င) ဝါကျမိန့်။

◆ **တဿာ တိ ယထာဝုတ္တ ဓမ္မတ္တယ ဗုဒ္ဓာမသေတီ၊ (သီဋီသစ်၊ ၂၁၇)**

⁂ တဿာ အတ္ထော၊ ဒဋ္ဌဗ္ဗော၊ မှတ်လော လဒ္ဓဂုဏ်။

၃။ **(ခ-ဂ) ဝါကျ စဍေ့ဗ္ဗထုတ်ပုံ**

(က) နနု ဘောတိပဒံ အာလပနတော ဥတ္တရိ အတ္ထပရိဒီပနံ၊ (ဋီသစ်)

(ခ) အထ ကသ္မာ "ဘောတိ ပြာပ္ပကဇာတိသမုဒါဂတံ အာလပနမတ္တ"န္တိ ဝုတ္တံ။

(ဂ) နနု ဝုတ္တံမ္ပိ စေတံ "ဘောဝါဒိနာမသောဟောတိ၊ သစေ ဟောတိ သကိဉ္စနော"တိ။

(ဃ) တသ္မာ(လ) ဝုတ္တံ။

**(ဃ) ဝါကျ စဍေ့ဗ္ဗထုတ်ပုံ။**

(က) နနု နိပါတာ အနေကတ္ထာ ဟောန္တိ။ (သီဋီသစ်)

(ခ) အထ ကသ္မာ "ခလူတိ အနုဿဝနတ္ထေ နိပါတော"တိ သံဝဏ္ဏိတော။

(ဂ) နနု အနုဿဝနတ္ထော ဝ ဂှာဓာဓိပ္ပေတော။ (သီဋီသစ်)

(တနည်း) နနု အနုဿဝနတ္ထတော အညေသံ အတ္ထာနံ အသမ္ဘဝေါ ဟောတိ။

(ဃ) တသ္မာ "ခလူတိ အနုဿဝနတ္ထေ နိပါတော"တိ သံဝဏ္ဏိတော။

၄။ ရာဂါဒယော သတ္တေ ကိဉ္စန္တိ မဒ္ဒန္တိ ပလိဗုဒ္ဓန္တီတိ ကိဉ္စနာနိ။ (သီဋီသစ်)

သတ္တဝါတို့ကိုနင်းနယ်နှိပ်စက်, ကြိတ်ချေခြင်း ကြိယာသကတ်သည် ဝစနဟေတု။

ရာဂ, ဒေါသ, စသောကိလေသာတို့ဖြစ်သည် ဝစနီယ။

မဒ္ဒနာနိ, ပလိဗောဓနာနိ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ သကိဉ္စနော-ကို သကိဉ္စနတ္ထာ-ဟု ဟိတ်ပြင်က ပါဌသေသ ယောကောစိ-ဟူသောကတ္တား-ကို ယဿကဿစိ (ပြာပ္ပကဿ)ဟု သမ္ဗန်ခံ။ (ကတ္တား+သမ္ဗန်စာစပ်)

၆။ (က) နိပါတော-ဖြင့် သမဏောခလု-၌ ခလု-သဒ္ဒါသည် "ခလု ပစ္ဆာဘတ္တိက"ပုဒ်၌ကဲ့သို့ နာမ်ပုဒ်မဟုတ်၊ နိပါတ်ပုဒ်တည်းဟု သိစေသည်။

အနုဿဝနတ္ထေ-ဖြင့် ယင်းနိပါတ်သည် ဤနေရာ၌ နိသေဓ, ဝါကျာလင်္ကာရ, အဝဓာရဏ အနက်တို့ကိုမဟော၊ အနုဿဝနအနက်ကိုဟော၏။ (ဝါ) အနုဿဝနအနက်ကိုသာ လိုအပ်၏ဟု သိစေသည်။ (သီဋီသစ်)

(ခ) အာလပနမတ္တံ-ဖြင့် ဘောသဒ္ဒါ၏-အာလုပ်ပုဒ်၏အဖြစ်ကိုလည်းကောင်း၊ (နာမလိင်္ဂပဒ) ဘော-၌ ပဋ္ဌမာဝိဘတ်သည် လိင်္ဂတ္ထ-၌မသက်၊ အာလုပ်အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ (ဝိဘတျတ္ထ) သိစေပါသည်။

ပြာပ္ပကဇာတိသမုဒါဂတံ-ဖြင့် ယင်းဘော-ဟူသော အာလုပ်သည် ပုဏ္ဏားများခေါ်ဝေါ် ပြောဆိုလေ့ရှိသော အာလုပ်တည်းဟုသိစေသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် ဂေါဟိ+ဉာဏေဟိ ဝိသိဋ္ဌော ဂေါတမော-ဟုမပြုရ။ ဂေါတမဿ+အပစ္စံ-ဂေါတမော-ဟုပြုရမည်ကို သိစေသည်။ (ဆင်တဲဂဏ္ဌိ၊ ၁၆၁)

http://www.dhammadownload.com



(တနည်း) ဏ-ပစ္စည်း၏ဓာတအနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊ ဂေါတမဂေါတ္တ+ ဏာ ဂေါတမော-ဟု ဓာတတဒ္ဓိတ်ပြုရမည်ကိုလည်းကောင်း၊ ဂေါတမဂေါတ္တ-ဟူလိုလျက်ဂေါတ္တကို ချေ၍ ဂေါတမ-ဟု ပုဒ်ပြီးနေသည်ကိုလည်းကောင်း၊ ဂေါတမ-အရ သုဒ္ဓေါဒနမင်း ရှင်အာနန္ဒာတို့ကို မယူရ။ ဤ၌ ဘုရားရှင်ကို ယူရမည်ကိုလည်းကောင်း သိစေပါသည်။

◆ **ဓဓာ ဟိ ထံ ဏုလေ ဓာဓာ သုဒ္ဓေါဒနမဟာရာဓာဒယောပိ "ဂေါဓမော"ဇွေဝ ဝုစ္စန္တိ၊ (လ) ဣဓ ပန ဘဂဝန္တံယေဝ၊ ဓေနာဟ "ဘဂဝန္တံ ဂေါတ္တဝသေန ပရိကိတ္တေတိ" တိ၊ (သီဋီသစ်)**

ဂ။ ဂံ+တာယတီတိ ဂေါတ္တံ။ (သီဋီသစ်) ဂေါ+တာ+တ-ပစ္စည်း။ ဤ၀စနတ္ထ-အခိုက် နိရုတ္တိမရ။
(တနည်း) ဂေါပီယတီတိ ဂေါတ္တံ။ (ဂုပ+တ) (ဏွာဒိ။ ၈၁။) ဂုပ+တ-ဟူလိုလျက် ပ-ကိုချေ၊ တ-ဒွေးဘော်လာ။ ဂု-၌-ဥ-ကို-ဩ-ပြု၍ ဂေါတ္တ-ပြီးသည်။

၈။ ဘော-ပုဒ်နှင့် ပိယသမုဒါဟာရ အဖြစ်ဖြင့်တူသော အာလုပ်ပုဒ်တို့ကား အာဝုသော, ဒေဝါနံ ပိယတို့ဖြစ်သည်။

◆ **ပိယ သမုဒါဟာရာ ယေ ဓေ "ဘော"တိဝါ "အာဝုသော"တိဝါ "ဒေဝါနံ ပိယာ"တိဝါ။ (သီဋီသစ်၊ ၂၁၆၊)**

၉။ ဘောဝါဒီ နာမသော ဟောတိ၊ သစေ ဟောတိ သကိဉ္စနော။
အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ (ဓ၊ ၁။ ၇၀)
ပထျာဝတ္တ-ဂါထာ။ (ဂါထာအပရုပ်ကို သီဋီသစ်၌ ဖေါ်ပြထားသည်)

၁၀။ ✣ ကိဉ္စန-အရ ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ကိလေသာတရားများနှင့် ဒုစရိုက်တရားများကိုယူ၍ (သီဋီသစ်) ထိုသည်-ကာမရတိဋ္ဌာယီဘာဝ+ကာမသိင်္ဂါရ ရသ၊ ကောဓဋ္ဌာယီဘာဝ+ရုဒ္ဒရသ။

✣ ဣဋ္ဌ အနိဋ္ဌ မဇ္ဈတ္တ အာရုံတရားများသည် အာရမ္မဏဝိဘာဝ။

✣ ဗာလူပသေဝန, အသဒ္ဓမ္မသဝန, အယောနိသောမနသိကာရစသည်သည် ဥဒ္ဒီပနဝိဘာဝ။

✣ ပစ္စုပ္ပန်၌ သောက ပရိဒေဝစသောဒုက္ခများနှင့် ကြုံတွေ့ရခြင်းသည်လည်းကောင်း၊ တမလွန်၌ ဒုဂ္ဂတိဘုံဘ၀သို့ ရောက်ရခြင်းစသော မကောင်းကျိုး အဆက်ဆက်သည်လည်းကောင်း အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၂၁၆ )

### ၁၃၄၈-ခု၊ အစိုးရ။

(က) **သဗ္ဗျပုဗ္ဗောတိ ဣဒံ ပန ဘာဂဝတော ဥစ္စာကုလပရိဒီပနံ။**

(ခ) **သဗ္ဗကုလာ ပဗ္ဗဇိတောတိ သဒ္ဓါပဗ္ဗဇိတဘာဝပရိဒီပနံ။**

(ဂ) ကေနစိ ပါရိဇုညေန အနဘိဘူတော အပရိက္ခီဏံယေဝ တံ ကုလံ ပဟာယ သဒ္ဓါယ ပဗ္ဗဇိတောတိ ဝုတ္တံ ဟောတိ။

(ဃ) **ဒဿနံ ဟောတီတိ** ပသာဒသောမ္မာနိ အက္ခီနိ ဥမ္မီလေတွာ ဒဿနမတ္တမ္ပိ သာဓု ဟောတီတိ ဝေံ အဇ္ဈာသယံ ကတွာ။

(ဌ။ ၂၁၉။ သီဋီသစ်။ ၂၁၈။ နေရင်း။ ၂၇၂။ ပခုက္ကူ။ ၃၃၉။ ဘာသာဋီ။ ၃၁၁။ ဂဏ္ဌိ။ ၄၂၇။)

၁။ (ဂ) ဝါကျ၌ ပါရိဇုည-သရုပ်ပေါ်လွင်စေလျက် လည်းကောင်း၊ (ဃ) ဝါကျ၌ သာဓု-ပုဒ်၏ အဓိပ္ပါယတ္ထထင်စေလျက် လည်းကောင်း အနက်ယောဇနာပါ။

၂။ (ဂ) ဝါကျသို့ သာဘောဂပုစ္ဆာတက်၍ အဓိပ္ပါယ်ပြန်ဆိုခဲ့ပါ။

၃။ (ခ+ဂ) ဝါကျတို့၌ ဖြစ်သင့်သည်အားလျော်စွာ စောဒကာဘောဂါဒိ စတုက္ကထုတ်ပြပါ။

၄။ အက္ခိ-ပုဒ်ကို ဝိဂ္ဂဟပြု၍၊ ဝစနာဒိ သင်္ဂြိုဟ်ပြခဲ့ပါ။

၅။ (ဂ) ဝါကျ၌ အနဘိဘူတော-ကို အနဘိဘူတတ္တာ-ဟု ဟိတ်ပြင်လျှင် ဖြစ်သင့်သော သမ္ဗန်ခံ၍၊ အနက်အားလျော်စွာ စာစပ်လျက်၊ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်းညွှန်းပြခဲ့ပါ။

၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖေါ်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။

၇။ အက္ခိ-နှင့် နိဃဏ္ဍု-ပုဒ်တို့၌ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ ကပ္ပဲသဘင်ကြည့်ရှုနားထောင်ခြင်းသည် ဒုစရိုက်အကျင့်မဟုတ်ပါဘဲလျက် အဘယ်ကြောင့် အဋ္ဌကထာဆရာသည် သာသနာတော်အား မလျောက်ဟု ဖွင့်ပါသနည်း၊ ဖြေဆိုခဲ့ပါ။

၉။ (ဂ) ဝါကျ၌ အဓိပ္ပါယ်မပျက်စေမူ၍ ဝတ္တမျိုးတစ်ဂါထာ စီကုံးခဲ့ပါ။

၁၀။ သာဓု ခေါ ပန တထာရူပါနံ အရဟတံ ဒဿနံ ဟောတိ-၌ ဖြစ်သင့်သော ဘာဝ, ဝိဘာဝ, အနုဘာဝ, ဗျတိစာရီဘာဝ တို့ကိုထုတ်ပြခဲ့ပါ။

====================

၁။ **(ဂ) ဝါကျ**

ကေနစိ၊ ဇရာပါရိဇုည , ဗျာဓိပါရိဇုည , ဘောဂပါရိဇုည , ဉာတိပါရိဇုညတို့တွင် တစ်စုံတစ်ခုသော။ ပါရိဇုညေန၊ ပါရိဇုညသည်။ (ဝါ) ဆုတ်ယုတ်ပျက်စီးခြင်းသည်။

- **ဉာတိပါရိဇုညဘောဂပါရိဇုညာဒိနာ ကေနစိ ပါရိဇုညေန။ (သီဋီသစ်၊၂၊၂၁၈၊သာရတ္ထ၊၁၊ ၂၁၄၊)**
- **ကမာနိ စတ္တာရိ ? ဇရာပါရိဇုညံ ဗျာဓိပါရိဇုညံ ဘောဂပါရိဇုညံ ဉာတိပါရိဇုညံ၊ (မ၊၂၊၂၅၄၊)**

**(ဃ) ဝါကျ**

သာဓု၊ ကောင်းကျိုးချမ်းသာ အပြားပြားကို ဆောင်တတ်သည်၊

- **သာဓု ခေါပနာတိ သုန္ဒရံ ခေါပန၊ အတ္ထာဝဟံ သုခါဝဟန္တိ ဝုတ္တံ ဟောတိ၊ (ဌ၊ ၂၂၀)**

သာဓု၊ မိမိသူတစ်ပါးနှစ်ဦးသား၏ စီးပွားချမ်းသာအပြားပြားကို ကောင်းစွာပြီးစေတတ်သည်၏ အဖြစ်ကြောင့် ကောင်းသည်။ (ပခုက္ကူ-သျှ၊ ၃၄၀။)

http://www.dhammadownload.com



၂။ **(ဂ) ဝါကျ သာဓေတဗ္ဗပုစ္ဆာ**

ဆရာ-သည် (ခ) ဝါကျဖြင့် သက္ကကုလာ ပဗ္ဗဇိတော-ဟူသော သဒ္ဒါသည် သဒ္ဒါပဗ္ဗဇိတဘာဝကိုပြကြောင်း သဒ္ဒါတည်းဟုဖွင့်ဆို၏၊ အဘယ်သို့လျှင် သဒ္ဒါပဗ္ဗဇိတဘာဝကို ပြပါသနည်း။ သက္ကကုလာပဗ္ဗဇိတော-ဟူသော သဒ္ဒါသည် ဥစ္စာကုလာပဗ္ဗဇိတဘာဝကို ပြကြောင်းသဒ္ဒါသာဖြစ်၍ သဒ္ဒါပဗ္ဗဇိတဘာဝကိုပြကြောင်း သဒ္ဒါမဖြစ်နိုင်ရာသည် မဟုတ်ပါလော၊ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား-** (ဂ) ဝါကျဖြင့် တစ်စုံတစ်ခုသော ဆုတ်ယုတ်ပျက်စီးခြင်းသည် မလွှမ်းမိုး မနှိပ်စက်အပ်သည်ဖြစ်၍ မကုန်နိုင်သည်သာလျှင်ဖြစ်သော ရှစ်သောင်းလေးထောင်သော သာကီဝင်မင်းမျိုးကိုစွန့်၍ သဒ္ဒါသက်သက်ဖြင့် ရဟန်းပြုတော်မူခဲ့သူဖြစ်ရကား သဒ္ဒါပဗ္ဗဇိတဘာဝကို ငါပြဆိုပါ၏ ဟူလို။

- **ကထံ သဒ္ဒါပဗ္ဗဇိတဘာဝပရိဒီပနန္တိ အာဟ "ကေနစိ"တိ အာဒိ၊ (သီဋီသစ်)**
- **နနု စ "သက္ကကုလာပဗ္ဗဇိတော"တိ ဣဒံ ဥစ္စာကုလာ ပဗ္ဗဇိတဘာဝပရိဒီပနမေဝ သိယာ (ဓာဒတ္ထသောဝ ဝိညာယမာနတ္တာ)၊ န သဒ္ဒါပဗ္ဗဇိတဘာဝပရိဒီပနံ (ဓာဒတ္ထဿ အဝိညာယမာနတ္တာ) (သီဋီသစ်၊ ၂၁၈၊)**

**(က) (ခ) လီနတ္ထပကာသနာ**

ဆရာ-ရှင်အာနန္ဒာသည် သက္ကပုတ္တော သက္ကကုလာပဗ္ဗဇိတော-ဟုဆို၏။ ယင်းနှစ်ပုဒ်တွင် တစ်ပုဒ်ပုဒ်ဆိုလျှင် မဟာသမ္မတမင်းမှစ၍ အသမ္ဘိန္နမင်းမျိုးကို ပြခြင်းကိစ္စပြီးရာသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် နှစ်ပုဒ်ကို ပါဠိ၌ဆိုအပ်လေသနည်း။ စုဒ်ကြောင့် (က) (ခ) မိန့်။ (ဆင်တဲကဏ္ဍီ။၁၆၁။)

၃။ **(ခ+ဂ) ဝါကျ စဏ္ဍုတ္တ**

(က) နနု သက္ကကုလာပဗ္ဗဇိတောတိ ဣဒံ ဥစ္စာကုလာပဗ္ဗဇိတဘာဝပရိဒီပနမေဝ သိယာ။ န သဒ္ဒါပဗ္ဗဇိတဘာဝပရိဒီပနံ။ (သီဋီသစ်)

(ခ) အထ ကသ္မာ သက္ကကုလာပဗ္ဗဇိတောတိ သဒ္ဒါပဗ္ဗဇိတဘာဝပရိဒီပနန္တိ တယာ ဝုတ္တံ။

(ဂ) နနု ကေနစိ ပါရိဇုညေန။ ပ။ သဒ္ဒါယပဗ္ဗဇိတော။ (ဟောတိ)။

(ဃ) တသ္မာ။ ပ။ မယာ ဝုတ္တံ။

၄။ ဩကဿတိ အနေနာတိ အက္ခိ။ (ဓာတ္ထဒီမောဂ်။ ၈။)

ကြည့်ရှုခြင်းကြိယာသကတ်သည် ဝစနယောဂ၊

မျက်လုံးတော်ဖြစ်သည် ဝစနီယ၊

စက္ခု နယနံ စသောပရိယာယ်သဒ္ဒါများသည် ဝစနိယတ္ထ။

**ဝိဂ္ဂဟမှတ်ဘွယ်**

ပရိဇိယနံ ပရိဟာယနံ ပါရိဇုညံ။

ပရိဇီရတီတိ ဝါ ပရိဇိဏ္ဏော၊ တဿ+ဘာဝေါ ပါရိဇုညံ။ (သီဋီသစ်။ ၂၁၈။)

ကုလဝံသံ အနုရက္ခိတုံ သက္ကုဏန္တိ သမတ္ထေန္တီတိ သက္ကာ။ (သီဋီသစ်။ ၂၅၉။)

အတ္တနော ကုလံ ပုနာတိ သောဓေတီတိ ပုတ္တော။

သက္ကဿ သုဒ္ဓေါဒနမဟာရာဇဿ+ပုတ္တော သက္ကပုတ္တော။ (သီဋီသစ်။ ၂၁၈။)

သာဓေတိ အတ္တပရဟိတန္တိ သာဓု။ (သာဓ+ဏု။) (ဓာတ္ထဒီ။ ၁။)

http://www.dhammadownload.com



၅။ အနဘိဘူတော-ကို အနဘိဘူတတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို သမဏဿ ဂေါတမဿ-ဟုခံ။ (ကံ+သမ္ဗန်စာစပ်)
ဘာဝယောဂပုဒ်၏ ပစ္စယတ္ထ-ကား ကမ္မတ္ထတည်း။

- **သမဏော ခလု ဘော ဂေါတမော သကျပုတ္တော သကျကုလာပဗ္ဗဇိတော(ပါဠိတော် ထောက်၊)**

၆။ (က) ဝါကျဖြင့် သကျပုတ္တော-ကို သကျဿ သုဒ္ဓေါဒနမဟာရာဇဿ+ပုတ္တော သကျပုတ္တော-ဟုပြု၍ သကျပုတ္တ-အရ ဘုရားကိုယူရမည်ကိုလည်းကောင်း, (အဘိဇာ/နုတ္တ+အဘိဓေယျတ္ထ) မြတ်စွာဘုရား၏မြင့်မြတ်သောအမျိုးရှိတော်မူသည်၏ အဖြစ်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေသည်။
(ခ) ဝါကျဖြင့် သကျကုလာပဗ္ဗဇိတော-ဟူသော သဒ္ဒါသည် သဒ္ဒါသက်သက်ဖြင့် ရှင်ရဟန်းပြုသည်၏ အဖြစ်ကိုပြကြောင်း သဒ္ဒါတည်း-ဟု သိစေသည်။ (ဘာဝတ္ထ)
(ဂ) ဝါကျ သဒ္ဒါယ ပဗ္ဗဇိတော-ဖြင့် (ခ) ဝါကျ၌ သဒ္ဒါပဗ္ဗဇိတ-ပုဒ်ကို တတိယာတပ္ပုရိသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုသိစေသည်။ (ကြွင်းပါဌ်တို့ဖြင့် ဘာဝတ္ထ-သိစေ၏။)

ဂ။ **အဏ္ဍ-ကား ဏ္ဍကမ္ဘ-စာတ်+ဏ္ဍ-ပစ္စည်း။** ဏ္ဍကဋ္ဌ-ဟူလိုလျက် ဏ္ဍ-ကို အ-ပြု၍ ပြီးသည်။

- **ဏ္ဍကမ္ဘ စက္ခု ဒဿနေ၊ ဏ္ဍဿ အဏ္ဍ၊ (ဏျာဒိမောင်၊ ၈၊)**

(တနည်း) အသု-စာတ်+ခိ-ပစ္စည်း။ အသခိ-ဟူလိုလျက် သ-ကို က-ပြု၍ပြီးသည်။

- **အသု ဗျာပနေ၊ အသတိ ဗိသယေသု ဗျာပိဝိယ ဘဝတီတိ အက္ခိ၊ သဿ ကော၊ (ဓာန်-ဋီ၊ ၁၄၉၊)**

**နိဃဏ္ဍု-ကား** နိ-ပုဗ္ဗ+ခဍိစာတ်+ဥ-ပစ္စည်း။ နိခဍု-ဟူလိုလျက် ခ-ထက် နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဏ-ပြု၊ ခ-ကို ဃ-ပြု၍ နိဃဏ္ဍုပြီးသည်။

- **ဧဝနိယ ဝါစကာဘာဝေန အတ္ထံ , သဒ္ဒဥ နိခဍတိ ဘိန္ဒတိ ဝိဘဇ္ဇ ဒဿေတီတိ နိခဏ္ဍု၊ ဿောရေ ခ-ကာရဿ ဃ-ကာရံ ကတွာ "နိဃဏ္ဍု"တိ ဝုတ္တော၊ (သီဋီသစ်)**

**နိဃဏ္ဍု-ဟူရှိမူ**-နိ-ပုဗ္ဗ+ဃဋ္ဋ-စာတ်+ဥ-ပစ္စည်း။ နိဃဋ္ဋု-ဟူလိုလျက် ဃ-ထက်၌ နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဏ-ပြု၍ပြီးသည်။

- **တတ္ထတတ္ထာ ဝတာနိ နာမာနိ နိဿေသတော ဃဋ္ဋေန္တိ ရာသိ ကရောန္တိ ဧတ္ထာတိ နိဃဏ္ဍု၊ နိဂ္ဂဟိတာဂမေန၊ (သီဋီသစ်၊ ၂၂၁)**

**ပါရိဂ္ဂဉ-ကား** ပရိဟာနိ -ပုဒ်+ဏျ ပစ္စည်း။ ပါရိဟာနျ-ဟူလိုလျက် ဟာ-အစိတ် အာ-ကို ဥ-ပြု၊ ဟ-ကို ဇ-ပြု၊ နျ-ကို ဉ-ပြု၊ ဉ-ဒွေဘော်လာ၍ ပါရိဂ္ဂဉပြီး၏။ (ဂဏ္ဍိ။ ၄၂၈။)

**ဥစ္စာကုလ-ကား** ဥစ္စကုလ-ဟူလိုလျက် စ္စ-၌ အ-ကို အာ-ပြု၍ ဥစ္စာကုလပြီးသည်။ (ဂဏ္ဍိ။ ၄၂၇။)

၈။ ကပ္ပဲသဘင်ကြည့်ရှုနားထောင်ခြင်းသည် ဒုစရိုက်အကျင့်မဟုတ်သော်လည်း သန္တရာဂနှင့်တကွဖြစ်သောကြောင့် "သဗ္ဗပါပဿ အကရဏံ"စသော နည်းဖြင့်ဖြစ်သော ဘုရားရှင်၏ သာသနာတော်ကိုမလျော်စေပါ။ ထို့ကြောင့် "သာသနာတော်အား မလျော်ဟု အဋ္ဌကထာဆရာဖွင့်ဆိုပါသည်။" (သီဋီသစ်၊ ၁။ ၃၄၇။)

http://www.dhammadownload.com



၉။ **(ဃ) ဝါကျ ဂါထာစီ**

ဂေါတမော အနုဘိဘူတော၊ ပါရိုဇုညေန ကေနစိ။
အဒိက်ယေ၀ တံ ဝံသံ၊ ဟိတွာ သဒ္ဓါယ ပဗ္ဗဇိ။ (ပထမ-သ-ကာရဝိပုလာဂါထာ)

၁၀။ **သာစုခေါပနတထာရူပါနံ အရဟတံ ဒဿနံ ဟောတိ-၌ ဘာဝ-စသည်ထုတ်ပုံ**

- ✣ တထာရူပ ရဟန္တာပုဂ္ဂိုလ်တို့ကို ကြည့်ရှုဖူးမြင်ရသော သူ၏သန္တာန်၌ သဒ္ဓါ ပီတိ စသည် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည်- ဓမ္မရတိဋ္ဌာယီဘာ၀ ဓမ္မသိဂါရရသ။
- ✣ တထာရူပရဟန္တာပုဂ္ဂိုလ်တို့သည် အာရမ္မဏဝိဘာဝ။
- ✣ တထာရူပရဟန္တာပုဂ္ဂိုလ်တို့၏ အရယံစသော ဂုဏ်တော်တို့သည်လည်းကောင်း, ဖူးမြင်ရသူ၏ ယောနိသောမနသိကာရ စသည်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
- ✣ မျက်မှောက် တမလွန်နှစ်တန်သော ကောင်းကျိုးတရားသည်လည်းကောင်း, မြတ်နိဗ္ဗာန် တိုင်အောင်သော အကျိုးအဆက်ဆက်သည်လည်းကောင်း အနုဘာဝ။
- ✣ တည်ကြည်ခြင်း, ခန္ဓာဟူသောလောကမှငြီးငွေ့ခြင်း, ဟုတ်တိုင်းမှန်စွာ သိခြင်းသည် ဗျာဘိစာရီဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၂၁၇ )

(က) **အဇ္ဈာယကောတိ** ဣဒံ "န ဒါနိ မေ ဈာယန္တိ န ဒါနိ မေ ဈာယန္တိတိ ခေါ ဝါသေဋ္ဌ အဇ္ဈာယကာ အဇ္ဈာယကာ တွေ၀ တတိယံ အက္ခရံ ဥပနိဗ္ဗတ္တ"န္တိ ဧဝံ ပဌမ ကပ္ပိက ကာလေ ဈာနဝိရဟိတာနံ ဗြာဟ္မဏာနံ ဂရဟာဝစနံ။

(ခ) ဣဒါနိ ပန တံ အဇ္ဈာယတိတိ **အဇ္ဈာယကော**။ မန္တေ ပရိဝတ္တေတီတိ ဣမိနာ အတ္ထေန ပသံသာဝစနံ ကတွာ ဝေါဟရန္တိ။

(ဂ) မန္တေ ဓာရေတီတိ **မန္တဓရော**။

(ဃ) **တိဏ္ဏံ ဝေဒါနန္တိ** ဣရုဝေဒယဇုဝေဒသာမဝေဒါနံ။

(ဋ္ဌ၊ ၂၂၀။ သီဋ္ဌီသစ်၊ ၂၂၀။ နေရင်း၊ ၂၇၃။ ပဒတ္ထ၊ ၃၄၀။ ဘာသာဋီကာ၊ ၃၁၂။ ဂဏ္ဌိ၊ ၄၂၉။)

၁။ ဝေါဟရန္တိ-၏ ကတ္တားထည့်၍ (က+ခ) ဝါကျကို အနက်ယောဇနာပါ။
၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။
၃။ (က+ခ) ဝါကျကို ဓာဒကာဘောဂါဒီစထုက္ကထုတ်ပါ။
၄။ (ဂ) ဝါကျ မန္တေ-ကို ဝစနတ္တပြု၍၊ ဝစနာဒိသက္ကထုတ်ပါ။
၅။ ဈာနဝိရဟိတာနံ-ကို ဟိတ်ပြင်၍ ယင်း၏ သမ္ဗန်ကိုခံပြီးလျှင် အတ္ထာနုရူပစာစပ်ပါ။
၆။ (ခ+ဂ+ဃ) ဝါကျတို့ကို အာဘော်ပေါ်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ဣရု+သာမ ပုဒ်တို့၏ နိရုတ္တိနည်းရုပ်ပြီးပုံကိုရေးပါ။
၈။ (က) ဝါကျ တတိယံ အက္ခရံ နိဗ္ဗတ္တံ-၌ အဘယ်အရာကိုထောက်ဆ၍ သုံးခုမြောက်သော နာမည်ဖြစ်၏ဟု ဆိုထားကြောင်းကို ရှင်းပြပါ။
၉။ (က) ဝါကျကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုး ဂါထာစီကုံးပြပါ။
၁၀။ (က) ဝါကျ ဂရဟာဝစနံ-ကို မှီ၍ ဘာဝ စသည်ထုတ်ပါ။

==================== ==

http://www.dhammadownload.com



၁။ (၁) ဝါကျ ဝေါဟရဋ္ဌ-၏ ကတ္တားကို မနုဿာ-ဟုထည့်။ (နေရင်း)

၂။ **(၁) ဝါကျ သာဘောဇပုစ္ဆာ**

ဆရာ-သည်(က)ဝါကျဖြင့် အဇ္ဈာယက-ဟူသောသဒ္ဒါသည် ကမ္ဘာဦးအခါက ရှာန်မှကင်းကုန်သော ပြာဟ္မဏတို့ကို ကဲ့ရဲ့ကြောင်းသဒ္ဒါတည်း-ဟုဆို၏၊ ယခုအခါ၌လည်း ကဲ့ရဲ့ကြောင်း သဒ္ဒါပြု၍ ခေါ်ဆိုကြပါသလော၊ ယခုအခါ၌ အဘယ်သို့ခေါ်ဆိုကြပါသနည်း။ စုဒ်ကြောင့် (၁) ဝါကျမိန့်။

**အစီပွါယ်ကား-** ယခုအခါ၌။ ပ။ ချီးမွမ်းကြောင်းသဒ္ဒါကိုပြု၍ ခေါ်ဆိုကြကုန်၏ဟု ငါပြဆိုပါ၏ ဟူလို။

၃။ **(က) (၁) စတုက္ကထုတ်ပုံ**

(က) နနု အဇ္ဈာယကောတိ ဣဒံ။ပ။ ပဌမကပ္ပိကကာလေ ဈာနဝိရဟိတာနံ ဗြာဟ္မဏာနံ ဂရဟဝစနံ။

(ခ) အထ ကသ္မာ ဣဒါနိ တံ ပသံသာဝစနံ ကတွာ ဝေါဟရန္တိ။

(ဂ) နနု အဇ္ဈာယတီတိ အဇ္ဈာယကော၊ မန္တေ ပရိဝတ္တေတီတိ အယံ အတ္ထော ယောတိ။

(ဃ) တသ္မာ။ပ။ ဝေါဟရန္တိ။

၄။ မုနန္တိ, သုယျန္တိ စ ဧတေတိတိ မန္တာ။ (တေ မန္တေ) (သီဋီသစ်။ ၂၂၁။)

သိခြင်း, ကြားခြင်း ကြိယာသကတ်သည် ဝစနဟေတု၊

ဗေဒင်တို့ဒြပ်သည် ဝစနီယ၊

ဝေဒ, သုတိယော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

(မန္တ-ကား မုန ဓာတ်+တ-ပစ္စည်း။ ဥ-ကို အ-ပြုပြီးသည်။)

ဝိဒန္တိ ဓမ္မံ, ကမ္မံ ဝါ ဧတေဟီတိ ဝေဒါ။ (ဝိဒ+ဏ) (သီဋီသစ်)

ဓမ္မကိုလည်းကောင်း, ရှေးကံကိုလည်းကောင်း သိကြောင်းဖြစ်သောကြောင့် ဣရု စသော အတတ်ပညာကို ဝေဒဟုခေါ်သည်။

ဣစ္စန္တေ ထောမိယန္တေ ဒေဝါ ဧတေဟီတိ ဣရု။ (သီဋီသစ်)

နတ်တို့ကို ချီးမွမ်းကြောင်းဖြစ်သောကြောင့် "ဣရု"။

သောယန္တိ အန္တံ ကရောန္တိ, အာဟုန္တိ ဝါ တန္နံ ကရောန္တိ ပါပံ အနေနာတိ သာမံ။ (သီဋီသစ်)

မကောင်းမှုကို အဆုံးပြုကြောင်း (ဝါ) နည်းပါးအောင်ပြုကြောင်း ဖြစ်သောကြောင့် "သာမ"။

၅။ ဈာနဝိရဟိတာနံ-ကို ဈာနဝိရဟိတတ္တာ-ဟု တိတ်ပြင်။

ယင်း၏သမ္ဗန်ကား ဝိသေသျ-ဖြစ်သော ဗြာဟ္မဏာနံ-ပင်ဖြစ်သည်။ (ကတ္တား+သမ္ဗန်-စာစပ်)

၆။ (က) ဝါကျဖြင့် အဇ္ဈာယက-သဒ္ဒါ၏ ကမ္ဘာဦးကာလ ရှာန်မှကင်းကုန်သော ဗြာဟ္မဏ-တို့ကို ကဲ့ရဲ့ကြောင်း သဒ္ဒါ၏အဖြစ်ကိုလည်းကောင်း။ ယင်းသို့ ဂရဟာဝစန-ဖြစ်သည်ကိုထောက်၍ အဇ္ဈာယက-ကို အဓိ+အာယက-ဟု ပုဒ်မဖြတ်ရ၊ န+ဈာယက-ဟု ပုဒ်ဖြတ်ရမည်၏အဖြစ်ကိုလည်းကောင်း။ ဈာယက-၌ ဈေ-ဓာတ်၏အဖြစ်ကိုလည်းကောင်း။ ဏွု-ပစ္စည်း၏ ကတ္တားအနက်၌သက်သည်၏အဖြစ်ကို လည်းကောင်း။ ဈာယန္တီတိ ဈာယကာ-ဟုပြုရမည်ကိုလည်းကောင်း။ န+ဈာယကာ အဇ္ဈာယကာ-ဟု ဥဘောတပ္ပုရိသ်ပြုရမည်ကိုလည်းကောင်း။ အ-သည် န-၏ကာရိယ၏ ဖြစ်ကို လည်းကောင်း။ ယင်းအ-၏ ပဋိသေဓဝါစက-၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



(ခ) အဇ္ဈာယတိ-ဖြင့် အဇ္ဈာယကော-၌ အဓိ+ဣေး+အာရေး+ ဏွု (ဧ,အယ)ဓာတ်၏အဖြစ်ကို လည်းကောင်း။ ဏွု-ပစ္စည်း ကတ္တားအနက်၌သက်သည်ကိုလည်းကောင်း။ အဇ္ဈာယတီတိ အဇ္ဈယကော ဟု ပြုရမည်၏ အဖြစ်ကိုလည်းကောင်း သိစေပေါသည်။

ပရိဝတ္တေတိ-ဖြင့် အဇ္ဈာယတိ-၌ အဓိ-၏ ဓာတွတ္တာနုဝတ္တက-၏ အဖြစ်ကိုလည်းကောင်း။ အာ-၏ ဓာတွတ္ထဝိသေသက-၏ အဖြစ်ကိုလည်းကောင်း။ ဣ-ဓာတ်၏ သရဇ္ဈာယ်ခြင်း (ဝါ) အပြန်ပြန် ရွတ်ဆိုခြင်း အနက်ဟောသည်ကို လည်းကောင်း သိစေပါသည်။

မန္တေ-ဖြင့် အဇ္ဈာယတိ-၌ သရဇ္ဈာယ်၏ ဟူသည် ဗေဒင်တို့ကို သရဇ္ဈာယ်ခြင်းပင်တည်းဟု သိစေသည်။

(ခ) တဝါကျလုံးဖြင့် အဇ္ဈာယက-ပုဒ်ကို ယခုအခါ၌ကား ချီးမွမ်းကြောင်းသဒ္ဒါနေဖြင့် ခေါ်ဆိုကြသည်ဟူသော အဓိပ္ပါယ်ကိုသိစေသည်။

(ဂ) ဝါကျဖြင့် မန္တဓရော-၌ မန္တ-သဒ္ဒူပပဒ+ဓရ-ဓာတ်အဖြစ်ကိုလည်းကောင်း။ အ-ပစ္စည်း ကတ္တားအနက်၌သက်သည်ကိုလည်းကောင်း။ မန္တေ ဓာရေတီတိ မန္တဓရော-ဟု ကိတန္တ ဒုတိယာ တပ္ပုရိသ် ပြုရမည်ကိုလည်းကောင်း သိစေပါသည်။

(ဃ) ဝါကျဖြင့် တိဏ္ဏံ-အရ ဣရု, ယဇု, သာမ-ဟူသော ဗေဒင်သုံးပုံကိုယူ-လည်းကောင်း, ဝေဒ-သဒ္ဒါ ဤနေရာ၌ မင်, ဖိုလ်, လောကုတ္တရာပညာကို မဟော၊ ဗေဒင်-ကို ဟော-လည်းကောင်း။ ဝေဒ-၌ ဏ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်ကို လည်းကောင်း။ ဝိဒန္တိ ဇမ္ဗု, ကမ္မံ ဝါ ဧတေဟီတိ ဝေဒါ (တေသံဝေဒါနံ) ဟု ပြုရမည်ကို လည်းကောင်းသိစေပါသည်။

၇။ **ဣရု**-ကား ဣစ-ဓာတ်+ဥ-ပစ္စည်း။ ဣစု-ဟုဆိုလိုလျက် စ-ကို ရ-ပြု၍ပြီးသည်။

✤ **ဣစ-ဓာတုဝသေန စ-ကာရဿ ရကာရံ ကတွာ။ (သီဋီသစ်)**

**သာမ**-ကား သော-ဓာတ်+မန်-ပစ္စည်း။ သောမ-ဟူလိုလျက် သော-၌ ဩ-ကို အာ-ပြု၍ ပြီးသည်။

✤ **သော-ဓာတုပက္ခေ ဩ-ကာရဿ အာ-ကာရံကတွာ။ (သီဋီသစ်)**

၈။ ပါပကေ အကုသလေ ဓမ္မေ ဝါဟေန္တီတိ ခေါ ဝါသေဋ္ဌ ဗြာဟ္မဏာ ဗြာဟ္မဏာတွေဝ ပဌမံ အက္ခရံ ဥပနိဗ္ဗတ္တံ-ဟူသော ပါထေယျ, ဗြာဟ္မဏမဏ္ဍလသုတ်လာ ပဌမဖြစ်သောနာမည်ကို ထောက်၍ လည်းကောင်း။ အရညာယတနေ ပဏ္ဏကုဋီသု ဈာယန္တီတိ၊ ဈာယန္တိခေါ ဝါသေဋ္ဌ ဈာယကာ ဈာယကာတွေဝ ဒုတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ-ဟူသော ဒုတိယမြောက်နာမည်ကိုထောက်၍လည်းကောင်း။ ဤသီလက္ခန်-၌ တတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ-ဟူ၍ အဇ္ဈာယကော-ဟူသော နာမည်ကို သုံးခုမြောက် နာမည်ဟု ဆိုဘေးခြင်းဖြစ်ပါသည်။

၉။ **(က) ဂါထာစီ**

အဇ္ဈာယကောတိဒံ ဧဝံ၊ ကာလေ ပဌမကပ္ပိကေ။

ဈာနရဟိတဗြဟ္မာနံ၊ ဇိဂုစ္ဆာဝစနံ ဘဝေ။ ပထျာဝတ္တ ဂါထာ-အနုဋ္ဌုဘသန်း။

၁၀။ ✣ ဂရဟာဝစန်-၌ ကဲ့ရဲ့ရှုတ်ချကုန်သော ကမ္ဘာဦး လူထုတို့၏ သန္တာန်၌ဖြစ်သော ဒေါသ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကောဓဒွေသာယိဘာဝ + ရုဒ္ဒ ရသ။

✣ ဈာန်မှကင်းကုန်သော ဗြဟ္မာတို့သည် အာရမ္မဏဝိဘာဝ။

✣ ဈာန်ရအောင် အားမထုတ်နိုင်ခြင်း, ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်ခြင်းစသည်သည် ဥဒ္ဒီပနဝိဘာဝ။

✣ ကဲ့ရဲ့ရှုတ်ချလိုက်ခြင်းကြောင့် အဇ္ဈာယကဟူသော နာမည်ဖြင့် သုံးနှုန်းခေါ်ဝေါ်ခံရခြင်း စသည့်သည် အနုဘာဝ။

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၂၁၈ )

## ၁၃၃၈-ခု၊ သက္ကသီဟ

(က) **အနုစယောတိ ဣမေသု လောကာယတမဟာပုရိသလက္ခဏေသု** အနူနော ပရိပူရကာရီ၊
(ခ) အဝယော န ယောတီတိ ဝုတ္တံ ယောတိ။
(ဂ) အဝယော နာမ ယော တာနိ အတ္ထတော စ ဂန္ထတော စ သန္ဓာရေတုံ န သက္ကောတိ။
(ဃ) **အနုညာတ ပဋိညာတောတိ** အနုညာတော စေဝ ပဋိညာတောစ။
(င) အာစရိယေနဿ "ယံ အဟံ ဇာနာမိ၊ တံ တွံ ဇာနာသီ"တိ အာဒိနာ အနုညာတော။
(စ) "အာမ အာစရိယာ"တိ အတ္တနာ တဿ ပဋိဝစနဒါနပဋိညာယ ပဋိညာတော အတ္တော။
(ဋ္ဌ၊ ၂၂၁။ ဋီသစ်၊ ၂၂၅။ နေရင်း၊ ၂၇၆။ ပခုက္ကူ၊ ၃၄၆။ ဘာသာဋီ၊ ၃၂၂။ ဂဏ္ဌိ၊ ၄၃၀။)

၁။ သဗ္ဗနာမ်တို့၏ အစွဲမလွဲစေဘဲ အနုညာတော-၏-ကံကိုထည့်၍, အတ္တော-၏ သမ္ဗန်ခံပြီး (င-စ) ဝါကျတို့ကိုသာကျနစွာ အနက်ပေးပါ။
၂။ (ခ) အနုသန္ဓေ (င) ဇှတိရေကာဘောဂစောဒနာတက်ပါ။ (ဝါကျတက်မလို)
၃။ (က) စသည် အမည်ပေးပြီး၊ (စ) ဝါကျ၌ အတ္တနာ-ကို သဒ္ဒါနည်းကျနစွာ စာစပ်ပါ။
၄။ ပဋိညာတော-ကို အသပဒဝိဂ္ဂဟ-ပြု၍ ညည်ကောက်ပြပါ။
၅။ လောကာယတ-ပုဒ်ကို နာမပဒမာလာ၊ အနူနော-၌ ဓာတ်ကိုယူ၍ အဇ္ဇတနီ-ပရဿပုဒ်ဖြင့် ကတ္တုရုပ်စဉ်ပါ။
၆။ (က၊ ခ၊ ဂ၊ ဃ) ဝါကျတို့၌ အာဘော်ဖေါ်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ (က) ဝါကျ၌ အနွဝယော+အနုဝယော+အနုဝယော-ဟု ပါဌ်သုံးမျိုးရှိရာ အကြောင်းယုတ္တိပြ အမှန်ဆုံးဖြတ်ပါ။
၈။ အတတ်ပညာသင်ပေးသည့် တိတ္ထိဆရာကြီးကို သရာဟူသော အမှတ်ဖြင့် ရှိခိုးသော် သရဏဂုံ ဆောက်တည်ထားသည့် ဒါယကာအား သရဏဂုံပျက်/မပျက် ကျမ်းလာ အထောက်အထားပြ ဆုံးဖြတ်ပါ။ (ဋ္ဌ-၂၀၈)
၁၀။ အပောဝတ ရေ အမှာကံ တေ ဝိဇ္ဇက-ဟူသော ပါဠိတော် (နှာ-၁၀၀) ဝါကျ၌ ဘာဝစသည် ထုတ်ပါ။

==================

၁။ (င) အဿ= ထိုအမ္ဗဋ္ဌအား။

◆ **အဿာတိ အမ္ဗဋ္ဌဿ။ (သီဋီသစ်၊ ၂၂၆)**

တေဝိဇ္ဇကံ= ဗေဒင်သုံးပုံတို့၏ အပေါင်းဖြစ်သော။ ယံ- ပါဝစနံ-အကြွင်းပြဋ္ဌာန်းသော စကားကို (ဝါ) မြတ်သောစကားကို။

◆ **ယန္တိ တေဝိဇ္ဇကံ ပါဝစနံ၊ (သီဋီသစ်)**

(စ) တဿ-အာစရိယဿ=အား (ဝါ) ထိုဆရာဖြစ်သော ပေါက္ခရသာတိပုဏ္ဏားအား။

◆ **တဿာတိ အာစရိယဿ၊ (သီဋီသစ်)**

အနုညာတော-၏ ကံ-ကို အမ္ဗဋ္ဌမာဏဝကံ-ဟုထည့်။

အတ္တော-၏ သမ္ဗန်ကို အနုညာတ ပဋိညာတောတိ ပဒဿ-ဟုခံ။

http://www.dhammadownload.com



၂။ **(ခ) ဝါကျ အနုသန္ဓေ**

ဤသို့ (က) ဝါကျဖြင့် အနဝယော-ပုဒ်ကို အနူနော ပရိပူရကာရီ-ဟု အတ္ထမတ္တအားဖြင့် ပြပြီး၍ ယခုအခါ၌ သဒ္ဒါအားဖြင့် ရရှိအပ်သော အနက်ကိုပြခြင်းငှာ (ခ) ဝါကျမိန့်။

✦ **"အနူနော ပရိပူရကာရီ"တိ အတ္ထမတ္တံ ဒဿေနံ၊ သဒ္ဒတော ပန အဓိဂတမတ္တံ ဒဿေတုံ "အဝယော န ဟောတိ"တိ ဝုတ္တံ။ (သီဋီသစ်၊ ၂၂၅။)**

**(ငှ) ဝါကျ ဗျတိရေကာသော၈ စောဒနာ**

ဆရာ-သည် (ဃ) ဝါကျဖြင့် အနညာတ ပဋိညာတော-ကို အနညာတော စေဝပဋိညာတော စ-ဟု ကမ္မဓာရယ်သမာသ်တွဲစပ်ရန် ဖွင့်ပြ၏။ အကယ်၍ အနညာတော စေဝ ပဋိညာတော စ-ဟုသာ ဖွင့်ဆိုခဲ့သည်ဖြစ်အံ့ (ဗျတိရေကောယဒ္ဓာဒိနာ) ယင်းအနညာတ ပဋိညာတော ပုဒ်၌ဖြစ်သင့်သော သာဓန-အနက်ကို မသိအပ်, မသိနိုင်သည် မဟုတ်ပါလော၊ အနညာတ ပဋိညာတ ပုဒ်၌ မည်သည့်သာဓန အနက်ဖြစ်သင့်ပါသနည်း။ ဖြစ်သင့်သော သာဓနအနက်ကိုမပြသော် သင်္ခေပ+ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက်ရာ၏။ စုဒ်-ကြောင့် အာစရိယေန စသော(င-စ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား** (င+စ)ဝါကျတို့ဖြင့် အနညာတ-ပုဒ်ကို ကမ္မသာဓန-၏ အစွမ်းဖြင့် လည်းကောင်း, ပဋိညာတ-ပုဒ်ကို ကတ္တုသာဓန-၏အစွမ်းဖြင့်လည်းကောင်း အနက်ကိုငါပြ-ဟူလို။

✦ **"အနညာတော"တိ ပဒဿ ကမ္မသာဓနဝသေန, "ပဋိညာတော"တိ ပဒဿစ ကတ္တုသာဓန ဝသေန အတ္ထံ ဒဿေန္တော "အာစရိယေနာ"တိ အာဒိမာဟ၊ (သီဋီသစ်၊ ၂၂၆)**

(တနည်း) ဆရာ-သည် (ဃ)ဝါကျဖြင့် ခွင့်လည်းပြုအပ်, ဝန်လည်းခံတတ်သောဟု ဆို၏။ အဘယ်သို့ ခွင့်ပြုအပ်, အဘယ်သို့ဝန်ခံတတ်ပါသနည်း။ (ဂဏ္ဌိ၊ ၄၃၀) ခွင့်ပြုပုံ-ဝန်ခံပုံအခြင်းအရာကို မပြဆိုပြီလော။ စုဒ်--ကြောင့် (င+စ) မိန့်။

**မှတ်ချက်** (င)ဝါကျဖြင့် အနုဇာနနာကာရ-ဟုဆိုအပ်သော ခွင့်ပြုပုံအခြင်းအရာကို ပြသည်။ (စ)ဝါကျဖြင့် ပဋိဇာနနာကာရ-ဟု ဆိုအပ်သော ဝန်ခံပုံ အခြင်းအရာကိုပြသည်။ (ဖက္ကန္တရ-ဟုခွဲ။)

၃။ (က) ပက္ကန္တရ။

(ခ) အနဝယော-ပုဒ်၏ သဒ္ဒါအားဖြင့် ရအပ်သောအနက်ကို ချဲ့ပြ ဝိတ္ထာရ။ ဘာသာဋီ-၌ သဒ္ဒါနည်းအားဖြင့် ထင်ရှားရုံပြသော တပ္ပါကဋီကရဏ-ဟုဆို၏။

(ဂ) ဝါကျသည် အနဝယော-၌ အဝယ-ဟူသည် အဘယ်နည်း-ဟု မေးဘွယ်ရှိ၍ ဆက်တက်သောကြောင့် ဝါကျာရမ္ဘ။

(ဃ) ပက္ကန္တရ။

(င-စ) ဝါကျသည် အနညာတ ပဋိညာတ-ပုဒ်၏ သာဓနအနက်ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။

ထိုတွင် (စ) ဝါကျသည် အနညာတော၌ အနုဇာနနာကာရမှတပါး ပဋိညာတော၌ ပဋိဇာနနာကာရကို ပြသောကြောင့် ပက္ကန္တရ။

**စာစပ်**

အတ္ထနာ-ကား ကိတ်နာမ် (တနည်း) ဝိဘတ္တျန္တ ပဋိရူပကနိပါတ်။ နိပါတ်ယူခိုက် ကိုယ်တိုင် ဟုပေး။ ပဋိညာတော-၌ ကြိယာဝိသေသန+ကြိယာဝိသေသျ-စာစပ်ရမည်။ ကိတ်နာမ်ပုဒ်ယူခိုက် -မိမိ သည်-ဟုပေး။ ပဋိညာတော-၌ ကတ္တား+ကတ္တား၏ ကြိယာ-စာစပ်။

အမှာ အတ္ထနာ-ပုဒ် အကျယ်သိလိုမူ မအူနိသျ။ ၁။ ၁၁၄-၁၁၅-တို့၌ ရှုကြပါလေ။

http://www.dhammadownload.com



၄။ ပဋိဇာနာတီတိ ပဋိညာတော။
ပဋိ-ဥပသာရ အရကား ဓာတွတ္ထဝိသေသက ဘောဂုဏ်ရ၏။
ဉာ-ဓာတ်အရကား ဝန်ခံသောအခြင်းအရာအားဖြင့် ဖြစ်သော အမ္ဗဋ္ဌ-၏ သန္တာန်၌ ဖြစ်သော စိတ္တုပ္ပါဒ်ရ၏။
တ-ပစ္စည်း-အရကား ထိုစိတ္တုပ္ပါဒ်နှင့် ပြည့်စုံသော အမ္ဗဋ္ဌ-ရ၏။

**ဝစနတ္ထများ**

အာယတိ ဟိတံ ဗာလဇနေသဒါတော. လောကော န ယတတိ. န ဤဟတိ အနေနာတိ လောကာယတံ။ (သီဋီသစ်)

**အစိတ်+အပေါင်း**

န ယတတိ န ဤဟတိ အနေနာတိ အာယတံ။ လောကဿ+အာယတံ လောကာယတံ-ဟုပြု။
လောက-အရ လူမိုက်ဟုဆိုအပ်သော သတ္တလောက၏+အာယတ-အရ နောင်အခါ အစီးအပွားဖြစ်ဘို့အတွက် လုံ့လကြိုးကုတ်အားထုတ်ကြောင်းဖြစ်သော လောကာယတကျမ်းနှင့် သမ္ဗန်+သမ္ဗန္ဓီ-စပ် ဝစနဟေတု။
လောကာယတ-ကျမ်း ဒြပ်သည် ဝစနီယ။
ဝိတဏ္ဍဝါဒသတ္ထ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
(တနည်း) လောကာ ဝါ ဗာလဇနာ အာယတန္တိ ဥဿဟန္တိ ဝါဒဿာဒေန ဧတ္ထာတိ လောကာယတံ။ (သီဋ္ဋီသစ်)
ဝယတီတိဝယော။
အစ အလယ် အဆုံး သုံးပါးတို့တွင် တစုံတခုမျှ၌ မပင်မပန်းမတွန့်မတိုဘဲ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့ကို ဆောင်နိုင်, ဖြည့်နိုင်သူရ၏။
န+ဝယော အဝယော။
ယခင်ဆိုခဲ့ပြီးသည့်အတိုင်း မဆောင်နိုင်, မဖြည့်နိုင်သူရ၏။
န+အဝယော အနဝယော။ (ပဋိသေဓ နှစ်ခုသည်-ပကတိအနက်ကို ရောက်စေတတ်ရကား)
ယခင်ဆိုခဲ့ပြီးသည့်အတိုင်း ဆောင်နိုင်ဖြည့်နိုင်သူရ၏။ (သီဋီသစ်၊ဒု။ ၂၂၅။ ဂဏ္ဌိ။ ၄၃၀။)

**ကတရသ္မိံ အစိကာရေ စသောဝါကျရှိ ပုဒ်တို့၏ သီဋီသစ် ဝစနတ္ထများ**

သဿ အတ္တနော+သန္တကံ သကံ။
အာစရိယာနံ ပရမ္ပရတော, ပဂုမ္ဗရဘူတေဟိ ဝါ အာဂတံ အာစရိယကံ။
တိဿော ဝိဇ္ဇာ။ တာသံ သမူဟော တေဝိဇ္ဇကံ၊ ဝေဒတ္တယံ။
ပဓာနံ ဝစနံ, ပကဋ္ဌာနံ ဝါ အဋ္ဌကာဒီနံ ဝစနံ ပါဝစနံ။ (သီဋီသစ်)

၅။ လောကာယတ-ပုဒ်ကို လောကာယတံ, လောကာယတာ, လောကာယတာနီစသည် နပုံလိင်စိတ္တာဒိ စဉ်။
အနူနော-၌ ဦန-ဓာတ်ယူ၍ ဦနော-စု ဟာနိယံ (ဓာတွတ္ထ၊ ၃၃) ထောက်၍ စုရာဒိစဉ်ရမည်။
စဉ်ပုံ။ ။ ဦနယိ, ဦယယိ, ဦနယုံ, ဦနယီသု။
ဦနော, ဦနယိ၊ ဦနယိတ္ထ။
ဦနယိံ၊ ဦနယိမှ။

http://www.dhammadownload.com



အမှာ။ ။ ဦဟ-ဝိတက္ကေ, ဟ-လောပေ၊ ဦဟန် ဦနော=အပုဏ္ဏော။ (ဏွာဒိမောဂ်-သုတ်၊ ၁၀၇။)
ယင်းအလို ဦဟ-စာတ်ဖြင့်လည်း တနည်းစဉ်နိုင်သည်။

**ဟိတ်သမ္ဗန်မှတ်ဘွယ်**

အနုညာတော-ကို အနုညာတတ္တာ-ဟု ဟိတ်ပြင်၍ ပါဠိတော်လာ အမ္ဗဋ္ဌောနာမ မာဏဝေါ-ပုဒ်တို့ကို အမ္ဗဋ္ဌဿ နာမ မာဏဝဿ-ဟု သမ္ဗန်ခံ။ (ကမ္မ+ကမ္မီစပ်။)

ပဋိညာတော-ကို ပဋိညာတတ္တာ-ဟု ဟိတ်ပြင်ကလည်း ပါဠိတော်လာ အမ္ဗဋ္ဌောနာမမာဏဝေါ-ကို ပင် သမ္ဗန်ခံ။ (ကတ္တား+သမ္ဗန်စပ်။)

၆။ (က) ဝါကျအနူနော ပရိပူရကာရီ-ဖြင့် အနဝယော-သဒ္ဒါသည် ဗျတိရေကအားဖြင့် "ယုတ်လျော့နေသူမဟုတ်" ဟူသောအနက် , အနွယအားဖြင့် "အပြည့်အစုံ ပြုလေ့ရှိသူ" ဟူသော အနက်ကို ဟော၏ဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

ဣမေသု လောကာယတမဟာပုရိသလက္ခဏေသု-ဖြင့် အနူနော ပရိပူရကာရီ-၌ မယုတ်လျော့, ပြည့်စုံ၏ဟူသည် လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာကျမ်း တို့၌ မယုတ်လျော့, ပြည့်စုံခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

(ခ) ဝါကျ အဝယော နယောတိ-ဖြင့် အနဝယော-ကို ဝိနည်းအဋ္ဌကထာ၌ကဲ့သို့ အန+အဝယ-ဟု ပဒစ္ဆေဒမပြုရ, န+အဝယ-ဟု ပဒစ္ဆေဒပြုရမည်ကိုလည်းကောင်း၊ န+အဝယော အနဝယော-ဟု ဥဘောတပ္ပုရိသ်သမာသ် ပြုရမည်ကိုလည်းကောင်း၊ အနဝယ-ဟူသည် မပြည့်စုံ မကုံလုံသော ပညာရှိသူမဟုတ်၊ "ဒွိပဋိသေဓာ ပကတျတ္ထော" ဟူသည်နှင့်အညီ ပြည့်စုံကုံလုံသော အတတ်ပညာရှိသူပင်တည်း-ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေသည်။

(ဂ) ဝါကျဖြင့် အဝယ-အရ လောကာယတကျမ်း , မဟာပုရိသလက္ခဏာကျမ်း တို့ကို အနက်, ပါဠိအားဖြင့် ဆောင်ထားခြင်းငှာ မစွမ်းနိုင်သူကိုယူရမည်ဟု သိစေသည်။

(ဃ)ဝါကျဖြင့်အနုညာတပဋိညာတောပုဒ်ကိုကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ဟုသိစေသည်။

(င) ဝါကျ အာစရိယေန အနုညာတော-ဖြင့် အနုညာတပဋိညာတော-၌ အနုညာတ-ပုဒ်ကို အနုဇာနိယတေတိ အနုညာတော-ဟု ကမ္မသာဓ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း, တ-ပစ္စည်း၏ ကမ္မသာဓ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း သိစေသည်။

ယံ အဟံ ဇာနာမိ၊ တံ တွံ ဇာနာသိ-ဖြင့် အနုညာတော-၏ အနုဇာနနာကာရ အဖြစ်ကို သိစေသည်။

(စ) ဝါကျ အတ္တနာ ပဋိညာတော-ဖြင့် အနုညာတပဋိညာတော-၌ ပဋိညာတော-ပုဒ်ကို ပဋိဇာနာတီတိ ပဋိညာတော-ဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ တ-ပစ္စည်း၏ ကတ္တုသာဓ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း သိစေသည်။

အာမ အာစရိယ-ဖြင့် ပဋိညာတော-၌ ပဋိဇာနနာကာရအဖြစ်ကို သိစေသည်။

၇။ **အနဝယော + အနဝယော + အနဝယော ၃-ချက်တွင်**

အဝယော နယောတိ-ဟူသော ဤအဋ္ဌကထာ (ခ) ဝါကျအဖွင့်ကို ထောက်၍ န+အဝယော အနဝယော-ဟု ဝစနတ္ထပြုသင့်သောကြောင့်လည်းကောင်း၊ ပါရာဇိကကဏ်အဋ္ဌကထာ ၁၊ ၂၄၉။ ၌ အနဝယောတိ အနု-အဝယော၊ သန္ဓိဝသေန ဥ-ကာရလောပေါ-ဟု ဆိုထားရကား အနု+အဝယော-ဟု ပုဒ်ဖြတ်၍ သန္ဓိ၏အစွမ်းဖြင့် ဥ-အက္ခရာကို ချေ၍၊ အနဝယော-ဟုပင် ပြီးသောကြောင့်လည်းကောင်း အနဝယော-ဟုရှိသောပါဌ်သာသင့်။ (ကျန်ပါဌ်များမသင့်။)

http://www.dhammadownload.com



ဓိတဏ္ဍာ–ကား ဝိ+တနု+ဍ။ ဝိတနဍ–ဟူလိုလျှက် နု–ကို ဏ–ပြု၍ ပြီးသည်။

(တနည်း) ဝိ+တဍိ+ဏ။ ဝိတဍ–ဟူလိုလျှက် တ–ထက်၌ နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ–ဏ–ပြု၍ ပြီးသည်။

✦ **အညမညဝိရုဒ္ဓံ , သဝ္ဗမောက္ခဝိရုဒ္ဓံ ဝါ တနောန္တိ ဓွေ့ာတိ ဓိတဏ္ဍော -ဍ-ပစ္စယဝသေန, နု-ကာရဿ ဏ-ကာရံ ကတွာ၊ ဝိရုဒ္ဓေန ဝါဒဓဏ္ဍေန တာဠေန္တိ ဝါဒိနောဓေ့ာတိ ဓိတဏ္ဍော တဍိ-ဓာတုဝသေန, နိဂ္ဂဟီတာဂမဉ္စ ကတွာ။ (သီဋီသစ်၊ ၂၂၄။)**

၈။ သရဏဂုံ မပျက်ပါ။

✦ **ယံ ကိဉ္စိ သိပ္ပံ သိက္ခာပကံ တိတ္ထိယမ္ပိ "အာစရိယော မေ အယ"န္တိ ဝန္ဒတောပိ န ဘိဇ္ဇတိ၊ (ဣဂ်အဋ္ဌကထာ၊ ၂၀၀။)**

၉။ (ဃ) ဂါထာစီ

အဝယောနာမ ယော တာနိ၊ အတ္တတော စေဝ ဂန္ထတော။

သန္ဓာရေတုံ န သက္ကောတိ၊ သော နရောတွေဝ ဉာယတေ။ (ပဏ္ဍာဝတ္ထု)

၁၀။ ✢ အဟော ဝတ ရေ အမှာကံ တေဝိဇ္ဇက–ဟူသော ပါဠိတော်စကားရပ်၌ စက်ဆုတ်ကဲ့ရဲ့သော အခြင်းအရာအားဖြင့်ဖြစ်သော ဆရာပေါက္ခရသာတိ ပုဏ္ဏား၏ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဇိဂုစ္ဆနာယိဘာဝ + ဝိဘစ္ဆရသ၊

✢ အမ္ဗဋ္ဌလုလင်သည် အာရမ္မဏဝိဘာဝ၊

✢ အမ္ဗဋ္ဌလုလင်၏ ဘုရားရှင်ကို မုဏ္ဍကာ သမဏကာ စသည်ဖြင့် ဆဲဆိုခဲ့ခြင်းစသည်သည် ဥဒ္ဒီပနဝိဘာဝ၊

✢ ယင်းသို့ ဆဲဆိုခဲ့သဖြင့် ဘုရားရှင်ထံမှ ဒါသိပုတ္တစသည် အဖြစ်သို့တင်၍ အပြောခံရခြင်း, ဆရာဖြစ်သော ပေါက္ခရသာတိပုဏ္ဏားကခြေဖြင့် ကန်ကျောက်ခြင်းစသည်သည် အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၂၁၉ )

### ၁၃၁၅–ခု၊ သကျသီဟ။

(က) **မဟာပုရိသဿာတိ ပဏိဓိသမာဒါနဉာဏကရုဏာဒိဂုဏမဟတော ပုရိသဿ။**
**ဒွေယေဝ ဂတိယောတိ ဒွေ ဧဝ နိဋ္ဌာ။**

(ခ) ကာမဉ္စာယံ **ဂတိ**သဒ္ဒေါ "ပဉ္စ ခေါ ဣမာ သာရိပုတ္တ ဂတိယော"တိ အာဒီသု ဘဝဘေဒေ ဝတ္တတိ။ "ဂတိ မိဂါနံ ပဝန"န္တိ အာဒီသု နိဝါသဋ္ဌာနေ။ "ဧဝံ အဓိမတ္တဂတိမန္တော"တိ အာဒီသု ပညာယံ၊ "ဂတိဂတ"န္တိ အာဒီသု ဝိသဋ္ဋဘာဝေ။ ဣဓ ပန နိဋ္ဌာယံ ဝတ္တတီတိ ဝေဒိတဗ္ဗော။

(ဂ) တတ္ထ ကိဉ္စာပိ ယေဟိ လက္ခဏေဟိ သမန္နာဂတော ရာဇာ စက္ကဝတ္တီ ဟောတိ၊ န တေဟေဝ ဗုဒ္ဓေါ ဟောတိ၊ ဇာတိသာမညတော ပန တာနိယေဝ တာနီတိ ဝုစ္စန္တိ။ တေန ဝုတ္တံ "**ယေဟိ သမန္နာဂတဿာ**"တိ။ **သစေ အဂါရံ အဇ္ဈာဝသတီတိ** ယဒိ အဂါရေ ဝသတိ။

(ဋ္ဌ၊ ၂၂၂။ သီဋီသစ်၊ ၂၂၈။ နေရင်း၊ ၂၇၉။ ပဉ္စက္ကျ၊ ၃၅၁။ ဘာသာဋီကာ၊ ၃၂၇။ ဂဏ္ဌိ၊ ၄၃၂။)

http://www.dhammadownload.com



၂။ (၁) ဝါကျကို စောဒနာတက်၍၊ နိဋ္ဌာယံ-ဟူသော ပုဒ်ကို ကျမ်းရိုးငါးတန် ထွက်ပြပါ။
၃။ (၇) အမှတ်ပါ ဝါကျများ၏ အမျိုးအမည်များကို အကြောင်းနှင့်တကွပြ၍၊ ကိဋ္ဌာပိ, ဇေ, ပန သဒ္ဒါတို့၏ အဓိပ္ပာယ်တတ္တကို ဖော်ပြပါ။
၄။ ဂတိ မိဂါနံ ပဝနံ-၌ ဂတိ-ကို ဝစနတ္ထပြု၍ ဉာသ်ကောက်ပြပါ။
၅။ ကိဋ္ဌာပိမှ ဗုဒ္ဓေါ ယောတိတိုင်အောင် သမာသပဒစသည် ဝေဘန်ပြီး၊ ပဏီဓိကို နာမပဒမာလာ၊ ယင်း၌ဓာတ်ကိုယူ၍ သတ္တမိဝိတတ်ဖြင့် အချာတဖဒမာလာစဉ်ပါ။
၆။ (က) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ ပဏီဓိ+ပနိဓိ-ဟုလည်းကောင်း, အဂါရံ+အာဂါရံ-ဟူလည်းကောင်း ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို ယုတ္တိပြ၍ ဆုံးဖြတ်ပါ။
၈။ ပဏိဓိ သမာဒါန ဉာဏကရုဏာ-ပုဒ်တို့ကို အဋ္ဌကထာဆရာအလိုကျ အတ္တဝိနိစ္ဆယချခဲ့ပါ။
၉။ အောက်ပါမြန်မာစကားကို ဂါထာတစ်မျိုးမျိုးစီ၍ ဂါထာအမည်ကိုလည်း ပေးခဲ့ပါ။
ထိုအကျွန်ုပ်သည် တရွာမှ တရွာသို့ တပြည်မှ တပြည်သို့ မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်၏ ကောင်းသောအဖြစ်ကိုလည်းကောင်း ရှိခိုးလျက်သွားအံ့။
၁၀။ သမာဒါန-အရကို ကိုယ်ပြု၍ ဘာဝ စသည်ထုတ်ပါ။

=======================

၁။ **(၁) ဝါကျစောဒနာ**

ဆရာ-သည် (က) ဝါကျဖြင့် ဒွေယေဝ ဂတိယော-၌ ဂတိကို နိဋ္ဌာ-ဟု ဖွင့်ပြတော်မူ၏။ ဤဂတိသဒ္ဒါသည် ဘဝဘေဒစသောအားဖြင့် များစွာသောအနက်ရှိသည် (ဝါ) အနက်များစွာကို ဟောနိုင်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ဂတိ-သဒ္ဒါကို နိဋ္ဌာ-ဟူ၍သာ ဖွင့်ဆိုပါသနည်း။ (ဂဏ္ဌိ၊ ၄၃၂။) ယင်းသို့ ဖွင့်ခြင်း၏အကြောင်းကို မပြသော် ဆရာ့အား ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (၁) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား** (၁) ဝါကျဖြင့် ဂတိသဒ္ဒါသည်များစွာသော အနက်ရှိသော်လည်း ဤနေရာ၌ နိဋ္ဌာအနက်၌ ဖြစ်၏-ဟု ငါပြ-ဟူလို။

- **နနု ဂတိသဒ္ဒေါ အနေကတ္ထော၊ ကသ္မာ နိဋ္ဌာယံဝေ ဝုတ္တောတိ အာဟ "ကာမဥ္စာယ"န္တိ အာဒိ။ (သိဋီသစ်၊ ၂၂၈။)**

**နိဋ္ဌာယံ-ပုဒ်သို့ ကျမ်းရိုးငါးတန်ထွက်ပုံ**

ဆရာ-သည် ဝတ္တတိ-ဖြင့် အာဓာရံ-ကိုဆို၏။ ထိုသို့သာဆိုချေသော် အာဓာရိသည် အာဓာရနှင့်ကင်း၍ ဖြစ်နိုင်၏ဟူသောအနက်သည် ရောက်ရာ၏။ စင်စစ်တမူကား အာဓာရိသည် အာဓာရနှင့်ကင်း၍ ဖြစ်၏ဟူသောအနက်သည် မရောက်သင့်။ ထို့ကြောင့် အာဓာရကိုလည်း ပြဆိုသင့်သေး၏၊ မပြဆိုဘဲမနေသင့်၊ နေချေသော် ဆရာ့ အား အဗျာပိတ ဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင့်-နိဋ္ဌာယံ-မိန့်။

**အဓိပ္ပါယ်ကား** နိဋ္ဌာယံ-ဖြင့် အာဓာရကို ငါပြဆို--ဟူလို။

**(၇) လီနတ္ထရစောဒနာ**

ဆရာ-မြတ်စွာဘုရားသည် ယေဟိ သမန္နာဂတဿ စသည်ဖြင့် ဘုရားဖြစ်ကြောင်း လက္ခဏာနှင့် စကြာဝတေးမင်းဖြစ်ကြောင်း လက္ခဏာတို့ တူသည်၏အဖြစ်ကိုဟောတော်မူ၏။ အကြင် လက္ခဏာတို့နှင့် ပြည့်စုံသောမင်းသည် စကြာဝတေးမင်းဖြစ်လာနိုင်၏၊ ထိုစကြာဝတေးမင်း ဖြစ်လာနိုင်သော လက္ခဏာတို့ဖြင့် ဘုရားမဖြစ်နိုင်သည် မဟုတ်ပါလော (ဋ္ဌ၊ ၂၂၂) (တနည်း)

http://www.dhammadownload.com



စကြာဝတေးမင်းဖြစ်ကြောင်း လက္ခဏာနှင့်ဘုရားဖြစ်ကြောင်း လက္ခဏာတို့သည် မတူကြသည်သာလျှင် မဟုတ်ပါလော၊ (သီဋီသစ်) ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ယေဟိ သမန္နာဂတဿ-စသည်ဖြင့် စကြာဝတေးမင်းလက္ခဏာနှင့် ဘုရားရှင်လက္ခဏာတို့၏ တူသည်၏အဖြစ်ကို ဟောကြားတော်မူပါသနည်း။ ဟောတော်မူခြင်း၏ အကြောင်းကိုမပြသော် ဘုရားရှင်အား သဒ္ဓ+အတ္ထ သန့်သော ဝိရောဓိ ဒေါသသင့်ရောက်ရာ၏။ စုဒ်--ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား** ဇာတ်အားဖြင့်တူသောကြောင့် ပါဠိတော်၌ လက္ခဏာနှစ်မျိုးတူသည်၏ အဖြစ်ကို ဟောကြား--ဟူလို။

◆ **နနု ဒွိန္နံ နိပ္ဖတ္တိနံ နိမိတ္တဘူတာနိ လက္ခဏာနိ ဝိသဒိသာနေဝ၊ အထ ကသ္မာ "ယေဟိ သမန္နာဂတဿာ"တိ အာဒိနာ တေသံ သဒိသတာဝေ စုတ္တောတိ စောဒနာလေသံ ဒဿေတွာ သောဓေန္တော "ဇာတိ ကိဥ္စာပိ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၂၂၆)**

၃။ ဝါကျခွဲပုံအဖြေကို ဝါကျဥယျာဉ် (၂၂၀) ၁၃၂၅-၃၊ သကျသီဟ ပုစ္ဆာအဖြေ၌ရှု။

ကိဥ္စာပိကား-ဂရဟာဇောတက။

ဝေ-ကား သန္နိဋ္ဌာနတ္ထ။

ပန-ကား သမ္ဘာဝနာဇောတက ဖြစ်သည်။

## (ခ) ဝါကျ စတုက္ကထုတ်ပုံ

(က) နနွာယံ ဂတိသဒ္ဒေါ အနေကတ္ထော။ (သီဋီသစ်)

(ခ) အထ ကသ္မာ ဣဓ နိဋ္ဌာယံ ဝတ္တတီတိ ဝေဒိတဗ္ဗော။

(ဂ) တဒညေသံ အဝိသယတ္တာ ။ (သီဋီသစ်၊ ၂၂၉)

(ဃ) ဣဓ (လ) ဝေဒိတဗ္ဗော။

**အမှာ။** ။ နနု အယံ ဂတိသဒ္ဒေါ ဘဝဘေဒနိဝါသဋ္ဌာနပညာဝိသဋ္ဌာဝေသု ဝတ္တတိဟု စောဒကာ ဘောဂ ပြုလုပ်ကလည်း မှန်သည်။

## (ဂ) ကိဥ္စာပိ-ဝါကျ စတုက္ကထုတ်ပုံ

(က) နနု ယေဟိ လက္ခဏေဟိ သမန္နာဂတော ရာဇာ စက္ကဝတ္တီ ဟောတိ၊ န တေဟေဝ ဗုဒ္ဓေါ ဟောတိ။ (ဋ္ဌ၊ ၂၂၂)

(တနည်း) နနု ဒွိန္နံ နိပ္ဖတ္တိနံ နိမိတ္တဘူတာနိ လက္ခဏာနိ ဝိသဒိသာနေဝ။ (သီဋီသစ်)

(ခ) အထ ကသ္မာ တာနိယေဝ တာနီတိ ဝုစ္စန္တိ။

(ဂ) နနု ဇာတိသာမည် ဟောတိ။

(ဃ) တသ္မာ တာနိယေဝ တာနီတိ ဝုစ္စန္တိ။

## (ခ) ဝါကျ၌ ကာမဥ္စ-သဒ္ဒါထားရခြင်း

ဂတိ-သဒ္ဒါ အနက်များစွာဟောနိုင်ပါလျက် ဂတိယော-ကို နိဋ္ဌာ-ဟုဖွင့်သော အနက်ကို မနှစ်သက်သောကြောင့် **ကာမဥ္စ** ထားသည်။

## (ဂ) ဝါကျ ကိဥ္စာပိထားရခြင်း

ယေဟိ သမန္နာဂတဿစသောပါဠိတော် သဒ္ဒါကိုမနှစ်သက်သောကြောင့် **ကိဥ္စာပိ** ထ.းသည်။

၄။ ဂစ္ဆတိ ပဝတ္တတိ ဧတ္ထာတိ ဂတိ။ နိဝါသဋ္ဌာနံ။ (သီဋီသစ်)

ဂမု-ဓာတ်အရ ကတ္တုဋ္ဌ-ကြိယာကား ဖြစ်သော နေသောအခြင်းအရာအားဖြင့် သားကောင်တို့၏ သန္တာန်၌ဖြစ်သော စိတ္တုပ္ပါဒ်သည် မှုချအားဖြင့်ရ၏။

http://www.dhammadownload.com



အဓိကရဏတ္ထ-ကား ထိုအားတပ်သော တောအုပ်ဟူသော နေရာအရပ်၏ ပကတူပနိဿ သတ္တိသည် ဖလူပစာအားဖြင့်ရ၏။

တိ-ပစ္စည်းအရကား တောအုပ်ဟူသော နေရာဌာနရ၏။

**သဒ္ဒါသစ်-ဝေနေ့တ္ထ-မှတ်ဘွယ်**

သုစရိတဒုစ္စရိတကမ္မေန သတ္တေဟိ ဥပပဇ္ဇနဝသေန ဂန္တဗ္ဗာတိ ဂတိ။ (ဘာဝသောဒေါ)

ဂမတိ ယထာသဘာဝံ ဇာနာတီတိ ဂတိ။ (ပညာ)

ဂမနံ ဗျာပနံ ဂတိ။ (ဝိသဋ္ဋဘာဝေါ)

ဂမနံ နိပ္ဖတ္တနံ ဂတိ။ (နိဋ္ဌာ) ဂစ္ဆတိ ယထာရုစိ ပဝတ္တတီတိ ဂတိ။ (အဇ္ဈာသယော)

ဂစ္ဆတိ အဝစရတိ, အဝစရဏဝသေန ဝါ ပဝတ္တတိ ဧတ္ထာတိ ဂတိ။ (ပဋိသရဏံ)

၅။ ကိဥ္စာပိ-ကား နိပါတ်ပုဒ်၊ အ-လိင်၊ ဂဏဝိမုတ်၊ ဟု-ကာရန္တ။

ယေဟိ-ကား သဗ္ဗနာမ်၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ။

လက္ခဏေဟိ-ကား ကိတ်နာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ။

သမန္နာဂတော-ကား ကိတ်နာမ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ။

စက္ကဝတ္တီ-ကား ကိတန္တသမာသ်၊ ပုံလိင်၊ ရတ္တာဒိဂိုဏ်း၊ ဤ-ကာရန္တ။

ရာဇာ-ကား ကိတ်နာမ်ပုဒ်၊ ပုံလိင်၊ ရာဇာဒိဂိုဏ်း၊ အ-ကာရန္တ။

ဟောတိ-ကား အာချာတ်ပုဒ်၊ အ-လိင်၊ ဘူဝါဒိဂိုဏ်း၊ ဦ-ကာရန္တ။

ပဏိဓိ-ကို ပဏိဓိ, ပဏိဓီ ပဏိဓိယော စသည် ပုံလိင် ရတ္တာဒိ ဂိုဏ်းစဉ်။

ယင်းပဏိဓိ-၌ ပရှေး+နိရှေး+ဓာ- ဓာတ်ယူ၍ ပဏိဒဟေယျ ပဏိဒဟေယျုံစသည်စဉ်။

◆ **ဒါဓာတွ္ဂ။ ဒါ, ဓာဟိ အာဝဏာရဏေသု ဓူ ပစ္စယော ဟောတိ။ ပဏိဒဟာနံ ပဏိဓိ (နိရုတ္တိဒီပနီ-၅၄၉။)**

အမှာ ဓာန်ဋီကာသူစိ-တို့၌ ပ-ရှေး-နိ-ရှေး+ဌာ-ဓာတ်-ဟုလည်းကောင်း၊ ဓာတုပစ္စယဒီပနီ၌ ပရှေး + နိ-ရှေး+ဓိ- ဓာတ်-ဟုလည်းကောင်း ကြံကြသေးသည်။

**ဟိတ်သမ္ဗန်**

ဇာတိသာမညတော၏ သမ္ဗန်ကို တေသံလက္ခဏာနံ-ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)

ဝတ္တတိ-ကို ဝတ္တမာနတ္တာ-ဟု ဟိတ်ပြင်က ဂမယ ဂတိသဒ္ဒဿ-ဟု သမ္ဗန်ခံ။

၆။ (က) မဟတော ပုရိသဿ-ဖြင့် မဟာပုရိသောကို မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော-ဟု ပြုရမည်၏အဖြစ်ကို သိစေသည်။

ပဏိဓိသမာဒါန ဉာဏကရုဏာဒိ ဂုဏမဟတော- ဖြင့်မဟာပုရိသဿ-၌ မဟန္တသဒ္ဒါ ပူဇာ, ဥတ္တမ-အနက်ဟော-လည်းကောင်း၊ မဟာမြတ်၏-ပူဇော်အပ်၏ဟူသည် ဘုရားဆုကိုတောင်းခြင်း၊ ပါရမီတို့ကို ကောင်းစွာဆောက်တည်ခြင်း, ကမ္မဿကတာအစရှိသောဉာဏ်ပညာ, ကရုဏာစသောဂုဏ် တို့ဖြင့် မြတ်သည်, ပူဇော်အပ်သည်၏ အဖြစ်ကိုလည်းကောင်း သိစေသည်။ (ဘာဝတ္ထ)

ဒွေ ဧဝ နိဋ္ဌာ-ဖြင့် ဒွေယေဝဂတိယော၌ ဒွေယေဝ-ကို ဒွေ+ဧဝ-ဟု ပဒစ္ဆေဒ ပြုရမည်ကို လည်းကောင်း၊ ယ-၏ အာဂုံလာထားသည်၏ အဖြစ်ကိုလည်းကောင်း၊ ဂတိ-သဒ္ဒါကြံ၌ နိဋ္ဌာအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ ဂမနံ နိပ္ဖတ္တနံ ဂတိ-ဟု ဘာဝသာဓ်ပြုရမည်ကိုလည်းကောင်း၊ တိ-ပစ္စည်း ဘာဝသာဓ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



၇။ **ပဏိဓိ+ပနိဓိ**။ ပ-ရှေး+နိ-ရှေး+ဓာ-ဓာတ်+ဣ-ပစ္စည်း။ တထနရာန် ဋဋ္ဌဏလာ (ဟူသော မောဂ္ဂလာန်။ နိရုတ္တိဒီပနီ။ သုတ်။ ၄၅။) သုတ်ဖြင့် န-ကို ဏ-ပြု၍ရုပ်ပြီးသောကြောင့်လည်းကောင်း၊ ပတ္ထနာ ပဏိဓာနဥ္စ၊ ပုရိသေ ပဏိဓီရိတော။ ဓာန်။ ၄၂၆။ ဌာ-ဂတိနိဝတ္တိယံ။ ပနိဒ္ဓယပုဗ္ဗော ပတ္ထနာယံ။ ယု။ ဏတ္တံ။ ဓတ္တံ။ ဣမှိ ပဏိဓိ-ဟူသော ဓာန်ဋီ။ သူစိ-တို့ကိုထောက်၍ ပ-ရှေး+နိ-ရှေး+ဌာ-ဓာတ်။ ဣ-ပစ္စည်း န-ကို-ဏ-ပြု။ ဋ္ဌ-ကို-ဓပြု၍ ရုပ်ပြီးသောကြောင့်လည်းကောင်း ပဏိဓိ ဟု မုဒ္ဓဇ- ဏ နှင့် ရှိသော ပါဌ်သာသင့်သည်။

**ပဏိဓိ**-ကား ပ+နိ+ဌာ+ဣ။ ပနိဋ္ဌိ-ဟူလိုလျက် န-ကို ဏ-ပြု၊ ဋ္ဌ-ကို ဓ-ပြု၍ ပြီးသည်။ (ဓာန်ဋီ။)

**အဝါရံ+အာဝါရံ**။ န ဝါရန္တီတိ အဝါ။ ထမ္ဘာဒယော။ တေ+ရာတိ ဂဏှာတီတိ အဝါရံ။ ရဿဿ ဒီဃတ္တေ အာဝါရံ။ ဟူသော ဓာန်ဋီ- (၂၀၆) ကိုထောက်၍ နှစ်ချက်သင့်။

၈။ ဘုရားဆုကို ပန်ဆင်ခြင်း, တောင့်တခြင်းသည် **ပဏိဓိ**၊
ပါရမီတို့ကို ကောင်းစွာ ဆောက်တည်ခြင်းသည် **သမာဒါန်**၊
ကမ္မဿကတာ အစရှိသော ဉာဏ်သည် **ဉာဏ**။
ကရုဏာ သဒ္ဓါ သီလ စသည်သည် **ကရုဏာဒိ**၊ (သီဋီသစ်၊ ၂၂၈။)

**ကရုဏာဒိ**-၌ **အာဒိ**-ဖြင့် ခတ္တိယဗြာဟ္မဏ-အစရှိသောဇာတ်၊ ကောဏ္ဍည-ဂေါတမ အစရှိသော အနွယ်၊ သာကိယ-ကောလိယ အစရှိသော ကုလပဒေသတို့ကိုယူ။ (သီဋီသစ်။ ၂၂၈) (တနည်း) အာဒိ-ဖြင့် သဒ္ဓါ, သီလ, ခန္တီ , မေတ္တာ, သစ္စာ, အဓိဋ္ဌာန-ဟူသော ပါရမီ ဂုဏ်တော်တို့ ကိုယူ။ (ဘာသာဋီကာ။ တ။ ၃၂၈။)

၉။ ဋ္ဌ၊ ၂၀၇-လာ သော အဟံ ဝိစရိဿာမိ-စသော ဂါထာပါဠိဖြစ်သည်။

၁၀။ ✣ သမာဒါန-အရ ပါရမီတို့ကို ဆောက်တည်ဖြည့်ကျင့် အားထုတ်သော အခြင်းအရာအားဖြင့် ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မဥဿာဟဌာယိဘာဝ+ဓမ္မဝီရ ရသ။
✣ ပါရမီ ဆယ်ပါးသည် အာရမ္ဘဏဝိဘာဝ။
✣ ပါရမီဆယ်ပါး၏ ဂုဏ်တော်တို့သည်လည်းကောင်း, ဘုရားလောင်း၏ သမ္မာသန္ဓသည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
✣ ဘုရားအဖြစ်သို့ရောက်ခြင်း စသည်သည် အနုဘာဝ။

http://www.dhammadownload.com



# ဝါကျဥယျာဉ် (၂၂၀)

## ၁၃၂၇-ခု။ သကျသီဟ

(က) တတ္ထ ကိဉ္စာပိ ယေဟိ လက္ခဏေဟိ သမန္နာဂတော ရာဇာ စက္ကဝတ္တိ ဟောတိ၊ န တေဟေဝ ဗုဒ္ဓေါ ဟောတိ၊ ဇာတိသာမညတော ပန တာနိယေဝ တာနိတိ ဝုစ္စန္တိ။

(ခ) တေန ဝုတ္တံ "**ယေဟိ သမန္နာဂတဿာ**"တိ။

(ဂ) **သဒေ အင်္ဂါရံ အစ္ဆရာဓဆင်္ဃာတိ** ယဒိ အင်္ဂါရေ ဝသတိ။

(ဃ) **ရာဇာ ဟောတိ စက္ကဝတ္တီတိ** စတူဟိ အစ္ဆရိယဓမ္မေဟိ, သင်္ဂဟဝတ္ထူဟိ စ လောကံ ရဉ္ဇနတော **ရာဇာ**။ စက္ကရတနံ ဝတ္တေတိ စတူဟိ သမ္ပတ္တိစက္ကေဟိ ဝတ္တတိ, တေဟိ စ ပရံ ဝတ္တေတိ, ပရဟိတာယ စ ဣရိယာပထစက္ကာနံ ဝတ္တော တေသ္မိံ အတ္ထီတိ **စက္ကဝတ္တီ**။

(ဋ၊ ၂၂၂။ ဋီသစ်၊ ၂၂၉။ နေရင်း၊ ၂၇၉။ ပဒုက္ကူ၊ ၃၅၁။ ဘာသာဋီ၊ ၃၂၉။ ဂဏ္ဌိ၊ ၄၃၂)

၂။ (ခ) ဝါကျကို ဌပနာတိက တက်၍ ပဓာနကြိယာကောက်ပြီး ပညတ်နည်းပုစ္ဆာထွက်ပြပါ။

၃။ (က) ဝါကျပါ ဝါကျများကိုသာ အစိတ်+အပေါင်း စုံလင်စွာ ဝါကျခွဲပြီး ဇာတိသာမညတောပုဒ်ကိုလည်း ရသင့်သမ္ဗန္ဓစပ်ပြပါ။

၄။ ဇာတိသာမညတော-၌ ဇာတိ-ကို ဝိဂ္ဂဟ-ပြု၍ ညသ်ကောက်ပြပါ။

၅။ (ဂ) ဝါကျတွင် သံဝဏ္ဏေတဗ္ဗကိုသာ ပဒ-အန္တ-စသည်ဝေဘန်၍ အင်္ဂါရံ-ကို နာမပဒမာလာ၊ ထို-အင်္ဂါရံ-ပုဒ်၏ ရှေးပိုင်းဓာတ်-ကိုယူ၍ အဇ္ဇတနီ-ဣ-ဉ-နှစ်လုံးဖြင့်သာ ကာရိယစုံလင်စွာ အာချာတပဒမာလာစဉ်ပါ။

၆။ (ဃ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။

၇။ အင်္ဂါရံ+အာဂါရံ ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဖြေပါ။

၈။ န တေဟေဝ ဗုဒ္ဓေါ ဟောတိ၊ ဇာတိသာမညတော-၌ မြတ်စွာဘုရား၏ လက္ခဏာတော်နှင့် စကြာဝတေးမင်း၏ လက္ခဏာတို့တူပုံ/ထူးပုံကို ထင်ရှားစွာ ဖော်ပြပါ။

၉။ (က) ဝါကျစကားရပ်ကို ဂါထာစီ၍ ဂါထာအမည်ပေးပြပါ။

၁၀။ ရဉ္ဇနတော-၌ အန္တတ္ထ-ကို ကိုယ်ပြု၍ ဘာဝ စသည်ထုတ်ပြပါ။

==================

## ၂။ (ခ) ဝါကျ ဌပနာတိက

ဆရာ-သည် (က) ဝါကျဖြင့် ဇာတ်အားဖြင့် တူသည်၏အဖြစ်ကြောင့် စကြာဝတေးမင်း ဖြစ်ကြောင်းလက္ခဏာတို့ကိုပင် ဘုရားဖြစ်ကြောင်းလက္ခဏာတို့ဟူ၍ ဆိုအပ်ကုန်သောဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုသဖြင့် အဘယ်သို့သောအကျိုးဂုဏ်ကိုရရှိအပ်ပါသနည်း။ တစုံတခုရအပ်သော အကျိုးမရှိပြီလော။ စုဒ်-ကြောင့် (ခ)ဝါကျကိုမိန့်။

(ခ) ဝါကျ၌ ပဓာနကြိယာကား ဝုတ္တံဟူသည်တည်း။

**အဓိပ္ပါယ်ကား-** ပြောဆိုအပ်၏ ဟူလို။

### ပညတ်နည်းပုစ္ဆာထွက်

ဆရာ-သည် ဝုတ္တံဖြင့် (ပေါက္ခရသာတိပုဏ္ဏားသည်) ပြောဆိုအပ်သောဟုဆို၏။ အဘယ်သို့ ပြောဆိုပါသနည်း။ (ပေါက္ခရသာတိပုဏ္ဏား၏) ပြောဆိုပုံအခြင်းအရာ အာကာရကို မပြဆိုတော့ပြီလော။ စုဒ်---ကြောင့် "ယေဟိ သမန္နာဂတဿာ"တိမိန့်။

http://www.dhammadownload.com



ဆရာ-သည် (ယေဟိ သမန္နာဂတဿာတိ) ဝုတ္တံဖြင့် ပေါက္ခရသာတိပုစ္ဆားသည် ယေဟိ သမန္နာဂတဿ စသည်ကို ပြောဆိုသော-ဟုဆို၏။ အဘယ့်ကြောင့် ပုစ္ဆားသည် ယင်းသို့ပြောဆိုပါသနည်း။ စုဒ်-ကြောင့် တေန-မိန့်။

၃။ က-ဝါကျသည် ယေဟိ သမန္နာဂတဿ စသောပါဠိတော်၌ စောဒနာဘွယ်ရှိ၍ ဆက်ထက်သောကြောင့် ဝါကျာရမ္ဘ။

ထိုတွင် တတ္ထ ကိဉ္စာပိ-မှ ဗုဒ္ဓေါ ဟောတိ တိုင်အောင်ဝါကျသည် စောဒကာဘောဂ။ ယင်းစောဒကာဘောဂဝါကျ၌ ယေဟိ လက္ခဏေဟိ-စက္ကဝတ္တီ ဟောတီကားအနုယဝါကျ။ န တေဟေဝ ဗုဒ္ဓေါ ဟောတီကား ဗျတိရေကဝါကျ။ ဇာတိသာမညတော(လ) ဝုစ္စန္တိကား ပရိဟာရဘောဂ, ပရိဟာရဝါကျ။

ထိုတွင် ဇာတိသာမညတောကား ပရိဟာရဘောဂ။

တာနိယေဝ တာနီတိ ဝုစ္စန္တိကား ပရိဟာရဝါကျ။

(၁) ဝါကျကား လဒ္ဓဂုဏဝါကျ။

ဇာစပ် ဇာတိသာမညတော-ကား ကြောင့်ဟူ၍ အနက်ပေးသောကြောင့် ဝုစ္စန္တိ၌ ဟိတ်+ဟိတ်၏ ဖိုလ်။ (ပဒုက္ကမ္ဗ+ဘာသာဋီကာ)

(တနည်း) အားဖြင့်ဟူ၍-ကြောင့် ဝုစ္စန္တိ-၌ ကြိယာဝိသေသန+သျ။ (ဂဏ္ဌိ)

၄။ ဇာယန္တိ ဘိန္နေသုပိ အတ္ထေသု အဘိန္နဓိဿဒ္ဒါ တေဟယာတိ ဇာတိ။ လက္ခဏာဘာဝမတ္တံ။ (ဋီသစ်)

ဇေန-ဇာတ်အရ ကတ္တာဋ္ဌကြိယာကား အနက်ကွဲပြားကုန်သော်လည်း မကွဲပြားသော အသိဉာဏ်သဒ္ဒါတို့သည် မုချအားဖြင့်ရ၏။

ကရဏတ္ထကြိယာအရကား ထိုအားတပ်သော (လက္ခဏာဘာဝမတ္တ) လက္ခဏာ၏ အဖြစ်မျှဟု ဆိုအပ်သော ဇာတ်၏ ပကတူပနိဿယတ္တိသည် ဖလူပစာအားဖြင့် ရ၏။

တ-ပစ္စည်းအရ-ကား-ထို-သော မကွဲပြားသော အသိဉာဏ်သဒ္ဒါတို့ရှိသော လက္ခဏာ၏ အဖြစ်မျှဟု ဆိုအပ်သောဇာတ်ရ၏။

ဇာတိယာ+သာမည် ဇာတိသာမည်။

အဂန္တိ ဂစ္ဆန္တိ ဧတ္တာတိ အဂါရံ၊ ဃရံ။ အဂ+အာရ။ (ဏွာဒိမောဂ်။ ၁၆၄။)

(တနည်း) န ဂစ္ဆန္တီတိ အဂါ၊ ထမ္ဘာဒယော။ အဂေ+ရာတိ ဂဏှာတီတိ အဂါရံ။ (ဓာန်ဋီ။ ၂၀၆)

✤ **စဇတိ စတ္တာဝတ္တိနော ယထာရုစိ အာဇာဘာဒိဝမနာယ ပရိဗ္ဗမတီတိ စက္ကံ။ (သီဋီသစ် ။ ၂၃၅။)**

စကြာမင်း၏ အလိုရှိတိုင်း ကောင်းကင်စသောအရပ်၌ သွားလာဘို့ရာ လည်တတ်သော စကြာရတနာရ၏။

၅။ သစေ-ကား နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ ဧ-ကာရန္တ။

အဂါရံ-ကား ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ်၊ နပုံလိင်၊ စိတ္တာဒိ၊ အကာရန္တ။

အဇ္ဈာဝသတိ-ကား အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိ၊ အကာရန္တ။

အဂါရံ-ကို အဂါရံ အဂါရာ အဂါရာနိစသည် နပုံလိင်စိတ္တာဒိစဉ်။

အဂါရံ-၌ အဂ-ဟူသောရှေးပုဒ်ဝယ် န-ရှေး+ဂမု-ဓာတ်+ကွိ-ပစ္စည်း။ ဂမု-ဓာတ်ယူ၍ အဂစ္ဆိ, ဂစ္ဆိ, အဂစ္ဆိ, ဂစ္ဆိ၊ အဂစ္ဆိသု, ဂစ္ဆိသု, အဂစ္ဆုံ, ဂစ္ဆုံ။

ဆ-ကို-ဌ-ပြု၍ချောင် - အဂ္ဆိ, ဂ္ဆိ, အဂ္ဆိ,ဂ္ဆိ၊ အဂ္ဆိသု, ဂ္ဆိသု, အဂ္ဆုံ, ဂ္ဆုံ။

http://www.dhammadownload.com



**ဋ္ဌ-အမြဲမရှိလျှင်-အဂမိ, ဂမိ, အဂမီ, ဂမီ၊ အဂမိံသု, ဂမိံသု, အဂမံသု, ဂမံသု, အဂမုံ, ဂမုံ။** (ရူပသိဒ္ဓိ-နှာ-၂၇၉။ ၂၈၀-ရှု။)

၆။ (ဂ) ဝါကျ ယဒိ-ဖြင့် သစေ-နိပါတ်၏ ပရိကပ္ပ (ယဒိ) အနက်ဟောသည်၏ အဖြစ်ကို သိစေသည်။ (နိပါတလိင်္ဂတ္ထ)

အဂါရေ-ဖြင့် အဓာရဝိဘတ်-၌ အဓိ-ရှေးအာ-ရှေးရှိသော ဝသ-ဓာတ်၏ အယှဉ်ဖြစ်သော ကြောင့် အဂါရံ-ဝယ် ဒုတိယာ ဝိဘတ်သည် ကမ္မတ္ထ၌ မသက်၊ ဘုမ္မတ္ထ၌ သက်၏ဟု သိစေသည်။ (ဝိဘတျတ္ထ)

- **အဓိ အာပုဗ္ဗဝသယောဂေ ဘုမ္မတ္ထေ ဥပယောဂဝစနန္တိ အာဟ "အဂါရေ ဝသတီ"တိ။ (သီဋီသစ်၊ ၂၂၉။)**

ဝသတိ-ဖြင့် အဓာရဝိဘတ်-၌ အဓိ+အာ-ဥပသာရတို့၏ ဓာတွတ္ထာနုဝတ္တက, အနတ္ထက အဖြစ်ကို သိစေသည်။

(ဃ) ဝါကျ လောကံ ရဉ္ဇနတော-ဖြင့် ရာဇာ-၌ ရန္ဇ-ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဏ-ပစ္စည်းဟေတုကတ္တားအနက်၌ သက်သည်၏အဖြစ်ကို လည်းကောင်း၊ ရဉ္ဇေတီတိ ရာဇာဟု ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ နှစ်သက်စေ၏ဟူသည် လူအပေါင်းကို နှစ်သက်စေတတ်၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေသည်။

စတူဟိ အစ္ဆရိယဓမ္မေဟိ, သင်္ဂဟဝတ္ထူဟိစ-ဖြင့် လောကကိုနှစ်သက်စေ၏ဟူသည် အစ္ဆရိယဓမ္မလေးပါး, သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် နှစ်သက်စေသည်၏ အဖြစ်ကို သိစေသည်။

စက္ကရတနံ ဝတ္တေတီ-ဖြင့် စက္ကဝတ္တီ-၌ စက္က-သဒ္ဒါသည် အာဏာစက် စသောအနက်တို့ကို မဟော၊ စကြာရတနာအနက် ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ (တနည်း) စက္က-အရ စကြာရတနာကို ယူရမည်ကိုလည်းကောင်း၊ စက္ကဝတ္တီ-ပုဒ်ကို စက္ကံ+ဝတ္တေတီတိ စက္ကဝတ္တီ-ဟု ဟေတုကတ္တုသာဓနကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ဏီ-ပစ္စည်း ဟေတုကတ္တုသာဓ်အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

စတူဟိ သမ္ပတ္တိစက္ကေဟိ ဝတ္တတိ-ဖြင့် စက္ကဝတ္တီ-၌ စက္က-သဒ္ဒါသည် သမ္ပတ္တိစက်အနက် ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ (ဝါ) စက္က-အရသမ္ပတ္တိစက်လေးပါးကို ယူရမည်ကို လည်းကောင်း၊ စက္ကဝတ္တီ-ပုဒ်ကို စက္ကေဟိ+ဝတ္တတီတိ စက္ကဝတ္တီဟု ကတ္တုသာဓနကိတန္တ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ဏီ-ပစ္စည်း၏ သုဒ္ဓကတ္တားအနက်၌ သက်သည်၏အဖြစ်ကို လည်းကောင်း သိစေသည်။

တေဟိ စ ပရံ ဝတ္တေတိ-ဖြင့် စက္က-အရ သမ္ပတ္တိစက်လေးပါးကိုပင် ယူရမည်ကို လည်းကောင်း၊ စက္ကဝတ္တီ-ပုဒ်ကို စက္ကေဟိ+ပရံ+ဝတ္တေတီတိ စက္ကဝတ္တီ-ဟု ဟေတုကတ္တုသာဓနကိတန္တ တတိယာတပ္ပုရိသ်သမာသ်ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ဏီ-ပစ္စည်း၏ဟေတုကတ္တားအနက်၌ သက်- လည်းကောင်း သိစေသည်။

ပရဟိတာယ စ ဣရိယာပထစက္ကာနံ ဝတ္တော တေသ္မိံ အတ္ထီတိ စက္ကဝတ္တီဖြင့် စက္ကဝတ္တီ-၌ စက္က-သဒ္ဒါ၏ဣရိယာပထအနက် ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ (ဝါ) စက္ကအရ ဣရိယာပထကို ယူရမည်၏အဖြစ်ကိုလည်းကောင်း၊ စက္ကဝတ္တီ-ပုဒ်ကို ဣရိယာပထစက္ကံ ဝတ္တေတိ ပရဟိတာယ ဥပ္ပါဒေတီတိ စက္ကဝတ္တီ-ဟု ဟေတုကတ္တုသာဓနကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ်ပြုရမည်၏ အဖြစ်ကို လည်းကောင်း၊ ဏီ-ပစ္စည်း၏ ဟေတုကတ္တားအနက်၌ သက်သည်၏အဖြစ်ကို လည်းကောင်း (သီဋီသစ်၊ ၂၃၂။)

http://www.dhammadownload.com



(တနည်း) စက္ကဝတ္တိ-၌ စက္ကနှင့် ဝတ္တ ပုဒ်ကို စက္ကာန်+ဝတ္တော စက္ကဝတ္တောဟု သဒ္ဒိတပ္ပုရိသ် သမာသ်ပြုရမည်၏အဖြစ်ကိုလည်းကောင်း။ စက္ကဝတ္တိ-ပုဒ်ကို စက္ကဝတ္တော တေသွိ အတ္ထိတိ စက္ကဝတ္တိ-ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ဏီ-ပစ္စည်း၏ အဿတ္ထိ တဒ္ဓိတ်အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

၇။ ဝါကျဥယျာဉ် (၂၁၉) ၌ပြခဲ့ပြီ။

**အစ္ဆာခေသဏီ**-ကား အဓိ+အာဝသတိ-ဟူလိုလျက် အဓိ-ကို အဇ္ဈပြု၍ ပြီးသည်။

**စတ္တ**-ကား စစ-ဓာတ်+အ-ပစ္စည်း။ စစ ဟူလိုလျက်-ဓာတွန် စ-ကို က-ပြု၊ ကဒွေဘော် ဆောင်၍ပြီးသည်။ (သီဋ္ဌိသစ်။ ၂၅၃။ရင်း နိဿယ၊ ၃။ ၆၇၁)

(တနည်း) စရ-ဓာတ်+က-ပစ္စည်း။ စရက-ဟူလိုလျက် ဓာတွန်ရ-ကို က-ပြု၍ ပြီးသည်။ (ဘာသာဋီကာ။ ၃၃၆။)

(တနည်း) ကြိယတေ အနေနာတိ စက္က။ ကရ+က။ က-ကို စ-ပြု၊ ရ-ကို က-ပြု၍ ပြီးသည်။ (ဘာသာဋီကာ။ ၃၃၆)

၈။ **မြတ်စွာဘုရား၏ လက္ခဏာနှင့် စကြာမင်း၏ လက္ခဏာတူပုံ+ထူးပုံ-**

ဘုရားရှင်၏ လက္ခဏာတို့သည်-

(၁) သုဝိသဒ = အလွန်သန့်ရှင်း၏။

(၂) သုပရိဗျတ္တ = အလွန်ထင်ရှား၏။

(၃) ပရိပုဏ္ဏ = ပြည့်ပြည့်စုံစုံလည်း ရှိကုန်၏။

စကြာမင်း၏ လက္ခဏာတို့သည်ကား ယင်းဂုဏ်သုံးပါးမရှိကြကုန်။ ဤသို့ထူးသည်။

စကြာဝတေးမင်း၌လည်းကောင်း၊ ဘုရားဖြစ်မည့်ပုဂ္ဂိုလ်၌လည်းကောင်း၊ နိဂြောဓပရိမဏ္ဍလ လက္ခဏာပါ၏။ ဤသို့ နိဂြောဓပရိမဏ္ဍလ လက္ခဏာပါရှိခြင်းဟူသော အမျိုးဇာတ်အားဖြင့် တူကြသည်။ (ဘာသာဋီကာ။ ၃၃၀) (သီဋ္ဌိသစ်၊ ၂၂၉။)

**စတုအစ္ဆရိယဓမ္မ သရုပ်ကား**

(၁) အဘိရူပတာ (၂) ဒီဃာယုကတာ

(၃) အပ္ပါဗာဓတာ (၄) ဗြာဟ္မဏဂဟပတိကာနံ ပိယမနာပတာ

**စတုသင်္ဂဟဝတ္ထုသရုပ်ကား**

(၁) ဒါန (၂) ပိယဝစန

(၃) အတ္ထစရိယာ (၄) သမာနတ္တတာ-တည်း။ (သီဋ္ဌိသစ်၊ ၂၃၀။)

**ဆောင်**။ ။ချစ်ဘွယ်စကား၊ ပေးကမ်းပြား၍၊ စီးပွားဆောင်လင့်၊ ကိုယ်တူကျင့်၊ လေးဆင့် သင်္ဂဟ။

၉။ **(က) ဝါကျ ဂါထာစီ**

[ ကိဉ္စာပိ ဟောတိ သမ္ဗုဒ္ဓေါ၊ စက္ကဝတ္တိ နောဓိပေါ။

ပုဒ္ဓေါ ဟောတိ န တေဟော၊ ဇာတိ သာမညတော ပန။ ]

တာနိယေဝ လက္ခဏာနိ၊ တတ္ထ တာနီတိ ဝုစ္စရေ။ ]

ရှေ့လေးပါဒကား ပထျာဝတ္တဂါထာဖြစ်သည်။

နောက်လေးပါဒကား-တတိယ ရ-ကာရ ဝိပုလာဂါထာဖြစ်သည်။

http://www.dhammadownload.com



၁၀။ ✣ ရဋ္ဌနတော-၌ အန္တတ္ထ-အရ တိုင်းသူပြည်သားလူအများတို့၏ သန္တာန်၌ ပီတိ သောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ရတိဋ္ဌာယီဘာဝ+သိဂ်ါရရသ။

✣ စကြာဝတေးမင်းသည် အာရမ္မဏဝိဘာဝ၊

✣ အစ္ဆရိယမွေလေးပါး, သင်္ဂဟဝတ္ထုလေးပါးတို့သည် ဥဒ္ဒီပနဝိဘာဝ၊

✣ တိုင်းသူပြည်သားလူအများတို့၏ ကာယိကသုခ စေတသိကသုခ ခံစားရခြင်း စသည်သည် အနုဘာဝ။

✣ **ရဋ္ဌနတောတိ ပီတိသောမနဿဓသေန ရဋ္ဌနတော၊ န ရာဂဝသေန၊ ပီတိသောမနဿံ နေနတောတိ ဝုတ္တံ ဟောတိ။ (သီဋီသစ်၊ ၂၃၀၊)**

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် ( ၂၂၂ )

(က) စတုရန္တာယ ဗ္ဘဿရောတိ **စာတုရန္တော**။

(ခ) စတုသမုဒ္ဒအန္တာယ, စတုဗ္ဗိဓဒီပပဝိဘူသိတာယစ ပထဝိယာ ဗ္ဘဿရောတိ အတ္ထော။

(ဂ) အဇ္ဈတ္တံ ကောပါဒိပစ္စတ္ထိကေ, ဗဟိဒ္ဓါစ သဗ္ဗရာဇာနော ဝိဇေတီတိ **ဝိဇိတာဝီ**။

(ဃ) **ဇနပဒတ္ထာဝရိယပ္ပတ္တောတိ** ဇနပဒေ ဓုဝဘာဝံ ထာဝရဘာဝံ ပတ္တော န သက္ကာ ကေနစိ စာလေတုံ။

(င) ဇနပဒေါ ဝါ တမှိ ထာဝရိယပ္ပတ္တော အနုယုတ္တော သကမ္မနိရတော အစလော အသမ္ပဝေဓီတိ ဇနပဒတ္ထာဝရိယပ္ပတ္တော။

(ဋ္ဌ၊ ၂၂၂။ သီဋီသစ်။ ၂၃၄။ ပဥက္က၊ ၃၅၂။ ဘာသာဋီ။ ၃၃၃။ ဂဏ္ဌိ။ ၄၃၃)။

၁။ သံဝဏ္ဏေတဗ္ဗပါဌ်များကိုသာ သံဝဏ္ဏနာနှင့်အညီ အနက်ယောဇနာပါ။

၂။ (ခ) ဝါကျကို သာဘောဂပုဏ္ဏာတက်၍၊ (င) ဝါကျကို အနုသန္ဓေတက်ပြပါ။

၃။ (ဂ) ဝါကျ ဝိဇေတီတိ ဝိဇိတာဝီ၌ ရနိုင်သောအာဘောဂါဒိ စတုက္ကကို ကြံဆထုတ်ပြပါ။

၄။ (ခ) ဝါကျပါ ဒီပ-ပုဒ်ကိုဝစနတ္ထပြု၍၊ ဝစနာဒိသင်္ဂဟထုတ်ပြပါ။

၅။ (ခ) ဝါကျပါ စတုဗ္ဗိဓဒီပပဝိဘူသိတာယ-ကိုဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး စာစပ်ပါ။

၆။ (ခ+ဃ+င) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ စက္ကရတန်-၌ စက္က-ပုဒ်, ရတန-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့်ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ စတုဒီပပဝိဘူသိတာယ-ဟုမဆိုဘဲ စတုဗ္ဗိဓဒီပပဝိဘူသိတာယ-ဟု အဘယ့်ကြောင့် ဝိဓ-သဒ္ဒါထည့် ဆိုထားသည်ကိုရှင်းပြ၍၊ စကြာမင်းကိုဘက်ပြိုင်တိုက်ခိုက်သောရန်သူမရှိပါဘဲလျက်အဘယ်ကြောင့် သဗ္ဗရာဇာနော ဝိဇေတိ-ဟု ဆိုထားသည်ကိုလည်း ရှင်းပြပါ။

၉။ (ဂ) ဝါကျလာစကားရပ်တို့ကို အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာ ဂါထာတပုဒ် စီကုံးပါ။

၁၀။ (ခ) ဝါကျ ဗ္ဘဿရော-၌ ဓာတွတ္ထကိုရှု၍ ဘာဝလက္ခဏာရထုတ်ပြပါ။

= = = = = = = = = = = = = = = = = =

၁။ စာတုရန္တော၊ သမုဒ္ဒရာလေးစင်းအဆုံးရှိသော မြေကြီးကို (၌) အစိုးရသော။ (ဝါ) ကျွန်းကြီးလေးကျွန်းတို့ဖြင့် တန်ဆာဆင်အပ်သော မြေကြီးကို အစိုးရသော။

http://www.dhammadownload.com



ဝိဇိတာဝီ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်ကုန်သော အမျက်စသောရန်သူ, ဗဟိဒ္ဓသန္တာန်၌ဖြစ်ကုန်သော အလုံးစုံသောမင်းတို့ကို အောင်တော်မူပြီးသော။

ဇနပဒတ္ထာဝရိယပ္ပတ္တော၊ ဇနပုဒ်နယ်ပယ်, အသွယ်သွယ်၌, ခိုင်မြဲသည်၏အဖြစ်သို့ ရောက်သော။ (ဝါ) ခိုင်မြဲသည်၏ အဖြစ်သို့ရောက်သော ဇနပုဒ်နယ်ပယ် ရှိသော။

၂။ **(ခ) ဝါကျ ပုစ္ဆာတက်ပုံ။**

သရာ၊ သရာသည် (က)ဖြင့် စာတုရန္တော-ပုဒ်ကို ဋ္ဌသရတဒ္ဓိတ်ဝစနတ္ထပြုရမည်-ဟုဆို၏။ ယင်း၌ စတုရန္တ-ဟူသည် အဘယ်နည်း။ လေးထောင့်လေးမျက်နှာရှိသော ဇနပုဒ်တခုခုကိုသာ စတုရန္တ-ဟူ၍ ဆိုအပ်ပါသလော။ (တနည်း) ယင်း၌ စတုရန္တ-ပုဒ်ကို ဒိဂုသမာသ်ဝစနတ္ထပြုရပါမည်လော။ မည်သည့်သမာသ်ဝစနတ္ထပြုရပါမည်နည်း။ စုဒ်ကြောင့် (ခ)မိန့်။

**(င) ဝါကျ အနုသန္ဓေတက်ပုံ။**

ဤသို့(ဃ) ဖြင့် ဇနပဒတ္ထာဝရိယပ္ပတ္တော-ပုဒ်ကို သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းဇနပဒတ္ထာဝရိယပ္ပတ္တော-ပုဒ်၏ အခြားဖြစ်သင့်သော ဝစနတ္ထတမျိုးကို ပြလိုသော သရာသည် (င) မိန့်။

၃။ **(ဂ) ဝါကျ ဝိဇေတီတိ ဝိဇိတာဝီ-၌ စတုတ္ထာထုတ်ပုံ။**

(က) နနု ကစ္စာယနေ အတီတေ တတာဝန္တုတာဝီတိ သုတ္တံ ဝုတ္တံ။

(ခ) အထ ကသ္မာ "ဝိဇေတီတိ ဝိဇိတာဝီ"တိ ပစ္စုပ္ပန္နကာလေန တယာ သံဝဏ္ဏိတော။

(ဂ) နနု ဝိဇေတီတိ တံကာလာပေက္ခာယ ဝတ္တမာနဝစနံ။ (သီဋီသစ်။ ၂၃၄)

(ဃ) တသ္မာ "ဝိဇေတီတိ ဝိဇိတာဝီ"တိ ပစ္စုပ္ပန္နကာလေန မယာ သံဝဏ္ဏိတော။

၄။ ဒွိဓာ ဂတာနိ အာပါနိ အသ္မိံ ပေဟတုဘူတေတိ ဒီပေါ။ (ဓာန်ဋီ။ ၆၆၄)

နှစ်ဖြာဖြစ်ကုန်သောရေတို့၏+ကျွန်းဒြပ်နှင့် ဝိသေသန+ဝိသေသျစပ်-ဝစနပေတု။

ကျွန်းဒြပ်သည်--ဝစနီယ။

အန္တရီပ-စသော ပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထ။

၅။ စတုဒ္ဒိဓဒီပပရိဘူသိတာယ-ကို စတုဒ္ဒိဓဒီပပရိဘူသိတတ္တာ-ဟုပြိတ်ပြင်။

ယင်း၏သမ္ဗန်ကား ပထဝိယာ-ဟူသော ဝိသေသျပုဒ်ပင်ဖြစ်သည်။ ကံ+သမ္ဗန်စာစပ်။

စာတုရန္တော-ကို စာတုရန္တတ္တာ, ဝိဇိတာဝီ-ကို ဝိဇိတတ္တာ, ဇနပဒတ္ထာဝရိယပ္ပတ္တော-ကို ဇနပဒတ္ထာဝရိယပ္ပတ္တတ္တာ-ဟုပြိတ်ပြင်။ ယင်းတို့၏ သမ္ဗန်ကို စက္ကဝတ္တိနော ရညော-ဟုဝံ။

- **ရာဇာ ဟောတိ စက္ကဝတ္တိ ဓမ္မိကော ဓမ္မရာဇာ စာတုရန္တော ဝိဇိတာဝီ ဇနပဒတ္ထာဝရိယပ္ပတ္တော။ (ပါဠိတော်၊ ၈၃) ထောက်။**

၆။ (က) ဖြင့် စာတုရန္တော-ပုဒ်ကို စတုရန္တာယ+ဋ္ဌသရော စာတုရန္တော-ဟုဝစနတ္ထပြု၍ ဏ-ပစ္စည်း ဋ္ဌသရတဒ္ဓိတ်အနက်၌သက်၏ ဟုသိစေသည်။

(ခ) စတုသမုဒ္ဒအန္တာယ ပထဝိယာ-ဖြင့် စတုရန္တ-ပုဒ်ကို စတု+အန္တ-ဟုပဒစ္ဆေဒပြု-လည်းကောင်း၊ ယင်း၌ စတု-အရ သမုဒ္ဒရာလေးစင်းကို ယူရမည်ကိုလည်းကောင်း၊ အန္တ-သဒ္ဒါ၏ အဝသာန, ပရိယောသာန-အနက်ဟော-လည်းကောင်း၊ စတုရန္တ-ပုဒ်အရ တိုင်းပြည်မြို့ရွာ တခုခုကို သာမယူရ, မဟာပထဝီမြေကြီးအလုံးစုံကိုယူ-လည်းကောင်း၊ စတုရန္တ-ပုဒ်ကို စတ္တာရောသမုဒ္ဒါ+ အန္တာ

http://www.dhammadownload.com



ပရိယောသာနာ တေိဿာတိ စတုရန္တာ-ဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြု-လည်းကောင်း- သိစေပါသည်။ (သီဋီသစ်။ ၂၃၄)

စတုဗ္ဗိဓဒီပဝိဘူသိတာယ ပထဝိယာ-ဖြင့် စတုရန္တ-ပုဒ်ကို စတု+အန္တ- ဟုပုဒ်ဖြတ်ရမည်ကို လည်းကောင်း၊ ယင်း၌ စတု-အရ ကျွန်းကြီးလေးကျွန်းကိုယူရမည်ကိုလည်းကောင်း၊ စတုရန္တ-ပုဒ်အရ မဟာပထဝီမြေကြီးအလုံးစုံကို ယူရမည်ကို လည်းကောင်း သိစေသည်။

(ဂ) ဝိဇေတိ-ဖြင့် ဝိဇိတာဝီ-၌ တာဝီ-ပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်-လည်းကောင်း၊ ဝိဇေတီတိ ဝိဇိတာဝီ-ဟုပြု-လည်းကောင်း သိစေပါသည်။

(ဂ) ဝါကျကြွင်းပါဌ်တို့ဖြင့် ဘာဝတ္ထသိစေပါသည်။

(ဃ) ဇနပဒေ ဓုဝဘာဝံ ထာဝရဘာဝံ ပတ္တော-ဖြင့် ထာဝရိယ-၌ ထာဝရ-သဒ္ဒါ၏ ဓုဝအနက်ဟော-လည်းကောင်း၊ ဏျ-ပစ္စည်း၏ ဘာဝတ္ထိတ်အနက်၌သက်-လည်းကောင်း၊ ထာဝရဿ+ဘာဝေါထာဝရိယံ-ဟုပြု-လည်းကောင်း၊ ထာဝရိယနှင့် ပတ္တ-ပုဒ်ကို ထာဝရိယံ+ပတ္တော ထာဝရိယပ္ပတ္တော-ဟု ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ ဇနပဒနှင့် ထာဝရိယပ္ပတ္တ-ကို ဇနပဒေ+ထာဝရိယပ္ပတ္တော ဇနပဒတ္ထာဝရိယပ္ပတ္တော-ဟု သတ္တမီတပ္ပုရိသ်မာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။

န သက္ကာ ကေနစိ စာလေတုံ-ဖြင့် ဇနပုဒ်၌ မြဲမြဲခိုင်ခံ့သည်၏အဖြစ်သို့ရောက်၏-ဟူသည် တစုံတယောက်သောသူသည် တုန်လှုပ်စေခြင်းငှာ မစွမ်းနိုင်ခြင်းပင်တည်း-ဟုသိစေသည်။

(င) ဇနပဒေါ တမှိ ထာဝရိယပ္ပတ္တော-ဖြင့် ဇနပဒတ္ထာဝရိယပ္ပတ္တော-ပုဒ်ကို ဇနပဒေါ ထာဝရိယပ္ပတ္တော တေသွိ ရာဇိနီတိ ဇနပဒတ္ထာဝရိယပ္ပတ္တော-ဟုသတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (သီဋီသစ်)

အနုယုတ္တော သကမ္မနိရတော အစလော အကမ္ပဝေဓိ-ဖြင့် ထာဝရိယပ္ပတ္တ-ဇနပုဒ်ဟူသည် အမြဲယှဉ်သော မိမိတို့၏အမှု၌ မြဲမြံခြင်းရှိသော, တုန်လှုပ်ခြင်း ထိတ်လန့်ခြင်းမရှိသော ဇနပုဒ် တည်း ဟုသိစေပါသည်။

၇။ စက္က-ပုဒ်နိရုတ္တိနည်းကို ဝါကျဥယျာဉ် (၂၂၀) ၌ပြခဲ့ပြီ။
ရတန-ပုဒ် နိရုတ္တိနည်းကို ဝါကျဥယျာဉ် (၈၂)၌ ပြခဲ့ပြီ။
ဒီပ-ကား ဒွိ+အာပ-ဟူလိုလျက် ဝ-နှင့် အာ-ကိုချေ၊ ဏ-ကို ဤ-ပြု၍ပြီးသည်။

- ဒွိဓာ ဝတာနိ အာပါနိ အဿ္ဆိ ပဟုတ္တာတေတိ ဒီပေါ၊ ဝ-ကာရအာ-ကာရလောပေါ, တ္တသိစ၊ ဒီပေါ။ (ဓာန်ဋီ။ ၆၆၄)

၈။ **စတုဗ္ဗိဓဒီပဝိဘူသိတာယ-၌ ဝိဓ-သဒ္ဒါထည့်ဆိုခြင်း**

သဒ္ဒါအပိုလွန်ဖြင့် အနက်အပိုအလွန်ကိုသိအပ်, သိနိုင်သောကြောင့်လည်းကောင်း၊ အဘို့ အစုဟောဝိဓ-သဒ္ဒါဖြင့် တူသောအဘို့တို့ကိုယူအပ်, ယူနိုင်သောကြောင့် လည်းကောင်း၊ အသီးသီး သော ကျွန်းငယ်ငါးရာတို့ကိုလည်း ကျွန်းကြီးလေးကျွန်း၌သာလျှင် သိမ်းယူခြင်းအကျိုးငှါ--ဝိဓသဒ္ဒါကို ထည့်၍ဆိုပါသည်။

- ဧတ္ထစ "စတုဒီပဝိဘူသိတာယာ"တိ အဝတ္တာ စတုဗ္ဗိဓဒီပဝိဘူသိတာယာတိ ဝိဓသဒ္ဒဂ္ဂဟဏံ ပဝေဓကံ ပဉ္စသတပရိတ္တဒီပါနမ္ပိ မဟာဒီပေယေဝ သင်္ဂဟကတ္တံ သဒ္ဒါတိရိတ္တေန အတ္ထာတိရိတ္တသ ဝိညာယမာနတ္တာ, ကောဋ္ဌာသဝါစကေန ဝါ ဝိဓသဒ္ဒေန သမာနဘာဂါနံ ဂဟိတတ္တာတိ ဒဋ္ဌဗ္ဗံ။ (သီဋီသစ်။ ၂၃၄)

http://www.dhammadownload.com



**သဗ္ဗရာဇာနော ဝိဇေတိ-ဟု ဖွင့်ဆိုခြင်း**

စကြာမင်းအား ဘက်ပြိုင်တိုက်ခိုက်မည့် ရန်သူမရှိပါသော်လည်း စစ်တိုက်၍ အောင်ရမည့် ကိစ္စအားလုံးပြီးပြီးအဖြစ်ကို ပြလိုသောကြောင့်-သဗ္ဗရာဇာနော ဝိဇေတိ-ဟု ဖွင့်ဆိုသည်။ (သီဋီသစ်။ ၂၃၄။ ဘာသာဋီကာ။ ၃၃၄)

**ကောပါဒိပစ္စတ္ထိကေ-၌ အာဒိ-သဒ္ဒါဖြင့် ကာမ၊ မောဟ၊ မာန၊ မဒ-စသည်တို့ကို သိမ်းယူ။**

- **ကောပါဒိပစ္စတ္ထိကေတိဧတ္ထ အာဒိသဒ္ဒေန ကာမမောဟမာနမဒါဒိကေ သင်္ဂဏှာတိ၊ (သီဋီသစ်၊)**

၉။ (ဂ) ဝါကျ ဂါထာစီ

ကောပါဒိကေ ပစ္စတ္ထိကေ၊ သန္တာနိကေစ အတ္တနော။
ဗဟိဒ္ဓါ သဗ္ဗရာဇာနော၊ ဝိဇေတီတိ တထာ ဘဝေ။ (ပထမ တ-ကာရဝိပုလာဂါထာ)။

၁၀။ **ဤသုတ္တ-၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ-**

- စကြာမင်း၏ သန္တာန်၌ လောဘ, မာန-စသည်ပြတန်းသော စိတ္တုပ္ပါဒ်သည်---ကာမရတိဌာယီဘာဝ+ကာမသင်္ဂါရရသ။
- အစိုးရသော သမုဒ္ဒရာလေးစင်းအဆုံးရှိသည့် (ဝါ) ကျွန်းကြီးလေးကျွန်းတို့ဖြင့်တန်ဆာဆင်အပ်သည့် မဟာပထဝီမြေအလုံးစုံသည်--အာရမ္မဏဝိဘာဝ။
- နဝင်္ဂသီလဆောက်တည်ခဲ့ခြင်း, သရာကောင်းတို့ထံ၌ နည်းခံခဲ့ခြင်း-စသော ရှေးရှေးသော အကြောင်းတရားမှန်သမျှသည်--ဥဒ္ဒီပနဝိဘာဝ။
- အစိုးရခြင်း, စည်းစိမ်ဖြင့် ရရှိသော ကာယိကသုခ စေတသိကသုခများသည်--အနုဘာဝ။

## ဝါကျဉယျာဉ် ( ၂၂၂ )

(က) **ဝိရဂ်ရူပါတိ** ဒေဝပုတ္တသဒိသကာယာ၊
(ခ) ဝေ တာဝ ဧကေ ဝဏ္ဏယန္တိ။
(ဂ) အယံ ပနေတ္ထ သဘာဝေါ။
(ဃ) **ဝီရာတိ** ဥတ္တမသူရာ ဝုစ္စန္တိ။
(င) ဝီရာနံ အင်္ဂံ **ဝီရင်္ဂံ**၊
(စ) ဝီရကာရဏံ ဝီရိယန္တိ ဝုတ္တံ ဟောတိ၊
(ဆ) ဝီရင်္ဂံ ရူပံ ဧတေသန္တိ **ဝီရင်္ဂရူပါ**၊
(ဇ) ဝီရိယမယသရီရာ ဝိယာတိ ဝုတ္တံ ဟောတိ။
(ဈ) **ပရသေနပ္ပမဒ္ဒနာတိ** သစေ ပဋိမုခံ တိဋ္ဌေယျ ပရသေနာ၊ တံ ပရိမဒ္ဒိတုံ သမတ္ထာတိ အဓိပ္ပါယော။

(ဌ၊ ၂၂၃။ ဋီသစ်၊ ၂၃၉။ နေရာင်း။ ၂၈၄။ ပဒတ္ထ။ ၃၅၅။ ဘာသာဋီကာ၊ ၃၄၀။ ဂဏ္ဌိ၊ ၄၃၅။)

http://www.dhammadownload.com



၁။ ပရောသဟဿံ ခေါ ပနဿ ပုတ္တာ ဘဝန္တိ သူရာ ဝီရင်္ဂရူပါ ပရသေနပ္ပမဒ္ဒနာ-ဟူသော ပါဠိတော်ကို သံဝဏ္ဏနာများနှင့်အညီအနက်ပေးပါ။
၂။ (စ) ဝါကျကို ပုစ္ဆာ (ဇ) ဝါကျကို စောဒနာတက်ပါ။
၃။ (ဈ) ဝါကျ၌ ရနိုင်သော အာဘောဂါဒိစတုက္ကကို ကြံဆထုတ်ပြပါ။
၄။ (က) ဝါကျအဖွင့် သံဝဏ္ဏနာကိုရှု၍ ဝီရင်္ဂရူပါ-ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဝစနာဒိဆက္ကထုတ်ပါ။
၅။ (ဈ) ဝါကျပါ သမတ္ထာ-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး စာစပ်ပြပါ။
၆။ (ဃ) ဝါကျကို အာဘောဂပေါ်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ သဒိသ-ပုဒ်၏ နိရုတ္တိနည်း ရုပ်ပြီးကိုရေးပါ။
၈။ ဝီရင်္ဂရူပါ-ပုဒ်အရ သမာနဝါဒနှင့် ကေစိဝါဒ အရထူးခြားပုံကို ဖော်ပြပါ။
၉။ (ဈ) သံဝဏ္ဏနာကို- အဓိပ္ပါယ်မပျက်စေဘဲ ဝုတ္တဇာတိ ဂါထာတပုဒ်သီကုံးပြပါ။
၁၀။ (ဈ) ဝါကျ သမတ္ထာ-၌ အန္တတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ပြပါ။

===================

၁။ အဿ၊ ထိုစကြာဝတေးမင်းအား။ ပရောသဟဿံ၊ တထောင်အလွန်ရှိသော။ သူရာ၊ မကြောက်မရွံ့သည်၏ အဖြစ်ဟူသော သဘောရှိကုန်သော။

ဝီရင်္ဂရူပါ၊ နတ်သားနှင့်တူသော ကိုယ်ရှိကုန်သော။ (ဝါ) နတ်သား၏ ကိုယ်နှင့်တူသော ကိုယ်ရှိကုန်သော။ (ဤကား(က) ဝါကျနှင့်အညီ သာရသမာသကျမ်း ဆရာတို့အလိုတည်း။)
(တနည်း) ဝီရင်္ဂရူပါ၊ မြတ်သော, ရဲရင့်သောသူရဲတို့၏ အကြောင်းဖြစ်သော လုံ့လဝီရိယဟု ဆိုအပ်သော ကိုယ်ရှိသကဲ့သို့ ဖြစ်ကုန်သော။ (မယ-ပစ္စည်းသကတ္တကြံသည်။)

(ဝါ) မြတ်သောရဲရင့်သောသူရဲတို့၏ အကြောင်းဖြစ်သော လုံ့လဝီရိယကြောင့်ဖြစ်သော ကိုယ်ရှိသကဲ့သို့ ဖြစ်ကုန်သော။ (မယ-ပစ္စည်း နိဗ္ဗတ္တတ္ထ ကြံသည်။)

(ဤကား ဃ+င+စ+ဆ+ဇ ဝါကျတို့နှင့်အညီ သကဝါဒအလိုတည်း။)

ပရသေနပ္ပမဒ္ဒနာ၊ ရှေးရှုရင်ဆိုင်တည်ရှိလာသော တပါးသောစစ်သည်တို့ကို(ဝါ)တပါးသော ရန်သူမင်းတို့၏ စစ်သည်တို့ကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်ကြကုန်သော။ ပုတ္တာ၊ သားတော်တို့သည်။ ဘဝန္တိ၊ ရှိကုန်၏။

## ၂။ (စ) ဝါကျ ပုစ္ဆာ

ဆရာ-သည် (င)ဝါကျဖြင့် ဝီရင်္ဂ-ပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ဖွင့်ဆို၏။ ဝီရင်္ဂ-၌ အင်္ဂ-သဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း။ ဒေသ, အဝယဝစသောအနက်ကို ဟောပါသလော၊ ဝီရင်္ဂ-အရမည်သည့်တရားကို အရကောက်ရမည်နည်း၊ ရဲရင့်သူတို့၏ လက်ခြေ စသော အင်္ဂါများကို အရကောက်ရမည်လော၊ စုဒ်ကြောင့် (စ) ဝါကျမိန့်။

❖ **အင်္ဂေါ ဒေသေ ဝပုမှင်္ဂ၊ တထာဝယဝဝေါပါယသူ။ (ဓာန်၊ ၉၅၆။)**

## (ဇ) ဝါကျ စောဒနာ

ဆရာ-သည် (ဆ) ဝါကျဖြင့် ဝီရင်္ဂရူပါ-ပုဒ်ကို ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ယင်း၌ ရူပ-သဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း။ ဘဝ,နိမိတ္တ စသောအနက်ကို ဟောပါသလော၊ ဤ၌ ရူပသဒ္ဒါ၏ဖြစ်သင့်သောအနက်ကို မပြသော်ဆရာအား အတိဗျာပိတ (သို့) သင်္ခေပ+ဝိတ္ထာရဆန့်သော ဝိရောဓိ ဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဇ) ဝါကျမိန့်။

http://www.dhammadownload.com



- **ရူပန္တိ သရီရံ၊ စောနဝုတ္တံ "ဝီရိယမယသရီရာ ဝိယာ"တိ။ (သီဋီသစ်၊ ၂၄၀။)**
- **ခန္ဓေ ဘဝေ နိမိတ္တမှိ၊ ရူပံဝဏ္ဏော စ ပစ္စယေ။**

**သဘာဝ သဒ္ဒသဏ္ဌာန-ရူပဇ္ဈာန ဝပူသု စ။ (ဓာန်-၈၂၆။)**

အမှာ (ဧ) ဝါကျကို ၆-နံပါတ်သီဋီသစ်လာ အာဘော်များကို ရှုရှု၍လည်း အာဘော်များဆင်၍ ကျမ်းတက်နိုင်သည်။

## (ဈ) ဝါကျ လီနတ္ထရစောဒနာ

ဆရာ-ပေါက္ခရသာတိပုဏ္ဏားသည် (အမ္ဗဋ္ဌ-လုလင်အား) ပရသေနပ္ပမဒ္ဒနာ-ဟူသောစကားကို ဆို၏။ စကြာဝတေမင်းအား (သားတော်တို့နှိမ်နင်းဘို့ရာဖြစ်သော) ရန်သူစစ်တပ်သည် မရှိသည် မဟုတ်ပါလော။ သို့ဖြစ်လျက် အဘယ့်ကြောင့် "ပရသေနပ္ပမဒ္ဒနာ"ဟူသော စကားကိုဆိုပါသနည်း။ နှိမ်နင်းစရာ ရန်သူ စစ်တပ်မရှိပါဘဲလျက် ယင်းစကားကို ဆိုချေသော် ပေါက္ခရသာတိအား နိရတ္ထက ဒေါသသင့်ရောက်ရာ၏။ စုဒ်--ကြောင့် (ဈ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား** စကြာဝတေးမင်းအား နှိမ်နင်းစရာရန်သူစစ်တပ် မရှိသော်လည်း အကယ်၍ ရှိခဲ့သော် ထိုရန်သူစစ်တပ်ကို နှိမ်နင်းခြင်းငှာ စွမ်းနိုင်သော အာနုဘော်ရှိ၏-ဟု ငါပြဆိုသောကြောင့်-ဟူလို။

- **နနု စ ရညော စက္ကဝတ္တိဿ ပဋိသေနာနာမ နတ္ထိ၊ ယ မဿ ပုတ္တာ ပမဒ္ဒေယျုံ၊ အထ ကသ္မာ "ပရသေနပ္ပမဒ္ဒနာ"တိ ဝုတ္တန္တိ စောဒနံ သောဓေန္တော "သစေ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၂၄၀)**

၃။ **(ဈ) ဝါကျစတုက္ကထုတ်ပုံ။**

(က) နနု ရညော စက္ကဝတ္တိဿ ပဋိသေနာနာမ နတ္ထိ။ (သီဋီသစ်၊ ၂၄၀)
(ခ) အထ ကသ္မာ "ပရသေနပ္ပမဒ္ဒနာ"တိ ပါဠိယံ ဝုတ္တံ။
(ဂ) နနု သစေ ပဋိမုခံ တိဋ္ဌေယျ ပရသေနာ၊ တံ ပရိမဒ္ဒိတုံ သမတ္ထာ။
(ဃ) တသ္မာ "ပရသေနပ္ပမဒ္ဒနာ"တိ ပါဠိယံ ဝုတ္တံ။

၄။ **(က) သံဝဏ္ဏနာနှင့်အညီ ဝစနာဒိဆက္က**

ဝီရဿ+အင်္ဂ ဝီရင်္ဂ။
ဝီရင်္ဂဿ ရူပမိဝ ရူပံ ယေသန္တေတိ ဝီရင်္ဂရူပါ။ (သီဋီသစ်။ ၂၃၉။)
သိကြားမင်း၏ (ဝါ) နတ်သား၏ ခန္ဓာကိုယ်ကဲ့သို့သော ခန္ဓာကိုယ်၏+စကြာဝတေးမင်း၏ သားတော်တို့နှင့် ဂုဏ်+ဂုဏေးစပ် ဝစနဟေတု။
စကြာဝတေးမင်း၏ သားတော်တို့ဖြစ်သည် ဝစနီယ။
ဒေဝပုတ္တသဒိသကာယ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
အင်္ဂီယတိ ဉာယတိ ဖလံ ဧတေနာတိ အင်္ဂ။ (အကြောင်းကာရဏရ၏) (သီဋီသစ်)
သေတိ ဗန္ဓတီတိ သေနာ။ စမူ။ (ဏွာဒိမောင်။ ၁၀၆။)
ဝီရာနံ+ကမ္မံ ဝီရိယံ။ ဝိဓိနာ ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ဝါ ဝီရိယံ။ (ဋီကာကျော်)
ရဲရင့်ကုန်သောသူတို့၏+ဝီရိယနှင့် သာမိ+သံ-စပ်။

၅။ (ဈ) ဝါကျ သမတ္ထာ-ကို သမတ္ထတ္တာ-ဟု ဟိတ်ပြင်က ယင်း၏သမ္ဗန်ကို (ပါဠိတော်လာ ပရောသဟဿံ ခေါပနဿ ပုတ္တာ-ဌ ပုတ္တာ-ဟူသော ဝိသေသျပုဒ်ကိုပင်) ပုတ္တာနံ-ဟုခံ။ (ကတ္တား + သမ္ဗန်စာစပ်)

http://www.dhammadownload.com



၆။ (က) ဒေဝပုတ္တသဒိသကာယာ-ဖြင့် ဝီရင်္ဂရူပါ-၌ (ဝီရင်္ဂ-ပုဒ်+ရူပပုဒ်) ဝီရင်္ဂပုဒ်ကို ဝီရဿ+အင်္ဂ ဝီရင်္ဂ-ဟု ဝစနတ္ထပြု၍ ဝီရင်္ဂ-အရ နတ်သားကိုယူရမည်ကိုလည်းကောင်း , (တနည်း) ဝီရင်္ဂ-သဒ္ဒါ၏ ဒေဝပုတ္တ-အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း ရူပ-သဒ္ဒါ ဤနေရာ၌ သရီရ (ဝပု) အနက်ဟောသည်ကိုလည်းကောင်း , ဝီရင်္ဂနှင့် ရူပ-ကို ဝီရင်္ဂဿ+ရူပမိဝ ရူပံ+ယေသန္တေတိ ဝီရင်္ဂရူပါ-ဟု ဥပမာဂဗ္ဘ ဘိန္နာဓိကရဏ စတုတ္ထီဗဟုဗ္ဗီဟိပြုရမည်ကိုလည်းကောင်း (သီဋီသစ်၊ ၂၃၉)

(တနည်း) ဝီရင်္ဂေဟိ+သဒိသာ+ရူပါ ကာယာ ဧတေသန္တိ ဝီရင်္ဂရူပါ-ဟု သဒိသအလယ်ပုဒ်ကျေသော မဇ္ဈေလောပီ ဘိန္နာဓိကရဏ စတုတ္ထီဗဟုဗ္ဗီဟိပြုရမည်ကိုလည်းကောင်း , (ဂဏ္ဌိ၊ ၄၃၅။) သိစေသည်။

(ဃ) ဝါကျ ဥတ္တမသူရာ-ဖြင့် ဝီရ-အရ မြတ်သောရဲရင့်သော စစ်သည်သူရဲတို့ကိုယူရမည်-ဟုသိစေသည်။ (ဝါ) ဝီရသဒ္ဒါ ယောဓ အနက်ဟော၏ဟု သိစေသည်။

(င) ဝါကျဖြင့် ဝီရင်္ဂ-ပုဒ်ကို ဝီရာနံ+အင်္ဂ ဝီရင်္ဂ-ဟုဆဋ္ဌီတပ္ပုရိသ်ပြုရမည်၏ အဖြစ်ကို သိစေသည်။

(စ) ဝါကျ ဝီရကာရဏံ ဝီရိယံ-ဖြင့် ဝီရင်္ဂ-၌ အင်္ဂ-သဒ္ဒါ-ကာရဏ-အနက်ဟောလည်းကောင်း၊ အင်္ဂ-၌ (အင်္ဂ-ဓာတ်+အ-ပစ္စည်း) အ-ပစ္စည်း၏ ကရဏသာဓနအနက်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ အင်္ဂီယတိ ဉာယတိ ဖလံ ဧတေနာတိ အင်္ဂံဟု (သီဋီသစ်-၂၃၉) ကရဏသာဓ်ပြု-လည်းကောင်း၊ ဝီရင်္ဂ-အရ ရဲရင့်သူတို့၏ လက်ခြေစသော အင်္ဂါများကိုမယူရ (ဗျ) ဝီရမည်သူတို့၏ အကြောင်းဖြစ်သော ဝီရိယကိုယူရမည်ကိုလည်းကောင်း သိစေသည်။

(ဆ) ဝါကျဖြင့် ဝီရင်္ဂရူပါ-ပုဒ်ကို စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်ဟု ဘိစေသည်။

(ဇ) ဝါကျဖြင့် ဝီရင်္ဂရူပါ-၌ ရူပ-သဒ္ဒါ၏ ကိုယ်ဟူသောအနက်ဟော-လည်းကောင်း၊ ဝီရင်္ဂ-ပုဒ်ကို ဝီရင်္ဂမေဝ ဝီရင်္ဂ-ဟု သွတ္ထတဒ္ဓိတ်ပြု-လည်းကောင်း၊ အ-ပစ္စည်း၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်-လည်းကောင်း၊ ယင်းဝီရင်္ဂ-အရ ဝီရိယ-ကိုပင်ယူ-လည်းကောင်း သိစေသည်။

(တနည်း) ဝီရင်္ဂ-ပုဒ်ကို ဝီရင်္ဂေန+နိဗ္ဗတ္တံ ဝီရင်္ဂ-ဟု နိဗ္ဗတ္တတဒ္ဓိတ်ပြုရမည်ကိုလည်းကောင်း၊ အ-ပစ္စည်း၏ နိဗ္ဗတ္တတဒ္ဓိတ် အနက်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းဝီရင်္ဂ-အရဝီရိယကြောင့်ဖြစ်သော ခန္ဓာကိုယ်ကိုယူရမည်ကို လည်းကောင်းသိစေသည်။ (သီဋီသစ်-၂၄၀)

(ဈ) ဝါကျဖြင့် ပရသေနပ္ပမဒ္ဒနာ-၌ (ပရသေန-ပုဒ်+ပမဒ္ဒန-ပုဒ်ခွဲ။) ပရသေနံ+ပမဒ္ဒနာ ပရသေနပ္ပမဒ္ဒနာ-ဟု ဒုတိယာတပ္ပုရိသ်ပြု--လည်းကောင်း၊ ပမဒ္ဒနာပုဒ်ကို ပမဒ္ဒေန္တီတိ ပမဒ္ဒနာ-ဟု ကတ္တုသာဓ်ပြု-လည်းကောင်း၊ ယု-ပစ္စည်းကတ္တားအနက်၌သက်-လည်းကောင်း၊ ပရသေန-အရ ရှေးရှုတည်ရှိသောရန်သူစစ်သည်ကိုယူ-လည်းကောင်း၊ ပရသေနပ္ပမဒ္ဒနာ-ဟုဆိုအပ်သော်လည်း (အရာဌာန-ကိုထောက်ဆ၍ အနက်ထူးကိုသိအပ်သောကြောင့်) ရန်သူစစ်သည်တို့ကို နှိမ်နင်းခြင်းငှာစွမ်းနိုင်ကုန်သော ဟူသောအနက်ကိုယူအပ်သည်၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

- **ပရသေနပ္ပမဒ္ဒနာတိ ဝုတ္တေပိ ပရသေနံ ပမဒ္ဒိတုံ သမတ္ထာတိ အတ္ထော ဂဟေတဗ္ဗော (လ) အတ္ထပ္ပကရဏာဒိနာ ဝုတ္တမတ္ထဲ ဒဿေတုံ "တံ ပရိမဒ္ဒိတုံ သမတ္ထာ"တိ ဝုတ္တံ။ (သီဋီသစ်၊ ၂၄၀။)**

(တနည်း) ပရသေနပ္ပမဒ္ဒနာ-ပုဒ်ကို ပရသေနံ ပမဒ္ဒနာယ သမတ္ထေန္တီတိ ပရသေနပ္ပမဒ္ဒနာ-ဟု သမတ္ထေန္တိ တဒ္ဓိတ်ပြုရမည်ကိုလည်းကောင်း သိစေပါသည်။

အမှာ ဤကား ဋီကာသစ်လာသည့်အတိုင်း လဟုကနည်းဖြစ်သည်။ ဂရုကနည်းအားဖြင့် ပရဲသေနံ+ပမဒ္ဒနံ ပရသေနပ္ပမဒ္ဒနံ။ ပရသေနပ္ပမဒ္ဒနာယ+ သမတ္ထေန္တီတိ ပရသေနပ္ပမဒ္ဒနာ-ဟု သမတ္ထေန္တိ တဒ္ဓိတ်ဝစနတ္ထပြုရမည်။

http://www.dhammadownload.com



✤ ပရသေနံ ပမဒ္ဒနာယ သမတ္ထေန္တီတိ ပရသေနပ္ပမဒ္ဒနာတိ အတ္ထံ ဒဿေတီတိပိ ဝဒန္တိ၊ (သီဋီသစ်၊ ၂၄၁)

၇။ သမာနမိဝ နံ ပဿတီတိ သဒိသော။ (ကစ္စည်း)
သဒိသ-ကား-သမာန+ဒိသ+ကွိ။ သမာနဒိသ-ဟူလိုလျက် သမာန-ကို-သ-ပြု၍ပြီးသည်။
ငကေသရာတို့အလို ဝီရင်္ဂရူပါ-ကား ဝီရင်္ဂသဒိသရူပါ-ဟူလိုလျက် သဒိသကိုချေ၍ပြီးသည်။

ပါဌဝိနိစ္ဆယ

ဝီရင်္ဂရူပါ၊ ဝီရင်္ဂရူပါ၊ ဝီတင်္ဂရူပါ-သုံးချက်တွင်- ဓိရဿ အင်္ဂံ၊ တဿ ရူပမိဝ ရူပံ ယေသံ တေ ဝီရင်္ဂရူပါ။ (သီဋီသစ်၊ ၂၃၉။) ဣစ္စေဝ အညတ္ထ စ ကတ္ထစိ "ဝီတင်္ဂရူပါ"တိ ပါဌော ဒိဿတိ။ (သီဋီသစ်။ ၂၄၀။) ကတ္ထစိ ပန "ဝီရင်္ဂ"န္တိ ပါဌော ဝ ဒိဿော။ ယထာ ရုစ္စတိ။ တထာ ဂဟေတဗ္ဗံ။ (သီဋီသစ်၊ ၂၄၀) ကိုထောက်၍ သုံးပါဌ်လုံးသင့်ပါသည်။

၈။ **ဝီရင်္ဂရူပါ-၌ ကေစိဝါဒနှင့် သမာနဝါဒ-အထူး**

သိကြားမင်း၏ စစ်သည်နတ်သားတို့၏ ကိုယ်နှင့်တူသောကိုယ်ရှိကြကုန်သော စကြာဝတေးမင်း၏ သားတော်များကို "ဝီရင်္ဂ ရူပါ"ဟု ဆိုသည်။ (ဤကား သာရသမာသကျမ်းပြု ကေစိဆရာတို့ အလိုတည်း)

(တနည်း) ရဲရင့်သူတို့၏အကြောင်းဖြစ်သော ဝီရိယသည်ဖြစ်စေအပ်သော (ဝီရိယကြောင့်ဖြစ်သော) ကိုယ်ရှိကုန်သကဲ့သို့ ဖြစ်ကုန်သော စကြာဝတေးမင်း၏ သားတော်များကို (ဝါ) ဝီရိယသာ လျှင်ဖြစ်သော (ဝီရိယအတိပြီးသော) ကိုယ်ရှိကုန်သကဲ့သို့ဖြစ်ကုန်သော စကြာဝတေးမင်း၏ သားတော်များကို "ဝီရင်္ဂရူပါ"ဟု ဆိုသည်။ (ဤကားသမာနဝါဒတည်း)

၉။ **(ဈ) ဂါထာဝိ**

ပဋိမုခံ စေ တိဋ္ဌေယျ၊ သေနာ ပရဿ သတ္တုနော။
တံ မဒ္ဒိတုံ သမတ္ထာတိ၊ အဓိပ္ပါယော ဝိဘာဝိတော။ (ပထမ မကာရဝိပုလာ)

၁၀။ **သမတ္ထာ-၌ အန္တတ္ထရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။**

✤ စကြာဝတေးမင်း၏ သားတို့သန္တာန်၌ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ+ဝီရ ရသ။
✤ ရန်သူစစ်သည်တို့သည် အာရမ္မဏဝိဘာဝ။
✤ သားတော်တို့၏ တဖက်ရန်သူစစ်သည်တို့ကို နိုင်နင်းနိုင်ခြင်း စွမ်းရည်သတ္တိသည် ဥဒ္ဒီပန ဝိဘာဝ။
✤ စစ်အောင်ခြင်းစသော အကျိုးအဆက်သည် အနုဘာဝ။

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၂၂၃ )

## ၁၃၁၉-ခုနှစ်။ သက္ကသီဟ

(က) **အရဟံ ဟောတိ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဝိဝဋ္ဋစ္ဆဒေါတိ** ဧတ္ထ ရာဂဒေါသမောဟမာန ဒိဋ္ဌိအဝိဇ္ဇာဒုစ္စရိတဆဒနေဟိ သတ္တဟိ ပဋိစ္ဆန္နေ ကိလေသန္ဓကာရေ လောကေ တံ ဆဒနံ ဝိဝဋ္ဋေတွာ သမန္တတော သဉ္ဇာတာလောကော ဟုတွာ ဌိတောတိ ဝိဝဋ္ဋစ္ဆဒေါ။

(ခ) တတ္ထ ပဌမေန ပဒေန ပူဇာရဟတာ။

(ဂ) ဒုတိယေန တဿာ ဟေတု၊ ယသ္မာ သမ္မာသမ္ဗုဒ္ဓေါတိ၊

(ဃ) တတိယေန ဗုဒ္ဓတ္တဟေတုဘူတာ ဝိဝဋ္ဋစ္ဆဒတာ ဝုတ္တာတိ ဝေဒိတဗ္ဗာ။

(ဋ္ဌ၊ ၂၃၃။ သီဋီသစ်၊ ၂၄၂။ နေရင်း၊ ၂၈၅။ ပခုက္ကူ၊ ၃၅၆။ ဘာသာဋီ၊ ၃၄၂။ ဂဏ္ဌိ၊ ၄၃၆။)

၁။ အဋ္ဌကထာအဖွင့်နှင့်အညီ သံဝဏ္ဏေတဗ္ဗပုဒ်များကိုသာ ဟောတာလကာရနည်းဖြင့် အနက်ပေးပါ။
၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာ တက်ပြပါ။
၃။ (ဂ) ဝါကျကို ဖြစ်သင့်သလိုဝါကျခွဲ၍ အကျဉ်းစာစပ်ပြပါ။
၄။ ဝိဝဋ္ဋစ္ဆဒေါ-ကို အပေါင်းဝစနတ္ထပြု၍ ဉာသ်ကောက်ပြပါ။
၅။ (ဃ) ဝါကျလာပုဒ်တို့ကို သမာသပဒ-စသည်ခွဲ၍ ပူဇာရဟတာ-၌ ဘာဝယောဂပုဒ်ကို လိင်ဂိုဏ်းကာရန် ညွှန်ပြပြီး အဝိဇ္ဇာ-၌ ရသင့်သော ဓာတု ဂဏ-ကို ဖော်ပြပါ။
၆။ အထဝါ ဝိဝဋ္ဋောစ ဝိစ္ဆဒေါစာတိ **ဝိဝဋ္ဋစ္ဆဒေါ**၊ ဝဋ္ဋရဟိတော ဆဒနရဟိတော စာတိ ဝုတ္တံဟောတိ။ (ဋ္ဌ၊ ၂၂၃)၌ အာဘော်ဖော်၍ သံဝဏ္ဏနအမည်ပေးခဲ့ပါ။
၇။ ဗုဒ္ဓတ္တဟေတုဘူတာ+ဗုဒ္ဓဟေတုဘူတာ ပါဌ်နှစ်ထွေရှိရာ ယုတ္တိပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။
၈။ (ဂ) ဝါကျ၌ ဗုဒ္ဓတ္တဟေတုဘူတာ ဝိဝဋ္ဋစ္ဆဒတာ-ဝယ် ဗုဒ္ဓတ္တဟေတုဘူတာ ထည့်ဖွင့်ခြင်း အကြောင်းကိုဖြေဆိုပါ။
၉။ (က) ဝါကျ၌ ဆဒန (၇)ပါးသရုပ်ကို ပထျာဝတ္တဂါထာ စီကုံးခဲ့ပါ။
၁၀။ ဝိဝဋ္ဋစ္ဆဒေါ-ဟူသော ပုဒ်လုံးအရ တရားကိုယ်ကောက်၍ ဘာဝစသည် ထုတ်ပြပါ။

==================

### ၁။ သံဝဏ္ဏနာနှင့်အညီ ဟောတာလကာရနည်းဖြင့် အနက်ပေးပုံ။

လောကေ၊ ကိလေသာတည်းဟူသော အဖုံးအလွှမ်းရှိသော လောက၌။ (သဝါသနသဗ္ဗ ကိလေသပ္ပဟာနပုဗ္ဗကတ္တာ၊ ဝါသနာနှင့်တကွ အလုံးစုံသော ကိလေသာတို့ကို ပယ်ခြင်း ရှေးသွား၏ အဖြစ်ကြောင့်။ (ဝါ) ပယ်ခြင်းလျှင် ရှေးသွားရှိသည်၏အဖြစ်ကြောင့်။) ဝိဝဋ္ဋစ္ဆဒေါ၊ ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ အဝိဇ္ဇာ ဒုစ္စရိုက်တည်းဟူသော ခုနစ်ပါးသောအဖုံးအလွှမ်းကို ကင်းစေတော်မူပြီး၍ (ဝါ) ထိုးဖောက်ဖျက်ဆီးတော်မူပြီး၍ ထက်ဝန်းကျင်မှ ကောင်းစွာဖြစ်သော အရောင်အလင်းရှိသည် ဖြစ်၍ တည်တော်မူ၏။ ဝိဝဋ္ဋစ္ဆဒတ္တာ၊ ကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ ညေယျဓါးတန်တရားမှန်ကို မဖေါက်မပြန် ကိုယ်တော်တိုင် သိတော်မူ၏။ သမ္မာသမ္ဗုဒ္ဓတ္တာ၊ ကြောင့်။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သည်။ ဟောတိ၊ ၏။

http://www.dhammadownload.com



✧ **ယသ္မာ သမ္မာသမ္ဗုဒ္ဓေါ၊ တသ္မာ ပူဇာရဟတာတိ ဧတသ္မိ ပူဇာရဟတာယ ဟေတု ဝုတ္တော၊ သဗ္ဗဓမ္မကိလေသပ္ပဟာနပုဗ္ဗင်္ဂမာ ဗုဒ္ဓတာဝသေ ဗုဒ္ဓတ္တဟေတုဘူတာ ဝိဇ္ဇာစရဏသမ္ပန္နတာ ဝုတ္တာ။ (ဋီသစ်၊ ၂၄၃။)**

## (ခ) ဝါကျ သာဓာရဂပုစ္ဆာ

၂။ သရာ-အာနန္ဒာမထေရ်သည် အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နောဟူသောသုံးပုဒ်ကိုဟော၏။ အဘယ့်ကြောင့် အရဟံစသောသုံးပုဒ်ကို ဟောပါသနည်း။ တပုဒ်တည်းဖြင့်ပင် လိုအပ်သောအနက်ပြီးစီးသည်မဟုတ်ပါလော။ (ဝါ) ဝိသေသနများစွာ၊ သင့်လျော်ပါသော်၊ မှန်စွာမယုတ်၊ ရှေးရှေးပုဒ်သည်၊ နောက်နောက်ပုဒ်၏-ဟိတ်ဖြစ်မြဲ-ဟူသည်နှင့်အညီ အရဟံစသော သုံးပုဒ်တို့တွင် အရဟံ-သည် သမ္မာသမ္ဗုဒ္ဓေါ-၏ ဟိတ်, သမ္မာသမ္ဗုဒ္ဓေါ-သည် ဝိဇ္ဇာစရဏသမ္ပန္နော-၏ ဟိတ်ဖြစ်သောကြောင့် ဟောတော်မူ၏-ဟုသိအပ်ပါသလော။ စုဒ်-ကြောင့် (၁)မိန့်။

**အဓိပ္ပါယ်ကား** ပထမ-ပုဒ်ဖြင့် ပူဇော်အထူးကိုခံတော်မူထိုက်သည်၏အဖြစ်ကို, ဒုတိယ-ပုဒ်ဖြင့် ပထမပုဒ်၏အကြောင်းကို, တတိယ-ပုဒ်ဖြင့် ဘုရားဖြစ်ခြင်း၏အကြောင်းဖြစ်သော ဝိဇ္ဇာစရဏ၏ အဖြစ်ကို ပြလိုသောကြောင့် သုံးပုဒ်ဟောတော်မူပါ၏ဟူလို။

✧ **ကသ္မာ ပဒတ္တယမေဝ ဝုတ္တန္တိ အနုယောဂံ ဟောတာလင်္ကာရနယေန ပရိဟရန္တော "တဿာ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၂၄၃။)**

**မှတ်ချက်** သီဋီသစ်၊ နှင့်အညီ (၁-ဂ-ဃ)သုံးဝါကျလုံးကို ပေါင်း၍တက်သည်။

၃။ (ဂ) ဝါကျသည် အရဟံ-ပုဒ်ဖြင့်ပြအပ်သော အဓိပ္ပါယ်မှတပါး သမ္မာသမ္ဗုဒ္ဓေါ-ဖြင့် ပြအပ်သော အဓိပ္ပါယ်ကိုပြသောကြောင့် ပက္ခန္တရ။

ထိုတွင် ယသ္မာ သမ္မာသမ္ဗုဒ္ဓေါတိ-ကား ပါဠိတော်၌ ဟေတာလင်္ကာရနည်းဖြင့် အနက်ပေးရမည့် ပုံစံကို ဆက်ပြသောကြောင့် ဝါကျာရမ္ဘ။

**စာစပ်** ဒုတိယေန-ကားဖြင့်-ဟူ၍အနက်ပေးသောကြောင့် ဝုတ္တော-၌ ကရိုက်း+ကရိုက်း၏ကြိယာ-စပ်။

တဿာ-ကား ဟေတု-၌ သမ္ဗန်+သမ္ဗန္ဓီ-စပ်။
ဟေတု-ကား ဝုတ္တော-၌ ဝုတ္တကံ+ဝုတ္တကံ၏ကြိယာစပ်။
ယသ္မာ-ကား သမ္မာသမ္ဗုဒ္ဓေါ-၌ ဟိတ်+ဟိတ်၏ဖိုလ်စပ်။
ဣတိ-ကား ဝုတ္တော-၌ နိဒဿန+နိဒဿနဝန္တစပ်။

## (က) ဝါကျ ရာဂဒေါသ(လ) လောကေ-တိုင်အောင်သော စကားရပ်ကိုရှု၍ စတုက္ကထုတ်ပုံ၊

(က) နနု ပါဠိယံ "လောကေ"တိ သာမညေန ဝုတ္တံ။
(ခ) အထ ကသ္မာ ကိလေသန္ဓကာရေ လောကေတိ ဝိသေသေန သံဝဏ္ဏနာ ကတာ။
(ဂ) နနု ရာဂဒေါသ (လ) သဒနေဟိ သတ္တေဟိ ပဋိစ္ဆန္နေ ဟောတိ။
(ဃ) တသ္မာ (လ) ကတာ။

✧ **သတ္တေဟိ ပဋိစ္ဆန္နေတိ ဟေတုဂဗ္ဘဝစနံ၊ သတ္တေဟိ ပါပဓမ္မေဟိ ပဋိစ္ဆန္နတ္တာ ကိလေသဝသေန အန္ဓကာရေ လောကေတိ အတ္ထော။ (သီဋီသစ်၊ ၂၄၃။)**

၄။ ဝိဇ္ဇာယိတာဗ္ဗော ဝိဂမေတဗ္ဗော (ကင်းစေထိုက်၏) တိ ဝိဇ္ဇော။ (သီဋီသစ်)
ဆာဒတိ ပဋိစ္ဆာဒေတီတိ ဆဒေါ။ (သီဋီသစ်)
ဝိဇ္ဇော+ဆဒေါ အနေနာတိ ဝိဇ္ဇစ္ဆဒေါ။ (သီဋီသစ်၊ ၂၄၃။)

http://www.dhammadownload.com



**ညာသ်** ဝိဋ္ဋဝစ္ဆဒ-သမာသ်ပုဒ်အရကား ဖွင့်လှစ်အပ်ပြီးသော (ဝါ) ကင်းစေအပ်ပြီးသော ရာဂ စသော အမိုးသည်မှုချအားဖြင့်ရ၏။

ထို၏+မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမွန်သည်-ဌာနူပစာအားဖြင့်ရ၏။

ဟူမ-အရကား မြတ်စွာဘုရား ရ၏။

**မှတ်ချက်** ဘာသာဋီကာ၌ ဝိဝရိယိတ္တာတိ ဝိဝဋ္ဋော (ဝိ+ဝရ+တ။ တ-ကို-ဋ္ဌ-ပြု။) ဆဒီယတေ အနေနာတိ ဆဒေါ။ ဝိဝဋ္ဋော+ဆဒေါ+ယေနာတိ ဝိဝဋ္ဋစ္ဆဒေါ။ ဟု ဝိဂ္ဂဟ-တနည်းပြဆိုသေး၏။ ယင်း ဘာသာဋီကာ အလို ဝိဝဋ္ဋစ္ဆဒေါဟု ဒွေဘော်မဲ့ရှိရမည်။

**ဝစနတ္ထမှတ်ဘွယ်**

သံ သုဋ္ဌု+ဇာယတီတိ သဉ္ဇာတော။ အာလောစယတိ ပဿတိ စေတေနာတိ အာလောကော၊ အာလောကေတိဝါစေတေနာတိ အာလောကော။ (ဓာန်ဋီ။ ၃၇။) သဉ္ဇာတော+အာလောကော ယဿ ဘဂဝတောတိ သဉ္ဇာတာလောကော။ ပူဇာဝိသေသံ ပဂ္ဂဏှိတုံ အရဟတီတိ အရဟံ။ (သီဋီသစ်။ ၂၄၃။)

၅။ တတိယေန-ကား ပူရဏတဒ္ဓိတ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ။

ဗုဒ္ဓတ္တဟေတုဘူတာကား ကမ္မဓာရယ်သမာသ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း။ အာ-ကာရန္တ။

❋ ဘူတသဒ္ဒါ၊ ရှိလေရာ၊ ဟုတ္တာကျေလေမြဲ။

❋ ဟုတ္တာကျေလေ၊ ထိုပုဒ်ပေ၊ သမ္ဘဝနာနေမြဲ။

ဝိဝဋ္ဋစ္ဆဒတာ-ကား ဘာဝတဒ္ဓိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာ-ကာရန္တ၊

ဝုတ္တာ-ကား ကိတ်နာမ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊

ဣတိ -ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ၊

ပူဇာရဟတာ-၌ ပူဇာရဟဟူသော ဘာဝယောဂပုဒ်ကား-ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အကာရန္တ၊

**ဝိဇ္ဇာ** -ကား ဝိဒ်-ဓာတ်၊ ဝိဓ-ဓာတ်၊ ဝိဒ-ဓာတ်(သုံးမျိုး)

◆ **ဝိဒိ ဝိစဝိဒဓာတု၊ ဝသေန ပရိဒိပယေ။**

**ဝိဇ္ဇာသဒ္ဒဿ နိပ္ဖတ္တိ၊ သဒ္ဒနိပ္ဖတ္တိ ကောဝိဒေါ။ (နိတိဓာတု၊ ၃၆၇၊)**

ပါဠိဇိကကျက်ဂဏ္ဌိသစ်၌ ဝိ-ပုဗ္ဗ+ဒလ-ဓာတ်ဟု ယူသေးသည်။

ဝိဒိ-ကား ရုဓာဒိ။ ဝိဓ-ဓာတ်ကား ဒိဝါဒိ။ ဝိဒ-ကား ဘူဝါဒိဂိုဏ်း ဖြစ်သည်။

**ဟိတ်သမ္ဗန်**

ပဋိစ္ဆန္နေ-ကို ပဋိစ္ဆန္နတ္တာ-ဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို ကိလေသန္ဓကာရဿ လောကဿ -ဟုခံ။ (ကံ+သမ္ဗန်စာစပ်။)

(၁) ဝါကျ ပူဇာရဟတာ (ဃ) ဝါကျ ဝိဝဋ္ဋစ္ဆဒတာ ဟိတ်၏သမ္ဗန်ကို ပူဇာရဟ, ဝိဝဋ္ဋစ္ဆဒ-ဟူသောဘာဝယောဂပုဒ်နှင့် အရတူဖြစ်သော ပါဠိတော်လာသမ္မာသမ္ဗုဒ္ဓေါကို သမ္မာသမ္ဗုဒ္ဓဿဟု ခံရမည်။ (ကတ္တား+သမ္ဗန်စာစပ်။)

၆။ (က) ဝါကျ ရာဂဒေါသ။ ပ။ လောကေ-ဖြင့် အရဟံ ဟောတိ-စသော ပါဠိတော်၌ လောက-အရ ကိလေသာအမိုက်မှောင်ရှိရာဖြစ်သော လောကကိုယူရမည်ကိုလည်းကောင်း၊ ပါဠိတော်၌ လောကေ-ဟုသာမညဆိုထားသော်လည်း ရာဂ-စသော အကုသိုလ်တရား ခုနစ်ပါးတို့က ဖုံးလွှမ်းအပ်သောကြောင့် ကိလေသန္ဓကာရေ လောကေ-ဟုဖွင့်ဆိုထားသည်၏ အဖြစ်ကို လည်းကောင်း သိစေသည်။ (သီဋီသစ်။ ၂၄၃။)

http://www.dhammadownload.com



တံ သဒန်။ ပ။ ဝိဝဋ္ဋစ္ဆဒေါ-ဖြင့် ဝိဝဋ္ဋစ္ဆဒ-ပုဒ်ကို ဝိဝဋ္ဋ+ဆဒ-ဟု ပဒစ္ဆေဒပြုရမည်ကို လည်းကောင်း, ဆဒ-အရ ရာဂစသောအကုသိုလ်အမိုး ခုနစ်မျိုးကို ယူရမည်ကိုလည်းကောင်း။ ဆဒ-ပုဒ်ကို ဆာဒေတိ ပဋိစ္ဆာဒေတီတိ ဆဒေါ-ဟု ကတ္တုသာဓ်ပြုရမည်ကိုလည်းကောင်း, အ-ပစ္စည်း၏ ကတ္တုသာဓ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း။ ဝိဝဋ္ဋ-၌ (ဝိ-ရှေးရှိသော ဝဋ္ဋ-ဓာတ်+အ-ပစ္စည်း) အ-ပစ္စည်း ပေဟတုကမ္မသာဓ်အနက်၌ သက်သည်ကိုလည်းကောင်း၊ ဝိဝဋ္ဋယိတဗ္ဗော ဝိဂမေတဗ္ဗောတိ ဝိဝဋ္ဋော-ဟု ကမ္မသာဓ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း။ ဝိ-၏ဓာတွတ္ထဝိသေသက ၏အဖြစ်ကိုလည်းကောင်း။ ဝိဝဋ္ဋနှင့်ဆဒကို ဝိဝဋ္ဋော+ဆဒေါ+အနေနာတိ ဝိဝဋ္ဋစ္ဆဒေါ-ဟုတတိယာ ဗဟုဗ္ဗီဟိသမာသ်ပြုရမည်ကိုလည်းကောင်း , (သီဋီသစ်၊ ၂၄၃) (တနည်း) ဝိဝဋ္ဋော+ဆဒေါ+တေသာတိ ဝိဝဋ္ဋစ္ဆဒေါ-ဟုပြုရမည်ကိုလည်းကောင်း (နေရင်းနိဿ၊ ၂၊ ၂၈၅။) သိစေသည်။

- **ဧတေန ဝိဝဋ္ဋယိတဗ္ဗော ဝိဂမေတဗ္ဗောတိ ဝိဝဋ္ဋော၊ ဆာဒေတိ ပဋိစ္ဆာဒေတီတိ ဆဒေါ၊ ဝိဝဋ္ဋော ဆဒေါ အနေနာတိ ဝိဝဋ္ဋစ္ဆဒေါ, ဝိဝဋ္ဋစ္ဆဒေါဝါတိ အတ္ထော ဒဿေတိ။ (သီဋီသစ်၊ ၂၄၃။)**

ဝိဝဋ္ဋော စ ဝိစ္ဆဒေါစာတိ ဝိဝဋ္ဋစ္ဆဒေါ-ဖြင့် ဝိဝဋ္ဋစ္ဆဒေါ-ကို ဝိ+ဝဋ္ဋစ္ဆဒေါဟု ပဒစ္ဆေဒ ပြုရမည် ကိုလည်းကောင်း, ဝဋ္ဋစ္ဆဒေါ-၌ဝဋ္ဋနှင့်ဆဒကို ဝဋ္ဋဥ+ဆဒေါစ ဝဋ္ဋစ္ဆဒါ-ဟု ဒွန်သမာသ် ပြုရမည်ကို လည်းကောင်း ,ဒွန်ရှေးရှိ ဝိ-သဒ္ဒါကိုဝဋ္ဋ+ဆဒနှစ်ပုဒ်လုံး၌ ယှဉ်စပ်၍ အဓိပ္ပါယ်ယူရမည်ကို လည်းကောင်း, အပေါင်းပုဒ်ကို ဝဋ္ဋစ္ဆဒေဟိ+ဝိဂတော ဝိဝဋ္ဋစ္ဆဒေါ-ဟု ပဉ္စမီအဗျယီဘော (တနည်း) ဝိဂတာ+ဝဋ္ဋစ္ဆဒါ ယသ္မာတိ ဝိဝဋ္ဋစ္ဆဒေါ-ဟု စတုတ္ထီဗဟုဗ္ဗီဟိပြုရမည်ကိုလည်းကောင်း သိစေသည်။ (ဤကား သမာနဝါဒ အလိုတည်း)

- **ကမ္မာဒိဝသေန တိဝိဓံ ဝဋ္ဋဥ ရာဂါဒိဝသေန သတ္တဝိဓော ဆဒေါစ ဝဋ္ဋစ္ဆဒါ၊ ဝဋ္ဋစ္ဆဒေဟိ ဝိဂတော, ဝိဂတာ ဝါ ဝဋ္ဋစ္ဆဒါ ယသ္မာတိ ဝိဝဋ္ဋစ္ဆဒေါ, ဝိဝဋ္ဋစ္ဆဒါ ဝါ ဒွန္ဒပုဗ္ဗဂေါ ပန ဝိ-သဒ္ဒေါ ဥဘယတ္ထ ယောဇေတဗ္ဗောတိ ဣမမတ္ထံ ဒဿေတုံ "ဝိဝဋ္ဋော စ ဝိစ္ဆဒေါစာ"တိ ဝုတ္တံ၊ (သီဋီသစ်၊ ၂၄၃၊)**

(တနည်း) ဝိဝဋ္ဋော စ ဝိစ္ဆဒေါစာတိ ဝိဝဋ္ဋစ္ဆဒေါ-ဖြင့် ဝိဝဋ္ဋစ္ဆဒ-ပုဒ်ကို ဝိဝဋ္ဋောစ သော ဝိစ္ဆဒေါစာတိ ဝိဝဋ္ဋစ္ဆဒေါ-ဟု ကမ္မဓာရယ်သမာသ်ပြုရမည်ကို လည်းကောင်း, ဝိဝဋ္ဋ ဝိစ္ဆဒေါ-ဟူလိုလျက် ဝိစ္ဆဒ နောက်ပုဒ်၌ ရှေးဖြစ်သော ဝိ-ကိုချေ၍ ဝိဝဋ္ဋစ္ဆဒေါ-ဟုရုပ်ပြီး နေသည်ကိုလည်းကောင်း သိစေသည်။ ( ဤကား ဝဒန္တိဝါဒအလိုတည်း)

- **ဧဝမ္ပိ ဝဒန္တိ "ဝိဝဋ္ဋောစသောဝိစ္ဆဒေါစာတိ ဝိဝဋ္ဋစ္ဆဒေါ၊ ဥတ္တရပဒေ ပုဗ္ဗပဒလောပေါတိ အတ္ထံ ဒဿေတီ"တိ။ (သီဋီသစ်၊ ၂၄၃၊)**

ဝဋ္ဋရဟိတော, ဆဒနရဟိတော-ဖြင့် ဝိဝဋ္ဋော, ဝိစ္ဆဒေါ-တို့၌ ဝိ-၏ ဝိရဟအနက်ဟော သည်၏အဖြစ်ကိုလည်းကောင်း, ဝဋ္ဋတော+ရဟိတော ဝိဝဋ္ဋော၊ ဆဒတော+ရဟိတော ဝိစ္ဆဒေါ-ဟု ပဉ္စမီအဗျယီဘော သမာသ်ပြုရမည်ကိုလည်းကောင်း သိစေသည်။

ရ။ **ဗုဒ္ဓဂ္ဃောတုဘူတာ+ဗုဒ္ဓဃောတုဘူတာ နှစ်ချက်တွင်**

သဝါသနသဗ္ဗကိလေသပ္ပဟာနပုဗ္ဗကတ္တာ ဗုဒ္ဓဘာဝဿ ဗုဒ္ဓတ္တဃောတုဘူတာ ဝိဝဋ္ဋစ္ဆဒတာ ဝုတ္တာ။ (သီဋီသစ်၊ ၂၄၃။)

http://www.dhammadownload.com



ဗုဒ္ဓဟေတုဘူတာ = သဗ္ဗညုတဉာဏ်၏ အကြောင်းဖြစ်၍ဖြစ်သော။ (နေရင်း၊ ၂၈၆။)
ဗုဒ္ဓဟေတုဘူတာ = ဘုရားအဖြစ်၏ အကြောင်းဖြစ်၍ဖြစ်သော။ (ပခုက္ကူ၊ ၃၅၇။)
ဗုဒ္ဓတ္တဟေတုဘူတာ= ဗုဒ္ဓအဖြစ်၏ အကြောင်းဖြစ်၍ဖြစ်သော။ (ဘာသာဋီကာ၊၃၄၄)
(ဋီသစ်နှင့် ဘာဘာဋီကာတို့အလို ဗုဒ္ဓတ္တဟေတုဘူတာ သင့်။ နေရင်း+ပခုက္ကူတို့အလို ဗုဒ္ဓဟေတုဘူတာ သင့်။)

**ဓိဝဋ္ဋစ္ဆဒ**-ကား ဝိဝဋ္ဋဝိစ္ဆဒ-ဟုဆိုလျက် ဝိစ္ဆဒ-ဟူသောနောက်ပုဒ်၌ ဝိ-ကို ချေ၍ပြီးသည်။ (သီဋီသစ်။ ၂၄၃။)

**အာလောက**-ကား အာ+လောစ-ဓာတ်+အပစ္စည်း။ အာလောစ-ဟူလိုလျက် စ-ကို ကပြု၍ ပြီးသည်။ (ဓာန်ဋီ။ ၃၇။)

၈။ ဝါသနာနှင့်တကွအလုံးစုံသော ကိလေသာတို့ကို ပယ်ခြင်း၏ ရှေ့သွားဖြစ်သောကြောင့် (ဝါ) ပယ်ခြင်းလျှင်ပြဓာန်းခြင်းရှိသောကြောင့် ဗုဒ္ဓတ္တဟေတုဘူတာ-ဟု ထည့်ဖွင့်သည်။ (သီဋီသစ်-သာဓက-ရ-နံပါတ်၌ ဖော်ပြပြီးဖြစ်သည်။)

## ဋီကာသစ် အဓိပ္ပါယ်မှတ်ဘွယ်များ

ဆဒန-သရုပ်ခုနစ်ပါးတွင် ဒုစရိတ-အရ၌ မနောဒုစရိုက်နှင့်တကွ ဒုစရိုက်အားလုံးပါဝင်သော်လည်း မိစ္ဆာဒိဋ္ဌိသည် အထူးသဖြင့် သတ္တဝါတို့ကို (ဝါ) သတ္တဝါတို့၏အသိဉာဏ်ကို ဖုံးလွှမ်းတတ်သောကြောင့်လည်းကောင်း၊ အပြစ်ကြီးသောကြောင့်လည်းကောင်း ဒုစရိုက်တရားမှ သီးခြားပြသည်။

- **မိစ္ဆာဒိဋ္ဌိပန ဝိသေသော န သတ္တာနံ ဆာဒနတော, ပရမသာဝဇ္ဇတ္တာ စ ဝိသုံ ဂဟိတာ၊ (သီဋီသစ်၊ ၂၄၂၊)**

မောဟနှင့် အဝိဇ္ဇာသည် တရားကိုယ်တူသော်လည်း မောဟက ဖုံးလွှမ်းခြင်း, အဝိဇ္ဇာက မသိအောင်ပြုခြင်းဟု အခြင်းအရာကွဲပြားသောကြောင့် နှစ်မျိုးခွဲခြားပြသည်။

- **မုယှနဋ္ဌေန မောဟော၊ အဝိဒိတကရဏဋ္ဌေန အဝိဇ္ဇာတိ ၊ပဝတ္တိအာကာရဘေဒေန အညာဏမေဝ ဒွိဓာ ဝုတ္တံ၊ (သီဋီသစ်)**

၉။ ရာဂေါ ဒေါသော စ မောဟော စ၊ အဝိဇ္ဇာ မာန ဒိဋ္ဌိယော။
ဒုစ္စရိတဉ္စိမေ သတ္တ၊ ဆဒနန္တိ ပဝုစ္စရေ။ (ပဏ္ဍာဝတ္တဂါထာ)

၁၀။
- ဝိဝဋ္ဋစ္ဆဒေါ-ဟူသောပုဒ်လုံးအရ ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ကိုယူ၍ ထိုသည် ဓမ္မရတိဋ္ဌာယီဘာဝ ဓမ္မသီဂါရ ရသ၊ (သမဋ္ဌာယီဘာဝ၊ သန္တရသလည်း ထုတ်နိုင်သည်။)
- နိဗ္ဗာန်သည် အာရမ္မဏဝိဘာဝ၊
- နိဗ္ဗာန်၏ သန္တိလက္ခဏာသည်လည်းကောင်း၊ ဘုရားရှင်၏ ပါရမီဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ်, အောက်ဖိုလ် ဉာဏ်တို့သည်လည်းကောင်း ဥဋ္ဌိပနဝိဘာဝ၊
- အရဟတ္တဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဗုဒ္ဓဉာဏ် စသည်သည် အနုဘာဝ။

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၂၂၄ )

## ၁၃၄၀-ခု၊ သက္ကသီဟ

(က) **တေန ခေါ ပန သမယေနာတိ** ယသ္မိံ သမယေ အမ္ဗဋ္ဌော အာရာမံ ပါဝိသိ၊

(ခ) တသ္မိံ ပန သမယေ၊

(ဂ) ဒိဝါတမဇ္ဈန္တိကသမယေ။

(ဃ) ကသ္မာ ပန တသ္မိံ သမယေ စင်္ကမန္တီတိ ?

(င) ပဏီတဘောဇနပစ္စယဿ ထိနမိဒ္ဓဿ ဝိနောဒနတ္ထံ၊

(စ) ဒိဝါပဓာနိကာ ဝါ တေ။

(ဆ) တာဒိသာနဉှိ ပစ္ဆာဘတ္တံ စင်္ကမိတွာ နှာယိတွာ သရီရံ ဥတုံ ဂါဟာပေတွာ နိသဇ္ဇ သမဏဓမ္မံ ကရောန္တာနံ စိတ္တံ ဧကဂ္ဂံ ဟောတိ။

(ဋ္ဌ၊ ၂၂၄။ ဋီသစ်၊ ၂၄၆။ နေရင်း၊ ၂၈၈၊ ပဒုက္က၊ ၃၅၉။ ဘာသာဋီကာ၊ ၃၄၈၊ ဂဏ္ဌိ၊ ၄၃၇။)

၂။ (ဂ) ဝါကျကို သာဘောဂစောဒနာ (စ) ဝါကျကို အနုသန္ဓေတက်၍ ကရောန္တာနံ-ကို စာစပ်ပြပါ။

၃။ (က) ဝါကျစသည်ကို အကြောင်းပြအမည်ပေးပါ။

၄။ ပဓာနိကာ-ပုဒ်ကိုအစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကို ဥာသ်ကောက်ပါ။

၅။ မဇ္ဈန္တိက-ပုဒ်ကို နာမပဒမာလာ၊ ၎င်း၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ပရဿပုဒ်ဖြင့် ကတ္တုရုပ်အာချာတပဒမာလာဧဉ်ပါ။

၆။ စင်္ကမတနံ့ ဝဋ္ဋတိ, စတူဟိ သမ္ပတ္တိစက္ကေဟိ ဝဋ္ဋတိ, တေဟိ စ ပရံ ဝဋ္ဋေတိ, ပရဟိတာယ စ ဣရိယာပထစက္ကါနံ ဝဋ္ဋော တသ္မိံ အတ္ထိတိ **စင်္ကမဝဋ္ဋီ**။ (ဋ္ဌ၊ ၂၂၂။) ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ သောပိ တာယလက္ခဏေသု ဟုလည်းကောင်း၊ သောပိ တာယ အာစရိယကထာယ လက္ခဏေသု ဟုလည်းကောင်း (ဋ္ဌ၊ ၂၂၄။) ပါဌ်နှစ်ထွေရှိရာသင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။

၈။ ရာဇာ-ပုဒ်အဖွင့်လာ အစ္ဆရိယဓမ္မလေးပါ, သင်္ဂဟဝတ္ထုလေးပါးကို အသီးအသီး ဖြေဆိုပါ။

၁၀။ (ဆ) ဝါကျ၌ ဘာဝ စသည်ထုတ်ပါ။

==================

၂။ **(ဂ) ဝါကျ သာဘောဂ စောဒနာ**

ဆရာ-သည် (က+ခ) ဝါကျတို့ဖြင့် တေနခေါပနသမယေန-ပုဒ်ကိုအနိယမထည့်စွက်၍ အမ္ဗဋ္ဌ အရာမ်တွင်းသို့ဝင်ရာ ထိုအခါ၌-ဟု ဘုမ္မတ္ထအားဖြင့် ဖွင့်ပြတော်မူ၏၊ (အမ္ဗဋ္ဌအရာမ်တွင်း သို့ဝင်ရာ) ထိုအခါဟူသည် အဘယ်နည်း၊ (ဂဏ္ဌိ၊ ၄၃၇။) နံနက်အခါ (ဝါ) ညနေချမ်းအခါပင် ဖြစ်ပါသလော၊ အမ္ဗဋ္ဌဝင်ရောက်လာရာ ထိုအချိန်အခါကို တိကျစွာမပြဆိုပါက ဆရာအား နံနက်, နေ့လည်, ညနေ အချိန်အားလုံး၌ ပြန့်နှံ့သော အတိဗျာပိတ ဒေါသသင့်ရောက်ရာ၏၊ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား-** အမ္ဗဋ္ဌအရာမ်တွင်းသို့ဝင်ရောက်လာရာ ထိုအခါဟူသည် နံနက်အခါ, ညနေချမ်းအခါ မဟုတ်၊ နေမွန်းမတ်မတ်တည့်ရာအခါဖြစ်၏-ဟု ငါပြဆိုသည်ဖြစ်သောကြောင့်-ဟူလို။ (တနည်း) ဥပနာတူ၏။ သာမညဝစနံ သဗ္ဗသာဓာရဏ-ဟူသည်နှင့်အညီ တေနသမယေန-ဟု သာမညဆိုထားသည်ဖြစ်ရကား အနက်ကိုလည်း သာမညအားဖြင့်ပင် ယူအပ်ပါသလော၊ အဘယ် သို့ယူအပ်ပါသနည်း၊ စုဒ်ကြောင့်(ဂ) ဝါကျမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ဖော်ချက်-** (ဂ) ဝါကျဖြင့် တေနသမယေန-ဟူ သာမညအားဖြင့်ဆိုထားသော်လည်း အနက်ကို သာမညအားဖြင့်မယူအပ်, "နေမွန်းမတ်မတ်တည့်ရာ ထိုအခါ"ဟူ၍ ဝိသေသတ္ထအားဖြင့် ယူအပ်၏ဟု ငါပြဆို--ဟူလို။

✤ **အဝိသေသေန ဝုတ္တသ္သပိ ဝစနဿ အတ္ထော အဋ္ဌကထာပမာဏတော ဝိသေသေန ဂဟေတဗ္ဗောတိ အာဟ "ဠိတမဇ္ဈန္ဟိကသမယေ"တိ။ (သိဋီသစ်၊ ၂၄၆၊)**

## (စ) ဝါကျ အနုသန္ဓေ

ဤသို့ (င) ဝါကျဖြင့် ရဟန်းများနှင့် ဆက်ဆံသောအဖြေကို ပြဆိုပြီး၍ ယခုအခါ၌ ဒိဝါပဓာနိကပုဂ္ဂိုလ်များ၏ သီးခြားအလေ့အကျက်ကို တနည်းပြလိုသောဆရာသည် (စ) ဝါကျမိန့်။ (ဘာသာဋီကာ၊ ၃၄၈။)

✤ **သမ္ဗန္ဓ+မာဓိကိစ္စဝသေန ပဌမနယံ ဝတွာ ပဓာနိကာနမေဝ အာဝေဏိကာဓိကိစ္စဝသေန ဒုတိယနယော ဝုတ္တော။ (သိဋီသစ်၊ ၂၄၆၊)**

(တနည်း) ဤသို့ (င)ဝါကျဖြင့် ပဏီတဘောဇဉ်ကို စားရခြင်းလျှင်အကြောင်းရင်းရှိသော ထိနမိဒ္ဓကို ပယ်ဖျောက်သောကြောင့် ရဟန်းတို့သည် နေ့အခါစကြံသွားကြကုန်၏-ဟု ပြဆိုပြီး၍ ယခုအခါ၌ အကြောင်းတမျိုးကိုပြလိုသောဆရာသည် (စ) မိန့်။

## (ဆ) ဝါကျ အနာဘောဂပုစ္ဆာ

ဆရာ-သည် (စ) ဝါကျဖြင့် ရဟန်းတို့သည် နေ့အခါ ကမ္မဋ္ဌာန်းစီးဖြန်းကြကုန်သောဟု ဆို၏။ နေ့အခါအဘယ့်ကြောင့် ကမ္မဋ္ဌာန်းစီးဖြန်းကုန်သနည်း၊ စုဒ်ကြောင့် တာဒိသာနဥ-စသည်မိန့်။ (ဂဏ္ဌိ၊ ၄၅၈။)

**စာစစ်** ကရောန္တာန်-ကား ကုန်လသော်-ကြောင့် ဟောတိ-၌ လက္ခဏ၊ ဟောတိ-ကား လက္ချ။ (နေရင်း+ဘာသာဋီကာ) (တနည်း) ကုန်သော-ဟူ၍-ကြောင့် တာဒိသာန်-၌ ဝိသေသန+ဝိသေသျစပ်။ (ဂဏ္ဌိ။ ၄၃၇။) (တနည်း) ဘိက္ခူနံ-ဟူသော ပါဌ်သေသ-၌ ဝိသေသန+ဝိသေသျစပ်။ (ပခုက္ကူသျှ)

၃။ (က) ပက္ခန္တရ (ခ) နိယမဝါကျ

(ဂ) သည် တေနသမယေန ဟုသာမညဆိုထားရကား အနက်ကိုလည်း သာမညအားဖြင့် ပင်ယူအပ်ပါသလော-ဟု စုဒ်-ကြောင့် ဝါကျာရမ္ဘ။

(ဃ+င) တို့ကား ပက္ခန္တရ (တနည်း) ဝါကျာရမ္ဘ။ ထိုတွင် -

(ဃ) သည် ကထေတုကမျတာပုစ္ဆာပြ-ပုစ္ဆာဝါကျ။ (င) သည် ဝိဿဇ္ဇနာဝါကျ။

(စ) သည် အကြောင်းတမျိုးပြ-ပက္ခန္တရ။

(ဆ) သည် ကာရဏ(ဂဏ္ဌိ) ဝိတ္ထာရ (ပခုက္ကူ) ဒဠှ (နေရင်း+ဘာဋီ)

## (ဂ) ရှု၍ စတုက္ကထုတ်ပုံ။

(က) နနု ပါဠိယံ တေနခေါပန သမယေနာတိ အဝိသေသေန ဝုတ္တံ။

(ခ) အထ ကသ္မာ ဌိတမဇ္ဈန္ဟိကသမယေတိ တဿာ သံဝဏ္ဏနာ ကတာ။

(ဂ) နနု အဋ္ဌကထာပမာဏတော ဝိသေသေန ဂဟေတဗ္ဗော။

(ဃ) တသ္မာဌိတ-မဿာသံဝဏ္ဏနာ ကတာ။

## (ဃ-င) ဝါကျကိုရှု၍ စတုက္ကထုတ်ပုံ။

(က) နနု သမ္ဗဟုလာ ဘိက္ခူ ဌာတုံ ဝါ နိသီဒိတုံ ဝါ သယိတုံ ဝါ ယုတ္တာ။

(ခ) အထ ကသ္မာ တသ္မိံသမယေ စင်္ကမန္တိ။

(ဂ) နနု ပဏီတဘောဇနပစ္စယဿ ထိနမိဒ္ဓဿ ဝိနောဒနတ္ထံ ဟောတိ။

(ဃ) တသ္မာ တသ္မိံ သမယေ စင်္ကမန္တိ။

http://www.dhammadownload.com



၄။ ပဒဟိယတေတိ ပဓာနံ။ (ပ+ဓာ+ယု) ပဓာနံ+အနုယုဉ္ဇန္တီတိ ပဓာနိကာ။
ပဓာန-ပုဒ်အရကား အားထုတ်အပ်သော ကမ္မဋ္ဌာန်းသည် မုချအားဖြင့်ရ၏။
ထို၏အားထုတ် တတ်ကုန်သော ရဟန်းတို့နှင့် ဂုဏ်+ဂုဏေး+အာရုံ+အာရမ္မဏိက-စပ်-ဌာနူပစာအားဖြင့်ရ၏။
ဋီက-ပစ္စည်းအရကား ကမ္မဋ္ဌာန်းအားထုတ်ကြကုန်သော ရဟန်းတို့ရ၏။
ဒိဝါ ပဓာနိကာတိ ဒိဝါ (ပဓာနာနုယုဉ္ဇကာ) (ဋီသစ်)
ဘုဥ္ဇန္တိ ဧတ္ထာတိ ဘတ္တံ။ (ဘုဥ္ဇနကာလော) ဘတ္တဿ+ပစ္ဆာတိ ပစ္ဆာဘတ္တံ။ (ဋ္ဌ။ ၁၈၈။)
ဆွမ်းစားရာကာလ၏+နောက်ကာလနှင့် အပါဒါန်+အပါဒါနီ-စပ် ဝစနယောဂ။
ဆွမ်းစားပြီးနောက် ကာလဖြစ်သည် ဝစနီယ။

၅။ မဇ္ဈန္တိက-ကို မဇ္ဈန္တိကော, မဇ္ဈန္တိကာ-စသည် ပုံလိင် ပုရိသာဒိ စဉ်။
မဇ္ဈန္တိက-ကား မဇ္ဈ-ပုဒ်+အဟ-ပုဒ်။ ဏိက-ပစ္စည်း။
အဟ-ကား န-ပုဗ္ဗ+ဟာ-ဓာတ်+ဏ-ပစ္စည်း။ ဟာ-ဓာတ်ယူ၍ ဇဟာတိ ဇဟန္တိ စသည်စဉ်။

**ဟိတ်သမ္ဗန်**

ကရောန္တာန်-ကို ကရောန္တတ္ထာ-ဟု ဟိတ်ပြင်။
ယင်း၏ သမ္ဗန်ကို တာဒိသာနံ (ဒိဝါပဓာနိကာနံ ဘိက္ခူနံ) ဟုခံ။
* ဝိသေသန၊ ဟိတ်ပြင်က၊ ဝိသေသျသမ္ဗန်ခံ။
ပုဒ်လက္ခဏ၊ ဟိတ်ပြင်က၊ လက္ခဏဝန္တ သမ္ဗန်ခံ။
ဒိဝါပဓာနိကာကို ဒိဝါပဓာနိကတ္ထာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို တေသံ (သမ္ဗဟုလာနံ ဘိက္ခူနံ) ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်။)
* လိင်္ဂတ်ပုဒ်မှန်၊ ဟိတ်ထုတ်ပြန်၊ သမ္ဗန်တုလျတ်။

၆။ ဝါကျဥယျာဉ် (၂၂၀) ၌ဖြေခဲ့ပြီ။
(က) ဝါကျဖြင့် တေနသမယေန-၌ ယံတံသဒ္ဒါ နိစ္စသမ္ဗန္ဓာ-ဟူသည်နှင့်အညီ ယသ္မိံသမယေ အမ္ဗဋ္ဌော အာရာမံ ပါဝိသိ-ဟူသော အနိယတ်ထည့်၍ အနက်ယောဇနာရမည်ဟု သိစေသည်။ (သမ္ဗန္ဓ+ဘာဝတ္ထ)
(ခ) ဝါကျဖြင့် တေနခေါပနသမယေန-၌ နာ-ဝိဘတ်သည် ကရဏတ္ထ-၌မသက်၊ ဘုမ္မတ္ထ၌ သက်-လည်းကောင်း၊ ခေါ, ပန-နိပါတ်ပုဒ်တို့၏ အနတ္ထကပဒါလင်္ကာရ၏-လည်းကောင်း သိစေသည်။

၇။ တာယာတိ တာယ ယထာဝုတ္တာယ သမုတ္တေဇနာယာတိ အာစရိယေန ဝုတ္တံ။ အစုနာပန ပေါတ္ထကေသု "တာယ အာစရိယ ကထာယာ"တိ ပါဌော ဒိဿတိ။ အတ္ထတော စေသ အဝိရုဒ္ဓေါယေဝ။ (သီဋီသစ်၊ ၂၄၆။) ကိုထောက်၍ သောပိ တာယ လက္ခဏေသု-ပါဌ်နှင့် သောပိ တာယ အာစရိယကထာယ လက္ခဏေသု ပါဌ်တို့သည် အနက်အားဖြင့် မဆန့်ကျင်သောကြောင့် နှစ်ပါဌ်သင့်။

**နိရုတ္တိ**

အဟာဿ မဇ္ဈော မဇ္ဈန္ဟော၊ မဇ္ဈန္ဟေဝ မဇ္ဈန္တိကော။ **မဇ္ဈန္တိက**-ကား မဇ္ဈ-ပုဒ်+အဟ-ပုဒ်+ဏိက-ပစ္စည်း။ အဟနှင့် မဇ္ဈကိုရှေ့နောက်ပြန်၍ မဇ္ဈဟိက-ဟူလိုလျက် အဟ-ကို အန္တ-ပြု၍ပြီးသည်။

http://www.dhammadownload.com



❖ **အဟာသ ပုဗ္ဗံ ပုဗ္ဗနှံ၊ ဓေ သာယနှံ၊ တေသုစုဒ္ဒိတိ အာဒိနာ အဟာသ အနှာဒေသော (ရူ-၃၅၀-သုတ်။)**

၈။ ဝါကျဥယျာဉ် (၂၂၀) ၌ဖြေခဲ့ပြီ။

၁၀။ ❖ (ဿ) ဝါကျ၌ ဒိဝါပဓာနိက-ရဟန်းတို့သန္တာန်၌ သမာဓိဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် သမဋ္ဌာယိဘာဝ+သန္တရသ။ ဥဿာဟဋ္ဌာယိဘာဝ+ဝီရ ရသ။
❖ ကမ္မဋ္ဌာန်းအာရုံသည် အာရမ္မဏဝိဘာဝ။
❖ ဆွမ်းစားပြီးနောက် စကြံသွားခြင်း, ရေချိုးခြင်း, ကိုယ်ငွေ့ယူခြင်း, တင်ပလ္လင်ခွေထိုင်ခြင်း စသည်သည် ဥဒ္ဒီပနဝိဘာဝ။
❖ စိတ်တည်ငြိမ်ခြင်း- ဈာန်မဂ်ဖိုလ်-ကိုရခြင်း စသည်သည် အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် ( ၂၂၅ )

## ၁၃၃၇-ခုနှစ်။ အစိုးရ

(က) **အဂရုတိ အဘာရိကော။**

(ခ) ယော ဟိ အမ္ဗဋ္ဌ ဉာပေတုံ န သက္ကုဏေယျ၊ တဿ တေန သဒ္ဓိံ ကထာသလ္လာပေါ ဂရု ဘဝေယျ၊

(ဂ) ဘဂဝတော ပန တာဒိသာနံ မာဏဝါနံ သတေနာပိ သဟဿေနာပိ ပဉှံ ပုဋ္ဌဿ ဝိဿဇ္ဇနေ ဒန္ဓာယိတတ္တံ နတ္ထီတိ မညမာနာ "အဂရုဓါပနာ"တိ စိန္တယိံသု။ (ဌ၊ ၂၂၄။)

(ဃ) **မြဟ္မမန္တေ**တိ အာနုဘာဝသမ္ပန္နတာယ သေဋ္ဌမန္တေ။ (ဌ၊ ၂၃၇။)

(ဌ၊ ၂၂၄၊ ဋီသစ်၊ ၂၄၆။ နေရှင်း၊ ၂၈၉။ ပဒုက္ကူ၊ ၃၆၁။ ဘာသာဋီ၊ ၃၅၀။ ပဏ္ဍိ။ ၄၃၈။)

၁။ (ဂ) ဝါကျကို တာဒိသာနံ ပဉှ-တို့၌ သဒ္ဒတ္ထ ဝေါဟာရတ္ထ ထင်စေ၍ စိန္တယိံသု-၏ ကတ္တားထည့် စွက်ကာအနက်ပေးပါ။

၂။ (ဂ) ဝါကျကို ထပနာချက်မှန်စေ၍ သာဘောဂဒေါသာရောပန စောဒနာတက်ပြကာ နတ္ထီတိ၌ ဣတိကိုလည်း သဒ္ဒါနည်းအနုသန္ဓေတက်ပြခဲ့ပါ။

၃။ (ဂ) ဝါကျပါ အရုဓျတ္တ ပနသဒ္ဒါ-ကိုရှု၍ ရထိုက်သော စောဒကာဘောဂါဒိစတုက္ကထုတ်ပြီး အရုဓျတ္တ ပန သဒ္ဒါထားရခြင်း အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

၄။ မြဟ္မမန္တေ-ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထ၌ ဝစနာဒိသက္ကထုတ်ပြခဲ့ပါ။

၅။ အာနုဘာဝသမ္ပန္နတာယ-၌ ဖြစ်သင့်သော ဟေတုသမ္ဗန်, ဘာဝသမ္ဗန်-ပုဒ်တို့ကိုထုတ်၍ ဟေတုသမ္ဗန်-ကိုလည်း ဖြစ်သင့်ရာအနက်အားလျော်စွာ စာစပ်ပြပါ။

၆။ (က+ဃ) အမှတ်ပြ သံဝဏ္ဏနာတို့၌ ဖြစ်ထိုက်သော-ဇှတိရေက+ အနွယအဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာများကိုလည်း ဖော်ပြပါ။

၇။ (က) ပဥ (ခ) ဓနု အဂမနိယံ အမ္ဗဋ္ဌနာမ ဝိဇ္ဇံ အဒါသိ-၌ အမ္ဗဋ္ဌ-ပုဒ်တို့၏ နိရုတ္တိနည်းကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



၈။ ဝိဇ္ဇာစရဏသမ္ပဒါယ စတ္တာရိ အပါယမုခါနိ ဘဝန္တိ-၌ အပါယမုခ-လေးပါးကို သိသာရုံမျှ ထုတ်ပြ၍ တဿ ရာဇာ ပသေနဒိကောသလော သမ္မုခီဘာဝမ္ပိ န ဒဒါတိ-အရ ပေါက္ခရသာတိပုဏ္ဏားအား ပသေနဒိကောသလမင်း၏ မျက်မှောက်တွေ့ခွင့်မပေးခြင်း၏ အကြောင်းကိုလည်း ဖေါ်ပြပါ။

၉။ (ဂ) ဝါကျပါ ဣတိ-သဒ္ဒါ၏ နိဒဿေတဗ္ဗ-ဇကားကို ပဏ္ဍာဝတ္ထုဂါထာသီကုံးခဲ့ပါ။

၁၀။ အထခေါ အမ္ဗဋ္ဌော မာဏဝေါ ဘဂဝတာ အဝုသိတဝါဒေန ဝုစ္စမာနော ကုပိတော (လ) ဘဂဝန္တံယေဝ ဥပဝဒမာနော တေ (စဏ္ဍာ သော ဂေါတမ သကျဇာတိတိ အာဒိဝစနံ) အဝေါစ-၌ အဝေါစ-၏ အနွတ္ထတရားကို ကိုယ်ပြု၍ ဌာယီဘာဝ စသော အလင်္ကာနည်း ထုတ်ပြပါ။

= = = = = = = = = = = = = = = = = = =

၁။ (ဂ) တာဒိသာနံ= ထိုအမ္ဗဋ္ဌ ကဲ့သို့ရှုအပ်ကုန်သော။ (သဒ္ဒတ္ထ) (ဝါ) ထိုသို့သဘော ရှိကုန်သော။ (ဝေါဟာရတ္ထ)

- **တဓိဝ နံ ပဿတိ, သော ဝိယ ဒိဿတီတိ ဝါ တာဒိသော။ (ရူ၊ ၅၁၊ ၃၆၃၊)**

  စိန္တယိသု-၏ ကတ္တားကို တေဘိက္ခူ-ဟုထည့်။ (ပခုက္က၊ ၃၆၁။)

- **ယေန တေ ဘိက္ခူ စိန္တယိသု၊ (သီဋီသစ်၊ ၂၄၇၊)**

၂။ **(ဂ) သာဘောဂဒေါသာရောပနစောဒနာ၊**

ဆရာ-သည် "ရဟန်းတို့သည် အဂရုခေါ ပန"ဟူ၍ ကြံစည်ကြကုန်သောဟု ဆို၏။ အမ္ဗဋ္ဌ ကိုသိစေခြင်းငှာ မစွမ်းနိုင်သောသူအား အမ္ဗဋ္ဌ-နှင့်အတူတကွ စကားပြောဟောခြင်းသည် ဝန်လေးရာ သည်မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် "အဂရု ခေါ ပန"ဟူ၍ ကြံစည်ကြ ကုန်သောဟု ဆိုပါသနည်း။ မဆိုသင့်ဘဲ ဆိုချေသော် ဆရာ့အား သဒ္ဒ+အတ္ထ-သန့်သော ဝိရောဓိ ဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

(တနည်း) ဆရာ-သည် (ခ) ဝါကျဖြင့် အမ္ဗဋ္ဌ-ကိုသိစေခြင်းငှာ မစွမ်းနိုင်သောသူအား အမ္ဗဋ္ဌ-နှင့် အတူတကွ စကားပြောဟောခြင်းသည် ဝန်လေးရာသောဟုဆို၏။ ယင်းသို့ဖြစ်လျှင် ရဟန်းတို့သည် "အဂရု ခေါ ပန"ဟူ၍ မကြံစည်သင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် "အဂရု ခေါ ပန"ဟူ၍ ကြံစည်ကြလေကုန်သနည်း၊ ယင်းသို့ ကြံစည်ခြင်း၏ အကြောင်းကိုမပြသော် ဆရာ့အား အကြောင်းမှယုတ်သော ဟီနတ္ထဒေါသသင့်ရောက်ရာ၏။ စုဒ်-ကြောင့် (ဂ) ဝါကျကိုမိန့်။

**ဣတိ-သို့ အနုသန္ဓေ-ထွက်ပုံ**

ဤသို့ မညမာနာ-ဖြင့် နိဒဿနဝန္တကိုပြဆိုပြီး၍ ယခုအခါ၌ နိဒဿနကိုပြလိုသော ဆရာသည် ဣတိ-မိန့်။

**(ခ) ဝဏ္ဏိုကျမ်းတက်**

အဘယ့်ကြောင့်ဝန်မလေးဟု အောက်မေ့ကုန်သနည်း။ စုဒ်ကြောင့် ယောဟိ-စသည်မိန့်။

၃။ **ပန-သဒ္ဒါ အရုစ္စတ္ထ-ကြံ၍ (ဂ) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု ယော အမ္ဗဋ္ဌံ ဉာပေတုံ (လ) ဂရု ဘဝေယျ။

(ခ) အထ ကသ္မာ "အဂရု ခေါ ပနာ"တိ စိန္တယိံသု။

(ဂ) နနု ဘဂဝတော တာဒိသာနံ (လ) မညမာနာ ဟောန္တိ။

(ဃ) တသ္မာ (လ) စိန္တယိံသု။

http://www.dhammadownload.com



## ပန-သဒ္ဒါ-ထားရခြင်း

အဂရု ဒေါ် ပန-စသောသဒ္ဒါကို မနှစ်သက်သောကြောင့် ပန-သဒ္ဒါထားပါသည်။

၄။ တေဟိ တေဟိ ဂုဏဝိသေသေဟိ ဗြူဟိတာ ပရိဝုဍ္ဎါတိ ဗြဟ္မာနော။ (နီတိ၊ ဓာတု။)
မုနန္တိ သုယျန္တိစ တေဟီတိ မန္တာ။ (ဋီသစ်၊ ၂၂၁။)
မန္တိယန္တေ ဂုတ္တံ ကတွာ ဘာသိယန္တေတိ မန္တာ။ (သာရတ္ထ၊ ၁။ ၂၁၃။ သီဋီသစ်။ ၂၀၈။)

◆ မန္တ-ဂုတ္တဘာသနေ။ (နီတိဓာတု၊ ၃၀၈။)
ဗြဟ္မဘူတာ+မန္တာ ဗြဟ္မမန္တာ။
ဗြဟ္မ-အရသေဋ္ဌဘောဂုဏ်၏+ဗေဒင်တို့နှင့် ဂုဏ်+ဂုဏေး-စပ် ဝစနယောတု။
မြတ်ကုန်သော မန္တာန်တို့သည် ဝစနီယ။
ဗြဟ္မဝေဒ, သေဋ္ဌမန္တ, သေဋ္ဌဝေဒ-စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

◆ ဝေဒေါ မန္တော သုတိတ္ထိယံ။ (ဓာန်၊ ၁၀၈။)

၅။ အာနုဘာဝသမ္ဗန္ဓတာယ-၌ ဖြစ်သင့်သော ယောတုသမ္ဗန်ကား မန္တာနံ-တည်း။ ဘာဝသမ္ဗန်ကား အာနုဘာဝသမ္ဗန္ဓာနံ-တည်း။ (ကတ္တား+သမ္ဗန်-စာစပ်)

၆။ (က) အဘာဝိကော-ဖြင့် အဂရု-၌ ဂရု-သဒ္ဒါသည် မဟန္တ, ဒုဇ္ဇရအနက်တို့ကို မဟော၊ အလဟုက-အနက်ဟောသည်၏ အဖြစ်ကိုသိစေသည်။ (နာမလိင်္ဂတ္ထ)

◆ ဂရု တိသု မဟန္တေစ၊ ဒုဇ္ဇရာ လဟုကေသုစ။ (ဓာန်၊ ၈၄၁။)

(ခ) ဝါကျ သေဋ္ဌမန္တေ-ဖြင့် ဗြဟ္မမန္တေ-၌ ဗြဟ္မ-သဒ္ဒါသည် ပိတာမဟ စသောအနက်ကို မဟော၊ သေဋ္ဌ အနက်ဟောသည်၏ အဖြစ်ကိုသိစေသည်။

အာနုဘာဝသမ္ဗန္ဓတာယ-ဖြင့် သေဋ္ဌမန္တေ-၌ (ဝေဒမန္တာန်ကျမ်းတို့) မြတ်၏ဟူသည် ပူဇော်အပ်သောကြောင့် မြတ်သည်ကားမဟုတ်၊ အစွမ်းအာနုဘော်နှင့် ပြည့်စုံသောကြောင့် မြတ်သည်၏ အဖြစ်ကိုသိစေသည်။

၇။ ပဥ္စ-ပုဒ် နိရုတ္တိ- ဝါကျဥယျာဉ် (၁၃၃) ၌ရေးခဲ့ပြီ။
အမ္ဗဋ္ဌ-ကား အမ္ဗ+ဋ္ဌ-ဟုဆိုလိုလျက် ဋ္ဌ-ကို မ္ဗ-ပြု၊ ဂ်-ပ-တို့ကိုချေ၊ အသဒိသဒွေဘော် ဋ-လာ၍ပြီးသည်။

◆ သတ္ထာနံ သရိဂေ့ အမ္ဗဋ္ဌ ဋ္ဌပေတီတိ အမ္ဗဋ္ဌော- နိရုတ္တိနယေန။ (သီဋီသစ်၊ ၂၆၂။)

၈။ **စတ္တာရီအပါယမုခါနီသရုပ်**

(၁) ပဝတ္တဖလဘောဇနိကာ = အလိုလိုကြွေကျသော သစ်သီးကိုစားသော ရသေ့၏အဖြစ်။
(၂) ကန္ဒမူလဖလဘောဇနိကာ = သစ်ဖုသစ်မြစ်ကို စားသောရသေ့၏အဖြစ်။
(၃) အဂျာဂါရိကာ = မီးကိုလုပ်ကျွေးသောရသေ့၏အဖြစ်။
(၄) အာဂါရိကာ = ရေဖြင့်လုပ်ကျွေးပူဇော်၍ ခရီးဆုံ၌ နေသောရသေ့၏အဖြစ်။
(ပါ။ ၉၄။ သျ။ ၂၃၄။ သီဋီသစ်။ ၂၇၀။)

## တွေ့ခွင့်မပေးခြင်းကြောင်း

(၁) ပေါက္ခရသာတိပုဏ္ဏားသည် သမ္မုခါဝဋ္ဋနီမာယာ အတတ်ကိုတတ်၏၊ ယင်းအတတ်ဖြင့် အလိုရှိသောပစ္စည်းကို ပိုင်ရှင်ထံမှ တောင်းယူတတ်သောကြောင့်လည်းကောင်း၊

http://www.dhammadownload.com



(၂) မင်းကြီးနှင့် ပေါက္ခရသာတိပုဏ္ဏားတို့ ရင်းနှီးကြသည်ကို မနာလိုသူများက "ပုဏ္ဏားမှာ ခရုသင်းဖြူနူနာရှိသည့်, ကိုယ်လက်တွေ့ထိနှီးနှောခြင်းဖြင့် ရောဂါကူးစက်တတ်သည်-"ဟု ဂုံးတိုက်ထားသောကြောင့်လည်းကောင်း တွေ့ခွင့်မပေးခြင်း ဖြစ်ပါသည်။ (ဋ၊ ၂၄၃။)

၉။ တာဒိသာနံ မနုဿာနံ၊ သဟဿေန သတေန ဝါ။
ပဥ္စ ပုဋ္ဌဿ ဖုဋ္ဌဿ၊ နတ္ထိ ဒန္ဓော ဝိသဇ္ဇနေ။

၁၀။ ✢ အဝေါ်စ-၌ ဝစ-ဓာတ်အရ မြတ်စွာဘုရားကိုကဲ့ရဲ့လို၍ စင်္ကာဘောဂေါတမ သကျဇာတိ စသောစကားကိုဆိုသော အမ္ဗဋ္ဌလုလင်၏ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကောဓဒ္ဓောယိဘာဝ-ရုဒ္ဓရသ၊
✢ စင်္ကာ ဘော ဂေါတမ သကျဇာတိ-အစရှိသော မနသာဝဝတ္တပိတသဒ္ဒါသည်-အာရမ္မဏ ဝိဘာဝ၊
✢ ဘုရားရှင်ကအမ္ဗဋ္ဌလုလင်သည် ဆရာကျောင်းထဲ၌မသင်ကြားဘူး မဆည်းကပ်ဘူး စသည်ဖြင့် မိန့်တော်မူခြင်းသည် ဥဒ္ဒီပနဝိဘာဝ၊
✢ စင်္ကာ ဘော ဂေါတမ သကျဇာတိ-စသော ဝစီဘေဒသဒ္ဒါဖြစ်ပေါ်လာခြင်း စသည်သည် အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၂၂၆ )

### ၁၃၅၃-ခု။ အစိုးရ

**(က) ဝိဝရိ ဘဂဝါ ဒွါရန္တိ န ဘဂဝါ ဥဋ္ဌာယ ဒွါရံ ဝိဝရိ။**

(ခ) "ဝိဝရတူ" ပန ဟတ္ထံ ပသာရေသိ။ တတော "ဘဂဝါ တုမ္ဟေဟိ အနေကာသု ကပ္ပကောဋီသု ဒါနံ ဒဒမာနေဟိ န သဟတ္ထာ ဒွါရဝိဝရဏကမ္မံ ကတ"န္တိ သယမေဝ ဒွါရံ ဝိဝဋံ။

(ဂ) တံ ပန ယသ္မာ ဘဂဝတော မနေန ဝိဝဋံ၊ တသ္မာ "ဝိဝရိ ဘဂဝါ ဒွါရ"န္တိ ဝတ္တုံ ဝဋ္ဋတိ။
(ဋ၊ ၂၂၅။ ဋီသစ်၊ ၂၄၇။ နေရင်း၊ ၂၉၁။ ပဒတ္ထ၊ ၃၆၂။ ဘာသာဋီကာ၊ ၁၅၂။ ဂဏ္ဌိ၊ ၄၃၉။)

၁။ (ခ) ဝါကျကို အနက်ယောနောခဲ့ပါ။
၂။ (ဂ) ဝါကျကို ဌပနာတိက တက်ပြပါ။
၃။ (ခ) ဝါကျ ပန-ကိုရှုမျှော်၍ စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ ဘဂဝါ-ကို သမာသဝိဂ္ဂဟပြု၍၊ ဝစနဟေတု ဝစနီယ ဝစနီယတ္ထ ထုတ်ခဲ့ပါ။
၅။ (ခ) ဝါကျလာ ဒဒမာနေဟိ-ကိုဟိတ်ပြင်၍ သမ္ဗန်ခံအနက်ပေးပြီးလျှင် အနက်အားလျော်စွာ စာစပ်ခဲ့ပါ။
၆။ **ဝဋ္ဋဝါ ရထမာရုယှာတိ** ဝဋ္ဋဝါယုတ္တံ ရထံ အဘိရုဟိတွာ။ (ဋ၊ ၂၂၄။) ၌ အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။
၇။ ဘဂဝါ-ကို သမာသ်ပုဒ်ကြံ၍ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ ဝဋ္ဋကင်းခြင်း, ကိလေသာ အမိုး ကင်းခြင်းကြောင့် ဘုရားရှင်သည် ရရှိအပ်သော အကျိုးကို အဋ္ဌကထာလာတိုင်း အသီးသီး ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



၉။ (၁) ဝါကျလာ အာကာရစကားကိုသာ ဝတ္ထုမျိုးဂါထာစီ၍ ဂါထာအမည်ကိုလည်း ပေးခဲ့ပါ။
၁၀။ (၁) ဝါကျလာ ပသာရေသိ-၌ ဓာတ်အရကိုကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

= = = = = = = = = = = = = = = = = =

## ၂။ (ဂ) ဝါကျ ဥပနာတိက

ဆရာ-သည် (၁) ဝါကျ သယမေဝ ဒွါရံ ဝိဝဋ္ဋံ-ဖြင့် မိမိအလိုလိုသာလျှင် တံခါးပွင့်သော-ဟု ဆို၏။ ယင်းသို့ဖြစ်လျှင် ဝိဝရိ သယမေဝ ဒွါရံ-ဟုဟောတော်မူသင့်သည် မဟုတ်ပါလော၊ (အနွယ) ဝိဝရိ ဘဂဝါ ဒွါရံ-ဟု မဟောသင့်သည် မဟုတ်ပါလော၊ (ဗျတိရေက) ယင်းသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဝိဝရိ ဘဂဝါ ဒွါရံ-ဟု ဟောတော်မူပါသနည်း၊ စုဒ်ကြောင့် တံပန စသော (ဂ) ဝါကျမိန့်။ (ပခုက္ကူ၊ ၃၆၂။ ဂဏ္ဌိ၊ ၄၃၉)

**အဓိပ္ပါယ်ကား** ထိုတံခါးသည် ဘုရားရှင်၏ စိတ်တော်ကြောင့် ပွင့်သည်ဖြစ်ရကား ဝိဝရိ ဘဂဝါ ဒွါရံ-ဟုဟောတော်မူသင့်၏ ဟူလို။

## ၃။ (ခ) ဝါကျ ပန-ကိုရှု၍ စတုက္ကထုတ်ပုံ။

(က) နနု န ဘဂဝါ ဥဋ္ဌာယ ဒွါရံ ဝိဝရိ။
(ခ) အထ ကသ္မာ "ဝိဝရိ ဘဂဝါ ဒွါရ"န္တိ ဝုတ္တံ။
(ဂ) နနု "ဝိဝရတူ"တိ ဟတ္ထံ ပသာရေသိ။
(ဃ) တသ္မာ "ဝိဝရိ ဘဂဝါ ဒွါရ" န္တိ ဝုတ္တံ။

## (ဂ) ဝါကျ ပန-ကိုရှု၍ စတုက္ကထုတ်ပုံ။

(က) နနု တတော ဘဂဝါ။ ပ။ သယမေဝ ဒွါရံ ဝိဝဋ္ဋံ။
(ခ) အထ ကသ္မာ "ဝိဝရိ ဘဂဝါ ဒွါရ" န္တိ ဝုတ္တံ။ (အနွယ)
"ဝိဝရိ သယမေဝ ဒွါရ"န္တိ န ဝုတ္တံ။ (ဗျတိရေက)
(ဂ) နနု တံ ဘဂဝတော မနေန ဝိဝဋ္ဋံ။
(ဃ) တသ္မာ-(အနွယ) (ဗျတိရေက) န ဝုတ္တံ။

၄။ တီသု ဘဝေသု တဏှာသင်္ခါတံ ဂမနံ အနေန ဝန္တံ ဝမိတန္တိ ဘဂဝါ။ (သီ-ဋီသစ်၊၁၊၁ရရ။)
ဘဝသုံးပါးတို့၌ ထွေးအန်အပ်ပြီးသော တဏှာဟူသော သွားကြောင်း၏ (ဝါ)
တဏှာအဘာဝ ၏+မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏေးစပ်-ဝစနယောဂ၊
မြတ်စွာဘုရားဖြစ်သည် ဝစနီယ၊
ဘဝေသု ဝန္တဂမနော စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
အလီ သခါ+ဣန္ဒော+တွောတိ အာဋ္ဌိန္ဒော။
အဆွေခင်ပွန်းဖြစ်သော သိကြားမင်း၏+တံခါးအဦးစမုဒ်နှင့် ဌာနီ+ဌာနစပ်----ဝစနယောဂ။
ပမုခံ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
◆ **အာဋ္ဌိန္ဒန္တိ ပမုခံ၊ (ဋ္ဌ၊ ၂၂၅၊)**

၅။ ဒဒမာနေဟိ-ကို ဒဒမာနတ္တာ-ဟုဟိတ်ပြင်ရပါသည်။
ယင်း၏သမ္ဗန်ကား တုမှာက်-ဖြစ်ပါသည်။ (ကတ္တား+သမ္ဗန် စာစပ်။)
သာဓက ဒဒမာနေဟိ=ကုန်သော။ တုမှေဟိ=တို့သည်။ (နေရင်း+ပခုက္ကူ)
(တနည်း) တုမှေဟိ=တို့သည်။ ဒဒမာနေဟိ=ကုန်သည်ရှိသော်။ (ဂဏ္ဌိ+ပခုက္ကူ)

http://www.dhammadownload.com



※ ဝိသေသန ဟိတ်ပြင်က ဝိသေသျသမ္ဗန်ဖြစ်မြဲ။
ပုဒ်လက္ခဏ ဟိတ်ပြင်က လက္ခဏဝန္တ သမ္ဗန်ဖြစ်မြဲ။

၆။ ဝဋ္ဋဝါယုတ္တံ ရထံ-ဖြင့် ဝဋ္ဋဝါရထော-ကို ဝဋ္ဋဝါဟိ+ယုတ္တော+ရထော ဝဋ္ဋဝါရထော (တံ) ဟု မဇ္ဈေလောပတတိယာတပ္ပုရိသ်သမာသ်ဝစနတ္တပြုရမည်၏ အဖြစ်ကိုသိစေသည်။

အဘိရုယှိတွာ-ဖြင့် အာရုယှ-၌ အာ-ရှေးရှိသော+ရုဟ ဓာတ်-လည်းကောင်း။ ယှ-၌ ယ-သည် တွာ-ပစ္စည်း၏ ကာရိယ-လည်းကောင်း။ (ဒုပစ္စယပဒ) အာ-ဥပသာရ၏ ဓာတွတ္ထဝိသေသက-လည်းကောင်း၊ ရုဟ-ဓာတ်၏ဤ၌ အဘိရုဟ (အာရောဟဏ) အနက်ဟော-လည်းကောင်းသိစေသည်။

◆ **ရုဟောဘတ္ ဓာယနေ၊ အာ-ပုဗ္ဗော အာရောဟဏာမှိ၊ (ဓာတွတ္ထ၊ ၃၂၅။)**

အပေါင်းသံဝဏ္ဏနာဖြင့် ဝဋ္ဋဝါရထမာရုယှ-ကို ဝဋ္ဋဝါရထံ+အာရုယှ-ဟုပုဒ်ဖြတ်ရမည်၏ အဖြစ်ကို သိစေသည်။

(၁) ဝါကျ ဒါနံ ဒဒမာနေဟိ-ဖြင့် ပါရမိတာနုဘာဝကြောင့် အလိုလိုသာလျှင် တံခါးပွင့်သတည်း ဟုသိစေသည်။ (ဘာဝတ္ထ)

◆ **"ဒါနံ ဒဒမာနေဟိ"တိ ဣမိနာ ပါရမိတာနုဘာဝေန သယမေဝ ဒွါရဝိဝရဏံ ဒဿေတိ။ (ဋီသစ်၊ ၂၄၇။)**

၇။ **အာဂဝါ နိစ္ဆနီ-** ဝါကျဥယျာဉ် (၁၄) ၌ရေးခဲ့ပြီ။
ဝိဝဋ္ဋ-ကား ဝိ+ဝဋ+တ။ ဓာတွန်ရ-ကိုချေ။ တ-ကို ဋ္ဋ-ပြု၍ပြီးသည်။
**အာဠှိန္န**-ကား အလိ+ဣန္န။ အ-ကို အာ-ပြု၊ လ-ကို ဠ-ပြု၍ပြီးသည်။

၈။ ဝဋ္ဋကင်းခြင်းကြောင့် အရဟံ-ပူဇော်အထူးကိုခံတော်မူထိုက်ပါသည်။
ကိလေသာအမိုးကင်းခြင်းကြောင့်သမ္မာသမ္ဗုဒ္ဓေါ=မဖေါက်မပြန်ကိုယ်တော်တိုင် အလုံးစုံသောတရားတို့ကို သိတော်မူပါသည်။

◆ **ဝေန အရဟံ ဝဋ္ဋာဘာဝေန သမ္မာသမ္ဗုဒ္ဓေါ ဆဒနာဘာဝေန။ (ဋ္ဌ၊ ၂၂၃။)**

၉။ ဗဟူသု ကပ္ပကောဋိသု၊ တုမှေဟိ ဘဂဝါ ဒါနံ။
ဒဒန္တေဟိ သဟတ္ထေန၊ န ဒွါရဝိဝဋ္ဋံ ကမ္မံ။ (ဝတ္ထုဂါထာ)

၁၀။ ✣ (၁) ဝါကျ ပသာရေသိ-၌ ပ-ရှေးရှိသော သရ-ဓာတ်အရ လက်ကိုဆန့်တန်းတော်မူသော ဘုရားရှင်၏ ဝီရိယပြဋ္ဌာန်းသော စိတ္တဇရုပ်သည် ဥဿာဟဋ္ဌာယီဘာဝ+ဝီရိယ၊ .
✣ လက်တော်သည် အာရမ္ဘဏဝိဘာဝ၊
✣ ပွင့်စေသတည်းဟု နှလုံးသွင်းတော်မူခြင်းသည်လည်းကောင်း, ပါရမိတာနုဘာဝသည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊
✣ အလိုအလျောက်တံခါးပွင့်ခြင်း စသည်သည် အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၂၂၇ )

## ၁၃၁၅–ခုနှစ်၊ စေတိယဂိဏာ

(က) အာဂတောသန္တိ သမ္မောဒိံသုတိ ယထာ ခမနီယာဒီနိ ပုစ္ဆန္တော ဘဂဝါ တေဟိ ဧဝံ တေဟိ ဘဂဝတာ သဒ္ဓိံ သမပ္ပဝတ္တမောဒါ အဟေသုံ။

(ခ) သီတောဒကံ ဝိယ ဥဏှောဒကေန သမ္မောဒိတံ ဧကီဘာဝံ အဂမံသု။

(ဂ) ယာယ စ "ကစ္စိ ဘော ဂေါတမ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ ဘောတော စ ဂေါတမဿ, သာဝကာနဉ္စ အပ္ပါဗာဓံ အပ္ပါတင်္ကံ လဟုဋ္ဌာနံ ဗလံ ဖာသုဝိဟာရော"တိ အာဒိကာယ ကထာယ သမ္မောဒိံသု၊ တံ ပီတိပါမောဇ္ဇသင်္ခါတသမ္မောဒဇနနတော, သမ္မောဒိတုံ ယုတ္တဘာဝတော စ သမ္မောဒနီယံ။

၂။ (က) ဝါကျကို သာဘောဂပုစ္ဆာတက်၍ (ဂ) ဝါကျ၌ ဃရမာနုသကေသုပုဒ်သို့ စပ်သင့်ရာပုဒ်မှ သဒ္ဒသာဘောဂပုစ္ဆာ ထွက်ပြပါ။
၃။ (ဂ) ဝါကျ၌ ဖြစ်သင့်သော ဓောဒကာဘောဂါဒိစတုက္ကကိုထုတ်ပါ။
၄။ (ခ) ဝါကျ၌ ကာဠဝဏ္ဏံ-ဟူသော သံဝဏ္ဏနာကိုရှု၍ ကဏှံနာမ-၌ ကဏှ-ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိသင်္ဂဟထုတ်ပါ။

http://www.dhammadownload.com



၅။ ဋ္ဌိတေသု-ကို ဟိတ်ပြင်၍ ယင်း၏ သမ္ဗန္ဓကိုခဲ့ပြီးလျှင် အနက်အားလျော်စွာ စာစပ်ပြပါ။
၆။ (ဂ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ပိသာစ+ဒါဌာ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ ပဇ္ဇုန္နမသုဒါဌိက်-၌ မဿုနှင့် ဒါဌိကာ-တို့၏ထူးခြားပုံကို ဖော်ပြပါ။
၉။ (ခ) ဝါကျသံဝဏ္ဏနာစကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝဏ္ဏဇာတိ ဂါထာတပုဒ် စီကုံးပြပါ။
၁၀။ (ဂ) ဝါကျ ဘယေန-၌ အန္တဝုတ္တိကိုရှု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ ထုတ်ပြပါ။

==================

၂။ **(က) ဝါကျ သာဘောဝပုစ္ဆာ**

ဆရာ၊ အာနန္ဒာမထေရ်သည် ရညော ခေါပန အမ္ဗဋ္ဌ စသောစကားရပ်ကို ဟောတော်မူ၏။ သာကီဝင်မင်းဆက်, မင်းနွယ်ကို ထင်ရှားပြခဲ့ပြီးသည် မဟုတ်ပါလော၊ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ရညော ခေါ ပန အမ္ဗဋ္ဌ စသည်ကို တဖန်ဟောပြန်သနည်း။ စုဒ်-ကြောင့် (က) ဝါကျကိုမိန့်။

**မှတ်ချက်** စကားနှစ်ရပ်, ဆန္ဒေစပ်က စသောနိယံနှင့်အညီ ကျမ်းတက်သည်။

**ဃရမာနုသကေသု ပုဒ်သို့ သဒ္ဒသာဘောဝပုစ္ဆာထွက်ပုံ**

ဆရာ-သည် ဋ္ဌိတေသု-ဖြင့် လက္ခဏကြိယာကို ဆိုတော်မူ၏။ လက္ခဏကြိယာမည်သည် လက္ခဏဝန္တကတ္တားနှင့် မကင်းကောင်းသည် မဟုတ်ပါလော။ လက္ခဏဝန္တကတ္တားကား အဘယ်ပါနည်း။ စုဒ်ကြောင့် ဃရမာနုသကေသု-မိန့်။

၃။ **(က) ဝါကျ စတုက္ကထုတ်ပုံ**

(က) နနု ဇဝံ သကျဝံသံ ပကာသေတိ။
(ခ) အထ ကသ္မာ "ရညော ခေါပနာ"တိ အာဒိမာဟ။
(ဂ) နနု ဣဒါနိ အမ္ဗဋ္ဌဝံသံ ပကာသေန္တော ဟောတိ။
(ဃ) တသ္မာ "ရညော ခေါပနာ"တိ အာဒိမာဟ။

**(ဂ) ဝါကျ၌ ဖြစ်သင့်သလို စတုက္ကထုတ်ပုံ**

(က) နနု ကဏှော ဇာတမတ္တောဝ ဟောတိ။
(ခ) အထ ကသ္မာ ဣတော စိတော စ (လ) ဥစ္စာသဒ္ဒမကာသိ။
(ဂ) နနု ယက္ခော ဇာတော (လ) ဒွါရံ ပိဓာယ ဃရမာနုသကာ ဋ္ဌိတာ။
(ဃ) တသ္မာ (လ) မကာသိ။

❋ လက္ခဏာမှာ၊ ရုံတခါ၊ ဟေတွာ ဓိပ္ပါယ။
လက္ခဏာဒိ၊ ပိ-မရှိမူ၊ ပရိဟာရ၊ စရိယ၏၊ ဖြစ်ရဟေတု အာဘော်တည်း။

၄။ ကသတိတိကဏှော။ ကာဠော။ (ဏွာဒိ။ ၂၂၃။)
သုဝဏ္ဏ ဝဏ္ဏာဒိကံ ဥပနိဓာယ ကုစ္ဆိတမ္ဗော (နိန္ဒိတမ္ဗော)တိ ကဏှော။
မည်းနက်သောအဆင်းရ၏။
ကဏှော အဿ အတ္ထီတိ ကဏှော။
မည်းနက်သောအဆင်း၏ + သား (ကလေး) ခြမ်နှင့် ဂုဏ်+ဂုဏေး-စပ် ဝစနဟေတု။
မည်းနက်သောအဆင်းရှိသော သားခြမ်သည် ဝစနီယ။
ကာဠဝဏ္ဏော-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

http://www.dhammadownload.com



## ဓစနတ္တမှတ်ဘွယ်

မသီယတိ အာမသီယတီတိ မသုုံ။ (မသ+သု) (ဏွာဒိ၊ သူစိ)
ဒါယတိ ဘက္ခံ အနေနာတိ ဒန္တော။ (ဒါ+အန္တ)
ဒသန္တိ ဘောဇ္ဇံ အနေနာတိ ဝါ ဒန္တော။ (ဒသ+အန္တ) (ဓာန်ဋီ။ ၂၆၁။)
ဒမတီတိ ဒန္တော၊ ဒမ+တ။ (ဏွာဒိ၊ ၈၂။)
သုဋ္ဌု+ဇယယတီတိ သဋ္ဌာတော၊ သဋ္ဌာတော+ဒန္တော ယဿာတိ သဋ္ဌာတဒန္တော။

၅။ ဋ္ဌိတေသု-ကို ဋ္ဌိတတ္ထာ-ဟုဟိတ်ပြင်။
ယင်း၏ဖြစ်သင့်သော သမ္ဗန်ကား ဃရမာနုသကာနံ ဖြစ်သည်။ (ကတ္တား+သမ္ဗန်-စာစပ်)
❋ ပုဒ်လက္ခဏ၊ ဟိတ်လုပ်က၊ လက္ခဏဝန္တသမ္ဗန်ဖြစ်မြဲ။
ဝိစရန္တော, ဝဒန္တော-တို့ကို ဝိစရန္တတ္ထာ, ဝဒန္တတ္ထာ-ဟု ဟိတ်ပြင်။
ယင်းတို့၏ သမ္ဗန်ကို ဇာတဿ ကဏှဿ-ဟုဒ်။
◆ ဇာတော ကဏှော ပဏ္ဍာဟာသိ။ (ပါဠိတော်)

၆။ ဝါကျဥယျာဉ် (၉၁) ၌ရေးခဲ့ပြီ။

၇။ ပိဿာစ-နိရုတ္တိ ဝါကျဥယျာဉ် (၁၂၆) ၌ရေးခဲ့ပြီ။
ဒါဌာ-ကား ဒံသ-ဓာတ်+ဌ-ပစ္စည်း။ ထိ-ဇောတက-အာပစ္စည်း။ ဒံသ-ကို ဒါ-ပြု၍ ဒါဌာ-
ပြီး၏။
◆ ဒံသ ဒံသနေ၊ ဌော၊ ဒံသဿ ဒါ၊ တ္ထိလိင်္ဂတ္တာ အာ၊ ဒံသတိ ဧတာယာတိဒါဌာ၊ (သူစိ)

၈။ မေးစေ့၌ပေါက်သော အမွေးအပင်များသည် မဿု-မည်၏။
အထက်နှုတ်ခမ်း၏ နံပါးနှစ်ဖက်တို့၌ ပေါက်သောအမွေးအပင်များသည် ဒါဌိကာ မည်၏။
◆ ဟနုယံ ဇာတာ မဿု၊ ဉတ္တရောဋ္ဌဿ ဉဘောသု ပဿေသု ဒါဌာကာရေန ဇာတာ ဒါဌိကာ၊ (သီဋီသစ်၊ ၁၊ ၂၆၀)

၉။ (ခ) ဂါထာစီ

ကာဠဝဏ္ဏံ ဇာတဒန္တံ၊ အန္တရာယေဝ ကုစ္ဆိယာ။
ပုတ္တံ ဝိဇာယိ သာ ဒါသီ၊ ပရူဠှမဿုဒါဌိကံ။ (ပဌမရ-ကာရဝိပုလာ)

၁၀။ (ဂ) ဝါကျ ဘာယေန-၌ ဓာတွတ္ထ-ရှု၍ ဘာဝါလင်္ကာရထုတ်ပုံ

✣ ဘီဓာတ်အရ ကြောက်ကုန်သော အိမ်နေသူတို့၏ သန္တာန်၌ဖြစ်သော ဒေါသ ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဘယဋ္ဌာယီဘာဝ+ဘယာနကရသ။
✣ ကဏှမည်သော သားဖြစ်သည် အာရမ္မဏဝိဘာဝ။
✣ ကဏှမည်သော ကလေး၏ မည်းနက်သောအဆင်းရှိခြင်း, မိခင်၏ဝမ်းတွင်းတုန်းကပင် သွားပေါက်လာခြင်း, မုတ်ဆိတ်ကျင်စွယ်များ ပါရှိလာခြင်း စသည်သည် ဥဒ္ဒီပနဝိဘာဝ။
✣ ကြောက်ခြင်းကြောင့် ထွက်ပြေးခြင်း, အိမ်တံခါးပိတ်၍ နေကြရခြင်း စသည်သည် အနုဘာဝ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၂၃၆ )

(က) **တေ မာဏဝကာ ဘဂဝန္တံ ဧတဒဝေါစုံ** အတ္တနော ဥပါရမ္ဘမောစနတ္ထာယ ဧတံ "မာ ဘဝ"န္တိအာဒိဝစနံ အဝေါစုံ။

(ခ) တေသံ ကိရ ဧတဒဟောသိ "အမ္ဗဋ္ဌော အမှာကံ အာစရိယဿ ဇေဋ္ဌန္တေဝါသီ၊ သစေ မယံ ဝေဠုပေ ဌာနေ ကေဒ္ဒဝစနမတ္တမ္ပိ န ဝက္ခာမ၊ အယံ နော အာစရိယဿ သန္တိကေ အမှေ ပရိဘိန္ဒိဿတီ"တိ ဥပါရမ္ဘမောစနတ္ထံ ဧဝံ အဝေါစုံ၊

(ဂ) စိတ္တေန ပနဿ နိမ္မဒဘာဝံ အာကင်္ခိံသု။

(ဃ) အယံ ကိရ မာနနိဿိတတ္တာ တေသမ္ပိ အပ္ပိယောဝ။

(င) **ကလျာဏဝါက္ကရဏောတိ** မဓုရဝစနော။

ဋ္ဌ၊ ၂၃၅။ ဋီသစ်၊ ၂၆၀။ ပဒုတ္တ၊ ၃၈၈။ ဘာသာဋီကာ၊ ၃၉၄။ဂဏ္ဌိ၊ ၄၄၈။

၁။ (ခ+ဂ) ဝါကျတို့ကိုသာ သဗ္ဗနာမ်ပုဒ်တို့၏ အစွဲကိုမှန်ကန်စေလျက် အနက်ယောဇနာပါ။

၂။ (ခ) ဝါကျကို အနာဘောဂပုစ္ဆာတက်၍ (ဃ) ဝါကျကိုသာဘောဂပုစ္ဆာတက်ပါ။ (အဓိပ္ပါယ်ပြရန်မလို)

၃။ (က+ဂ+ဃ) ဝါကျတို့၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ (င) ဝါကျ သံဝဏ္ဏေတဗ္ဗပုဒ်ကိုအစိတ်+အပေါင်း ဝစနတ္ထပြု၍၊ အပေါင်း ဝစနတ္ထကိုသာ ဝစနာဒိ ဆက္ကထုတ်ပါ။

၅။ (ဃ) ဝါကျ၌ ဟိတ်၏သမ္ဗန်ကိုခံ၍ အနက်အားလျော်စွာ စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ဝစ္စတ္ထ ကိုလည်းညွှန်းခဲ့ပါ။

၆။ (င) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ ဝါက္ကရဏ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ စတုအပါယမုခကထာ၌ ရသေ့ရဟန်း၏အဖြစ်သည် သာသနာ၏ပျက်စီးကြောင်းဖြစ်၏ဟု ဘုရားရှင် ဟောကြားတော်မူရာ၌ ဘုရားရှင်၏ သန္ဓာယဘာသိတကို အဋ္ဌကထာလာသည့်အတိုင်း ဖြေဆိုပါ။

၉။ (ဂ+ဃ) ဝါကျပါစကားရပ်များကို အဓိပ္ပါယ်မပျက်စေပဲ ဝတ္ထမျိုးဂါထာစီကုံးခဲ့ပါ။

၁၀။ (က) ဝါကျ ပဓာနကြိယာကိုရှု၍ ဘာဝ ဝိဘာဝ အနုဘာဝ ထုတ်ခဲ့ပါ။

==================

၂။ **(ခ) ဝါကျ အနာဘောဂပုစ္ဆာ**

ဆရာ-သည် (က) ဝါကျဖြင့် အမ္ဗဋ္ဌ၏နောက်လိုက်လုလင်များသည် မိမိတို့အပေါ်၌ ဖြစ်တင်ကဲ့ရဲ့ခြင်းမှ လွတ်မြောက်ခြင်းငှာ "မာဘဝံ" စသောစကားကို ပြောဆိုကြသောဟုဆို၏၊ ထိုလုလင်တို့သည် ဘယ်ပုံဘယ်နည်း အကြံအစည်ဖြစ်၍ ဖြစ်တင်ကဲ့ရဲ့ခြင်းမှ လွတ်မြောက်ခြင်းငှာ "မာဘဝံ" စသော စကားကို ပြောဆိုကြလေသနည်း။ စုဒ်ကြောင့် (ခ) ဝါကျမိန့်၏

**(ဃ) ဝါကျ သာဘောဂပုစ္ဆာ**

ဆရာ-သည် (ဂ) ဝါကျဖြင့် အမ္ဗဋ္ဌ၏နောက်လိုက်လုလင်များသည် အမ္ဗဋ္ဌ၏ မာန်မာနမရှိ သည်၏ အဖြစ်ကို (ဝါ) အနှိမ်ခံရခြင်းကို စိတ်ဖြင့်အလိုရှိကြကုန်သော ဟုဆို၏။ ထိုလုလင်တို့သည် ဘုရားရှင်က အမ္ဗဋ္ဌကို ကျွန်မ၏သားဟု ပြောဆိုရာအခါ၌ "မာဘဝံ" စသော စကားဖြင့် အမ္ဗဋ္ဌဘက်မှ ကာကွယ်၍ ပြောဆိုခဲ့ကြသည်မဟုတ်ပါလော၊ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် မာန်မာန မရှိသည်၏ အဖြစ်ကို (ဝါ) အနှိမ်ခံရခြင်းကို အလိုရှိကြသည်ဟု သိုပါသနည်း၊ စုဒ်ကြောင့် (ဃ) ဝါကျမိန့်၏

http://www.dhammadownload.com



၃။ **(က+ဂ+ဃ) ဝါကျ စတုက္ကထုတ်ပုံ**

(က) နနု (တေ မာဏဝကာ) စိတ္တေန အသဿ နိမ္မိဒဘာဝံ အာကင်္ခန္တိ။

(ခ) အထ ကသ္မာ တေ "မာဘဝ"န္တိ အာဒိဝစနံ အဝေါစုံ။

(ဂ) နနု (တေမာဏဝကာ) အတ္တနော ဥပါရမ္ဘမောစနတ္ထာ ယောန္တိ။

(ဃ) တသ္မာ တေ "မာဘဝ"န္တိ အာဒိဝစနံ အဝေါစုံ။

**(ဂ+ဃ) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု တေ မာဏဝကာ တေ "မာဘဝ"န္တိ အာဒိဝစနံ အဝေါစုံ။

(ခ) အထ ကသ္မာ စိတ္တေန အသဿ နိမ္မိဒဘာဝံ အာကင်္ခန္တီတိ ဝုတ္တံ။

(ဂ) နနု အယံ မာနနိဿိတတ္တာ တေသမ္ပိ အပ္ပိယော (ယောတိ)။

(ဃ) တသ္မာ စိတ္တေန အသဿ နိမ္မိဒဘာဝံ အာကင်္ခန္တီတိ ဝုတ္တံ။

၄။ ကရီယတိ ဥစ္စာရီယတီတိ ကရဏံ။ ဝါစာဧဝ +ကရဏံ ဝါက္ကရဏံ။

ကလျာဏံ + ဝါက္ကရဏံ ယဿာတိ ကလျာဏဝါက္ကရဏော။

(သီဋီသစ်၊ ၂၆၀။ ဘာသာဋီကာ၊ ၃၄၉။)

ကောင်းစွာမြွက်ဆိုအပ်သောစကား၏ + အမွှေလုလင်နှင့် ဂုဏ်+ဂုဏေးစပ် ဝစနဟောတု၊

အမွှေလုလင်ဖြစ်သည် ဝစနီယ၊

မဓုရဝစနော စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

မညတိ ဉာယတိ မဓုရန္တိ မဓု။ (ဏွာဒိ။ ၆။)

မဓု အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ မဓုရံ။ (ဝစန ရ၏)

ဝုစ္စတေတိ ဝစနံ, ဝုစ္စတိ အနေနာတိ ဝါ ဝစနံ။

မဓုရံ+ဝစနံ ယဿ အမွှေဿာတိ မဓုရဝစနော။

၅။ (ဃ) ဝါကျ၌ မာနနိဿိတတ္တာဟူသောပါဒ်၏ သမ္ဗန်ကား ဣမဿ အမွှေဿ ဖြစ်သည်။

(ကတ္တား+သမ္ဗန် စာစပ်။)

ဘာဝယောဂပုဒ်၏ ဝစ္စတ္ထကား ကတ္တုတ္တဖြစ်သည်။

အပ္ပိယော-ကို အပ္ပိယတ္တာ-ဟု ပါဒ်ပြင်ကလည်း ဣမဿ အမွှေဿ-ဟုပင် သမ္ဗန်ခံ။

၆။ (င) ဝါကျ မဓုရဝစနောဖြင့် ကလျာဏဝါက္ကရဏော-၌ ကလျာဏသဒ္ဒါသည် သောဘန အနက်ကိုမဟော၊ မဓုရအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း။ ဝါစာ ဧဝ ကရဏံ ဝါက္ကရဏံ၊ ကလျာဏံ ဝါက္ကရဏံ အဿာတိ ကလျာဏဝါက္ကရဏောဟု ဝစနတ္ထပြု၍ ကလျာဏဝါက္ကရဏ-အရ ချိုမြိန်သော စကားရှိသူကို ယူရမည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

၇။ **ဝါက္ကရဏ-ကား ဝါစာကရဏ-ဟူလိုလျက် စာ-၌ အာ-ကိုချေ၊ စ-ကို က-ပြု၍ ပြီးသည်။**

- **ဝါစာဧဝ ကရဏံ ဝါက္ကရဏံ နိရုတ္တိနယေန။ (သီဋီသစ်၊ ၂၆၀။)**

မဓု ကား မန ဓာတ်+ဥ ပစ္စည်း။ မန ဟူလိုလျက် န-ကို ဓ-ပြု၍ မဓုပြီးသည်။

- **မန ဉာဏေ၊ နဿ ဓော၊ မညတိ ဉာယတိ မဓုရန္တိ မဓု။ (ဏွာဒိ၊ ၆။)**

http://www.dhammadownload.com



၈။ ကသ္မာ ပန တာပသပဗ္ဗဇ္ဇာ။ ပ။ ဣဒံ သန္ဓာယ ဘဂဝါ. တာပသပဗ္ဗဇ္ဇံ သာသနဿ ဝိနာသမုခန္တိ အာဟ။ (ဋ္ဌ၊ ၂၄၀၊ ၂၄၁။) အတိုင်းဖြေ။

၉။ **(ဂ) (ဃ) ဂါထာစီ**

စိတ္တေနဿ နိမ္မဒတ္တံ၊ အာကာရံနှိ တေ မနဿာ။
အယံ မာနနိဿိတတ္တာ၊ တေသမ္ပိ အပ္ပိယောဝ။
သေတဝ ရ-ကာရဝိပုလာဂါထာ။ အနုဋ္ဌုဘဆန်း ဖြစ်သည်။

၁၀။ **(က) ဝါကျ၌ ဘာဝါလင်္ကာရထုတ်ပုံ။**

✢ "မာဘဝံ" စသောစကားကို ပြောဆိုကြသော အမ္ဗဋ္ဌနောက်လိုက်လုလင်ပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်သော ဝိရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်-ဥဿာဟဋ္ဌာယီဘာဝ+ဝီရရသ။
✢ မာဘဝံ-အစရှိသောစကားသည် အာရမ္ဘဏဝိဘာဝ၊
✢ မိမိကိုယ်ကိုကဲ့ရဲ့ ပြစ်တင်ခံရခြင်းမှ လွတ်မြောက်လိုခြင်းသည် ဥဒ္ဒီပနဝိဘာဝ။
✢ "မာဘဝံ" စသောစကားကို ပြောဆိုလိုက်ခြင်းကြောင့် အမ္ဗဋ္ဌ၏ ကဲ့ရဲ့ပြစ်တင်ခြင်း, ဆူညံ ကြိမ်းမောင်းခြင်းမှ လွတ်မြောက်ခြင်း စသည်သည် အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဉယျာဉ် ( ၂၃၇ )

(က) **သဟာခွေ်ကောတိ** သဟေတုကော သကာရဏော။
(ခ) **အကာမာ ဗျာကာတဗ္ဗောတိ** အတ္တနာ အနိစ္ဆန္တေနပိ ဗျာကရိတဗ္ဗော၊
(ဂ) အဝဿံ ဝိဿဇ္ဇေတဗ္ဗောတိအတ္ထော။
(ဃ) **အညေန ဝါ အညံ ပဋိစရိဿသီတိ** အညေန ဝစနေန အညံ ဝစနံ ပဋိစရိဿသိ အဇ္ဈောတ္ထရိဿသိ။
(င) ပဋိစ္ဆာဒေဿသီတိ အတ္ထော။
(စ) ယော ဟိ "ကိံဂေါတ္တော တွံ"န္တိ ဝုံ ပုဋ္ဌော "အဟံ တယော ဝေဒေ ဇာနာမိ"တိ အာဒီနိ ဝဒတိ၊ အယံ အညေန အညံ ပဋိစရတိ နာမ။
(ဆ) **ပက္ကမိဿသိ ဝါတိ** ပုစ္ဆိတံ ပဉ္ဇံ ဇာနန္တော အကထေတုကာမတာယ ဥဋ္ဌာယာသနာ ပက္ကမိဿသိ ဝါ။
(ဋ္ဌ၊ ၂၃၅။ ဋီသစ်၊ ၂၆၁။ ပခုက္ကူ၊ ၃၉၀။ ဘာသာဋီကာ၊ ၃၉၇။ ဂဏ္ဌိ၊ ၄၄၈။)

၁။ (ခ+စ+ဆ) ဝါကျတို့ကို ကျနစွာအနက်သမ္ဗန်ပါ။
၂။ (င) ဝါကျကို သာဘောဂပုစ္ဆာတက်၍ (စ) ဝါကျကို ဒေါသာရောပနစောဒနာ တက်ပါ။
၃။ (ဆ) ဝါကျ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ကျနစွာထုတ်ပြပါ။
၄။ (က) ဝါကျ သံဝဏ္ဏေတဗ္ဗကို အစိတ်အပေါင်းဝစနတ္ထပြု၍၊ သဟမ္ဘ-ပုဒ်၏ ဝစနတ္ထကိုသာ ဝစနာဒိသက္ကထုတ်ပါ။
၅။ (ဆ) ဝါကျ၌ အကထေတုကာမတာယ-ဟူသောဟိတ်၏ သမ္ဗန်ကို ဖော်ပြ၍၊ အနက်အားလျော်စွာ စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ဝစ္စတ္ထကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



၆။ (က+ဃ+င) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ (ဆ) ဝါကျ၌ ပဥ္စ-ပုဒ်၏နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖြေဆိုပါ။

၈။ (က) ဝါကျ သယေတုကော, သကာရကော-၌ ယေတုနှင့် ကာရကတို့တူပုံ, ထူးပုံကိုဖြေဆိုပါ။

၉။ (ဆ) ဝါကျသံဝဏ္ဏနာကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိဂါထာတပုဒ် စီကုံးပြပါ။

၁၀။ (စ) ဝါကျ၌ ဇာနာမိကြိယာ၏ အနွတ္တ ကိုရှု၍ ဘာဝ ဝိဘာဝ အနုဘာဝ ပြည့်စုံစွာ ထုတ်ပါ။

===================

၂။

## (င) ဝါကျ သာဓာဝပုစ္ဆာ

ဆရာ-သည် (ဃ) ဝါကျဖြင့် ပဋိစရိယသတိ ကို အဇ္ဈောတ္တရိယသတိဟု ဖွင့်ပြဆို၏။ အဇ္ဈောတ္တရိယသတိ-၌ ထရဓာတ်သည် မည်သည့်အနက်ကို ဟောပါသနည်း၊ ဝိတ္ထာရအနက်ကိုပင် ဟောပါသလော၊ စုံကြောင့် (င) ဝါကျမိန့်။

**အဓိပ္ပါယ်ကား အဇ္ဈောတ္တရိယသတိ၌ ထရ-ဓာတ်သည် အစ္ဆာဒန (ပဋိစ္ဆာဒန) အနက်ဟော၏ ဟူလို။**

✣ **ထရော အစ္ဆာဒနေ ဘူ ဏိ၊ ဝိ ပုဗ္ဗော ဝိတ္ထာရေစုရော၊ (ဓာတွတ္ထ။ ၁၇၅၊)**

## (စ) ဝါကျ စောဒနာ

ဆရာ-သည် (ဃ+င) ဝါကျတို့ဖြင့် စကားတစ်ခုဖြင့် စကားတစ်ခုကို ဖုံးလွှမ်းသည်ကို (ဝါ) ဖုံးလွှမ်း၍ပြောဆိုသည်ကို "အညေန အညံ ပဋိစရိယသတိ"ဟူ၍ ဖွင့်ပြဆိုတော်မူ၏၊ အဘယ်သို့ပြောဆိုလျှင် အညေန အညံပဋိစရတိ=(စကားတခုဖြင့် စကားတခုကို ဖုံးကွယ်လွှမ်းသည်) မည်ပါသနည်း။ (ဂဏ္ဌိ။ ၄၄၉။) (စကားတစ်ခုဖြင့် စကားတစ်ခုကို ဖုံးလွှမ်းပုံ (ဝါ) ဖုံးလွှမ်း၍ပြောပုံ အညေနညံ ပဋိစရဏာကာရကို မပြဆိုတော့ပြီလော၊ အညေနညံ ပဋိစရဏာကာရကို မပြဆိုခဲ့သော် ဆရာအား သင်္ခေပ+ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိ ဒေါသသင့်ရောက်ရာ၏၊ စုံကြောင့် (စ) ဝါကျမိန့်။

**အမှာ** ဘာသာဋီကာ၌ ဟိ-မှန်၏-ဟု ဒဋ္ဌ တနည်းကြံသေးသည်။

၃။

## (ဆ) စတုက္ကထုတ်ပုံ။

(က) နနု ပုစ္ဆိတံ ပဥှံ ဇာနန္တော ဟောတိ။

(ခ) အထ ကသ္မာ ဥဇ္ဇာယာသနာ ပဏ္ဍမိသ္သသိ။

(ဂ) နနု အကထေတုကာမော ဟောတိ။

(ဃ) တသ္မာ ဥဇ္ဇာယာသနာ ပဏ္ဍမိဿသိ။

## (ခ) သံဝဏ္ဏေထမှ၌စတုက္ကထုတ်ပုံ။

(က) နနု အကာမာ ဟောတိ။

(ခ) အထ ကသ္မာ ဗျာကာတဗ္ဗော။

(ဂ) နနု သဟဓမ္မိကော ပဥှော အာဂစ္ဆတိ။ (ပါဠိတော်)

(ဃ) တသ္မာ ဗျာကာတဗ္ဗော။

## (ခ) သံဝဏ္ဏနာ၌ စတုက္ကထုတ်ပုံ။

(က) နနု အတ္ထနာ (ဗျာကာတုံ) အနိစ္ဆန္တော ဟောတိ။

(ခ) အထ ကသ္မာ အတ္တနာ ဗျာကရိတဗ္ဗော။

(ဂ) နနု သဟဓမ္မိကော ပဥှော အာဂစ္ဆတိ။ (ပါဠိတော်)

(ဃ) တသ္မာ အတ္တနာ ဗျာကရိတဗ္ဗော။

http://www.dhammadownload.com



၄။ အတ္ထနော ဖလံ ဓာရေတီတိ ဓမ္မော။ (ဘာသာဋီကာ)
ဓမ္မေန+သဟ ဝတ္တတီတိ သဟဓမ္မော။ (သီဋီသစ်)
သဟဓမ္မောယေဝ သဟဓမ္မိကော။ (သီဋီသစ်)
အကြောင်းနှင့်တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၏+အမေးပုစ္ဆာပြဿနာနှင့် ဂုဏ်+ဂုဏေး စပ် ဝစနဟေတု၊
အကြောင်းနှင့်တကွဖြစ်သော အမေးပုစ္ဆာပြဿနာဖြစ်သည် ဝစနီယ၊
သဟေတုက, သကာရဏ-စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ (သ) ဝါကျ၌ အကထေတုကာမတာယ-ဟိတ်၏သမ္ဗန်ကား တဝ (အမ္ဗဋ္ဌဿ) ဖြစ်ပါသည်။ (ကတ္တား+ကတ္တိစပ်။)
ဘာဝယောဂပုဒ်၏ ဝစ္စတ္ထကား ကတ္တုတ္ထတည်း။
❖ **သစေ တွံ န ဗျာကရိဿသိ၊ ပ၊ ပတ္တမိဿသိ ဝါ၊ (ပါဠိတော်) ထောက်**
(က) ဝါကျ သဟေတုကော သကာရဏော-ကို သဟေတုကတ္ထာ, သကာရဏတ္ထာဟု ဟိတ်ပြင်က ယင်း၏သမ္ဗန်ကို ဝှမဿ ပဉ္စဿဟုခံ။
❖ **အယံခေါ်ပန တေ အမ္ဗဋ္ဌ သဟဓမ္မိကော ပဥှောအာဂစ္ဆတိ၊ (ပါဠိတော်) ထောက်၊**

၆။ (က) ဝါကျ သဟေတုကော-ဖြင့် သဟဓမ္မိကော-ပုဒ်ကို ဓမ္မေန+သဟ ဝတ္တတီတိ သဟဓမ္မော၊ သဟဓမ္မောဝေ သဟဓမ္မိကောဟု ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ ဝှက-ပစ္စည်း၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကို လည်းကောင်း၊ ဓမ္မသဒ္ဒါ၏ ဟေတု အနက်ဟော သည်၏အဖြစ်ကို လည်းကောင်း သိစေပါသည်။
သကာရဏော-ဖြင့် ဟေတုသဒ္ဒါသည် ကာရဏ၏ ပရိယာယ်တည်းဟု သိစေသည်။
❖ **ဓမ္မောနာမ ကာရဏံ "ဓမ္မပဋိသမ္ဘိဒါ"တိ အာဒီသု ဝိယ၊ ဓမ္မေန+သဟ ဝတ္တတီတိ သဟဓမ္မော၊ သော ဧဝ သဟဓမ္မိကောတိ အာဟ"သဟေတုကော"တိ အာဒိ၊ ပရိယာယဝစန မေတံ၊ (သီဋီသစ်၊)**
(ခ) ဖြင့် အာကာမာ-၌ အ-၏ ပဋိသေဓအနက်ဟော--လည်းကောင်း၊ ကမုဓာတ်၏ ဣစ္ဆာအနက်ဟော-လည်းကောင်း၊ ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်-လည်းကောင်း၊ ကာမေတီတိကာမော၊ န+ကာမော အကာမော- (တသ္မာ)ဟု ဝစနတ္ထပြု-လည်းကောင်း၊ အကာမာ-၌ သွာ-ဝိဘတ်၏ ကြိယာဝိသေသနအနက်၌သက်-လည်းကောင်း၊ အကာမာ-နောင် အပိ-သဒ္ဒါကျေနေ သည်ကိုလည်းကောင်း၊ ဗျာကာတဗ္ဗော-၌ ဝိ+အာ-ရှေ့+ ကရဓာတ်၏ အဖြစ်ကိုလည်းကောင်း သိစေသည်။
(ဂ) ဖြင့် အကာမာ ဗျာကာတဗ္ဗော၌ ဧကန္တဗျာကရဏကိုသာယူ၊ အနေကန္တဗျာကရဏ-ကို မယူရဟု သိစေသည်။
(ဃ) ဝါကျ ဝစနေန ဝစနံ-ဖြင့် အညေန အညံ-၌ အည-သဒ္ဒါနှစ်ခုဖြင့် ဝစန=စကားကို စွဲယူသုံးသပ်ရမည်ဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)
အဇ္ဈောတ္ထရိဿသိ-ဖြင့် ပဋိစရိဿသိ-၌ စရ-ဓာတ်၏ အဇ္ဈောတ္ထရဏအနက် ဟောသည်၏အဖြစ်ကို လည်းကောင်း၊ ပဋိ-ဥပသာရပုဒ်၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကို လည်းကောင်း သိစေသည်။

http://www.dhammadownload.com



(င) ဝါကျဖြင့် အဓိပ္ပါယ်ရှိသည်-၌ ထရ-ဓာတ်သည် ဝိဿာရအနက်ကို မဟော၊ ဤ၌ ဖုံးလွှမ်းခြင်း=ပဋိစ္ဆာဒန အနက်ဟောသည်၏အဖြစ်ကို လည်းကောင်း၊ အဓိ+အဝ-ဥပသာရတို့၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊ ယင်းထရ-ဓာတ်၏ ဘွာဝါဒိ ကီယာဒိဂဏိကဓာတ်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

❖ **ထရော အစ္ဆာဒနေ ဘူ ကီ။ (ဓာတွတ္ထသင်္ဂဟ)**

၇။ ပဥ္စ-နိရုတ္တိ ဝါကျဥယျာဉ် (၁၃၃)၌ ဖြေပြီး။

**ပုဗ္ဗော**-ကား ပုဗ္ဗ-ဓာတ်+တ-ပစ္စည်း။ သာဒိသန္တ-သုတ်ဖြင့် တ-ပစ္စည်းနှင့်တကွ ဓာတွန်ကို ဗ္ဗ-ပြု၍ပြီးသည်။

**များကာတမ္ဗော**-ကား ဝိ+အာ+ကရ+တဗ္ဗ။ ဝ-ကိုဗ-ပြု၊ ဣ-ကို ယ-ပြု၊ ကရ-ကို ကာ-ပြု၍ ပြီးသည်။

၈။ **တူပုံ**

ဟေတုနှင့် ကာရက-သည် အကြောင်းဟောသဒ္ဒါချည်း ဖြစ်သောကြောင့် ပရိယာယ်အဖြစ်တူကြပါသည်။

**ထူးပုံ**

ဇနကအကြောင်းသည် **ဟေတု**။

ဥပတ္ထမ္ဘက-အကြောင်းသည် **ကာရက**။ ဤသို့ထူးသည်။

❖ **ပရိယာယ ဝစနမေတံ။ ဇနကော ဝါ ဟေတု၊ ဥပတ္ထမ္ဘကော ကာရကံ။ (ဋီသစ်၊ ၂၆၁)**

၉ **(ဆ) ဂါထာစီ**

ပုဋ္ဌော ပုဋ္ဌော ဇာနန္တော၊ ကထေတုံ နာပိ ဣစ္ဆသိ။

တေန ဟေတုနာ ဥဋ္ဌာယ၊ အာသနာ ပက္ကမိဿသိ။ (ဥဘယမ-ကာရဝိပုလာ)

၁၀ ❖ ဇာနာမိ-၌ ဉာဓာတ်အရ သိခြင်းဟုဆိုအပ်သော သညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ+ကာယသိဂ်ါရရသ။

❖ ဗေဒင်သုံးပုံသည် အာရမ္မဏဝိဘာဝ။

❖ ဗေဒင်သင်ကြားပေးသော ဆရာသည်လည်းကောင်း၊ သင်ယူသူ၏ ကြိုးစားအားထုတ်မှုသည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

❖ ဗေဒင်သုံးပုံသင်ကြားတတ်မြောက်ခြင်းကြောင့် လောကအလယ်၌ ပညာတတ်ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခံရခြင်း စသည်သည် အနုဘာဝ။

အမှာ ပညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကောက်လျှင် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိဂ်ါရရသထုတ်။

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၂၃၈ )

(က) **အပါယမုခါနီတိ** ဝိနာသမုခါနိ၊ **အနဘိသမ္ဘုဏမာနောတိ** အသမ္ပာပုဏန္တော။ အဝိသဟမာနော ဝါ။
(ခ) **ခါရိဝိဓမာဒါယာတိ ဧတ္ထ ခါရီတိ** အရဏီကမဏ္ဍလုသူစာဒယော တာပသ ပရိက္ခာရာ။
(ဂ) **ဝိဓောတိ** ကာဇော။
(ဃ) တသ္မာ ခါရိဘရိတံ ကာဇမာဒါယာတိ အတ္ထော။
(င) ယေ ပန **"ခါရိဝိဝိဓ"**န္တိ ပဌန္တိ၊
(စ) တေ **"ခါရီတိ ကာဇဿ နာမံ၊ ဝိဝိဓန္တိ** ဗဟုကမဏ္ဍလုအာဒိပရိက္ခာရ"န္တိ ဝဏ္ဏယန္တိ။
(ဋ္ဌ၊ ၂၄၀။ ဋီသစ်၊ ၂၆၇။ ပဉ္စက္ကျ၊ ၄၀၀။ ဘာသာဋီကာ၊ ၄၁၇။ ဂဏ္ဌိ၊ ၄၅၃။)

၁။ အထက်ပါဝါကျအားလုံးကို အနက်မှန်မှန် ယောဇနာပါ။
၂။ (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်၍၊ (စ) ဝါကျကို အနုသန္ဓေတက်ပါ။
၃။ (စ) ဝါကျ တေ ခါရီတိ ကာဇဿ နာမံ-၌ ဖြစ်သင့်သလို စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။
၄။ ကာဇော-ကို ဝစနတ္ထပြု၍၊ ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ (ဃ) ဝါကျ၌ ခါရိဘရိတံ-ကို ဟေတုမန္တဝိသေသနကြံ၍၊ ယင်း၏သမွန်ကိုခံပြီး၊ အတ္ထာနုရူပ စာစပ်ပြပါ။
၆။ (က+ခ+ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ကာဇ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ တာပသ ရှစ်မျိုးတွင် ဥဉ္ဆာစရိယတာပသနှင့် အနဂ္ဂိပက္ကိကတာပသတို့ ထူးခြားပုံကို အဋ္ဌကထာ လာသည့်အတိုင်း ဖြေဆိုပါ။
၉။ (ခ) ဝါကျလာ စကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ နှစ်သက်ရာ ဂါထာတမျိုးမျိုးစီကုံးပါ။
၁၀။ (ဃ) ဝါကျ အာဒါယ-၌ ဓာတွတ္ထကိုရှု၍ ဘာဝစသည်ထုတ်ပါ။

==================

၂။ **(ဂ) ဝါကျ သာဘောဂပုစ္ဆာ**

ဆရာ-သည် (က+ခ) နှစ်ဝါကျဖြင့် ခါရီ-သဒ္ဒါသည် ရသေ့ပရိက္ခရာတို့ကို ဟော၏၊ ဝိဓ သဒ္ဒါသည် ထမ်းပိုးကိုဟော၏-ဟုဖွင့်ပြဆိုတော်မူ၏၊ ယင်းသို့ဖွင့်ပြဆိုသဖြင့် အဘယ်သို့သော အကျိုး ဂုဏ်ကို ရရှိပါသနည်း၊ ရရှိလာနိုင်သောအကျိုးဂုဏ်ကို ဆရာမပြဆိုပြီလော၊ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။
* တသ္မာ အတ္ထော. ဒဋ္ဌဗ္ဗော. မှတ်ဗျော လဒ္ဓဂုဏ်။

**(င) ဝါကျ အနုသန္ဓေ**

ဤသို့ (ဃ) ဝါကျဖြင့် ခါရိဝိဓံ ဟူသောပါဠိနေရာဝယ် ခါရိဝိဝိဓံ-ဟုလည်း ပါဠိမူကွဲတမျိုး ကို ဆရာတို့ ရွတ်ဆိုကြကုန်၏ ဟုဖွင့်ပြပြီး၍ ယခုအခါ၌ ထိုဆရာတို့၏ ယင်းပါဠိမူကွဲ အနက်အဓိပ္ပါယ် ပြန်ဆိုပုံကို ပြလိုသော ဆရာသည် (င) ဝါကျမိန့်။

http://www.dhammadownload.com



၃။ (က) နနု ခါရိ-သဒ္ဒေါ ခါရိယံဝါ ကာဇေဝါ တာပသပရိက္ခာရေဝါ ဝတ္တတိ။
(ခ) အထ ကသ္မာ တေ "ခါရိတိ ကာဇဿ နာမ"န္တိ ဝတ္တုယန္တိ။
(ဂ) နနု (တေသံ မတိယာ) တဒုဘယံ အသမ္ဘဝေါ ဟောတိ။
(ဃ) တသ္မာ တေ "ခါရိတိ ကာဇဿ နာမ"န္တိ ဝတ္တုယန္တိ။

၄။ ကုစ္ဆိတေန ဝဏ္ဏကာရေန ဇာယတီတိ ကာဇော။ (သီဋီသစ်)
ကောက်သောအခြင်းအရာဖြင့် ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
ထမ်းပိုးဒြပ်သည် ဝစနီယ၊
ဝိဓော, ဗျာဘင်္ဂီစသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

**ဝစနတ္ထမှတ်ဘွယ်**

ခရတီတိ ခါရိ၊ ခရ-ဝိနာသေ၊ ဏော၊ နဒါဒိ-ဤ (ဓာတုပစ္စယဒီပနီ)
ကဿ ဇလဿ+မဏ္ဍော ပသန္နဘာဝေါ ကမဏ္ဍော။
ကမဏ္ဍုံ+လာတီတိ ကမဏ္ဍလု။ (ကမဏ္ဍ+လာ+ဥ) (ဓာန်ဋီ။ ၄၄၃။)
ရေ၏ကြည်လင်သော အဖြစ်ကိုယူခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
ရေသောက်ကရားသည် ဝစနီယ၊
ကုဏ္ဍိကာ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
ဟဗျန္တာဒီနံ သုခဂ္ဂဟဏတ္ထံ ဇာယတီတိ သုဇာ။ (သီဋီသစ်)
စမတိ အဒတီတိ စမရော၊ မိဂဝိသေသော။
စမရဿ ဝါလေန ကတာ ဗီဇနီ စာမရာ။ (သီဋီသစ်)
အရ-ဂမနေ၊ အရီယတိ ဂမီယတီတိ အရဏိ (အဂ္ဂိမန္ထနကဋ္ဌံ) (ဏွာဒိမောဂ်။ ၆၂။)

၅။ ခါရိဘာရိတံ-ကို ခါရိဘာရိတတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ကာဇဿ-ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)
✳ ဝိသေသန ဟိတ်လုပ်က ဝိသေသျသမ္ဗန်ဖြစ်မြဲ။

**ဟိတ်သမ္ဗန်**

အသမ္ဘာပုဏန္တော-ကို အသမ္ဘာပုဏန္တတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ဧကစ္စဿ သမဏဿဝါ ဗြာဟ္မဏဿဝါ-ဟုခံ။ (ကတ္တား+သမ္ဗန်-စာစပ်)
✦ **ဣဓ အမ္ဗဋ္ဌ ဧကစ္စော သမဏောဝါ ဗြာဟ္မဏောဝါ (လ) အနဘိသမ္ဘုဏမာနော၊ (ပါဠိတော်)**

၆။ (က) ဝါကျ ဝိနာသမုခါနိ-ဖြင့် အပါယမုခါနိ-၌ အပါယ-သဒ္ဒါသည် အပါယ်ဘုံ-ဟူသော အနက်ကိုမဟော၊ ပျက်စီးခြင်း ဝိနာသ-အနက်ဟောသည်၏ အဖြစ်ကို သိစေသည်။ (နာမလိင်္ဂတ္ထ) (တနည်း) ဝိနာသမုခါနိ-ဖြင့် အပါယမုခါနိ-၌ အပါယ- ကင်းကွာဟူသည် ပျက်စီးခြင်းပင်တည်းဟု သိစေသည်။ (ဘာသာဋီကာ)

အသမ္ဘာပုဏန္တော-ဖြင့် အနဘိသမ္ဘုဏမာနော-၌ န-နိပါတ်၏ ပဋိသေဓအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ အဘိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊ သံ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကိုလည်းကောင်း၊ ဘူ-ဓာတ်၏ ရောက်ခြင်း ပါပုဏန အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်း ဘူ-ဓာတ်၏ ဤနေရာ၌

http://www.dhammadownload.com



သွာဒိဂဏိကစာတ်၏ အဖြစ်ကိုလည်းကောင်း၊ ဥဏ္ဏာ-ပစ္စည်း၏ ရူပသိဒ္ဓိမတ္တ ပဒသိဒ္ဓိတာ၏ အဖြစ်ကိုလည်းကောင်း၊ မာန-ပစ္စည်းသည် ဤနေရာ၌ ဘောက်-အနက်တို့၌ မသက်၊ ကတ္တား-အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ အဘိသမ္ဘုဏန္တောတိ အဘိသမ္ဘုဏမာနောဟု ကတ္တုသာဓ ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

အဝိသဟမာနော-ဖြင့် အနဘိသမ္ဘုဏမာနော-၌ ဘူ-ဓာတ်သည် စွမ်းနိုင်ခြင်း ဝိသဟမာနတ္ထ-ကို ဟောသတည်း-ဟု သိစေသည်။

ဝါ-ဖြင့် အတ္တန္တရ-ကို သိစေသည်။

(၁) ဝါကျဖြင့် ခါရိဝိဓံ-၌ ခါရီ-သဒ္ဒါသည် စတုမာနိက=လေးတင်း (တတို့) , ထမ်းပိုး ဟူသောအနက်တို့ကို မဟော၊ ရသေ့တို့ပရိက္ခရာဟူသော အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းရသေ့တို့ ပရိက္ခရာဟူသည် မီးပွတ်ခုံ, ပွတ်ကျည်, ရေသောက်ကရား, ယစ်မွေယောက်မ, စာမရီ သားမြီးယပ် အစရှိသည်တို့ပင်တည်း ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

(တနည်း) ခါရိဝိဓ-၌ ခါရီ-အရ မီးပွတ်ခုံ, ပွတ်ကျည်, ရေသောက်ကရား, ယစ်မွေယောက်မ, စာမရီသားမြီးယပ် အစရှိသော ရသေ့တို့ပရိက္ခရာကို ယူရမည်ဟု သိစေသည်။

(ဂ) ဝါကျဖြင့် ဝိဓ-သဒ္ဒါသည် ထမ်းပိုးအနက်ဟောသတည်းဟု သိစေသည်။

(တနည်း) ဝိဓ-အရ ထမ်းပိုးကို ယူရမည်ဟု သိစေသည်။

(ဃ) ဝါကျဖြင့် ခါရိဝိဓံ-၌ ဝိဓ-သဒ္ဒါ ထမ်းပိုးဟူသော အနက်ဟောသည်၏ အဖြစ်ကို လည်းကောင်း၊ ခါရီဟိ+ဘရိတော (ပရိပုဏ္ဏော) ဝိဓော ခါရိဝိဓော-ဟု ဘရိတအလယ် ပုဒ်ကျေသော မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း၊ ယင်းခါရိဝိဓံ-ပုဒ်ကို အဇ္ဈောဂါဟတိ-ဟူသော (ပါဠိတော်) ပဓာနကြိယာ၌ စာမစပ်ရ၊ အာဒါယ-ဟူသော အပဓာနပုဗ္ဗကာလကြိယာ၌ စာစပ်ရမည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

၇။ ကာဇ-နိရုတ္တိ ဝါကျဥယျာဉ် (၂၂၈) ၌ပြေပြီး။

၈။ ဋ္ဌ။ ၂၄၂။ မြန်မာပြန်ဖြေပါ။

(၁) စာမရာဒယော-၌ အာဒိ-ဖြင့် အရင်းအဖျား နှစ်ဘက်လုံး၌ သုံးခွစီရှိသော တောင်ဝှေး စသည်တို့ကိုယူ။ (သီဋ္ဌီသစ်။)

၉။ **(ခ) ဂါထာစီ**

အရဏီ ကမဏ္ဍလုစ၊ သုဇာစ စာမရာဒယော။

တာပသာယ ပရိက္ခာရာ၊ ဉာမေ "ခါရီ"တိ ဝုစ္စရေ။ (ပထမ ဘ-ကာရဝိပုလဂါထာ)

၁၀။ **အာဒါယ-၌ အန္တဏ္ဏရှ၍ ဘာဝါလင်္ကာရထုတ်ပုံ**

- ✣ အာ-ရှေးရှိသော ဒါ ဓာတ်အရ ထမ်းပိုးကိုယူသော ရသေ့တို့၏ တဏှာ ဆန္ဒပြဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ+ကာမသိဂါရရသ၊
- ✣ ထမ်းပိုးဖြစ်သည် အာရမ္မဏဝိဘာဝ၊
- ✣ ထမ်းပိုး၏ ရသေ့ပရိက္ခရာတို့ဖြင့် ပြည့်နေခြင်း (ခါရိဘရိတ) သည် (ဝါ) ထမ်းပိုးဖြင့် ပရိက္ခရာတို့ကို လွယ်ကူစွာ သယ်ဆောင်နိုင်ခြင်းသည် ဥဒ္ဒီပနဝိဘာဝ၊
- ✣ တောကြီးထဲသို့ သက်ဝင်လှည့်လည်သွားလာခြင်း စသည်သည် အနုဘာဝ။
- ❖ **ခါရိဝိဓမာဒါယ အရညာယတနံ အဇ္ဈောဂါဟတိ။ (ပါဠိတော်)**

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၂၃၉ )

(က) **ပဝတ္တဖလဘောဇနောတိ** ပတိတဖလဘောဇနော။
(ခ) **ပရိစာရကောတိ** ကပ္ပိယကရဏပတ္တပဋိဂ္ဂဟဏပါဒဓောဝနာဒိဝတ္တကရဏဝသေန ပရိစာရကော။
(ဂ) ကာမဉ္စ ဂုဏာဓိကောပိ ဒီဃာယုဝဿာမဏေရော ပုထုဇ္ဇနဘိက္ခုနော ဝုတ္တနယေန ပရိစာရကော ဟောတိ။
(ဃ) အယံ ပန န တာဒိသော ဂုဏဝသေနပိ ဝေယျာဝစ္စကရဏဝသေနပိ လာမကောယေဝ။
(င) **ဒတ္တိကန္တိ** ဒိန္နကံ။ (ဌ။ ၂၄၃။)
ဋ္ဌ၊ ၂၄၀။ ဋီသစ်၊ ၂၆၇။ ပဒုက္က၊ ၄၀၂။ ဘာသာဋီကာ၊ ၄၁၈။ ဂဏ္ဌိ၊ ၄၅၄။

၁။ (ခ) (ဂ) (ဃ) ဝါကျတို့ကို နိသျကျကျ အနက်သမ္ဗန်ပါ။
၂။ (ဂ) (ဃ) ဝါကျတို့ကို လီနတ္ထရစောဒနာ ကျနစွာတက်ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)
၃။ (ဂ) (ဃ) ဝါကျတို့ဖြင့် ပြအပ်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။
၄။ တာပယ-ပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိသင်္ကေတထုတ်ခဲ့ပါ။
၅။ ပရိဟာရာဘောဂဝါကျ၌ ဟိတ်ဖြစ်သင့်ရာပုဒ်ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ထုတ်ပြီး အတ္ထာနုရူပ စာစပ်ပြပါ။
၆။ (က) (င)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ တာပယ+ပတ္တ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ ရသေ့ရှစ်မျိုးကို ရေတွက်ပြီး အာဒိတာပသ၏ အဓိပ္ပါယ်ကိုရေးပါ။ (ဋ္ဌ၊ ၂၄၁။)
၉။ (ဂ) ဝါကျလာစကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိဂါထာ တပုဒ်စီကုံးပြပါ။
၁၀။ (ဂ) ဝါကျ၌ ပရိစာရကောဝယ် အန္တတ္ထကိုရှု၍ ဘာဝါလက်ာရစုံလင်စွာ ထုတ်ပြပါ။

==================

၁။ (ခ) ဝါကျ၌ သမ္ဗန္ဓတိ=ဖြစ်၏-ဟု ပါဠိတော်၌ စပ်ပေး။
(ဂ) ဝုတ္တနယေန= "ကပ္ပိယကရဏပတ္တပဋိဂ္ဂဟဏပါဒဓောဝနာဒိဝတ္တကရဏဝသေန" ဟူ၍ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ (ပဒုက္က-သျှ)
✤ **ဝုတ္တနယေနာတိ "ကပ္ပိယ၊ ပ၊ ဝတ္တကရဏဝသေနာ"တိ ဧဝံ ဝုတ္တနယေန၊ (ဋီသစ်)**

## ၂။ (ဂ) ဝါကျသက်သက် ကျမ်းတက်ပုံ။

ဆရာ-သည် (ခ) ဖြင့် ရသေ့သည် အပ်စပ်အောင်ပြုပြင်ခြင်းစသော ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်း၏ အစွမ်းဖြင့် ပရိစာရက ဖြစ်သောဟုဆို၏။ ရသေ့သည်သာ ပရိစာရက ဖြစ်ပါသလော။ အဘယ်သူ သည်လည်း ပရိစာရက ဖြစ်ပါသေးသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

**အဓိပ္ပါယ်ကား-** ရဟန္တာသာမဏေသည်လည်း ပရိစာရက ဖြစ်ပါသေး၏ ဟူလို။

## (ဂ-ဃ) ဝါကျသို့ လီနတ္ထရစောဒနာ။

ဆရာ၊ မြတ်စွာဘုရားသည် "သော အညဒတ္ထု ဝိဇ္ဇာစရဏသမ္ပန္နဿေဝ ပရိစာရကော သမ္ပဇ္ဇတိ=ရသေ့သည် စင်စစ်အားဖြင့် ဝိဇ္ဇာစရဏနှင့်ပြည့်စုံသော ရဟန်း၏သာလျှင် ပရိစာရက-ဖြစ်၏"ဟုဟောတော်မူ၏။ ဂုဏ်တို့ဖြင့်လွန်ကဲသော ရဟန္တာသာမဏေပင်ဖြစ်စေကာမူ ပုထုဇဉ်ရဟန်း၏

http://www.dhammadownload.com



ဝတ်ကြီးဝတ်ငယ်ကို ပြုစုရသောကြောင့် ပရိစာရကအမည်ရသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် သော အညဒတ္ထု ဝိဇ္ဇာစရဏသမ္ပန္နဿေဝ ပရိစာရကော သမ္ပဇ္ဇတိ-ဟုရသေ့ကိုမှ "ပရိစာရက"ဟူ၍ အထူးပြုကာ မိန့်တော်မူပါသနည်း။ စုဒ်-ကြောင့် ကာမဥ္စ စသော (ဂ-ဃ) ဝါကျတို့ ကိုမိန့်၊ (ဘာသာဋီကာ၊ ၄၁၈။)

**အဓိပ္ပါယ်ကား** ရဟန္တာသာမဏေသည် ပုထုဇဉ်ရဟန်း၏ ဝတ်ကြီးဝတ်ငယ်ကို ပြုရသောကြောင့် ပရိစာရက (အလုပ်အကျွေး) ဖြစ်ရသော်လည်း ဂုဏ်အားဖြင့်ကား ရဟန္တာဖြစ်သောကြောင့် အောက်တန်းမကျပါ။ ဤတာပသဆိုသူ ရသေ့ကား သီလဂုဏ်အားဖြင့်လည်းကောင်း၊ ဝေယျာဝစ္စကို ပြုရသောအားဖြင့်လည်းကောင်း, အောက်တန်းကျသည်။ ထို့ကြောင့် သော အညဒတ္ထု ဝိဇ္ဇာစရဏ သမ္ပန္နဿေဝ ပရိစာရကော သမ္ပဇ္ဇတိ-ဟု ရသေ့ကိုသာ ပရိစာရက-ဟူ၍ အထူးပြုကာ ဟောတော်မူပါ၏ဟူလို။

၃။ **(ဂ-ဃ) စတုက္ကထုတ်ပုံ**

(က) နနု ဂုဏာဓိကောပိ ခီဏာသဝသာမဏေရော (လ) ပရိစာရကော ဟောတိ။

(ခ) အထ ကသ္မာ "သော အညဒတ္ထု ဝိဇ္ဇာစရဏသမ္ပန္နဿေဝ ပရိစာရကော သမ္ပဇ္ဇတီ"တိ ဘဂဝတာ ဝုတ္တံ။

(ဂ) နနု အယံ န တာဒိသော ဂုဏဝသေနပိ (လ) လာမကောယေဝ။

(ဃ) တသ္မာ သော အညဒတ္ထု (လ) သမ္ပဇ္ဇတီတိ ဘဂဝတာ ဝုတ္တံ။

**(ဂ) ဝါကျ၌ ပိ-ကို အရူးရွတ္ထကြံ၍ စတုက္ကထုတ်ပုံ။**

(က) နနု ဂုဏဓိကော ခီဏာသဝသာမဏေရော ဟောတိ။

(ခ) အထ ကသ္မာ ပုထုဇ္ဇနဘိက္ခုနော ဝုတ္တနယေန ပရိစာရကော ဟောတိ။

(ဂ) နနု အနေကသတသဟဿသံဝရဝိနယသမာဒါနဝသေန ဥပသမ္ပန္နဘာဝေါ ဝိသိဋ္ဌော ဟောတိ (သီဋီသစ်၊)

(ဃ) တသ္မာ ပုထုဇ္ဇနဘိက္ခုနော ဝုတ္တနယေန ပရိစာရကော ဟောတိ။

✤ **အနေကသတသဟဿ သံဝရဝိနယ သမာဒါနဝသေန ဥပသမ္ပန္နဘာဝဿ ဝိသိဋ္ဌဘာဝတော ခီဏာသဝသာမဏေရောပိ ပုထုဇ္ဇနဘိက္ခုနော ပရိစာရကောတိ ဝုတ္တော။ (သီဋီသစ်၊ ၂၆၈၊)**

၄။ တပေါ+ယဿ+အတ္ထီတိ တာပသော။

အကျင့်၏+ရသေ့နှင့် ဂုဏ်+ဂုဏေးစပ် ဝစနဟေတု။

ရသေ့ဖြစ်သည် ဝစနီယ။

ဣသိ-စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

**ဝစနတ္ထမှတ်ဘွယ်**

ပဝတ္တံ (မိမိမရောက်မှီ ဖြစ်နှင့်သော) +ဖလံ ပဝတ္တဖလံ။

ပဝတ္တဖလံ+ဘောဇနံ+ယဿာတိ ပဝတ္တဖလဘောဇနော။ (ဘာသာဋီကာ)

သယံ ပတတီတိ ပတိတံ။ ဖလတီတိဖလံ။

ဘုဥ္ဇိတဗ္ဗန္တိ ဘောဇနံ။ ပတိတံ+ဖလံ+ပတိတဖလံ။

ပတိတ ဖလံ+ဘောဇနံ ယဿ (ဣသိနော) တိ ပတိတဖလဘောဇနော။

http://www.dhammadownload.com



၅။ ပရိဟာရာဘောဂ-ဝါကျ၌ ဟိတ်ဖြစ်သင့်ရာပုဒ်ကား လာမကောယေဝ-တည်း။
ယင်းကို လာမကတ္တာယေဝ-ဟု ဟိတ်ပြင်ရပါသည်။
ယင်း၏သမ္ဗန်ကား ဝှမဿ (တာပသဿ) ဖြစ်ပါသည်။ (ကတ္တား+သမ္ဗန်စာစပ်)
(ခ) ဝါကျ သံဝဏ္ဏေတဗ္ဗ ပရိစာရကောကို ပရိစာရကတ္တာဟု ဟိတ်ပြင်ခဲ့သော် ယင်း၏ သမ္ဗန်ကို တဿ (တာပသဿ)ဟုခံ။
❖ **သော အညာဒတ္တု ဝိဇ္ဇာစရဏာသမ္ပန္နဿေဝ ပရိစာရကော သမ္ဘဝတိ၊ (ဖဲဦးတော်)**
(ဂ) ဝါကျ ပရိစာရကော-ကို ပရိစာရကတ္တာဟုဟိတ်ပြင်။ ဂုဏာဓိကဿ ဒိဏ္ဏာသဝ သာမဏေရဿ-ဟုခံ။

၆။ (က) ဝါကျဖြင့် ပဝတ္တဖလ= မိမိမရောက်မီဖြစ်သော အသီးဟူသည် အလိုလိုကြွေကျပြီး သော အသီးပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)
(ခ) ဝါကျဖြင့် ပရိစာရကော-၌ လုပ်ကျွေး၏ဟူသည် အပ်စပ်အောင် ပြုလုပ်ပေးရခြင်း, သပိတ်ကိုလှမ်းယူခြင်း, ခြေဆေးပေးရခြင်း စသည်၏အစွမ်းဖြင့် ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ပေးခြင်း ပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)
(ဂ) ဒိန္နက်-ဖြင့် ဒတ္တိက်-၌ ဒတ္တိဝယ် ဒါတတ်၏အဖြစ်ကိုလည်းကောင်း၊ တိပစ္စည်း၏ ကမ္မသာဓန အနက်၌သက်-လည်းကောင်း၊ ဒီယတေတိဒတ္တိ-ဟုပြု-လည်းကောင်း၊ က-ပစ္စည်း၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်-လည်းကောင်း၊ ဒတ္တိယေဝ ဒတ္တိက်-ဟုပြု-လည်းကောင်း သိစေသည်။
❖ **ဒီယတေတိ ဒတ္တိ၊ သာဝေ ဒတ္တိကန္တိ အာဟ "ဒိန္နက"န္တိ၊ (သီဒီသစ်၊ ၂၇၁၊)**

၇။ **တာပသ**-ကား တပ-ပုဒ်+သ-ပစ္စည်း။ တပသ-ဟူလိုလျက် တ-အစိတ်+အ-ကို အာ-ပြု၍ ပြီး၏။
❖ **တပေါ ဧတေသ-မတ္ထီတိ တာပသာ တဏ္ဍာရဿ ဒီဃံ ကတွာ၊ (ဒီသစ်၊ ၂၆၈)**
**ပဏ္ဏ**-ကား ပါတ-သဒ္ဒူပပဒ+တာ-ဓာတ်+အ-ပစ္စည်း။ ပါတ္တ-ဟုဆိုလိုလျက် ပါ-၌ အာ-ကို အ-ပြု၍ ပြီးသည်။
❖ **ပါတတော တာယတီတိ ပဏ္ဏော၊ တာ-ပါလနေ၊ အ၊ (သူစိ)**
**ဝေယျာဝစ္စ**-ကား ဗျာဝဋ-ပုဒ်+ဏျ-ပစ္စည်း။ ဗျာဝဋျ-ဟူလိုလျက် ဋျ-ကို စ-ပြု၊ စ- ဒွေဘော်လာ၊ ဗ-ကို ဝ-ပြု၊ ယ-ဒွေဘော်လာ၊ အစ-၌ ဧ-လာ၍ ပြီးသည်။
❖ **ဗျာဝဋဿ ကမ္မံ ဝေယျာဝစ္စံ၊ (ရူ၊ ၂၃၈၊)**
**ပလ္လောမော**-ကား ပန္နလောမော-ဟုဆိုလိုလျက် နွ-ကိုချေ။ လ-ဒွေဘော်လာ၍ ပြီးသည်။
❖ **ပလ္လောမောတိ ပန္နလောမော၊ (ဋီ၊ ၂၃၈၊)**

၈။ ဋီ။ ၂၄၁-အတိုင်းဖြေ။
**ခီဏာသဝ သာမဏေ ပုဂ္ဂိုလ်၏ ပုထုဇဉ် ရဟန်း၏ အလုပ်အကျွေး ပရိစာရက ဖြစ်ရခြင်း။**
အသိန်းမက များလှစွာသော သံဝရဝိနည်းတို့ကို ကျင့်သုံးဆောက်တည်ခြင်း၏ အစွမ်းဖြင့် ရဟန်းအဖြစ်၏ သာမဏေအဖြစ်ထက် ထူးကဲမြင့်မြတ်သည်၏ အဖြစ်ကြောင့် ရဟန္တာသာမဏေသည် ပုထုဇဉ်ရဟန်း၏ အလုပ်အကျွေး=ပရိစာရက-ဖြစ်ပါသည်။
ဋီကာသစ်သာဂေ- (၃) နံပါတ်၌ ဖော်ပြပြီးဖြစ်သည်။

http://www.dhammadownload.com



၉။ **(ဂ) ဂါထာစီ**

ဝိဇ္ဇာသဝဏာမဏကေရော၊ သမာနေပိ ဂုဏာဓိကော။
ပုထုဇ္ဇနဿ ဘိက္ခုဿ၊ ဘဝေယျ ပရိစာရကော။ (ပထမရ-ကာရဝိပုလာ)

၁၀။ **(ဂ) ဝါကျ ပရိစာရကော၌ အန္တတ္တရှု၍ ဘာဝါလင်္ကာရထုတ်ပုံ**

✣ ပရိရှေး+စရ-စာတ်-အရ အပ်စပ်အောင်ပြုလုပ်ခြင်း၊ သပိတ်ကိုလှမ်းယူခြင်း၊ ခြေဆေးပေးခြင်းစသည်ဖြင့် ဝတ်ကြီး ဝတ်ငယ်ကို ပြုလုပ်ပေးသော ဝိဇ္ဇာသဝဏာမဏေ၏ သန္တာန်၌ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ+ဝီရိယ။

✣ အလုပ်အကျွေးခံရသော ပုထုဇဉ် ရဟန်းသည် အာရမ္မဏဝိဘာဝ။

✣ ထိုရဟန်း၏ အသိန်းမကများလှစွာသော သံဝရဝိနည်းကို ဆောက်တည်ခြင်း၏ အစွမ်းဖြင့် ရဟန်းအဖြစ်၏ သာမဏေအဖြစ်ထက် ထူးကဲလွန်မြတ်ခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

✣ ပုထုဇဉ်ရဟန်းအဖို့ ဂန္ထဓုရ ဝိပဿနာဓုရ တာဝန်ကိုလွတ်လပ်စွာ အားထုတ်နိုင်ခြင်းစသောအကျိုးတရား အဆက်ဆက်သည် အနုဘာဝ။

# ဝါကျဥယျာဉ် ( ၂၄၀ )

(က) ယသ္မာ ပန သော ဗြာဟ္မဏော ပဏ္ဍိတော ခတ္တဝိဇ္ဇာယ ကုသလော၊ တေန သဟ မန္တေတွာ ကတကမ္မံနာမ န ဝိရုဇ္ဈတိ။ တသ္မာ သာဏိပါကာရဿ အန္တော ဌတွာ ဗဟိ ဌိတေန တေန သဒ္ဓိံ မန္တေတိ။

(ခ) တံ သန္ဓာယ ဝုတ္တံ **"တိရောဒုဿန္တေန မန္တေတီ"**တိ။

·(ဂ) တတ္ထ **တိရောဒုဿန္တေနာ**တိ တိရောဒုဿေန။ အယမေဝ ဝါ ပါဌော။

(ဃ) **ဓမ္မိကန္တိ** အနဝဇ္ဇံ။ **ပယာတန္တိ** အဘိဟရိတွာ ဒိန္နံ။

(ဋ္ဌ။ ၂၄၃။ သီဋီသစ်။ ၂၇၂။ ပခုက္က၊ ၄၁၀။ ဘာသာဋီ။ ၄၃၀။ ဂဏ္ဌိ။ ၄၅၈)

၁။ (က) ဝါကျ နိသျကျစွာ အနက်သမ္ဗန်ပါ။

၂။ (က) ဝါကျကို အာဘောဂါယုတ္တစောဒနာတက်ပြပါ။

၃။ တဒေတံ ဧဝံ ရဟဿမ္ပိ ပဋိစ္ဆန္နမ္ပိ "အဒ္ဒါ သဗ္ဗညူ သမဏော ဂေါတမော" တိ နိဋ္ဌံ ဂမိဿတီ တိ ဘဂဝါ ပကာသေသိ။ (ဋ္ဌ။ ၂၄၃)၌ စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။

၄။ သာဏိပါကာရ၌ သာဏိပုဒ်ကိုဝစနတ္ထပြု၍၊ ဝစနာဒိဆက္ကထုတ်ပါ။

၅။ (က)၌ တသ္မာနောင် ဟိတ်ကိုဆောင်၍ ယင်းဟိတ်၏သမ္ဗန်ခံပြီး စာစပ်ပါ။

၆။ (ဂ) (ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ ဒုဿပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ (က) ဝါကျ ခတ္တဝိဇ္ဇာယ၌ ခတ္တဝိဇ္ဇာသရုပ်ကိုထုတ်ပြ၍၊ (ဂ)ဝါကျ တိရောဒုဿေန၌ ဒုဿ အရကိုလည်း သာဓကထောက်၍ ဖြေဆိုပါ။

၉။ (က) ဝါကျ၌ အနိယမဝါကျရှိ စကားရပ်ကိုသာ အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိဂါထာ တစ်ပုဒ်စီကုံးပြပါ။

၁၀။ (ဃ) ဝါကျ ဒိန္နံ-၌ အန္တတ္တကိုရှု၍ ဘာဝါလင်္ကာရထုတ်ပြပါ။

http://www.dhammadownload.com



## ၂။ (က) ပါဠိ အာဘောဂါယုတ္တ စောဒနာတက်ပုံ။

ဆရာ၊ ဆရာသည် သာဏိပါကာရဿ အန္တော ဌတွာ ဗဟိ ဌိတေန သဒ္ဓိံ မန္တေတိ ဟူသော (က) ပါဠိနောက်ပိုင်းစကားရပ်ဖြင့် ကောသလမင်းသည် တင်းတိမ်ကန့်လန့်ကာ၏ အတွင်း၌ တည်လျက် ပြင်ဘက်၌တည်ရှိသော ပေါက္ခရသာတိပုဏ္ဏားနှင့်တိုင်ပင်၏ ဟုဆို၏။ ကောသလမင်းသည် ပေါက္ခရသာတိပုဏ္ဏားအား (မာယာဖြင့်လှည့်ပတ်၍ ပစ္စည်းတန်ဆာကို ယူဆောင်ခြင်း, နှုနာရှိခြင်း ဟူသော) အကြောင်းနှစ်ပါးကြောင့် မျက်မှောက်အဖြစ်ကို မပေးခဲ့သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ကောသလမင်းသည် တင်းတိမ်ကန့်လန့်ကာအတွင်း၌တည်၍ ပြင်ဘက်၌တည်ရှိသော ပေါက္ခရသာတိပုဏ္ဏားနှင့် တိုင်ပင်နေရပါသနည်း။ (ဌ) (တနည်း) ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ပေါက္ခရသာတိပုဏ္ဏား၏ ချဉ်းကပ်ခြင်းကို မတားမြစ်ပါသနည်း။ (သီဋီသစ်) ပုဗ္ဗာပရဝိရောဓိဒေါသတင်။ စုဒ်ကြောင့် (က) မိန့်။

**အဓိပ္ပါယ်ကား** မျက်မှောက်အဖြစ်ကို မပေးခဲ့သော်လည်း ပေါက္ခရသာတိသည် ပညာရှိ၍ နီတိကျမ်း၌ ကျွမ်းကျင်လိမ္မာရကား ကိုပုဏ္ဏားနှင့်တိုင်ပင်၍ ပြုလုပ်သော ကိစ္စမှန်သမျှသည် ချွတ်ယွင်းမှု, ဆုတ်ယုတ် ပျက်စီးမှု မရှိသောကြောင့် တိုင်ပင်နေရ၏ဟူလို။

✤ **ယဒိ ဒုဝိဓေနပိ ကာရဏေန ရာဇာ ဗြာဟ္မဏဿ သမ္မုခါဘာဝံ န ဒေတိ၊ အထ ကသ္မာ တဒုပသင်္ကမနံ န ပဋိက္ခိတ္တန္တိ အာဟ "ယသ္မာ ပနာ"တိ အာဒိ။ (သီဋီသစ်)**

၃။ (က) နနု တဒေတံ ဇဝံ ရဟဿံ ပဋိစ္ဆန္နံ ဟောတိ။

(ခ) အထ ကသ္မာ တဒေတံ ဘဂဝါ ပကာသေသိ။

(ဂ) နနု အဒ္ဒါ သမ္ဗုဒ္ဓေါ သမဏော ဂေါတမောတိ နိဋ္ဌံ ဂမိဿတိ။

(ဃ) တသ္မာ တဒေတံ ဘဂဝါ ပကာသေသိ။

## (ခ) ပါဠိ၌ စတုက္ကဆုတ်ပုံ။

(က) နနု ဒုဝိဓေနပိ ကာရဏေန ရာဇာ ဗြာဟ္မဏဿ သမ္မုခါဘာဝံ န ဒေတိ။ (သီဋီသစ်)

(ခ) အထ ကသ္မာ သာဏိပါကာရဿ အန္တော ဌတွာ ဗဟိ ဌိတေန တေန သဒ္ဓိံ မန္တေတိ။ (ဌ) (တနည်း) အထ ကသ္မာ တဒုပသင်္ကမနံ န ပဋိက္ခိတ္တံ။ (သီဋီသစ်)

(ဂ) နနု သော ဗြာဟ္မဏော ပဏ္ဍိတော ခတ္တဝိဇ္ဇာယ ကုသလော၊ တေန သဟ မန္တေတွာ ကတကမ္မံနာမ န ဝိရုဇ္ဈတိ။

(ဃ) တသ္မာ သာဏိပါကာရဿ (ပ) သဒ္ဓိံ မန္တေတိ။ (ဌ)
(တနည်း) တသ္မာ တဒုပသင်္ကမနံ န ပဋိက္ခိတ္တံ။ (သီဋီသစ်)

၄။ သာတိ ဒုက္ခံ တနုံ ကရောတီတိ သာဏိ။ (ဏွာဒိမောဂ်။ ၆၁)
ဆင်းရဲကို ပါးအောင်ပြုခြင်းကြိယာသကတ်သည်--ဝစနဟောတု။
တင်းတိမ်ကန့်လန့်ကာဒြဗ်သည်--ဝစနီယ။
တိရောကရဏီ-စသောပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထ။
: ဒုရူပံ အသတိ ခေပေတီတိ ဒုဿံ၊ ဒုရူပံ အသတိ ဒီပေတီတိ ဝါ ဒုဿံ။ (ဓာန်ဋီ။ ၂၉၀)

၅။ (က) ၌ တသ္မာ အဝိရုဇ္ဈနတ္ထာ-ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ကတကမ္မဿ-ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)
ကုသလော-ကို ကုသလတ္တာ-ဟုဟိတ်ပြင်က တဿဗြာဟ္မဏဿ-ဟုသမ္ဗန်ခံ။

http://www.dhammadownload.com



၆။ (ဂ) တိရော ဒုဿေနဖြင့် တိရောဒုဿန္တေန-၌ အန္တ-သဒ္ဒါသည် သမိပ, အဝသာနအနက်တို့ကိုမဟော၊ တဗ္ဘော-ဟုဆိုအပ်သော ပဒပူရဏအနက်ဟော-လည်းကောင်း၊ တိရောဒုဿမေဝ တိရောဒုဿန္တံ-ဟု တဗ္ဘာဝဝုတ္တိကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။

❖ **အန္တသဒ္ဒေန ပန တဗ္ဘာဝေန ပဒေ ဝဓိယမာနေ ဒုဿန္တံ ယထာ "ဝနန္တော"တိ၊ (သီဋီသစ်)**

(ဃ) အနဝဇ္ဇံဖြင့် ဓမ္မိကံ၌ တရားနှင့်ယှဉ်၏, တရားရှိ၏ ဟူသည် အပြစ်မရှိခြင်းပင် တည်းဟုသိစေသည်။

အဘိဟရိတွာ ဒိန္နံဖြင့် ပယာတံ-၌ ပ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကို လည်းကောင်း၊ ယာ-ဓာတ်၏ပေးလှူခြင်း=ဒါနအနက်-လည်းကောင်း၊ တ-ပစ္စည်း၏ ကမ္မသာဓန အနက်၌သက်-လည်းကောင်း၊ ပယာတဗ္ဗန္တိ ပယာတံ-ဟု ကမ္မသာဓနဝစနတ္ထပြု-လည်းကောင်း၊ ရှေးရှုဆောင်၍ လှူအပ်သောဆွမ်းဟူသည်-သဒ္ဒါ၍လှူသောဆွမ်း(ဝါ) နိစ္စဘတ်အား ဖြင့်လှူသောဆွမ်း ဖြစ်သည်ကိုလည်းကောင်း၊ (သီဋီဟောင်း) ရှေးရှုဆောင်ယူ၍ လှူအပ်သော ဆွမ်းဟူသည် မတကဘတ် အသွင်ဖြင့်လည်းကောင်း၊ နိစ္စဘတ်အသွင်ဖြင့်လည်းကောင်း ဆောင်ယူ၍ လှူအပ်သော ဆွမ်းပင်တည်း ဟူသောအဓိပ္ပါယ်ကိုလည်းကောင်း (သီဋီသစ်) သိစေပါသည်။

❖ **ပယာတန္တိ သဒ္ဓါ၊ သဒ္ဓါယ ဒါတဗ္ဗန္တိ ဝါ၊ တေနာဟ အဘိဟရိတွာ ဒိန္နန္တိ အာစရိယေန ဝုတ္တံ၊ တသ္မာ မတကဘတ္တသင်္ခေပေန ဝါ နိစ္စဘတ္တသင်္ခေပေန ဝါ အဘိဟရိတွာ ဒိန္နံ ဘိက္ခန္တိ အတ္ထော ဝေဒိတဗ္ဗော၊ (သီဋီသစ်၊ ၂၇၂)**

အမှာ ဘာသာဋီကာ၌ "ပယတံ-ဝယ် ပ-ပုဗ္ဗ+ယတ-ဓာတ်၊ အပြားအားဖြင့် အားထုတ်အပ်ပြီး စီမံပြီး-ဟု သဒ္ဒတ္ထဖြစ်၏၊ ပယတီယိတ္ထာတိ ပယတာ (ဘိက္ခာ)၊ "အဘိဟရိတွာ ဒိန္နံ"ကား အဓိပ္ပါယတ္ထ တည်း၊ ပယာတံ-ဟုရှိသည်ကား ပါဠ်ပျက်"ဟု မှာထားသည်။

၇။ **ဒုဿ**-ကား ဒု-ဓာတ်+သ-ပစ္စည်း။ ဒုသ-ဟူလိုလျက် သ-လာ၍ ဒုဿ-ဟုပြီးသည်။

(တနည်း) ဒု-ပုဗ္ဗ+အသ-ဓာတ်+အ-ပစ္စည်း။ ဒုသ-ဟူလိုလျက် သ-လာ၍ပြီးသည်။

❖ **ဒု ဂမနေ၊ ကရဏေ သော၊ ဒွိတ္တံ၊ ဒုရူပံ အသတိ ခေပေတီတိ ဝါ ဒုဿံ၊ ဒုရူပံ အသတိ ဒီပေတီတိ ဝါ ဒုဿံ၊ ဒု-ပုဗ္ဗော အသ ဒိတ္တိယံ၊ (ဓာန်ဋီ၊ ၂၉၀)**

၈။ **ခတ္တဝိဇ္ဇာသရုပ်ကား**=အိမ်ရာမြေကြန်ကို သိကြောင်းဖြစ်သော အဗ္ဗေယျကျမ်း, မာသုရက္ခကျမ်း, ရာဇသတ်ကျမ်း အစရှိသော နီတိကျမ်းများ ဖြစ်သည်။

❖ **ခတ္တဝိဇ္ဇာတိ အဗ္ဗေယျမာသုရက္ခရာဇသတ္ထာဒိနီတိသတ္ထံ၊ (ဋ္ဌ၊ ၈၈၊ သီဋီသစ်၊ ၂၇၂)**

**တိရောဒုဿေန-၌ ဒုဿ-အရ တင်းတိမ်ကန့်လန့်ကာကိုယူ။**

**သာဓကကား** (က) ဝါကျလာ သာဏိပါကာရဿ အန္တော ဌတွာ-ဖြစ်သည်။

❖ **ဒုဿမေတ္ထ တိရောကရဏီယံ၊ တေနာဟ "သာဏိပါကာရဿ အန္တော ဌတွာ"တိ၊ (သီဋီသစ်)**

၉။ **(က) အနိယမဝါကျ ဂါထာစီ။**

သော ဗြာဟ္မဏော ယဿာ ဆေကော၊ ခတ္တဝိဇ္ဇာယ ပဏ္ဍိတော။

မန္တေတွာ သဟ ဧတေန၊ ကတ္တဗ္ဗံ န ဝိရုဇ္ဈတိ။ (ပဌမ မ-ကာရဝိပုလာဂါထာ)

http://www.dhammadownload.com



၁၀။ **ဒိန္နံ-၌ အန္တတ္တရှု၍ ဘာဝါလက္ခဏာရထုတ်ပုံ။**

- ✣ ဒ္ဒါ-ဓာတ်အရ ကောသလမင်း၏သန္တာန်၌ သဒ္ဓါစေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်-ဒါနဥဿာဟဋ္ဌာယီဘာဝ+ဒါနဝီရိယသ။
- ✣ အလှူခံဖြစ်သော ပေါက္ခရသာတိပုဏ္ဏားသည်လည်းကောင်း၊ လှူဘွယ်ဝတ္ထုဖြစ်သော ပယာတဘိက္ခသည်လည်းကောင်း-အာရမ္မဏဝိဘာဝ။
- ✣ ပေါက္ခရသာတိပုဏ္ဏား၏ ပညာရှိခြင်း, နီတိကျမ်းများ၌ ကျွမ်းကျင်လိမ္မာခြင်း, ယင်းပုဏ္ဏားနှင့်တိုင်ပင်၍ လုပ်သမျှကိစ္စအားလုံး ချွတ်ယွင်းမှုမရှိခြင်းနှင့် ကောသလမင်းကြီး၏ယောနိသောမနသိကာရစသည်သည်-ဥဒ္ဒီပနဝိဘာဝ။
- ✣ ပေးလှူခြင်းကြောင့် ချစ်ခင်မှုပိုမိုများပြားလာခြင်း, လုပ်လိုသမျှကိစ္စအားလုံးကို ပြီးစီးအောင်မြင်အောင်လုပ်ပေးခြင်း, တမလွန်၌ ဘောဂသမ္ပတ္တိ သဂ္ဂသမ္ပတ္တိ-စသော အကျိုးအဆက်ဆက်သည်-အနုဘာဝ။
- ❖ **ယသ္သ ခေါ ပန အမ္ဗဋ္ဌ ဓမ္မိကံ ပယာတံ ဘိက္ခံ ပဋိဂ္ဂဏှေယျ။ (ပါဠိတော်။ ၉၇)**

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် ( ၂၄၁ )

(က) **သေယျထိဒန္တိ တေ ကတမေတိ အတ္တော။**

(ခ) **အဋ္ဌကောတိအာဒီနိ တေသံ နာမာနိ။**

(ဂ) တေ ကိရ ဒိဗ္ဗေန စက္ခုနာ ဩလောကေတွာ ပရူပဃာတံ အကတွာ ကာယပသမ္ဗာသမ္ဗုဒ္ဓဿ ဘဂဝတော ပါဝစနေန သဟ သံသန္ဒိတွာ မန္တေ ဂန္ထိံသု။

(ဃ) အပရာပရေ ပန ဗြာဟ္မဏာ ပါဏာတိပါတာဒီနိ ပက္ခိပိတွာ တယော ဝေဒေ ဘိန္ဒိတွာ ဗုဒ္ဓဝစနေန သဒ္ဓိံ ဝိရုဒ္ဓေ အကံသု။

(င) **နေတံ ဌာနံ ဝိဇ္ဇတီတိ** ယေန တွံ ဣသိ ဘဝေယျာသိ၊ နေတံ ကာရဏံ န ဝိဇ္ဇတိ။

(ဋ၊ ၂၄၄။ သီဋီသစ်။ ၂၇၃။ ပဥက္ကူ၊ ၄၁၃။ ဘာသာဋီ။ ၄၃၆။ ဂဏ္ဌိ။ ၄၆၀)

၁။ ဂန္ထိံသု-၏ ကရိုဏ်းကိုထည့်၍ (ဂ) ဝါကျကို အနက်ပေးပြပါ။

၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။

၃။ သမ္ဗုဒ္ဓိဘာဝမ္ပိ **န ဒဒါတီတိ** ကသ္မာ န ဒဒါတိ။ သော ကိရ သမ္ဗုဒ္ဓါဝင္ကနိဘာမ ဝိဇ္ဇံ ဇာနာတိ။ (ဋ။ ၂၄၃)ကို စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ (၃) နံပါတ်လာ သမ္ဗုဒ္ဓါ ဝင္ကနိ-ကို ဝစနတ္ထပြု၍ ဝစနာဒိသက္ကထုတ်ပြပါ။

၅။ (ဂ) ဝါကျ၌ အကတွာ-ကို ဟိတ်ပြင်၍၊ ယင်း၏သမ္ဗန်ခံပြီး၊ အတ္ထာနုရူပစာစပ်ပါ။

၆။ (က) (င) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ မန္တေ-၌ မန္တ-ပုဒ်၏နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ (ဂ) ဒိဗ္ဗေန စက္ခုနာ, ပါဝစနေန-တို့၌ အရကောက်ကိုတိကျစွာ ရှင်းလင်းကောက်ပြ၍၊ (င) ဝါကျ သံဝဏ္ဏနာအနိယမစကား၌ ဣသိ-အရကိုလည်း ဖော်ပြပါ။

၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည်ပေးခဲ့ပါ။

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ။ ပ။ န ခီယေထ တထာဂတဿ။ (ဋ။ ၂၅၇)

၁၀။ (ဂ) ဝါကျ ပရူပဃာတံ-၌ နောက်ပုဒ်ဝယ် ဓာတွတ္ထကိုရှု၍ ဘာဝါလက္ခဏာရထုတ်ပါ။

http://www.dhammadownload.com



၁။ (ဂ) ကိရ၊ ချဲ့။ တေဇ္ဇာသယော၊ တို့သည်။ ဒိဗ္ဗေနစက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်၏ အခြံအရံ ဖြစ်သော ယထာကမ္မူပဂဉာဏ်, ဒိဗ္ဗစက္ခုအဘိညာဉ်နှင့်တူသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့်။ (ပ) မန္တေ၊ ဗေဒင်တို့ကို။ (ပဝုဂဝုပမန္တဝသေန၊ ပဝုမန္တ, ဂဝုမန္တ၏အစွမ်းဖြင့်။ သက္ကတဘာသာယ၊ ဖြင့်။) ဂန္ထိသု၊ ဖွဲ့ကြကုန်ပြီ။

✤ **ဂန္ထိသုတိ ပဝုဂဝုမန္တဝသေန သက္ကတဘာသာယ ဗန္ဓိံသု၊ (သီဋီသစ်)**

## ၂။ (ဂ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (၁) ဖြင့် အဋ္ဌက-စသောပုဒ်တို့သည် ရှေး၌ဖြစ်သော ရသေ့တို့၏ နာမည်တို့ပင်တည်း-ဟုဆို၏။ ထိုအဋ္ဌက စသောရသေ့တို့သည် ဗေဒင်ကျမ်းများကို ရေးသားမှုစသော အလုပ်များကို မပြုလုပ်မူ၍စားကာ, အိပ်ကာ, လှည့်ပတ်ကာဖြင့် နေထိုင်သွားလာကြပါသလော။ အဘယ်သို့မှတ်သားရပါမည်နည်း။ စုဒ်ကြောင့် (ဂ)မိန့်။

## (ဃ) ပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (ဂ)ဖြင့် အဋ္ဌက-စသောရသေ့တို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှု၍ ပရူပဃာတအမှုကိုမပြုမူ၍ ကဿပဘုရားရှင်၏ ဝစနသန္နိသိတပါဝစနနှင့်အညီ ဗေဒင်ကျမ်းများကို ရေးသားကြကုန်၏-ဟုဆို၏။ ဩက္ကာကမင်းလက်ထက်မှစ၍ ဖြစ်ပေါ်လာကြကုန်သော နောက်နောက် ပြာဟ္မဏတို့သည်လည်း ရှေးထုံးကိုမပယ်မူ၍ အဋ္ဌက-စသောရသေ့တို့ရေးသားစီရင်ခဲ့ကြသည့် အတိုင်းပင်လျှင် ဗေဒင်ကျမ်းများကိုရေးသားကြပါကုန်သလော။ အဘယ်သို့မှတ်သားရပါမည်နည်း။ စုဒ်ကြောင့် (ဃ)မိန့်။

**အဓိပ္ပါယ်ကား** ဩက္ကာကမင်းလက်ထက်မှစ၍ ဖြစ်ပေါ်လာကြကုန်သော နောက်နောက် ပြာဟ္မဏတို့သည် ပါဏာတိပါတ-စသည်တို့ကိုထည့်သွင်း၍ ရှေးဗေဒင်သုံးပုံတို့ကို ဖျက်ဆီးကြကုန်လျက် ကဿပဘုရားရှင်၏ စကားတော်နှင့်ဆန့်ကျင်ကွဲလွဲသော ဗေဒင်ကျမ်းများကို ရေးသားကြပါကုန်၏ ဟူလို။

✤ **အပရာပရေတိ အဋ္ဌကာဒီဟိ အပရေ အညေပိ ပရေ ပစ္ဆိမာ ဩက္ကာကရာဇကာလာဒီသု ဥပ္ပန္နာ၊ (သီဋီသစ်)**

၃။ (က) နနု ပေါက္ခရသာတိပြာဟ္မဏော ပဏ္ဍိတော ၁တ္တဝိဇ္ဇာယ ကုသလော။ တေန သဟ မန္တေတွာ ကတကမ္မံနာမ န ဝိရုဇ္ဈတိ။ (ဋ္ဌ။ ၂၄၃)

(၁) အထ ကသ္မာ သမ္မုခီဘာဝမ္ပိ န ဒဒါတိ။

(ဂ) နနု သော သမ္မုခါဝဋ္ဋနိနာမ ဝိဇ္ဇံ ဇာနာတိ။

(ဃ) တသ္မာ သမ္မုခီဘာဝမ္ပိ န ဒဒါတိ။

**"သော ပုစ္ဆိယမာနောပိ အတ္တနော အဝတ္တရဏဘာဝံ ဥတွာ ပဋိဝစနံ နဒဿတိ-၌ စတုက္ကသုတ်ပုံ၊"**

(က) နနု သော ပုစ္ဆိယမာနော ဟောတိ၊

(၁) အထ ကသ္မာ အမ္ဗဋ္ဌော ပဋိဝစနံ န ဒဿတိ။

(ဂ) နနု အတ္တနော အဝတ္တရဏဘာဝံ ဇာနာတိ။

(ဃ) တသ္မာ အမ္ဗဋ္ဌော ပဋိဝစနံ နဒဿတိ။

၄။ သမ္မုခါ ၊ ပရံ အာဝဋ္ဋတိ (သမ္မုဋ္ဌံ ကရောတိ) ဧတာယာတိ သမ္မုခါ ဝဋ္ဋနီ။ (တံ) (သီဋီသစ်။ ၂၇၁)။

http://www.dhammadownload.com



မျက်မှောက်၌ သူတပါးကို လှည့်ပတ်ဖြားယောင်းခြင်း ကြိယာသကတ်သည်-ဝစနပေတု။
သမ္ဘုဒ္ဓါဝဋ္ဌနီမည်သော မာယာအတတ်သည်-ဝစနီယတ္တ။
သမ္ဘုဋ္ဌကရဏီ-စသောပရိယာယ်သဒ္ဒါများသည်-ဝစနီယတ္တ။
ဝိဒန္တိ ဧတာယာတိ ဝိဇ္ဇာ။ (မာယာရဏ်)
ဉပဟနန် ဉပဃာတော။ ပရေသံ+ဉပဃာတော ပရူပဃာတော။ (တံ)
သူတပါး၏+သတ်ဖြတ်ခြင်း ဝဓကစေတနာနှင့် အာရုံ+အာရမ္မဏိကစပ်။

၅။ (ဂ) ၌ အကတ္တာ-ကို အကရောန္တတ္တာ-ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို တေသံ (ဇာသိန်) ဟုဝံ။ (ကတ္တား+သမ္ဗန်စာစပ်)

၆။ (က) တေ ကတမေ-ဖြင့် သေယျထိဒံ-ပုဒ်ကို သေယျထာ+ဣဒံ-ပုဒ်ဖြတ်၍ ဣဒံ-သဒ္ဒါ၏ ရသေ့တို့ကို စွဲယူသုံးသပ်သည်၏အဖြစ်ကိုလည်းကောင်း၊ သေယျထာ-သဒ္ဒါ၏ ပုစ္ဆနတ္တ နိပါတ်၏ အဖြစ်ကိုလည်းကောင်း (တနည်း) သေယျထိဒံ-ဟူသော နိပါတ်ပုဒ်၏ ပုစ္ဆနတ္တကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းသေယျထိဒံ-ပုဒ်နောင် ပထမာယောဝိဘတ်ကျေနေသည်ကိုလည်းကောင်း သိစေပါသည်။

**မှတ်ချက်** ရှေးနည်းကား သေယျထိဒံ-ကို နာနာပဒကြံသည်။ နောက်နည်းကား ဧကပဒကြံသည်။

(င) ဖြင့် နေတံ-ကို န+ဧတံ-ဟုပုဒ်ဖြတ်ရမည်ကိုလည်းကောင်း၊ ယင်းန-နိပါတ်ပုဒ်ကို (အဋ္ဌာနပယုဂ်ဖြစ်၍) ဝိဇ္ဇတိကြိယာနှင့် ယှဉ်စပ်၍အနက်သမ္ဗန်ရမည်ကိုလည်းကောင်း၊ ဌာန-သဒ္ဒါ၏ ဤနေရာ၌ ကာရဏအနက်ဟော-လည်းကောင်း၊ ဌာနံ-၌ ယု-ပစ္စည်း၏ အဓိကရဏသာဓန အနက်၌သက်-လည်ကောင်း၊ တိဋ္ဌတိ ဧတ္ထ ဖလံ တဒါယတ္တဝုတ္တိတာယာတိ ဌာနံ-ဟုပြု-လည်းကောင်း၊ ယံတံသဒ္ဒါ နိစ္စသမ္ဗန္ဓာ-ဟူသည်နှင့်အညီ နေတံ-၌ ဧတ-ဟူသောနိယတ်သည် အနိယတ်ကိုအမြဲငဲ့ နေရကား ယင်း၏အနိယတ်ဝါကျကို ယေန တွံ ဣသိဘာဝေယျာသိ-ဟုထည့်၍အနက်ပေးရမည်ကို လည်းကောင်း သိစေပါသည်။

- **ဌာနန္တိ ဟိ ကာရဏံ ဝုစ္စတိ တိဋ္ဌတိ ဧတ္ထ ဖလံ တဒါယတ္တဝုတ္တိတာယာတိ ကတွာ။ (သီဋီသစ်၊ ၁၊ ၁၅၆)။**

၇။ မန္တ-ပုဒ်၏ နိရုတ္တိနည်းကို ဝါကျဥယျာဥ် (၂၀၇)၌ ရေးခဲ့ပြီ။

၈။ **ဒိဗ္ဗေန စက္ခုနာ**-၌ ဒိဗ္ဗစက္ခုအဘိညာဉ်သည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြုနိုင်၏၊ (အတိတ် အာရုံများကို အာရုံမပြုနိုင်) ထို့ကြောင့် **ဒိဗ္ဗေန စက္ခုနာ**-အရ ဒိဗ္ဗစက္ခုသာမက ဒိဗ္ဗစက္ခု-ဟူသော ပရိကမ်ရှိသော ယထာကမ္မူပဂဉာဏ်ကို လည်းကောင်း၊ ဒိဗ္ဗစက္ခုနှင့်မြင်တတ်ချင်းတူသော ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ကိုလည်းကောင်းယူရမည်။ မှန်၏-ထိုမန္တာန်ကို ပြုကြသောရှေးရသေ့တို့သည် ဒိဗ္ဗစက္ခုဖြင့် သတ္တဝါတို့ကိုမြင်ပြီးသောအခါ "မည်သည့်ကံကြောင့် ဤသို့ဖြစ်ရပါလိမ့်မည်နည်း"ဟု စဉ်းစားကြ၏။ ထိုအခါ ယထာကမ္မူပဂဉာဏ်ဖြင့် ထိုသတ္တဝါတို့၏ ရှေးကပြုအပ်ခဲ့သောကံကို သိကြရ၏။ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ဖြင့် ရှေးရှေးကမ္ဘာတို့၌ ရသေ့ပြာဟ္မဏတို့၏ ဒေဝမန္တာန်စီရင်ခဲ့ပုံကိုလည်း မြင်ကြရသည်။ (ဘာဋီ၊ ၄၃၆။ သီဋီသစ်။ ၂၇၃)

ပါဝစနေန-အရ ကဿပဘုရားရှင် ဟောကြားတော်မူသော ဝဋ္ဋနိဿိတ ပါဠိတော် စကားများကိုယူ။ အကြောင်းကား-ကဿပဘုရားရှင် ဟောတော်မူခဲ့သော ဝဋ္ဋနိဿိတပါဠိတော်များနှင့် မဆန့်ကျင်ဘဲ ညီညွတ်နိုးနှောမိအောင် ဗေဒင်ကျမ်း များကို ရေးသားခဲ့သောကြောင့်လည်းကောင်း၊

http://www.dhammadownload.com



ဝိဝဋ္ဋနိဿိတပါဠိတော် စကားအနက်အဓိပ္ပါယ်ကို အဋ္ဌက-စသော (ဖေဒင်ကျမ်းပြု) ရသေ့များ မျက်မှောက်ထင်ထင်မသိမြင် (နားမလည်) နိုင်ကြသောကြောင့် လည်းကောင်းတည်း။ (သီဋီသစ်။၂၇၃)

(င) အနိယမဝါကျ၌ ဣသိ-ဟုဆိုခြင်းကား နိဒဿနမျှသာတည်း။ ထို့ကြောင့် ရသေ့ ကိုလည်းကောင်း၊ ရသေ့ဖြစ်ရန်ကျင့်နေသူကို လည်းကောင်း-ဣသိ-အရယူရမည်။ (သီဋီသစ်။ ၂၇၄)

၉။ ဝါကျဥယျာဉ် (၁၂၃) ၌ရေးခဲ့ပြီ။

၁၀။ **ပရူပဃာတ်-၌ နောက်ပုဒ်ဝယ် စာတွဲတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ပုံ-**

- ✣ သူတပါးအသက်ကို သတ်ဖြတ်ညှင်းဆဲသူ၏ သန္တာန်၌ ဒေါသပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်သည်-ကောဓေယျဘာဝ+ရုဒ္ဒရသ။
- ✣ သတ်ဖြတ်ညှင်းဆဲခံရသူ သတ္တဝါဖြစ်သည်-အာရမ္မဏဝိဘာဝ။
- ✣ သတ်ဖြတ်ညှင်းဆဲခံရမည့်သတ္တဝါ၏ အနိဋ္ဌာကာရသည်လည်းကောင်း၊ အာဃာတဝတ္ထုကိုးပါး သည်လည်းကောင်း၊ သတ်ဖြတ်ညှင်းဆဲသူ၏ အယောနိသောမနသိကာရစသည်သည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
- ✣ ပစ္စုပ္ပန်၌ ကာယိဒုက္ခ, စေတသိကဒုက္ခကို ခံစားရခြင်း, တမလွန်၌ အပါယ်ဒုဂ္ဂတိသို့ ကျရောက်ရခြင်း-စသောအကျိုးအဆက်ဆက်သည်-အနုဘာဝ။

## ဝါကျဥယျာဉ် ( ၂၄၂ )

### ၁၃၃၇-ခု။ အစိုးရ

(က) **ကုတ္တဝါလေဟိတိ** သောဘာကရဏတ္ထံ ကပ္ပေတုံ ယုတ္တဋ္ဌာနေသု ကပ္ပိတဝါလေဟိ။

(ခ) စတ္တ စ ဝဋ္ဋဝါန်ယေဝ ဝါလာ။

(ဂ) ကပ္ပိတာ န ရထာနံ ဝဋ္ဋဝပယုတ္တတ္တာ ပန ရထာပိ "ကုတ္တဝါလာ"တိ ဝုတ္တာ။

(ဋ္ဌ။ ၂၄၅။ ဋီသစ်၊ ၂၇၄။ ပခုက္က၊ ၄၁၅။ ဂဏ္ဌိ၊ ၄၆၀။)

၁။ အထက်ပါဝါကျတို့ကို ယုတ္တဋ္ဌာနသု-ကို တိကျပေါ်လွင်စေလျက် အနက်ပေးပါ။

၂။ (ဂ) ဝါကျကို ဗျတိရေကစောဒနာတက်ပြပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)

၃။ (ခ+ဂ) အမှတ်ပြဝါကျတို့၌ စောဒကာဘောဂါဒိစတုက္က အပြည့်အစုံ ထုတ်ပြပါ။

၄။ ကုတ္တဝါလေဟိ-ကို ဝိဂြိုဟ်ဆို၍ ဝပနာဒိဆက္ကထုတ်ပြပါ။

၅။ ဝဋ္ဋဝပယုတ္တတ္တာ-၌ ဘာဝသမ္ဗန်, တ္တ-သမ္ဗန်ထုတ်လျက် စာစပ်ပြီးလျှင် ဘာဝယောဂ၏ ဝါစ္စ ကိုလည်း ဖော်ပြပါ။

၆။ (က) အမှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့်တကွ သံဝဏ္ဏနာအမည်များကို ဖော်ပြပါ။

၇။ ကုတ္တဝါလေဟိ, ကပ္ပိတဝါလေဟိတို့၌ ကုတ္တ, ကပ္ပိတ-ပုဒ်တို့ကို နိရုတ္တိနည်းဖြင့် ရုပ်စီရင်ပြပါ။

၈။ ကထံ အဋ္ဌဝိဓာ ဟိ တာပသာ၌ ရသေ့ရှစ်ဦးတို့၏ သရုပ်ကိုရေ[illegible]ပြပါ။

၉။ (ခ+ဂ) မှတ် စုဏ္ဏိယဝါကျတို့ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုးလာ ဂါထာစီကုံး၍ ၎င်းဂါထာကို ဆန်းအမည်, ဂါထာအမည်မှည့်ခဲ့ပါ။

၁၀။ (က) ဝါကျ၌ ကပ္ပိတဝါလေဟိပုဒ်၏ စပ်ရာ ဝိပရိယာယန္တိကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ တို့ကိုထုတ်ပြပါ။

http://www.dhammadownload.com



၁။ ယုတ္တဋ္ဌာနေသု-သင့်မြတ်သော လည်, ဦးခေါင်း, မြီးဆံဖျား အစရှိသော အရပ်တို့၌။ (ပဒုက္က၊ သျ)

- **ယုတ္တဋ္ဌာနေသူတိ ဇီဝါ သီသ ဝါလဓိအာ၊ (သီဋီသစ်)**

**အမှာ** ဤပုစ္ဆာ၌ ဝါကျပါဠိပိုင်းပုံနှင့် ပုဒ်ထီး ပုဒ်မ ပါသင့်သည့်နေရာတို့၌ မပါ၊ မပါသင့်သည့် နေရာ၌ပါပြီး လက်ရှိသဋ္ဌမူနှင့်တခြားစီ ဖြစ်နေခြင်းတို့ကား စာဖြေသံဃာကို ညှင်းဆဲ နှိပ်စက်ရာရောက်သည်။ အဓိကပညာရေး တာဝန်ခံပုဂ္ဂိုလ်များ သတိထားစရာ အချက် တခုပင်ဖြစ်သည်။ ဤ၌ကား စာဖြေသံဃာကို ညှဉ်းဆဲရာရောက်စေနိုင်သည့် မူရင်းပုစ္ဆာ ပါဠိနောက်သို့ မလိုက်ဘဲ လက်ရှိအဋ္ဌကထာစာမူရှိသည့်အတိုင်း ဝါကျ ပါဠိပိုင်း၍ ဖြေကြား သွားမည်။

(၁) ဧတ္ထ စ ဝဏ္ဏဝါနံယေဝ ဝါလာ ကပ္ပိတာ၊ န ရထာနံ။

(ဂ) ဝဏ္ဏပယုတ္တတ္တာ ပန ရထာပိ "ကုတ္တဝါလာ"တိ ဝုတ္တာ။

## (ဂ) ဗျတိရေက စောဒနာ

၂။ သရာ-သရာသည် (၁) ဝါကျဖြင့် မြင်းမတို့၏သာလျှင် မြီးဆံတို့ကို ရိပ်ဖြတ်အပ်ကုန်၏။ ရထားတို့၏ မြီးဆံတို့ကို ရိပ်ဖြတ်အပ်ကုန်သည်ကား မဟုတ်ဟုဆို၏။ ယင်းသို့ မြင်းမတို့၏သာလျှင် မြီးဆံတို့ကို ရိတ်ဖြတ်အပ်ကုန်သည်ဖြစ်၍ ရထားတို့၏မြီးဆံတို့ကို ရိတ်ဖြတ်အပ်ကုန်သည် မဟုတ်ကုန် လသော် (ယဒိဧဝံ) ရထားတို့ကို "ကုတ္တဝါလ"တို့ဟူ၍ မဆိုအပ်ကုန်ရာသည် မဟုတ်ပါလော။ (ဗျ) မြင်းမတို့ကိုသာ "ကုတ္တဝါလ"တို့ဟူ၍ ဆိုအပ်ကုန်သည် မဟုတ်ပါလော (နွ) ထိုသို့ဖြစ်လျက် အဘယ့် ကြောင့် ရထားတို့ကိုလည်း ကုတ္တဝါလ တို့ဟူ၍ ဆိုအပ်ကုန်သနည်း (နွ) မြင်းမတို့ကိုသာ ကုတ္တဝါလတို့ဟူ၍ မဆိုအပ်ကုန်သနည်း။ (ဗျ) စုဒ်ကြောင့်-(ဂ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား** မြင်းမတို့ဖြင့် က, အပ်ကုန်သည်၏အဖြစ်ကြောင့် သဟာစရဏနည်း (ဌာနူပစာအားဖြင့်) ရထားတို့ကိုလည်း "ကုတ္တဝါလ"တို့ဟူ၍ ဆိုအပ်ပါကုန်၏ ဟူလို။

- **သဟာစရဏဝသေန, ဌာနီနာမေနဝါ "ကုတ္တဝါလာ"တိ ဝုတ္တာ၊ (ဋီသစ်၊ ၂၇၄၊)**

၃။ ဝါကျဥယျာဉ် (၂၃၁) ၌ဖြေခဲ့ပြီ။

၄။ ကရီယီသူတိ ကုတ္တာ။ ကုတ္တာ+ဝါလာ ယာသန္တိ ကုတ္တဝါလာ။ (ဘာသာဋီကာ)
ပြုပြင်အပ်, ရိတ်ဖြတ်အပ်ပြီးသော မြီးဆံတို့၏ မြင်းမတို့နှင့် ဂုဏ်+ဂုဏေးစပ် ဝစနပေယတ္။ မြင်းမတို့ဒြပ်သည် ဝစနီယ။
ကပ္ပိတဝါလာစသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ ဝဏ္ဏပယုတ္တတ္တာ၌ ဘာဝသမ္ဗန်ကား ဝဏ္ဏပယုတ္တာနံဖြစ်သည်။ တ္တ-သမ္ဗန်ကား ရထာနံ ဖြစ်သည်။ (ကံ+သမ္ဗန် စာစပ်)
ဝဏ္ဏပယုတ္တ-ဟူသော ဘာဝယောဂ-ပုဒ်၏ ဝါစ္စ-ကား ကမ္မတ္တ-တည်း။

၆။ (က) ကပ္ပိတဝါလေဟိဖြင့် ကုတ္တဝါလေဟိ၌ ပြုပြင်အပ်ပြီးသော အမွေးရှိ၏ဟူသည် ရိက်ဖြတ်အပ်ပြီးသော အမွေးရှိခြင်းပင်တည်း ဟူသောအဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)
သောဘာကရဏတ္ထဲဖြင့် ကပ္ပိတဝါလေဟိ၌ ရိတ်ဖြတ်၏ဟူသည် တင့်တယ်ခြင်းကို ပြုခြင်းအကျိုးငှာ ရိတ်ဖြတ်သည်၏ အဖြစ်ကိုသိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ကပွေတုံ ယုတ္တဋ္ဌာနေသုဖြင့် အရပ်အားလုံးတို့၌ ရိတ်ဖြတ်သည်ကားမဟုတ်၊ ရိတ်ဖြတ်ခြင်းငှာ သင့်လျော်လျောက်ပတ်သော လည်, ဦးခေါင်း, မြီးဆံဖျားအရပ်တို့၌ ရိတ်ဖြတ်သည်၏ အဖြစ်ကို သိစေသည်။

**ဝေဠကနတပဿာဟိတိ** ဒုဿပဋ္ဋဒုဿဝေဏိအာဒီဟိ ဝေဌကေဟိ နမိတဖာသုကာဟိ- (ဋ္ဌ။ ၂၄၅။) ၌ အာ+သံ။

ဒုဿပဋ္ဋဒုဿဝေဏိအာဒီဟိဖြင့် ဝေဌကနတပဿာဟိ၌ ဝေဌကအရ ရစ်ပတ်ကြောင်းဖြစ်ကုန်သော ပုဆိုးပြား, ပုဆိုးစည်း စသည်တို့ကို ယူရမည်ကိုလည်းကောင်း၊ ယင်းအရကောက်နှင့် လျော်ညီစွာ ဝေဌတိ ဧတေနာတိ ဝေဌကံဟု ကရဏသာဓန ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ ဏ္ဏပစ္စည်း၏ ကရဏ သာဓနအနက်၌သက်-လည်းကောင်း သိစေသည်။

ဝေဌကေဟိ နမိတဖာသုကာဟိဖြင့် နတပဿာဟိ၌ နတ-ဝယ် နမု-ဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ တ-ပစ္စည်း၏ အတိတ်ဟေတုကမ္မသာဓနအနက်၌သက်-လည်းကောင်း၊ နမာပီယိတ္ထာတိ နတံ-ဟုပြု-လည်းကောင်း၊ ပဿ-သဒ္ဒါ၏ ဖာသုကအနက်ဟော-လည်းကောင်း၊ (တနည်း) ပဿ-အရ နံပါးကိုရသော်လည်း ဤနေရာ၌ နံရိုးကိုယူရမည်ကိုလည်းကောင်း၊ နတနှင့် ပဿ-ကို နတဥ+ တံ+ ပဿဥ္စာတိ နတပဿံ-ဟုပြု-လည်းကောင်း၊ အပေါင်းပုဒ်ကို ဝေဌကေဟိ+နတပဿံ ယာသံ နာရီနန္တိ ဝေဌကနတပဿာ-ဟု ဘိန္နာဓိကရဏစတုတ္ထီဗဟုဗ္ဗီဟိဝစနတ္ထပြု-လည်းကောင်း၊ (တနည်း) ဝေဌကေဟိ + နတံ ဝေဌကနတံ၊ ဝေဌကနတံ-ပဿံ ယာသံ နာရီနန္တိ ဝေဌကနတပဿာ-ဟု တုလျာဓိကရဏ စတုတ္ထီဗဟုဗ္ဗီဟိ ဝစနတ္ထပြု-လည်းကောင်း သိစေသည်။

ရ။ **ကုဋ္ဋ**-ကား ကရဓာတ်+တက်-ပစ္စည်း။ ကရတ-ဟူလိုလျက် ဓာတွန်-ရ-ကို တ-ပြု၊ က-အစိတ် အ-ကို ဥ-ပြု၍ပြီးသည်။ (တနည်း) ဓာတွန်-ရ-ကို ချေ၊ တ-ဒွေဘော်လာ၊ က-အစိတ် အ-ကို ဥ-ပြု၍ ပြီးသည်။

- **နေတ္တာဒယော တက်ပရာ နိပ္ဖန္နေ၊ ကရ-ကရဏော၊ အဿ၊ ကရဏံ ကုဋ္ဋံ၊ (ဏွာဒိ၊ ၈၄၊)**

(တနည်း) **ကုဋ္ဋ**-ကား ကရ-ဓာတ်+တ-ပစ္စည်း။ ကရ-ကို-ကု-ပြု။ တ-လာ၍ ကုဋ္ဋပြီးသည်။ (ဘာသာဋီကာ)

- **"ကု"ဣတိနိပါတဓာတော ကရဿ ကုဋ္ဋံ၊ (ရူပသိဒ္ဓိ၊ ၄၁၀၊)**
- **မဟာဝုတ္တိနာ တကာရေ ကရဿ ကုဋ္ဋံ၊ (နိရုတ္တိဒီပနီ၊ ၅၅၈၊)**

**ကပ္ပိတ**-ကား ကပ္ပ-ဓာတ်+တ-ပစ္စည်း။ ဣ-လာ၍ ကပ္ပိတ-ပြီးသည်။

- **ကပ္ပ-ဝိတက္ကေ, ဝိဓိမှိ ဆေဒနေ ၈၊ ကပ္ပိတမဿ၊ (နီတိ၊ဓာတု၊ ၃၂၃၊)**

(တနည်း) ကပု-ဓာတ်+တ-ပစ္စည်း။ ဣ-လာ။ ပ-ဒွေးဘော်လာ၍ ကပ္ပိတ-ပြီး၏။

- **ကပ္ပေတုန္တိ ကတ္တရိကာယ ဆိန္ဒိတုံ၊ ကပ္ပိတဝါလေဟိတိ ဧတ္ထာပိ သောဝနယော၊ "န ဘိက္ခဝေ မဿု ကပ္ပါပေတဗ္ဗ"န္တိ အာဒိသု ဝိယ ဟိ ကပု-သဒ္ဒေါ ဆေဒနေ ဝတ္တတိ၊ (သီဋီသစ်၊ ၂၇၄၊)**

**ရထ**-ကား ရမု-ဓာတ်+ထ။ ရမထ-ဟူလိုလျက် မ-ချေ၍ပြီးသည်။

(တနည်း) ရဟ-ဓာတ်+ထ-ပစ္စည်း။ ရဟထ-ဟူလိုလျက် ဟ-ချေ၍ပြီးသည်။

- **ရမတေ ကီဠတေ အနေနာတိ ရထော၊ ရမု ကီဠာယံ၊ ထော၊ မ-လာပေါ၊ ရဟ-ဥပါဒါနေဝါ၊ ထော၊ ရဟီယတိ ဥပ္ပါဒီ ယတီတိ ရထော၊ (သူစိ)**

**ဝဠဝါ**-ကား ဝလ-ဓာတ်+ဝ-ပစ္စည်း+ထီ-အာ။ ဝလဝါ-ဟုဆိုလိုလျက် လ-ကို-ဠပြု၍ ပြီးသည်။

http://www.dhammadownload.com



◆ **ဝေလ-သံဝရဏေ၊ ဝေါ၊ ဥတ္တံ၊ အာ၊ ဝေလတိ, ဝေလ္လတီတိ ဝါ ဝဠဝါ။ (သုစိ၊ ဓာန်ဋီ၊ ၃၇၁၊)**

**ပလိဃ-ကား ပရိပုဗ္ဗ+ဟန-ဓာတ်+ဏ-ပစ္စည်း။ ဓာတွန်န, ဏ-အနုဗန်တို့ကို ချေ၍ ပရိဟ** ဟုဆိုလိုလျက် ရ-ကို လ-ပြု၊ ဟ-ကို ဃ-ပြု၍ ပြီးသည်။

◆ **ပရိပုန္နဟုနံ ဂမနာဂမနဝသေန ဟန္တိတိ ပလိဃော၊ ဏော၊ (ဓာန်ဋီ၊ ၂၁၇၊)**

၈။ ရသေ့ရှစ်ဦး ဋ္ဌ။ ၂၄၁-၅။

၉။ **(ခ+ဂ) ဂါထာစီ**

ဝဠဝါနံယေဝ ဝါလာ၊ န ရထာနံ တု ကပ္ပိတာ။
အဿယုတ္တတ္တာ ရထာပိ၊ ကုတ္တဝါလာတိ ဝုစ္စတိ။
ဥဘယ ရကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်။

၁၀။ ✣ ဝိပရိယာယန္တိ-၌ ရသေ့တို့၏ ထိုမှ ဤမှ လှည့်လည်သွားလာသော အခြင်းအရာအားဖြင့် ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿါဟဋ္ဌာယီဘာဝ+ဝီရိယသာ။

✣ လှည့်လည်သွားလာအပ်သော အရပ်မျက်နှာတို့သည် အာရမ္မဏဝိဘာဝ။

✣ ကောင်းစွာ ရိတ်ဖြတ်အပ်သော အမွေးရှိသော မြင်းမတို့ဖြင့် က, အပ်ကုန်သောရထား တို့သည် လည်းကောင်း, ထိုထိုအရပ်မျက်နှာတို့၏ ရှုချင်စဖွယ်ကောင်းခြင်း ဂုဏ်တို့သည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

✣ ထိုထိုအရပ်မျက်နှာတို့၌ အာရုံအမျိုးမျိုးတို့ကို တွေ့ရခြင်း စသည်တို့သည် အနုဘာဝ။

# ဝါကျဥယျာဉ် ( ၂၄၃ )

## ၁၃၃၄-ခု။ အစိုးရ

(က) **စတ္တာရုဂမှေတိ အင်္ဂါဇာတေ။**

(ခ) ဘဂဝတော ဟိ ဝရဝါရဏဿေဝ ကောသောဟိတံ ဝတ္ထဂုယှံ သုဝဏ္ဏဝဏ္ဏံ ပဒုမဂဗ္ဘသမာနံ။

(ဂ) တံ သော ဝတ္ထပဋိစ္ဆန္နတ္တာ အပဿန္တော, အန္တောမုခဂတာယ စ ဇိဝှါယ ပဟူတဘာဝံ အသလ္လက္ခေန္တော တေသု ဒွီသု လက္ခဏေသု ကင်္ခီ အဟောသိ ဝိစိကိစ္ဆီ။

(ဃ) **စတ္တာရုပန္တိ တံ ရူပံ။**

(ဋ္ဌ၊ ၂၄၆။ သီဋီသစ်၊ ၂၇၆။ ပံ၃က္က၊ ၄၁၈။ နေရင်း၊ ၃၄၂။ ဘာသာဋီကာ၊ ၄၄၅။ ဂဏ္ဌိ၊ ၄၂၆။)

၁။ (ခ) မှတ်ဝါကျကို မှန်ကန်စွာ အနက်ယောဇနာပါ။

၂။ (ဂ) မှတ်ဝါကျ၌ "အပဿန္တော"မှ "တံ"နှင့် "ဟိတ်"သို့ သဒ္ဒသာဘောဂပုစ္ဆာနည်းဖြင့် ထုတ်ပြပါ။

၃။ (ဂ) မှတ်ဝါကျ၌ ဖြစ်သင့်သော စာဒကာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ "ဝတ္ထဂုယှံ"ပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိသင်္ဂဟ ကောက်ပြပါ။

၅။ (ဂ) မှတ်ဝါကျပါ ဟိတ်၏သမ္ဗန်ကိုခံ၍၊ ဖြစ်သင့်သမျှ စာစပ်ပြီးလျှင် ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထကိုလည်း ညွှန်းပြပါ။

၆။ (က)မှတ်ဝါကျ၌ သံဝဏ္ဏနာ, (ဃ) မှတ်ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်ပြပါ။

http://www.dhammadownload.com



၇။ "ဝဋ္ဋဂုယှံ"၌ ဂုယှ ပုဒ်၏ရုပ်ပြီးပုံကို ဓာတု, ပစ္စယ စသည်နှင့်တကွ အစုံအလင် ဖော်ပြပါ။
၈။ ကာ်တိ, ဝိစိကိစ္ဆတိ, နာမိမုစ္စတိ-ပါဋ်တို့ဖြင့်ပြအပ်သော ကင်္ခါ, ဝိစိကိစ္ဆာ, အနဓိမုစ္စနတာတို့၏ အထူးကိုရေးပြီးလျှင်၊ လူအများအရှက်ကို ပြုအပ်ရာ ဝဋ္ဋဂုယှကို အမ္ဗဋ္ဌလုလင်အား မြတ်စွာဘုရား ပြတော်မူရာ၌ အသုံးအဖြတ်ကို ပြဆိုခဲ့ပါ။
၉။ "ဟဒယရူပံ ဒိဿာ ဖုဋ္ဌနကသတ္တော ဘဝေယျ၊ ဟဒယမံသံ နိဋ္ဌေတွာ ဒဿေယျ သမ္မာသမ္ဗုဒ္ဓေါ" ဟူသော အဋ္ဌကထာ (၂၄၆) လာပါဠိကို အဓိပ္ပါယ်မပျက်စေပဲ ဝဏ္ဏမျိုး ဂါထာစီ၍ ဂါထာကို အမည်မှည့်ခဲ့ပါ။
၁၀။ တေတာဒိသေ ပူဇယတော။ ပ။ ကေနစိ။ (ဋ္ဌ၊ ၂၅၄။) ၌ ပူဇယတောဝယ် ဓာတ်၏အရကို ကိုယ်ပြု၍ ဘာဝ ဝိဘာဝ အနဘာဝတို့ကိုထုတ်ပြပါ။

==================

## ၂။ ကံ-ပုဒ်သို့ သဒ္ဒသာဓောဝပုစ္ဆာထွက်ပုံ

ဆရာ-သည် အပဿေနော-ဟူသော ကမ္မိကိုဆိုတော်မူ၏၊ ကမ္မိ သည် ကံနှင့် မကင်းကောင်း သည်မဟုတ်ပါလော၊ ယင်းကမ္မိ၏ ကံ ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် တံ-ပါဋ်ကိုမိန့်။

**အဓိပ္ပါယ်ကား** တံ-ဖြင့် အပဿေနော ဟူသောကမ္မိ၏ကံကို ငါပြဆိုပါ၏ ဟူလိုသော်။

## ဟိတ်ပုဒ်သို့ သဒ္ဒသာဓောဝပုစ္ဆာထွက်ပုံ

ဆရာ-သည် အပဿေနော-ဟူသောဟိတ်၏ ဖိုလ်ကိုဆိုတော်မူ၏၊ ဟိတ်ဖိုလ်မည်သည် ဟိတ်နှင့်မကင်းကောင်းသည်မဟုတ်ပါလော၊ ယင်းဟိတ်ဖိုလ်၏ ဟိတ်ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် ဝဋ္ဋပဋိစ္ဆန္နတ္တာ-မိန့်။

**အဓိပ္ပါယ်ကား** ဝဋ္ဋပဋိစ္ဆန္နတ္တာ-ဖြင့် အပဿေနော ဟူသောဟိတ်ဖိုလ်၏ ဟိတ်ကိုငါပြဆိုပါ၏ ဟူလို။

## (ခ) ဝါကျ

အဒိမ်ဖြင့် ဖုံးလွှမ်းအပ်သည်၏အဖြစ်ကို ဥပမာဖြင့်ထင်ရှားပြလိုရကား "ဘဂဝတော ဟိ" စသည်မိန့်။ (ဂဏ္ဌိ၊ ၄၆၂။)

## ၃။ (ဂ) ဝါကျ၌ စတုက္ကထုတ်ပုံ

(က) နနု ဘဂဝတော ကာယေ ကောသောဟိတဝဋ္ဋဂုယှပဟူတဇိဝှာတာသင်္ခါတာနိ ဒွေမဟာပုရိသ လက္ခဏာနိ သန္တိ။

(ခ) အထ ကသ္မာ သော (အမ္ဗဋ္ဌော) တေသု ဒွီသု လက္ခဏေသု ကင်္ခီ အဟောသိ ဝိစိကိစ္ဆီ။

(ဂ) နနု တံ သော ဝဋ္ဋပဋိစ္ဆန္နတ္တာ အပဿန္တော အန္တောမုခဂတာယ စ ဇိဝှါယ ပဟူတဘာဝံ အသလ္လက္ခေန္တော ဟောတိ။

(ဃ) တသ္မာ သော (အမ္ဗဋ္ဌော) တေသု။ ပ။ ဝိစိကိစ္ဆီ။

## (ခ) ဝါကျနှင့် (ဂ)ဝါကျ တံသော ဝဋ္ဋပဋိစ္ဆန္နတ္တာ အပဿန္တော၌ စတုက္ကထုတ်ပုံ

(က) နနု ဘဂဝတော ဝရဝါရဏဿေဝ ကောသောဟိတံ ဝဋ္ဋဂုယှံ သုဝဏ္ဏဝဏ္ဏံ ပဒုမဂဗ္ဘသမာနံ။

(ခ) အထ ကသ္မာ တံ သော (အမ္ဗဋ္ဌော) န ပဿတိ။

(ဂ) နနု တံ ဝဋ္ဋပဋိစ္ဆန္နံ ဟောတိ။

(ဃ) တသ္မာ တံ သော (အမ္ဗဋ္ဌော) န ပဿတိ။

http://www.dhammadownload.com



**(ဂ) ဝါကျ၌ တံ ဇာသာ ဝတ္တပဋိစ္စနုတ္တာ အပဿေန္တော-၌ စတုတ္ထာထုတ်ပုံ**

(က) နနု ဘဂဝတော ဝရဝါရဏဿေဝ ကောသောဟိတဝတ္ထဂုယှလက္ခဏံ သံဝိဇ္ဇတိ။

(ခ) အထ ကသ္မာ တံ သော (အမ္ဗဋ္ဌော) န ပဿတိ။

(ဂ) နနု တံ ဝတ္ထပဋိစ္ဆန္နံ ဟောတိ။

(ဃ) တသ္မာ တံ သော (အမ္ဗဋ္ဌော) န ပဿတိ။

**အန္တောမုခဂတာယစ ဇိဝှါယ ပဟူတဘာဝံ အသလ္လက္ခေန္တော၌ စတုတ္ထာထုတ်ပုံ**

(က) နနု ဘဂဝတော ပဟူတဇိဝှါလက္ခဏံ သံဝိဇ္ဇတိ။

(ခ) အထ ကသ္မာ (အမ္ဗဋ္ဌော) ဇိဝှါယ ပဟူတဘာဝံ န သလ္လက္ခေတိ။

(ဂ) နနု ဇိဝှါ အန္တောမုခဂတာ ဟောတိ။

(ဃ) တသ္မာ (အမ္ဗဋ္ဌော) ဇိဝှါယ ပဟူတဘာဝံ န သလ္လက္ခေတိ။

၄။ ဝတ္ထေန+ဂုဟိတဗ္ဗန္တိ ဝတ္ထဂုယှံ။ (သိဋ္ဌိသစ်)

အဝတ်ဖြင့်ဖုံးလွှမ်းခြင်း ကြိယာသကတ်သည်လည်းကောင်း၊ အဝတ်၏ + ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်နှင့် ပဋိစ္ဆာဒန + ပဋိစ္ဆာဒေတဗ္ဗ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန္ဓသကတ်သည်လည်းကောင်း ဝစနဟေတု၊

အင်္ဂါဇာတ်ဒြဗ်သည် ဝစနီယ၊

အင်္ဂဇာတ်, ရဟဿင်္ဂစသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

(တနည်း) ဝသျတေ အစ္ဆာဒီယတေတိ ဝတ္ထံ။ ဂုဟိတဗ္ဗန္တိ ဂုယှံ။

ဝတ္ထေန+ဂုယှန္တိ ဝတ္ထဂုယှံ။

ဤအလို သမ္ဗန်သကတ်ကို ဝစနဟေတု ထုတ်။

ဇီဝတိ တေဟာတိ ဇိဝှါ။ ဇီဝိတံ အဝှါယတီတိ ဝါ ဇိဝှါ။ (ဓာန်ဋီ။ ၁၅၀။)

အဝဓိယတေ-အတွင်း၌ ထားအပ်၏။ ဌာတိ။ ဩဟိတံ။ (အဝ+ဓာ+တ)

ကောသေ+န+ဩဟိတံ ကောသောဟိတံ။

တထာ+ရူပံ ယဿာတိ တထာရူပေါ။ (ဗဟုဗ္ဗိဟိသဒ္ဒါ) (ဘာဋီ၊ ၄၄၅)

ဝါရေတိ ပရဗလန္တိ ဝါရဏော။ ဝရ+ယု။ (ဓာန်ဋီ။ သူစိ)

အင်္ဂီယတေ ဉာယတေ သမုဒါယော ဧတေနာတိ အင်္ဂံ။ (ကိုယ်အင်္ဂါအစိတ်အစိတ်ရင်း၏။)

အင်္ဂ အဿ အတ္ထီတိ အင်္ဂံ။ (သရီရံ)

အင်္ဂေ သရီရေ+ဇာယတီတိ အင်္ဂဇာတံ။ (ဓာန်ဋီ။ ၂၇၃။)

၅။ ဝတ္ထပဋိစ္ဆန္နတ္တာ-ဟူသော ဟိတ်၏သမ္ဗန်ကို "တဿ ဝတ္ထဂုယှဿ"ဟုသံ။ (ကံ+သမ္ဗန်စာစပ်) ဘာဝသမ္ဗန်၏ ပစ္စယတ္ထကား ကမ္မတ္ထဖြစ်သည်။

၆။ (က) အင်္ဂဇာတေ-ဖြင့် ဝတ္ထဂုယှ သည် အင်္ဂဇာတ-၏ ပရိယာယ်တည်းဟု သိစေသည်။

◆ **အင်္ဂဇာတံ ရဟဿင်္ဂံ၊ ဝတ္ထဂုယှဥ္စ မေဟနံ။ (ဓာန်၊ ၂၇၃။)**

(ဃ) ဝါကျ တံရူပံ-ဖြင့် တထာရူပံ-၌ တထာ-သဒ္ဒါသည် ပဋိဘာဂ စသောအနက်ကို မဟော၊ နိယမတ္ထ(တံ သဒ္ဒတ္ထ)ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ တထာရူပံ-သည် ဝါကျမဟုတ်၊ သမာသ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း၊ တထာ ရူပံ တဿာတိ တထာရူပေါ (တံ)ဟု စတုတ္ထီဗဟုဗ္ဗိဟိ ပြုရမည်ကို လည်းကောင်း သိစေပါသည်။ (ဘာသာဋီ။ ၄၄၆။)

http://www.dhammadownload.com



❖ "ထထာရူပ"န္တိ ဣတ္ထံ သဏ္ဌာနရူပံ။ ဟ "တံရူပ"န္တိ။ (သီဋီသစ်၊ ၂၇၆။)

**ကောသောဟိတေတိ ဝတ္ထိကောသေန ပဋိစ္ဆန္နေ။ (ဋ္ဌ၊ ၂၄၆) ၌ အာ+သံ။**

ဝတ္ထိကောသေန ပဋိစ္ဆန္နေ-ဖြင့် ကောသောဟိတေ-ကို ကောသ+ဩဟိတေ-ဟုပုဒ်ဖြတ်၍ ကောသ-သဒ္ဒါ၏ သိုအိမ် (ဝါ) လိင်အိမ်-ဟူသောအနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ ဩဟိတ၌ အဝ-ဥပသာရ-ပုဒ်၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကိုလည်းကောင်း၊ ဓာ-ဓာတ်၏ ပဋိစ္ဆန္န အနက်ဟော-လည်းကောင်း၊ တ-ပစ္စည်း၏ ကမ္မသာဓနအနက်၌သက်-လည်းကောင်း၊ အဝဓီယတေ ပဋိစ္ဆာဒီယတေတိ ဩဟိတံ-ဟုပြု-လည်းကောင်း၊ အပေါင်းပုဒ်ကို ကောသေန+ ဩဟိတံ ကောသောဟိတံ-ဟု တတိယာတပ္ပုရိသ်မာသ် ဝစနတ္ထပြု-လည်းကောင်း သိစေသည်။

၇။ ဝုယှံ-ကား ဝုဟ-ဓာတ်+ဏျ-ပစ္စည်း။ ဓာတွန်သရ-ကိုချေ၊ ဝဒမဒ စသောသုတ်ဖြင့် ဏျ-ပစ္စည်းကို ဓာတွန် ဟ-နှင့်တကွ ယှ-ပြု၊ နာမ်ငဲ့သိသက်၊အံ-ပြု၊ဝုယှံ-ပြီး၏။ (ရူပသိဒ္ဓိ၊ ၅၅၆-ကြည့်။)

(တနည်း) ဝုယှံ-ကား ဝုဟ-ဓာတ်+ယက်-ပစ္စည်း။ ဓာတွန်သရကိုချေ။ ဟဿဝိပလ္လာသော-သုတ်ဖြင့် ဟ-နှင့်-ယ-ကို ရှေ့နောက်ပြန်။ နာမ်ငဲ့၊ သိသက်၊ အံ-ပြု၊ ချေ၊ ကပ်။ ဝုယှံ-ပြီး၏။ (မောဂ်၊ ၁။ ၅၀။ မောဂ်၊ ၅၊ ၃၂။)

ဇိဝှါ-ကား ·(ဇီဝိတ-သဒ္ဒူပပဒ+အဝှါ-ဓာတ်+အ-ပစ္စည်း။) ဇီဝိတ ဝှါ-ဟူလိုလျှက် ဝိ-နှင့်-တ-ကိုချေ။ ဇီ-၌ ဤ-ကို ဣ-ပြု၍ပြီးသည်။

❖ **ဇီဝိတ နိမိတ္တံ ရသော ဇီဝိတံနာမ၊ တံ အဝှယတီတိ ဇိဝှါ။ ဝဏ္ဏလောပေါ၊ (ဓာန်ဋီ၊ ၁၅၀၊)**

(တနည်း) ဇိဝ-ဓာတ်+ဟ-ပစ္စည်း။ ဇီ-၌ ဤ-ကို ဣ-ရဿ-ပြု၍ ပြီးသည်။

❖ **ဇီဝ ပါဏာဓာရဏေ၊ ဟော၊ ရဿတ္တံ၊ ဇီဝန္တိ တာယာတိ ဇိဝှါ။ (သုစိ၊ ဓာန်ဋီ၊)**

၈။ **ကင်္ခါ, ဝိစိကိစ္ဆာ, အနုမိဗုဒ္ဓနတာတို့၏ အထူး**

အားနည်းသော တွေးတောယုံမှားမှုသည် **ကင်္ခါ**မည်၏။

အလယ်အလတ်ဖြစ်သော တွေးတောယုံမှားမှုသည် **ဝိစိကိစ္ဆာ**မည်၏

အားကြီးသော တွေးတောယုံမှားမှုသည် **အနုမိဗုဒ္ဓနတာ** မည်၏။ ဤသို့ထူးပါသည်။(ဋ္ဌ၊၂၄၆။)

ဝတ္ထဂုယှ-ကို အမ္ဗဋ္ဌ အားပြတော်မူရာ၌ မြတ်စွာဘုရားသည် လျှို့ဝှက်အပ်သော အင်္ဂါဇာတ် အစစ်ကို ပြတော်မူသည်ကားမဟုတ်၊ အင်္ဂါဇာတ်၏ အရိပ်အရောင် အတုကလေးမျှကိုသာ တန်ခိုး ဖန်ဆင်း၍ ပြခြင်းဖြစ်သည်။ (ဋ္ဌ၊ ၂၄၆။)

၉။ ဒိသွာန ဟဒယရူပံ၊ ဗုဇ္ဈနကဇနော ဘဝေ။

နိဋ္ဌေတွာ ဟဒယမံသံ၊ ဒဿေယျ ဒွိပဒုတ္တမော။ သကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။

၁၀။ **ဂါထာ၌-ပူဇယတော-ဝယ် ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။**

✣ ပူဇ-ဓာတ်အရ ပရိနိဗ္ဗာန်စံပြီးကုန်သော ဘုရားရှင်ကို ပူဇော်သူ၏ သန္တာန်၌ သဒ္ဒါ-သတိ စသည် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိဂ်ရရသ။

✣ ပရိနိဗ္ဗာန်စံပြီးကုန်သော ဘုရားရှင်တို့သည် အာရမ္မဏဝိဘာဝ။

✣ ထိုဘုရားရှင်တို့၏ တာဒိသ, နိဗ္ဗုတ, အကုတောဘယ-အစရှိသော ဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ။

✣ မရေတွက်နိုင်သော ကောင်းမှုကုသိုလ, အကျိုးထူးကို ရရှိခြင်းသည် အနုဘာဝ။

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၂၄၄ )

(က) **ဘုဒ္ဓဿာဝိန္တိ** ဘုတ္တာဝန္တံ။ **ဩနီတပတ္တပါဏိန္တိ** ပတ္တတော ဩနီတပါဏိံ၊
(ခ) အပနီတဟတ္ထန္တိ ဝုတ္တံ ဟောတိ။
(ဂ) **ဩဏိတ္တပတ္တပါဏိန္တိပိ** ပါဌော။
(ဃ) တဿတ္ထော၊ ဩဏိတ္တံ နာနာဘူတံ ဝိနာဘူတံ ပတ္တံ ပါဏိတော အဿာတိ ဩဏိတ္တပတ္တပါဏိ။
(င) တံ ဩဏိတ္တပတ္တပါဏိံ၊
(စ) ဟတ္ထေ စ ပတ္တဉ္စ ဓောဝိတွာ ဧကမန္တေ ပတ္တံ နိက္ခိပိတွာ နိသိန္နန္တိ အတ္ထော။
(ဋ၊ ၂၄၈။ နီသစ်၊ ၂၇၉။ ပဒတ္ထ၊ ၄၂၃။ ဘာသာဋီကာ၊ ၄၅၂။ ဂဏ္ဌိ၊ ၄၆၅။)

၁။ ဃ-င-စ-ဝါကျတို့ကို ကျနစွာအနက်သမ္ဗန်ပါ။
၂။ (ခ) ဝါကျကို လျှင်းပါးပုစ္ဆာတက်၍ (ဃ) ဝါကျကို သာဘောဂါနုသန္ဓေတက်ပါ။
၃။ တဒါ စ တဿိံ နဂရေ ယညော နတ္ထိ။ ဘောဇနဒက္ခိဏဿ ပန သန္တိကေ မန္တသဇ္ဈာယနတ္တံ ဧတေ သန္နိပတိတာ။ (ဋ၊ ၂၅၀။) ကို ဓောဒကာဘောဂါဒိ စတုက္က မှန်ကန်စွာထုတ်ပြပါ။
၄။ (စ) ဝါကျနှင့်အညီ ဩဏိတ္တပတ္တပါဏိ-ကို ဝိဂ္ဂဟ-ပြု၍ ဝစနာဒိဆက္ကထုတ်ခဲ့ပါ။
၅။ (ခ) ဝါကျ၌ အပနီတဟတ္ထံ-ကို ဟိတ်ပြင်၍ ယင်း၏ဖြစ်သင့်သော သမ္ဗန်ကို ဖော်ထုတ်ပြီး အတ္ထာနုရူပစာစပ်ပြပါ။
၆။ (က+ခ) ဝါကျတို့ကိုသာ အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ဟတ္ထ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ **သမ္မောဒါရေယျာတိ** သုဋ္ဌု ပဝါရေယျာ၊ "အလံ အလ"န္တိ ဟတ္ထသညာယ၊ (ဋ။ ၂၄၈။)-ဝယ် ရရှိနိုင်သော နယပစာရ အဓိပ္ပါယ်ကို အကြောင်းသွင်း၍ ရှင်းပြပါ။
၉။ (စ) ဝါကျလာ စကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္ထာဓာတိဂါထာတပုဒ် စီကုံးပြပါ။
၁၀။ (က) ဝါကျ ဘုတ္တာဝီ-၌ အန္တတ္ထ-ကိုရှု၍ ဘာဝလက္ခဏာရ စုံလင်စွာထုတ်ပါ။

==================

## ၂။ (ခ) ဝါကျလျှင်းပါး၍ ပုစ္ဆာတက်ပုံ

ဆရာ-သည် (က) ဝါကျဖြင့် ဩနီတပတ္တပါဏိ-ကို ပတ္တတော ဩနီတပါဏိ-ဟု ဖွင့်ပြဆိုတော်မူ၏။ ဩနီတပါဏိ-၌ အဝ+ရှေးရှိသော-နီ-ဓာတ်သည် မည်သည့်အနက်ကို ဟောပါသနည်း။ နီဟရဏ အနက်ကိုပင်ဟောပါသလော။ ပါဏိ-သဒ္ဒါသည် သတ္တဝါ-ဟူသော အနက်ကိုပင်ဟောပါသလော၊ ဤ၌မည်သည့်အနက်ကို ဟောပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပါယ်ကား** (ခ) ဝါကျဖြင့် ဩနီတပါဏိ-၌ အဝ-ရှေးရှိသော နီ-ဓာတ်သည် အပနီတ-အနက်ကိုဟော၏, ပါဏိ-သဒ္ဒါသည် ဟတ္ထ-လက်ဟူသောအနက်ကိုဟော၏-ဟုငါပြ-ဟူလို။

**အမှာ** ရိုးရိုးသာဘောဂပုစ္ဆာ ကျမ်းတက်လိုက--ဦးခေါင်းဖြင့်ရွက်ဆောင်သော ဝန်ကိုချဘိသကဲ့သို့ ပယ်ချမှုမျိုးကို ဩနီတပတ္တပါဏိ-ဟုဆိုလိုပါသလော၊ (ဂဏ္ဌိ။ ၄၆၅။) ဩနီတပတ္တပါဏိ-ပုဒ်၏ (ပဒပိဏ္ဍတ္ထ) အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်-ဟုတက်လေ။

http://www.dhammadownload.com



## (ဃ) ဝါကျ သာဓောဂနုသန္ဓေ

ဤသို့ (ဂ) ဝါကျဖြင့် ဩဏိတ္တပတ္တပါဏိ-ဟူ၍လည်း ပါဠိတမျိုးရှိသေးကြောင်း ဖွင့်ပြဆိုတော် မူပြီး၍ ယခုအခါ၌ ပါဌ်သာကွဲ၍ အနက်မကွဲလော-ဟု စောဒနာဘွယ်ရှိရကား (ဂဏ္ဌိ၊ ၄၆၅။) ထိုစောဒနာကို သောနောတော်မူလိုသော ဆရာသည် တသဏ္ဌော စသော (ဃ) ဝါကျကိုမိန့်၏။

(င) ဝါကျကား ပဒါဝဓိကန္တ ဒန္တဇ္ဈေဒန အဖွင့်မှတပါး ဝါကျာဝဓိကန္တ ဒန္တသောဓနေ အဖွင့်ကိုပြသော ဝါကျဖြစ်သည်။ (ထုံးစံအတိုင်းတက်)

## (စ) ဝါကျအနုသန္ဓေ

ဤသို့ (ဃ) ဝါကျဖြင့် ဩဏိတ္တပတ္တပါဏိ-ဟူသော မူကွဲပါဠိကို ဘိန္နာဓိကရဏစတုတ္ထီ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြု၍ ဩဏိတ္တသဒ္ဒါ ဝိနာဘူတအနက်ဟော၏- ဟုဖွင့်ပြဆိုပြီး၍ ယခုအခါ၌ ယင်း၏ ဥဇုကတ္ထဖြစ်သော အဓိပ္ပါယ်အကျယ်ကို ပြလိုသောဆရာသည် (စ) မိန့်၏။

(တနည်း၊) ယခုအခါ၌ ဩဏိတ္တပတ္တပါဏိ-ပုဒ်၏ အခြားဖြစ်သင့်သော ဝိဂ္ဂဟနှင့် ဩဏိတ္တသဒ္ဒါ၏ အခြားဖြစ်သင့်သော အနက်တမျိုးကို ပြလိုသောဆရာသည် (စ)မိန့်၏။

**မှတ်ချက်** ပထမနည်းကား ဣတိအဏ္ဍော-ကိုရှု၍ ဝိတ္ထာရ တက်သည်။

ဒုတိယနည်းကား အောက်ပါဋီသစ်နှင့်အညီ ပက္ခန္တရ တက်ခြင်းဖြစ်သည်။

❖ **ဩဏိတ္တသဒ္ဒေါ ဝိနာဘူတေဟိ ဒဿေတိ "ဩဏိတ္တ ပတ္တပါဏိန္တိပိ ပါဌော"တိ အာဒိနာ၊ သုစိကရဏတ္ထော ဝါ ဩဏိတ္တသဒ္ဒေါ၊ ဩဏိတ္တံ အာမိသာပနယနေန သုစိကတံ ပတ္တံ- ပါဏိစ အဿာတိ ဟိ ဩဏိတ္တပတ္တပါဏိ၊ တေနာဟ "ဟတ္ထေ စ ပတ္တဥ္စ ဓောဝိတွာ"တိ၊ (သီဋီသစ်၊ ၂၇၉၊)**

၃။ (က) နနု တဒါ တဿ နဂရေ ယညော နတ္ထိ။

(ခ) အထ ကသ္မာ ဧတေ သန္နိပတိတာ။

(ဂ) နနု သောဏဒဏ္ဍဿ သန္တိကေ မန္တသဇ္ဈာယနံ အတ္ထိ။

(ဃ) တသ္မာ ဧတေ သန္နိပတိတာ။

၄။ ဩဏိတ္တံ ပတ္တံ ပါဏိစ အဿ ဘဂဝတောတိ ဩဏိတ္တပတ္တပါဏိ။ (တိပဒဗဟုဗ္ဗိဟိ)

ဆေးကြောအပ်ပြီး, စင်ကြယ်အောင် ပြုအပ်ပြီးသော သပိတ်, လက်တို့၏+ဘုရားရှင်နှင့် သံ+သာမိ ဂုဏ်+ဂုဏေးစပ် ဝစနဟောတု။

ဘုရားရှင်ဖြစ်သည် ဝစနီယ။

အပနီတပတ္တဟတ္ထ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ (ခ) အပနီတဟတ္ထံ-ကို အပနီတဟတ္ထတ္တာ-ဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို ဘဂဝတော-ဟု ခံ။ (ကတ္တား+သမ္ဗန် စပ်)

❖ **ဘဂဝန္တံ ဘုတ္တာဝိံ ဩနီတပတ္တပါဏိံ၊ (ပါဠိတော်၊ ၁၀၂၊)**

(စ) ဝါကျ၌ နိသိန္နံကို နိသိန္နတ္တာ-ဟု ဟိတ်ပြင်ကလည်း ယင်းသမ္ဗန်ကို ဘဂဝတော-ဟုခံ။

၆။ (က) ဝါကျ ဘုတ္တာဝိန္တံ-ဖြင့် ဘုတ္တာဝီ-၌ ဘုဇ-ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ တာဝီ-ပစ္စည်း၏ အတိတ်ကာလသာခ်အနက်၌ သက်သည်ကိုလည်းကောင်း၊ အာဟုဋ္ဌိတိ ဘုတ္တာဝီ-ဟု အတိတ်ကာလသာခ်ပြုရမည်ကို လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



ပတ္တတော ဩနီတပါကိဖြင့် ပတ္တတော ဩနီတပါကံ ယဿာတိ ဩနီတပတ္တပါဏိ၊ (တံ ဩနီတပတ္တပါဏိ)ဟု ဘိန္နာဓိကရဏ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်ကို လည်းကောင်း၊ ပတ္တ၊ဩနီတပါဏိ-ဟုဆိုလိုလျက် ပတ္တနှင့် ဩနီတ ကိုရှေ့နောက်ပြန်၍ ဩနီတပတ္တပါဏိဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေပါသည်။

ဋီကာသစ်၌ကား ရှေ့နောက်ပြန်သည်ဟု မယူဘဲ "ဩနီတာ ပတ္တတော ပါဏိ တေသာတိ ဩနီတပတ္တပါဏိ" ဟု ဘိန္နာဓိကရဏ တိပဒဗာဟိရတ္ထ သမာသ်ပြုသည်။

(ခ) ဝါကျ အပနီတဟတ္ထံ-ဖြင့် ဩနီတပါဏိ-၌ ဩနီတ-ဝယ် ဩ-၏ အဝ ဥပသာရ၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း၊ ယင်းအဝဥပသာရ၏ ဓာတွတ္တဝိသေသက၏ အဖြစ်ကို လည်းကောင်း၊ နီ-ဓာတ်၏ (အဝ-ဥပသာရကြောင့်) ဤ၌ အပနယန-ပယ်ရှားခြင်းအနက်ဟောသည်ကို လည်းကောင်း၊ တ-ပစ္စည်း ကမ္မသာဓနအနက်၌ သက်သည်ကိုလည်းကောင်း၊ အဝနီယတေတိ ဩနီတော-ဟု ပြု-လည်းကောင်း၊ ပါဏိသဒ္ဒါ ဤ၌ သတ္တာ-စသောအနက်ကိုမဟော၊ လက်ဟူသော အနက်ဟောသည်ကိုလည်းကောင်း, ဩနီတော ပါဏိ ဧတဿ ဘဂဝတောတိ ဩနီတပါဏိ-ဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း, ဩနီတပတ္တပါဏိ-ဟူသည် သပိတ်တော်မှ ပယ်ရှားအပ်သော လက်ရှိတော်မူသော မြတ်စွာဘုရားပင်တည်း ဟူသောအဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

(ဃ) ဝါကျဖြင့် ဩဏိတ္တပတ္တပါဏိ-ဟူသော မူကွဲပါဠိကို ဩဏိတ္တံ (ဝိနာဘူတံ) ပတ္တံ ပါဏိတော အဿာတိ ဩဏိတ္တပတ္တပါဏိ-ဟု ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ စတုတ္ထီ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ ယင်း၌ ဩဏိတ္တ သဒ္ဒါ၏ နာနာဘူတ ဝိနာဘူတ အနက်ဟောသည်ကို လည်းကောင်း သိစေပါသည်။

(င)ဝါကျဖြင့် ပါဠိတော်၌ ဩဏိတ္တပတ္တပါဏိ-ဟု ဒုတိယန္တနှင့်ရှိသည်၏အဖြစ်ကို သိစေသည်။

(စ) ဝါကျဖြင့် ဩဏိတ္တပတ္တပါဏိ-ဟူသော မူကွဲပါဠိကို ဩဏိတ္တံ အာမိသာပနယနေန သုစိကတံ ပတ္တံ, ပါဏိစ အဿာတိ ဩဏိတ္တပတ္တပါဏိ-ဟု တုလျာဓိကရဏ တိပဒ ဗာဟိရတ္ထ ဗဟုဗ္ဗီဟိ သမာသ်တွဲစပ်ရမည်ကို လည်းကောင်း, ယင်း၌ ဩဏိတ္တ သဒ္ဒါ၏ သုစိကရဏ အနက်ဟောသည်ကို လည်းကောင်း, ဩဏိတ္တပတ္တပါဏိ-ပုဒ်ကို ဘဂဝန္တံ-ဟူသော (ပါဠိတော်) ဝိသေသျ-၌ ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စာစပ်ရမည်ကို လည်းကောင်း, သိစေပါသည်။

**အမှာ** သီဋီသစ် သာဓကပါဠိ ကျမ်းတက်၌ ဖော်ပြခဲ့ပြီ။

၇။ **ဟာသ္သ-နိဂ္ဂဟိတ္တ** ဝါကျဥယျာဉ် (၁၄၅)၌ရေးခဲ့ပြီ။

## ၈။ ဟာသ္သသညာယ-၌ နယူပစာရ အဓိပ္ပါယ်

**ဟာသ္သသညာယ**-၌ လက်အမှတ်အသားကိုသာ အဦးမူ၍ဆိုထားခြင်းကား ဧကဒေသူပစာ ပစာန၊ ဥပလက္ခဏ၊ နိဒဿန နည်းများကို ရည်ညွှန်း၍ဆိုထားခြင်း ဖြစ်သည်။

**အကြောင်းကား** တော်ပြီ တန်ပြီ-ဟု ပယ်မြစ်ခြင်းသည် လက်အမှတ်ဖြင့်သာမဟုတ်၊ တပါးသောအရာ၌ မုခဝိကာရ= မျက်နှာ ဖောက်ပြန်ခြင်း, ဝစီဘေဒ=နှုတ်မြွက်ခြင်းဖြင့်လည်း ပယ်မြစ်မှုကို ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တပြိုင်နက်သောခဏ၌ပင် (လက်အမှတ်ဖြင့် ပယ်မြစ်မှု, မုခဝိကာရမျက်နှာဖောက်ပြန်၍ (ဝါ) ဦးခေါင်းလှုပ်ရမ်း၍ ပယ်မြစ်မှု, ဝစီဘေဒ= နှုတ်မြွက်၍ ပယ်မြစ်မှုဟူသော) ပစ်မြစ်မှုအလုံးစုံကိုလည်း ရအပ်, ရနိုင်သောကြောင့် လည်းကောင်း တည်း။ (သီဋီသစ်၊ ၂၇၈၊ ၂၇၉။)

http://www.dhammadownload.com



၉။ **(စ) ဂါထာစီ။**

ဟတ္ထေ, ပတ္တဥ္စ ဓောဝိတွာ၊ ဇောဿိုယေဝ ဩကာသေ။
ပတ္တံ နိက္ခိပန့် ကတွာ၊ နိသီဒန္တိ မဟော အတ္ထော။ (ဝတ္တဂါထာ)

၁၀။ **ဘုတ္တာဝီ-၌ အန္တတ္ထကိုရှု၍ ဘာဝါလက္ခဏာရထုတ်ပုံ။**

- ဘုတ္တာဝီ-၌ ဘုဇ-ဓာတ်အရ ဆွမ်းဘုဉ်းပေးတော်မူသော ဘုရားရှင်၏ သန္တာန်၌ ပစ္စဝေက္ခဏာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိဂါရဝသ။
- ဘုဉ်းပေးသုံးဆောင်အပ်သော ဆွမ်းဘောဇဉ်သည် အာရမ္မဏဝိဘာဝ။
- ရောဂါသစ်များ မဖြစ်စေလိုခြင်း, မွတ်သိပ်ဆာလောင်မှုကို ပယ်ဖျောက်လိုခြင်း စသော အကြောင်းတရားများသည် ဥဒ္ဒီပနဝိဘာဝ၊
- ရောဂါကင်း၍ သတ္တဝါတို့အား တရားရေအေးတိုက်ကျွေးနိုင်ခြင်း, ကိုယ်တိုင်ဖလသမာပတ်ချမ်းသာတို့ဖြင့် ဒိဋ္ဌဓမ္မသုခဝိဟာရကို ခံစားနိုင်ခြင်း စသောအကျိုးတရား အဆက်ဆက်သည် အနုဘာဝ။

## ဝါကျဥယျာဉ် ( ၂၄၅ )

(က) **ဩကာရန္တိ** အဝကာရံ လာမကဘာဝံ။ **သာမုက္ကံသိကာတိ** သာမံ ဥက္ကံသိကာ, အတ္တနာယေဝ ဥဒ္ဓရိတွာ ဂဟိတာ၊ သယမ္ဘုဉာဏေန ဒိဋ္ဌာ အသာဓာရဏာ အညေသန္တိ အတ္ထော။
(ခ) ကာ ပန သာတိ ? အရိယသစ္စဒေသနာ။
(ဂ) တေနေဝါဟ **"ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂ"န္တိ**။
(ဃ) **ဓမ္မစက္ခုန္တိ** ဧတ္ထ သောတာပတ္တိမဂ္ဂေါ အဓိပ္ပေတော၊
(င) တဿ ဥပ္ပတ္တိအာကာရဒဿနတ္ထံ **"ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ** အာဟ။
(စ) တဉှိ နိရောဓံ အာရမ္မဏံ ကတွာ ကိစ္စဝသေန ဧဝံ သဗ္ဗသင်္ခတံ ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ။
(ဌ၊ ၂၄၈။ ဋီသစ်၊ ၂၈၀။ ပဉ္စက္က၊ ၄၂၃။ ဘာသာဋီကာ၊ ၄၅၅။ ဂဏ္ဌိ။ ၄၆၆။)

၁။ (က) ဝါကျကိုသာ အနက်မှန်မှန်သမ္ဗန်ပါ။
၂။ (စ) ဝါကျကို အာဘောဂါယုတ္တစောဒနာတက်ပါ။
၃။ (ဃ) ဝါကျကို စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။
၄။ သယမ္ဘုဉာဏ-ပုဒ်ကို အစိတ်အပေါ်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကို ဝစနာဒိသက္က ထုတ်ပါ။
၅။ လာမကဘာဝံ-၌ ဖြစ်သင့်သောသမ္ဗန်ကို ထုတ်ပြပြီး၍ ယင်းပုဒ်ကိုရသင့်သလို စာစပ်ခဲ့ပါ။
၆။ (က) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ လာမက-ပုဒ်၏ ရုပ်ပြီးပုံကို ပြည့်စုံစွာ ဖော်ပြပါ။
၈။ ဓမ္မစက္ခု-အရ ရနိုင်သမျှသော အနက်အရကောက်တို့ကို ဖော်ပြပါ။
၉။ (စ) ဝါကျလာ စကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုးလာ ကြိုက်နှစ်သက်ရာ တစ်ဂါထာ စီကုံးပြပါ။
၁၀။ (စ) ဝါကျ၌ ပဓာနကြိယာ၏ ဓာတွတ္ထကိုရှု၍ ဘာဝါလက္ခဏာရ ထုတ်ပါ။

====================

http://www.dhammadownload.com



## ၂။ (စ) ဝါကျ အာဘောဂါယုတ္တစောဒနာ

ဆရာ-သည် (င) ဝါကျဖြင့် သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပုံ အခြင်းအရာကို ပြခြင်းအကျိုးငှာ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"ဟု ဟောတော်မူသောဟု ဖွင့်ပြဆိုတော်မူ၏၊ သောတာပတ္တိမဂ်ဉာဏ်သည် နိဗ္ဗာန်ဟူသော နိရောဓသစ္စာကိုသာ အာရုံပြု၍ သင်္ခတတရားများကို အာရုံမပြုသည် မဟုတ်ပါလော၊ အဘယ်ကြောင့် သောတာပတ္တိမဂ်ဉာဏ်၏ ဖြစ်ပုံအခြင်းအရာ အာကာရကို ပြခြင်းအကျိုးငှာ (ယံကိဉ္စိ သမုဒယဓမ္မံ စသည်ကို ဟောတော်မူ၏) ဟုဖွင့်ဆိုပါသနည်း။ ယင်းသို့ဖွင့်ဆိုခြင်း၏ အကြောင်းကိုမပြသော် ဆရာအား ဖလ+ကာရဏ သန့်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (စ) ဝါကျမိန့်။

◆ "တဿ ဥပ္ပတ္တိအာကာရဒဿနတ္ထံ"န္တိ ကသ္မာ ဝုတ္တံ၊ နနု မဂ္ဂဉာဏံ အသင်္ခတ-ဓမ္မာရမ္မဏမေဝ၊ န သင်္ခတဓမ္မာရမ္မဏန္တိ စောဒနံ သောဓေန္တော "တဉ္စ"တိအာဒိမာဟ။ (သီဋီသစ်၊ ၂၈၀။)

(က) အသာဓာရဏာ အဒေသန္တိ အဓေဏ္ဏာ-သို့ ကျမ်းထက်ပုံ။

သာမံ အတ္ထနာယေဝ-၌ ဝေ၏ နိဝတ္တေတဗ္ဗအနက်ကို ပြလို၍ အသာဓာရဏာ အဒေသံ-မိန့်။ (ဂဏ္ဌိ၊ ၄၆၆။)

◆ သာမံသဒ္ဒေန နိဝတ္တေတဗ္ဗမတ္ထံ ဒဿေတိ "အသာဓာရဏာ အဒေသ"န္တိ ဣမိနာ။ (သီဋီသစ်၊)

## ၃။ (ဃ) ဝါကျ စောဒကာဘောဂါဒိဗိစတုက္ကထုတ်ပုံ

(က) နနု ပြဟ္မာယုသုတ္တေ ဟေဋ္ဌိမာ တယော မဂ္ဂါ, စူဠရာဟုလောဝါဒသုတ္တေ အာသဝက္ခယော "ဓမ္မစက္ခု"န္တိ ဝုတ္တော။ (သီဋီသစ်)

(ခ) အထ ကသ္မာ ဓမ္မစက္ခုန္တိ ဝုတ္တေ သောတာပတ္တိမဂ္ဂေါ အဓိပ္ပေတော။

(ဂ) နနု တဒဒေသံ ဟုစ အသမ္ဘဝေါ ဟောတိ။

(တနည်း) ပေါက္ခရသာတိ ပြာဟ္မဏဿ သန္တာနေ သောတာပတ္တိမဂ္ဂေါဝ ဥပ္ပဇ္ဇတိ။

(ဃ) တသ္မာ ဓမ္မစက္ခုန္တိ ဝုတ္တေ သောတာပတ္တိမဂ္ဂေါ အဓိပ္ပေတော။

## (င+စ) ဝါကျ စတုက္ကထုတ်ပုံ

(က) နနု မဂ္ဂဉာဏံ အသင်္ခတဓမ္မာရမ္မဏမေဝ၊ န သင်္ခတဓမ္မာရမ္မဏံ။ (သီဋီသစ်)

(ခ) အထ ကသ္မာ "တဿ ဥပ္ပတ္တိအာကာရဒဿနတ္ထံ"န္တိ ဝုတ္တံ။

(ဂ) နနု တံ နိရောဓံ အာရမ္မဏံ ကတွာ ကိစ္စဝသေန ဝေ သဗ္ဗသင်္ခတံ ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ။

(ဃ) တသ္မာ "တဿ ဥပ္ပတ္တိအာကာရဒဿနတ္ထံ"န္တိ ဝုတ္တံ။

၄။ သယံ (သာမံ) ဘဝတီတိ သယမ္ဘူ။ (သီဋီသစ်။ ၁။ ၁၄၇။)

ဇာနာတီတိ ဉာဏံ။ သယမ္ဘူဝေ+ဉာဏံ သယမ္ဘူဉာဏံ။

အလိုလိုဖြစ်ခြင်း၏ + ဉာဏ်နှင့် ဂုဏ်+ဂုဏေးစပ် ဝစနပေတု၊

သယမ္ဘူဉာဏ်တော်ဖြစ်သည် ဝစနီယ၊

သာမမ္ဘူဉာဏ် စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ လာမကဘာဝံ-၌ ဖြစ်သင့်သော သမ္ဗန်ကား ကာမာန် တည်း။ (ကတ္တား+သမ္ဗန်စာစပ်။)

◆ ကာမာန် အာဒီနဝံ ဩကာရံ။ (ဖိုဦးဇော်)

သမုက္ကံသိကာ-ကို သာမုက္ကံသိကတ္ထာ-ဟုယိတ်ပြင်။ ယာယ ဓမ္မဒေသနာယ-ဟု သမ္ဗန်ခံ။

အသာဓာရဏာ-ကို အသာဓာရဏတ္ထာ-ဟုယိတ်ပြင်။ ယာယဓမ္မဒေသနာယ-ဟု သမ္ဗန်ခံ။

http://www.dhammadownload.com



❖ **အထ ယာ ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ၊ (ပါဠိတော်)**

၆။ (က) ဝါကျ အဝကာရံ-ဖြင့် ဩကာရံကို အဝ+ကာရံ ဟု ပဒစ္ဆေဒပြုရမည်ကို လည်းကောင်း၊ ဩကာရံ-၌ ဩသည် အဝ-ဥပသာရ၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

လာမကဘာဝံ-ဖြင့် အဝကာရံ-၌ အဝ-ဥပသာရပုဒ်၏ လာမကအနက် ဟောသည်၏ အဖြစ်ကို သိစေသည်။

သာမံ ဥက္ကံသိကာ-ဖြင့် သာမုက္ကံသိကာကို သာမံ+ဥက္ကံသိကာဟု ပုဒ်ဖြတ်ရမည်ကို လည်းကောင်း၊ သာမံ+ဥက္ကံသိကာ သာမုက္ကံသိကာ ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်ကို လည်းကောင်း သိစေသည်။

အတ္တနာယေဝ-ဖြင့် သာမံ သဒ္ဒါ၏ သယမတ္ထ ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ သာမံ သဒ္ဒါနောင် နာ ဝိဘတ်, ဧဝ သဒ္ဒါတို့ကျေနေသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

ဥဒ္ဒရိတ္ဝာ ဂဟိတာ သယမ္ဘုဉာဏေန ဒိဋ္ဌာ-ဖြင့် ဥက္ကံသိကာ-၌ ဥ-၏ ဥဒ္ဒရဏအနက် ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ကသ (ဝါ) ကသိ-ဓာတ်၏ ဉာဏဂဟဏ=ဉာဏ်ဖြင့် ယူခြင်းအနက် ဟောသည်ကိုလည်းကောင်း၊ ဥက္ကံသိကာ ပုဒ်ကို ဥဒ္ဒရိတ္ဝာ+ကသီယတေ ဂဟီယတေတိ ဥက္ကံသိကာဟု ဝစနတ္ထပြု၍ သယမ္ဘူဉာဏ်ဖြင့် မြင်အပ်သော အရိယသစ္စဒေသနာကို ယူရမည်ကို လည်းကောင်း သိစေပါသည်။

အသာဓာရဏ် အညေသံဖြင့် သာမံ၌(ဝါ) အတ္တနာယေဝ-၌ ဧဝ-သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ ကို သိစေပါသည်။ (ဂဏ္ဌိသစ်။ သီဋီသစ်။)

(င) ဖြင့် ဤသုတ်၌ ဓမ္မစက္ကအရ ဗြဟ္မာယုသုတ်၌ကဲ့သို့ အောက်မဂ်သုံးပါး, စူဠရာဟု လောဝါဒသုတ်၌ကဲ့သို့ အာသဝက္ခယဉာဏ်ကို မယူရ၊ သောတာပတ္တိမဂ်ဉာဏ်ကို ယူရမည်ဟု သိစေသည်။

❖ **ဓမ္မစက္ခုန္တိဣဓ သောတာပတ္တိမဂ္ဂေါ၊ အဓိပ္ပေတော၊ န ဗြဟ္မာယုသုတ္တေဝိယ ဟေဋ္ဌိမာ တယောမဂ္ဂါ၊ န စ စူဠရာဟုလောဝါဒသုတ္တေဝိယ အာသဝက္ခယော။ (သီဋီသစ်။)**

၇။ **လာမက**-ကား လမ-ဓာတ်+ဏ္ဍ-ပစ္စည်း။ ဏ္ဍ-ကို အက-ပြု၊ လ-အစိတ် အ-ကို အာ-ပြု ၍ပြီးသည်။

(တနည်း) လာ-ဓာတ်+မက-ပစ္စည်းဖြင့်ပြီးသည်။

❖ **လမ-နိန္ဒာယံ၊ ဏ္ဍု၊ လာမကော။ လာ-အာဒါနေ ဝါ၊ မကော။ "လာတိ ဂဏှာတိ ဟီနဘာဝန္တိ လာမကော"တိ ဧကေ။ (သူစိ)**

၈။ **ဓမ္မစက္ခု**-အရ ဗြဟ္မာယုသုတ်၌ အောက်မဂ်သုံးပါးဖြစ်သည်။

စူဠရာဟုလောဝါဒသုတ်၌ အာသဝက္ခယဉာဏ် ဖြစ်သည်။

ဤအမ္ဗဋ္ဌသုတ်၌ သောတာပတ္တိမဂ်ဉာဏ် ဖြစ်သည်။ (သီဋီသစ်)

(စ) ဝါကျ **ကိစ္စဝသေန**-၌ **ကိစ္စ**-အရ အသမ္မောဟပဋိဝေဓကိစ္စကိုယူ။

❖ **ကိစ္စဝသေနာတိ အသမ္မောဟ ပဋိဝေဓကိစ္စဝသေန။ (သီဋီသစ်)**

http://www.dhammadownload.com



၉။ **(စ) ဝါကျ ဂါထာစီ**

တံ နိရောဓံ အာရမ္မဏံ၊ ကတွာ ကိစ္စဝသေန ဟိ။
နိသေယသသံတံ ဇဝံ၊ ပဋိဝိစ္ဆံ ပဝတ္တတိ။ (ပထမ-တ-ကာရဝိပုလာ။)

၁၀။ **(စ) ဥပ္ပဇ္ဇတိ-၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။**

- ဥ-ပုဗ္ဗ-ပဒ-ဓာတ်အရ သောတာပတ္တိမဂ်ကိုယူ၍ ထိုသည် သမဋ္ဌာယီဘာဝ+သန္တရသ၊ (ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိဂါရရသလည်းဟူ၏။)
- နိဗ္ဗာန်သည် အာရမ္မဏဝိဘာဝ၊
- နိဗ္ဗာန်၏ ငြိမ်းအေးခြင်း ဂုဏ်သည် လည်းကောင်း၊ ဂေါတြဘုတိုင်အောင်သော ဥပစာရဘာဝနာ, ကာမာဝစရသမာဓိသည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊
- သောတာပတ္တိဖိုလ်ဉာဏ် စသည်သည် အနုဘာဝ။

## ၄-သောဏဒဏ္ဍသုတ်၊
## ဝါကျဥယျာဉ် ( ၂၄၆ )

(က) **အစေ့သုတိ** အင်္ဂါနာမ အင်္ဂပါသာဒိကတာယ ဇဝံ လဒ္ဓဝေါဟာရာ ဇနပဒိနော ရာဇကုမာရာ။
(ခ) တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရုဠှီသဒ္ဒေန အင်္ဂါတိ ဝုစ္စတိ။
(ဂ) တသ္မိံ အင်္ဂေသု ဇနပဒေ။
(ဃ) **စာရိကန္တိ** ဣဓာပိ အတုရိတစာရိကာ စေဝ နိဗဒ္ဓစာရိကာစ အဓိပ္ပေတာ။
(၄။ ၂၄၉။ သီဋီသစ်။ ၂၈၂။ ပဥက္ကူ၊ ၄၂၆။ ဘာသာဋီ။ ၄၅၆။ ဂဏ္ဌိ။ ၄၆၆)

၁။ အထက်ပါဝါကျအားလုံးကို အနက်မှန်စွာ သမ္ဗန်ပါ။
၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာထက်ပြပါ။
၃။ (ခ) ဝါကျ၌ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။
၄။ (က) ဝါကျ သံဝဏ္ဏနာနှင့်အညီ အင်္ဂ-ပုဒ်ကိုဝစနတ္ထပြု၍ ဝစနာဒိသက္ကထုတ်ပြပါ။
၅။ အင်္ဂပါသာဒိကတာယ-ဟူသော ဟိတ်ပုဒ်၏ သမ္ဗန်ကို ဖော်ပြ၍၊ အတ္ထာနုရူပစာစပ်ပြပါ။
၆။ (က) (ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ကုမာရ၊ စာရိက-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ (ဃ) ဝါကျ ဣဓာပိ-၌ ပိ-၏ အဓိပ္ပါယ်ကိုရှင်းပြပါ။
၉။ (ခ) ဝါကျလာ စကားရပ်တို့ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိဂါထာတစ်ပုဒ် စီကုံးပြပါ။
၁၀။ နိဗဒ္ဓစာရိကာ-၌ နောက်ပုဒ်၏အန္တတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပြပါ။

==================

http://www.dhammadownload.com



## ၂။ (ခ) ဝါကျ ပုစ္ဆာတက်ပုံ

ဆရာ၊ ရှင်အာနန္ဒာသည် အင်္ဂေသု (စာရိက် စရမာနော) ဟု ဗဟုဝုစ်ဖြင့်ဟောတော်မူ၏။ အင်္ဂမည်သော မင်းသားတို့၏နေရာဇနပုဒ်သည် တစ်ခုတည်းသာဖြစ်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် အင်္ဂေသု-ဟူ၍ ဗဟုဝုစ်ဖြင့် ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (၁)မိန့်။

**အဓိပ္ပါယ်ကား-** အင်္ဂမည်သောမင်းသားတို့၏ နေရာဇနပုဒ်သည် တစ်ခုတည်းသာဖြစ်သော်လည်း (ဌာနီနိဿိတမင်းသားတို့၏ များသည်၏အဖြစ်ကို ဌာနနိဿယဖြစ်သော ဇနပုဒ်၌ တင်စားကြောင်း) ရုဠှီသဒ္ဒါဖြစ်သောကြောင့် အင်္ဂေသု-ဟု ဗဟုဝုစ်ဖြင့်ဟောတော်မူပါ၏ ဟူလို။

**အမှာ** ဤကား ဧကောပိ ဇနပဒေါ-၌ ပိ-ကို အရုစ္စတ္ထကြံ၍ တက်သောနည်းဖြစ်သည်။ အမ္ဗဋ္ဌသုတ်နိဒါန်း ကောသလေသု-အဖွင့်ဝါကျ၌ သီဠ္ဌိသစ်သာဓကနှင့် တကွဖော်ပြခဲ့ပြီးဖြစ်သည်။ ဧကောပိ ဇနပဒေါ၊ ဇနပုဒ်တစ်ခုတည်းကိုလည်း-ဟု ပိ-သဒ္ဒါ သမုစ္စယတ္ထကြံပေးသော ဘာသာဋီကာအလို အောက်ပါအတိုင်း တနည်းတက်နိုင်သည်။

### (တနည်း) ပိ-သဒ္ဒါ သမုစ္စယတ္ထကြံ၍တက်ပုံ

ဆရာ၊ ဆရာသည် (က)ဖြင့် အင်္ဂ-ဟူသည် အင်္ဂတိုင်းကိုအစိုးရသော အင်္ဂ-မည်သော မင်းသားတို့ပင်တည်းဟုဆို၏။ ဤသောဏဒဏ္ဍသုတ်လာ အင်္ဂေသု စာရိက် စရမာနော ပါဠိတော်၌လည်း အင်္ဂ-အရ အင်္ဂမည်သော မင်းသားတို့ကိုသာလျှင် ယူရပါမည်လော။ အင်္ဂ-အရ အဘယ်ကို ယူနိုင်ပါသေးသနည်း။ စုဒ်ကြောင့် (၁) မိန့်။

**အဓိပ္ပါယ်ကား-** အင်္ဂ-အရ အင်္ဂမည်သော မင်းသားတို့ကိုသာယူရသည် မဟုတ်သေး၊ ယင်းမင်းသားတို့၏နေရာ အင်္ဂတိုင်း-အင်္ဂဇနပုဒ်ကိုလည်း ဌာနျူပစာ အထင်ရုဠှီနည်းဖြင့် ယူနိုင်ပါသေး၏ဟူလို။

## ၃။ (ခ) ဝါကျ စတုဏ္ဍထုတ်ပုံ။

(က) နနု တေသံ နိဝါသော ဧကော ဇနပဒေါ ဟောတိ။

(ခ) အထ ကသ္မာ (အင်္ဂေသူတိ) အင်္ဂါတိ ဗဟုဝစနေန ဝုစ္စတိ။

(ဂ) နနု အင်္ဂသဒ္ဒေါ ရုဠှီသဒ္ဒေါ ဟောတိ။

(ဃ) တသ္မာ (အင်္ဂေသူတိ) အင်္ဂါတိ ဗဟုဝစနေန ဝုစ္စတိ။

၄။ အင်္ဂီယတေ ဉာယတေ သမုဒါယော ဧတေနာတိ အင်္ဂံ။
(တစ်ကိုယ်လုံးကို သိကြောင်းဖြစ်သော အင်္ဂါအစိတ်စိတ်ရ၏)
(သုန္ဒရဘာဝေန သာတိသယာနိ) အင်္ဂါနိ ဧတေသံ အတ္ထီတိ အင်္ဂါ။ (သီဋ္ဌိသစ်)
(ပသာဒါဝဟာနိ) အင်္ဂါနိ ဧတေသံ အတ္ထီတိ အင်္ဂါ။ (သီဂဏ္ဌိ။ ၄၆၆)
လှပတင့်တယ်ကုန်သော ကိုယ်အင်္ဂါတို့၏+မင်းသားတို့ဒြပ်နှင့် ဂုဏ်+ဂုဏော၊ အဝယဝ + အဝယဝီစပ်-ဝစနဟေတု။
မင်းသားတို့ဒြပ်သည်-ဝစနီယ။
အင်္ဂပါသာဒိကာ-စသော ပရိယာယ်သဒ္ဒါများသည်-ဝစနီယတ္ထ။
ပသာဒံ ဇနေန္တီတိ ပါသာဒိကာ။

၅။ အင်္ဂပါသာဒိကတာယ-ဟိတ်ပုဒ်၏သမ္ဗန်ကား (အင်္ဂနာမကာနံ လဒ္ဓဝေါဟာရာနံ ဇနပဒိနံ) ရာဇကုမာရာနံ-ဖြစ်သည်။ (ကတ္တား+သမ္ဗန်စာစပ်)

http://www.dhammadownload.com



၆။ (က) သံဝဏ္ဏနာပါဠ်ဖြင့် အင်္ဂသု-၌ အင်္ဂ-အရ မုချ-ပဓာနအားဖြင့် အင်္ဂတိုင်းကို အစိုးရသော အင်္ဂမည်သောမင်းသားတို့ကို ယူရမည်ကိုလည်းကောင်း၊ ယင်းမင်းသားတို့သည် ကြည်ညိုခြင်းကို ဖြစ်စေတတ်သော (လှပသော) ကိုယ်အင်္ဂါတို့ ရှိကုန်သည်၏အဖြစ်ကြောင့် အင်္ဂ မည်သည်၏အဖြစ်ကိုလည်းကောင်း၊ ယင်းအနက်အဓိပ္ပါယ်ကို ထောက်ဆ၍ (အင်္ဂိယတေ ဉာယတေ သမုဒါယော ဧတေနာတိ အင်္ဂ) အင်္ဂါနိ ဧတေသံ အတ္ထီတိ အင်္ဂါ-ဟုဝစနတ္ထပြု၍ ဏ-ပစ္စည်း သာတိသယဖြစ်သော အသယတ္ထိအနက်၌ သက်သည်၏အဖြစ်ကို လည်းကောင်း သိစေပါသည်။

(ခ) တေသံ နိဝါသော-ဖြင့် အင်္ဂ-ပုဒ်ကို အင်္ဂါနံ+နိဝါသော အင်္ဂါ-ဟုဝစနတ္ထပြု၍ ဏ ပစ္စည်း နိဝါသတဒ္ဓိတ်အနက်၌သက်၏ ဟုသိစေပါသည်။

ကောပိ ဇနပဒေါ ရုဠှိသဒ္ဒေန အင်္ဂါတိ ဝုစ္စတိ-ဖြင့် ထိုမင်းသားတို့၏နေရာ ဇနပုဒ်ကို လည်း ဌာနူပစာ ရုဠှီ၏အစွမ်းဖြင့် အင်္ဂအရ ယူရမည်ဟု သိစေပါသည်။

(ဂ) တပါကျလုံးဖြင့် မင်းသားတို့၏ နေရာဇနပုဒ်သည် တခုတည်းသာ ဖြစ်သော်လည်း ဌာနီနိဿိတဖြစ်သော မင်းသားတို့၏ များသည်၏အဖြစ်ကို ဌာနနိဿယဖြစ်သော ဇနပုဒ်၏များသည်၏ အဖြစ်၌တင်စားကြောင်း ရုဠှီသဒ္ဒါဖြစ်သောကြောင့် အင်္ဂေသုဟု (ပါဠိတော်၌) ဗဟုဝုစ်ဖြင့် ဟောတော်မူထားသည်၏ အဖြစ်ကို သိစေပါသည်။

- **သုန္ဒရဘာဝေန သာတိသယာနိ အင်္ဂါနိ ဧတေသမတ္ထီတိ အင်္ဂါ၊ တဒ္ဓိတပစ္စယသာ အတိသယဝိသိဋ္ဌေ အတ္ထိတာ အတ္ထေ ပဝတ္တိတော၊ ပဓာနတော ရာဇကုမာရာ၊ ရုဠှီဝသေန ပန ဇနပဒေါတိ ဝုတ္တံ "အင်္ဂါနာမာ"တိ အာဒိ။ (သိဋီသစ်၊ ၂၈၂။)**

၇။ **ကုမာရ-ပုဒ်နိရုတ္တိကို** ဝါကျဥယျာဉ် (၂) ၌ရေးခဲ့ပြီ။

**စာရိကံ-ကား** စရ ဓာတ်+ဏျ ပစ္စည်း။ ဏ-ချေ။ ဏျ-လာ။ အ ကိုအာပြု။ ယ-ကို က- ပြု၍ ပြီးသည်။

- **စရဏံ စာရိကာ၊ စရဏံ ဝါ စာရော၊ စာရော ဧဝ စာရိကာ။ (သိဋီသစ်၊ ၃၊ ၂၀၃။)**

၈။ **ဣစ္စာဝ-၌ ဝ-ကား** ဝုတ္တသမုစ္စည်းခေါ် သမ္ပိဏ္ဍနတ္ထ ဖြစ်သည်။

ယင်းဝ-ဖြင့် အတုရိတစာရိကာ, နိဗဒ္ဓစာရိကာနှစ်မျိုးကို အမ္ဗဋ္ဌသုတ်၌သာလိုအပ်သည် မဟုတ်သေး၊ ဤသောဏဒဏ္ဍသုတ်၌လည်း ယင်းစာရိကာနှစ်မျိုးကိုပင် လိုအပ်၏ဟု ပေါင်းဆည်းသည်။

- **ဣစ္စာဝ အဓိပ္ပေတာ၊ န အမ္ဗဋ္ဌသုတ္တေဝ။ (သိဋီသစ်၊ ၂၈၂)**

၉။ **(ခ) ဝါကျ ဂါထာစီ။**

တေသံ ရာဇကုမာရာနံ၊ သန္နိဝါသော ဇနပ္ပဒေါ။

ကောပိ ရုဠှိသဒ္ဒေန၊ အင်္ဂါတွေတိ ပဝုစ္စတိ။ (ပဏ္ဍာဝတ္တဂါထာ)

၁၀။ **နိဗဒ္ဓစာရိကာ-၌ နောက်ပုဒ်၏အနက္ခတ္တကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ-**

- ဘုရားရှင်၏သန္တာန်၌ ဖြစ်သော မဟာကရုဏာတော်နှင့် ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်သည်- ဓမ္မဥဿာဟဒ္ဓာယီဘာဝ+ဓမ္မဝီရိယသ။
- အင်္ဂတိုင်း စမ္ပါမြို့သား သောဏဒဏ္ဍပုဏ္ဏားကြီးသည်-အာရမ္မဏဝိဘာဝ။
- သဗ္ဗညုတဉာဏ်တော်တည်းဟူသော ကွန်ယက်၌ သောဏဒဏ္ဍပုဏ္ဏားကြီး ထင်လာခြင်းသည် လည်းကောင်း၊ ပုဏ္ဏားကြီး သရဏဂုံတည်မည်ကိုသိခြင်းနှင့် ဘုရားရှင်၏ ပါရမီဂုဏ်တော် တို့သည်လည်းကောင်း -- ဥဒ္ဒီပနဝိဘာဝ၊
- သောဏဒဏ္ဍပုဏ္ဏား သရဏဂုံတည်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်သည် -- အနုဘာဝ၊

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၂၄၇ )

(က) ဂဇ္ဇရာယ ပေါက္ခရဏိယာ တီရေတိ တဿ စမ္ပာနဂရဿ အဝိဒူရေ ဂဂ္ဂရာယ နာမ ရာဇဂ္ဂမဟေသိယာ ခဏိတတ္တာ ဂဂ္ဂရာတိ လဒ္ဓဝေါဟာရာ ပေါက္ခရဏီ အတ္ထိ။

(ခ) တဿာ တီရေ သမန္တတော နီလာဒိပဉ္စဝဏ္ဏကုသုမပဋိမဏ္ဍိတံ မဟန္တံ စမ္ပကဝနံ။

(ဂ) တသ္မိံ ဘဂဝါ ကုသုမဂန္ဓသုဂန္ဓေ စမ္ပကဝနေ ဝိဟရတိ။

(ဃ) တံ သန္ဓာယ "ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ"တိ ဝုတ္တံ။

(ဋီ။ ၂၄၉။ သီဋီသစ်။ ၂၈၂။ ပဒတ္ထ။ ၄၂၇။ ဘာသာဋီ။ ၄၆၁။ ဂဏ္ဌိ။ ၄၆၆)

၁။ (က) ဝါကျကို ရာဇဂ္ဂမဟေသိယာ-ပုဒ်၏ သဒ္ဒတ္ထ, ဝေါဟာရတ္ထများထည့်၍ လည်းကောင်း၊
(ခ) ဝါကျကို နီလာဒိ-၌ အာဒိ-သရုပ်ဖော်ထုတ်၍ လည်းကောင်း၊
(ဃ) ဝါကျကို ဝုတ္တံ ၏ ကတ္တားထည့်၍လည်းကောင်း ကျနစွာအနက်ပေးပြပါ။
၂။ (ခ) ဝါကျကို အနုသန္ဓေတက်၍၊ (ဂ) ဝါကျကို သာဘောဝပုစ္ဆာတက်ပြပါ။
၃။ (ဂ) (ဃ) ဝါကျတို့၌ ဖြစ်သင့်သော စောဒကာဘောဂါဒီစတုက္ကကိုထုတ်ပြပါ။
၄။ ရာဇဂ္ဂမဟေသိယာ၌ နောက်ပုဒ်ကိုဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (က) ဝါကျ ခဏိတတ္တာဟူသောဟိတ်၏ သမ္ဗန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပါ။
၆။ (က) (ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။
၇။ ကုသုမဂန္ဓ-၌ ဂန္ဓ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ စမ္ပာမြို့-အမည်ရပုံကို ဖော်ပြပါ။
၉။ (ခ) ဝါကျလာ စကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္ထုဇာတိ ဂါထာပုဒ်သီကုံးပြပါ။
၁၀။ (ဂ) ဝါကျ၌ ပဓာနကြိယာ၏ အန္တတ္ထကိုရှု၍ ဘာဝါလက်ာရ ထုတ်ပြပါ။

==================

၁။ (က) ရာဇဂ္ဂမဟေသိယာ၊ မင်း၏ မြတ်သောမိဖုရားကြီးသည်။ (သဒ္ဒတ္ထ)
(ဝါ) မင်း၏ မိဖုရားခေါင်ကြီးသည်။ (ဝေါဟာရတ္ထ၊ အဓိပ္ပါယတ္ထ)

(ခ) နီလာဒိပဉ္စဝဏ္ဏကုသုမပဋိမဏ္ဍိတံ၊ အသောကပန်းညို, မဟာလှေကား, ပင်လယ်ကသစ်, သင်းခွေပန်း, လင်လွန်း (၄ပန်း)ဟူသော အဆင်းငါးမျိုးရှိသော ပန်းတို့ဖြင့် တန်ဆာဆင်အပ်သော။ (ဝါ) အညို, အဖြူ, အနီ, အဝါ, အရွှေ ဟူသော အဆင်းငါးမျိုးရှိသော စကားပန်းတို့ဖြင့် တန်ဆာဆင်အပ်သော။ (သီဋီသစ်။ ၂၈၂)

(ဃ) တံ (စမ္ပကဝနံ)၊ ကို။ သန္ဓာယ၊ ၍၊ "ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ"တိ၊ ဟူ၍။ အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ (ကတ္တား) ဝုတ္တံ၊ ပြီ။

### ၂။ (ခ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (က) ဖြင့် ဂဂ္ဂရာယ ပေါက္ခရဏိယာပုဒ်၏ နေမိတ္တိက အန္ဝတ္ထနာမ်၏ အဖြစ်ကို (ဂဏ္ဌိ၊ ၄၆၆) (ဝါ) ဂဂ္ဂရာ ပေါက္ခရဏီဟူသောအမည်သည် မုချအမည်မဟုတ်၊ (အကြောင်း-မိဖုရား၏ အမည်ကိုအကျိုး-ကန်၌တင်စားသော) ကာရဏူပစာအမည်တည်း။ (ဘာသာဋီ၊ ၄၆၁) ဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ တီရေ ဟူသောပုဒ်၏ အတ္ထာတိသယ ဇ္ဈာစိပ္ပေတတ္တကိုပြလိုသောဆရာသည်(ခ)မိန့်။

http://www.dhammadownload.com



## (ဂ) သာဓောဝပုစ္ဆာ

ဆရာ၊ ဆရာသည် (ခ)ဖြင့် ဂဂ္ဂရာမည်သော ရေကန်၏ကမ်းနား၌ ထက်ဝန်းကျင်မှ ပန်းညိုအစ ရှိသော အဆင်းငါးမျိုးရှိသော ပန်းတို့ဖြင့် တန်ဆာဆင်အပ်သော စကားတောကြီးရှိ၏ဟု ဆို၏။ ဘုရားရှင်သည် စကားတော၌မနေဘဲ (စမ္မာယံ ဝိဟရတိ ဟူသော ပါဠိတော်စကားအရ) စမ္ပာမြို့၌ပင် နေပါသလော။ (တနည်း) ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ-ဟူသော ပါဠိတော် စကားအရ) ဂဂ္ဂရာမည်သော ရေကန်၏ကမ်းနား၌ပင် နေပါသလော။ အဘယ်အရပ်၌ ဘုရားရှင် နေတော်မူပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

## (ဃ) ပုစ္ဆာ

ဆရာ၊ ဆရာသည် (ဂ)ဖြင့် ဘုရားရှင်သည် ပန်းရနံ့တို့ဖြင့် ကောင်းသောရနံ့ရှိသော စကားတော၌နေတော်မူ၏ဟု ဖွင့်ပြဆိုတော်မူ၏။ ပါဠိတော်၌ ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေဟူ၍သာ ဟောတော်မူထားသည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် စကားတော၌ ဘုရားရှင်နေတော်မူ၏ဟု ဘာ့ကြောင့် ဖွင့်ဆိုပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

**အဓိပ္ပါယ်ကား**-(ဃ) ဖြင့် ပန်းရနံ့တို့ဖြင့် ကောင်းသောရနံ့ရှိသော စကားတောကြီးကိုပင် သန္တာယဘာသိတအားဖြင့် ရည်ရွယ်၍ ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေဟူ၍ ဟောတော်မူခြင်း ဖြစ်သောကြောင့် "စကားတော၌ ဘုရားရှင်နေတော်မူ၏"ဟု ငါဖွင့်ဆိုပါ၏ ဟူလိုသော်။

### ဝဏ္ဏီကျမ်းတက်

ပါဠိ၌ "ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ"သာဟူသည်ကို "စကားတော၌ ဘုရားနေတော်မူသော"ဟု ဆိုသည်ကားပါဠိနှင့် ညီတော့မည်လော စုဒ်ရှိရကား "တံ သန္ဓာယ (လ) ဝုတ္တံ"မိန့်။ (ဂဏ္ဌိ။ ၄၆၇။)

၃။ **(ဂ) (ဃ) စတုက္ကထုတ်ပုံ။**

(က) နနု ပါဠိယံ "ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ"တိ ဝုတ္တံ။

(ခ) အထ ကသ္မာ တသ္မိံ ဘဂဝါ ကုသုမဂန္ဓသုဂန္ဓေ စမ္ပကဝနေ ဝိဟရတီတိ သံဝဏ္ဏိတံ။

(ဂ) နနု တံ (စမ္ပကဝနံ) သန္ဓာယ "ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ"တိ ဝုတ္တံ။

(ဃ) တသ္မာ တသ္မိံ ဘဂဝါ ကုသုမဂန္ဓသုဂန္ဓေ စမ္ပကဝနေ ဝိဟရတီတိ သံဝဏ္ဏိတံ။

(တနည်း) (က) နနု တသ္မိံ ဘဂဝါ ကုသုမဂန္ဓသုဂန္ဓေ စမ္ပကဝနေ ဝိဟရတိ။

(ခ) အထ ကသ္မာ ပါဠိယံ "ဂဂ္ဂရာယ ပေါက္ခရဏိယာ"တိ ဝုတ္တံ။

(ဂ) နနု တံ (စမ္ပကဝနံ) သန္ဓာယ "ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ"တိ ဝုတ္တံ။

(ဃ) တသ္မာ ပါဠိယံ - ဝုတ္တံ။

၄။ မဟီယတီတိ မဟေသီ။ (ဏွာဒိ။ ၂၁၅။)
ပူဇော်ခြင်း ကြိယာသကတ်သည် ဝစနယောတ္။
မိဖုရားခေါင်ကြီးဒြဗ်သည် ဝစနီယ။
ကတာဘိသေကာပဓာနိတ္ထိ, ဒေဝီ-စသော ပရိယာယ်သဒ္ဒါများသည်-ဝစနီယတ္ထ။

(တနည်း) မဟတိယော ရာဇိတ္ထိယော ဤသတိ အဘိဘဝတီတိ မဟေသီ။ (ဓာန်ဋီ။ ၂၃၂)
**ဝိဂြိုဟ်စစ်လုပ်ဟန်ကား**- ဤသတိ အဘိဘဝတီတိ ဧသီ။
မဟတိယော ရာဇိတ္ထိယော+ဧသီတိ မဟေသီ။

http://www.dhammadownload.com


များစွာသော မင်းမောင်းမတို့ကို လွှမ်းမိုးနိုင်ခြင်း ကြိယာသကတ်သည်လည်းကောင်း၊ မင်းမောင်းမတို့၏ + မိဖုရားခေါင်ကြီးဖြစ်နှင့် အဘိဘဝိတမ္ဗ+အဘိဘဝန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သကတ်သည်လည်းကောင်း-ဝစနဟေတု။ (ကျန်တူ၏)

စမန္တိ အဒန္တိ ဃ္တောတိ စမ္ပာ။ (နဂရံ) (ဏွာဒိ။ ၁၁၄)

စားခြင်းကြိယာသကတ်သည်-ဝစနဟေတု။

ပဌမကာလေ စမ္ပာနဂရေ+ဇာတော စမ္ပကော။ (စမ္ပေယျော) (ဓာန်ဋီ။ ၅၆၈)

စမ္ပာမြို့၏+စကားပန်းနှင့် ဌာန+ဌာနီ-စပ်။

တံတံဌာနံ ဝါတေန ဂစ္ဆတီတိ ဂန္ဓော။ (ကစ္စည်း။ ၆၆၄-သုတ်)

၅။ ခတ္တိယတ္ထာဟိတ်၏သမ္ဗန်ကား ဂဂ္ဂရာတိ လဒ္ဓဝေါဟာရာယ ပေါက္ခရဏိယာ-ဟုခံ။ (ကံ+သမ္ဗန်စပ်)

ကုသုမဂန္ဓသုဂန္ဓေကို ကုသုမဂန္ဓသုဂန္ဓတ္တာဟုဟိတ်ပြင်။ စမ္ပကဝနဿဟုသမ္ဗန်ခံ။

၆။ (က) ဖြင့် ဂဂ္ဂရာ ပေါက္ခရဏီ-ဟူသောနာမ်သည် တိဿ ဒတ္တ သိရီဝဍ္ဎက-စသည်တို့ကဲ့သို့ ရုဠ္ဟီနာမ်မဟုတ်၊ နေမတ္တိကနာမ် အန္ဝတ္ထနာမ်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းအန္ဝတ္ထ အားလျော်စွာ ဂဂ္ဂရာ-မည်သောမိဖုရားခေါင်ကြီးသည် တူးအပ်သောကြောင့် ရေကန်၏ ဂဂ္ဂရာမည်သည်၏အဖြစ်ကို လည်းကောင်း၊ အကြောင်းဖြစ်သော ဂဂ္ဂရာမိဖုရား၏ ဂဂ္ဂရာဟူသောအမည်ကို အကျိုးဖြစ်သော (ဂဂ္ဂရာမိဖုရားကြီးတူးအပ်သော)ရေကန်၌တင်စား၍ဆိုသောကြောင့်ရေကန်သည်ကာရဏူပစာရတ္တအားဖြင့် ဂဂ္ဂရာမည်သည်၏အဖြစ်ကို လည်းကောင်း၊ ဂဂ္ဂရာယ+ခဏိတာ ဂဂ္ဂရာ-ဟုဝစနတ္ထပြု၍ ဏ-ပစ္စည်း ခဏိတတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊ ယင်းဂဂ္ဂရာမည်သော ရေကန်သည် စမ္ပာမြို့၏အနီး၌ ရှိနေသည်၏အဖြစ်ကို လည်းကောင်း သိစေပါသည်။

(ဂ) ဖြင့် ဘုရားရှင်သည် (စမ္ပာယံ ဝိဟရတိ ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ-ဟုပါဠိတော် ရှိသော်လည်း၊) စမ္ပာမြို့၌လည်းကောင်း၊ စမ္ပာမြို့၏အနီးရှိသော ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ လည်းကောင်း နေသည်ကားမဟုတ်၊ ပန်းတို့ဖြင့်ကောင်းသောရနံ့ရှိသော စကားတော၌ နေတော်မူ သည်၏အဖြစ်ကိုလည်းကောင်း၊ မြို့တည်စဉ် ရှေးအခါက စကားပင်များပေါ်များသောကြောင့် စမ္ပာမြို့-ဟုဆိုခဲ့သည်။ ထိုစကားပင်များသည် မြို့တည်စဉ်အခါ၌သာ ပေါ်များသည်မဟုတ်သေး၊ ယခုအခါဘုရား ရှင်ပွင့်တော်မူလာသည့်လက်ထက်တိုင်အောင် စကားပင်များစွာ ရှိနေသေးသည်၏ အဖြစ်ကို လည်းကောင်း သိစေသည်။

✦ **ကုသုမဂန္ဓသုဂန္ဓေတိ။ ပ။ အထခေါ ဒပရဘာဂေပီတိ ဒဿေတိ။ (သီဋီသစ်)**

(က) မဟတိယာသေနာယ သမန္နာဂတတ္တာ **သေနိယော**။

(ခ) **ဗိမ္ဗီတိ** သုဝဏ္ဏံ၊ တသ္မာ သာရသုဝဏ္ဏသဒိသတာယ **ဗိမ္ဗိသာရောတိဝုစ္စတိ**။ (ဋီ။ ၂၄၉)

(က) ဖြင့် သေနိယော-၌ ဏျ-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်အနက်၌သက်-လည်းကောင်း၊ သေနာ အဿ အတ္ထီတိ သေနိကော-ဟုပြု-လည်းကောင်း၊ သေနိက-ဟုဆိုလိုလျက် က-ကို ယ-ပြု၍ သေနိယ-ဟုရုပ်ပြီးနေသည်ကိုလည်းကောင်း၊ တစ်ယောက်နှစ်ယောက်မျှသော စစ်သည် ရှိ သောကြောင့် သေနိယ-ဟုဆိုသည်မဟုတ်၊ ထောင်သောင်းမက များပြားလှသော စစ်သည်ရှိသော ကြောင့်သာ ဘုရင်ဗိမ္ဗိသာရကို သေနိယ-ဟုဆိုအပ်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(ခ) သုဝဏ္ဏ-ဖြင့် ဗိမ္ဗိသဒ္ဒါ-ရွှေ-ဟူသောအနက်ကို ဟော၏-ဟုသိစေသည်။

http://www.dhammadownload.com


သာရသုဝဏ္ဏသဒိသတာယ-ဖြင့် ဗိမ္ဗိသာရော-၌ သာရ-သဒ္ဒါ၏ ဥတ္တမအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ဗိမ္ဗီစ+သာ+သာရောစာတိ ဗိမ္ဗိသာရော-ဟု ဝိသေသနပဒနိပါတကမ္မဓာရယ် သမာသ်ဝစနတ္ထပြု-လည်းကောင်း၊ ဗိမ္ဗိသာရ-ဟုဆိုလိုလျက် ဤ-ကို ဗ္ဗ-ရဿပြု၍ ဗိမ္ဗိသာရ-ဟု ရုပ်ပြီးနေသည်ကို လည်းကောင်း၊ အပေါင်းပုဒ်ကို ဗိမ္ဗိသာရောဝိယာတိ ဗိမ္ဗိသာရော-ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြု-လည်းကောင်း၊ အ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌သက်-လည်းကောင်း၊ ကောင်းမြတ်သောရွှေအဆင်းနှင့်တူသော အဆင်းရှိသောကြောင့် ထိုမင်းကို ဗိမ္ဗိသာရ-ဟူ၍ ဆိုအပ်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (ဘာသာဋီကာ။ ၄၆၂)

✤ **သာရသုဝဏ္ဏသဒိသတာယာတိ ဥတ္တမဇာတိသုဝဏ္ဏသဒိသတာယ။ (သီဋီသစ်။ ၂၈၂)**

**ဗိမ္ဗိ-ပုဒ်မှတ်ဘွယ်**

ဝိယတေတိ ဗိမ္ဗံ။ ဝီ-ဓာတ်+ဝန်-ပစ္စည်း။ မုမ်-အာဂုံရာလာ၊ မန်+ဥ+မ်-အနုဗန်တို့ကိုချေ။ "ဝိမ်ဝ"ဖြစ်၏။ ဝ-ကို ဗ-ပြု၊ ဤ-ကို ရဿပြု၍ ဗိမ္ဗ-ဟုဖြစ်၏။ ဗိမ္ဗံ+ယဿာတိ ဗိမ္ဗီ၊ ဗိမ္ဗ-ပုဒ် ဤ-ပစ္စည်း။ နှစ်သက်ဘွယ်ရှိသော ရွှေရင်၏။ (ဘာသာဋီကာ။ ၄၆၂)

၇။ ဂန္ဓ-ကား ဂန္ဓ-ဓာတ်+အ-ပစ္စည်း။ ဤအလို နိရုတ္တိနည်းမရ။
(တနည်း) ဂမုဓာတ်+အ-ပစ္စည်း။ ဂမ-ဟုဆိုလိုလျက် ဂမ-ကို ဂန္ဓ-ရ၍ပြီးသည်။
(တနည်း) ဂမု-ဓာတ်+ဓာ-ဓာတ်+အ-ပစ္စည်း။ (မဇ္ဈယုဂဋ္ဌဓာတ်ဟူလို) ဂမဓ-ဟူလိုလျက် မ-ကို နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ န-ပြု၍ပြီးသည်။
(တနည်း) ဂမဓ-ဟူလိုလျက် မ-ကို န-ပြု၍ပြီးသည်။

✤ **ဂန္ဓဓာတု သောဓာပိ၊ ဂမုဓာတုဝသေန ဝါ။**
**ဂမု,ဓာ ဓာတုတောဝါ ပိ၊ ဂန္ဓသဒ္ဒေါတိ ဝဒေ။ (နိတိဓာတု၊ ၃၇၀)**

၈။ **စမ္ပာမြို့မည်ခြင်းအကြောင်း-**

မြို့တည်ထောင်ဖန်ဆင်းစဉ်အခါက စကားပင်များအလွန်များပြားစွာ ရှိနေသည့် နေရာဌာန ဖြစ်သောကြောင့် ယင်းနေရာ၌တည်သည့်မြို့ကို စမ္ပာမြို့-ဟူ၍ ခေါ်ပါသည်။

ဌာနီစကားပင်တို့၏ စမ္ပာ-ဟူသောအမည်ကို ဌာနဖြစ်သောမြို့၌ တင်စား၍ ဌာနျူပစာအားဖြင့် မြို့နာမည်မှည့်ကြသည်။

✤ **မာပနကာလေ ဟိ စမ္ပကရုက္ခာန+မုဿန္နတာယ တံ နဂရံ "စမ္ပာ"တိနာမံ လဘိ။ (သီဋီသစ်၊ ၂၈၂)**

၉။ **(ခ) ဝါကျ ဂါထာစီ**

သမန္တတော တဿာ တီရေ၊ မဟန္တံ စမ္ပကံ ဝနံ။
နီလာဒိပဉ္စဝဏ္ဏေဟိ၊ ကုသုမေဟိ သုမဏ္ဍိတံ။ (ပထမ မ-ကာရဝိပုလာဂါထာ)

၁၀။ **(ဂ) ဝါကျ ဝိဟာရတိ-၌ အန္တတ္ထကိုရှု၍ ဘာဝလက္ခဏာရထုတ်ပုံ။**

✤ ဘုရားရှင်၏သန္တာန်၌ စတုတ္ထဈာန်၏အစွမ်းဖြင့်ဖြစ်သော မဟာကရုဏာဉာဏ် ပြဋ္ဌာန်းသော စတုတ္ထဈာန်စိတ္တုပ္ပါဒ်သည်--မေ့ရတိဋ္ဌာယိဘာဝ+မေ့သိဂါရ ရသ။

✤ သောဏဒဏ္ဍပုဏ္ဏားသည် လည်းကောင်း၊ ဝေနေယျသတ္တဝါတို့သည် လည်းကောင်း- အာရမ္မဏဝိဘာဝ။

http://www.dhammadownload.com



✣ သမ္ဗုဒ္ဓတညာဏ်တည်းဟူသော ကွန်ယက်၌ သောဏဒဏ္ဍပုဏ္ဏားကြီးထင်လာခြင်းသည်လည်းကောင်း၊ ယင်းပုဏ္ဏား၏သရဏဂုံတည်မည်ကို သိခြင်းသည်လည်းကောင်း၊ ရန့်သင်းလှိုင်နေသော စကားတောသည်လည်းကောင်း+ဘုရားရှင်၏ပါရမီဉာဏ်, ဝိပဿနာစသည်သည်လည်းကောင်း - ဥဒ္ဒိပနဝိဘာဝ။

✣ သောဏဒဏ္ဍပုဏ္ဏားသရဏဂုံတည်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန် တိုင်အောင်သော အကျိုးအဆက်ဆက်သည်လည်းကောင်း၊ ဘုရားရှင်အဘို့ ပုဗ္ဗကိစ္စငါးပါးကို ပြည့်စုံအောင် ဆောင်ရွက်ပြီးစီး သွားခြင်းသည်လည်းကောင်း-အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၂၄၈ )

## ၁၃၂၄-ခု၊ ဓမ္မာစရိယ ဒုတိယဂဏ်

(က) **ခတ္တုံ အာမန္တေသီ** တိ **ခတ္တာ** ဝုစ္စတိ ပုစ္ဆိတပဉှေ ဗျာကရဏသမတ္ထော မဟာမတ္တော၊ တံ အာမန္တေသိ။

(ခ) **အာဂမေန္တု**တိ မုဟုတ္တံ ပဋိမာနေန္တု၊ မာ ဂစ္ဆန္တုတိ ဝုတ္တံ ဟောတိ။

(ဂ) **နာနာဝေရဇ္ဇကာနန္တိ** နာနာဝိဓေသု ရဇ္ဇေသု အညေသု အညေသု ကာသိကောသလာဒိသု ရဇ္ဇေသု ဇာတာ၊ တာနိ ဝါ တေသံ နိဝါသာ၊ တတော ဝါ အာဂတာတိ နာနာဝေရဇ္ဇကာ၊ တေသံ နာနာဝေရဇ္ဇကာနံ။

(ဃ) **ကေနစိဒေဝ ကရဏီယေနာ**တိ တသ္မိံ ကိရ နဂရေ ဒွီဟိ ကရဏီယေဟိ ဗြာဟ္မဏာ သန္နိပတန္တိ ယညာနုဘဝနတ္ထံ ဝါ မန္တသဇ္ဈာယနတ္ထံ ဝါ။ တဒါ စ တသ္မိံ နဂရေ ယညော နတ္ထိ။ သောဏဒဏ္ဍဿ ပန သန္တိကေ မန္တသဇ္ဈာယနတ္ထံ ဧတေ သန္နိပတိတာ။ တံ သန္ဓာယ ဝုတ္တံ "ကေနစိဒေဝ ကရဏီယေနာ"တိ။

( ဋ္ဌ၊ ၂၄၉။ ဋီသစ်၊ ၂၈၃။ ပဒတ္ထ၊ ၃၂၈။ ဘာသာဋီကာ၊ ၄၆၄။ ဂဏ္ဌိ၊ ၄၆၅။ )

၁။ (ဂ+ဃ) ဝါကျတို့ကိုသာ အနက်ယောဇနာပါ။

၂။ (ဃ) ဝါကျကို ပသင်္ဂတ္ထ စောဒနာတက်ပြပါ။

၃။ (ဃ) ဝါကျ၌ ရကောင်းသမျှအမည်တို့ကို ညွှန်ပြပြီး၊ သန္ဓာယပြ၊ အန္တယနှင့် ဗျတိရေက၊ ပြန်၍ ရှိမြဲ၊ ဆိုမလွဲ-နှင့်အညီ (င) ဝါကျ၌ လိုအပ်သောဗျတိရေကဝါကျကို ထင်ရှားစွာပြန်လှန်ပြခဲ့ပါ။

၄။ နာနာဝေရဇ္ဇကာ-ကို သံဝဏ္ဏနာနှင့်အညီ ဝစနတ္ထပြုပြီး၊ ဝစနီယကိုလည်းကောက်ပြပါ။

၅။ ကေနစိဒေဝ-၌ ကေနစိကို ဤနေရာ၌လိုအပ်သောဂိုဏ်း, ကာရန္တအားလျော်စွာ နာမပဒမာလာ၊ အာဂမေန္တု-၌လိုရင်းအတိုင်းဝိဘတ်+ဓာတ်+ဂိုဏ်းအားလျော်စွာကတ္တုရုပ်အာချာတပဒမာလာစဉ်ပါ။

၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍၊ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ (က) ဝါကျပါ ခတ္တာ-ပုဒ်၏ရုပ်ပြီးပုံကို သဒ္ဒနယ နိရုတ္တိနယ ကျနစွာဖော်ပြပါ။

၈။ (က) ဝါကျပါ မဟာမတ္တောကို ဝိဂ္ဂဟပြု၍ ဉာဏ်ကောက်ပြပါ။

၉။ အောက်ပါစကားရပ်ကို ဂါထာစီ၍ ဂါထာအမည်ပေးပြပါ။

တပည့်တော်တို့သည် အရှင်မြတ်ယခုရရှိသော အရဟတ္တဖိုလ်ကို ရှိခိုးသည် မဟုတ်ပါ။ ပုထုဇဉ်ဘဝ၌ တည်လျက်စောင့်ရှောက်အပ်သော သီလကိုသာ ရှိခိုးအပ်ပါသတည်း။ (ဋ္ဌ၊ ၂၆၀။)

၁၀။ (၉) နံပါတ် စကားရပ်၌ ရသင့်သော ဘာဝ စသည်ကိုထုတ်ပါ။

= = = = = = = = = = = = = = = = = = =

http://www.dhammadownload.com



## ၂။ (ဃ) ဝါကျ ပသင်္ဂဏ္ဌ စောဒနာ

ဆရာ ရှင်အာနန္ဒာမထေရ်သည် ကေနစိဒေဝ ကရဏီယေန-ဟုဟောတော်မူ၏၊ ယင်း၌ ကရဏီယ-အရမည်သည့်ကိစ္စများကို ယူရမည်နည်း။ တောင်ထိပ်ပွဲသဘင်, နက္ခတ်ပွဲသဘင်ကြည့်ရှုခြင်း ကိစ္စများကို ယူရပါမည်လော၊ ကရဏီယ အရကိုမပြဆိုသော် ဒေသကပုဂ္ဂိုလ်အား သဒ္ဒ+အတ္ထ ဆန့်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား**-(ဃ) ဝါကျဖြင့် ကရဏီယ အရ ယညာနုဘဝနကိစ္စ, မန္တသဇ္ဈာယန ကိစ္စ များကို ယူရမည်ဟု ငါပြဆိုသည်-ဟူလို။

၃။ (ဃ) ဝါကျသည် ကေနစိဒေဝကရဏီယေန-ပုဒ်၏အဖွင့်သံဝဏ္ဏနာကို ပြသောကြောင့် ပက္ခန္တရဝါကျ ဖြစ်သည်။

ယင်း(ဃ) ဝါကျ၌ တဒါစ တဿ နဂရေ-အစရှိသော နောက်ဝါကျသည် ယင်းကိစ္စနှစ်ပါးတွင် အဘယ်ကိစ္စကြောင့် စည်းဝေးကုန်သနည်း-ဟု စောဒနာဘွယ် ရှိရကား (ဂဏ္ဌိ၊ ၄၆ရ။) ထိုစောဒနာကို ပယ်လို၍ ဆက်တက်သောကြောင့် ဝါကျာရမ္ဘဝါကျ။

တဒါ တဿ နဂရေ-အစရှိသော နောက်ဝါကျ၌ တဒါ တဿ နဂရေ ယညော နတ္ထိ ကား ဗျတိရေက ဝါကျ။ သောဏဒဏ္ဍာဿ ပန စသည်ကား အနွယဝါကျ။

### (င) ဝါကျ၌ လိုအပ်သောဗျတိရေကဝါကျကား

န ယညာနုဘဝနံ သန္ဓာယ ဝုတ္တံ "ကေနစိဒေဝ ကရဏီယေနာ"တိ-ဖြစ်ပါသည်။

၄။ ရညော+ဟုဒံ ရဇ္ဇံ။ (မင်း၏ဥစ္စာဖြစ်သော တိုင်းပြည်ရ၏။)

ဝိသိဋ္ဌာနိ+ ရဇ္ဇာနိ ဝိရဇ္ဇာနိ။ ဝိရဇ္ဇာနိ ဧဝ ဝေရဇ္ဇာနိ။

နာနာဝိဓာနိ+ဝေရဇ္ဇာနိ နာနာဝေရဇ္ဇာနိ။

နာနာဝေရဇ္ဇေသု+ဇာတာ နာနာဝေရဇ္ဇကာ။ (သဒ္ဒီသစ်)

အထူးထူးအပြားပြားသော တိုင်းပြည်တို့၌ မွေးဖွားကြကုန်သော ပြာဟ္မဏတို့ရ၏။

(တနည်း) နာနာဝေရဇ္ဇာနိ+နိဝါသာ ဧတေသန္တိ နာနာဝေရဇ္ဇကာ။

အထူးထူးအပြားပြားသော တိုင်းပြည်ဟူသော နေရာရှိကုန်သော ပြာဟ္မဏတို့ရ၏။

(တနည်း) နာနာဝေရဇ္ဇတော+အာဂတာ နာနာဝေရဇ္ဇကာ။

အထူးထူးအပြားပြားသော တိုင်းပြည်တို့မှရောက်လာကြကုန်သော ပြာဟ္မဏတို့ရ၏။

သမ္ဗုတ္တိယာ ကာသတိ ဒိပ္ပတီတိ **ကာသိ**။ ကာသ ဒိတ္တိယံ ဣ၊ ကာသိ။ (ဓာန်ဋီ၊ ဿူစိ)

၅။ ကိဋ္ဌိ, ကာနိစိ။ (ပဌမာ)

ကိဋ္ဌိ, ကာနိစိ။ (ဒုတိယာ)

ကေနစိ ကေဟိစိ, ကေဘိစိ။ (တတိယာ)

ကဿစိ, ကိဿစိ, ကေသဥ္စိ ကေသာနဥ္စိ။ (စတုတ္ထီ)

ကသ္မာစိ, ကမှာစိ, ကေဟိစိ, ကေဘိစိ။ (ပဉ္စမီ)

ကဿစိ, ကိဿစိ, ကေသဥ္စိ, ကေသာနဥ္စိ။ (ဆဋ္ဌီ)

ကသ္မိံစိ, ကိသ္မိံစိ, ကမှိစိ, ကိမှိစိ၊ ကေသုစိ။ (သတ္တမီ) (ရူပသိဒ္ဓိ၊ ၁၀၈။)

ဂမု-ဓာတ်သည် အာ-ရှေးရှိမူ စုရာဒိဂဏိက ဖြစ်ပါသည်။ ထို့ကြောင့်-

အာဂမေတု အာဂမေန္တု။

အာဂမေဟိ အာဂမေထ။

အာဂမေမိ အာဂမေမ-ဟုစဉ်။

http://www.dhammadownload.com



၆။ (က) ဝါကျ ခတ္တာ ဝုစ္စတိ ပုစ္ဆိတပဥှေ ဗျာကရဏသမတ္ထော မဟာမတ္တောဖြင့် ခတ္တာပုဒ်ကို ခတ္တိယေ တတောတတော အဟိတတော တာယတိ ရက္ခတီတိ ခတ္တာဟု ဝစနတ္ထပြု၍ ခတ္တာအရ မေးအပ်သမျှပြဿနာကို ဖြေခြင်းငှာစွမ်းနိုင်သော အမတ်ကြီးကို ယူရမည်ဟု သိစေသည်။

တံ (အာမန္တေသိ)ဖြင့် သံဝဏ္ဏေတဗ္ဗ ပါဠိ၌ ခတ္တံ-ဟု ဒုတိယာဝိဘတ်္တိနှင့် ရှိသည် အဖြစ်ကို သိစေသည်။

(ခ) ဝါကျ မုဟုတ္တံ ပဋိမာနေန္တ္ဖြင့် အာဂမေန္တ္ဌ အာဥပသာရ၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကိုလည်းကောင်း၊ ဂမု-ဓာတ်၏ အဓိဝါသန (ပဋိမာနန) သည်းခံ ဆိုင်းငံ့ခြင်းအနက်ဟောသည်၏အဖြစ်ကို လည်းကောင်း၊ ယင်းဂမု-ဓာတ်၏ ဤနေရာ၌ စုရာဒိဂဏိကဓာတ်၏အဖြစ်ကို လည်းကောင်း သိစေပါသည်။

❖ **ဂမု ဂတျံ၊ အာ-ပုဗ္ဗော စ-ဓိဝါသနေ၊ (ဓာတွတ္ထသင်္ဂဟ၊ ၉၃၊)**

မာဂစ္ဆန္တ္-ဖြင့်မုဟုတ္တံ ပဋိမာနေန္တ္-၌ တမုဟုတ်မျှ ဆိုင်းငံ့ကြကုန်ဦးဟူသည် ဥဇုကတ္ထ အဓိပ္ပါယ်အားဖြင့် မသွားကြပါကုန်လင့် ဟု တားမြစ်ခြင်းပင်တည်းဟု သိစေသည်။

(ဂ) နာနာဝိဓေသု ရဋ္ဌေသု ဇာတာဖြင့် နာနာဝေရဇ္ဇကာနံ၌ နာနာ-သဒ္ဒါ၏ နာနာဝိဓ အနက်ဟောသည်၏အဖြစ်ကို လည်းကောင်း၊ (နိပါတလိင်္ဂတ္တာ) နာနာဝိဓာနိ+ဝေရဇ္ဇာနိ နာနာဝေရဇ္ဇာနိ ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း၊ နာနာဝေရဇ္ဇကာ၌ က-ပစ္စည်း၏ ဇာတတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကို လည်းကောင်း၊ နာနာဝေရဇ္ဇေသု ဇာတာ နာနာဝေရဇ္ဇကာဟု ဇာတတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

အညေသုအညေသု ကာသိကောသလာဒီသု ရဋ္ဌေသု-ဖြင့် နာနာဝေရဇ္ဇ-အရ စမ္ပာပြည်မှ အခြားကုန်သော ကာသိတိုင်း ကောသလတိုင်း အစရှိသော တိုင်းပြည်တို့ကိုယူရမည်ဟု သိစေသည်။

တာနိ ဝါ တေသံ နိဝါသာဖြင့် နာနာဝေရဇ္ဇကာ-၌ က-ပစ္စည်း တေသံနိဝါသ တဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊ နာနာဝေရဇ္ဇာနိ+နိဝါသာ တေသံ (ဗြာဟ္မဏာန)န္တိ နာနာဝေရဇ္ဇကာ (တေသံ)-ဟု နိဝါသတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။

တတော ဝါ အာဂတာဖြင့် နာနာဝေရဇ္ဇကာ၌ က-ပစ္စည်း၏ အာဂတတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊ နာနာဝေရဇ္ဇတော+အာဂတာ နာနာဝေရဇ္ဇကာ-ဟုအာဂတတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။

တေသံ နာနာဝေရဇ္ဇကာနံ-ဖြင့် ပါဠိတော်၌ သမ္ဗန္ဓ-နှင့် ရှိသည်၏ အဖြစ်ကို သိစေသည်။

၇။ **ခတ္တာ**-ကား ခတ-သဒ္ဒူပပဒ+တာ-ဓာတ်+က-ပစ္စည်း (က်-အနုဗန် ရှိသော အ-ပစ္စည်း) ဟု ထောမနိမိ ဆို၏။ ခတ္တောဟု ဆိုလိုလျက် ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဩ-ကို-အာ-ပြု၍ ခတ္တာ-ဟုပြီးသည်။ (ဘာသာဋီကာ၊ ၄၆၄။)

(တနည်း) ခတ္တိယ-သဒ္ဒူပပဒ+တာ-ဓာတ်+အ-ပစ္စည်း။ ခတ္တိယတာ-ဟု ဆိုလိုလျက် ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် တိ-နှင့်-ယ-ကို ချေ၊ တ-ကို-တာ-သို့ ကပ်၍ ခတ္တာဟု ပြီးသည်။

❖ **ခတ္တိယာနံ တာယနတော ရက္ခဏတော ခတ္တာ နိရုတ္တိနယေန၊ (သီဋီသစ်၊ ၂၈၃)**

၈။ ကုလာပဒေသာဒိနာ မဟတီ မတ္တာ ပမာဏံ ဧတဿာတိ မဟာမတ္တော။ (သီဋီသစ်၊ ၂၈၃)

မဟတီမတ္တာ-ဟူသော သမာသ်ပုဒ်၏အရကား ညွန်ပြကြောင်း အမျိုးအနွယ် စသည်တို့၏ အစွမ်းဖြင့် ကြီးကျယ်သော အတိုင်းအရှည်သည် မှချအားဖြင့်ရ၏။

http://www.dhammadownload.com



ထို၏+အမတ်ကြီးနှင့် ပမာဏ+ပမာဏဝန္တ, ဂုဏ်+ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။

တေ-အညပုဒ်အရကား ကြီးကျယ်သောအတိုင်းအရှည်ရှိသော အမတ်ကြီးရ၏။

၉။ နာဟံ အယျသ ဝန္ဒာမိ၊ အရဟတ္တံ ပုထုဇ္ဇနေ။

ဌတွာ ရက္ခိတသီလံဝ၊ ဝန္ဒာမိ သီရဿာမဟံ။ (ပဏ္ဍာဝတ္ထုဂါထာ+အနုဋ္ဌုတဆန်း။)

အမှာ ဂါထာ၌ ပုထုဇ္ဇနေ ကား ဘာဝလောပပုဒ်-ဟုမှတ်။

၁၀။ ✣ ရှိခိုးသော တိဿမင်းကြီး၏ သဒ္ဓါပြဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဓမ္မရတိဌာယိ ဘာဝ+ဓမ္မသိဂ်ိရရသ။

✣ မဟာသင်္ဃဝသာမထေရ်၏ ပုထုဇဉ်ဘာဝတုန်းက စောင့်ရှောက်အပ်သော သီလသည် အာရမ္မဏဝိဘာဝ။

✣ ယင်းသီလ၏ မကျိုးမပေါက် မပြောက်မကျားခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

✣ တိဿမင်း၏သန္တာန်၌ ကုသိုလ်တရား တိုးပွားခြင်း, သုဂတိဘုံဘဝသို့ ရောက်ရခြင်းစသည် သည်အနုဘာဝ။

## ဝါကျဥယျာဉ် ( ၂၄၉ )

### ၁၃၄၇-ခု။ အစိုးရ

(က) ကေနစိဒေဝကရဏီယေနာတိ တသ္မိံ ကိရ နဂရေ ဒွိဟိ ကရဏီယေဟိ ဗြာဟ္မဏာ သန္နိပတန္တိ ယညာနဘာဝနတ္ထံ ဝါ မန္တသဇ္ဈာယနတ္ထံ ဝါ။

(ခ) တဒါ စ တသ္မိံ နဂရေ ယညော နတ္ထိ။ သောဏဒဏ္ဍဿ ပန သန္တိကေ မန္တသဇ္ဈာယနတ္ထံ တေ သန္နိပတိတာ။

(ဂ) သံသုဒ္ဓဂဟဏီကောတိ သံသုဒ္ဓါ တေ မာတု ဂဟဏီ၊ ကုစ္ဆီတိ အတ္ထော။ (ဌ၊ ၂၅၀)

(ဃ) ဣဒ္ဓ ပန သီလပဥ္စကံ "အတ္တာသိနေပဟဥ္စ ဇီဝိတသိနေပဟဥ္စ ပရိစ္စဇိတွာ ရက္ခိဿာမီ"တိ သမာဒိန္နတာယ "ယညော"တိ ဝုစ္စတိ။ (ဌ၊ ၂၇၃။)

(င) ဩဠဳ္ဗဓ္ဓေါတိ အဒ္ဓေါဠ္ဌတာယ ဝေလဒ္ဓနာမော။ (ဌ၊ ၂၇၆။)

(ဌ။ ၂၅၀။ ဋီသစ်၊ ၂၈၃။ နေရင်း။ ၃၅၅။ ပဒက္ကမ၊ ၄၃၀။ ဘာသာဋီ၊ ၄၆၅။ ဂဏ္ဌိ။ ၄၆၇။)

၁။ (က+ခ) ဝါကျတို့ကို နဂရေနှင့် ဂဟဏီ-ပုဒ်တို့၌ သဒ္ဒတ္ထထင်စေလျက် အနက်ယောဇနာပါ။

၂။ (ဂ) ဝါကျ ကုစ္ဆီတိ အတ္ထော-သို့ ဒေါသာရောပနစောဒနာ တက်ခဲ့ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)

၃။ (ခ) ဝါကျ၌ ဖြစ်သင့်သည်အားလျော်စွာ စောဒကာဘောဂါဒီစတုက္ကထုတ်ပြခဲ့ပါ။

၄။ ကုစ္ဆိ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ခွဲပြခဲ့ပါ။

၅။ (င) ဝါကျ အဒ္ဓေါဠ္ဌတာယ-၌ တာသမ္ဗန်ခံ၍ ဖြစ်သင့်သော အနက်အားလျော်စွာ စာစပ်ခဲ့ပါ။

၆။ (ဂ) ဝါကျ အဋ္ဌကထာဆရာ၏ အာဘောဂနှင့်သံဝဏ္ဏနာတို့ကို ယှဉ်တွဲ၍ ဖော်ပြပါ။

၇။ ကုစ္ဆိ-နှင့် မုဟုတ္တ-ပုဒ်တို့၌ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံတို့ကို ဖော်ပြခဲ့ပါ။

၈။ ငါးပါးသီလကို "ဒါန"ဟု ဆိုသင့်, မဆိုသင့် အကြောင်းနှင့်တကွ ဆုံးဖြတ်ပါ။

၉။ (ခ) ဝါကျ၌ ဆိုရှိရင်း အနက်အဓိပ္ပါယ်ကို မပျက်စေမူ၍ ဝတ္တမျိုးဂါထာ တဂါထာ ဖွဲ့သီခဲ့ပါ။

၁၀။ (ဃ) ဝါကျ သမာဒိန္နတာယ၌ ဓာတ်အရကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ, တို့ကို ထုတ်ပြခဲ့ပါ။

==================

http://www.dhammadownload.com



၁။ (က) တသ္မိံ နဂရေ=မသွားတတ်သော ပြဿဒ်အစရှိသော အဆောက်အဦးတို့ရှိရာ ထိုအရပ်၌။ (ဝါ) ပြည့်သော အိမ်ရှိရာဖြစ်သော ထိုအရပ်၌။

- **န ဂစ္ဆန္တီတိ နဂါ၊ ပါသာဒါဒယော၊ နဂါ အဿ သန္တီတိ နဂရံ၊ (ဓာန်ဋီ)**
- **နံ သမ္ဗုဏ္ဏံ+ ယရံ ဧတ္ထာတိ နဂရံ၊ (ကောက္ကရကောသဋီကာ၊ ၆၃၊)**

(ဂ) ဝါကျ ဂဟကီ=ကိုယ်ဝန်ကိုယူတတ်, ဆောင်တတ်သော ဝမ်းတိုက်သည်။

- **ဂဗ္ဘံ ဝဏှာတိ ဓာရေတီတိ ဂဟဏီ၊ (သီဋီသစ်၊ ၂၈၄၊)**

၂။ **(ဂ) ဝါကျ ကုစ္ဆိတိ အတ္ထောသို့ ဒေါသာရောပနစောဒနာ**

ဆရာ-သည် သံသုဒ္ဓါ တေ မာတု ဂဟဏီ-ပါဠ်ဖြင့် သံသုဒ္ဓဂဟဏိကော-ပုဒ်ကို သံသုဒ္ဓါ+ ဂဟဏီ+ယဿာတိ သံသုဒ္ဓဂဟဏိကော-ဟု စတုတ္ထီဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်ဟု ပြဆိုတော် မူ၏။ ယင်း၌ ဂဟဏီသဒ္ဒါ သည် မည်သည့်အနက်ကို ဟောပါသနည်း။ ပါစကတေဇော-ဟူသော အနက်ကိုပင် ဟောပါသလော။ သံသုဒ္ဓဂဟဏိကော-၌ ဂဟဏီသဒ္ဒါ၏ ဖြစ်သင့်သော ဣဓာဓိပ္ပေတတ္ထ ကို မပြဆိုခဲ့သော် ဂဟဏီ-သဒ္ဒါ ဟောနိုင်သောအနက်အားလုံး၌ ပြန့်နှံ့သော အတိဗျာပိတဒေါသ (တနည်း) သင်္ခေပ+ဝိတ္ထာရ ဆန့်သောဝိရောဓိဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင့် ကုစ္ဆိတိ အတ္ထော မိန့်။

- **ဥဒရေသု တထာ ပါစာ-နလသ္မိံ ဂဟဏီတ္ထိယံ၊ (ဓာန်၊ ၉၇၃၊)**

**(ခ) သာဓောဂပုစ္ဆာ**

ဆရာ-သည် (က)ဖြင့် ယညာနုဘဝနကိစ္စ, မန္တသဇ္ဈာယနကိစ္စ-နှစ်ပါးကြောင့် ပုဏ္ဏား တို့သည် စမ္မာမြို့၌ စုဝေးကြကုန်၏ဟုဆို၏။ မြတ်စွာဘုရားကြွရာထိုအခါ၌လည်း ယင်းပြဆိုခဲ့ ကိစ္စနှစ်ပါးကြောင့်ပင် စမ္မာမြို့၌ ပုဏ္ဏားများ စုဝေးနေကြပါသလော။ (ဝါ) ယညာနုဘဝန ကိစ္စကြောင့် စမ္မာမြို့၌ ပုဏ္ဏားများစုဝေးနေကြပါသလော။ မြတ်စွာဘုရားကြွတော်မူရာ ထိုအခါ၌ အဘယ်ကိစ္စကြောင့် (ဝါ) အဘယ့်အကျိုးငှာ စမ္မာမြို့၌ ပုဏ္ဏားများ စုဝေးနေကြပါသနည်း။ စုဒ်ကြောင့် (၁)မိန့်။

၃။ ဝါကျဥယျာဉ် (၂၄၄)၌ဖြေပြီး။

၄။ ကုသီယတိ အင်္ဂောသီယတီတိ ကုစ္ဆိ။ (ကွာဒိမောဂ်။ ၄၁။)
ဆဲရေးခြင်း ကြိယာသကတ်သည် ဝစနဟေတု။
ဝမ်းဗိုက်ဒြဗ်သည် ဝစနီယ။
ဂဟဏီ, ဥဒရံ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ အဒ္ဓေါဠှတာယ-၌ တာ-သမ္ဗန်ကား လိစ္ဆဝိနော တည်း။ (ကတ္တား+သမ္ဗန်စာစပ်)

- **ဩဠှေခွေါဝိ လိစ္ဆဝိ မဟာလိယာ (လ) ထေနပဿကံမိ (ပါဠိတော်)**

၆။ (ဂ) ဝါကျ သံသုဒ္ဓါ တေ မာတု ဂဟဏီ ဖြင့် သံသုဒ္ဓဂဟဏိကောပုဒ်ကို သံသုဒ္ဓါ ဂဟဏီ ယဿာတိ သံသုဒ္ဓဂဟဏိကော ဟု စတုတ္ထီ, ဆဋ္ဌီဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း, ဂဟဏီ၌ ဝမ်းတိုက်ဟူသည် အခြားသူတို့၏ ဝမ်းတိုက်မဟုတ်၊ သင့်မိခင်၏ ဝမ်းတိုက်ပင်တည်း ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

ကုစ္ဆိတိအတ္ထောဖြင့်ဂဟဏီ-သဒ္ဒါသည် ကုစ္ဆိ-အနက်ကိုဟောသည်ဟုသိစေသည်။(ဓာန်၊၉၇၃) (တနည်း) ဂဟဏီ-သဒ္ဒါသည် ကုစ္ဆိ-သဒ္ဒါ၏ ပရိယာယ်တည်းဟုသိစေပါသည်။

http://www.dhammadownload.com



- **ကုစ္ဆိတ ဒွိသု၊ ဂဟဏီဆွေ့ဒရံ ဂရှော၊ (ဓာန်၊ ၂၇၁၊)**

(တနည်း) ဂဏှ် ဂဏှာတိ ဓာရေတီတိ ဂဟဏီ-ဟုဝစနတ္ထပြု၍ ဂဟဏီ-အရ အမိဝမ်းကိုယူရမည်ဟု သိစေသည်။ (သီဋီသစ်)

၇။ **ကုစ္ဆိ-ကား (ကုသ+ဓာတ်+ဆိ-ပစ္စည်း) ကုသဆိ-ဟူလိုလျက် သ-ကို-စ-ပြု၍ ပြီးသည်။**

- **ကုသ အင္ဂလေသော၊ ဆိ၊ သသာ စော၊ (ဓာန်ဋီ၊ ၂၇၁၊)**

မုဟုတ္တ-ကား ဟုစ္ဆ-ဓာတ်+တ-ပစ္စည်း။ ဟုစ္ဆတဟူလိုလျက် ဓာတ်၏အစ၌ မု-အာဂုံလာ။ စ္ဆ-ကိုချေ။ တ-ဒွေးဘော်လာ၍ မုဟုတ္တပြီး၏။ (သူစိ)

- **ဟုစ္ဆ-ကောဋိလျေ၊ ကုဋိလယတိ ရတ္တိဒိဝသေ သုဘာသုဘဒဿနဘောတိ မုဟုတ္တော၊ တော၊ ဓာတွယာဒိမှိ-မုကာရာဂမော, စ္ဆ-လောပေါ၊ (ဓာန်ဋီ၊ ၆၇၊)**

**သန္တိက-ကား သဟ+အန္တ။ သကတ္ထ-ဣက-ပစ္စည်းဖြစ်ပြီးရကား သဟန္တိကဟု ဆိုလိုလျက် သဟ-ကို သ-ပြု (တနည်း) ဟ-ကိုချေ၍ သန္တိက-ဟုပြီးသည်။**

- **သဟ အန္တေန သန္တိကံ၊ သကတ္ထေ-ဣကော၊ (ဓာန်ဋီ၊ ၇၀၅၊)**
- **သဟယေဓာတိ ဝစ္ဆမ္ဗေ ဟ-လောပေန သယေဓာတိ ဝုတ္တံ၊ (ရှု-ဋီ)**

၈။ ငါးပါးသီလကို ဒါနဟုဆိုသင့်ပါသည်။ အကြောင်းကား သီလ၏ ဘေးမရှိခြင်းကို ပေးတတ်သောကြောင့်လည်းကောင်း၊ အကြွင်းမရှိသော သတ္တဝါအပေါင်းကို စောင့်ရှောက်တတ်သောကြောင့်လည်းကောင်းတည်း။

- **သီလံ ဟူမ အဘယဒါနတာယ ဒါနံ၊ အနဝသေသံ ဝါ သတ္တနိကာယံ ဒယတိ ရက္ခတီတိ ဒါနံ၊ (သီဋီသစ်၊ ၃၂၄၊)**

၉။ **(ခ) ဂါထာစီ**

တဒါ ပုရေ နတ္တိ ယညော၊ သောဏဒဏ္ဍာသ သန္တိကေ။
မန္တာနံ သဇ္ဈာယနတ္ထံ၊ သန္နိပတိံသု ဗြာဟ္မဏာ။ (ရကာရ ဝိပုလာဂါထာ)

၁၀။ ✣ သမာဒိန္နတာယ-၌ သံ+ရှေး+အာရှေး+ဒါ-ဓာတ်၏အရ ငါးပါးသီလဆောက်တည်သူ၏ သန္တာန်၌ ဝိရတီစေတနာပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယိဘာဝ+ဓမ္မသိဂ်ါရ ရသ။

✣ ဝိတိက္ကမိတဗ္ဗဝတ္ထုသည်လည်းကောင်း, ဆောက်တည်အပ်သော သိက္ခာပုဒ်တို့သည်လည်းကောင်း အာရမ္မဏဝိဘာဝ။

✣ ငါသည် မိမိကိုယ်နှင့်အသက်ကို ချစ်ခြင်းကိုစွန့်၍ သိက္ခာပုဒ်သီလစောင့်မည်ဟု နှလုံးသွင်းခြင်းသည် ဥဒ္ဒိပနဝိဘာဝ။

✣ ပစ္စုပ္ပန်၌ သီလဝန္တပုဂ္ဂိုလ်ဟူ၍ ပညာရှိတို့ချီးမွမ်းခံရခြင်း, တမလွန်၌ နတ်ရွာသုဂတိသို့လားရခြင်း စသည်သည် အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၂၅၀ )

(က) **ဗြာဟ္မဏပဗ္ဗဇ္ဇာတိ** ဗြာဟ္မဏာပိ ကာရဏေန။

(ခ) ဇဝံ ဝတ် ကာရဏံ ဝတွာ ပုန "အတ္တနော ဝဏ္ဏေ ဘညမာနေ အတုဿနကသတ္တော နာမ နတ္ထိ။ ဟန္ဒဿ ဝဏ္ဏံ ဘဏနေန ဂမနံ နိဝါရေဿာမိ" တိ စိန္တေတွာ "**ဘဝံ ဟိ သောဏဒဏ္ဍော ဥဘတော သုဇာတော**"တိ အာဒီနိ ကာရဏာနိ အာဟံသု။

(ဂ) **ဥဘတောတိ** ဒွီဟိ ပက္ခေဟိ။

(ဃ) **သံသုဒ္ဓဂဟဏိကောတိ** သံသုဒ္ဓါ တေ မာတု ဂဟဏီ၊ ကုစ္ဆီတိ အတ္ထော။

(င) "**သမဝေပါကိနိယာ ဂဟဏိယာ**"တိ ဧတ္ထ ပန ကမ္မဇတေဇောဓာတု "ဂဟဏီ"တိ ဝုစ္စတိ။

(ဋ္ဌ၊ ၂၅၀။ သီဋ္ဌီသစ်။ ၂၈၃။ ပဒုက္က။ ၄၃၁။ ဘာသာဋီ။ ၄၆၇။ ဂဏ္ဌိ။ ၂၆၈)

၁။ (က) (ခ) ဝါကျတို့ကို ကျနစွာအနက်ပေးပြပါ။

၂။ (ခ) ဝါကျကို သာဓိပ္ပါယာနုသန္ဓေတက်၍၊ (င) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။

၃။ (ခ) ဝါကျ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ ဂဟဏီ-ပုဒ်ကို (ဃ) (င)တို့နှင့်အညီ ဝစနတ္ထပြု၍ ဝစနာဒိသက္ကထုတ်ပြပါ။

၅။ (ဃ) ဝါကျ သံဝဏ္ဏေတဗ္ဗပုဒ်ကို ဟိတ်ပြင်၍ ယင်း၏သမွန်ခံပြီး အတ္ထာနုရူပစာစပ်ပါ။

၆။ (က) (ဂ) (ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ ပက္ခေဟိ-၌ ပက္ခ-ပုဒ်၏နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ပါဠိတော်၌ ဥဘတော သုဇာတော-ဟုသာဆိုလျှင် လိုအပ်သောအနက်ပြီးပြည့်စုံနေသည် ဖြစ်ပါလျက် မာတိတောစ ပိတိတောစ-ပုဒ်တို့ကိုထည့်သွင်းပြောဆိုကြခြင်းအကြောင်းကို ကျနစွာ ရှင်းပြပါ။

၉။ တေ တာဒိသေ ပူဇယတော (ပ) ဗြာမေတ္တမပိ ကေနစိ (ဋ္ဌ၊ ၂၅၄) ဂါထာကို ဆန်းစစ်၍ဂါထာ အမည်/ဆန်းအမည်ပေးခဲ့ပါ။

၁၀။ မာတု-၌ ဓာတွတ္ထကိုရှု၍ ဘာဓါလက်ာရထုတ်ပြပါ။

===================

၂။ **(ခ) ဝါကျ သာဓိပ္ပါယာနုသန္ဓေတက်ပုံ-**

ဤသို့ (က) ဖြင့် ဗြာဟ္မဏာပဗ္ဗဇ္ဇေန-၌ အင်္ဂ-ပုဒ်ကို အင်္ဂေတိ ဂမေတိ အတ္တနော ဖလံ ဉာပေတီတိ အင်္ဂံ, သယံ ဝါ အင်္ဂီယတိ ဂမီယတိ ဉာယတီတိ အင်္ဂံ-ဟုဝစနတ္ထပြု၍ အင်္ဂ-အရ အကြောင်းကိုယူရမည်ဟု ပြဆိုပြီး၍၊ ယခုအခါ၌ လောကသဘော၏အဖြစ်ကိုအောက်မေ့သဖြင့် တပါးသောအကြောင်းတို့ကိုလည်း ဆိုကြကုန်၏ဟုပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ)မိန့်၏။ (ဂဏ္ဌိ။ ၄၆၈)

✦ **အင်္ဂေတိ ဂမေတိ အတ္တနော ဖလံ ဉာပေတိ, သယံ ဝါ အင်္ဂီယတိ ဂမီယတိ ဉာယတီတိ အင်္ဂံ၊ ယေတု၊ တေနာဟ "ကာရဏေနာ"တိ။ လောကဓမ္မတာနုဿရဏေန အပရာနိပိ ကာရဏာနိ အာဟံသူတိ ဒဿေန္တော "ဧဝံ"န္တိ အာဒိမာဟ။ (သီဋ္ဌီသစ်။ ၂၈၃)**

**(ခ) ဝါကျ အယုတ္တစောဒနာတက်ပုံ-**

သရာ၊ ပုဏ္ဏားတို့သည် ဘဝံ ဟိ သောဏဒဏ္ဍော ဥဘတော သုဇာတောအစရှိသော အကြောင်းတို့ကို ပြောဆိုကြကုန်၏။ ထိုပုဏ္ဏားတို့သည် သစေ ဘဝံ သောဏဒဏ္ဍော သမဏံ ဂေါတမံ-အစရှိသည်ဖြင့် ဘုရားရှင်ထံသို့ သောဏဒဏ္ဍပုဏ္ဏား မချဉ်းကပ်ထိုက်ခြင်း၏ အကြောင်းကို

http://www.dhammadownload.com


ပြောဆိုကြပြီးသည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ပုထုဇဉ်တို့သည် ဘဝံ ဟိ သောဏဒဏ္ဍော ဥဘတော သုဇာတောအစရှိသောအကြောင်းတို့ကို တဘန်ဆိုကြလေကုန်သနည်း။ ပုန္နရုတ္တိဒေါသ-၏။ စုဒ်ကြောင့် (၁)မိန့်။

**အမှာ** စကားနှစ်ရပ်၊ သန္ဓေစပ်က၊ စသောနိယံနှင့်အညီ ကျမ်းတက်ခြင်းဖြစ်သည်။

## (င) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် (ဃ)ဖြင့် ဂဟဏီ-သဒ္ဒါသည် ကုစ္ဆိ (အမိဝမ်း) ဟူသောအနက်ကို ဟော၏-ဟုဖွင့်ပြဆို၏။ ခပ်သိမ်းသောအရာ ဌာနတိုင်း၌ပင် ဂဟဏီ-သဒ္ဒါသည် ကုစ္ဆိ (အမိဝမ်း) ဟူသော အနက်ကိုဟော၏-ဟုဆိုလိုပါသလော။ (ဂဏ္ဍိ၊ ၄၆၈) ဂဟဏီ-သဒ္ဒါသည် အဘယ်အရာ၌ အဘယ်အနက်ကို ဟောပါသေးသနည်း။ စုဒ်ကြောင့် (င)မိန့်။

**အဓိပ္ပါယ်ကား** (င)ဖြင့် သမဝေပါကိနိယာ ဂဟဏိယာ-ဟူသော သုတ်မဟာဝါ မဟာသုဒဿနသုတ်၌ကား ဂဟဏီ-သဒ္ဒါသည် ကမ္မဇတေဇောဓာတ် (ပါစကဝမ်းမီး) ဟူသောအနက် ကိုလည်း ဟောသေး၏ ဟုငါပြ-ဟူလို။

၃။ **(ခ) ဝါကျ စောဒကာသောဂါဒိစတုက္ကထုတ်ပုံ**

(က) နနု ဝေ တော် ကာရဏံ ဝုတ္တံ။

(ခ) အထ ကသ္မာ "ဘဝံ ဟိ သောဏဒဏ္ဍော ဥဘတော သုဇာတော"တိ အာဒီနိ ကာရဏာနိ အာဟံသု။

(ဂ) နနု အတ္ထနော ဝဏ္ဏေ ဘညမာနေ အတုဿနကသတ္တောနာမ နတ္ထိ၊ ဟန္ဒဿ ဝဏ္ဏံ ဘဏနေန ဂမနံ နိဝါရေဿာမာတိ စိန္တေန္တိ။

(ဃ) တသ္မာ "ဘဝံ ဟိ သောဏဒဏ္ဍော ဥဘတော သုဇာတော"တိ အာဒီနိ ကာရဏာနိ အာဟံသု။

၄။ **(ဃ) သံသုဒ္ဓဂဟဏိကော-၌ ဂဟဏီ-ပုဒ်ဝစနာဒိဆက္က**

ဂဗ္ဘံ ဂဏှာတိ ဓာရေတီတိ ဂဟဏီ။ (သီဋီသစ်)

ကိုယ်ဝန်ဆောင်ခြင်း, ယူခြင်းကြိယာသကတ်သည်-ဝစနဟေတု။

အမိဝမ်းဖြစ်သည်-ဝစနီယ။

ကုစ္ဆိ, ဥဒရံ-စသောပရိယာယ်သဒ္ဒါများသည်-ဝစနီယတ္ထ။

**(င) ဝါကျ သမဝေပါကိနိယာ ဂဟဏိယာ-၌ ဂဟဏီ-ပုဒ် ဝစနာဒိဆက္က**

ယထာဘုတ္တံ အာဟာရံ ဝိပါစနဝသေန ဂဏှာတိ န သဇ္ဇတီတိ ဂဟဏီ။ (သီဋီသစ်)

စားအပ်တိုင်းသော အာဟာရကို ကျက်စေခြင်း၏အစွမ်းဖြင့် ယူခြင်းကြိယာသကတ်သည်-ဝစနဟေတု။

ကံကြောင့်ဖြစ်သော ပါစကဝမ်းမီးဖြစ်သည်-ဝစနီယ။

ကမ္မဇတေဇောဓာတု ဥဒရဂ္ဂိ-စသောပရိယာယ်သဒ္ဒါများသည်-ဝစနီယတ္ထ။

**ဣတ္ထိနာပဂေန-၌ အင်္ဂ-ပုဒ် ဝစနာဒိဆက္က**

အင်္ဂေတိ ဂမေတိ အတ္ထနော ဖလံ ဉာပေတီတိ အင်္ဂံ။

သယံ ဝါ အင်္ဂီယတိ ဂမီယတိ ဉာယတီတိ အင်္ဂံ။ (သီဋီသစ်)

မိမိအကျိုးကိုသိစေခြင်း ကြိယာသကတ်သည်--ဝစနဟေတု။

မိမိအကျိုးကိုသိစေတတ်သော အကြောင်းဖြစ်သည်--ဝစနီယ။

ကာရဏံ, ဟေတု-စသောပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထ။

http://www.dhammadownload.com



## သမဝေပါကိနိယာ-ပုဒ် ဝစနာဒိဆက္က

ဝိပါစနံ ဝိပါကော။ ဝိပါကောယေဝ ဝေပါကော။ သမံ+ဝေပါကော သမဝေပါကော။
သမဝေပါကော+ယဿာ ဂဟဏိယာ အတ္ထီတိ သမဝေပါကိနီ။ (ဘာသာဋီကာ)
အညီအမျှအထူးကျက်စေခြင်းသတ္တိ၏+ပါစကဝမ်းမီးနှင့် သတ္တိ+သတ္တိမန္တ၊ ဂုဏ်+ဂုဏေးစပ် ဝစနပဟေတု။
ပါစကဝမ်းမီးဖြစ်သည်--ဝစနီယ။
သမဝိပါစနိယာ-စသောပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထ။
သံသုဒ္ဓါ+ဂဟဏီ+ယဿာတိ သံသုဒ္ဓဂဟဏိကော။ (စင်ကြယ်သောဝမ်းမီးရှိသူ)

၅။ သံသုဒ္ဓဂဟဏိကော-ကို သံသုဒ္ဓဂဟဏိကတ္တာ-ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ဘောတော သောဏဒဏ္ဍဿ-ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)

✤ **ဘဝံ ဟိ သောဏဒဏ္ဍော ဥဘတော သုဇာတော မာတိတောစ ပိတိတောစ သံသုဒ္ဓဂဟဏိကော။ (ပါဠိတော်)**

(ခ) ၌ စိန္တေတွာ-ကို စိန္တနတ္ထာ-ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို တေသံ ဗြာဟ္မဏာနံ-ဟုခံ။
(ဃ) ၌ သံသုဒ္ဓါ-ကို သံသုဒ္ဓတ္တာ-ဟုဟိတ်ပြင်။ ဂဟဏိယာ-ဟုသမ္ဗန်ခံ။

၆။ (က) ဖြင့် ဠမိနာပငေ်န-ကို ဠမိနာပိ+အငေ်န-ဟုပုဒ်ဖြတ်ရမည်ကို လည်းကောင်း၊ အင်္ဂ ပုဒ်ကို အင်္ဂတိ ဂမေတိ အတ္တနော ဖလံ ဉာပေတီတိ အင်္ဂံ (တနည်း) သယံ အင်္ဂိယတိ ဂမိယတိ ဉာယတီတိ အင်္ဂံ ဟုဝစနတ္ထပြု၍ အင်္ဂ အရ အကြောင်း (ဟေတု) ကို ယူရမည်ကိုလည်းကောင်း၊ (တနည်း) ဠမိနာပငေ်န-၌ အင်္ဂ-သဒ္ဒါသည် ဝပု၊ အဝယဝ-စသောအနက်တို့ကိုမဟော၊ ဟေတု အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (သိဋီသစ်။ ၂။ နံပါတ်မှာရှု)

(ဂ) ဖြင့် ဥဘတော-၌ ဥဘ-သဒ္ဒါသည် ဒွိသင်္ချာသဒ္ဒါ၏ ကာရိယ၏အဖြစ်ကို လည်းကောင်း၊ (တနည်း) ဒွိသဒ္ဒါ၏ပရိယာယ်၏ အဖြစ်ကိုလည်းကောင်း၊ တော-ဝိဘတ်၏ ပဉ္စမီအနက်၌သက်-လည်းကောင်း၊ ယင်းတော-ဝိဘတ်၏ ဗဟုဝစန၏အဖြစ်ကိုလည်းကောင်း၊ ဥဘ-ဟူသောသင်္ချာ သဗ္ဗနာမ်ပုဒ်၏ ပက္ခ-အဖို့-ဟူသောအနက်ကိုစွဲယူ-လည်းကောင်း သိစေပါသည်။

(ဃ) ဝါကျ အာ+သံ။ ဝါကျဥပဏ္ဏာဉ် (၂၄၉)၌ရေးခဲ့ပြီ။

(င) ဖြင့် သမဝေပါကိနိယာ ဂဟဏိယာ-၌ ဂဟဏီ-ပုဒ်ကို ယထာဘုတ္တံ အာဟာရံ ဝိပါစနဝသေန ဂဏှာတိ န ဆဍ္ဍေတီတိ ဂဟဏီဟုဝစနတ္ထပြု၍ ဂဟဏီ-အရ ကမ္မဇတေဇောဓာတ်ကို ယူရမည်ဟုသိစေသည်။ (တနည်း) သမဝေပါကိနိယာ ဂဟဏိယာ-၌ ဂဟဏီသဒ္ဒါသည် ကမ္မဇတေဇောဓာတ်ကို ဟော၏ဟုသိစေပါသည်။ (သိဋီသစ်)

၇။ ပက္ခ-ကား ပစ-ဓာတ်+တ-ပစ္စည်း။ ပစတ-ဟူလိုလျက် သုသပစသကတော ကွက္ကာစ-သုတ်ဖြင့် ပစ-ဓာတ်နောင် တ-ပစ္စည်းကို က္ခ-ပြု၊ ဓာတွန် စ-ကိုလည်းချေ၍ ပြီးသည်။

✤ **ပစန္တိ ပရိဏာမန္တိ ဘူတာ ရုနေနေတိ ပက္ခော။ (ဓာန်ဋီ။ ၇၄)**

(တနည်း) ပတ-ဓာတ်+ခ-ပစ္စည်း။ ပတခ-ဟူလိုလျက် တ-ကို က-ပြု၍ပြီးသည်။

✤ **ပတ ဂမနေ၊ ခေါ၊ တဿ ကော။ (ဓာန်ဋီ၊ သစ်)**

http://www.dhammadownload.com



၈။ **မာတိတော ပိတိတော-ပုဒ် ထည့်ဆိုရခြင်း**

ဥဘတော သုဇာတော-ဟုသာဆိုလျှင် မည်သည့်နှစ်ဘိုမှန်းမသိနိုင်၊ သုဇာတ-သဒ္ဒါကလည်း "သုဇာတော စာရုဒဿနော"-စသောပါဠိရပ်တို့၌ အရုပ်အမောင်း၏ ကောင်းခြင်းကိုလည်း ဟော၏။ ထို့ကြောင့် မိဘက်, ဖဘက်နှစ်ဘက်ကို "ဥဘတော"ဟု သိစေလိုသောကြောင့်လည်းကောင်း၊ အမျိုးဇာတ်အားဖြင့် သုဇာတဖြစ်ကြောင်းကို ထင်ရှားစေလိုသောကြောင့်လည်းကောင်း -"မာတိတောစ ပိတိတောစ"ဟု ဆက်၍ပြောဆိုကြသည်။ (သီဋီသစ်။ ၂၈၃)

**အစိမ့်ပြယ်မှတ်ဖွယ်**

သံသုဒ္ဓဂဟဏိကော-၌ သံသုဒ္ဓ=စင်ကြယ်-ဟူသည် အခြားယောက်ျားတို့သွားလာမှု မရှိခြင်း ပင်တည်း။ (သီဋီသစ်။ ၂၈၄)

ယင်းသံသုဒ္ဓဂဟဏိကော-ပါဌ်ဖြင့် မာတိတော ပိတိတော-အရ မွေးစားသော မိဘမဟုတ်, အမိရင်းအဘရင်း ဖြစ်ကြောင်းကိုပြသည်။ (သီဋီသစ်။ ၂၈၄)

၉။ ဘ+မ-ရောသော သံကိဏ္ဏဝိပုလာဂါထာ။ အနုဋ္ဌုဘဆန်းဖြစ်သည်။

၁၀။ **မာထု-၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ**

- သားသွီးတို့ကိုမြတ်နိုးချစ်ခင် (စောင့်ရှောက်သော) မိခင်၏သန္တာန်၌ဖြစ်သော ဂေဟာသိတ ပေမတဏှာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်-ကာမရတိဋ္ဌာယိဘာဝ+ကာမသိင်္ဂါရရသ။
- သားသမီးတို့ဒြပ်သည်-အာရမ္မဏဝိဘာဝ။
- သားသမီးတို့၏ ချစ်ခင်နှစ်သက်ဖွယ်ရာ ရုပ်ရည်ရူပကာယနှင့် ပြည့်စုံမှုသည် လည်းကောင်း၊ သားသွီးတို့ကို တိုးတက်ကြီးပွားစေလိုသော ဆန္ဒစသည်သည်လည်းကောင်း-ဥဒ္ဒီပနဝိဘာဝ ။
- သားသွီးတို့ တိုးတက်ကြီးပွားလာခြင်း, မိခင်အဘိုးပုတ္တ (ဒါရဿ) သင်္ဂဟမင်္ဂလာနှင့် ပြည့်စုံလာခြင်း, ကျေးဇူးတုန့်ပြန်သည့်အနေဖြင့် သားသွီးတို့၏ ပြုစုစောင့်ရှောက်မှုကို ခံရခြင်း -စသော အကျိုးအဆက်ဆက်သည်-အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၂၅၁ )

(က) **ယာဝ သတ္တမာ ပိတာမဟယုဂါတိတွေ့ ပိတု ပိတာ ပိတာမဟော၊ ပိတာမဟဿ ယုဂံ ပိတာမဟယုဂံ။**

(ခ) **ယုဂန္တိ အာယုပ္ပမာဏံ ဝုစ္စတိ။**

(ဂ) **အဘိလာပမတ္တမေဝ စေတံ။**

(ဃ) **အတ္ထတော ပန ပိတာမဟောယေဝ ပိတာမဟယုဂံ။**

(င) **တတော ဥဒ္ဓံ သဗ္ဗေပိ ပုဗ္ဗပုရိသာ၊ ပိတာမဟဂ္ဂဟဏေနေဝ ဂဟိတာ။ ဧဝံ ယာဝ သတ္တမော ပုရိသော၊ တာဝ သံသုဒ္ဓဂဟဏိကော။**

(ဋ္ဌ၊ ၂၅၀။ သီဋီသစ်၊ ၂၈၄။ ပဥ္စက္ခ၊ ၄၃၂။ ဘာသာဋီကာ၊ ၄၆၀။ ဂဏ္ဌိ၊ ၄၆၈)

၁။ ပိတာမဟ-ပုဒ်ကို သဒ္ဒတ္ထ, ဝေါဟာရတ္ထပြန်ဆို၍၊ ယာဝ သတ္တမာ ပိတာမဟယုဂါကို သံဝဏ္ဏနာနှင့်အညီ အနက်ပြန်ဆိုပါ။

၂။ (ခ) ဝါကျကို ဘာသောဂပုစ္ဆာထုတ်၍၊ (စ) ဝါကျကို အနုသန္ဓေထုတ်ပြပါ။

http://www.dhammadownload.com



၃။ (ခ) (ဂ) (ဃ) ဝါကျတို့၌ ရသင့်သောအာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။
၄။ (ခ) ဝါကျ သံဝဏ္ဏေတဗ္ဗပုဒ်ကို ဝစနတ္ထပြု၍၊ ဝစနာဒိသင်္ဂဟထုတ်ပြပါ။
၅။ (င) ဝါကျ၌ ပဓာနကြိယာကိုဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပါ။
၆။ (က၊ ခ၊ ဂ၊ င) ဝါကျဟို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။
၇။ အတ္ထတော-၌ အတ္ထ-ပုဒ်၏နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ မာတိတောစ ပိတိတောစ သုဇာတော (မိဘနှစ်ဘက်လုံးမှ ကောင်းမြတ်သော အမျိုးဇာတ်ရှိသူ) ဟူသော ရှေးစကားနှင့် ယာဝ သတ္တမာ ပိတာမဟယုဂါ သံသုဒ္ဓဂဟဏိကော (အဘိုးအမျိုးခုနစ်ဆက်တိုင်အောင် အဖဘက်မှ စင်ကြယ်သော အမိဝမ်းရှိသူ) ဟူသော နောက်စကားတို့၏ ရှေး+နောက် မညီညွတ် ဖြစ်နေမှုကို ညီညွတ်အောင်အဋ္ဌကထာအလိုကျ ဖြေဆိုပါ။
၉။ (င) ဝါကျလာ စကားရပ်တို့ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္ထုဇာတိဂါထာတစ်ပုဒ် စီကုံးပြပါ။
၁၀။ (င) ဝါကျရှိ ပဓာနကြိယာ၏ ဓာတွတ္ထကိုရှု၍ ဘာဝါလက္ခဏာရထုတ်ပြပါ။

= = = = = = = = = = = = = = = = = = = = =

၁။ ပိတာမဟော၊ အဖ၏အဖ။ (သဒ္ဒတ္ထ) (ဝါ) အဘိုး။ (ဝေါဟာရတ္ထ)

**ယာဝသတ္တမာ ပိတာမဟယုဂါ-သံဝဏ္ဏနာနှင့်အညီ အနက်ပေးပုံ။**

သတ္တမာ၊ ခုနစ်ဆက်တို့၏ ပြည့်ကြောင်းဖြစ်သော။ ယာဝပိတာမဟယုဂါ၊ အဘိုး၏ အသက်အပိုင်းအခြား တိုင်အောင်။ (က+ခ-နှင့်အညီ ယုဂ-သဒ္ဒါ အာယုပ္ပမာဏအနက်ဟော) (တနည်း) သတ္တမာ၊ - သော။ ယာဝပိတာမဟယုဂါ၊ အဘိုးတိုင်အောင်။ (ဂ+ဃ-နှင့်အညီ။)

## ၂။ (ခ) သာဘောဂပုစ္ဆာ

ဆရာ-ဆရာသည် (က)ဖြင့် ပိတာမဟယုဂါပုဒ်ကို ပိတုတဒ္ဓိတ်အတွင်းငုတ်သော ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြဆို၏။ ပိတာမဟယုဂံ-၌ယုဂ-သဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း။ အစုံ, ကလိယုဂ်-ဟူသော အနက်တို့ကိုပင် ဟောပါသလော။ စုဒ်ကြောင့်(ခ)မိန့်။

**အဓိပ္ပါယ်ကား** အသက်အတိုင်းအရှည်ဟူသော ကာလဝိသေသအနက်ကို ဟော၏-ဟူလို။

## (ဂ) (ဃ) ဝါကျသို့ ပုစ္ဆာတက်ပုံ-

ဆရာ၊ ဆရာသည် (ခ)ဖြင့် အာယုပ္ပမာဏ=အသက်အတိုင်းအရှည်ကို ယုဂ-ဟူ၍ ဆိုအပ်သောဟု ဖွင့်ဆို၏။ ယင်းသို့အသက်အတိုင်းအရှည်ကို ယုဂ-ဟူ၍ဆိုအပ်သည်ရှိသော် အာယုပ္ပမာဏကိုပင်(ဝါ) အဘိုး၏အသက်အတိုင်းအရှည်ကိုပင် ပိတာမဟယုဂဟူ၍ဤ၌လိုအပ်ပါသလော။ (ဂဏ္ဌိ။ ၄၆၈)။ ဤ၌ အဘယ်အရာကို ပိတာမဟယုဂဟူ၍ လိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ)(ဃ)မိန့်။

**အဓိပ္ပါယ်ကား** (ဂ)(ဃ) ဖြင့် ပိတာမဟယုဂသဒ္ဒါသည် (ဘုရားလက်ထက်) ထိုအချိန်အခါက ပြောရိုးဆိုစဉ် သဒ္ဒါမျှသာဖြစ်၍ အဘိုး၏အသက်အတိုင်းအရှည်ကို ဤ၌မလိုအပ်၊ ဤနေရာ၌ အဘိုးကိုသာ ပိတာမဟယုဂဟူ၍ လိုအပ်ပါ၏ဟူလို။

❖ **တော် ယုဂသဒ္ဒေန အာယုပ္ပမာဏဝစနံ အဘိလာပမတ္တံ လောကဝေါဟာရဝစနမတ္တမေဝ အဓိပ္ပေတတ္တတော ပန ပိတာမဟောယေဝ ပိတာမဟယုဂသဒ္ဒေန ဝုတ္တော တသောဝ ပဓာနဘာဝေန အဓိပ္ပေတတ္တာတိ အဓိပ္ပါယော။ (သီဋီသစ်၊ ၂၈၄)**

## (င) ဝါကျ ပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (ဂ)(ဃ) ဖြင့် ပိတာမဟယုဂ-၌ ယုဂသဒ္ဒါသည် အဘိလာပမတ္တသာ ဖြစ်၍ ပိတာမဟယုဂအရ မုချတ္ထအားဖြင့် အဘိုးကိုယူရမည်ဟု ပြဆို၏။ အဘိုးမှအထက်ဖြစ်သော ရှေးယောက်ျားတို့ကို အဘယ်သဒ္ဒါဖြင့် (ဝါ) အဘယ်နည်းဖြင့် ယူရပါမည်နည်း။ စုဒ်ကြောင့် (င)မိန့်။

http://www.dhammadownload.com



. **အဓိပ္ပါယ်ကား** အဘိုးမှ အထက်ဖြစ်သော ရှေးယောက်ျားတို့ကို ပိတာမဟသဒ္ဒါဖြင့်ပင် (ဝါ) ပိတာမဟသဒ္ဒါ၏ ဖလူပစာရ, ပရမ္ပရူပစာရအားဖြင့် ကောက်ယူရမည်ဟုငါပြ––ဟူလို။

**(စ) အနုသန္ဓေ**

ဤသို့ (က+ခ+ဂ+ဃ+င) ဝါကျတို့ဖြင့် ယာဝ သတ္တမာပိတာမဟယုဂါ-ပုဒ်တို့၏သဒ္ဒတ္ထ, ဝေါဟာရတ္ထ, အဘိဓာနတ္ထ, အဘိဓေယျတ္ထ တို့ကိုပြဆိုပြီး၍ ယခုအခါ၌ ယင်းယာဝ သတ္တမာပိတာမဟယုဂါ-ပုဒ်ကို – သံသုဒ္ဓဂဟဏီကောဟူသော ရှေးပုဒ်၌လည်းကောင်း; အက္ခိတ္တော အနုပက္ကုဋ္ဌော–ဟူသော နောက်ပုဒ်တို့၌လည်းကောင်း (ကာကောလောကနနည်းဖြင့်) စာစပ်၍ အဓိပ္ပါယ်ယူရမည်ဟု ပြလိုသောဆရာသည် (စ)မိန့်။

✤ **"ယာဝသတ္တမာပိတာမဟယုဂါ"တိဣဒံ ကာကပေက္ခနမိဝ ဥဘယတ္ထ သမ္ဗန္ဓဂတန္တိအာဟ "စေ"န္တိ အာဒိ။ (သီဋီသစ်။)**

အမှာ အထက်ပါသီဋီသစ်ကျမ်းတက်သည် လက်ရှိခင်းပြထားသည့် (စ) ဝါကျနှင့်တကွ အထဝါ အက္ခိတ္တော အနုပက္ကုဋ္ဌော-စသော (အဋ္ဌကထာ) နောက်ဝါကျစကားရပ်ကိုပါမျှော်၍ တက်ထားခြင်း ဖြစ်သည်။

၃။ **(ခ+ဂ+ဃ) စတုတ္ထထုတ်ပုံ**

(က) နနု ယုဂန္တိ အာယုပ္ပမာဏံ ဝုစ္စတိ။

(ခ) အထ ကသ္မာ အတ္တတော ပိတာမဟောယေဝ ပိတာမဟယုဂန္တိ ဝုတ္တံ။

(ဂ) နနု အဘိလာပမတ္တမေဝ တံ။ (အဋ္ဌကထာ)

(တနည်း) နနု တမေဝ ပဓာနဘာဝေန အဓိပ္ပေတော။ (သီဋီသစ်။)

(ဃ) တသ္မာ အတ္တတော ပိတာမဟောယေဝ ပိတာမဟယုဂန္တိ ဝုတ္တံ။

**(ဃ) (င) ဝါကျ စတုတ္ထထုတ်ပုံ**

(က) နနု ပါဠိယံ ယာဝသတ္တမာပိတာမဟယုဂါတိ ဘဂဝတာ ဝုတ္တံ။

(ခ) အထ ကသ္မာ အတ္တတော ပိတာမဟောယေဝ ပိတာမဟယုဂန္တိ ဝုတ္တံ။

(ဂ) နနု တတော ဥဒ္ဓံ သဗ္ဗေပိ ပုဗ္ဗပုရိသာ ပိတာမဟဂ္ဂဟဏေနေဝ ဂဟိတာ။

(ဃ) တသ္မာ အတ္တတော ပိတာမဟောယေဝ ပိတာမဟယုဂန္တိ ဝုတ္တံ။

၄။ တံ တဒတ္ထေ ယုဇ္ဇတိတမ္ဘန္တိ ယုဂံ။ (သီဋီသစ်။ ၂၈၄။)

ထိုထိုအနက်၌ယှဉ်ခြင်း ကြိယာသကတ်သည် – ဝစနပဟေတု။

အသက်အတိုင်းအရှည်ဟူသော ကာလဝိသေသသည်- ဝစနီယ။

အာယုပ္ပမာဏ-စသော ပရိယာယ်သဒ္ဒါများသည် – ဝစနီယတ္ထ။

အဘိလပ္ပတီတိ အဘိလာပေါ။ (ဘာသာဋီကာ။ ၄၆၉။)

အနက်သို့ ရှေးရှုပြောဆိုခြင်း ကြိယာသကတ်သည် ဂစနပဟေတု။

အနက်သို့ ရှေးရှု ပြောဆိုအပ်သော လောကဝေါဟာရသဒ္ဒါသည် ဝစနီယ။

လောကဝေါဟာရဝစန်- စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ (င)၌ ဂဟိတာ-ကို ဂဟိတတ္တာ-ဟုဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို သဗ္ဗေသမ္ပိ ပုရိသာနံ-ဟုသံ။ (ကံ+သမ္ဗန်စာစပ်။)

http://www.dhammadownload.com



၆။ (က) ပိတု ပိတာ ပိတာမဟော-ဖြင့် ပိတာမဟ-ပုဒ်ကို ပိတုနော+ပိတာ ပိတာမဟောဟု ပိတုတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ အာမဟပစ္စည်း၏ပိတုတဒ္ဓိတ်အနက်၌သက်-လည်းကောင်း သိစေပါသည်။ (သီဋီသစ်။ ၂၈၄)

ပိတာမဟဿ ယုဂံ-ဖြင့် သမာသလိင်္ဂဗဒ္ဓ သိစေပါသည်။

(ခ) ဖြင့် ပိတာမဟယုဂံ-၌ ယုဂ-သဒ္ဒါသည် ရထားထမ်းပိုး, ကလိယုဂ်, အစုံ-ဟူသော အနက်တို့ကိုမဟော၊ စတုယုဂံ-စသောပါဠိရပ်တို့၌ကဲ့သို့အသက်အတိုင်းအရှည်ဟူသော ကာလအထူးကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ ယုဇ္ဇိတဗ္ဗန္တိ ယုဂံ-ဟုဝစနတ္ထပြု၍ ဏ-ပစ္စည်းကမ္မသာဓန အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (သီဋီသစ်။ ၂၈၄)

(ဃ) ဖြင့် ပိတာမဟယုဂါ-၌ ယုဂ-သဒ္ဒါ၏ အနက်မရှိ ဝစနာလင်္ကာရ၏အဖြစ်ကို လည်းကောင်း၊ ပိတာမဟောယေဝ ပိတာမဟယုဂံ-ဟု တဗ္ဗာဝဂုတ္တိကမ္မတာရာယ်သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ ပိတာမဟယုဂ-အရ မုချတ္ထအားဖြင့် အဘိုးကိုယူရမည်ကို လည်းကောင်း သိစေပါသည်။

(င) ဖြင့် ပိတာမဟ-အရ အဘိုးကိုသာယူရမည်မဟုတ်သေး၊ အဘေး အဘီ အဘင် အဘောင် အဘော-ဟူသော အထက်ငါးဆက်တိုင်အောင် ဖလူပစာ, ပရမ္ပရူပစာအားဖြင့် ယူရမည်ဟု သိစေပါသည်။

(စ) ဖြင့် ယာဝသတ္တမာပိတာမဟယုဂါ-ပုဒ်တို့ကို (အဓိကာရနည်းဖြင့် လိုက်လာသည့်) သံသုဒ္ဓဂဟဏီကော-ပုဒ်၌ စပ်ရမည်ကိုလည်းကောင်း၊ ယင်းသို့စပ်ပြသဖြင့် အဘိုးတိုင်ရုံသာ စင်ကြယ်သောအမိဝမ်း ရှိသည်မဟုတ်သေး၊ အဘိုးမှအထက် အဘောင်တိုင်အောင် စင်ကြယ်သော အမိဝမ်းရှိကြသည်သာ-ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

၇။ အတ္ထ-ပုဒ် နိရုတ္တိနည်းကို ဝါကျဥယျာဉ် (၇)၌ ရေးခဲ့ပြီ။

၈။ **မာတိတောစ ပိတိတောစ သုဇာတော-ဟူသော ရှေ့စကားနှင့် ယာဝသတ္တမာပိတာမဟယုဂါ ဟူသော နောက်စကားတို့ မဆန့်ကျင်အောင် ညှိနှိုင်းပုံ ။**

သမ္ဘေဒပိ ပုဗ္ဗပုရိသာ, ယာဝသတ္တမော ပုရိသော (အဋ္ဌကထာ) ယာဝသတ္တမာ ပိတာမဟယုဂါ (ပါဠိတော်) ပုဒ်တို့၌ ပုရိသသဒ္ဒါ, ပိတာမဟသဒ္ဒါတို့ကို ဥက္ကဋ္ဌနိဒ္ဒေသအားဖြင့် ဆိုထားခြင်းဖြစ်သည်။ ဥက္ကဋ္ဌပဓာန ဖြစ်သော ယောက်ျားကိုဆိုသဖြင့် အပဓာနဖြစ်သော မိန်းမကိုလည်း (ဧကဒေသူ, ဥပလက္ခဏ, နိဒဿန, ပဓာနနည်း ဥက္ကဋ္ဌနည်းဖြင့်) ယူပြီး ဖြစ်ရကား မာတိတောစ ပိတိတောစ သုဇာတောဟူသော ရှေ့စကားနှင့် ယာဝသတ္တမာပိတာမဟယုဂါဟူသောနောက်စကားတို့ မဆန့်ကျင်ပါ။

- **ပုရိသဂ္ဂဟဏဉ္စေတ္ထ ဥက္ကဋ္ဌနိဒ္ဒေသေန ကတန္တိ ဒဋ္ဌဗ္ဗံ၊ တေနေဝ "မာတိတော"တိ ပါဠိဝစနံ သမတ္ထိတံ ဟောတိ။ (သီဋီသစ်။ ၂၈၄)**

အမှာ သီဋီသစ်၌ အဋ္ဌကထာမုတ္တကနည်းဖြင့်တနည်းပြဆိုသေးသည်။ အလိုရှိကသီဋီသစ်(၂၈၄)ရှု။

၉။ **(င) ဝါကျ ဂါထာစီ။**

ပိတာမဟတော ဥပရိ၊ သမ္ဘေဒပိ ပုဗ္ဗပေါရိသာ။

ပိတာမဟဂ္ဂဟဏေန၊ ဂဟိတာတိ သုလက္ခိတာ။ (ဘ+သ-ရေးသော သံကိတ္တဝိပုလာ)

http://www.dhammadownload.com



၁၀။ (င) ဝါကျ ဂဟိတာ-၌ အန္တတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ

✣ အလုံးစုံသော အဘေးအဘီ-စသည်တို့ကို ပိတာမဟာသဒ္ဒါဖြင့် သိမ်းယူရမည်ဟု သိသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဉာဏ်ပြန့်နှံ့သော စိတ္တုပ္ပါဒ်သည် မေ့ရတိဋ္ဌာယီဘာဝ+မေ့သီဂါရရသ။

✣ အဘ အဘိုးမှ အထက်ဖြစ်သော လူအားလုံးသည်-အာရမ္မဏဝိဘာဝ။

✣ ပိတာမဟာယုဂသဒ္ဒါသည်လည်းကောင်း၊ ယင်းပုဒ်၏အနက်ကို သိမြင်သူတို့၏ ယောနိသော မနသိကာရ, သပ္ပုရိသူပနိဿယ-စသည်သည်လည်းကောင်း-ဥဒ္ဒီပနဝိဘာဝ။

✣ အဘေးအဘီ-စသည်တို့ကို ပိတာမဟာသဒ္ဒါဖြင့်ယူရမည်ဟုသိရှိလာခြင်း၊ ယင်းပိတာမဟာယုဂ ပုဒ်ကို သံသုဒ္ဓဂဟဏိကောပုဒ်နှင့်စပ်၍ အစိပ္ပါယ်ယူရမည်ဟု သိရှိလာခြင်း စသောအကျိုး အဆက်ဆက်သည်-အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၂၅၂ )

(က) ဒဿနေနေဝ စိတ္တပသာဒနေတော ပါသာဒိကော။

(ခ) ပေါက္ခရတာ ဝုစ္စတိ သုန္ဒရဘာဝေါ။

(ဂ) ဝဏ္ဏဿ ပေါက္ခရတာ ဝဏ္ဏပေါက္ခရတာ၊

(ဃ) တာယ ဝဏ္ဏသမ္ပတ္တိယာ ယုတ္တောတိ အတ္ထော။

(င) ပေါရာဏာ ပနာဟု "ပေါက္ခရန္တိ သရီရံ ဝဒန္တိ၊ ဝဏ္ဏံ ဝဏ္ဏမေဝါ"တိ။

(စ) တေသံ မတေန ဝဏ္ဏော စ ပေါက္ခရဉ္စ ဝဏ္ဏပေါက္ခရာနိ။ တေသံ ဘာဝေါ ဝဏ္ဏပေါက္ခရတာ။

(ဆ) ဣတိ ပရမာယ ဝဏ္ဏပေါက္ခရတာယာတိ ဥတ္တမေန ပရိသုဒ္ဓေန ဝဏ္ဏေနစေဝ သရီရသဏ္ဌာနသမ္ပတ္တိယာ စာတိ အတ္ထော။

(ဌ။ ၂၅၁။ သီဋီသစ်။ ၂၈၅။ ပဒုက္က။ ၄၃၄။ ဘာသာဋီကာ။ ၄၇၃။ ဂဏ္ဌိ။ ၄၆၉။)

၁။ (ဃ) (င) (စ)ဝါကျတို့ကို အနက်မှန်ကန်စွာ သမ္ဗန်ပါ။

၂။ (ဃ) ကို အနုသန္ဓေတက်၍ (စ)ကို သာဘောဂပုစ္ဆာတက်ပြပါ။

၃။ (ခ) ဝါကျ၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ သရီရတ္တဝါစက ပေါက္ခရပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသက္ကထုတ်ပြပါ။

၅။ (က) စိတ္တပသာဒနေနတော-ဟိတ်၏ သမ္ဗန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပြပါ။

၆။ (က) (ခ) (ဃ) (စ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ပေါက္ခရ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ (ဆ) ဝါကျ ဥတ္တမေန+ဥတ္တမာယ-နှစ်ပါး၌တွင် မည်သည့်ပါး၌သင့်ကြောင်းကို အကြောင်းပြ ဆုံးဖြတ်ပါ။

၉။ တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊ ဣမေတ္တမပိ ကေနစိ။ (ဌ။ ၂၅၄။)ကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

၁၀။ (ဃ) ဝါကျသံဝဏ္ဏနာနှင့်အညီ ပေါက္ခရ-ဝယ်ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပြပါ။

= = = = = = = = = = = = = = = = = =

http://www.dhammadownload.com



## (ဃ) ဝါကျ အနုသန္ဓေတက်ပုံ

၂။ ဤသို့ (ဂ) ဖြင့် အဆင်း ကောင်းသည်၏ အဖြစ်သည် ဝဏ္ဏပေါက္ခရတာမည်သောဟု ဖွင့်ဆိုပြီး၍ ယခုအခါ၌ အဆင်း၏ကောင်းပုံကို အကျယ်ချဲ့ပြလိုသော ဆရာသည် (ဃ) မိန့်။

(တနည်း) ဤသို့ (ဂ) ဖြင့် ဝဏ္ဏပေါက္ခရတာ-ဟု ပဒါဝဓိကန္တ ဒွန္ဒဒွေဒနနည်းကို ပြပြီး၍၊ ယခုအခါ၌ ဝါကျဝဓိကန္တ ဒွန္ဒသောဓနနည်းကို ပြလိုသောဆရာသည် (ဃ) မိန့်။

## (စ) ဝါကျ ပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် (င) ဖြင့် ပေါက္ခရသဒ္ဒါ သရီရအနက်ကိုဟော၏၊ ဝဏ္ဏသဒ္ဒါ အဆင်း တတ်ကိုဟော၏-ဟု ပေါရာဏအဌကထာဝါဒကို ပြဆို၏။ ယင်းပေါရာဏဝါဒအလို ဝဏ္ဏနှင့် ပေါက္ခရကို ဆဋ္ဌီတပ္ပုရိသ်သမာသ်တွဲစပ်၍ တာ-ပစ္စည်းသည် သမူဟတ္ထစသည်၌ သက်ထား ပါရာလော။ ဝဏ္ဏနှင့် ပေါက္ခရကို အဘာယ်သမာသ်တွဲစပ်၍ တာ-ပစ္စည်း အဘာယ်တဒ္ဓိတ်အနက်၌ သက်ထားပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။

## (ဆ) ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ (င) ဖြင့် ဝဏ္ဏနှင့်ပေါက္ခရကို ဒွန်သမာသ်တွဲစပ်၍ တာ-ပစ္စည်း ဘာဝတဒ္ဓိတ် အနက် ၌သက်၏ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းသမာသ်တဒ္ဓိတ်ပုဒ်တို့၏ အနက်ပြန်ဆိုပုံ အဓိပ္ပါယ်အကျယ်ကို ပြတော်မူလိုသော ဆရာသည် (ဆ) မိန့်။

## (ခ) ဝါကျ စတုက္ကထုတ်ပုံ

၃။

(က) နနု "ပေါက္ခရံ ပဒုမေ ဒေဟေ၊ ဝဇ္ဇဘဏ္ဍမုခေပိစ။
သုန္ဒရတ္တေစ သလိလေ၊ မာတင် ကရကောဋိယ"န္တိ အဘိဓာနပ္ပဒီပိကာယံ ဝုတ္တံ။

(ခ) အထ ကသ္မာ "ပေါက္ခရတာ ဝုစ္စတိ သုန္ဒရဘာဝေါ"တိ သံဝဏ္ဏနာ ကတာ။

(ဂ) နနု တဒညေသံ အသမ္ဘဝေါ ဟောတိ။ (ဗျတိရေက)
နနု သုန္ဒရတ္ထသေဝ သမ္ဘဝေါ ဟောတိ။ (အန္ဝယ)

(ဃ) တသ္မာ "ပေါက္ခရတာ ဝုစ္စတိ သုန္ဒရဘာဝေါ"တိ သံဝဏ္ဏနာ ကတာ။

## (င) ဝါကျ ပေါက္ခရန္တိ သရီရံ ဝဒန္တိ-၌ စတုက္ကထုတ်ပုံ

(က) နနု "ပေါက္ခရံ ပဒုမေ ဒေဟေ။ ပ။ ကရကောဋိယ"န္တိ အဘိဓာနပ္ပဒီပိကာယံ ဝုတ္တံ။

(ခ) အထ ကသ္မာ ပေါက္ခရန္တိ သရီရန္တိ ဝဒန္တိ။

(ဂ) နနု တဒညေသံ အသမ္ဘဝေါ ဟောတိ။ (ဗျတိရေက)
နနု သရီရတ္ထသေဝ သမ္ဘဝေါ ဟောတိ။ (အန္ဝယ)

(ဃ) တသ္မာ ပေါက္ခရန္တိ သရီရန္တိ ဝဒန္တိ။

၄။ ပေါသီယတီတိ ပေါက္ခရံ။ (ဘာသာဋီကာ)
မွေးမြူခြင်းကြိယာသကတ်သည် - ဝစနဟေတု။
ကိုယ်ဖြစ်သည် - ဝစနီယ။
ဝပု ‚ ဂတ္တ-စ ‚သော ပရိယာယ်သဒ္ဒါများသည် - ဝစနီယတ္ထ။

၅။ စိတ္တပသာဒဇနနတော-ဟိတ်၏သမ္ပန်ကို ဘောတော သောဏဒဏ္ဍာ-ဟုဒံ။
(ကတ္တား+သမ္ပန်စပ်ပါ)

✧ ဘဝံ ဟိ သောဏဒဏ္ဍော အဘိရူပေါ ဒဿနီယော ပါသာဒိကော။ (မြိုင်တော်)

http://www.dhammadownload.com



၆။ (က) ဖြင့် ပါသာဒိကော-၌ ဏိက-ပစ္စည်း၏ ဇနေတိတဒ္ဓိတ်အနက်၌သက်-လည်းကောင်း။ ပသာဒံ+ဇနေတီတိ ပါသာဒိကော-ဟုပြု-လည်းကောင်း။ (အဋ္ဌကထာ) (တနည်း) ပါသာဒိကော၌ ဏိက ပစ္စည်း၏ အာဝဟတိတဒ္ဓိတ်အနက်၌သက်-လည်းကောင်း။ပသာဒံ+အာဝဟတီတိ ပါသာဒိကော-ဟုပြု-လည်းကောင်း (သီဋီသစ်) ကြည်ညိုမှုကို ဖြစ်စေထိုက်၏- ဟူသည် ကြည့်ရှုမြင်တွေ့ခြင်းဖြင့်သာလျှင် စိတ်၏ကြည်ညိုမှုကိုဖြစ်စေထိုက်၏-ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

✦ ပသာဒံ အာဝဟတီတိ ပါသာဒိကော၊ ဇေနာဟ "ပသာဒဇနနတော" တိ၊ (သီဋီသစ်)

(ခ) ဖြင့် ဝဏ္ဏပေါက္ခရတာ-၌ ပါက္ခရသဒ္ဒါသည် ပဒုမ-စသောအနက်တို့ကို မဟော၊သုန္ဒရ အနက်ဟော-လည်းကောင်း။ တာ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌သက်-လည်းကောင်း။ သုန္ဒရဿ+ ဘာဝေါ သုန္ဒရတာ-ဟုပြု-လည်းကောင်း သိစေပါသည်။

(ဂ) ဖြင့် သမာသလိင်္ဂပဒတ္ထ၊ အဘိဓာနတ္ထ သိစေပါသည်။

(ဃ) ဖြင့် ဝဏ္ဏပေါက္ခရတာ-ဟု ပဌမန္တဖြင့် ငါဖွင့်ဆိုခဲ့သော်လည်း ပါဠိတော်၌ ဝဏ္ဏပေါက္ခရတာယ-ဟု တတိယန္တနှင့် ရှိသတည်း-ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ အဆင်း၏ ကောင်းသည်၏အဖြစ်ဟူသည် အဆင်း၏ပြည့်စုံခြင်း အဆင်းလှပခြင်းပေတည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း၊ ဝဏ္ဏပေါက္ခရတာယပုဒ်ကို သမန္နာဂတော-ဟူသော (ပါဠိတော်) ပုဒ်၌ သဟာဒိယောဂ + သဟာဒိယောဂဝန္တ အဖြစ်ဖြင့် စာစပ်ရမည်ကိုလည်းကောင်း သိစေပါသည်။

(င) သရီရံ ဝဒန္တိ-ဖြင့် ပေါရာဏအဋ္ဌကထာဝါဒအလို ဝဏ္ဏပေါက္ခရတာ-၌ ပေါက္ခရသဒ္ဒါ သရီရအနက်ကိုဟော၏ဟု သိစေပါသည်။

ဝဏ္ဏံ ဝဏ္ဏမေဝ-ဖြင့် ဝဏ္ဏပေါက္ခရတာ-၌ ဝဏ္ဏ-သဒ္ဒါသည် သဏ္ဌာန ကာရဏ-စသော အနက်တို့ကိုမဟော၊ ရူပါယတနဟူသော ဝဏ္ဏဓာတ်ကိုဟော၏-ဟု သိစေပါသည်။

(စ) ဖြင့် ပေါရာဏအဋ္ဌကထာဝါဒအလိုအားဖြင့် ဝဏ္ဏနှင့်ပေါက္ခရကို ဝဏ္ဏော စ+ပေါက္ခရဉ္စ ဝဏ္ဏပေါက္ခရာနိ-ဟု ဒွန်သမာသ်ဝစနတ္ထပြု-လည်းကောင်း။ တာ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌သက်-လည်းကောင်း၊ ဝဏ္ဏပေါက္ခရာနံ+ဘာဝေါ ဝဏ္ဏပေါက္ခရတာ-ဟုပြု-လည်းကောင်း-သိစေပါသည်။

(ဆ) ဖြင့် ပရမာယ ဝဏ္ဏပေါက္ခရတာယ-၌ ပရမ-သဒ္ဒါ ဥတ္တမတ္ထဟော-လည်းကောင်း။ ၎င်း၏ နာဝိဘတ်၏ကာရိယ၏ အဖြစ်ကိုလည်းကောင်း။ ပရမာယ-ပုဒ်ကို ဝဏ္ဏပေါက္ခရတာယ-ဝယ် ဝဏ္ဏပုဒ်, ပေါက္ခရပုဒ် နှစ်ပုဒ်လုံး၌ ဝိသေသန+ဝိသေသျအဖြစ်ဖြင့် စာစပ်ရမည်ကိုလည်းကောင်း၊ ပေါက္ခရ-အရ ခန္ဓာကိုယ်ဟူသည် မျက်စိ၊ နား၊ နှာ၊ လက်ခြေအင်္ဂါသည်တို့ကို ပေါင်းစပ်ထားခြင်း ပင်ဖြစ်ရကား ထိုအပေါင်းတကိုယ်လုံး၏ ဖြစ်ကြောင်း ဖြစ်ရာ ကိုယ်ဟု ဆိုအပ်လောက်အောင် ကောင်းသော ဂုဏ်အင်္ဂါကား ထိုလက်ခြေ-စသော ပုံသဏ္ဌာန်တို့၏ သမ္ပတ္တိဖြစ်ခြင်း (လှပခြင်း) ပင် . ဘည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။ (သီဋီသစ်။ ၂၈၅)

၇။ ပေါက္ခရ-ကား ပုသ-ဓာတ် +ခရ-ပစ္စည်း။ ပုသခရ-ဟူလိုလျက် သ-ကို က-ပြု၊ ပ-အစိတ် ဥ-ကို ဩ-ပြု၍ပြီးသည်။ (ဘာသာဋီကာ။ ၄၇၃)

✦ ပုသ ပေါသနေ၊ ခရော၊ သဿ+ကော၊ ဥဿော+တ္တံ၊ (သူစိ)

၈။ (ဆ) ၌ ဥတ္တမေန+ဥတ္တမာယ-နှစ်ပါဌ်တွင် ဥတ္တမေန-ပါဌ်သာ သင့်သည်။

✱ ဝိသေသန+တခုမျှနှင့်၊ ဝိသေသျများစွာ ရှိကြပါမူ၊ ဝိသေသနမှာ၊ တွဲမြဲရာသည်၊ ဦးစွာ ဝိသေသသျလိင်, ဝုစ်တည်း။

http://www.dhammadownload.com



✳ ဝိသေသနတပါး၊ ဝိသေသ်များလည်း၊ ရှေးဖျားဝိသေသ်၊ ဂုဏ်ဖြစ်ဝိသေ၊ ဤနှစ်ထွေ၊ တူစေလိင်ဝုစ်မှန်--ဟူသော နိယံတို့နှင့်အညီ--ဝိသေသျမှားစွာရှိရာ၌ ဝိသေသနပုဒ်သည် ရှေးဦးအစ၌ တည်သော ဝိသေသျပုဒ်နှင့်သာ လိင်+ဝုစ်တူရမည်ဖြစ်သောကြောင့် ဥတ္တမေန-ဟုရှိသောပါဠ်သာသင့်သည်။

**အမှာ** အနက်ပေးရာ၌ကား ဥတ္တမေန-မြတ်သော။ ပရိသုဒ္ဓေန၊ သော။ ဝဏ္ဏေနစေဝ၊ နှင့် လည်းကောင်း (ပရမာယ၊ မြတ်သော။ သရီရသဏ္ဌာနသမ္ပတ္တိယာစ၊ နှင့်လည်းကောင်း။ ဟု ဥတ္တမေန-ပုဒ်ကို ဥတ္တမာယ-ဟု လိင်ပြင်၍လိုက်ပေးရမည်။

✤ **ဥတ္တမာယ သရီရသဏ္ဌာနသမ္ပတ္တိယာတိပိ ယောဇေတဗ္ဗံ၊ အတ္ထဝသာ ဟိ လိင်္ဂဝိဘတ္တိ ဝိပရိဏာမော၊ (သီဋီသစ်၊ ၂၈၅)**

၉။ ဘ+မ-ရောသော သံကိဏ္ဏဝိပုလာဂါထာဖြစ်သည်။

၁၀။ **(ဃ)ဝါကျ သံဝဏ္ဏနာနှင့်အညီ ပေါက္ခရ-ဝယ် စာတွင်တွေ့ကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ**

✢ ပုသ-ဓာတ်အရ မိမိအတ္တဘောကို ကျွေးမွေးသုစ်သင်စောင့်ရှောက်သူ၏ သဏ္ဌာန်၌ ဖြစ်သော တဏှာလောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်--ကာမရတိဌာယီဘာဝ+ကာမသိင်္ဂါရ ရသ။

✢ ခန္ဓာကိုယ်တည်းဟူသော အတ္တဘောသည်--အာရမ္မဏဝိဘာဝ။

✢ မိမိခန္ဓာကိုယ်ကို တိုးပွားလှပစေလိုမှုစသည်သည်--ဥဒ္ဒီပနဝိဘာဝ။

✢ ကျွေးမွေးစောင့်ရှောက်ပြုစုသဖြင့် ကာလကြာရှည်စွာ အသက်ရှည်တည်တန့်ရခြင်းစသော အကျိုးအဆက်ဆက်သည်--အနုဘာဝ။

**အမှာ** (ဃ)အလို သရီရတ္တဝါစကဖြစ်၍ ပေါသီယတီတိ ပေါက္ခရံ-ဟူသော ဝစနတ္ထနှင့် အညီထုတ်သည်။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၂၅၃ )

(က) မြဟ္မ စဏ္ဍီတိ သေဋ္ဌဝဏ္ဏီ။
(ခ) ပရိသုဒ္ဓဝဏ္ဏေသုပိ သေဋ္ဌေန သုဝဏ္ဏဝဏ္ဏေန သမန္နာဂတောတိအတ္ထော။
(ဂ) မြဟ္မဝစ္ဆသီတိ မဟာမြဟ္မုနော သရီရသဒိသေနေဝ သရီရေန သမန္နာဂတော။
(ဃ) အခုဒ္ဒါဝကာသော ဒဿနာယာတိ "ဘောတော သရီရေ ဒဿနဿ ဩကာသော န ခုဒ္ဒကော မဟာ။
(င) သဗ္ဗာနေဝ တေ အင်္ဂပစ္စင်္ဂါနိ ဒဿနီယာနေဝ။ တာနိ စာပိ မဟန္တာနေဝါ"တိ ဒီပေန္တိ။
(ဌ။ ၂၅၁။ သီဋီသစ်။ ၂၈၅။ ပဒုက္က။ ၄၃၅။ ဘာသာဋီ။ ၄၇၄။ ဂဏ္ဌိ။ ၄၇၀။)

၁။ သံဝဏ္ဏေတဗ္ဗတို့ကိုသာ သံဝဏ္ဏနာနှင့်အညီ အနက်ယောဇနာပါ။
၂။ (ခ) ကို စောဒနာတက်၍ (င) ကို သာဘောဂပုစ္ဆာ တက်ပြပါ။
၃။ သဒ္ဒေါပိ ရာဇာ ဝိပ္ပဋိသာရီ ဟုတွာ န ဝန္ဒိဿာမီတိ ဂတော။ (ဌ။၂၆၀)၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။
၄။ သေဋ္ဌဝဏ္ဏီ-ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟ ထုတ်ပြပါ။
၅။ (ဂ) ဝါကျ၌ သမန္နာဂတောကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပြပါ။
၆။ (က+ခ+ဂ+ဃ+) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပြပါ။
၇။ သဒိသ၊ ဩကာသပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ (ခ)၌ သေဋ္ဌေနကို သုဝဏ္ဏဝဏ္ဏေနဟု ဖွင့်ဆိုထားခြင်းအကြောင်းနှင့် (ဃ) သောဏဒဏ္ဍပုဏ္ဏား၏ ခန္ဓာကိုယ်ဝယ် မသေးငယ်၊ ကြီးကျယ်ထယ်ဝါသော ကြည့်ရှုစရာ အရပ်ရှိ၏ဟု ဘာ့ကြောင့် ဆိုထားသည်ကို ပြေဆိုပါ။
၉။ (င) ဝါကျလာ စကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိဂါထာ တစ်ပုဒ်သီကုံးပြပါ။
၁၀။ (င) ဝါကျ ဒီပေန္တိ-၌ ဓာတွတ္ထကို ရှု၍ ဘာဝါလက္ခဏ ထုတ်ပြပါ။

= = = = = = = = = = = = = = = = = = = = =

၁။ (က) ဗြဟ္မဝဏ္ဏီ၊ မြတ်သောအဆင်းရှိပါ၏။ (သဒ္ဒတ္ထ)
(ခ) မြတ်သောရွှေအဆင်းနှင့်တူသော အဆင်းရှိပါ၏။ (အဓိပ္ပါယတ္ထ။)
(ဂ) ဗြဟ္မဝစ္ဆသီ၊ မြတ်သောကိုယ်ရောင် ကိုယ်ဝါရှိပါ၏။ (သဒ္ဒတ္ထ။)
(ဝါ) မြတ်သောရွှေအဆင်းနှင့်တူသော ကိုယ်ရောင်ကိုယ်ဝါများ ထွက်ရှိနေပါ၏။
(ဃ) ဒဿနာယ၊ ၄ါ။ အခုဒ္ဒါဝကာသော၊ မသေးငယ်သော အရပ်ရှိပါ၏။ (သဒ္ဒတ္ထ။)
(ဝါ) ကြီးကျယ်ထယ်ဝါ ခန့်ညားသော အရပ်ရှိပါ၏။ (အဓိပ္ပါယတ္ထ။)
(င) ဝါကျ၌ ဒီပေန္တိ၏ ကတ္တားကို ဗြာဟ္မဏာဟုထည့်။ (ပဒုက္ကူသျှ)

## ၂။ (ခ) ဝါကျ စောဒနာတက်ပုံ။

ဆရာ၊ ဆရာသည် (က)ဖြင့် ဗြဟ္မဝဏ္ဏီ-၌ ဗြဟ္မသဒ္ဒါသည် သေဋ္ဌ=အမြတ်ဟူသော အနက်ကိုဟော၏ဟု ဖွင့်ဆို၏။ အဘယ်အဆင်းသည် မြတ်ပါသနည်း။ ဖြူသောအဆင်းသည် မြတ်ပါသလော။ ဤ၌မြတ်သောအဆင်းကို မပြဆိုပါက အတိဗျာပိတ (တနည်း) သင်္ခေပ+ဝိတ္ထာရသန့်-ဝိရောဓိ-၏။ ဝုဒ်ကြောင့် (ခ) မိန့်။

http://www.dhammadownload.com


❖ **သဗ္ဗေသု ဝဏ္ဏေသု သုဝဏ္ဏဝဏ္ဏောဝ ဥတ္တမောတိ အာဟ "ပရိသုဒ္ဓဝဏ္ဏေသုပိ သေဋ္ဌေန သုဝဏ္ဏဝဏ္ဏေန သမန္နာဂတော"တိ။ (သီဋီသစ်)**

## (င) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (ဃ) ဖြင့် အရှင်သောဏဒဏ္ဍ၏ကိုယ်၌ ကြည့်ရှုဘွယ်ရာအရပ်သည် မသေးငယ်၊ ကြီးကျယ်လှပါ၏ဟု ဖွင့်ဆို၏။ အရှင်သောဏဒဏ္ဍ၏ ခန္ဓာကိုယ်၌ ကြည့်ရှုဘွယ်ရာ မသေးငယ်ဘဲ ကြီးကျယ်သောအရပ်ဟူသည် အင်္ဂါကြီး, ငယ် တစ်ခုတစ်လေမျှသာ ဖြစ်သည်ဟု မှတ်ရပါမည်လော။ (သဗ္ဗာနေဝ-ရှု) အဘယ်သို့ မှတ်သားရပါမည်နည်း။ စုဒ်ကြောင့် (င) မိန့်။

၃။ (က) နနု ရာဇာ သဒ္ဒေါ ဟောတိ။

(ခ) အထ ကသ္မာ န ဝုဒ္ဓိသ္ဘာမိတိ ဂတော။

(ဂ) နနု ဝိပ္ပဋိသာရီ ဟောတိ။

(ဃ) တသ္မာ န ဝုဒ္ဓိသ္ဘာမိတိ ဂတော။

## (က) ဝါကျ ဖြဟ္မသဒ္ဒါ၏ အတ္ထုဒ္ဓါရကိုရှု၍ စတုက္ကထုတ်ပုံ -

(က) နနု "ပိတာမဟော ဇိနေ သေဋ္ဌော၊ ဖြဟ္မကောစ ပိတူသွပိ။
ဖြဟ္မာ ဝုတ္တော တထာ ဖြဟ္မံ၊ ဝေဒေ တပသိ ဝုစ္စတေ"တိ အဘိဓာနပ္ပဒီပိကာယံ ဝုတ္တံ။

(ခ) အထ ကသ္မာ ဖြဟ္မဝဏ္ဏီတိ သေဋ္ဌဝဏ္ဏီတိ သံဝဏ္ဏိတံ။

(ဂ) နနု တဒဋ္ဌေသံ အသမ္ဘဝေါ ဟောတိ။ (ဗျတိရေက)
နနု သေဋ္ဌတ္ထသောဝ သမ္ဘဝေါ ဟောတိ။ (အနွယ)

(ဃ) တသ္မာ ဖြဟ္မဝဏ္ဏီတိ သေဋ္ဌဝဏ္ဏီတိ သံဝဏ္ဏိတံ။

၄။ သေဋ္ဌော+ဝဏ္ဏော သေဋ္ဌဝဏ္ဏော။
သေဋ္ဌဝဏ္ဏော အဿ အတ္ထီတိ သေဋ္ဌဝဏ္ဏီ။
မြတ်သောအဆင်း၏+သောဏဒဏ္ဍပုဏ္ဏားနှင့် ဂုဏ်+ဂုဏေးစပ်-ဝစနဟောတု။
သောဏဒဏ္ဍပုဏ္ဏား ဖြစ်သည် ဝစနီယ။
ဖြဟ္မဝဏ္ဏီ, ဥတ္တမဝဏ္ဏီ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
အဝကာသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဩကာသော။ (အဝ+ကာသ+ဏ)

၅။ (ဂ) ၌ သမန္နဂတောကို သမန္နဂတတ္တာဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ဘောတော သောဏဒဏ္ဍဿဟုဒံ။ (ကတ္တား+သမ္ဗန်စာစပ်)

❖ **ဘဝံ ဟိ သောဏဒဏ္ဍော အဘိရူပေါ ။ပ။ ဖြဟ္မဝဏ္ဏီ ဖြဟ္မဝစ္ဆသီ။ (ပါဠိတော်)**

၆။ (က) ဖြင့် ဖြဟ္မဝဏ္ဏီ-၌ ဖြဟ္မသဒ္ဒါသည် သေဋ္ဌ-အနက်ကိုဟော-လည်းကောင်း၊ ဖြဟ္မာ စ သော ဝဏ္ဏော စာတိ ဖြဟ္မဝဏ္ဏော၊ ဖြဟ္မဝဏ္ဏော ယဿ အတ္ထီတိ ဖြဟ္မဝဏ္ဏီဟု ဝစနတ္ထပြု၍ ဤ-ပစ္စည်း အဿတ္ထိအနက်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

(ခ) ဖြင့် သေဋ္ဌဝဏ္ဏီ-၌ သေဋ္ဌနှင့်ဝဏ္ဏကို သေဋ္ဌော+ဝဏ္ဏော သေဋ္ဌဝဏ္ဏော-ဟု ကမ္မဓာရယ်ဝစနတ္ထပြု-လည်းကောင်း၊ သေဋ္ဌဝဏ္ဏ-အရ ရွှေအဆင်းနှင့်တူသော အဆင်းကို ယူရမည်ကိုလည်းကောင်း၊ သေဋ္ဌဝဏ္ဏော အဿ အတ္ထီတိ သေဋ္ဌဝဏ္ဏီ-ဟု အဿတ္ထိတဒ္ဓိတ်ပြု-လည်းကောင်း၊ ဤ-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်အနက်၌သက်-လည်းကောင်း၊ စင်ကြယ်သောအဆင်းတို့တွင် ရွှေရောင်အဆင်းသည်သာ အမြတ်ဆုံးဖြစ်သည်ဟူသော အဓိပ္ပါယ်ကို လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com


(ဂ) ဖြင့် ဖြဟ္မဝစ္စသီ-၌ ဝစ္စသ-သဒ္ဒါ၏ ကိုယ်ရောင်ဟူသော အနက်ဟော-လည်းကောင်း၊ ဖြဟ္မာစ သော ဝစ္စသော စာတိ ဖြဟ္မဝစ္စသော၊ ဖြဟ္မဝစ္စသော+ယသ+အတ္ထိတိ ဖြဟ္မဝစ္စသီ-ဟုပြု၍ ဤ-ပစ္စည်း အဿတ္ထိတဒ္ဓိတ် အနက်၌သက်-လည်းကောင်း၊ ဖြဟ္မာ၏ကိုယ်သည် ဖြောင့်မတ်စွာ အထက်သို့တက်သကဲ့သို့ ဖြောင့်မတ်စွာ တက်သောကိုယ်ရှိသောကြောင့် ဖြဟ္မဝစ္စသီမည်သည်ကား မဟုတ်၊ ဖြဟ္မာ၏ ကိုယ်သည်ရွှေရောင်ရှိသကဲ့သို့ တလက်လက်ထွက်သော ရွှေရောင်အဆင်းရှိသော ကြောင့် ဖြဟ္မဝစ္စသီမည်၏ ဟူသောအဓိပ္ပါယ်ကိုလည်းကောင်း သိစေသည်။

✧ **ယသ္မာ ပန ဝစ္စသသဒ္ဒေါ သရီရာသော ပဝတ္တတိ၊ တသ္မာ ဖြဟ္မဝစ္စသီတိ ဥတ္တမသရီရာဘော၊ သုဝဏ္ဏာသော ဣစ္စေဝ အတ္ထော၊ ဣမမေဝ ဟိ အတ္ထံ သန္ဓာယ "မဟာဖြဟ္မုနော သရီရသဒိ သေနဝ သရီရေန သမန္နာဂတော"တိ ဝုတ္တံ၊ န ဖြဟ္မုဇုဂတ္တတာ၊ (သီဋီသစ်၊ ၂၈၅)**

(ဃ) ဖြင့် အခုဒ္ဒါဝကာသောပုဒ်ကို န+ခုဒ္ဒ+အဝကာသ-ဟု ပုဒ်ဖြတ်ရမည်ကိုလည်းကောင်း၊ အ-၏ န-နိပါတ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း၊ အဝကာသပုဒ်သည် ဩကာသပုဒ်၏ ပရိယာယ် -လည်းကောင်း၊ အဝကာသ-အရ အလုံးစုံသော အင်္ဂါကြီးငယ်တို့၏ တည်ရာအရပ်ကိုယူ- လည်းကောင်း၊ ခုဒ္ဒ-သဒ္ဒါသည် ခုဒ္ဒကသဒ္ဒါ၏ ပရိယာယ်-လည်းကောင်း၊ ခုဒ္ဒနှင့် အဝကာသပုဒ်ကို ခုဒ္ဒေါ အဝကာသော ယဿ အတ္ထိတိ ခုဒ္ဒါဝကာသော၊ န+ခုဒ္ဒါဝကာသော အခုဒ္ဒါဝသော-ဟု ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ မသေးငယ်ကြီးကျယ်ထယ်ဝါသော ကြည့်ရှုစရာ အရပ်ရှိ၏-ဟူသည် ပုဂ္ဂိုလ်တိုင်း၏ ခန္ဓာကိုယ်၌ ရှိသည်ကားမဟုတ်၊ သောဏဒဏ္ဍပုဏ္ဏား၏ ခန္ဓာကိုယ်၌သာ မသေးငယ် ကြီးကျယ်ထယ်ဝါသော ကြည့်ရှုစရာအရပ်ရှိ၏ ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

✧ **ဩကာသောတိ သမ္ဗုဂ်ပစ္စုဂ်ဋ္ဌာနံ၊ (သီဋီသစ်)**

၇။ အဓိသ နိရုတ္တိနည်းကို ဝါကျဥယျာဉ် (၂၂၂) ၌ ရေးခဲ့ပြီ။

**ဩကာသ**-ကား အဝ+ကာသ+ဏ။ အဝကာသ-ဟူလိုလျက် အဝ-ကို ဩ-ပြု၍ ပြီးသည်။

✧ **အဝ-ပုဗ္ဗော ကာသ ဒိလောခနေ၊ ဏော၊ (သုစိ)**

## ၈။ "သောဋ္ဌေနကို သုဝဏ္ဏဝဏ္ဏေနဟု ဖွင့်ရခြင်း"

အဆင်းအားလုံးတို့တွင် ရွှေအဆင်းသည်သာ အသာဆုံးအမြတ်ဆုံးဖြစ်၏။ ဘုရားရှင်နှင့် စကြာဝတေးမင်းတို့သည် ရွှေအဆင်းရှိကြ၏။ ထို့ကြောင့် သောဋ္ဌေန-ကို သုဝဏ္ဏဝဏ္ဏေန-ဟု ဖွင့်သည်။ (သီဋီသစ်။ ၂၈၅)

## (ဃ) ဝါကျ၌ သောဏဒဏ္ဍပုဏ္ဏား၏ ခန္ဓာကိုယ်ဝယ် မသေးငယ် ကြီးကျယ်ထယ်ဝါသော ကြည့်ရှုစရာ အရပ်ရှိ၏-ဟု ဆိုထားခြင်း-

သောဏဒဏ္ဍပုဏ္ဏားသည် အရပ်အမောင်းလုံးရပ်သဏ္ဍာန်နှင့် ပြည့်စုံခြင်းကြောင့် လည်းကောင်း၊ အစိတ်အစိတ်သော ကိုယ်အင်္ဂါကြီးငယ်၏ ပြည့်ဖြိုးခြင်းအကြောင့်လည်းကောင်း-သောဏဒဏ္ဍပုဏ္ဏား၏ ခန္ဓာကိုယ်၌ မသေးငယ်ကြီးကျယ်ထယ်ဝါသော ကြည့်ရှုစရာအရပ်ရှိ၏-ဟု ဆိုထားခြင်းဖြစ်သည်။ (သီဋီသစ်)။

## ၉။ (င) ဝါကျ ဂါထာစီ။

သဗ္ဗင်္ဂပစ္စင်္ဂါနိ တေ၊ ဒဠှံ ဗြာဟ္မာနေဝ တာနိစ။
မဟန္တာနိ ယေဝါတိပိ၊ ဧတေ ဒီပေန္တိ ဖြာဟ္မဏာ။ (ဥဘာယ တ-ကာရဝိပုလာဂါထာ)

http://www.dhammadownload.com



၁၀။ **(င) ဝါကျ ဒီပေန္တိ-၌ ဓာတွတ္ထကိုရှု၍ ဘာဝလက္ခဏာရထုတ်ပုံ-**

✣ သောဏဒဏ္ဍပုဏ္ဏားဏ် ဂုဏ်ကိုမြှောက်ပင့်ဝါကြွားထောင်လွှား၍ တင်ပြပြောဆိုကြကုန်သော တပည့်ပုဏ္ဏားတို့၏ သန္တာန်၌ တဏှာ မာန ဒိဋ္ဌိ-စသည်ပြဌာန်းသော စိတ္တုပ္ပါဒ်သည်- ကာမရတိဌာယီဘာဝ+ကာမသိဂါရဝ။

✣ သောဏဒဏ္ဍပုဏ္ဏားဏ် ကြီးကျယ်ထယ်ဝါသော အင်္ဂါကြီးငယ်အားလုံးသည်-အာရမ္မဏ ဝိဘာဝ။

✣ သောဏဒဏ္ဍပုဏ္ဏားကြီးဏ် အရပ်အမောင်းလုံးရပ်သဏ္ဌာန်နှင့် ပြည့်စုံခြင်းသည် လည်းကောင်း၊ အစိတ်အစိတ်ကိုယ်အင်္ဂါတို့၏ ပြည့်ဖြိုး လှပတင့်တယ်ခြင်းသည် လည်းကောင်း၊ တပည့်ပုဏ္ဏားတို့၏ ဘုရားရှင်ထံ ဆရာသောဏဒဏ္ဍမသွားရောက်ရန် ပိတ်ပင်တားမြစ်လိုခြင်းစသော အကြောင်းတရားများသည် လည်းကောင်း-ဥဒ္ဒီပနဝိဘာဝ။

✣ သောဏဒဏ္ဍပုဏ္ဏားကြီးဏ် ဂုဏ်ကိုသာ ဝါကြွားပြောဆိုကြသဖြင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးမဲ့ကို ဗျတိရေကအားဖြင့် ပြောဆိုဖြစ်ခြင်း၊ အကုသိုလ်တရားတိုးပွားခြင်း-စသော မကောင်းကျိုး အဆက်ဆက်သည်-အနုဘာဝ။

✣ **ဓေံ ယံ ယံ ဂုဏံ ဝဒန္တိ၊ တဿ တဿ ပဋိပက္ခဝသေန ဘဂဝတော အဂုဏံယေဝ ဒဿေမာတိ မညမာနာ ဝဒန္တိ၊ (ဋ၊ ၂၅၁) နှင့်အညီ အနုဘာဝ ထုတ်သည်။**

✢✢✢✢✢✢✢✢✢✢✢✢✢✢✢✢

## ဝါကျဥယျာဉ် ( ၂၅၄ )

(က) စတုပါရိသုဒ္ဓိသီလေန **သီလဝါ**။

(ခ) တံ ပန သီလံ အရိယံ ဥတ္တမံ ပရိသုဒ္ဓံ။ တေနာဟ **"အရိယသီလီ"**တိ။

(ဂ) **ခီဏာ ကာမရာဂေါတိ** ဋ္ဌေ ကာမံ ဘဂဝတော သဗ္ဗေပိ ကိလေသာ ခီဏာ၊ ဗြာဟ္မဏော ပန တေ န ဇာနာတိ။ အတ္တနော ဇာနနဋ္ဌာနေယေဝ ဂုဏံ ကထေတိ။

(ဃ) **ဓိဂတစာပလ္လောတိ** "ပတ္တမဏ္ဍနာ စီဝရမဏ္ဍနာ သေနာသနမဏ္ဍနာ ဣမဿဝါ ပူတိကာယဿ။ ပ။ ကေဠနာ ပဠိကေဠနာ"ဓေံ ဝုတ္တစာပလ္လာ ဝိရဟိတော။

(ဋ။ ၂၅၅။ သီဋီသစ်။ ၂၉၀။ ပခုက္ကူ၊ ၂၄၄။ ဘာသာဋီ၊ ၄၈၉။ ဂဏ္ဌိ။ ၄၇၄)

၁။ သံဝဏ္ဏေတဗ္ဗပုဒ်တို့ကိုသာ သံဝဏ္ဏနာနှင့်အညီ အနက်ပေးပြပါ။

၂။ (ခ) ဝါကျကို အာဘောဂါယုတ္တစောဒနာတက်၍၊ (ဂ)ဝါကျကို နည်းထုံးကျကျ သာဘောဂပုစ္ဆာ တက်ပြပါ။

၃။ (ဂ) ဝါကျ၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ ဝိဂတစာပလ္လော-၌ စာပလ္လ-ပုဒ်ကို အစိတ် + အပေါင်းဝစနတ္ထပြ၍၊ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိသဏ္ဍာထုတ်ပါ။

၅။ (ဃ) ဝါကျ သံဝဏ္ဏေတဗ္ဗပုဒ်ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္တာနုရူပစာစပ်ပါ။

၆။ (က) (ဃ) ဝါကျတို့ကို ဘာသာဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ စာပလ္လော-၌ စပလ-ပုဒ်+စာပလ္လ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ရာဟုအသူရိန်၏ အရပ်အမြင့်၊ လက်ဖဝါး၊ ခြေဖဝါး၊ စသည်တို့၏ ပမာဏကို အဋ္ဌကထာလာအတိုင်း ပြည့်စုံစွာ ထုတ်ပြပါ။

http://www.dhammadownload.com



၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည်/ဆန်းအမည်ပေးပြပါ။
တေ တာဒိသေ ပူဇယတော (ပ) ဣမေတ္တမပိ ကေနစိ။ (ဠ။ ၂၅၄။)
၁၀။ အထက်ပါဂါထာ-၌ ပူဇယတော-ဝယ် ဓာတွတ္ထကိုရှု၍ ဘာဝလက္ခဏ ထုတ်ပြပါ။

===================

၁။ (က) သီလဝါ၊ စကုပါရိသုဒ္ဓိသီလ ရှိတော်မူ၏။
(ခ) အရိယသီလီ၊ ကိလေသာတို့မှ ဝေးကွာသောကြောင့် မြတ်သော (စင်ကြယ်သော) သီလရှိတော်မူ၏။
(ဂ) ဝီတကာမရာဂေါ၊ ကုန်ပြီးသောကိလေသာ ကာမရာဂရှိတော်မူ၏။
(ဃ) ဝိဂတစာပလ္လော၊ သပိတ်ကိုတန်ဆာဆင်ခြင်း, သင်္ကန်းကို တန်ဆာဆင်ခြင်း, ကျောင်းအိပ်ရာနေရာကို တန်ဆာဆင်ခြင်း, ပုတ်သောကိုယ်ကို တန်ဆာဆင်ခြင်း။ပ။ မြူးပျော်ခြင်း, အဖန်ဖန်မြူးပျော်ခြင်း-ဟု ဆိုအပ်သော လျှပ်ပေါ်လောလီခြင်းမှ ကင်းတော်မူ၏။

၂။ "(ခ) ဝါကျ အာဘောဂါယုတ္တစောဒနာတက်ပုံ"

ဆရာ-သောဏဒဏ္ဍပုဏ္ဏားသည် သမဏော ခလု ဘော ဂေါတမော သီလဝါ အရိယသီလီဟု ဆို၏။ သီလဝါ-ဟုဆိုလျှင်ပင် လိုအပ်သောအနက် ပြီးစီးသည်မဟုတ်ပါလော။ထိုသို့ ဖြစ်ပါလျက် အဘယ့်ကြောင့် အရိယသီလီ-ဟု ထပ်၍ဆိုပြန်သနည်း။ (ဂဏ္ဌိ။ ၄၇၄) အရိယသီလီ-ဟု ထပ်ဆိုခြင်း၏အကြောင်းကို မပြောသော်-ပုနရုတ္တိ, နိရတ္ထကဒေါသ-၏။ စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပါယ်ကား**-(ခ) ဖြင့် ယင်းသီလသည် ကိလေသာတို့မှ ဝေးကွာသည်ဖြစ်၍ မြတ်လည်း မြတ်, စင်လည်းစင်ကြယ်သောကြောင့် အရိယသီလီ-ဟူသော စကားကိုထပ်၍ဆို၏-ဟု ငါပြ-ဟူလို။

**(ဂ) ဝါကျ နည်းထုံးကျကျ သဘောဂပုစ္ဆာတက်ပုံ**

ဆရာ၊ သောဏဒဏ္ဍပုဏ္ဏားသည် သမဏော ခလု ဘောဂေါတမော ဝီတကာမရာဂေါ-ဟု ဆို၏။ မြတ်စွာဘုရားအား ကာမရာဂသာမက ကိလေသာအားလုံးပင် ကုန်ပြီးဖြစ်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဝီတကာမရာဂေါ-ဟု ဆိုပါသနည်း။ စုဒ်ကြောင့် (ဂ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**-မြတ်စွာဘုရားအား ကိလေသာအားလုံး ကုန်ပြီးဖြစ်သော်လည်းသောဏဒဏ္ဍ ပုဏ္ဏားသည် ထိုကိလေသာအားလုံးကို မသိနိုင်ရကား မိမိသိသောအရာ၌သာလျှင် ဂုဏ်ကိုဆိုသည်၏ အဖြစ်ကြောင့် ဝီတကာမရာဂေါ-ဟု ဆို၏ဟူလိုသော်။

၃။ **(ဂ) စတုဏ္ဏထုတ်ပုံ**

(က) နနု ဘဂဝတော သဗ္ဗေပိ ကိလေသာ ဝီတာ။
(ခ) အထ ကသ္မာ ဝီတကာမရာဂေါတိ အာဟ။
(ဂ) နနု ဗြာဟ္မဏော တေ န ဇာနာတိ၊ အတ္တနော ဇာနနဋ္ဌာနေယေဝ ဂုဏံ ကထေတိ။
(ဃ) တသ္မာ ဝီတကာမရာဂေါတိ အာဟ။

**ကာမံသဒ္ဒါထားရခြင်း**

မြတ်စွာဘုရားမှာ ကိလေသာအားလုံးကုန်ပြီးပါလျက် ကာမရာဂသာ ကုန်သကဲ့သို့ပြော ဆိုသော ဝီတကာမရာဂေါ-ဟူသော ပါဠိတော်သဒ္ဒါကို မနှစ်သက်သောကြောင့် ကာမံသဒ္ဒါကိုထားသည်။

http://www.dhammadownload.com



## (ခ) စတုတ္ထထုတ်ပုံ

(က) နနု သီလဝါတိ ဝုတ္တေ အဓိပ္ပေတတ္တော သိဒ္ဓေါ။
(ခ) အထ ကသ္မာ အရိယသီလီတိ အာဟ။
(ဂ) နနု တံ သီလံ အရိယံ ဥတ္တမံ ပရိသုဒ္ဓံ။
(ဃ) တသ္မာ အရိယသီလီတိ အာဟ။

၄။ စုပတိ ကေတ္ထ န တိဋ္ဌတီတိ စပလော။ (အနုဝဋ္ဋိတော) (ဣာဒိ။ ၁၈၄။)
တခုသောနေရာ၌ မတည်တတ်သူ (ဝါ) လျှပ်ပေါ်လော်လီသူ။
(တနည်း) စပ်+လာတီတိ စပလော။
ချစ်စရာကောင်းအောင် ပြုမှုကိုယူတတ်သူ။ ((ဘာသာဋီ။ ၄၉၀။)
စပလဿ+ဘာဝေါ စာပလ္လံ။ (သီဋီသစ်။)
လျှပ်ပေါ်လော်လီသူ၏ (ဝါ) ချစ်စရာကောင်းအောင် ပြုမှုကိုယူတတ်သူ၏+သပိတ်ကို တန်းဆာဆင်ခြင်းစသော အမူအရာကြိယာနှင့် ဂုဏေး+ဂုဏ်စပ်–ဝစနပဟော။
သပိတ်ကိုတန်ဆာဆင်ခြင်း စသော အမူအရာကြိယာဖြစ်သည်–ဝစနီယ။
စာပလျံ–စသော ပရိယာယ်သဒ္ဒါများသည် -- ဝစနီယတ္ထ။

❖ **စပလဿ ဘာဝေါ စာပလျံ , စာပလ္လံ ဝါ။ (သီဋီသစ်၊ ၂၉၁၊)**

သီလံ အဿ အတ္ထီတိ သီလဝါ။ (ဋ္ဌ။ ၂၅၁။)
စတုပါရိသုဒ္ဓိသီလ၏+ဘုရားရှင်နှင့် ဂုဏ်+ဂုဏေးစပ်။
အရိယံ သီလံ အရိယသီလံ။ အရိယသီလံ ယဿ အတ္ထီတိ အရိယသီလီ။ (ဘာသာဋီကာ။)
ဒိဏော ကာမရာဂေါ ယဿ အတ္ထီတိ ဒိဏကာမရာဂေါ။

၅။ ဝိဂတစာပလ္လော–ကို ဝိတစာပလ္လတ္တာ–ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို သမဏဿ ဂေါတမဿ–ဟုခံ။ ကတ္တား+သမ္ဗန်စာစပ်။
ဒိဏကာမရာဂေါ–ကို ဒိဏကာမရာဂတ္တာ–ဟု ဟိတ်ပြင်ကလည်း သမဏဿ–ဟုပင်သမ္ဗန်ခံ။

❖ **သမဏော ခလု ဘော ဂေါတမော ဒိဏကာမရာဂေါ ဝိဂတစာပလ္လော၊ (ပါဠိတော်)**

(ဂ) ၌ ဒိဏာ–ကို ဒိဏတ္တာ–ဟု ဟိတ်ပြင်။ သဗ္ဗေသံ ကိလေသာနံ–ဟု သမ္ဗန်ခံ။
န ဇာနာတိ–ကို အဇာနန္တတ္တာ–ဟု ဟိတ်ပြင်။ ဗြာဟ္မဏဿ–ဟု သမ္ဗန်ခံ။
ကထေတိ–ကို ကထနတ္တာ–ဟု ဟိတ်ပြင်။ ဗြာဟ္မဏဿ–ဟု သမ္ဗန်ခံ။
(ဃ) ၌ ဝိရဟိတော–ကို ဝိရဟိတတ္တာ–ဟု ဟိတ်ပြင်။ သမဏဿ ဂေါတမဿ–ဟုသမ္ဗန်ခံ။

၆။ (က) ဖြင့် သီလံ အဿ အတ္ထီတိသီလဝါဟု ဝစနတ္ထပြု၍ သီလဝါ–အရ စတုပါရိသုဒ္ဓိသီလ နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ယူရမည်ဟု သိစေပါသည်။
(ခ) ဖြင့် ကိလေသာ တို့မှ ဝေးကွာသောကြောင့် သီလသည် မြတ်လည်းမြတ်၏, စင်လည်းစင်ကြယ်၏–ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ယင်းအဓိပ္ပါယ်နှင့်လျော်ညီစွာ အရိယံ+သီလံ အရိယသီလံ၊ အရိယသီလံ ယဿ အတ္ထီတိ အရိယသီလီ–ဟု ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။ (ဘာသာဋီ၊ သီဋီသစ်။ ၂၉၀။)
(ဃ) ဝုတ္တစာပလ္လာ ဝိရဟိတော–ဖြင့် ဝိဂတစာပလ္လော–၌ ဝိဂတ–သဒ္ဒါ၏ ဝိရဟိတအနက် ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ ဝိဂတနှင့် စာပလ္လ–ပုဒ်ကို စာပလ္လာ+ဝိဂတော ဝိဂတစာပလ္လော–

http://www.dhammadownload.com



ဟု ဝိသေသနပရနိပါတပဉ္စမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း။ (တနည်း) ဝိဂတံ+ စာပလ္လံ+ယသ္မာတိ ဝိဂတစာပလ္လော-ဟု ပဉ္စမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း (ဘာသာဋီ။ ၄၉၀။) သိစေပါသည်။

ပတ္တမဏ္ဍနာ။ပ။ ပဋိကေဋ္ဌနာ-ဖြင့် စာပလ္လအရ သပိတ်ကိုတန်ဆာဆင်ခြင်း။ပ။အပန်ဖန်မြှူး ပျော်ခြင်းဟု ဆိုအပ်သောလျှပ်ပေါ်လော်လီခြင်း အမူအရာကိုယူရမည်ဟု သိစေပါသည်။

၇။ စာပလ္လော-၌ စပလ-ကား စုပ-ဓာတ်+အလ-ပစ္စည်း။ စုပလ-ဟူလိုလျက် စု-၌ ဥ-ကို အ-ပြု၍ပြီးသည်။

◆ **စုပိဿ ဥဿ အတ္တံ၊ စုပတိ ဧကတ္တ န တိဋ္ဌတီတိ စပလော၊ (ဏွာဒိ၊ ၁၈၄၊)**

စာပလ္လကား- စပလ-ပုဒ်+ဏျ-ပစ္စည်း။ စာပလျ-ဟူလိုလျက် လျ-ကို လ-ပြု။ လ-ဒွေး ဘော်လာ၍ပြီးသည်။

◆ **စပလဿ ဘာဝေါ-စာပလ္လံ၊ (သီဋီသစ်၊)**

၈။ **ရာဟုအသုရိန်၏ပမာဏကား**

| | | | |
|---|---|---|---|
| (က) အရပ်အမြင့် | ၄၈၀၀ | = | ယူဇနာ။ |
| (ခ) လက်မောင်းနှစ်ခုတို့၏အကြား | ၁၂၀၀ | = | ယူဇနာ။ |
| (ဂ) ကိုယ်လုံးအလယ်ပမာဏ | ၆၀၀ | = | ယူဇနာ။ |
| (ဃ) လက်ဖဝါး, ခြေဖဝါးအပြန့်အကျယ် | ၃၀၀ | = | ယူဇနာ။ |
| (င) လက်ဆစ်, ခြေဆစ် | ၅၀ | = | ယူဇနာ။ |
| (စ) မျက်ခုံးနှစ်ဘက်တို့၏အကြား | ၅၀ | = | ယူဇနာ။ |
| (ဆ) ခံတွင်းပါးစပ်အကျယ် | ၂၀၀ | = | ယူဇနာ။ |
| (ဇ) ခံတွင်းပါးစပ်အစောက် | ၃၀၀ | = | ယူဇနာ။ |
| (ဈ) ခံတွင်းပါးစပ်အဝန်းအဝိုင်း | ၃၀၀ | = | ယူဇနာ။ |
| (ည) လည်ပင်း | ၃၀၀ | = | ယူဇနာ။ |
| (ဋ) နဖူးပြင် | ၃၀၀ | = | ယူဇနာ။ |
| (ဌ) ဦးခေါင်း | ၉၀၀ | = | ယူဇနာ။ |

(ဋ္ဌ။ ၂၅၄။)

**မြတ်စွာဘုရားဖွားတော်မူသောအခါ ပေါ်ပေါက်လာသော ရွှေအိုးလေးလုံး**

၁။ သင်္ခ - ရွှေအိုး - တစ်ဂါဝုတ်ရှိသည်။
၂။ ဧလ - ရွှေအိုး - ယူဇနာဝက်ရှိသည်။
၃။ ဥပ္ပလ - ရွှေအိုး - သုံး ဂါဝုတ်ရှိသည်။
၄။ ပုဏ္ဍရိက- ရွှေအိုး - တစ်ယူဇနာရှိသည်။

**ရွှေအိုးတို့၏ သတ္တိထူးကား**

ထိုရွှေအိုး တို့၌ ယူတိုင်းယူတိုင်းသောအရပ်သည် ဥစ္စာဖြင့် ပကတိအတိုင်း ပြန်ပြည့်သည်။ (ဋ္ဌ။ ၄၅၃။)

http://www.dhammadownload.com



(ဃ) ၌ ပေယျာလ ပါဌ်များကား

ဗာဟိရာနံ ဝါ ပရိက္ခာရာနံ မဏ္ဍနာ ဝိဘူသနာ။ -ဖြစ်သည်။

+ "ဗာဟိရာနံ ဝါ ပရိက္ခာရာနံ မဏ္ဍနာ"တိ အာဒိ ပေယျာလဝသေန ဂယှတိ၊ (သီဋီသစ်၊)

၉။ ဘာ+မ-ရောသော သံကိဏ္ဏဝိပုလာဂါထာ ဖြစ်သည်။

၁၀။ ဝါကျဥယျာဉ် (၂၄၃) ၌ ပြခဲ့ပြီး။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၂၅၅ )

(က) **အပါပပုရေက္ခာရောတိ** အပါပေ နဝ လောကုတ္တရဓမ္မေ ပုရတော ကတွာ ဝိစရတိ။

(ခ) **ဗြဟ္မညာယ ပဇာယာတိ** သာရိပုတ္တမောဂ္ဂလာန မဟာကဿပါဒိဘေဒါယ ဗြာဟ္မဏပဇာယ။

(ဂ) တေိဿာယစ ပဇာယ ပုရေက္ခာရော။

(ဃ) အယဉ္ဟိ ပဇာ သမဏံ ဂေါတမံ ပုရက္ခတွာ စရတီတိ အတ္ထော။

(င) အပိစ **အပါပပုရေက္ခာရောတိ** န ပါပံ ပုရေက္ခာရော န ပါပံ ပုရတော ကတွာ စရတိ၊ န ပါပံ ဣစ္ဆတီတိ အတ္ထော။

(စ) ကဿ ? ဗြဟ္မညာယ ပဇာယ။

(ဆ) အတ္တနာ သဒ္ဓိံ ပဋိဝိရုဒ္ဓါယပိ ဗြာဟ္မဏပဇာယ အဝိရုဒ္ဓေါ ဟိတသုခတ္ထိကောယေဝါတိ ဝုတ္တံ ဟောတိ။

(ဋ္ဌ၊ ၂၅၅။ သီဋီသစ်။ ၂၉၁။ ပဉ္စက္ကျ၊ ၄၄၅။ ဘာသာဋီ၊ ၄၉၁။ ဂဏ္ဌိ။ ၄၇၄။)

၁။ (င) (စ) ဝါကျတို့ကိုသာ အနက်မှန်စွာ သမ္ဗန်ပါ။

၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်၍။ (င) ဝါကျကို သာဓိပ္ပါယာနုသန္ဓေတက်ပြပါ။

၃။ (ခ) (ဃ) ဝါကျတို့၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကိုထုတ်ပြပါ။

၄။ (ခ) သံဝဏ္ဏနာနှင့်အညီ ဗြဟ္မညာယ-ကို ဖြစ်နိုင်သမျှ ဝစနတ္ထပြု၍ ကြိုက်နှစ်သက်ရာ ဝစနတ္ထ တစ်ခုကိုသာ ဝစနာဒိသင်္ဂဟထုတ်ပြပါ။

၅။ (ဂ) ဝါကျ၌ ပုရေက္ခာရော-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္တာနုရူပစာစပ်ပါ။

၆။ (က) (ခ) (ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ ပုရေက္ခာရ၊ ဗြဟ္မည-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ဘုရားအလောင်းမွေးဖွားတော်မူသည့်နေ့၌ ဖြစ်ပေါ်လာသော ရွှေအိုးကြီးလေးလုံးကို အတိုင်း အရှည်ပမာဏနှင့်တကွ ပြဆိုပါ။

၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် / ဆန်းအမည်ပေးခဲ့ပါ။

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ။ပ။ တထာဂတဿ။ (ဋ္ဌ။ ၂၅၇။)

၁၀။ (၉) နံပါတ်ဂါထာ၌ ဘဏေယျ-ဝယ် အနုတ္တကိုရှု၍ ဘာဝါလက်ာရ ထုတ်ပြပါ။

======================

http://www.dhammadownload.com



၂။ **(ဂ) ပါဠိ သာဓောဂဟုစ္စာတက်ပုံ**

ဆရာ၊ ဆရာသည် (ခ) ဖြင့် ဗြဟ္မဒ္ဓာယ ပဏာယ-အရ သာရိပုတ္တရာမောဂ္ဂလာန်မဟာ-ကဿပ-အစရှိသော အရိယာသာဝကအပေါင်းကို ယူရမည်ဟုပြဆိုတော်၏။ ဗြဟ္မဒ္ဓာယ ပဏာယ-၌ ပဏာယ-ပုဒ်ကို အဘယ်ပုဒ်၌ စာစပ်ရပါမည်နည်း။ ပဏာယ-ပုဒ်၏ စပ်ရာပုဒ်ကို ဆရာမပြဆိုပြီလော။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား-ပဏာယ-ပုဒ်ကို ပုရေက္ခာရော-ဟူသော ပုဒ်တစ်စိတ်၌ စာစပ်ရမည်ဟူလို။**

- **"အပါပပုရေက္ခာရော"တိ ဧတ္ထ "ပုရေက္ခာရော"တိ ပဒမဓိကာရောတိ ဒဿေတိ "ဓေါိဿာယ စ ပဏာယ ပုရေက္ခာရော"တိ ဣမိနာ၊ (သီဋီသစ်၊ ၂၉၁၊)**

**(ဃ) ပါဠိ အနုသန္ဓေတက်ပုံ**

ဤသို့ (ခ) (ဂ) ပါဠိတို့ဖြင့် ဗြဟ္မဒ္ဓာယ ပဏာယ-အရ ရှင်သာရိပုတ္တရာ-စသော အရိယာသာဝကအပေါင်းကိုယူရမည့်, ဗြဟ္မဒ္ဓာယ ပဏာယ-၌ ပဏာယ-ပုဒ်ကို ပုရေက္ခာရော-ပုဒ် လိုက်စေ၍ စာစပ်ရမည်ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းဆိုခဲ့ပြီးသော စကားရပ်ဝယ်မထင်ကွယ်မြှုပ်၊ ဓိပ္ပါယ်ငုပ်ကို၊ ဖော်ထုတ်ယူကာ ထင်စွာပြလိုသော ဆရာသည် (ဃ) မိန့်။ (ပခုက္ကူ။သျှ။၄၄၆။)

- **အယဥ္စိတိ အာဒိ အဓိပ္ပါယမတ္တဒဿနံ၊ (သီဋီသစ်၊ ၂၆၂၊)**

**အမှာ** ဘာသာဋီကာ-၌ (ဃ) ဟိ-ကို ဒဠှီကေဘာကကြံ၍ အနက်ပေးသည်။

**(င) အနုသန္ဓေ**

ဤသို့ (က+ခ+ဂ) ပါဠိတို့ဖြင့် အပါပပုရေက္ခာရော-ပုဒ်ကို ယုတ္တတ္ထသမာသ်ဝဇနတ္ထပြုရမည်ကိုလည်းကောင်း၊ ဗြဟ္မဒ္ဓာယ ပဏာယ-၌ ဗြဟ္မဒ္ဓ-အရ ရှင်သာရိပုတ္တရာ အစရှိသော အရိယာ ဗြာဟ္မဏ-ကို ယူရမည်ကိုလည်းကောင်း၊ ယင်းဗြဟ္မဒ္ဓာယပဏာယ-ပုဒ်ကို ပုရေက္ခာရော-ဟူသော ပုဒ်တစိတ်၌ စာစပ်ရမည်ကို လည်းကောင်း ပြဆိုပြီး၍၊ ယခုအခါ၌ အပါပပုရေက္ခာရော-ပုဒ်ကို အယုတ္တတ္ထသမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ ဗြဟ္မဒ္ဓာယ ပဏာယ-၌ ဗြဟ္မဒ္ဓ-အရ ပကတိဇာတိ ဗြာဟ္မဏကို ယူရမည်ကိုလည်းကောင်း၊ ဗြဟ္မဒ္ဓာယ ပဏာယ-ပုဒ်ကို အပါပပုရေက္ခာရော-တပုဒ်လုံး၌ စာစပ်ရမည်ကိုလည်းကောင်း ပြတော်မူလိုသောအဋ္ဌကထာဆရာသည် (င) စသည်မိန့်။ (သီဋီသစ်။ ၂၉၂။)

၃။ **(ခ+ဃ) စတုက္ကထုတ်ပုံ**

(က) နနု ဗြဟ္မဒ္ဓ-သဒ္ဒေါ သဗ္ဗဗြာဟ္မဏေဟိ သာဓာရဏော ဟောတိ။

(ခ) အထ ကသ္မာ သာရိပုတ္တမောဂ္ဂလာနမဟာကဿပါဒိဘေဒါယ ဗြာဟ္မဏပဏာယာတိ ဝုတ္တံ။

(ဂ) နနု အယံ ပဏာ သမဏံ ဂေါတမံ ပုရက္ခတွာ စရတိ။

(ဃ) တသ္မာ သာရိပုတ္တမောဂ္ဂလ္လာနမဟာကဿပါဒိဘေဒါယ ဗြာဟ္မဏပဏာယာတိ ဝုတ္တံ။

**အမှာ** (ဃ) ပါဠိ ဟိ-သစ္စံ၊ မှန်၏-ဟု အနက်ပေးသော ဘာသာဋီကာနှ့် အညီ ထုတ်သည်။

၄။ ဗြဟ္မနိ (သေဋ္ဌေ ဘဂဝတိ) ဘဝါ ဗြဟ္မဒ္ဓာ။

(တနည်း) ဗြဟ္မုနော (ဘဂဝတော) အပစ္စံ ဗြဟ္မဒ္ဓာ။

(တနည်း) ဗြဟ္မံ (သေဋ္ဌံ အရိယမဂ္ဂံ) ဇာနာတီတိ ဗြဟ္မဒ္ဓာ။ (သီဋီသစ်)

မြတ်သောအရိယာမဂ်ကိုသိခြင်း ကြိယာသကတ်သည်လည်းကောင်း၊ မြတ်သောအရိယာမဂ်၏+သိတတ်သော အရိယာသာဝကနှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည်လည်းကောင်း-ဝစနဟေတု။

http://www.dhammadownload.com



ရှင်သာရိပုတ္တရာ စသော အရိယာသာဝက တို့ဖြစ်သည်-ဝိနီယ။
အရိယပြာဟ္မဏော-စသော ပရိယာယ်သဒ္ဒါများသည်-ဝိနီယတ္ထ။

၅။ (ဂ) ဝါကျ ပုရေက္ခာရော-ကို ပုရေက္ခာရတ္ထာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို သမဏဿ ဂေါတမဿ ဟုခံ။ (ကံ+သမ္ဗန် စာစပ်)

❖ **သမဏော ခလု ဘော ဂေါတမော ကမ္မဝါဒီ ကိရိယဝါဒီ အပါပပုရေက္ခာရော ဗြဟ္မညာယ ပဇာယ။ (ပါဠိတော်)**

(က) အပါပေ နဝ လောကုတ္တရဓမ္မေဖြင့် အပါပပုရေက္ခာရော၌ အပါပ-ပုဒ်ကို န+ပါပါ-အပါပါ-ဟု ဝိဂ္ဂဟပြု၍ အပါပ အရ လောကုတ္တရာတရားကိုးပါးကို ယူရမည်ဟု သိစေပါသည်။

ပုရတော ကတွာ-ဖြင့် ပုရေက္ခာရ ၌ ပုရ-သဒ္ဒါပုဗ္ဗပဒ+ကရ-ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဏ-ပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်သည်ကိုလည်းကောင်း၊ ပုရေ+ကရောတီတိ ပုရေက္ခာရော ဟုကတ္တုသာဓန ကိတန္တသတ္တမီတပ္ပုရိသ်သမာသ်ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း သိစေပါသည်။

အပါပေ ပုရတော ကတွာ-ဟူသော အပေါင်းဖြင့် အပါပေ+ပုရေက္ခာရော အပါပ ပုရေက္ခာရော-ဟု ဒုတိယာတပ္ပုရိသ်သမာသ်(ဝါ) ယုတ္တတ္ထသမာသ် ဝိဂ္ဂဟပြုရမည်ဟုသိစေသည်။

(ခ) ဖြင့် ဗြဟ္မညာယ ပဇာယ-အရ သာရိပုတ္တရာ မောဂ္ဂလာန် မဟာကဿပအစရှိသော အရိယာသာဝကများကို ယူရမည်ကိုလည်းကောင်း၊ ဗြဟ္မည-သဒ္ဒါ၏ ဗြာဟ္မဏ-အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(ဂ) ဖြင့် ပုရေက္ခာရော-၌ (ပုရ+ကရ+ဏ) ဏ-ပစ္စည်း၏ ကမ္မသာဓနအနက်၌သက်သည် ကိုလည်းကောင်း၊ ပုရေ ကရီယတီတိ ပုရေက္ခာရော-ဟု ကမ္မသာဓနဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း၊ ဗြဟ္မညာယ ပဇာယ-ပုဒ်ကို ပုရေက္ခာရော-ဟူသော ပုဒ်တစိတ်လိုက်စေ၍ စာစပ်ရမည်ကိုလည်းကောင်း သိစေပါသည်။

(ဃ) ဝါကျ န ပါပံ ။ပ။ ဒရတိ-ဖြင့် အပါပပုရေက္ခာရော-၌ ပုရေက္ခာရောပုဒ်ကို ပုရေ+ကရောတီတိ ပုရေက္ခာရော-ဟု ဝိဂ္ဂဟပြု၍ ဏ-ပစ္စည်း ကတ္တုသာဓန အနက်၌သက်သည်ကို လည်းကောင်း၊ ပါပ-နှင့် ပုရေက္ခာရော-ပုဒ်ကို ပါပံ+ပုရေက္ခာရော-ပါပပုရေက္ခာရော-ဟု ဒုတိယာ-တပ္ပုရိသ်သမာသ်ဝိဂ္ဂဟ ပြုရမည်ကိုလည်းကောင်း၊ န-နှင့် ပါပပုရေက္ခာရကို န+ပါပပုရေက္ခာရော အပါပပုရေက္ခာရောဟု မိဿကတပ္ပုရိသ်(ဝါ) အယုတ္တတ္ထသမာသ်ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း သိစေပါသည်။

န ပါပံ ဣစ္ဆတိ-ဖြင့် အပါပပုရေက္ခာရော-၌ ယုတ်မာသောအမှုကို ရှေ့သွားမပြုတတ်ဟူ သည်-ယုတ်မာသော အမှုကိုအလိုမရှိခြင်းပင်းဟု သိစေပါသည်။

(စ) ဖြင့် ဗြဟ္မညာယ ပဇာယ-ပုဒ်ကို အပါပပုရေက္ခာရော-ပုဒ်၌ သမ္ဗန်+သမ္ဗန္ဓီ အဖြစ်ဖြင့် စာစပ်ရမည်ဟု သိစေသည်။

(ဆ) ဖြင့် ဗြဟ္မည-အရ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော ပကတိဇာတိဗြာဟ္မဏကို ယူရမည် ဟုသိစေပါသည်။

**မှတ်ချက်** န+ပါပါ အပါပါ၊ ပုရေ ကရောတီတိ ပုရေက္ခာရော၊ အပါပေ+ပုရေက္ခာရော အပါပ ပုရေက္ခာရော။ ဤသို့ဝိဂ္ဂဟပြုလျှင် ယုတ္တတ္ထသမာသ်တည်း။ န-ကို ပုရေက္ခာရော-နှင့် စပ်၍ န+ပါပေ+ပုရေက္ခာရော အပါပပုရေက္ခာရော-ဟုပြုလျှင် အယုတ္တတ္ထသမာသ်ဖြစ်သည်။ အပါပ-၌ န-သည် ပဋိက္ခေပ အနက်ဟော (တနည်း) ဝိရဟ-အနက်ဟောတည်း။ (သီဋီသစ်။ ၂၉၁။ ဘာသာဋီကာ။ ၄၉၁။)

http://www.dhammadownload.com



၇။ **ပုရေကွာရော-ကား** ပုရေ+ကရ+ဏ။ ကရ-ကို ၁၇-ပြု။ ၁-အစိတ် အ-ကို အာ-ပြု၊ အသဒိသဒွေးဘော် က-လာ၍ပြီးသည်။

**မြဟ္မဉ္ဉ-ကား** တဒ္ဓိတ်ဝိဂ္ဂဟအလို ဖြဟ္မ-ပုဒ်+ဏျ-ပစ္စည်း။ ဖြဟ္မယ-ဟူလိုလျက် ဖြဟ္မ-နှောင် န-လာ နှကို ဉ-ပြု၊ ည-ဒွေးဘော်လာ၊ ထိဧောတက အာ-ပစ္စည်း သက်၍ပြီးသည်။

(တနည်း) ကိတန္တသမာသ်ဝိဂ္ဂဟအလို ဖြဟ္မ သဒ္ဒူပပဒ+ဉာဓာ တ်+ အ-ပစ္စည်း။ ထိဧောတက အာ-ပစ္စည်း၊ ဖြဟ္မဉ္ဉ ဟူလိုလျက် သဒိသဒွေးဘော် ည-လာ၍ပြီးသည်။

**အမှာ** ဘာသာဋီကာ ၄၉၁-၌ "ဖြာဟ္မဏဿ+အပစ္စံ-ဖြဟ္မညာ-ဟု အပစ္စ-အနက် ယ-ပစ္စည်း သက်၍ ဏျ-ကို ဉ-ပြု၊ ဒွေးဘော်လာ။ ဖြာ-ဟု ဝုဒ္ဓိရှိပါစေ"ဟု မှာထားသည်။

၈။ ဝါကျဥယျာဉ် (၂၅၄) ၌ ဖြေခဲ့ပြီး။

၉။၁၀။ ဝါကျဥယျာဉ် (၁၂၃) ၌ ဖြေခဲ့ပြီး။

# ဝါကျဥယျာဉ် ( ၂၅၆ )

(က) **န တသ္မိံ ဂါမေ ဓါတိ** ယတ္ထ ကိရ ဘ(ဂ)ပ၊ ပဋိဝသတိ၊ တတ္ထ မဟေသက္ခာ ဒေဝတာ အာရက္ခံ ဂဏှန္တိ၊ တံ နိဿာယ မနုဿာနံ ဥပဒ္ဒဝေါ န ဟောတိ။

(ခ) ပံသုပိသာစကာဒယော ဝေ ဟိ မနုဿေ ဝိဟေဌေန္တိ၊ တေ တာသံ အာနုဘာဝေန ဒူရံ အပက္ကမန္တိ။

(ဂ) အပိစ ဘဂဝတော မေတ္တာဗလေနပိ န အမနုဿာ မနုဿေ ဝိဟေဌေန္တိ။

(ဃ) **သဃီတိအာဒိသု** အနုသာသိတဗ္ဗော. သယံ ဝါ ဥပ္ပါဒိတော သံဃော အဿ အတ္ထီတိ **သဃီ**။

(ဌ။ ၂၅၆။ သိဋ္ဌိသစ်။ ၂၉၃။ ပခုက္က။ ၄၄၉။ ဘာသာဋီကာ၊ ၄၉၆။ ဂဏ္ဌိ။ ၄၇၅။)

၁။ (ဃ) ဝါကျကို ဝိသေသနစုံ(ဖွဲ့)အားလျော်စွာ သံဃော-ပုဒ်၌ အဘိဓေယျတ္တထင်ရှားစေလျက် အနက်ပေးပြပါ။

၂။ (ခ) ကို သာဘောဂပုစ္ဆာတက်၍၊ (ဂ) ကို အနုသန္ဓေတက်ပြပါ။

၃။ (ခ) ဝါကျ၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ ဥပ ဒ္ဒဝေါ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသက္ကထုတ်ပြပါ။

၅။ (က) ဝါကျ၌ မဟေသက္ခာ-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္တာနုရူပစာစပ်ပါ။

၆။ (ဃ) ဝါကျဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ပိသာစ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

၈။ ပံသုပိသာစကာဒယော-၌ အာဒိ-ဖြင့် ယူရမည့် ဂဟေတဗ္ဗတ္ထကို ဖော်ပြ၍၊ (က) ၌ ကိရ-သဒ္ဒါဖြင့် ပြဆိုအပ်သော ဒဿနတ္ထကိုလည်း ဖြေဆိုပါ။

၉။ အောက်ပါ ဂါထာကို ဆန်းစစ်၍ ဂါထာအမည် / ဆန်းအမည်ပေးပြပါ။

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊ ပ။ တထာဂတဿ။ (ဌ။ ၂၅၇။)

၁၀။ (ဂ) ဝါကျ န ဝိဟေဌေန္တိ-၌ ဓာတွတ္ထကိုရှု၍ ဘာဝါလက္ခဏ ထုတ်ပြပါ။

http://www.dhammadownload.com



၁။ (ဃ) သဃီတိအာဒီသု၊ တို့၌။ အဝယဝတ္ထော၊ ကို။ ဝေ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ အဿ သမဏဿ ဂေါတမဿ၊ အား။ အနုသာသိတဗ္ဗော၊ သုံးမအပ် သုံးမထိုက်သော။ သံဃော၊ ဝေနေယျသတ္တဝါ အပေါင်းသည်။ အ ၏။ (ဝါ) တနည်းကား။ အဿ သမဏဿဂေါတမဿ၊ အား။ သိယံ၊ ကိုယ်တော်တိုင်။ ဥပ္ပါဒိတော၊ ဖြစ်စေတော်မူအပ်သော။ သံဃော၊ သမ္မုတိသံဃာမှ အသီးအခြားထုတ်ယူအပ်သော အရိယာပုဂ္ဂိုလ်အပေါင်းသည်။ အတ္ထို၊ ၏။ ဣတိ၊ ကြောင့်။ သော သမဏော ဂေါတမော၊ သည်။ သဃီ၊ မည်၏။

✥ **အနုသာသိတဗ္ဗော သံဃောနာမ သဗ္ဗောပိ ဝေနေယျနေသမူဟော၊ သယံ ဥပ္ပါဒိတော သံဃောနာမ နိဗ္ဗတ္တိတအရိယပုဂ္ဂလသမူဟော၊ (သီဋီသစ်၊ ၂၉၃)**

၂။ **(ခ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ**

ဆရာ၊ ဆရာသည် (က) ဖြင့် မဟေသက္ခနတ်တို့ကိုမှီ၍ လူတို့အား ဥပဒ္ဒဝ မဖြစ်ဟုဆို၏။ အဘယ်သို့ နတ်ကိုမှီ၍ ဥပဒ္ဒဝ မဖြစ်ပါသနည်း။ (ဂဏ္ဌိ။ ၄၇၅) မဟေသက္ခနတ်တို့ကိုမှီ၍ ဥပဒ္ဒဝ မဖြစ်ဟုဆိုရာ၌ အကြောင်းယုတ္တိကို ဆရာမပြဆိုပြီလော။ စုဒ်ကြောင့် (ခ) မိန့်။

✥ **ဟိ-ယသ္မာ၊ ကြောင့်၊ (ပဍုတ္တ၂)၊ ဟီ၊ မှန်၊ (ဘာသာဋီကာ)**

**(ဂ) ဝါကျ အနုသန္ဓေတက်ပုံ**

ဤသို့ (က) (ခ) ဝါကျတို့ဖြင့် မဟေသက္ခနတ်တို့ကိုမှီ၍ လူတို့အား ဥပဒ္ဒဝ မဖြစ်ပုံကို ပြပြီး၍ ယခုအခါ၌ မြတ်စွာဘုရား၏ အာနုဘော်ကိုသာလျှင် ထင်ရှားပြ၍ပြခြင်းငှာ (ဂ) မိန့်။

✥ **ဣဒါနိ ဗုဒ္ဓါနုဘာဝမေဝ ပါကဋံ ကတွာ ဒဿေတုံ "အပိစ"တိ အာဒိ ဝုတ္တံ၊ (သီဋီသစ်)**

၃။ **(ခ) ဝါကျ စတုက္ကထုတ်ပုံ**

(က) နနု ပံသုပိသာစကာဒယော ဧဝ မနုဿေ ဝိဟေဌေန္တိ။
(ခ) အထ ကသ္မာ မနုဿာနံ ဥပဒ္ဒဝေါ န ဟောတိ။
(ဂ) နနု တေ တာသံ အာနုဘာဝေန ဒူရံ အပက္ကမန္တိ။
(ဃ) တသ္မာ မနုဿာနံ ဥပဒ္ဒဝေါ န ဟောတိ။

**(ဂ) ဝါကျ စတုက္ကထုတ်ပုံ**

(က) နနု ပံသုပိသာစကာဒယောဧဝ မနုဿေ ဝိဟေဌေန္တိ။
(ခ) အထ ကသ္မာ န အမနုဿာ မနုဿေ ဝိဟေဌေန္တိ။
(ဂ) ဘဂဝတော မေတ္တာဗလေန။
(ဃ) န အမနုဿာ မနုဿေ ဝိဟေဌေန္တိ။

၄။ ဥပဂန္တွာ ဒုနောတီတိ ဥပဒ္ဒဝေါ။
ဥပဂန္တွာ ဒဝတိ ပီဠေတီတိ ဝါ ဥပဒ္ဒဝေါ။ (ဓာန်ဋီ။ သူစိ)
ကပ်၍ နှိပ်စက်ခြင်းကြိယာသကတ်သည်-ဝစနဟေတု။
ကပ်၍ နှိပ်စက်တတ်သော ဘေးရန်ဒြပ်သည်-ဝစနီယ။
ဤတိ , အညေ , ဥပသဂ္ဂေါ-စသော ပရိယာယ်သဒ္ဒါများသည်-ဝစနီယတ္ထ။

**ဝစနတ္ထမှတ်ဘွယ်**

ဤသတိ အဘိဟ္မမှယ်ိဟိ ဤသော၊ မဟန္တော+ဤသော မဟေသော။ (သီဋီသစ်။ ၄၂၁)
မဟေသော ဣတိ+အက္ခာယန္တီတိ မဟေသက္ခာ။

http://www.dhammadownload.com



မြတ်သောအစိုးရသော ပုဂ္ဂိုလ်ဟူ၍ ဆိုခြင်းကြိယာသကတ်သည်လည်းကောင်း၊ မြတ်သော အစိုးရသောပုဂ္ဂိုလ်၏အဖြစ်ဟုဆိုအပ်သော သမ္ဘာဝနာဘောဂုဏ်၏ + နတ်တို့ဒြပ်နှင့် ဂုဏ် + ဂုဏေး အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သကတ်သည်လည်းကောင်း-ဝစနငဟတ္။

မဟေသက္ခနတ်တို့ဒြပ်သည်-ဝစနီယ။

မဟိဿရက္ခာ-စသော ပရိယာယ်သဒ္ဒါများသည်-ဝစနီယတ္တ။

အနုရူပံ အတ္တံ ဘာဝေတိ ဝဒေတီတိ အာနုဘာဝေါ။ (ဓာတုပစ္စယဒီပနီ)

(တနည်း) အနုပုနပ္ပနံ တံသမင်္ဂိ ဘာဝေတိ ဝဒေတီတိ အနုဘာဝေါ။ သောယေဝ အာနုဘာဝေါ။ (သီဋီသစ်။ ၁။ ၂၅။)

ပံသတိ သောဘာဝိသေသံ နာသေတီတိ ပံသု။ ရေဏု။ (ကွာဒိမောဂ်။ ၂)

ပိသိတံ မံသံ+အသတိ ဘက္ခတီတိ ပိသာစော။ (သူစိ)

ပံသုံ+နိဿိတာ+ပိသာစာ ပံသုပိသာစာ။ (သီဂဏ္ဌိ။ ၄၇၆)

၅။ (က) မဟေသက္ခာ-ကို မဟေသက္ခတ္တာ-ဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို ဒေဝတာနံ-ဟုသံ။ (ကံ+သမ္ဗန်စာစပ်)

၆။ (ဃ) အနဿာသိတဗ္ဗော-ဖြင့် သဃီ-၌ သဃ်-အရ အလုံးစုံသော ဆုံးမထိုက်သော ဝေနေယျ သတ္တဝါအပေါင်းကို ယူရမည်ဟုသိစေသည်။ (သီဋီသစ်)

ဝါ-ဖြင့် နယန္တရဇောတက၏ အဖြစ်ကိုစေသည်။

သဃံ ဥပ္ပါဒိတော-ဖြင့် သဃီ-၌ သဃ်-အရ ကိုယ်တော်တိုင်ဖြစ်စေတော်မူအပ်သော အရိယာပုဂ္ဂိုလ်အပေါင်းကို ယူရမည်ဟုသိစေသည်။ (သီဋီသစ်)

သံဃော အဿ အတ္ထိ-ဖြင့် သဃီ-၌ ဤ-ပစ္စည်း၏ အဿတ္ထိစာဒ္ဓိအနက်၌သက်-လည်းကောင်း၊ သံဃော အဿ အတ္ထိတိ အဃီ-ဟု ပြု-လည်းကောင်း သိစေသည်။

၇။ **ပိသာစ--၏ နိရုတ္တိနည်း၏ ဝါကျဥယျာဉ် (၁၂၆) ၌ ရေးခဲ့ပြီ။**

**ဥပဒ္ဒဝ**-ကား ဥပ+ဒု+ဏ-ပစ္စည်း။ ဒု-၌ ဥ-ကို ဩ-ပြု။ ဩ-ကို အဝ-ပြု။ ဒ-ငွေဘော်လာ၍ ပြီးသည်။

၈။ (၁) **ပံသုပိသာစကာဒယော-၌ အာဒိ-ဖြင့် ဘူတ (ဘုတ်ပြိတ္တာတစ္ဆေ) ရက္ခသ (ရက်ရှိုသ်ဘီလူး) စသည်တို့ကိုယူ။**

❖ **အာဒိသဒ္ဒေန ဘူတရက္ခသာဒီနံ ဂဟဏံ။ (သီဋီသစ်၊ ၂၉၃)**

**(က) ၌ ကိရ-သဒ္ဒါဖြင့် ပြအပ်သောအဓိပ္ပါယ်။**

(က) ၌ ကိရ-သဒ္ဒါသည် မနှစ်သက်ခြင်း အရုစိအနက်ကိုဟောသည်။ ထိုကိရ-သဒ္ဒါဖြင့် မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာအရပ်၌ နတ်တို့၏အာနုဘော်ကြောင့် လူတို့အား ဘေးရန်မရှိသည်မဟုတ်၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ အာနုဘော်ကြောင့် လူတို့အားဘေးရန်မရှိခြင်း ဖြစ်သည်-ဟူသော အဓိပ္ပါယ်ဖြစ်သည်။

❖ **ယတ္ထ ကိရာတိဧတ္ထ ကိရသဒ္ဒေါ အရုစိသူစနေ၊ ပ၊ တေန ဘဂဝတော အဓိဝုတ္ထပဒေသေ န ဒေဝတာနုဘာဝေန မနုဿာနံ အနုပဒ္ဒဝတာ၊ အထခေါ ဗုဒ္ဓါနုဘာဝေနာတိ ဒဿေတိ၊ (သီဋီသစ်၊ ၂၉၃)**

၉။ ဝါကျဥယျာဉ် (၁၂၃) ၌ ရေးခဲ့ပြီ။

http://www.dhammadownload.com



၁၀။ "(ဂ) ဝါကျ၌ နှ ဝိပေဒွေနှိ-၌ ဓာတွတ္ထကိုရှု၍ ဘာဝါလက္ခဏာရထုတ်ပုံ"

✣ လူနှင့်တူသော နတ်ဘီလူး ၏ မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိင်္ဂါရရသ။

✣ လူတို့ဖြစ်သည်-အာရမ္မဏဝိဘာဝ။

✣ မြတ်စွာဘုရားနေတော်ရာအရပ်၌ မဟေသက္ခနတ်တို့ စောင့်ရှောက်ကြခြင်းသည်-လည်းကောင်း၊ မြတ်စွာဘုရား၏ မေတ္တာအစွမ်းတန်ခိုးအာနုဘော်သည်လည်းကောင်း-ဥဒ္ဒီပနဝိဘာဝ။

✣ ထိုသို့မညှင်းဆဲခြင်းကြောင့် လူတို့အား ဘေးရန်ကင်းခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်းစသော အကျိုးအဆက်ဆက်သည်-အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၂၅၇ )

(က) **အလမေဝါတိ** ယုတ္တမေဝ။

(ခ) **အပိ ပုရှောသေနာတိ** ပုရှောသံ ဝုစ္စတိ ပါထေယျံ။

(ဂ) တံ ဂဟေတွာပိ ဥပသင်္ကမိတုံ ယုတ္တမေဝါတိ အတ္ထော။

(ဃ) **ပုဋံသေနာတိပိ** ပါဌော။

(င) တဿ တ္ထော။ ပုဋော အံသေ အဿာတိ **ပုဋံသော**။

(စ) တေန ပုဋံသေန။

(ဆ) အံသေန ဟိ ပါထေယျပုဋံ ဝဟန္တေနာပီတိ ဝုတ္တံ ဟောတိ။

(ဌ။ ၅၅၇။ သီဋီသစ်။ ၂၉၄။ ပဒက္က။ ၄၅၁။ ဘာသာဋီ။ ၅၀၁။ ဂဏ္ဌိ။ ၄၇၇)

၁။ အထက်ပါဝါကျအားလုံးကို ကျနစွာအနက်သမ္ဗန်ပါ။

၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်၍ (ဆ) ဝါကျကို အနုသန္ဓေတက်ပြပါ။

၃။ (က) ဝါကျ၌ ဖြစ်သင့်သောအာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ (ခ) ဝါကျ၌ ပုရှောသံ-ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (ဆ) ဝါကျ၌ ဝဟန္တေန-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပြပါ။

၆။ (က၊ခ ၊ဂ ၊င) ဝါကျတို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကိုဖော်ပြပါ။

၇။ ပုရှောသ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

၈။ သမဏော ခလု ဘောဂေါတမော သဟီ ဂဏီ ဂဏာစရိယော-၌ သဟီနှင့် ဂဏီ-တို့၏ အထူးကိုဖော်ပြပါ။

၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည်ပေးပြပါ။
ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ။ ပ။ ဝါထာဂတဿ။ (ဌ။ ၅၅၇)

၁၀။ (ဂ) ဝါကျ ဥပသင်္ကမိတုံ-၌ ဓာတွတ္ထကိုရှု၍ ဘာဝါလက္ခဏာရ ထုတ်ပြပါ။

======================

၁။ "(၁) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ"

ဆရာ၊ ဆရာသည်(၁)ဖြင့် အပိ ပုရှောသေန-၌ ပုရှောသ သဒ္ဒါသည် ပါထေယျ=လမ်းစာရိက္ခာ-ဟူသော အနက်ကိုဟော၏-ဟု ဖွင့်ဆို၏။ ပုရှောသေန-၌ တတိယာဝိဘတ်သည် ကရိုဏ်းအနက်၌သက်ပါသလော၊ အဘယ်အနက်၌ သက်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား ဂူထွက်မျှတကွကအနက်၌သက်၏ ဟူလို။**

✤ **ဂူထွက်မျှတလက္ခဏော ကရဏဝစနံ ဒဿေတိ "တံ ဂဟေတွာ"တိ ဂူမိနာ၊ (သီဋီသစ်)**

## (ဃ) ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ (ခ) (ဂ) နှစ်ဝါကျဖြင့် ပုဗ္ဗောသေန-ဟူသောပုဒ်၏ အဖွင့်ကို ပြပြီး၍ ယခုအခါ၌ ပုဗ္ဗသေန ဟူ၍လည်း ပါဠိတော်မူကွဲပါဌ်တမျိုး ရှိသေးသည်၏အဖြစ်ကို ပြဆိုတော်မူလိုသော သရာသည် (ဃ)မိန့်။

## (စ) အနုသန္ဓေတက်ပုံ

ဤသို့ (င) ဖြင့် ပုဗ္ဗော အံသေ အဿာတိ ပုဗ္ဗံသောဟု ပဒါဝဓိကဏ္ဍ, ဒန္ဒဇ္ဇေဒန နည်းဖြင့် ဖွင့်ပြပြီး၍၊ ယခုအခါ၌ ဝါကျဝဓိကန္တ, ဒန္တသောဓနနည်းဖြင့် ဖွင့်ပြတော်မူလိုသော သရာသည်(စ)မိန့်။

## (ဆ) ဝါကျ အနုသန္ဓေတက်ပုံ

ဤသို့ (င) (စ) နှစ်ဝါကျဖြင့် ပုဗ္ဗံသေန-ပုဒ်ကို ပဓံး၌ လမ်းစာရိက္ခာထုပ်ရှိသူ-ဟု အနက်ပြန်ဆိုရမည်၏အဖြစ်ကို ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းဆိုခဲ့ပြီး စကားရပ်၏ ပိဏ္ဍတ္ထအဓိပ္ပါယ်ကို အကျယ်အားဖြင့် ထင်ရှားပြလိုသော သရာသည် (ဆ) မိန့်။

✤ **အံသေနာတိ အာဒိ အဓိပ္ပါယမတ္တဒဿနံ၊ (သီဋီသစ်)**

✤ **ဟိ၊ ထင်ရှားအောင်ပြဦးအံ့၊ (ပဒုဏ္ဍ၊ ဘာသာဋီကာ)**

## ၃။ (က) ဝါကျ စတုက္ကထုတ်ပုံ

(က) နနု အလံသဒ္ဒေါ ဘူသနဝါရဏပရိယတ္တိအရပဟတ္တော့ ဝတ္တတိ။

(ခ) အထ ကသ္မာ အလမေဝါတိ ယုတ္တမေဝါတိ တယာ သံဝဏ္ဏိတံ။

(ဂ) နနု တဒညေသံ ဂုဏ အသမ္ဘဝေါ ဟောတိ။ (ဗျတိရေက)
နနု ဂုဏ အရပဟတ္တော သမ္ဘဝတိ။ (အနွယ)

(ဃ) တသ္မာ အလမေဝါတိ ယုတ္တမေဝါတိ မယာ သံဝဏ္ဏိတံ။

**အမှာ။** ။ သီဋီသစ် သာကေ (၆) နံပါတ်မှာ ရှု။

၄။ အသိတပ္ပ ဘုဥ္ဇိတဗ္ဗန္တိ အာသံ၊ ပုဗ္ဗေန+နေတွာ+အာသံ ပုဗ္ဗောသံ။
(တနည်း) ပုဗ္ဗေန နေတွာ အသိတဗ္ဗ ဘုဥ္ဇိတဗ္ဗန္တိ ပုဗ္ဗောသံ။ (သီဋီသစ်။ ၂၉၄)
အထုပ်ဖြင့်ယူဆောင်၍ စားခြင်းကြိယာသကတ်သည်လည်းကောင်း၊ အထုပ်၏+ယူဆောင်၍ စားအပ်သော ရိက္ခာခြမ်နှင့် ဌာန+ဌာနီ+နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည်လည်းကောင်း ဝစနပဟေတု။

လမ်းစာရိက္ခာခြမ်သည် ဝစနီယ။

ပါထေယျံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ပထဿ+ဟိတံ-ပါထေယျံ။ (ရူ။ ၂၃၀။) ပထေ+ဟိတံ-ပါထေယျံ။ (ဓာန်ဋီ။ ၃၀၀။)

လမ်းခရီး၏+အစီးအပွားဖြစ်သော ရိက္ခာနှင့် ဂုဏ်+ဂုဏေး, ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု။

သမ္ဗလ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

အနတိ ဇီဝတိ ဧတေနာတိ အံသော၊ ဘုဇိဿရော။ (ကွာဒိမောဂ်။ ၂၁၃။)

http://www.dhammadownload.com



၅။ ဝဟန္တေန-ကို ဝဟ န္တတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ကုလပုတ္တဿ-ဟုခံ။ (ကတ္တား+သမ္ဗန် စာစပ်။)

- **အလမေဝ သဒ္ဓေန ကုလပုတ္တေန ဒဿနာယ ဥပသင်္ကမိတုံ အပိ ပုဋောသေန။ (ပါဠိတော်)**
- **ဝဟန္တေန ကုလပုတ္တေန ဥပသင်္ကမိတုံ အလမေဝါတိ အတ္ထော။ (သီဋီသစ်။ ၂၉၄။)**

၆။ (က) ယုတ္တမေဝ-ဖြင့် အလမေဝ-၌ အလံ-သဒ္ဒါသည် ဤနေရာ၌ ဘူသန၊ ဝါရဏ စသော အနက်တို့ကိုမဟော၊ "အလမေဝ နိဗ္ဗိန္ဒိတုံ" အစရှိသော ပါဠိပြယုဂ်တို့၌ကဲ့သို့ အရဟ အနက်ကို ဟောသတည်းဟုသိစေ။

- **အလံ-သဒ္ဒေါ ဣဓ အရဟတ္ထော "အလမေဝ နိဗ္ဗိန္ဒိတုံ"တိ အာဒီသု ဝိယာတိ အာဟ "ယုတ္တမေဝါ"တိ။ (သီဋီသစ်။)**

(ခ) ဝါကျ ပါထေယျံဖြင့် ပုဋောသေန-၌ ပုဋောသ-သဒ္ဒါသည် လမ်းစရိက္ခာဟူသော အနက်ကိုဟောသည်ကိုလည်းကောင်း၊ (တနည်း) ပုဋောသ-အရ လမ်းစရိက္ခာကို ယူရမည်ကို လည်းကောင်း၊ ယင်းအနက်အရကောက်နှင့်အညီ ပုဋေန နေတွာ အသိတဗ္ဗံ ဘုဥ္စိတဗ္ဗန္တိ ပုဋောသံ-ဟု ကမ္မသာနေကိတန္တတတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်းသိစေပါသည်။

- **ပုဋေန နေတွာ အသိတဗ္ဗတော ဘုဉ္ဇိတဗ္ဗတော ပုဋောသံ ဝုစ္စတိ ပါထေယျံ။ (သီဋီသစ်)**

(ဂ) ဝါကျ တံ ဂဟေတွာပိ-ဖြင့် ပုဋောသေန-၌ တတိယာဝိဘတ်သည် ကရိုဏ်း အနက်၌ မသက်၊ ဣတ္ထမ္ဘူတလက္ခဏ-အနက်၌ သက်၏ဟုသိစေသည်။ (သီဋီသစ်။)

ဥပသင်္ကမိတုံ ယုတ္တမေဝ-ဖြင့် ပုဋောသေန ပုဒ်ကို ဥပသင်္ကမိတုံ အလမေဝ-ပုဒ်တို့၌ စာစပ်ရမည်ဟု သိစေသည်။

(ဃ) ဝါကျဖြင့် ပါဠိတော်၌ ပုဋံသေန-ဟုလည်း ပါဠိတမျိုးရှိသေး၏ ဟုသိစေပါသည်။

(င) ဝါကျဖြင့် ပုဋံသပုဒ်ကို ဘိန္နာဓိကရဏဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြု-သိစေသည်။

၇။ **ပုဋောသ-ကား** ပုဋ-သဒ္ဒူပပဒ+အသ-ဓာတ်+ဏ-ပစ္စည်း။ ပုဋာသ-ဟု ဆိုလိုလျက် အာ-ကို ဩ-ပြု၍ပြီးသည်။ (ဘာသာဋီကာ။ ၅၀၁။)

**အံသ-ကား** အန-ဓာတ်+သ-ပစ္စည်း။ အနသ-ဟူလိုလျက် န-ကို နိဂ္ဂဟိတ်ပြု၍ပြီးသည်။ (ဏွာဒိမောဂ်။ ၂၁၃။)

## ၈။ သဃီနှင့် ဝဏီ-အထူး

ဆုံးမအပ်သော ဝေနေယျသတ္တဝါအပေါင်း ရှိသောကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင် ဖြစ်စေအပ်သော အရိယာပုဂ္ဂိုလ်အပေါင်းရှိသောကြောင့်လည်းကောင်း မြတ်စွာဘုရားသည် **"သဃီ"** မည်ပါသည်။

မိမိကိုယ်တိုင်ဖြစ်စေအပ်သော (သယံဥပ္ပါဒိတ-ကဲ့သို့ရှုအပ်သော သဘောရှိသော) အရိယာ ပုဂ္ဂိုလ်အပေါင်းဟူသော ဂိုဏ်းရှိသောကြောင့် မြတ်စွာဘုရားသည် **"ဝဏီ"** မည်ပါသည်။ (ဋ္ဌ။ ၂၅၆။ သီဋီသစ်။ ၂၉၃။)

၉။ ဝါကျဥယျာဉ် (၁၂၃) ၌ ပြခဲ့ပြီ။

## ၁၀။ "ဥပသင်္ကမိတုံ-၌ ဓာတွတ္ထ-ကို ရှု၍ ဘာဝလက်ာရထုတ်ပုံ"

- ရိက္ခာထုပ်ကို ထမ်း၍ဘုရားဖူးခြင်းငှါ ချဉ်းကပ်သောပုဂ္ဂိုလ်တို့၏သန္တာန်၌ သဒ္ဓါ, ဝီရိယ-ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မဥဿာဟဌာယီဘာဝ+ဓမ္မသိဂါရဝ။

http://www.dhammadownload.com



✢ မြတ်စွာဘုရားဖြစ်သည် ဝေနေယျ။
✢ မြတ်စွာဘုရား၏အရဟံ-စသော ဂုဏ်တော်တို့သည် ဥဒ္ဒိပနဝိဘာဝ။
✢ ဘုရားဖူးရခြင်း, တရားနာရခြင်း, ကာယိကသုခ, စေတသိကသုခကိုရရှိခြင်း, သုဂတိဘုံ ဘဝသို့ ရောက်ရခြင်းစသော ကောင်းကျိုးအဆက်ဆက်သည် အနုဘာဝ။

## ဝါကျဥယျာဉ် ( ၂၅၈ )

(က) သုခံ ပဋ္ဋကုန္တနန္တိ ယညယနေတ္ထာယ သုခံ ဂကုန္တေသု ပြာဟွကေသု ပဌမောဝါ ဒုတိယော ဝါ တိ အတ္ထော။
(ခ) သုဓာယ ဒိယျမာနံ မဟာယာဂံ ပဋိဂ္ဂကုန္တနန္တိ ပေါရာဏာ။
(ဂ) ဣတိ ပြာဟွဏော သကသမယဝသေန သမ္ဗဒေဝ ပဉ္စ ဝိဿဇ္ဇေသိ။
(ဃ) ဘဂဝါ ပန ဝိသေသတော ဥတ္တမပြာဟ္မဏဿ ဒဿနတ္ထံ "ဣမေဿ ပနာ"တိအာဒိ မာဟ။
(ဌ။ ၂၅၈။ သီဋီသစ်။ ၂၉၅။ ပခုက္ကူ။ ၄၅၄။ ဘာသာဋီကာ။ ၅၀၅။ ဂဏ္ဌိ။ ၄၇၉။)

၁။ အထက်ပါဝါကျတို့ကို ကျနစွာ အနက်သမ္ဗန်ပါ။
၂။ (ခ)ကို သာဓိပ္ပါယာနုသန္ဓေတက်၍၊ (ဃ)ဝါကျကို ဒေါသာရောပန စောဒနာတက်ပြပါ။
၃။ (ဂ) (ဃ) ဝါကျတို့၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။
၄။ သုခံ ဂကုန္တေသု ၌ သုခံ ကို ဝေနတ္တပြု၍ ဝေနာဒိဆက္က ထုတ်ပြပါ။
၅။ (ခ)ဝါကျ ဒိယျမာနံ ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပါ။
၆။ (က) (ခ)ဝါကျတို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။
၇။ မဟာယာဂံ ၌ ယာဂ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ ပဌမော ဝါ ဒုတိယော ဝါ ဟုဆိုခြင်း၌ (က) ရှေးဝါဒနှင့်၊ (ခ) ပေါရာဏဝါဒတို့ ယှဉ်ခြားပုံကို ရှင်းပြပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည်ပေးပါ။
ပုဗ္ဗေါပိ ဗုဒ္ဓသ ဘဂေယျ ဝဏ္ဏံ။ ပ။ တထာဂတဿ။ (ဌ။ ၂၅၇)
၁၀။ (ခ) ဝါကျ ပဋိဂ္ဂကုန္တနံ ၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရ ထုတ်ပြပါ။

═══════════════════════

၂။ **(ခ) ဝါကျ သာဓိပ္ပါယာနုသန္ဓေတက်ပုံ**

ဤသို့ (က) ဖြင့် သုခံ ပဋ္ဋကုန္တနံ ၌ သုခံဝယ် ဒုတိယာဝိဘတ်၏ ကံအနက်၌ သက်သည်၏အဖြစ်ကို လည်းကောင်း၊ ပဋ္ဋကုန္တ အရ ယဇ်မွေယောက်မကို ကိုင်သောသူတို့ကို ယူရမည်ကိုလည်းကောင်း ပြဆိုပြီး၍ ယခုအခါ၌ သုခံဝယ် ဒုတိယာဝိဘတ်၏ ကရိုဏ်းအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊ (တစ်နည်း) သုခံ ကို သုဓာယ+ဒိယျမာနံ သုခံ ဟု ဒိယျမာန တဒ္ဒိတ်ဝေနတ္တပြုရမည်ကိုလည်းကောင်း၊ ပဋ္ဋကုန္တအရ ယဇ်စာကို ခံယူသောသူတို့ကို ယူရမည်ကို လည်းကောင်း ပြတော်မူလိုသောဆရာသည် (ခ) ဝါကျကိုမိန့်။

✣ "သုခ"န္တိ ဣဒံ ကရဏတ္ထေ ဥပယောဂဝစနန္တိ အာဟ "သုဓာယာ"တိ။ အဝိစ သုဓာယ ဒိယျမာနံ သုခန္တိ တဒ္ဓိတဝသေန အတ္ထံ ဒဿေတုံ ဓေဝမာဟ။ (သီဋီသစ်။ ၂၉၅။)

http://www.dhammadownload.com



## (ဃ) ဒေါသာရောပနစောဒနာတက်ပုံ

ဆရာ မြတ်စွာဘုရားသည် ဣမေသံ ပန စသော စကားကို မိန့်တော်မူ၏။ သောဏဒဏ္ဍ ပုဏ္ဏားသည် မိမိဥစ္စာဖြစ်သော ပုဏ္ဏားအယူတို့၏ အစွမ်းဖြင့် ပြဿနာကို ကောင်းစွာဖြေဆိုပြီးသည် မဟုတ်ပါလော။ ထိုသို့ဖြေဆိုပြီးဖြစ်ပါလျက် အဘယ်အကျိုးငှာ ဣမေသံ ပန အစရှိသော စကားကို တဖန်ထပ်၍ မိန့်တော်မူပါသနည်း။ ပုနရုတ္တိဒေါသ နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဃ) မိန့်။

## ၃။ (ဂ+ဃ) စတုတ္ထထုတ်ပုံ

(က) နနု ဣတိ ဗြာဟ္မဏော သကသမယဝသေန သမ္ပဒေဝ ပဉှံ ဝိဿဇ္ဇေသိ။

(ခ) အထ ကသ္မာ ဘဂဝါ "ဣမေသံ ပနာ"တိ အဒိမာဟ။

(ဂ) နနု ဝိသေသတော ဥတ္တမဗြာဟ္မဏဿ ဒဿနတ္ထံ ဟောတိ။

(ဃ) တသ္မာ ဘဂဝါ "ဣမေသံ ပနာ"တိ အာဒိမာဟ။

၄။ ဟဗ္ဗန္နာဒီနံ သုဝဂ္ဂဟဏတ္ထံ ဧာယတီတိ သုဇာ။ (တံ) (သီဋီသစ်။ ဒု။ ၂၆၇။)
ယစ်ပူဇော်ကြောင်း ထမင်းစသည်တို့ကို လွယ်ကူစွာယူခြင်းအကျိုးငှာ ဖြစ်ခြင်းကြိယာသကတ်သည် ဝစနဟေတု။
ယစ်မှုယောက်မဖြစ်သည် ဝစနီယ။
ဟောမဒဗ္ဗိ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ ဒိယျမာနံ ကို ဒိယျမာနတ္ထာ ဟု ဟိတ်ပြင်။
ယင်း၏ သမ္ဗန်ကို မဟာယာဂဿ ဟုခံ။ (ကံ+သမ္ဗန်စာစပ်)
(က) ၌ ဂဏှန္တေသု ကို ဂဏှန္တတ္ထာ ဟု ဟိတ်ပြင်။ ဗြာဟ္မဏာနံ ဟု သမ္ဗန်ခံ။
(ဃ) ၌ ဒဿနတ္ထံ ကို ဒဿေန္တတ္ထာ ဟု ဟိတ်ပြင်။ ဘဂဝတော ဟု သမ္ဗန်ခံ။

၆။ (က) သုစံ ဂဏှန္တေသု ဗြာဟ္မဏေသု ဖြင့် သုစံ ပဂ္ဂဏှန္တာနံ ၌ သုစံ ဝယ် ဒုတိယာဝိဘတ်၏ ကံအနက်၌ သက်-လည်းကောင်း၊ ပဂ္ဂဏှန္တာနံ-၌ ပဥပသာရပုဒ်၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကို လည်းကောင်း၊ နံ ဝိဘတ်၏ နိဒ္ဓါရဏ အနက်၌သက်-လည်းကောင်း၊ ပဂ္ဂဏှ အရ ယစ်မှုယောက်မ ကို ကိုင်ယူကုန်သော ပုဏ္ဏားတို့ကို ယူရမည်ကိုလည်းကောင်း သိစေပါသည်။

ပဌမောဝါ ဒုတိယောဝါ ဖြင့် ပဂ္ဂဏှန္တာနံ ဟူသောပုဒ်ကို ပဌမောဝါ ဒုတိယောဝါ ပုဒ်တို့၌ နိဒ္ဓါရဏ+နိဒ္ဓါရဏီယ အဖြစ်ဖြင့် စာစပ်ရမည်ဟု သိစေပါသည်။

ယညယဇနတ္ထာယ ဖြင့် ယစ်မှုယောက်မကို ကိုင်၏ဟူသည် ယစ်ပူဇော်ခြင်းအကျိုးငှာ ကိုင်ကုန်သတည်း ဟု သိစေပါသည်။

(ခ) ဖြင့် သုစံ ၌ အံ ဝိဘတ်၏ ကရိုဏ်းအနက်၌သက်-လည်းကောင်း၊ သုစံ ပဂ္ဂဏှန္တာနံ ၌ သုစံ ပုဒ်နောင် ဒိယျမာနံ မဟာယာဂံ ဟူသော ပါဌသေသပုဒ်တို့ကို ထည့်စွက်၍ အနက် ယောဇနာရမည်ကိုလည်းကောင်း၊ (တစ်နည်း) သုစံ ကို သုဇာယ+ဒိယျမာနံ သုစံ ဟု ဝစနတ္ထပြု၍ အ-ပစ္စည်း ဒိယျမာနတဒ္ဓိတ်အနက်၌ သက်-လည်းကောင်း၊ သုစံအရ ကြီးစွာသောယစ်ကိုယူရမည်ကို လည်းကောင်း၊ ပဂ္ဂဏှ-အရ ယစ်ကိုခံယူကုန်သော ပုဏ္ဏားတို့ကို ယူ-လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



၇။ **ယာဂ ကား ယဇ ဓာတ်+ ဏ-ပစ္စည်း။ ယာဇ ဟူလိုလျက် ဇ ကို ဂ ပြု၍ပြီးသည်။**

**သုဇာ ကား သု+ဧန+ကွိ။ ဓာတွန် န, ကွိ ပစ္စည်းတို့ကိုချေ။ ထိဓာတက အာ ပစ္စည်း သက်၍ ပြီးသည်။**

၈။ **(ဝါဒနှစ်ပါးအထူး)**

(က) ဝါကျလာ ရှေးဝါဒ၌ ယစ်ကိုပေးသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ပဌမောဝါ ဒုတိယောဝါ ဟု ဆိုထားသည်။

(ခ) ဝါကျလာ ပေါရာဏဝါဒ၌ ယစ်ကိုခံယူသော ပုဂ္ဂိုလ်၏အစွမ်းဖြင့် ပဌမောဝါ ဒုတိယောဝါ ဟုဆိုထားသည်။

- **ပုရိမဝါဒေ စေတ္တ ဒါနဝသေန ပဌမောဝါ ဒုတိယောဝါ၊ ပစ္ဆိမဝါဒေ အာဒါနဝသေနာတိ အယမေတေသံ ဝိသေသော။ (သီဋီသစ်၊ ၂၉၅။)**

၉။ ဝါကျဥယျာဉ် (၁၂၃) ၌ ဖြေခဲ့ပြီ။

၁၀။ **ပဋိဂ္ဂဏှန္တာနံ ၌ ဓာတွတ္ထရှု၍ ဘာဝါလက်ာရထုတ်ပုံ**

- ပဋိ+ဂဟ ဓာတ်အရ ယစ်မွေယောက်မဖြင့် ပေးလှူအပ်သော ကြီးစွာသောယစ်ကို ခံယူသော ပုဏ္ဏားတို့၏သန္တာန်၌ တဏှာဒိဋ္ဌိပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည် ကာမရတိ ဌာယီဘာဝ+ ကာမသိင်္ဂါရရသ။
- ယစ်မွေယောက်မဖြင့် ပေးလှူအပ်သော ကြီးစွာသောယစ်သည် အာရမ္မဏဝိဘာဝ။
- ယစ်စာထမင်းကိုစားရလျှင် အကျိုးကြီးသည်ဟုယုံကြည်ခြင်း၊ ဗေဒင်သုံးပုံကို တတ်ကျွမ်းခြင်း၊ မသင့်မတင့်နှလုံးသွင်းခြင်း စသည်သည် ဥဒ္ဒီပနဝိဘာဝ။
- ကာယိကဒုက္ခ စေတသိကဒုက္ခဖြစ်ခြင်း ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရခြင်း စသည်သည် အနုဘာဝ။

## ဝါကျဥယျာဥ် ( ၂၅၉ )

(က) တတ္ထ နံ သမုဋ္ဌေ‌ဓေတွာ သဥဿာပံ ကတွာ တာယစ သဥဿာဟတာယ အညေဟိစ ဝိဇ္ဇမာနဂုဏေဟိ သမ္ပဟံသေတွာ ဓမ္မရတနဝဿံ ဝဿိတွာ ဥဋ္ဌာယာသနာ ပက္ကာမိ။

(ခ) ဗြာဟ္မဏော ပန အတ္တနော ကုဟကတာယ ဝေမ္ဗိ ဘဂဝတိ ဓမ္မဝဿံ ဝဿိတေ ဝိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ။

(ဂ) ကေဝလမဿ အာယတိံ နိဗ္ဗာနတ္ထာယ ဝါသနာဘာဂိယာယစ သဗ္ဗာ ပုရိမပစ္ဆိမကထာ အဟောသီတိ။

(ဃ) **ဥပက္ခရောတိ သဇ္ဇေတိ။ ဝစ္ဆတရသတာနီတိ ဝစ္ဆသတာနိ။ ဥရဗ္ဘာ တိ တရုဏမေဏ္ဍကာ** ဝုစ္စန္တိ။ (ဌ။ ၂၆၃။)

(ဋ္ဌ။ ၂၆၁။ သီဋီသစ်။ ၂၉၉။ ပဒုက္ကူ။ ၄၆၂။ ဘာသာဋီကာ။ ၅၁၉။ ဂဏ္ဌိ။ ၄၀၂။)

၁။ (က) ဝါကျကိုသာ သဗ္ဗနာမ် အစွဲမလွဲစေဘဲ အနက်မှန်စွာ သမ္ဗန်ပြပါ။

၂။ (ခ) ဝါကျကို ပုစ္ဆာတက်၍၊ (ဂ) ဝါကျကို ဒေါသာရောပနစောဒနာ တက်ပြပါ။

၃။ (က) ဝါကျ၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

http://www.dhammadownload.com



၄။ ဝါသနာဘာဂိယ–ပုဒ်ကို အံစိတ်+အပေါင်းဝစနတ္ထပြု၍၊ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိသတ္တ ထုတ်ပြပါ။
၅။ (ခ) ဝါကျ၌ ကုဟကတာယ ဟူသော ဟိတ်၏သမ္ဗန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပါ။
၆။ (ဃ) ဝါကျဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။
၇။ ဥပက္ကမ၊ ဥဇ္ဇ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ (ခ) ဝါကျ ကုဟကတာယဖြင့် ပြအပ်သော အဓိပ္ပါယ်နှင့် (ဂ) ဝါကျ သဗ္ဗာ ပုရိမပစ္ဆိမကထာ၌ အဘယ်စကားသည် ပုရိမကထာ, အဘယ်စကားသည် ပစ္ဆိမကထာမည်သည်တို့ကို ရှင်းပြပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပြပါ။
အပ္ပကေနပိ မေဓာဝီ။ ပ။ အဏုံ အဂ္ဂိံ သန္ဓမံ။ (ဌ။ ၂၅၆။)
၁၀။ အထက်ပါဂါထာ၌ ဘာဝါလင်္ကာရ ထုတ်ပြပါ။

======================

၁။ တတ္ထ၊ ထိုကုသိုလ်တရား၌။ နံ၊ ထိုသောဏဒဏ္ဍပုဏ္ဏားကို။

❖ **တတ္ထာတိ ကုသလေ ဓမ္မေ ယထာ သမာဒပိတေ။ နန္တိ သောဏဒဏ္ဍဗြာဟ္မဏံ။ (သီဋီသစ်)**

## ၂။ (ခ) ဝါကျ ပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် (က) ဖြင့် မြတ်စွာဘုရားသည် သောဏဒဏ္ဍပုဏ္ဏားကို ကုသိုလ်တရားတို့၌ ကောင်းစွာထက်သန်စေ၍။ ပ။ တရားတည်းဟူသော မိုးကို ရွာသွန်းတော်မူပြီး၍ နေရာမှထ၍ ဖဲကြွတော်မူသောဟုဆို၏။ မြတ်စွာဘုရားသည် တရားရတနာတည်းဟူသောမိုးကို ရွာသွန်းတော်မူပါလျက် အဘယ့်ကြောင့် သောဏဒဏ္ဍပုဏ္ဏားသည် တရားထူးကို မရလေသနည်း။ စုဒ်ကြောင့် (ခ) မိန့်။ (ဂဏ္ဍိ။ ၄၈၃)

❖ **ယဒိ ဘဂဝါ ဓမ္မရတနဝဿံ ဝဿိ၊ အထ ကသ္မာ သော ဝိသေသံ နာဓိဂစ္ဆီတိ စောဒနံ သောဓေတုံ "ဗြာဟ္မဏော ပနာ"တိအာဒိ ဝုတ္တံ။ (သီဋီသစ်၊ ၂၉၉)**

## (ဂ) ဝါကျ ဒေါသာရောပနစောဒနာတက်ပုံ

ဆရာ၊ ဆရာသည် (ခ)ဖြင့် သောဏဒဏ္ဍပုဏ္ဏားသည် မိမိ၏အံ့ဘွယ်ကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့် မြတ်စွာဘုရားသည် တရားရတနာတည်းဟူသော မိုးကိုရွာသွန်းတော်မူပါသော်လည်း တရားထူးကိုဖြစ်စေခြင်းငှာ မစွမ်းနိုင်ဟုဆိုတော်မူ၏။ ယင်းသို့ တရားထူးကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်ပါဘဲလျက် အဘယ့်ကြောင့် မြတ်စွာဘုရားသည် တရားရတနာ တည်းဟူသော မိုးကို ရွာသွန်းတော်မူပါသနည်း။ အကျိုးထူးမရှိက တရားမဟောသင့်သည် မဟုတ်ပါလော။ အကယ်၍ အကျိုးမရှိဘဲ တရားဟောချေသော် နိရတ္ထကဒေါသ–၏။ စုဒ်ကြောင့် (ဂ) မိန့်။

❖ **ယဒေဝံ ကသ္မာ ဘဂဝါ တဿ တထာ ဓမ္မရတနဝဿံ ဝဿီတိ ပဋိစောဒနမ္ပိ သောဓေန္တော "ကေဝလမဿာ"တိအာဒိမာဟ။ (သီဋီသစ်)**

## ၃။ "(က) ဝါကျ စတုက္က ထုတ်ပုံ"

(က) နနု ဧဝံ ဘဂဝတာ ဓမ္မဝဿံ ဝဿိတံ။
(ခ) အထ ကသ္မာ ဗြာဟ္မဏော ဝိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ။
(ဂ) နနု အတ္တနော ကုဟကတာ ဟောတိ။
(ဃ) ဝဿာ ဗြာဟ္မဏော ဝိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ။

http://www.dhammadownload.com



၄။ ဝါသနာဝေ+ဘာဂေါ ဝါသနာဘာဂေါ။

ဝါသနာဘာဂေ+ပဝတ္တာ ဝါသနာဘာဂိယာ။

နောင်အခါ တရားထူးကို ရခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော ပုညကြိယာတို့၌ လေ့ကျင့်ခြင်းဟု ဆိုအပ်သော ဝါသနာအဘို့ဖြစ်၏ + ဖြစ်သောအလုံးစုံသော ရှေး+နောက် စကားဖြစ်နှင့် အကျိုး + အကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု။

အလုံးစုံရှေးနောက်ဖြစ်သော စကားဖြစ်သည် ဝစနီယ။

ဝါသနာဘာဂပ္ပဝတ္တာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ ။

❖ **အာယတိံ ဝိသေသာဓိဂမနူပါယဘူတာ ပုညကိရိယာသု ပရိစယသင်္ခါတာ ဝါသနာဝေ ဘာဂေါ၊ တသ္မိံ ဥပါယဘာဝေန ပဝတ္တာတိ ဝါသနာဘာဂိယာ၊ (သီဋီသစ်၊ ၂၉၉၊)**

ဝဿတိ သိဋ္ဌတီတိ ဝဿံ။ (ဓာန်ဋီ။ ၄၈)

လောကံ ကုဟယန္တိ ဝိမှာပယန္တီတိ ကုဟကာ။ (ဌ။ ၈၇)

၅။ ကုဟကတာယ ဟိတ်၏ သမ္ဗန်ကို ပြာဟွကဿ ဟုခံ။

(၁) ၌ ဝဿိတေ ကို ဝဿိတတ္တာ ဟု ဟိတ်ပြင်။ ဘာဂဝတော ဟု သမ္ဗန်ခံ။

၆။ သဇ္ဇိတော ဖြင့် ဥပက္ခဋ=ကပ်၍ပြုခြင်း,ဆောင်၍ပြုခြင်းဟူသည် စီရင်ခြင်း ပင်တည်းဟု သိစေပါသည်။

ဝစ္ဆသတာနိ ဖြင့် ဝစ္ဆတရ ပုဒ်ကို ဝစ္ဆာနံ+ဝိသေသောတိ ဝစ္ဆတရော ဟုဝစနတ္ထပြု၍ ဝစ္ဆတရ အရ နွားငယ်တို့ကိုသာ ယူရမည်၊ ဒမ္မ=ဆုံးမအပ်သော နွား, ဗလိဗဒ္ဒ=နွားလားတို့ကို မယူရ ဟု သိစေပါသည်။

(တစ်နည်း) ဝစ္ဆသတာနိ ဖြင့် ဝစ္ဆတရ ပုဒ်ကို ဝစ္ဆာဝေ ဝစ္ဆတရာ ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ တရ ပစ္စည်း၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်-လည်းကောင်း သိစေပါသည်။

❖ **ဝစ္ဆာနံ ဝိသေသောတိ ဟိ ဝစ္ဆတရာ၊ တေ ပန ဝစ္ဆာဝေ ဟောန္တိ၊ န ဒမ္မာ, နစ ဗလိဗဒ္ဒါတိ အာဟ "ဝစ္ဆသတာနီ"တိ၊ အယံ အာစရိယမတိ၊ တရ သဒ္ဒေါ ဝါ အနတ္ထကောတိ ဝုတ္တံ "ဝစ္ဆသတာနီ"တိ၊ (သီဋီသစ်၊ ၃၀၀)**

တရုဏမေဏ္ဍကာ ဖြင့် ဥရဗ္ဘ သဒ္ဒါသည် တရုဏမေဏ္ဍက၏ ပရိယာယ်တည်းဟု သိစေပါသည်။

(တစ်နည်း) ဥရဗ္ဘ သဒ္ဒါသည် တရုဏမေဏ္ဍကအနက်ကိုဟော၏ဟု သိစေပါသည်။

(တစ်နည်း) ဥရဗ္ဘ အရ နုပျိုသောသိုးတို့ကို ယူရမည်ဟု သိစေပါသည်။

၇။ **ဥပက္ခဋ** ကား ဥပ+ကရ+တ။ ဥပကရ်တ ဟူလိုလျှက် ကရ ကို ခ ပြု၊ တ ကို ဋ ပြု၊ အသဒိသဒွေဘော် က လာ၍ ပြီးသည်။ (ရူ။ ၃၈၆)

**ဥရဗ္ဘ** ကား ဥရဗ္ဘ+ရ ဓာတ်+ဘ ပစ္စည်း။ ရ ၌ ဥ ကို ဩ ပြု၊ ဩ ကို အဝ ပြု၊ ဝ ကို ဗ ပြု၍ ပြီးသည်။

❖ **ဟာဝိယမာနောပိ န ရဝတီတိ ဥရဗ္ဘော၊ ရု သဒ္ဒေ၊ ဘော၊ (ဓာန်ဋီ၊ ၅၀၁၊)**

၈။ **"ကုဟကတာယ ဖြင့် ပြအပ်သော အဓိပ္ပါယ်"**

ကုဟကတာယ ဖြင့် သောဏဒဏ္ဍပုဏ္ဏား၏ ပယောဂသမ္ပတ္တိမရှိခြင်း ချို့ယွင်းခြင်းကို ပြပါသည်။

http://www.dhammadownload.com


✤ **(ကုဟာကတာယာတိ) ဗ္ဗွမိနာ ပယောဂသမ္ပတ္တိအဘာဝံ ဒဿေတိ၊ (သီဋီသစ်၊ ၂၉၉၊)**

**သမ္ဗာ ပုရိမပစ္ဆိမကထာ ၌အစမှစ၍ သောဏဒဏ္ဍပုဏ္ဏား၏ အပြေဆုံးသည့်တိုင်အောင်သော စကားသည် ပုရိမကထာ မည်၏။**

မြတ်စွာဘုရား၏ သီလပညာကို ပြေဆိုသော စကားသည် **ပစ္ဆိမကထာ မည်၏။**

✤ **အာဒိတောစေတ္ထ ပဘုတိ ယာဝ ဗြာဟ္မဏဿ ဝိဿဇ္ဇနာ ပရိယောသာနံ၊ တာဝ ပုရိမကထာ၊ ဘဂဝတော ပန သီလပညာဝိဿဇ္ဇနာ ပစ္ဆိမကထာ၊ (သီဋီသစ်)**

၉။ ၁၀၊ ဝါကျဉယျာဉ် (၁၆၂) ၌ ရေးခဲ့ပြီ။

# ဝါကျဉယျာဉ် ( ၂၆၀ )

(က) **အနုမ္ပဒေတူတိ ဒိန္နေ အပ္ပဟောန္တေ ပုန အညမ္ပိ ဗီဇ္ဇ ဘတ္တဉ္စ ကသိဥပကရဏဘဏ္ဍဉ္စ သမ္ပဒေတူတိ အတ္ထော။**

(ခ) **ပါဘတံ အနုမ္ပဒေတူတိ** သကိံ အကတွာ ပဉ္စေ အနာရောပေတွာ မူလစ္ဆေဇ္ဇဝသေန ဘဏ္ဍမူလံ ဒေတူတိ အတ္ထော။

(ဂ) ဘဏ္ဍမူလဿ ဟိ ပါဘတန္တိနာမံ။

(ဃ) ယထာဟ -

"အပ္ပကေနပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။

သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမ"န္တိ။

(င) **ဘတ္တဝေတနန္တိ** ဒေဝသိကဘတ္တဉ္စေဝ မာသိကာဒိပရိဗ္ဗယဉ္စ တဿ တဿ ကုလကမ္မသူရဘာဝါနုရူပေန ဌာနန္တရဂါမနိဂမာဒိဒါနေန သဒ္ဓိံ ဒေတူတိ အတ္ထော။

(ဋ္ဌ။ ၂၆၅။ သီဋ္ဋီသစ်။ ၃၀၄။ ပုဒ္ဓကျူ။ ၄၇၀။ ဘာသာဋီကာ၊ ၄။ ၁၅။ ဂဏ္ဌိ။ ၄၈၇။)

၁။ (ဃ) ဝါကျကိုသာ ထည့်သင့်သော ပါဠ်များထည့်၍ ပမာပမေ ထင်ရှားစေလျက် အနက်သမ္ဗန် ပြပါ။

၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်၍၊ (ဃ) ဝါကျကို အနုသန္ဓေတက်ပြပါ။

၃။ (ခ) (ဂ) ဝါကျတို့၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ ပါဘတံ အနုပ္ပဒေတု ၌ ပါဘတံ ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသတ္တ ထုတ်ပြပါ။

၅။ (က) ဝါကျရှိ အပ္ပဟောန္တေ ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခဲ့ပြီး အတ္ထာနုရူပစာစပ်ပါ။

၆။ (က+ခ+င) ဝါကျတို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာ တို့ကို ဖော်ပြပါ။

၇။ ဘတ္တဝေတနံ ၌ ဝေတန ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ဝဏိဗ္ဗကနှင့် ယာစက တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၉။ (ဃ) ဝါကျရှိ ဂါထာကို ဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည်ပေးခဲ့ပါ။

၁၀။ အထက်ပါဂါထာစကားရပ်၌ ဘာဝ ဝိဘာဝ အနုဘာဝ ထုတ်ပြပါ။

= = = = = = = = = = = = = = = = = = = = = =

http://www.dhammadownload.com

၁။ ပဉ္စက္ကူသျ။ ၄၇၁။ အတိုင်းဖြစ်သည်။

၂။ **(ဂ) ဝါကျ သာဘောဝပုစ္ဆာတက်ပုံ။**

ဆရာ၊ ဆရာသည် (ခ) ဖြင့် ပါဘတ် ကို ဘတ္တမူလ် ဟု ဖွင့်ဆို၏။ ပါဘတ သဒ္ဒါသည် ပဏ္ဏာကာရ=တံစိုးလက်ဆောင်ဟူသော အနက်ကိုလည်းဟောသည် မဟုတ်ပါလော။ ထိုသို့ ဖြစ်ပါလျက် အဘယ့်ကြောင့် ပါဘတ် ကို ဘတ္တမူလ် ဟု ဖွင့်ဆိုပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား**-ပါဘတ သဒ္ဒါသည် တံစိုးလက်ဆောင်ဟူသော အနက်ကို ဟောနိုင်သော်လည်း ဤနေရာ၌ ပါဘတ သဒ္ဒါသည် ဘတ္တမူလအနက်၌သာ ဖြစ်၏ဟု ပြလိုသောကြောင့် ပါဘတ် ကို ဘတ္တမူလ် ဟု ဖွင့်ဆိုပါ၏ ဟူလို။

- **အညတ္ထ ပဏ္ဏာကာရေပိ ပါဘတသဒ္ဒေါ၊ ဣဓ ပန ဘဏ္ဍမူလေယေဝါတိ အာဟ "ဘဏ္ဍမူလဿာ"တိ အာဒိ၊ (သီဋီသစ်၊ ၃၀၅၊**

**(ဃ) ဝါကျ အနုသန္ဓေတက်ပုံ။**

ဤသို့ (ခ) (ဂ) ဖြင့် ပါဘတ် အနုပ္ပဒေတု ၌ ပါဘတသဒ္ဒါသည် ဘတ္တမူလအနက်ကို ဟော၏ဟု ယုတ္တိနှင့်တကွ ပြဆိုပြီး၍၊ ယခုအခါ၌ ပါဘတ သဒ္ဒါ၏ မူလအနက်ရှိသည်၏ အဖြစ်ကို စူဠသေဋ္ဌိဇာတကပါဠိတော်တည်းဟူသော အာဂုမ်သာကေဖြင့်မြဲစေ ပြီးစေလိုသောဆရာသည် (ဃ)မိန့်။

- **"ယထာဟာ"တိ အာဒိနာ ပါဘတသဒ္ဒဿ ဘဏ္ဍမူလတ္တံ စူဠသေဋ္ဌိဇာတကပါဠိယာ သာဓေတိ၊ (သီဋီသစ်)**

၃။ **(ခ) (ဂ) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု ပါဘတသဒ္ဒေါ အညတ္ထ ပဏ္ဏာကာရေပိ ဝတ္တတိ။ (သီဋီသစ်)
(ခ) အထ ကသ္မာ ပါဘတံ အနုပ္ပဒေတူတိပဒဿ ဘဏ္ဍမူလံ ဒေတူတိ အတ္ထော ဝုတ္တော။
(ဂ) နနု ဘဏ္ဍမူလဿ ပါဘတန္တိ နာမံ။
(ဃ) တသ္မာ ပါဘတံ အနုပ္ပဒေတူတိပဒဿ ဘဏ္ဍမူလံ ဒေတူတိ အတ္ထော မယာ ဝုတ္တော။

၄။ ပကာရတော ဥဒယဘဏ္ဍာနိ အာဘရတိ သံဟရတိ စေတေနာတိ ပါဘတံ။ (သီဋီသစ်)

အတိုးဖြစ်သောဥစ္စာတို့ကို အပြားအားဖြင့် ကောင်းစွာဆောင်ခြင်း (စုဆောင်းခြင်း) ကြိယာသကတ်သည် - ဝစနဟေတု။

အရင်းအနှီးဥစ္စာဖြစ်သည် - ဝစနီယ။

ဘဏ္ဍမူလ် စသော ပရိယာယ်သဒ္ဒါများသည် - ဝစနီယတ္ထ။

- **ဥဒယဓနတော ပဓေဝ+အာဘတံ ပါဘတံ၊ (သဒ္ဒဝိဓ) (သီဋီသစ်)**

အတိုးအပွားမရမီ ရှေးဦးစွာဆောင်ယူအပ်သော အရင်းအနှီးဥစ္စာ။

တံ တံ အတ္ထံ ပဋ္ဌမေယိ အာဘရီယတေတိ ပါဘတံ။ လက်ဆောင်ရ၏။ (သီဋီသစ်)

ဝေတိ ပဝတ္တတိ စေတေနာတိ ဝေတနံ။ (ဘာတိ) (ဝီ+တန) (ဏွာဒိ။ ၁၀၈။)

ဘဇတိ ဂစ္ဆတီတိ ဝေတနံ။ ဘဇ+တနန်။ (ဘာသာဋီကာ)။

ဒိဝသေ ဒိဝသေ+ဒါတဗ္ဗံ ဒေဝသိကံ။ (သီဋီသစ်)

မာသေ မာသေ+ဒါတဗ္ဗံ မာသိကံ။ (သီဋီသစ်)

http://www.dhammadownload.com



၅။ (က) ၌ အပွယောန္တေ. ကို အပွယောန္တတ္ထာ. ဟု ဟိတ်ပြင်။
ယင်း၏ သမ္ဗန်ကို ဒိန္နဿ (ဗီဇဘတ္တဿ) ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)

၆။ (က) ပြင့် ဗီဇဘတ္တံ အနုပ္ပဒေတု ဟူသော ပါဠိတော် (နာ။ ၁၂၈) ၌ ဗီဇဘတ္တပုဒ်ကို ဗီဇဥ္စ+ဘတ္တဥ္စ ဗီဇဘတ္တံ ဟု ဒွန်သမာသ်ဝစနတ္တပြု - လည်းကောင်း။ ဗီဇဘတ္တ အရ မုချ အားဖြင့် မျိုးစေ့ထမင်းကို ကေဒေသူပစာ နိဒဿနနည်းဖြင့် လယ်ထွန်ခြင်း၏ အဆောက်အဦဖြစ်သော ထွန်တုံး ထွန်သွား ထမ်းပိုးစသော ဘဏ္ဍာတို့ကိုယူရမည်ကိုလည်းကောင်း။အနုပ္ပဒေတုကို အနု+ပဒေတု ဟု စုဒ်ဖြတ်ရမည်ကိုလည်းကောင်း။ အနု ဥပသာရ၏ ပုန အနက်ဟော-လည်းကောင်း။ ပ ဥပသာရ၏ ပကာရအနက်ဟော - လည်းကောင်း။ အဖန်ဖန် အထပ်ထပ် ပေး၏ဟူသည် ပေးအပ်သောဥစ္စာ၏ မလောက်သည်၏အဖြစ်ကြောင့် အဖန်ဖန် အထပ်ထပ် ပေး၏ဟူသော အဓိပ္ပါယ်ကို လည်းကောင်း သိစေပါသည်။

(ခ) ဘဏ္ဍမူလံ ဒေတု ပြင့် ပါဘတံ အနုပ္ပဒေတု ၌ ပါဘတ သဒ္ဒါ၏ ဘဏ္ဍမူလအနက်ဟော - လည်းကောင်း။ (ဝါ) ပါဘတ အရ ဘဏ္ဍမူလကိုယူ - လည်းကောင်း။ အနု ပ ဥပသာရ တို့၏ ဓာတွတ္ထာနုဝတ္တက-လည်းကောင်း သိစေပါသည်။

သက္ခိ အကတ္ထာ ပဏ္ဏေ အနာရောပေတွာ မူလစ္ဆေဇ္ဇဝသေန-ပြင့် ဘာဝတ္ထ--သိစေသည်။

(ဂ) ဒေဝသိကဘတ္တဥ္စေဝ မာသိကာဒိပရိဗ္ဗယဥ္စ ပြင့် ဘတ္တဝေတနံ ၌ ဘတ္တ အရ နေ့စာ ထမင်းရိက္ခာ.ကိုယူ-လည်းကောင်း။ ဝေတန-အရ လစာရိက္ခာကိုယူ-လည်းကောင်း။ ဘတ္တနှင့်ဝေတန ပုဒ်ကို ဘတ္တဥ္စ+ဝေတနဥ္စ ဘတ္တဝေတနံ ဟု ဒွန်သမာသ်ဝစနတ္တပြု - လည်းကောင်း သိစေပါသည်။

(ဂ) ဝါကျ ကြွင်း သံဝဏ္ဏနာပါဠ်ဖြင့် ဘတ္တဝေဘန သဒ္ဒါသည် ?ဒဿနနည်းမျှသာဖြစ်၍ ရာထူးဌာနန္တရ. ဌာနိဂုံးစသည်တို့ကိုလည်း ဘတ္တဝေတန အရ ယူရမည်ဟု သိစေပါသည်။

✤ **ဣမိနာ ဘတ္တဝေတနံ နိဒ္ဒိဌမတ္တန္တိ ဒဿေတိ။ (သီဋီသစ်၊ ၃၀၅)**

၇။ **ဓေတန** ကား ဝိ် ဓာတ်+တန ပစ္စည်း။ ဝိ ၌ ဤ ကို ဧ ပြု၍ ပြီးသည်။ (ဏွာဒိ၊ ၁၀၈)
(တစ်နည်း) ဘဧ ဓာတ်+တနန် ပစ္စည်း။ ဘဧ ကို ဝိ ပြု၊ ဤ ကို ဧ ပြု၍ ပြီးသည်။ (ဘာသာဋီကာ။ ၁၆)

၈။ ဝကိမ္ဗကနင့်ယာစကအထူး။ (ဌ။ ၂၆၆) မြန်မာပြန်ရုံပင် ဖြစ်သည်။

၉။ ၁၀။ ဝါကျဥယျာဉ် (၁၆၂) ၌ ရေးခဲ့ပြီ။

http://www.dhammadownload.com



# ဝါကျဥယျာဉ် ( ၂၆၁ )

(က) ဝိပ္ပဋိသာရော န ဇရဏီယောတိ "ဘောဂါနံ ဝိဂမဟေတုကော ပဋ္ဌာနုတာပေါ န ကတ္တဗ္ဗော။

(ခ) ပုဗ္ဗစေတနာ ပန အစလာ ပတိဋ္ဌပေတဗ္ဗာ။

(ဂ) ဧဝဉ္ဟိ ဒါနံ မဟပ္ဖလံ ဟောတီ"တိ ဒဿေတိ။

(ဃ) ဟူတရေဆုပိ ဠီသု ဌာနေသု စေဿ နယော။

(င) မုဥ္စစေတနာပိ, ဟိ ပဋ္ဌာသမနုဿရဏစေတနာစ နိစ္စလာဝ ကာတဗ္ဗာ။

(စ) တထာ အကရောန္တဿ ဒါနံ န မဟပ္ဖလံ ဟောတိ။

(ဆ) နာပိ ဥဠာရေသု ဘောဂေသု စိတ္တံ နမတိ၊ မဟာရောရုဝံ ဥပပန္နဿ သေဋ္ဌိဂဟပတိနော ဝိယ။

(ဌ။ ၂၆၇။ သီဋီသစ်။ ၃၁၀။ ပဒုတ္တ။ ၄၇၇။ ဘာသာဋီကာ။ ၄။ ၂၈။ ဂဏ္ဌိ။ ၄၉၀။)

၁။ (င) (စ) ဝါကျတို့ကို ဝါကျပရိဝတ္တနနည်းဖြင့်လည်းကောင်း၊ (ဆ) ဝါကျကို ပမာပမေ ထင်ရှားစေလျက်လည်းကောင်း အနက်ပေးပြပါ။

၂။ (ခ) ဝါကျကို အနုသန္ဓေတက်၍၊ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။

၃။ သော ဘောဆော ရဆ္ဆောတိ ဟူဒံ ကရဏတ္ထေ သာမိဝစနံ (ဌ။ ၂၆၇) ၌ ဖြစ်သင့်သလို ကြံဆ၍ စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

၄။ မုဥ္စစေတနာ ၌ မုဥ္စ ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ပြပါ။

၅။ (က) ဝါကျ၌ ဝိဂမဟေတုကော ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပါ။

၆။ ပတ္ထုတံ သာပတေယျံ အာဒါယာတိ ဗဟုံ ဓနံ ဂဟေတွာ။ (ဌ။ ၂၆၉) ၌ အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ ဝိပ္ပဋိသာရ၊ ဥဠာရ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

၈။ (၃) နံပါတ်လာ ကရဏတ္ထေ သာမိဝစနံ၌ ကရဏတ္ထေအရကို အကြောင်းပြဖြေ၍၊ ကရဏတ္ထေ ဟုဆိုရခြင်း အကြောင်းကိုလည်း ရှင်းပြပါ။

၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည်ပေးပြပါ။

အပ္ပကေနပိ မေဓာဝီ၊ ပ။ အဏုံ အဂ္ဂိံဝ အန္ဓမံ။ (ဌ။ ၂၆၅။)

၁၀။ ဝိပ္ပဋိသာရော ကရဏီယော၌ ကရဏီယော ဝယ် ဓာတွတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ပြပါ။

===================

၁။ **(င) (စ) ဝါကျကို ဝါကျပရိဝတ္တနနည်းဖြင့် အနက်ပေးပုံ**

ဟိ၊ ချဲ့။ (ဝါ)မှန်။ မုဥ္စစေတနာပိ၊ ကိုလည်းကောင်း။ ပ။ ကာတဗ္ဗာ၊ ပြုထိုက်၏။ ကသ္မာ၊ ကြောင့်။ မုဥ္စစေတနာပိ၊ ကိုလည်းကောင်း။ ပ။ ကာတဗ္ဗာ၊ - နည်း။ ယသ္မာ၊ ကြောင့်။ တထာ၊ - အားဖြင့်။ အကရောန္တဿ၊ ၏။ ဒါနံ၊ သည်။ မဟပ္ဖလံ၊ သည်။ နဟောတိ၊ တသ္မာ။ မုဥ္စစေတနာပိ၊ ကိုလည်းကောင်း။ ပ။ ကာတဗ္ဗာ၊ ၏။

**(ဆ) ပမာ ပမေ ထင်ရှားစေလျက် အနက်ပေးပုံ**

မဟာရောရုဝံ၊ သို့။ ဥပပန္နဿ၊ သော။ သေဋ္ဌိဂဟပတိနော၊ ၏။ (စိတ္တံ၊ သည်။ ဥဠာရေသု၊ ကုန်သော။ ဘောဂေသု၊ တို့၌။ န နမတိဝိယ၊ သို့။ တထာ၊ တူ။) ဥဠာရေသု၊ ကုန်သော။ ဘောဂေသု၊ တို့၌။ နာပိနမတိ၊ ညွတ်သည်လည်းမဟုတ်။

http://www.dhammadownload.com



၂။

## (ခ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (က) ဖြင့် စည်းစိမ်တို့၏ ကင်းခြင်း (ကုန်ခြင်း) ဟူသောအကြောင်းရှိသော နောင်တပူပန်ခြင်း=ပစ္ဆာနုတာပကို မပြုသင့် မပြုထိုက်ဟု ပြဆိုပြီး၍ ယခုအခါ၌ ထိုပစ္ဆာနုတာပကို မပြုသင့်သော အကြောင်းကို ပြလိုသောဆရာသည် (ခ) မိန့်၏ (ဂဏ္ဌိ၊ ၃၉၀)

✤ ပစ္ဆာနုတာပဿ အကရဏူပါယံ ဒဿေတုံ "ပုဗ္ဗ၊ ပ၊ ပတိဋ္ဌာပေတဗ္ဗော"တိ ဝုတ္တံ။ (သီဋီသစ်)

## (ဂ) သာဓောဂပုစ္ဆာတက်ပုံ။

သရာ၊ ဆရာသည် (ခ) ဖြင့် ပုဗ္ဗစေတနာကို မတုန်မလှုပ်အောင် တည်စေအပ်၏ ဟုဆို၏။ ယင်းသို့ ပုဗ္ဗစေတနာကို မတုန်မလှုပ်အောင် တည်စေအပ်သည်ရှိသော် အဘယ်အကျိုး ရှိသနည်း။(ဂဏ္ဌိ။ဘာသာဋီကာ။) ရရှိအပ်သော အကျိုးဂုဏ်ကို ဆရာမပြဆိုပြီလော။ စုဒ်ကြောင့်(ဂ)မိန့်။ (တစ်နည်း) ဌပနာတူ၏။ ပေးလှူဆဲအခါ၌ဖြစ်သော မုဉ္စစေတနာဖြင့်ပင် ဒါနသည် ကမ္မပထမြောက် သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ပုဗ္ဗစေတနာကို မတုန်မလှုပ်အောင် တည်စေအပ်၏ ဟူ၍ ဆရာဆိုပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်၏

✤ တထာ ပတိဋ္ဌာပနပါယမ္ပိ ဒဿေန္တော "ဧဝဥ္ဟိ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၃၁၀၊)

**အမှာ။** ။ (ဃ) ကို ကျွမ်းတက်လိုက ပုဗ္ဗစေတနာ အခိုက်၌သာ ဝိပ္ပဋိသာရကို မပြုထိုက်ပါသလော ဟု (ဣတရေသုပိ ၌ ပိ ကို ရှု၍) ဧဝ အာဘော်ထား၍ တက်လေ။

## (ဃ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (ဃ) ဖြင့် မုဉ္စစေတနာ ပရစေတနာ အခိုက်တို့၌လည်း ဝိပ္ပဋိသာရကို မပြုထိုက်ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းသို့ မုဉ္စစေတနာ ပရစေတနာအခိုက် ဝိပ္ပဋိသာရ မပြုထိုက်ပုံ အကျယ်ကို ပြလိုသောဆရာသည် (ပဂုဏ္ဍုသ) (တစ်နည်း) ယင်းသို့ မုဉ္စစေတနာ ပရစေတနာအခိုက် ဝိပ္ပဋိသာရ မပြုထိုက်ပုံကို ယုတ္တိအားဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (ဘာသာဋီကာ) (င) မိန့်။

## (စ) ဝါကျ သာဓောဂပုစ္ဆာတက်ပုံ။

သရာ၊ ဆရာသည် (င) ဖြင့် မုဉ္စစေတနာ ပရစေတနာတို့ကို မတုန်မလှုပ်အောင် ပြုအပ် ထားအပ်၏ဟုဆို၏။ ပုဗ္ဗစေတနာကို မတုန်မလှုပ်အောင် ပြုအပ် ထားအပ်သည်ရှိသော် အလှူဒါနသည် အကျိုးကြီးသည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် မုဉ္စစေတနာ ပရစေတနာတို့ကို လည်း မတုန်မလှုပ်အောင် ပြုအပ် ထားအပ်၏ဟု ဆရာဆိုပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။

✤ တဒုဘယစေတနာနံ နိစ္စလကရဏူပါယံ ဖုတိရေကတော ဒဿေတုံ "တထာ၊ ပ၊ ယောတိ"တိ ဝုတ္တံ။ (သီဋီသစ်)

## (ဆ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (စ) ဖြင့် မုဉ္စစေတနာ ပရစေတနာတို့ကို မတုန်မလှုပ်အောင် တည်စေခြင်း၌ ဗျတိရေက အကြောင်းကို ပြပြီး၍ ယခုအခါ၌ ပရစေတနာကိုသာ မတုန်မလှုပ်အောင် တည်စေခြင်း၌ ဗျတိရေကအကြောင်းကို ပြလိုသောဆရာသည် (ဆ) မိန့်။

✤ နာပိ ဥဠာရေသု ဘောဂေသု စိတ္တံ နမတီတိ တတ္ထ ပန ပစ္ဆာသမနုဿရဏစေတနာယ ဧဝ ဗျတိရေကတော နိစ္စလကရဏူပါယဒဿနံ။ (သီဋီသစ်၊ ၃၁၀၊)

**အမှာ။** ။ (ဆ) ဝါကျ၌ ဥပမာနဝါကျဖြင့် ပရစေတနာချို့တဲ့မှုကြောင့် စည်းစိမ်၌ စိတ်မညွတ်ပုံ ဥဒါဟရုဏ်သက်သေ သာဓကကိုပြသည်။

http://www.dhammadownload.com



၃။ (က) နနု ကစ္စာယနေ သာမိသ္မိံ ဆဋ္ဌီတိသုတ္တံ ဝုတ္တံ။
(ခ) အထ ကသ္မာ သော ဘောတော ရညောတိဧတ္ထ ကရဏေ သာမိဝစနန္တိ ထယာ ဝုတ္တံ။
(ဂ) နနု သော ဘောတော ရညောတိ အယံ သဒ္ဒေါ ကရဏီယသဒ္ဒါပေက္ခော ဟောတိ။
(ဃ) တသ္မာ သော ဘောတော ရညောတိဧတ္ထ ကရဏေ သာမိဝစနန္တိ မယာ ဝုတ္တံ။
အမှာ။ ။ ပရိယာရာဘောဂမှာ "ကရဏီယသဒ္ဒါပေက္ခာယ ယိ ကတ္တရိဧဝ တော် သာမိဝစနံ" ဟူသော သိဒ္ဓိသစ်ကိုနည်းမှီး၍ ထုတ်သည်။

၄။ မုဥ္စတိ ဧတာယာတိ မုဥ္စာ။ (ဘာသာဋီကာ။ ၂၉)
(ဒါနဝတ္ထုကို) စွန့်လွှတ်ခြင်းကြိယာသကတ်သည် - ဝစနယောတု။
စွန့်လွှတ်ကြောင်းဖြစ်သော ပရိစ္စာဂစေတနာဖြစ်သည် - ဝစနီယ။
ပရိစ္စာဂါ စသော ပရိယာယ်သဒ္ဒါများသည် - ဝစနီယတ္ထ။
မုဥ္စာစ+သာ+စေတနာစာတိ မုဥ္စစေတနာ။ (ဘာသာဋီကာ)
သဍ္ဎံ ဓနသာရံ, ဌာနန္တရံ ဝါ အဿ အတ္ထီတိ သဍ္ဎီ။ (နီတိ။ ပဒ။ ၂၇၇။)
(မြတ်သောဥစ္စာနှစ် မြတ်သောရာထူးဖြစ်၏+သူဌေးဖြစ်နှင့် ဂုဏ်+ဂုဏေ။ သံ+သာမိစပ်)
(တစ်နည်း၊) သံဓနံ+သေတိ ဂဝေသတီတိ သဍ္ဎီ။ (သံ+သေ+တိ)
(ဥစ္စာကို ရှာမှီးခြင်းကြိယာသကတ်သည်လည်းကောင်း၊ ဥစ္စာ၏+ရှာမှီးတတ်သော ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေ။ အာရုံ+အာရမ္မဏိက၊ သံ+သာမိစပ်)
ဘုသံ, ပုနပ္ပုနံ ဝါ ဒုက္ခိတသဒ္ဒေန ရဝန္တိ အသ္မိန္တိ ရောရုဝေါ။ (ဓာန်ဋီ။ ၆၅၇)
မဟန္တော စ သော ရောရုဝေါစာတိ မဟာရောရုဝေါ။ (ဓာန်ဋီ။ ၆၅၇)

၅။ ဝိဂမယေတုကော ကို ဝိဂမယေတုကတ္တာ ဟုယိတ်ပြင်။
ယင်း၏သမ္ဗန်ကို ပစ္စာနုတာပဿ ဟုသံ။ ကတ္တား+သမ္ဗန်စာစပ်။
အမှာ။ ။ဘောဂါနံ ကား အလွတ်သမ္ဗန်ဖြစ်သည်။ ဝိဂမ ဟူသော ဘာဝယောဂပုဒ်တစ်စိတ်၌ သမ္ဗန်+သမ္ဗန္ဓစပ်။

၆။ ဗဟုံ ဓနံ ဂဟေတွာ ဖြင့် ဗဟုတံ သာပတေယျံ အာဒါယ ၌ ဗဟုတသဒ္ဒါသည် ဗဟုသဒ္ဒါ၏ ပရိယာယ်-လည်းကောင်း၊ သာပတေယျ ပုဒ်ကို သပတိနော+ဣဒံ သာပတေယျံဟု ဟိတတဒ္ဓိတ် ဝစနတ္ထပြု၍ သာပတေယျ အရ ဥစ္စာပစ္စည်း (ဓန)ကိုယူ-လည်းကောင်း၊ အာဒါယ ၌ အာ ဥပသာရ၏ ဓာတွတ္ထဗာဓက-လည်းကောင်း၊ ယင်း အာ ဥပသာရကြောင့် ဒါ ဓာတ်၏ ဂဟဏအနက်ဟော - လည်းကောင်း၊ ယ ၏ တွာ ပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (သိဒ္ဓိသစ်။ ၃၁၄)
(က) ပစ္စာနုတာပေါ ဖြင့် ဝိပ္ပဋိသာရသဒ္ဒါသည် ပစ္စာနုတာပ၏ ပရိယာယ်တည်းဟု သိစေ။
◆ **ပစ္ဆာတာပေါ နုတာပေါစ၊ ဝိပ္ပဋိသာရော ပကာသိတော။ (ဓာန်။ ၁၆၉။)**
ကတ္တဗ္ဗောဖြင့် ကရဏီယော၌ အနီယပစ္စည်း၏ ကမ္မသာဓနအနက်၌သက်-လည်းကောင်း၊ ကတ္တဗ္ဗောတိ ကရဏီယော ဟု ပြု-လည်းကောင်း သိစေပါသည်။
ဘောဂါနံ ဝိဂမယေတုကော ဖြင့် အာဓေယ္ယ သိစေပါသည်။

၇။ ဝိပ္ပဋိသာရ ကား ဝိ+ပတိ+သာရ ဟု ဆိုလိုလျက် ပ လာ၊ တ ကို ဋ ပြု၍ပြီးသည်။

http://www.dhammadownload.com



✥ **သရ ဂတိယံ၊ ဝိရုဒ္ဓပေန ပတိ ပုနပ္ပုနံ သရတိ စိတ္တမေမေတေနာတိ ဝိပ္ပဋိသာရော၊ တဿ ဧဝ၊ (ဓာန်ဋီ၊ ၁၆၉၊)**

ဥဋ္ဌာရ ကား ဥလ ဓာတ်+အာရ ပစ္စည်း။ ဥလာရ ဟုဆိုလိုလျက် လ ကို ဋ ပြု၍ပြီးသည်။

✥ **ဥဋ္ဌနံ ဥဋ္ဌမနံ ဝိပုလဂမနံ ဥဋ္ဌာရံ၊ ဥလ ဥဋ္ဌမနေ၊ "ဓာတ်ပတိ ပဇ္ဇဓာတုယော နိပ္ဖဇ္ဇန္တေ"တိ အာရပစ္စယော၊ (သုစိ)**

သာပတေယျံ ၌ သပတိ ကား သံ+ပတိ ဟူလိုလျက် နိဂ္ဂဟိတ်ကို ချေ၍ပြီးသည်။

✥ **သံ နာမ ဓနံ ဝုစ္စတိ၊ တဿ ပတီတိ သပတိ၊ နိဂ္ဂဟီတလောပေန၊ (သီဋီသစ်၊ ၃၁၄၊)**

၈။ သော ဘောတော ရညော ဟူသော သဒ္ဒါသည် ဝိပ္ပဋိသာရော န ကရဏီယော ၌ ကရဏီယ သဒ္ဒါကို ငဲ့နေသောကြောင့် ကရဏတ္ထအရ အဝုတ္တကတ္တားအနက်ကိုသာယူ။ ကရိုက်း အနက်ကို မယူရ၊ တတိယာဝိဘတ်များသည် များသောအားဖြင့် ကရိုက်းအနက်ကို ဟောရိုးထုံးစံရှိ၍ ယေဘုယျနည်းအားဖြင့် **ကရဏတ္ထေ** ဟုဆိုထားခြင်း ဖြစ်ပါသည်။

✥ **ကရဏတ္ထေတိ တတိယာဝိဘတ္တိအတ္ထေ၊ ကရဏီယသဒ္ဒါပေက္ခာယ ဟိ ကတ္တရိဧဝ ထေဲ သာမိဝစနံ၊ န ကရဏေ၊ ယေဘုယျေန ဟိ ကရဏာဓောတကဝစနဿ အတ္တဘာဝတော အနုတ္တကတ္တာဝ ကရဏတ္ထေတိ ဝုတ္တာတိ ဝေဒိတဗ္ဗော။ (သီဋီသစ်၊ ၃၁၀၊)**

၉။ ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း ဖြစ်သည်။

၁၀။ **ဝိပ္ပဋိသာရော ကရဏီယော ၌ ဓာတွတ္ထကိုရွေး၍ ဘာဝလက္ခဏာရထုတ်ပုံ။**

✣ မပေးလှူမီ ပေးလှူဆဲ ပေးလှူပြီး ၁ကာတို့၌ နှလုံးမသာယာသော ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သော ကုက္ကုစ္စဒေါမနဿပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည်-သောကဌာယီဘာဝ + ကရုဏာရသ။

✣ ကုန်ခမ်း လတ္တံ့ ကုန်ခမ်းဆဲ ကုန်ခမ်းပြီးသော စည်းစိမ်ဥစ္စာတို့သည် - အာရမ္ဗဏဝိဘာဝ။

✣ အယောနိသောမနသိကာရ စသည်သည် - ဥဒ္ဒီပနဝိဘာဝ။

✣ ကာယိကဒုက္ခ စေတသိကဒုက္ခ ဖြစ်ရခြင်း၊ အလှူ၏အကျိုးမကြီးကျယ်ခြင်း စသော အကျိုး အဆက်ဆက်သည် - အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဉယျာဉ် ( ၂၆၂ )

(က) ဣဒဉ္စ ပန သီလပဉ္စကံ "အတ္တသိနေဟဉ္စ ဇီဝိတသိနေဟဉ္စ ပရိစ္စဇိတွာ ရက္ခိဿာမိ"တိ သမာဒိန္နတာယ "ယညော"တိ ဝုစ္စတိ။

(ခ) တတ္ထ ကိဉ္စာပိ ပဉ္စသီလတော သရဏဂမနမေဝ ဇေဋ္ဌကံ၊ ဣဒံ ပန သရဏဂမနေနေဝ ပတိဋ္ဌာယ ရက္ခိတသီလဝသေန မဟပ္ဖလန္တိ ဝုတ္တံ။

(ဂ) ဣဒမ္ပိ သုတ္တာ ပြာဟ္မဏော စိန္တေသိ "ပဉ္စသီလံ နာမ ရက္ခိတုံ ဂရုကံ၊ အတ္ထိ နု ခေါ အညံ ကိဉ္စိ ဤဒိသမေဝ ဟုတွာ ဣတော အပ္ပဋ္ဌတရဉ္စ မဟပ္ဖလတရဉ္စာ"တိ။

(ဋ္ဌ။ ၂၇၃။ သီဋီသစ်။ ၃၂၅။ နေရင်း။ ၄၁၃။ ပခုက္ကူ။ ၄၉၇။ ဘာသာဋီကာတုတ္တ။ ၅၆။)

http://www.dhammadownload.com



၁။ အထက်ပါ (ဂ) အမှတ်ဝါကျကို အနက်ယောနောပါ။
၂။ (ခ) အမှတ်ပြ ဝါကျ၌ ပဓာနကောက်၍ "ကံ" ပုဒ်ကို သဒ္ဒါနည်းပုစ္ဆာထွက်ပြပါ။
၃။ (ခ) ဝါကျ၌ ကိဉ္စာပိ ထားရခြင်းအကြောင်းနှင့် စောဒကာဘောဂ စောဒနာ ပရိဟာရဘောဂ ပရိဟာရတို့ကို ထုတ်ပြခဲ့ပါ။
၄။ (ဂ) ဝါကျပါ "ပြာဟွတော" ပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိသဏ္ဌာ ခွဲပြပါ။
၅။ (က) ဝါကျပါ "သမာဒိန္နတာယ" ဟူသော ဟိတ်၏ သမ္ဗန်ကို ခံပြီးလျှင် ဖြစ်သင့်သော အနက်အားလျော်စွာ ယင်းသမ္ဗန်ကိုလည်း စာစပ်ခဲ့ပါ။
၆။ ပဉ္စကာမဂုဏဝသေန မဟန္တာ ဥဠာရာ ဘောဂါ အဿာတိ မဟာဘောဂေါ (၄၊ ၂၆၃) ၌ အဋ္ဌကထာဆရာ၏ အာဘောဂကို ဖော်ပြ၍ သံဝဏ္ဏနာသဏ္ဌာတွင် ဖြစ်သင့်သော သံဝဏ္ဏနာသို့ သွင်းပြပါ။
၇။ နိဒဟိတွာ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြခဲ့ပါ။
၈။ ပဉ္စသီလထက် သရဏဂမနက အဘယ့်ကြောင့် မဟာနိသံသ မဟပ္ဖလ ဖြစ်သည်ကို ဝိနိစ္ဆယ ချခဲ့ပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးခဲ့ပါ။
အပ္ပကေနပိ မေဓာဝီ ။ပ။ သန္ဓမံ။ (၄။ ၂၆၅။)
၁၀။ အထက်ပါဂါထာ၌ ဖြစ်သင့်သော ဘာဝ ဝိဘာဝ အနုဘာဝ တို့ကို ကောက်ပြပါ။

၂။ (ခ) ဝါကျ၌ ပဓာနကား ဝုတ္တံ ဟူသည်တည်း။
**အဓိပ္ပါယ်ကား ဆိုအပ်ပြီဟူလို။**
ဆရာ-သည် ဝုတ္တံ ဖြင့် ကမ္မံ ကိုဆိုတော်မူ၏။ ယင်း ကမ္မံ ၏ ကံ ကား အဘယ်ပါနည်း။ ကမ္မံသည် ကံ နှင့် မကင်းကောင်းသည် မဟုတ်ပါလော။ စုဒ် ကြောင့် ဣဒံ မိန့်။
**အဓိပ္ပါယ်ကား** ဝုတ္တံ ဟူသော ကမ္မံ ၏ ကံ ကား ဣဒံ ဖြစ်၏ ဟူလို။

## ၃။ ကိဉ္စာပိ ထားရခြင်း အကြောင်း

သရဏဂုံ သည် ဘုရားပွင့်ခြင်းလျှင် အရင်းခံရှိ၏။ အရဟတ္တဖိုလ်၏ ကေန်အကြောင်းလည်းဖြစ်၏။ ထိုသို့ဖြစ်ပါလျက် အဘယ်နည်းဖြင့် သရဏဂုံထက် ငါးပါးသီလက မဟပ္ဖလ မဟာနိသံ ဖြစ်ရလေသနည်းဟု စောဒနာဘွယ်ရှိရကား မဟပ္ဖလတရော မဟာနိသံသတရောဟူသော ပါဠိတော်ကို မနှစ်သက်သောကြောင့် (ခ) ဝါကျ၌ ကိဉ္စာပိ သဒ္ဒါထားပါသည်။

- **သရဏဂမနံ ပန ဗုဒ္ဓုပ္ပါဒဟေတုကံ ကေနဋ္ဌေန စ ဝိမုတ္တာယတနံ၊ ဇာတံ တတ္ထ သရဏဂမနတော ပဉ္စသီလဿ မဟပ္ဖလတာတိ အာဟ "ကိဉ္စာပိ"တိ အာဒိ။ (သီဋီသစ်၊ ၃၂၅။)**

### စတုက္ကထုတ်ပုံ

(က) နနု ပဉ္စသီလတော သရဏဂမနမေဝ ဧဋ္ဌကံ ဟောတိ။
(ခ) အထ ကသ္မာ ဣဒံ မဟပ္ဖလန္တိ ဝုတ္တံ။
(ဂ) နနု ဣဒံ သရဏဂမနေနေဝ ပတိဋ္ဌာယ ရက္ခိတသီလံ ဟောတိ။
(ဃ) တသ္မာ ဣဒံ မဟပ္ဖလန္တိ ဝုတ္တံ။

http://www.dhammadownload.com



၄။ ပြဟ္မံ+အကတိတိ ပြာဟ္မဏော။

ပေဒင်ကို သရဇ္ဈာယ်ခြင်း ကြိယာသကတ်သည်လည်းကောင်း၊ ပေဒင်၏+သရဇ္ဈာယ်သော ပုဏ္ဏားနှင့် အာရုံ+အာရမ္မဏိက ၏+သာဓကေ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည်လည်းကောင်း ဝစနဟေတု။

ပုဏ္ဏားဖြစ်သည် ဝစနီယ။

ပြဟ္မ ဗန္ဓု ဒွိဇော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ယဇိယတေ သမာဒိယတေတိ ယညော။

ဆောက်တည်ခြင်း ကြိယာသကတ်သည် ဝစနဟေတု။

ဆောက်တည်အပ်သော ငါးပါးသီလဖြစ်သည် ဝစနီယ။

ယဇိတော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ သမာဒိန္နတာယ ဟိတ်၏သမ္ဗန်ကား ဣမဿ သီလပဉ္စကဿဖြစ်ပါသည်။ (ကံ+သမ္ဗန်စာစပ်)

၆။ မဟန္တာ ဥဋ္ဌာရာ ဘောဂါ အဿာတိ ဖြင့် မဟန္တ သဒ္ဒါ၏ ဥဋ္ဌာရ အနက် ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ (ပဒတ္ထသံဝဏ္ဏနာ) မဟန္တာ ဥဋ္ဌာရာ+ဘောဂါ အဿာတိ မဟာဘောဂါ ဟု စတုတ္ထိဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း (ပဒသံဝဏ္ဏနာ+ပဒတ္ထသံဝဏ္ဏနာ+ပဒဝိဂ္ဂဟသံဝဏ္ဏနာ) သိစေပါသည်။

ပဉ္စကာမဂုဏဝသေနဖြင့် မဟာဘောဂါ ၌ ဘောဂ အရ ကာမဂုဏ်ငါးပါးကို ယူရမည် ဟု သိစေသည်။ (ပဒတ္ထသံဝဏ္ဏနာ)

**"သံဝဏ္ဏနာဆဗ္ဗ"**

သမ္ဗန္ဓောစ ပဒဉ္စေဝ၊ ပဒတ္ထော ပဒဝိဂ္ဂဟော။

စောဒနာ ပရိဟာရောစ၊ သဗ္ဗိဓာ သုတ္တဝဏ္ဏနာ။

၇။ **နိဒဟိတွာ** ကား (နိ+ဓာ ဓာတ်+တွာ ပစ္စည်း) နိဓာတွာ ဟူလိုလျက် ဓာဓ ဟု ဒွေးဘော်လာ။ ရှေ့ ဓာ ၌ ဓ ကို ဒ ပြု။ အာ ကို အ ပြု။ နောက် ဓာ ၌ ဓ ကို ဟပြု။ အာ ကို ဣ ပြု၍ နိဒဟိတွာ ပြီး၏။

**ယညော** ကား ယဇ ဓာတ်+ဎ ပစ္စည်း။ ဇ ကို ဥ ပြု၍ ယညော ဟု ပြီးသည်။

✤ **ယဇနံ ယညော၊ ယဇန္တိ အနေနာတိ ဝါ ယညော၊ ညော၊ ဒေသ ညော၊ (သုစိ)**

၈။ **ပဉ္စသီလသည်** ဘုရားရှင်တို့ ပွင့်တော်မူရာအခါမှ တစ်ပါးသောအခါ၌လည်း ထိုပဉ္စသီလကို ပညာရှိတို့ ဆောက်တည်ကြ၏။ ကေန်အားဖြင့် အရဟတ္တဖိုလ်၏ အကြောင်းလည်း မဖြစ်။ သရဏဂုံကား ဘုရားရှင်တို့ ပွင့်တော်မူရာအခါ၌သာရှိ၏၊ ဘုရားရှင်တို့ ပွင့်တော်မူခြင်းလျှင် အကြောင်းရင်းရှိသည်။ ကေန်အားဖြင့် အရဟတ္တဖိုလ်ဝိမုတ္တိ၏အကြောင်းလည်းဖြစ်သည်။ ထို့ကြောင့် ပဉ္စသီလထက် သရဏဂုံက မဟာနိသံသ မဟပ္ဖလ ဖြစ်ပါသည်။ (သီဋီသစ်၊ ၃၂၅။)

၉။ ၁၀။ ဝါကျဥယျာဉ် (၁၆၂) ၌ ရေးခဲ့ပြီ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၂၆၃ )

(က) ဇုသောဓကေနွိ သဗ္ဗသဿသမ္ဘာရေယိ ကတံ သောဝီရကံ။
(ခ) ဇွေ့ စ သုရာပါနမေဝ သာဝဇ္ဇံ။
(ဂ) အယံ ပန သဗ္ဗေသုပိ သာဝဇ္ဇသညီ။
(ဃ) ဓောဂါရိဓောတိ ယော ကေသဉ္စိယေဝ ဂေဟေ ဘိက္ခုံ လဘိတွာ နိဝတ္တတိ။
(၄။ ၂၉၃။ သိင်္ဂီသစ်။ ၃၅၅။ ပဒုဋ္ဌု။ ၅၄၀။ ဘာသာဋီကာ။ ၁၂၉။ ဂဏ္ဌိ။ ၅၂၁။)

၁။ အထက်ပါဝါကျ အားလုံးကို အနက်မှန်ကန်စွာ သမ္ဘန်ပြပါ။
၂။ (ခ) ဝါကျကို လျှဉ်းပါးပုစ္ဆာတက်၍၊ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။
၃။ (ခ) (ဂ) ဝါကျတို့၌ ရသင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။
၄။ သောဝီရကံ ကို ဝစနတ္ထပြု၍ ဝစနာဒိသဂ္ဂ ထုတ်ပြပါ။
၅။ (ဃ) ဝါကျ သံဝဏ္ဏတပ္ပပါဌ်ကို ဟိတ်ပြင်၍၊ ယင်း၏သမ္ဘန်ခံပြီး အတ္ထာနုရူပစာစပ်ပါ။
၆။ (က) (ဃ) ဝါကျတို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။
၇။ မသာဓာနီတိ မိဿကစောဠာနီ။ (၄။ ၂၉၃) ၌ မသာဏာနိ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ ကေစိဆရာတို့က ထုသောဒက ဟူသည် လောဏသောဝီရကဆေးရည်ပင်တည်းဟု ဖွင့်ဆိုကြရာ ထိုကေစိဆရာတို့ စကားသင့် / မသင့် ဝိနိစ္ဆယချဲ့ပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် / ဆန်းအမည် ပေးပြပါ။
ဒုဝေ သစ္စာနိ အက္ခာသိ။ ပ။ တတိယံ နုပလဗ္ဘတိ။ (၄။ ၃၁၆)
၁၀။ (၉) နံပါတ်ဂါထာ၌ ဖြစ်သင့်သော ဘာဝ+ဝိဘာဝ+အနုဘာဝ တို့ကို ထုတ်ပြပါ။

= = = = = = = = = = = = = = = = = = = =

၂။ **(ခ) ဝါကျ လျှဉ်းပါးပုစ္ဆာတက်ပုံ။**

ဆရာ၊ ရှင်အာနန္ဒာသည် (န မစ္ဆံ၊ န မံသံ၊ န သုရံ၊ န မေရယံ၊ နထုသောဒကံ ပိဝတိ) အစေလကဿပသည် ငါးအမဲကိုလည်းမစား။ သေအရက်ကိုလည်းမသောက်၊ သောဝီရက အမည်ရှိသောဆေးရည် (ပဒုံးရည်) ကိုလည်းမသောက်ဟုဆို၏။ ငါးအမဲကိုစားခြင်း, သေအရက်ကို သောက်ခြင်း, သောဝီရကမည်သော ဆေးရည်ကိုသောက်ခြင်း အလုံးစုံသည် သာဝဇ္ဇချည်းပင် ဖြစ်ပါသလော။ (ဂဏ္ဌိ။ ၅၂၁။) အဘယ်သို့ မှတ်သားရပါမည်နည်း။ စုဒ်ကြောင့် (ခ)မိန့်။

**အဓိပ္ပါယ်ကား၊ သေအရက်ကို သောက်ခြင်းသည်သာ သာဝဇ္ဇ ဖြစ်၏ဟူလို။**

**(ဂ) ဝါကျ သာဘောဂပုစ္ဆာထက်ပုံ။**

ဆရာ၊ ဆရာသည် (ခ) ဖြင့် သေရည်ကို သောက်ခြင်းသည်သာ သာဝဇ္ဇဖြစ်၏ဟုဆို၏။ ယင်းသို့ သေရည်ကိုသောက်ခြင်းသည်သာ သာဝဇ္ဇဖြစ်သည်ရှိသော် အစေလကဿပသည် သောဝီရက ဆေးရည်ကို သောက်သင့် သောက်ထိုက်သည် မဟုတ်ပါလော။ အစေလကဿပသည် သောဝီရက ဆေးရည်ကို အဘယ့်ကြောင့် မသောက်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

http://www.dhammadownload.com



၃။ (ခ) (ဂ) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု သုရာပါနမေဝ သာဝဇ္ဇံ။

(ခ) အထ ကသ္မာ အစေလကော န ထုသောဒကံ ပိဝတီတိ အာဟ။

(ဂ) နနု အယံ သဗ္ဗေသုပိ သာဝဇ္ဇသညီ။

(ဃ) တသ္မာ အစေလကော န ထုသောဒကံ ပိဝတီတိ အာဟ။

၄။ သုဝီရေ+ဇာတံ သောဝီရကံ။ (ဘာသာဋီကာ)

သုဝီရရဋ္ဌေ+ဘဝံ သောဝီရကံ။ (ဓာန်ဋီ။ ၄၆၀)

သုဝီရတိုင်း၌+ဖြစ်သော ပအုံးရည်ဒြပ်နှင့် ဌာန+ဌာနီစပ် - ဝစနဟေတု။

သုဝီရတိုင်း၌ ဖြစ်သော ပအုံးရည်ဒြပ်သည် - ဝစနီယ။

ကဥ္စိယံ အာရနာဠံ ထုသောဒကံ စသော ပရိယာယ်သဒ္ဒါများသည် - ဝစနီယတ္ထ။

ထဝီယတီတိ ထုသော။ (ဝီဟိတစော) (ကွာဒိမောဂ်။ ၂၁၄)

ထုသတော+ဇာတံ+ဥဒကံ ထုသောဒကံ။ ထုသောဒကတော ဝါ ဇာတံ ထုသောဒကံ။

(ဓာန်ဋီ။ ၄၆၀)

၅။ ကောဂါရိကော ကို ကောဂါရိကတ္တာ ဟုဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို တဿ (အစေလကဿ) ဟုခံ။ ကတ္တား+သမ္ဗန်စာစပ် ။

✤ **သော ကောဂါရိကော ဝါ ဟောတိ ကောလောပိကော၊ (ပါဠိတော်)**

၆။ (က) သဗ္ဗသဿသမ္ဘာရေဟိ ကတံ ဖြင့် သောဝီရကမည်သော ဆေးရည်(ဝါ)ပအုံးရည်ကို အလုံးစုံသောကောက်၏ အဆောက်အဦတို့ဖြင့် ပြုအပ်သတည်းဟု သိစေပါသည်။

သောဝီရကံ ဖြင့် ထုသောဒက သဒ္ဒါသည် သောဝီရကသဒ္ဒါ၏ ပရိယာယ်တည်း(ဝါ) ထုသောဒကသဒ္ဒါသည် သောဝီရက=ပအုံးရည်ဟူသော အနက်ကို ဟော၏ဟု သိစေပါသည်။

(ဃ) ဖြင့် ကောဂါရိကံ ၌ ကေနှင့် အာဂါရပုဒ်ကို ကောဧဝ+အာဂါရံ ကောဂါရံ ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထပြု-လည်းကောင်း၊ အာဂါရ သဒ္ဒါ၏ ဂေဟ သဒ္ဒါ၏ ပရိယာယ်-လည်းကောင်း၊ ကောဂါရိကော၌ ဏိက ပစ္စည်း၏ ဥပဂစ္ဆတိတဒ္ဓိတ်အနက်၌သက်-လည်းကောင်း၊ ကောဂါရမေဝ ဘိက္ခာစရိယာယ ဥပဂစ္ဆတီတိ ကောဂါရိကော ဟု ပြု-လည်းကောင်း သိစေပါသည်။

၇။ **ထုသ** ကား တုသ ဓာတ်+အ။ တုသ ဟူလိုလျက် တ ကို ထ ပြု၍ ပြီးသည်။

✤ **တုသ တုဋ္ဌိမှိ၊ တဿ ထော၊ ထုသော ပုမေ၊ (ဓာန်ဋီ၊ ၄၅၃)**

ထု အဘိတ္ထဝေ ဝါ သော။ (သူစိ) ဤအလို နိရုတ္တိနည်းမရ။

**မသာဏာနိ** ကား မိဿကသာဏာနိ ဟူလိုလျက် မိ ဒြ ဣ ကို အ ပြု၊ ဿက ကိုချေ၍ ပြီးသည်။

✤ **မသာဏာနီတိ မိဿကစောဠာနိ၊ (ဌ၊ ၂၉၃)**

✤ **အဉ္ဉေဟိ မိဿကာနိ သာဏာနိဧဝ မသာဏာနိ နိရုတ္တိနယေန၊ (သီဋီသစ်၊ ၃၅၆)**

၈။ ကေစိဆရာတို့က ထုသောဒက ဟူသည် လောဏသောဝီရကဆေးရည်ပင်တည်းဟု ဖွင့်ဆိုကြသော်လည်း ထိုကေစိဆရာတို့ ဆိုသောစကားသည် မသင့်ပါ။

http://www.dhammadownload.com



အကြောင်းကား သဗ္ဗသဿသမ္ဗာရေဟိ ကတံ (အလုံးစုံကောက်အဆောက်အဦတို့ဖြင့် ပြုအပ်၏) ဟု အဋ္ဌကထာ၌ ဆိုအပ်သည်၏အဖြစ်ကြောင့်တည်း။ မှန်၏။ လောဏသောဝီရကဆေးရည်ကို အလုံးစုံသော ငါး အမဲ အပွင့် အသီးအစရှိကုန်သော အဆောက်အဦတို့ဖြင့် ပြုအပ်၏။

✤ **သောဝီရကန္တိ ကဥ္စိကံ "လောဏသောဝီရက"န္တိ ကေစိ၊ တဒယုတ္တမေဝ၊ "သဗ္ဗသဿသမ္ဘာရေဟိ ကတ"န္တိ ဝုတ္တတ္တာ၊ လောဏသောဝီရကဥ္စိ သဗ္ဗမစ္ဆမံသပုပ္ဖဖလာဒိသမ္ဘာရကတံ၊ (သီဋီသစ်၊ ၃၅၅၊)**

**(ခ) သုရာပါနမေဝ ၌ သုရာ အရ** မှုးယစ်စေခြင်း လက္ခဏာအားဖြင့်တူသော လက္ခဏာဟာရ အားဖြင့်လည်းကောင်း၊ ကေသေသနည်းဖြင့်လည်းကောင်း မေရယကိုလည်း ယူရမည်။

✤ **မေရယမ္ပေတ္ထ သင်္ဂဟိတံ လက္ခဏဟာရေန၊ ကေသေသနယေန ဝါ၊ (သီဋီသစ်)**

**အမှာ** အထက်ပါသီဋီသစ်အဖွင့်ကိုထောက်လျှင် ရှေးမူပါဠိစာအုပ်များ၌ န မေရယံ-မပါရှိကြောင်း သိသာ၏။ ယခု ဆဋ္ဌမူပါဠိတော်စာအုပ်များ၌ကား န မေရယံ ပုဒ်ပါရှိနေသည်။

၉။ ၁၀။ ဝါကျဥယျာဉ် (၂၆၅) ၌ ဖြေဆိုထားသည်။

## ဝါကျဥယျာဉ် ( ၂၆၄ )

(က) တတ္ထ ပဗ္ဗဇ္ဇန္တိ ဝစနသိလိဋ္ဌတာဝသေနေဝ ဝုတ္တံ။
(ခ) အပရိဝသိတ္တာယေဝ ဟိ ပဗ္ဗဇ္ဇံ လဘတိ။
(ဂ) ဥပသမ္ပဒတ္ထိကေန ပန နာတိကာလေန ဂါမပ္ပဝေသနာဒီနိ အဋ္ဌဝတ္တာနိ ပူရေန္တေန ပရိဝသိတဗ္ဗံ။
(ဃ) **အာရဒ္ဓစိတ္တာတိ** အဋ္ဌဝတ္တပူရဏေန တုဋ္ဌစိတ္တာ။
(င) **အပိ စ မေတ္ထာတိ** အပိ စ မေ ဧတ္ထ။
(စ) **ပုဂ္ဂလဝေမတ္တတာ ဝိဒိတာတိ** ပုဂ္ဂလနာနတ္တံ ဝိဒိတံ။
(ဆ) "အယံ ပုဂ္ဂလော ပရိဝါသာရဟော. အယံ န ပရိဝါသာရဟော"တိ ဣဒံ မယှံ ပါကဋန္တိ ဒဿေတိ။

(ဌ။ ၂၉၈။ သီဋီသစ်။ ၃၆၅။ ဗုဒ္ဓဏ္ဍူ။ ၅၅၄။ ဘာသာဋီကာ။ ၁၅၃။ ဂဏ္ဌိ။ ၅၂၉။)

၁။ (က) ဝါကျကို ကတ္တားထည့်၍လည်းကောင်း၊ (ခ) ဝါကျကို ပဗ္ဗဇ္ဇံ ပုဒ်၌ သဒ္ဒတ္ထထင်စေလျက်လည်းကောင်း အနက်ပေးပြပါ။
၂။ (ဂ) ဝါကျကို ပုစ္ဆာတက်၍၊ (ဆ) ဝါကျကို စောဒနာတက်ပြပါ။
၃။ (က) (ခ) ဝါကျတို့ကို အာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ (ခ) ဝါကျ၌ ပဗ္ဗဇ္ဇံ ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (ဃ) ဝါကျ၌ တုဋ္ဌစိတ္တာ ကိုဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပါ။
၆။ (ဃ+င+စ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပြပါ။
၇။ **အဝုဋ္ဌန္တိ** ဒွါရကဝါဋံ။ (ဌ။ ၂၂၅) ၌ အဂ္ဂဠ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ ဂါမပ္ပဝေသနာဒီနိ အဋ္ဌဝတ္တာနိ ၌ အဋ္ဌဝတ္တသရုပ်ကို ပြည့်စုံစွာ ဖော်ပြပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် / ဆန်းအမည် ဖော်ပြပါ။
ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ။ ပ။ တထာဂတဿ။ (ဌ။ ၂၅၇)
၁၀။ (ဂ) ဝါကျ ပရိဝသိတဗ္ဗံ ၌ အနုတ္တကို ရှု၍ ဘာဝါလက်ာရ ထုတ်ပြပါ။

http://www.dhammadownload.com



၁။ (က) ဝုတ္တံ၏ ကတ္တားကို ဘဂဝတာ ဟုထည့်။
(ခ) ပဗ္ဗဇ္ဇံ၊ ရှေးဦးစွာ ရောက်အပ် ကျင့်အပ်သောရှင့်အဖြစ်ကို။

၂။ **(က) ဝါကျ လျှဉ်းပါးပုစ္ဆာတက်ပုံ။**

ဆရာ၊ မြတ်စွာဘုရားသည် ယော ခေါ ကဿပ အညတိတ္ထိယပုဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ အာကင်္ခတိ ပဗ္ဗဇ္ဇံ၊ အာကင်္ခတိ ဥပသမ္ပဒံ ဟုဟောတော်မူ၏။ ပဗ္ဗဇ္ဇ=ရှင့်အဖြစ်ကို ပရိဝါသ်မနေမူ၍ပင် ရကောင်း ရနိုင်သည် မဟုတ်ပါလော။ (တစ်နည်း) ပဗ္ဗဇ္ဇ=ရှင့်အဖြစ်ကို ပရိဝါသ်နေမှ ရနိုင်သောကြောင့် ပဗ္ဗဇ္ဇံ ဟူသော ပုဒ်ကိုထည့်သွင်းဟောတော်မူပါသလော။ အဘယ့်ကြောင့် ပဗ္ဗဇ္ဇံ ဟူသော ပုဒ်ကိုထည့်သွင်းဟောတော်မူထားပါသနည်း။ စုဒ်ကြောင့် (က) မိန့်။ (ဂဏ္ဌိ။ ၅၂၉ ရှု၍တက်သည်)

**အဓိပ္ပါယ်ကား** ဝါစာသိလိဋ္ဌတာ၏ အစွမ်းဖြင့် ထည့်သွင်းဟောတော်မူထားပါ၏ ဟူလို။

**(ခ) ဝါကျ ပုစ္ဆာတက်ပုံ။**

ဆရာ၊ ဆရာသည် (က) ဖြင့် (အာကင်္ခတိ ပဗ္ဗဇ္ဇံ၊ အာကင်္ခတိ ဥပသမ္ပဒံ ဟူသော ပါဠိတော်၌) ပဗ္ဗဇ္ဇံ ပုဒ်ကို ဝါစာသိလိဋ္ဌတာ၏ အစွမ်းဖြင့် ဘုရားရှင် ဟောတော်မူအပ်သော ဟုဆို၏။ ပါဠိတော်၌သာမညအားဖြင့် ဆိုထားသည် မဟုတ်ပါလော။ ထိုသို့ ဖြစ်ပါလျက် ပဗ္ဗဇ္ဇံ ဟူသောပုဒ်ကို ဝါစာသိလိဋ္ဌတာ၏ အစွမ်းဖြင့် ဟောတော်မူ၏ဟု ဆိုသောဆရာ့စကားသည် အသို့လျှင် သင့်နိုင်ရာပါအံ့နည်း။ (တစ်နည်း) ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ပဗ္ဗဇ္ဇံ ဟူသော ပုဒ်ကို ဝါစာသိလိဋ္ဌတာ၏ အစွမ်းဖြင့် ဟောတော်မူအပ်၏ဟု ဆရာဆိုပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

◆ **ဟိ ယသ္မာ၊ ကြောင်း၊ (ပစ္စတ္တသျှ) ဟိ၊ မှန်၊ (အာသာဒိကာ)**

**(ဂ) ဝါကျ ပုစ္ဆာတက်ပုံ။**

ဆရာ၊ ဆရာသည် (ခ) ဖြင့် ရှင်အဖြစ်ကို ပရိဝါသ် မဆောက်တည်ဘဲရနိုင်၏ ဟုဆို၏။ ရဟန်းအဖြစ်ကိုလည်း ပရိဝါသ်မဆောက်တည်ဘဲပင် ရကောင်းပါမည်လော။ အဘယ်သို့ မှတ်ရပါမည်နည်း။ စုဒ်ကြောင့် (ဂ) မိန့်။ (ဂဏ္ဌိ။ ၅၂၉)

**(ဃ) ဝါကျ စောဒနာတက်ပုံ။**

ဆရာ၊ ဆရာသည် (စ) ဖြင့် ပုဂ္ဂိုလ်တို့၏ ထူးသည်၏အဖြစ်သည် ထင်ရှား၏ ဟုဆို၏။ ပုဂ္ဂိုလ်တို့၏ ထူးသည်၏အဖြစ်သည် အဘယ်သို့ထင်ရှားပါသနည်း။ (ဂဏ္ဌိ။ ၅၂၉၀) ထင်ရှားပုံ အကျယ်ကို ဆရာမပြဆိုပြီလော။ ထင်ရှားပုံအကျယ်ကို မပြဆိုခဲ့သော် သင်္ခေပ+ဝိတ္ထာရသန့်-ဝိရောဓိ ၏။ စုဒ်ကြောင့် (ဃ) မိန့်။

(တစ်နည်း) ဆရာ၊ ဆရာသည် (စ) ဖြင့် ပုဂ္ဂလဝေမတ္တတာ ဝိဒိတာ ကို ပုဂ္ဂလနာနတ္တံ ဝိဒိတံ ဟု ဖွင့်ဆို၏။ ယင်း ပုဂ္ဂလဝေမတ္တတာ ဝိဒိတာ ပါဠ်ဖြင့် အဘယ်အနက် အဓိပ္ပါယ်ကို ဘုရားရှင် ပြတော်မူပါသနည်း။ ယင်း ပုဂ္ဂလဝေမတ္တတာ ဝိဒိတာ ပါဠ်ဖြင့် ပြအပ်သော ဒဿနတ္ထ အဓိပ္ပါယ်ကို ဆရာမပြဆိုပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

၃။ **(က) (ခ) ဝါကျ စတုတ္ထာထုတ်ပုံ။**

(က) နနု ပါဠိယံ အာကင်္ခတိ ပဗ္ဗဇ္ဇံ၊ အာကင်္ခတိ ဥပသမ္ပဒန္တိ သာမညေန ဝုတ္တံ။
(ခ) အထ ကသ္မာ ပဗ္ဗဇ္ဇန္တိဣဒံ ဝါစာသိလိဋ္ဌတာဝသေနေဝ ဝုတ္တန္တိ တယာ သံဝဏ္ဏိတံ။
(ဂ) နနု အပရိဝသိတွာယေဝ ပဗ္ဗဇ္ဇံ လဘတိ။
(ဃ) တသ္မာ ပဗ္ဗဇ္ဇန္တိဣဒံ ဝါစာသိလိဋ္ဌတာဝသေနေဝ ဝုတ္တန္တိ မယာ သံဝဏ္ဏိတံ။

http://www.dhammadownload.com



## (က) ဝါကျ စတုတ္ထထုတ်ပုံ။

(က) နနု အပရိဝသိတ္တာယေဝ ပဗ္ဗဇ္ဇံ လဘာတိ။
(ခ) အထ ကသ္မာ အာကင်္ခတိ ပဗ္ဗဇ္ဇန္တိ ပါဠိယံ ဝုတ္တံ။
(ဂ) နနု ဝါစာသိလိဋ္ဌတာ ယောတိ။
(ဃ) တသ္မာ အာကင်္ခတိ ပဗ္ဗဇ္ဇန္တိ ပါဠိယံ ဝုတ္တံ။

၄။ ပဌမမေဝ ဝဇိတဗ္ဗာတိ ပဗ္ဗဇ္ဇာ။ (ကစ္စည်း။ ၆၃၈ သုတ်)
ရှေးဦးစွာကပ်ရောက်ခြင်း ကိရိယာအကတ်သည် ဝစနဟေတု။
ရှင့်အဖြစ်သည် ဝစနီယ။
သာမဏေရဘာဝေါစသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္တ။
ဝိဂတာ+မတ္တာ (သဒိသပမာဏ ဧတေန ဟေတုဘူတေနာတိ ဝေမတ္တံ။ (ဓာန်ဋီ။ ၇၆၇)
(တစ်နည်း) ဝိ (ဝိသဒိတာ)+မတ္တာ ယေသန္တိ ဝိမတ္တာ၊ ဝိမတ္တာယေဝ ဝေမတ္တာ။ (သွတ္တ ၌ က ပစ္စည်းသက်)
ဝေမတ္တာနံ+ဘာဝေါ ဝေမတ္တတာ။ ပုဂ္ဂလာနံ+ဝေမတ္တတာ ပုဂ္ဂလဝေမတ္တတာ။
နာနာ+ဘာဝေါ နာနတ္တံ။ ပုဂ္ဂလာနံ+နာနတ္တံ ပုဂ္ဂလနာနတ္တံ။ (ဘာသာဋီကာ။ ၁၅၄)

၅။ (ဃ) ဝါကျ၌ တုဋ္ဌစိတ္တာ ကို တုဋ္ဌစိတ္တတ္တာ ဟုဟိတ်ပြင်။
ယင်း၏ သမ္ဗန်ကို ဘိက္ခူနံ ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)

✤ **အာရဒ္ဓစိတ္တာ ဘိက္ခူ ပဗ္ဗာဇေန္တိ၊ (ပါဠိတော်)**

(က) ဝါကျ၌ ဝစနသိလိဋ္ဌတာ ဝယ် တာ သမ္ဗန်ကို ပဗ္ဗဇ္ဇန္တိဟူမသာ ဟုခံ။

၆။ (ဃ) တုဋ္ဌစိတ္တာ ဖြင့် အာရဒ္ဓစိတ္တာ ၌ အာရဒ္ဓ သဒ္ဒါသည် နှစ်သက်ခြင်းအနက်ကို ဟော-လည်းကောင်း၊ အာရဒ္ဓံ စိတ္တံ ယေသံဘိက္ခူနန္တိ အာရဒ္ဓစိတ္တာ ဟုစတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြု-လည်းကောင်း သိစေပါသည်။

အဋ္ဌဝတ္တပူရကေန ဖြင့် တုဋ္ဌစိတ္တာ ၌ နှစ်သက်သောစိတ်ရှိ၏ဟူသည် ၈၈ပါးသော ကျင့်ဝတ်ကို ဖြည့်ကျင့်ခြင်းဖြင့် နှစ်သက်သောစိတ်ရှိ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(င) ဖြင့် (သန္ဓိလိဂ်ပဒ) သိစေပါသည်။

(စ) ဖြင့် ပုဂ္ဂလဝေမတ္တတာ၌ ဝေမတ္တသဒ္ဒါ၏ နာနာ(နာနတ္တ) အနက်ဟော-လည်းကောင်း၊ (တစ်နည်း) ဝေမတ္တသဒ္ဒါသည် နာနတာ သဒ္ဒါ၏ ပရိယာယ်-လည်းကောင်း၊ ဝေမတ္တတာ ၌ တာ ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌သက်-လည်းကောင်း၊ ဝေမတ္တာနံ+ဘာဝေါ ဝေမတ္တတာ ဟုပြု-လည်းကောင်း၊ ပုဂ္ဂလာနံ+ဝေမတ္တတာ ပုဂ္ဂလဝေမတ္တတာဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု- လည်းကောင်း၊ ပုဂ္ဂိုလ်တို့၏ မတူသော အတိုင်းအရှည်ရှိကုန်၏ အဖြစ်ဟူသည် တစ်ယောက်နှင့် တစ်ယောက်မတူ ထူးခြားကွဲပြားခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။ (ဘာသာဋီကာ။ ၁၅၄)

✤ **ဝေမတ္တံ တုစ နာနတာ၊ (ဓာန်၊ ၄၉၅)**

(ဆ) မယ့် ပါကဋံ ဖြင့် အပိစမေတ္တ ၌ မေ သည် အမှ သဒ္ဒါ, စတုတ္ထီဝိဘတ်တို့၏ ကာရိယ-လည်းကောင်း၊ ဝိဒိတသဒ္ဒါ၏ ပါကဋသဒ္ဒါ၏ ပရိယာယ်-လည်းကောင်း သိစေသည်။

http://www.dhammadownload.com


၇။ **အဋ္ဋင္ဂ** ကား အဂ္ဂ သဒ္ဒူပပဒ+လာ ဓာတ်+အ ပစ္စည်း။ အဂ္ဂလ ဟူလိုလျက် လ ကို ဋ ပြု၍ ပြီးသည်။

✤ **အဋ္ဋင္ဂဥပနာယာတိ ဇွေ အဋ္ဋင္ဂံနာမ ကဝါဋကောဏ၊ ပ၊ သော အဂ္ဂံ လာတိ ဂဏှာတီတိ အဋ္ဋင္ဂန္တိ ဝုစ္စတိ၊ လ ကာရဿ ဋ ကာရံ ကတွာ၊ (ဘိဓါယောနောမဟာဋီကာ၊ ထ၊ ၃၉၀)**

**အမှာ။** ။ ဝိသုဒ္ဓါရုံ ပိဋကအဘိဓာန်၌ အဂ္ဂလ = အဋ္ဌ+ဂလ။ ထိ၊ နှ။ တံခါးကျည်။ ဟု လ-အက္ခရာနှင့်ရှိသည်။ ယင်းအလို အဋ္ဌလ-ဟုဆိုလိုလျက် ဋ္ဌ-ကို ဂ္ဂ ပြု၍ **အဂ္ဂလ** ဟု ပြီးသည်၊ လ ကို ဋ ပြုလျှင်ကား **အဋ္ဋင္ဂ** ပြီးသည်။

**သိလိဋ္ဌ** ကား သိလိသ ဓာတ်+တ ပစ္စည်း။ ဓာတွန် သ နှင့်တကွ တ ပစ္စည်းကို ဋ္ဌ ပြု၍ ပြီးသည်။

**တုဋ္ဌ** ကား တုသ ဓာတ်+တ ပစ္စည်း။ ဓာတွန် သနှင့်တကွ တ ပစ္စည်းကို ဋ္ဌ ပြု၍ပြီးသည်။ (ကစ္စည်း။ ၅၇၃-သုက်)

၈။ (၈) ဝါကျေ အဋ္ဌဝဏ္ဏာနိ အဋ္ဌဝဏ္ဏသရုပ်

၁။ အလွန်စောသောအခါ၌ ရွာသို့မဝင်ရခြင်း။
၂။ အပျိုကြီးဂေဟာ ، ပြည့်တန်ဆာ, လင်ကွာ, မုဆိုးမ၊ ဘိက္ခုနီ, ပဏ္ဍက, အင်္ဂါဝါစရ ငါးဖြာ သရုပ်ပြ၊ ဟူသော အဂေါစရဋ္ဌာနတို့၌ မကျက်စားရခြင်း။
၃။ သီတင်းသုံးဖော်တို့၏ ပြုဖွယ်ကိစ္စများ၌ ကျမ်းကျင်နားလည်ကာ မပျင်းမရိလုပ်ရခြင်း။
၄။ ဥဒ္ဒေသပရိပုစ္ဆာ စသည်တို့၌ ထက်သန်သောဆန္ဒရှိရခြင်း။
၅။ တိတ္ထိတို့၏ အပြစ်ကိုပြောရာ၌ နှစ်သက်ခြင်း။
၆။ ရတနာသုံးပါး၏အပြစ်ကို ပြောရာ၌ မနှစ်သက်ခြင်း။
၇။ တိတ္ထိတို့၏ဂုဏ်ကိုပြောရာ၌ မနှစ်သက်ခြင်း။
၈။ ရတနာသုံးပါးတို့၏ ဂုဏ်ကိုပြောရာ၌ နှစ်သက်ခြင်း တို့ဖြစ်သည်။
(သီဋီသစ်။ ၂။၃၆၅)

၉။ ဝါကျဥယျာဉ် (၁၂၃)၌ ဖြေခဲ့ပြီ။

၁၀။ ပရိဝသိတဗ္ဗံ ၌ အန္တတ္ထကိုရှု၍ ဘာဝါလဘက်ာရထုတ်ပုံ

✤ ပရိ+ဝသ ဓာတ်အရ ရဟန်းအဖြစ်ကို အလိုရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ ရှစ်ပါးသော ကျင့်ဝတ်တို့ကို ဖြည့်ကျင့်သော အခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဓါ ဝီရိယ စေတနာ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဓမ္မဥဿာဟဋ္ဌာယီဘာဝ+ဓမ္မဝီရိယ။
✤ ရှစ်ပါးသောကျင့်ဝတ်တို့သည် အာရမ္မဏဝိဘာဝ။
✤ ရဟန်းအဖြစ်ကို အလိုရှိခြင်း, ရတနာသုံးပါးကို ကြည်ညိုခြင်း စသည်သည် ဥဒ္ဒိပနဝိဘာဝ။
✤ ရဟန်းတို့ နှစ်သက်မှုခံရခြင်း, ရဟန်းအဖြစ်ကို ရရှိခြင်း စသောအကျိုးတရားအဆက်ဆက်သည် အနုဘာဝ။

http://www.dhammadownload.com



## ဝါကျဥယျာဉ် ( ၂၆၅ )

(က) **မြဟ္မစရိယ ပရိယောသာနန္တိ** မဂ္ဂဗြဟ္မစရိယဿ ပရိယောသာနဘူတံ အရဟတ္တဖလံ။
(ခ) တဿ ဟိ အတ္ထာယ ကုလပုတ္တာ ပဗ္ဗဇန္တိ။
(ဂ) **တံ အဘိညာ သစ္ဆိကတွာတိ** အတ္တနာယေဝ ပညာယ ပစ္စက္ခံ ကတွာ၊
(ဃ) အပရပ္ပစ္စယံ ကတွာတိ အတ္ထော။
(င) **ဥပသမ္ပဇ္ဇ ဝိဟာသီတိ** ပါပုဏိတွာ သမ္ပာဒေတွာ ဝိဟာသိ၊
(ဌ။ ၂၉၉။ ဋီသစ်။ ၃၆၇။ ပဒတ္ထ။ ၅၅၆။ ဘာသာဋီ။ ၁၅၆။ ဂဏ္ဌိ။ ၅၃၀။)

၁။ (က) ဝါကျကို စပ်သင့်ရာပုဒ်များထည့်၍လည်းကောင်း (ခ) ဝါကျကို နိပါတ် သဗ္ဗနာမ်အစွဲ မှန်ကန်စေလျက်လည်းကောင်း အနက်ပေးပါ။
၂။ (ခ) ဝါကျကို အနုသန္ဓေ တက်၍ (င) ဝါကျ၌ သမ္ပာဒေတွာ ပုဒ်သို့ သာဘောဂပုစ္ဆာ တက်ပြပါ။
၃။ (က) (ခ) ဝါကျတို့၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို မှန်ကန်စွာ ထုတ်ပြပါ။
၄။ အပရပ္ပစ္စယောကို လဟုကနည်းဖြင့် ဝစနတ္ထပြုပြီး ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ (က) ဝါကျ သံဝဏ္ဏေတဗ္ဗ ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး အတ္ထာနုရူပ စာစပ်ပြပါ။
၆။ (က+ဂ+ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။
၇။ ပရိယောသာန ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖြေပါ။
၈။ မဟာသီဟနာဒ သုတ်၌ သီဟနာဒပေါင်း မည်မျှပါဝင်သည်ကို သချာမျှဖော်ပြ၍ မဇ္ဈိမနိကာယ်ပါ မဟာသီဟနာဒသုတ်နှင့် ဒီဃနိကာယ်လာ ဤမဟာသီဟနာဒသုတ်တို့အမည်ရပုံ ထူးခြားဟန်ကိုလည်း ဖြေဆိုပါ။
၉။ အောက်ပါမြန်မာစကားကို ပါဠိဘာသာသို့ပြန်ပါ။
ပြောဟောကြသော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သော ဘုရားရှင်သည် သမ္မုတိသစ္စာ ပရမတ္ထသစ္စာ ဟူသော အမှန်တရား နှစ်ပါးတို့ကို ဟောတော်မူပြီ။ သုံးခုမြောက်သစ္စာကို မရအပ် မရနိုင်။
၁၀။ (၉) နံပါတ် စကားရပ်၌ ဖြစ်သင့်သော ဘာဝစသည်ကို ထုတ်ပြပါ။

= = = = = = = = = = = = = = = = = = = =

၁။ (က) ဝါကျ။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟာသိ၊ ပြီ။ ဟု စပ်ပုဒ်ထည့်ပေး။
(ခ) ဝါကျ။ ဟိ၊ မှန်။ (ဝါ) ဟိ-ယသ္မာ၊ ကြောင့်။ (ပဒတ္ထ+ဘာသာဋီ) တဿအရဟတ္တဖလဿ၊ ၏။ (သီဋီသစ်)

၂။ **(ခ) ဝါကျအနုသန္ဓေ။**

ဤသို့ (ခ) ဝါကျဖြင့် ဗြဟ္မစရိယပရိယောသာနံ ၌ ဗြဟ္မစရိယ အရ မဂ္ဂဗြဟ္မစရိယကို, ပရိယောသာန အရ အရဟတ္တဖိုလ်ကို ယူရမည်ဟု ဖွင့်ပြပြီး၍ ယခုအခါ၌ ယင်းစကားရပ်ကို ယုတ္တိအားဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (ဝါ) ယင်းသို့ ဖွင့်ဆိုခြင်း၏ အကြောင်းကို ပြလိုသော ဆရာသည် (ခ) မိန့်၏။

**ဟိ သဒ္ဒေါ ဒဠှီကရဏတ္ထ ကာရဏတ္ထ နှစ်ချက်သင့်၊ (ပဒတ္ထ၊ ၅၅၆၊)**

http://www.dhammadownload.com



## (င) ဝါကျ သမ္ဗာဒေတွာ သို့ သာဘောဂပုစ္ဆာ

ဆရာ-သည် ပါပုကိတ္တာဖြင့် ဥပသမ္ပဒ္ဒ ဥပသဒ္ဒါ, သံ သဒ္ဒါ တို့သည် ဓာတွတ္တာနုဝတ္တက, ပဒ ဓာတ်သည် ဂတျတ္ထ (ပါပုဏနတ္ထ) ဋ္ဌသည် တ္တာပစ္စည်း၏ ကာရိယတည်းဟု ဖွင့်ပြတော်မူ၏။ ဥပသမ္ပဒ္ဒ သံ သဒ္ဒါသည် ဓာတွတ္တာနုဝတ္တက တစ်မျိုးသာ, ပဒဓာတ်သည် ဂတျတ္ထ (ပါပုဏနတ္ထ) တစ်မျိုးသာ ဖြစ်သင့်ပါသလော။ မည်သည့်အနက်၌ ဖြစ်နိုင်ပါသေးသနည်း။ စုဒ်ကြောင့် သမ္မာဒေတွာ မိန့်။

**အဓိပ္ပါယ်ကား** သံ သည် ဓာတွတ္တဝိသေသက, ပဒ ဓာတ်သည် သမ္ပဇ္ဇန အနက်၌လည်း ဖြစ်နိုင်သေး၏ ဟူလို။

## ၃။ (က) (ခ) စတုတ္ထုတ်ပုံ။

(က) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ "ပြဟ္မစရိယပရိယောသာန"န္တိ သာမညေန ဝုတ္တံ။

(ခ) အထ ကသ္မာ မဂ္ဂပြဟ္မစရိယဿ ပရိယောသာနဘူတံ အရဟတ္တဖလန္တိ တယာ သံဝဏ္ဏိတံ။

(ဂ) နနု တဿ အတ္ထာယ ကုလပုတ္တာ ပဗ္ဗဇန္တိ။

(ဃ) တသ္မာ (လ) မယာ သံဝဏ္ဏိတံ။

၄။ နတ္ထိ ပရော ဧနော့ တတော ဖလသစ္ဆိကရဏေ ပစ္စယော ယဿာတိ အပရပ္ပစ္စယော။ (တံ) (သိဋ္ဌိသစ်။ ၃၆၅။)

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း၌ မိမိမှတစ်ပါးသော ယုံကြည်အပ်သော ပုဂ္ဂိုလ် မရှိခြင်း၏+အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီး ရဟန္တာပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု။

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီး ရဟန္တာပုဂ္ဂိုလ်သည် ဝစနီယ။

အနညပစ္စယံ အရဟတ္တသစ္ဆိကတံ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

**ဂရုကနည်း။** ။ အရဟတ္တဖလသစ္ဆိကရဏေ ပရော+ပစ္စယော+ယဿာတိ ပရပစ္စယော။

(အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း၌ အခြားသူဟူသော ယုံကြည်စရာရှိသူ)

န+ပရပစ္စယော အပရပ္ပစ္စယော။ တံ အပရပ္ပစ္စယံ။ (ဘာသာဋီကာ။ ၁၅၆။)

၅။ ပြဟ္မစရိယပရိယောသာနံ ကို ပြဟ္မစရိယပရိယောသာနတ္တာ ဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို တဿ (အရဟတ္တဖလဿ) ဟုဒ်။ (ကတ္တား+သမ္ဗန်စာစပ်)

❖ **တဒနုတ္တရံ ပြဟ္မစရိယပရိယောသာနံ (လ) ဥပသမ္ပဇ္ဇ ဝိဟာသိ။ (ပါဠိတော်)**

၆။ (က) မဂ္ဂပြဟ္မစရိယဿ ဖြင့် ပြဟ္မစရိယပရိယောသာနံ ၌ ပြဟ္မစရိယအရ မဂ္ဂပြဟ္မစရိယ ကို ယူရမည်ဟု သိစေသည်။

ပရိယောသာနဘူတံ အရဟတ္တဖလံ ဖြင့် ပရိယောသာန အရ အရဟတ္တဖိုလ်ကို ယူရမည်ဟု သိစေသည်။

(ခ) တဝါကျလုံးဖြင့် ပြဟ္မစရိယဿ+ပရိယောသာနံ ပြဟ္မစရိယပရိယောသာနံ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (သမာသလိင်္ဂပဒတ္ထ)

(ဂ) ဝါကျဖြင့် သယံ အဘိညာသစ္ဆိကတွာ ၌ သယံ သဒ္ဒါနောင် တတိယာဝိဘတ်ကျေနေသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းသယံ သဒ္ဒါ၏ ကိုယ်တိုင်ဟူသော အနက်ဟောသည်၏အဖြစ်ကို လည်းကောင်း၊ အဘိညာ ၌ တွာ ပစ္စည်း၏ ကာရိယ ယ-ကျေနေသည်၏ အဖြစ်ကိုလည်းကောင်း

http://www.dhammadownload.com



သစ္စိနိပါတ်ပုဒ်၏ ပစ္စက္ခ အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်း သစ္စိ နိပါတ်ပုဒ်နောင် ဒုတိယာဝိဘတ် ကျေနေသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(ယ) ဝါကျဖြင့် သယံ အဘိညာ သစ္စိကတွာ ၌ အညတ္ထာပေါဟန နည်း (ဝါ) အန္တော ဂဓာဝဓာရဏ နည်းအားဖြင့် ရအပ်သော နိဝတ္တေတဗ္ဗတ္ထ ကို သိစေသည်။

(င) ပါပုဏိတွာ ဖြင့် ဥပသမ္ပဇ္ဇ ၌ ဥပ+သံ ဥပသာရတို့၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊ ပဒ ဓာတ်၏ ဂတိ (ပါပုဏန) အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ဇ္ဇ ၏ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

သမ္ပာဒေတွာ ဖြင့် ဥပသမ္ပဇ္ဇ ၌ ဥပ ဥပသာရပုဒ်၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊ သံ ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း၊ ပဒ ဓာတ်၏ ပြည့်စုံခြင်း (သမ္ပဇ္ဇန) အနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ ဇ္ဇ ၏ တွာ ပစ္စည်း၏ ကာရိယ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

✣ **ဥပ သဒ္ဒေါဝိယ သံ သဒ္ဒေါပိ ဓာတုသဒ္ဒါနုဝတ္တကောတိ ဒဿုံ "ပါပုဏိတွာ"တိ၊ ဥပသဒ္ဒေါ ဝါ ဓာတုသဒ္ဒါနုဝတ္တကော၊ သံ-သဒ္ဒေါ ပန ဓာတုဝိသေသကောတိ အာဟ "သမ္ပာဒေတွာ"တိ၊ (သီဋီသစ်၊ ၃၆၇၊)**

၇။ ပရိယောသာန ကား ပရိ+ဧဝ+အဝ+ဧဝ+သာ တတ်+ယု- ပစ္စည်း။ အဝ ကို ဩပြု။ ယ လာ၍ ပြီးသည်။

၈။ ဤသုတ်၌ သီဟနာဒပေါင်း တစ်ရာ့တစ်ဆယ်(၁၁၀) ပါဝင်ပါသည်။

✣ **ဒသာဓိကံ သီဟနာဒသတံ ဟောတိ၊ (၅၊ ၂၉၇)**

မဇ္ဈိမနိကာယ်၌ သီဟနာဒသုတ်ကား စူဠသီဟနာဒသုတ်ကိုထောက်၍ မဟာသီဟနာဒသုတ် ဟုခေါ်သည်။

ဤသုတ်ကား သီဟနာဒအရေအတွက်များသောကြောင့် မဟာသီဟနာဒသုတ်ဟု ခေါ်ပါသည်။

✣ **မဟာသီဟနာဒဿာ ဣဓ သုတ္တံ "မဟာသီဟနာဒ"န္တိ ဝုစ္စတိ၊ န ပန မဇ္ဈိမနိကာယေ မဟာသီဟနာဒသုတ္တံ ဝိယ စူဠသီဟနာဒသုတ္တံ မုပါဒါယာတိ အဓိပ္ပါယော၊ (သီဋီသစ်၊ ၃၆၄)**

၉။ ဒုဝေသစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။ (၅။ ၃၁၆။) (ပထမ၀တ္ထုဂါထာ၊ အနုဋ္ဌာသစ်)

၁၀။ ✣ သမ္မုတိ, ပရမတ္ထ သစ္စာနှစ်ပါးကို ဟောကြားတော်မူသော ဘုရားရှင်၏ ဒေသနာဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂါရဝ။
(တစ်နည်း) ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဌာယီဘာဝ+ဝီရိယ။
✣ သမ္မုတိ ပရမတ္ထ သစ္စာနှစ်ပါးသည် အာရမ္မဏဝိဘာဝ။
✣ ထိုသစ္စာနှစ်ပါး၏ မှန်ကန်သောဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ။
✣ ဝေနေယျသတ္တဝါတို့အဖို့ သမ္မုတိ, ပရမတ္ထ သစ္စာနှစ်ပါးကို သိရခြင်းသည် အနုဘာဝ။

http://www.dhammadownload.com



# "၉ = ပေါဋ္ဌပါဒသုတ်"

## ဝါကျဉပဒေသ ( ၂၆ )

(က) **ဧဝမေဝ ခေါသီတိ** နဂရဒွါရသမီပံ ဂန္တွာ အတ္တနော ရုစိဝသေန သူရိယံ ဩလောကေတွာ အတိပ္ပဂေဘာဝမေဝ ဒိသွာ တေ အဟောသိ။
(ခ) **ယံနူနာဟန္တိ** သံသယပရိဒီပနော ဝိယ နိပါတော။
(ဂ) ဗုဒ္ဓါနဉှိ သံသယော နာမ နတ္ထိ။
(ဃ) "ဟန္ဒ ကရိဿာမ, ဟန္ဒ န ကရိဿာမ, ဟုမယ္ဟ ဓမ္မံ ဒေသေဿာမ, ဟုမယ္ဟ န ဒေသေဿာမာ"တိ ဧဝံ ပရိဝိတက္ကပုဗ္ဗဘာဂေါ ပနေသ သဗ္ဗဗုဒ္ဓါနံ လဗ္ဘတိ။ တေနာဟ "ယံနူနာဟ"န္တိ။
(င) ယဒိ ပနာဟန္တိ အတ္ထော။
(စ) **ဥန္နာဒိနိယာတိ** ဥစ္စံ နဒမာနာယ။
(ဌ။ ၃၀၁။ သီဠိသစ်။ ၃၇၀။ ပဉ္စက္ကျ။ ၅၆၁။ ဘာသာဋီကာ။ ၁၆၃။ ဂဏ္ဌိ။ ၅၃၃။)

၁။ (ဂ) (ဃ) ဝါကျတို့ကို ဟေတာလင်္ကာရနည်းဖြင့် အနက်ပေးပါ။
၂။ (ဂ) ဝါကျကို အနုသန္ဓေတက်၍၊ (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။
၃။ (ဂ) (ဃ) ဝါကျတို့၌ ဖြစ်သင့်သော အာသောဂါဒိစတုက္ကကို ထုတ်ပြပါ။
၄။ အတိပ္ပဂဘာဝမေဝ၌ ပဂပုဒ်ကို အတိပ္ပဂေါ ခေါတိ အတိဝိယ ပါတော ဟူသော (ဒီ။ ဋ။ ၃။ ၁) အဋ္ဌကထာပါဌ်နှင့်အညီ ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (စ) ဝါကျ နဒမာနာယ ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပါ။
၆။ (က) (ခ) (င) ဝါကျတို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။
၇။ အတိပ္ပဂေါခေါ၊ သူရိယ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။
၈။ ဤသုတ်လာ ယန္နူနသဒ္ဒါနှင့် တစ်ပါးသောသုတ်တို့၌လာသော ယန္နူနသဒ္ဒါတို့၏ အနက်ထူးခြားပုံကို ဤအဋ္ဌကထာအလိုကျဖြေဆိုပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် / ဆန်းအမည်ပေးပြပါ။
တေ တာဒိသေ ပူဇယတော။ ပ။ ဣမေတ္တမပိ ကေနစိ။ (ဌ။ ၂၅၄)
၁၀။ (က) ဝါကျ အဟောသိ ၌ ဓာတွတ္ထကို ရှု၍ ဘာဝလင်္ကာရထုတ်ပြပါ။

====================

၁။ (ဂ) ၏၊ ဆက်။ ဗုဒ္ဓါနံ၊ တို့အား။ (ဗောဓိမူလေဝ၊ ဗြဲသာလျှင်။ တသ္မာ၊ ထိုသံသယကို။ သမုဂ္ဃာဋိတတ္တာ၊ အကြွင်းမဲ့ပယ်ခွါ ခတ်မှုအပ်ပြီးသည်၏အဖြစ်ကြောင့်။) သံသယောနာမ၊ သည်။ နတ္ထိ၊ မရှိ။

- **သံသယောနာမ နတ္ထိ ဗောဓိမူလေဝ တဿ သမုဂ္ဃာဋိတတ္တာ၊ (သီဋီသစ်)။**

(ဃ) ဧသ ဧသော စိတ္တာစာရော၊ ဤစိတ်၏ဖြစ်ခြင်းကို။ သဗ္ဗဗုဒ္ဓါနံ၊ တို့အား။ လဗ္ဘတိ၊ ရအပ်၏။ (ကသ္မာ၊-ကား။ ဝိစရဏဝသေနဝ၊ အဆင်အခြင်ဉာဏ်ပညာ၏ အစွမ်းဖြင့်သာလျှင်။ ပဝတ္တနတော၊ - ကြောင့်တည်း။)

- **သောအဘိ "ကရိဿာမ၊ န ကရိဿာမာ"တိအာဒိကော ဧသ စိတ္တာစာရော သဗ္ဗဗုဒ္ဓါနံ လဗ္ဘတိ သမ္မာဝ ဝိစာရဏာဝသေနဝ ပဝတ္တနတော၊ (သီဋီသစ်)**

http://www.dhammadownload.com



### (ဂ) အနုသန္ဓေတက်ပုံ။

ဤသို့ (ခ) ဖြင့် ယန္နူနာဟန္တိ သံသယပရိဒီပနော ဝိယ နိပါတော ဟုဖွင့်ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းသို့ဖွင့်ဆိုခြင်း၏ အကြောင်းကိုပြလိုသောဆရာသည် (ဂ) မိန့်။

### (ဃ) ဝါကျ ပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဘုရားရှင်တို့အား ယုံမှားသံသယမည်သည်မရှိဟုဆို၏။ ယင်းသို့မရှိလျှင် ပါဠိတော်၌ ယန္နူနာဟံ ဟုမဟောသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ပါဠိတော်၌ ယန္နူနာဟံ ဟုဟောတော်မူပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

### (ဂ+ဃ) ဝါကျသို့ ပုစ္ဆာတက်ပုံ။

ဆရာ၊ မြတ်စွာဘုရားသည် ယန္နူနာဟံ ဟု ဟောတော်မူ၏။ ဘုရားရှင်တို့အား ယုံမှား သံသယမည်သည် မရှိသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ပါဠိတော်၌ ယန္နူနာဟံ ဟု ဘုရားရှင် ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (ဂ) (ဃ) မိန့်။

(တစ်နည်း) ဆရာ၊ ဆရာသည် (ခ) ဖြင့် ယန္နူနာဟန္တိ သံသယပရိဒီပနော နိပါတော ဟု ဖွင့်ဆို၏။ ဘုရားရှင်တို့အား ယုံမှားသံသယ မရှိသည်မဟုတ်ပါလော။ အဘယ့်ကြောင့် သံသယပရိဒီပနော နိပါတော ဟု ဖွင့်ဆိုပါသနည်း။ စုဒ်ကြောင့် (ဂ) (ဃ) မိန့်။

- **ကသ္မာ "သံသယပရိဒီပနေ"တိ ဝုတ္တံ၊ နနု ဗုဒ္ဓါနံ သံသယော နတ္ထီတိ အာဟ "ဗုဒ္ဓါနဉ္စာ"တိ အာဒိ။ (သီဋီသစ်၊ ၃၇၁။)**

၃။ **(ဂ) (ဃ) ဝါကျ စတုက္ကထုတ်ပုံ။**

(က) နနု ဗုဒ္ဓါနံ သံသယောနာမ နတ္ထိ။
(ခ) အထ ကသ္မာ ယန္နူနာဟန္တိ အာဟ။
(ဂ) နနု ဣဒံ ကရိဿာမ၊ ဣဒံ န ကရိဿာမ။ ပ။ သဗ္ဗဗုဒ္ဓါနံ လဗ္ဘတိ။
(ဃ) တသ္မာ ယန္နူနာဟန္တိ အာဟ။

### (ခ) (ဂ) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု ယန္နူနာတိ နိပါတော အညတ္ထ သံသယပရိဒီပနော။ (သီဋီသစ်)
(ခ) အထ ကသ္မာ ယန္နူနာဟန္တိ သံသယပရိဒီပနောဝိယ နိပါတောတိ တယာ ဝုတ္တံ။
(ဂ) နနု ဗုဒ္ဓါနံ သံသယောနာမ နတ္ထိ။
(ဃ) တသ္မာ ယန္နူနာဟန္တိ သံသယပရိဒီပနော ဝိယ နိပါတောတိ မယာ ဝုတ္တံ။

၄။ ပဌမံ ဂစ္ဆတိ ဒိဝသဘာဝေန ပဝတ္တတီတိ ပဂေ။ (သီဋီသစ်)
ရှေးဦးစွာနေ့၏အဖြစ်အားဖြင့် ဖြစ်ခြင်းကြိယာသကတ်သည် - ဝစနယောဂ။
နံနက်စောစောအချိန်ကာလဒြပ်သည် - ဝစနီယ။
ပါတော စသော ပရိယာယ် သဒ္ဒါများသည် - ဝစနီယတ္ထ။

- **တတ္ထ တတ္ထ အဋ္ဌကထာသု ဝုတ္တံ "အတိပ္ပဂေါခေါတိ အတိဝိယ ပါတော"တိ၊ အပိစ ပဌမံ ဂစ္ဆတိ ဒိဝသဘာဝေန ပဝတ္တတီတိ ပဂေါတိ နိဗ္ဗစနံ ဣမိနာ ဒဿိတံ၊ (သီဋီသစ်၊ ၃၇၀)**

ဥစ္စံ+နာဒေါ ဥန္နာဒေါ။ ဥန္နာဒေါ+ယဿာ+အတ္ထီတိ ဥန္နာဒိနီ။
(ကျယ်သောအသံ၏+ပရိဗိုဇ်ပရိသတ်နှင့် ဂုဏ်+ဂုဏေး စပ်)
လောကာနံ သူရဘာဝံ ဇနေတီတိ သူရိယော။ (သူရ+ဣယ) (ဓာန်ဋီ၊ ၆၂)

http://www.dhammadownload.com



၅။ နဒမာနာယ ကို နဒမာနတ္တာ ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ပရိဗ္ဗာဇကေပရိသာယ ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)
❖ **မဟာတိယာ ပရိဗ္ဗာဇကေပရိသာယ သန္တိ နိသိန္နော ဟောတိ ဥန္နာဒိနိယာ၊ (ပါဠိတော်)**

၆။ (က) စေတံ အဟောသိ ဖြင့် တေဒဟောသိ ကို စေတံ အဟောသိ ဟုပုဒ်ဖြတ်ရမည်ဟု သိစေ။ အတ္တနော ရုစိဝသေန ဖြင့် နေကိုမော့ကြည့်ခြင်းသည် မိမိ၏အလိုအဇ္ဈာသယ၏ အစွမ်းဖြင့်သာ ကြည့်သည်၊ သူတစ်ပါးတို့တိုက်တွန်း၍ ကြည့်သည်မဟုတ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (သီဋီသစ်)။

(ခ) ဖြင့် ယန္နူနာဟံ ၌ ယန္နူနသဒ္ဒါသည် သံသယပတိရူပကကို ပြတတ်သော နိပါတ်ပုဒ်တည်းဟု သိစေပါသည်။

❖ **ယန္နူနာတိ သေ နိပါတော အညတ္ထ သံသယပရိဒီပနော၊ တ္ထစ ပန သံသယပတိရူပက ပရိဒီပနော၀၊ (သီဋီသစ်)**

(ဂ) ဖြင့် ယန္နူနနိပါတ်သည် ပရိကပ္ပအနက်ကိုဟော၏ဟု သိစေသည်။

(တစ်နည်း) ယန္နူနနိပါတ်ပုဒ်သည် ယဒိပန-နိပါတ်ပုဒ်၏ ပရိယာယ်တည်း ဟုသိစေပါသည်။

❖ **ယန္နူနာတိ ပရိကပ္ပနေ နိပါတော၊ ပ၊ ယဒိပနာတိ တ္ထာဒဝ္ဗိ တေန သမာနတ္ထန္တိ ဝုတ္တံ "ယဒိပနာဟန္တိ အတ္ထော"တိ၊ (သီဋီသစ်၊)**

(ဃ) ဖြင့် ဥန္နာဒိနိယာ ၌ ဥ ဥပသာရပုဒ်၏ ဥစ္စ အနက်ဟော - လည်းကောင်း၊ ဥစ္စံ+နာဒေါ ဥန္နာဒေါ ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ်ဝစနတ္ထပြု - လည်းကောင်း၊ ဤ ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်အနက်၌သက်သည်ကိုလည်းကောင်း၊ ဥန္နာဒေါ အဿ အတ္ထီတိ ဥန္နာဒိနီ ဟု ပြု - လည်းကောင်း သိစေပါသည်။

၇။ **အတိပ္ပဂေါခေါ** ကား - အတိပ္ပ+ခေါ ဟူလိုလျက် အတိပ္ပ နောင် ဩ လာ၊ ဂ လာ၍ပြီးသည်။ (ရူပသိဒ္ဓိအလို)

(တစ်နည်း) အတိပ္ပါ+ခေါ ဟု ပုဒ်ဖြတ် ၍ အတိပ္ပါခေါ ဟူလိုလျက် အတိပ္ပါ နောင် ဩ လာ၊ ပါ နောင် ဂ လာ၊ ပါ နိပါတ်၏ အစိတ်အာ ကို အ ပြု၍ပြီးသည်။ (ဤကား ပဒုက္ကာ့နိသျ ဆရာတော်အလိုတည်း။)

**အမှာ။** ။ အတိပ္ပဂေါခေါ ပုဒ်၏ သဒ္ဒဝိနိစ္ဆယ အကျယ်ကို ပဒုက္ကာ့သျ။ ၅၆၁။ ၅၆၂။ တို့၌ရှုလေ။

**သူရိယ** ကား သရ ဓာတ်+ယ ပစ္စည်း။ သရယ ဟူလိုလျက် သရ ကိုသူရိ(သုရိ) ပြု ၍ ပြီးသည်။

(တစ်နည်း) သု ဓာတ်+ဣယ ပစ္စည်း။ သုဣယ ဟူလိုလျက် ရ လာ၊ သု ၌ ဉ ကို ဦ ပြု၍ ပြီးသည်။

❖ **သရ, ဂတိယံဝါ၊ ယော၊ သရတိသ သုရိသ သုရိအာဒေသော၊ သရတိ ဂစ္ဆတိတိ သုရိယော၊ သု ဟိံသာယံဝါ၊ ဣယော၊ ရ ကာရာဂမော၊ အန္ဓကာရဝိဓမေနေန သတ္တာနံ ဘယံ ဟိံသတီတိ သုရိယော၊ (သုစိ)**

၈။ ဤအဋ္ဌကထာ အလို ယန္နူနသဒ္ဒါသည် တစ်ပါးသောသုတ်များ၌ သံသယတ္ထဇောတက နိပါတ်တည်း။ ဤသုတ်၌ကား သံသယပတိရူပကတ္ထနိပါတ်သာတည်း။ ဋီကာများ၌ကား ပရိကပ္ပနေဝါယံ နိပါတော ဟုဆို၏။ ပရိကပ္ပတ္ထဇောတကနိပါတ်ပုဒ်ဟူလို။ (ပဒုက္ကာ။ ၅၆၂။)

http://www.dhammadownload.com



၉။ ဝါကျဥယျာဉ် (၂၅၀) ၌ ရေးခဲ့ပြီ။

၁၀။ **(က) အဇ္ဈောသိ ၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။**

- ✣ ဟူ-ဓာတ်အရ ပေါဋ္ဌပါဒထံ သွားရလျှင် ကောင်းလေစွဟု အကြံဖြစ်သော မြတ်စွာဘုရား၏ သန္တာန်၌ ဝိတက်ပြဌာန်းသော (ဝါ) အဆင်အခြင်ပညာ (ဝီမံသာဉာဏ်) ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂါရဝရသ။
- ✣ ပေါဋ္ဌပါဒပုဂ္ဂိုလ် သည် အာရမ္မဏဝိဘာဝ။
- ✣ ပေါဋ္ဌပါဒဒေသနာဖြစ်ပေါ်လာနိုင်ခြင်း, နေကိုမှေးကြည့်သောအခါ အလွန်စေသေးသည်၏ အဖြစ်ကိုမြင်ခြင်း စသည်တို့သည် ဥဒ္ဒီပနဝိဘာဝ။
- ✣ ပေါဋ္ဌပါဒထံသို့ သွားရောက်ခြင်း ပေါဋ္ဌပါဒဒေသနာ ဖြစ်ပေါ်လာခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် ( ၂၆၇ )

(က) **စိရဿံ ခေါ အဘန္တေ** ကဿ အာဟ ? ကိံ ဘဂဝါ ပုဗ္ဗေပိ တတ္ထ ဂတပုဗ္ဗောတိ။

(ခ) န ဂတပုဗ္ဗော။

(ဂ) မနုဿာနံ ပန "ကုဟိံ ဂစ္ဆန္တာ , ကုတော အာဂတတ္ထ , ကိံ မဂ္ဂမူဠှတ္ထ , စိရဿံ အာဂတတ္ထာ"တိ ဝေမာဒယော ပိယသမုဒါစာရာ ဟောန္တိ၊ တသ္မာ ဧဝမာဟ။

(ဃ) ဝေဠု ပန ဝတ္တာ န မာနထဒ္ဓေါ ဟုတွာ နိသီဒိ၊ ဥဋ္ဌာယာသနာ ဘဂဝတော ပစ္စုဂ္ဂမနမကာသိ။

(င) ဘဂဝန္တဉ္စ ဥပဂတံ ဒိသွာ အာသနေန အနိမန္တေန္တော ဝါ အပစိတိံ အကရောန္တော ဝါ ဒုလ္လဘော။

(စ) ကသ္မာ ? ဥစ္စာကုလီနတာယ။

(ဋ။ ၃၀၂။ သီဋီသစ်။ ၃၇၂။ ပဒတ္ထ။ ၅၆၆။ ဘာသာဋီကာ။ ၁၆၉။ ဂဏ္ဌိ။ ၅၃၄။)

၁။ (ဂ) (ဃ) (င) ဝါကျတို့ကို အနက်မှန်စွာ သမ္ဗန်ပြပါ။

၂။ (ဂ) ဝါကျကို ဗျတိရေကာဘောဂါယုတ္တစောဒနာတက်ပြ၍၊ (င) ဝါကျကို အနုသန္ဓေတက်ပြပါ။

၃။ (ခ) (ဂ) ဝါကျ၌ ဖြစ်သင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ မဂ္ဂမူဠှတ္ထ ၌ မူဠှ ပုဒ်ကိုဝစနတ္ထပြု၍ ဝစနာဒိသတ္တကထုတ်ပြပါ။

၅။ (စ) ဝါကျရှိ ဟိတ်ပုဒ်၏ သမ္ဗန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပါ။

၆။ (က) **ဆွာဂတံ ဆန္တေတိ** သုဋ္ဌု အာဂမနံ ဘန္တေ။ (ဋ။ ၃၀၂။)

(ခ) သာ ဗဟူနံ "အယံ ကိံ ဝဒတိ, အယံ ကိံ ဝဒတိ"တိ ကောတူဟလုပ္ပတ္တိဋ္ဌာနတော **ကောတူဟလသာလာတိ** ဝုစ္စတိ။ (ဋ။ ၃၀၃) တို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ မူဋ္ဌ၊ ကောတူဟလ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ဥစ္စာကုလီနတာယ ပါဌ်ဖြင့်ပြအပ်သော ဒဿနတ္ထအဓိပ္ပါယ်ကို ဖြေဆိုပါ။

http://www.dhammadownload.com



၉။ အောက်ပါမြန်မာဘာသာကို ပါဠိဘာသာသို့ ပြန်ဆိုပါ။
ပြောဟောကြသော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သော ဘုရားရှင်သည် သမ္မုတိသစ္စာကိုလည်းကောင်း၊ ပရမတ္ထသစ္စာကိုလည်းကောင်း၊ အမှန်သစ္စာနှစ်ပါးတို့ကို ဟောတော်မူပြီး။ သုံးခုမြောက် သစ္စာကို မရအပ် ၊ မရနိုင်။

၁၀။ (ဃ) ဝါကျ ပစ္စုဂ္ဂမနမကာသိ ၌ ဓာတွတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ပြပါ။

= = = = = = = = = = = = = = = = = =

## ၂။ (ခ) ဝါကျ ပုစ္ဆာတက်ပုံ။

ဆရာ၊ ပေါဋ္ဌပါဒပရိဗိုဇ်သည် စိရဿံ ခေါ ဘန္တေ ဟူ၍ ဘုရားရှင်ထံ လျှောက်၏။ မြတ်စွာဘုရားသည် ရှေးအခါက ပေါဋ္ဌပါဒထံသို့ ရောက်အူးပါသလော၊ အဘယ်သို့မှန်ရပါမည်နည်း။ စုဒ်ကြောင့် (ခ) မိန့်။

✻ ဗျတိရိုက်ဖြေ၊ အနွယေ၊ တင်လေအာဘော်သာ။

## (ဂ) ဝါကျ ဗျတိရေကာသောဓါရိယုတ္တာစောဒနာတက်ပုံ။

ဆရာ၊ ဆရာသည် (ခ) ဖြင့် မြတ်စွာဘုရားသည် ရှေးအခါက ပေါဋ္ဌပါဒပရိဗိုဇ်ထံသို့ ကြွရောက်တော်မမူဘူးဟုဆို၏။ ယင်းသို့ကြွရောက်တော်မမူဘူးသည်ရှိသော် ပေါဋ္ဌပါဒပရိဗိုဇ်သည် စိရဿံ ခေါ ဘန္တေ ဟူ၍ မလျှောက်သင့်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် စိရဿံ ခေါ ဘန္တေ ဟူ၍ လျှောက်ထားလေဘိသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။ (ပခုက္ကူ။ နိသျ)

**အဓိပ္ပါယ်ကား** စိရဿံ ခေါ ဘန္တေ ဟူသောစကားသည် လူတို့၏ချစ်ဘွယ်စကားဖြစ်သောကြောင့် လျှောက်ထားပါ၏ဟူလို။

## (တစ်နည်း) ပုစ္ဆာတက်ပုံ။

ဆရာ၊ ပေါဋ္ဌပါဒပရိဗိုဇ်သည် စိရဿံ ခေါ ဘန္တေ ဟူ၍ ဘုရားရှင်ထံ လျှောက်၏။ မြတ်စွာဘုရားသည် ရှေးအခါက ပေါဋ္ဌပါဒပရိဗိုဇ်ထံ မရောက်ဘူးသည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် စိရဿံခေါ ဘန္တေ ဟူ၍လျှောက်ထားလေသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

## (င) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (ဃ) ဖြင့် ပေါဋ္ဌပါဒပရိဗိုဇ်သည် မြတ်စွာဘုရားအား ခရီးဦး ကြိုဆို၏ဟု ပြပြီး၍၊ ယခုအခါ၌ ပေါဋ္ဌပါဒပရိဗိုဇ်သာမဟုတ်, စင်စစ်ထား တစ်ပါးသောရဟန်းတို့သည်လည်း များသောအားဖြင့် ဘုရားရှင်အား ခရီးဦးကြိုဆိုကြကုန်၏၊ အရိုအသေပြုကြကုန်၏ဟု ပြလိုသော ဆရာသည် (င) မိန့်။ (ဂဏ္ဌိ။ ၅၃၄)

✧ **န ကေဝလံ အယမေဝ၊ အထ ခေါ အညေပိ ပဗ္ဗဇိတာ ယေဘုယျေန ဘဂဝတော အပစိတိံ ကရောန္တေဝါတိ တဒညေသမ္ပိ ဗာဟုလ္လကမ္မေန တဒတ္ထံ သာဓေတုံ "ဘဂဝန္တဉ္စ"တိအာဒိ ဝုတ္တံ။ (သီဋီသစ်။ ၃၇၂)**

အမှာ ။ ။(င) ဘဂဝန္တဉ္စ ၌ ဟိ ကို ပခုက္ကူသျှ၌ ဝိတ္ထာရဇောတက ဘာသာဋီကာ၌ ဒဠှီဇောတက ကြံသည်။ ဒဠှီဇော ကကြံ၍ သာဘောဂပုစ္ဆာတက်လိုပါက "ပေါဋ္ဌပါဒပရိဗိုဇ်သည် မြတ်စွာဘုရား၏ တပည့်သာဝကမဟုတ်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် ပေါဋ္ဌပါဒပရိဗိုဇ်သည် မြတ်စွာဘုရားအား ခရီးဦးကြိုဆို၏ဟု (ဃ-ဖြင့်) ဆိုသော ဆရာ့စကားသည် အသို့လျှင်သင့်ရာပါအံ့နည်း"ဟု ကျမ်းတက်ရမည်။

http://www.dhammadownload.com



